ဗုဒ္ဓ၏

# အနုသယစက်-ချေဖျက်ပုံနည်း



ဝိပဿနာဘာဝနာဆိုင်ရာ

# သုံးဆယ့်ခုနစ်ခိုင်သော

## ဗောဓိမဏ္ဍိုင်များ


သမ္မာ အာဇီဝ

သမ္မာ သတိ

သမ္မာ ဝါယာမ

သမ္မာ သမာဓိ

ဦးဝိသုဒ္ဓ ပြုစုသည်




{ စိရံ တိဋ္ဌတု }

# 'မဟာဥာဏ်အောင် ဝိပဿနာ'

## သာသနာ့ - ဝန်ထမ်းမှာ၊

သာသနဿစ လောကဿ ဝုဍ္ဎိ ဘဝတု သဗ္ဗဒါ၊
သာသနမ္ပိစ လောကဉ္စ ဒေဝါ ရက္ခန္တု သဗ္ဗဒါ။

★

၁၀ - ကျပ်

ရန်ကုန်မြို့ -သိမ်ဖြူလမ်း
ဓမ္မိကာရုံပါဠိတက္ကသိုလ်
ပြည်ထောင်စုမြန်မာနိုင်ငံအစိုးရ တိပိဋကရွေးချယ်ရေး နာယက
ဒေဝသာဂရ သိမ်ကုန်း ဆရာတော်ဘုရား၏
အဏ္ဏဝါသိက တပည့်

ရန်ကုန် – ဦးဝိသုဒ္ဓ – ပြုစုသော

# ဗုဒ္ဓ၏

# အနုသယစက် - ချေဖျက်ပုံ

နှင့်

## ဝိပဿနာ ဘာဝနာဆိုင်ရာ

### သုံးဆယ့် ခုနစ်ခိုင်သော ဗောဓိ မဏ္ဍိုင်များ။

အသျှင် ဝိသုတာစာရ
အစိုးရ-သာသနဓဇ ဓမ္မာစရိယ- တည်းဖြတ်သည်။

★

"မဟာဉာဏ်အောင် ဝိပဿနာပြန့်ပွားရေး"

( ၇၃၇ )

F A

ဘာသာရေးဆိုင်ရာ
စာမူပုံနှိပ်ထုတ်ဝေခွင့်-အမှတ် (ဂ၆၆၃)

မျက်နှာဖုံးပန်းချီ .... သောင်းလှ
။ ။ ဘာလောက် ... တိုင်းချစ်
။ ။ ရိုက်နှိပ် .... ပြည်သူ့မိတ်ဆွေ၊
စာအုပ်ရေ (၂၀၀၀)
ပထမ အကြိမ် .... ၁၉၇၆-ဇူလိုင်လ၊

ထုတ်ဝေသူ။ ။ဦးလှမောင်
(မဟာဥာဏ်အောင်-ဝိပဿနာ ပြန့်ပွားရေး)
ကင်းလွတ်ခွင့်အမှတ် (၀၃၁၃၁)
အမှတ် ၅၁၊ ဗိုလ်ဇေယျ ဂါလမ်း-ရေကျော်-ရန်ကုန်၊

ပုံနှိပ်သူ။ ။ဒေါ်ကျင်ပု
မှတ်ပုံတင်-မြဲ (၀၁ဂ၉၄)
ပြည်သူ့မိတ်ဆွေ စာပုံနှိပ်တိုက်
အမှတ် ၁၆၆၊ ၄၆-လမ်း၊ ရန်ကုန်မြို့။

ပျော်ဘွယ်မြို့နယ်
ရွှေဘက်စီဒိုင်=သီးပင်အုပ်စု- သီးပင်ကျေးရွာ
ရန်အောင်မြင်ကျောင်း

မူလဓမ္မာစရိယ-ပရိယတ္တိဝိသာရဒ-ဝိနယဆေက-ဂဏာစရိယ

**ဆရာတော် ဦးကောဝိဒ,အရှင်သူမြတ်၏**

# တိုက်တွန်းရပုံ-နိဒါန်းခုံး

✧✧✧✧✧✧✧✧✧✧✧

လောကတွင် ဒုလ္လဘတရား ငါးပါးသည်၊ အလွန်တရာမှ ရခဲသောအကျိုးများဖြစ်သည်။ ထိုဒုလ္လဘငါးဖြာကို ဗုဒ္ဓဘာသာဝင်တို့-အထိုက်အလျောက်အားဖြင့် ရရှိကြရာတွင်လည်း၊ အစ၏ကောင်းခြင်းဟု ဆိုအပ်သော- သီလနှင့် ထာဝရ ပြည့်စုံသည့်-သူတော်ကောင်းအဖြစ်ကို လွန်စွာရခဲသည်။ ထို့ထက်- အလယ်၏ကောင်းခြင်းဖြစ်သော သမာဓိနှင့် ထာဝရပြည့်စုံသည့် သူတော်ကောင်းအဖြစ်ကို လွန်စွာရခဲသည်။ ထိုထက်- အဆုံး၏ကောင်းခြင်းဖြစ်သော- သဒ္ဓါ,ပညာတို့နှင့် အစဉ်ပြည့်စုံသည့် သူတော်ကောင်းအဖြစ်ကို ရခဲသည်။ ထိုထက်- ကလျာဏမိတ္တ- သပ္ပုရိသူပနိဿယစက်ကို ပေးစွမ်းနိုင်သည့် သူတော်ကောင်းအဖြစ်ကို လွန်စွာ ရခဲသည်။ ထို့ထက်- တမဂ်တဖိုလ်ရခြင်းသို့ရောက်သော အရိယာအဖြစ်သည် လွန်စွာရခဲသည်။ ထို့ထက်-အရဟတ္တဖိုလ်နှင့် ပြည့်စုံခြင်းသို့ရောက်ရှိရန် လွန်စွာခက်ခဲသည်။ ထို့ထက်- ရှင်ပစ္စေကဗုဒ္ဓါ၊ ထို့ထက်- ထို့ထက်- သဗ္ဗညုတဘုရားအဖြစ်သည်- လွန်စွာ့, လွန်စွာ ရရန်ခက်ခဲလှပေသည်။

(ခ)

## နိဒါန်း။

ဤသို့ ခက်ခဲနက်နဲစွာ- ပေါ်ပေါက်ဖြစ်ထွန်းမှုမျိုးထဲ၌၊ ဤ စာအုပ်ပြုစုသူ- ရန်ကုန် ဦးဝိသုဒ္ဓ အမည်ရှိ သာသနာ့ဝန်ထမ်း ရဟန်း အဖြစ်၎င်း၊ ကလျာဏမိတ္တ- သပ္ပုရိသူပနိဿယစက်ကို ပေးစွမ်းနိုင်သော သူတော်ကောင်း အဖြစ်၎င်း၊ ဆရာတော်၏ မျက်စေ့အောက်၌ပင်, သန့်ရှင်းစွာ ပေါ်ပေါက်လာနှဲ့ပေသည်။ ဆရာတော်များ ငယ်စဉ်က- ရန်ကုန်မြို့-ဓမ္မိကာရာမကျောင်းတိုက် တွင် အရှေ့ပိုင်း ပြန်ကြားရေးဓမ္မကထိက-အရှင်ကောဝိဒအဖြစ် နှင့် စာပေကျမ်းဂန်ပို့ချပေးနေစဉ်၊ ၁၉၃၃-ခုနှစ်လောက်မှစ၍၊ ဤစာအုပ် ပြုစုသူ (၁၂) နှစ်သားလောက်ကစပြီး- ၎င်း၏မိခင် ကြီးသည်-ဆရာတော်၏ စတုပစ္စယဒါယကာ ဖြစ်ခဲ့သည်မှ- ငယ် တပည့်ကဲ့သို့-သက်ဝင်လာရပေသည်။ ဆရာတော်သည်-စစ်ကြီးနိုး ကပ်လာသောအခါ- အထက်ပါ,မွေးဇာတိနယ်မြေသို့ ကြွရောက် ရင်းမှ၊ ရပ်ရွာ-ဒါယကာ,ဒါယိကာမတို့၏ အသနားခံချက်အရ၊ အထက်၌ပင်-သီတင်းသုံးနေထိုင်ခဲ့ရာ၊ ၎င်းတို့နှင့် အဆက်ပြတ်ခဲ့ ရလေသည်။

၁၉၆၆–ခုနှစ်၌၊ စာအုပ်ရေးသူ-ဝိသုဒ္ဓသည်- ဒုလ္လဘရဟန်း ခံယူလျက်၊ ဆရာတော်အား သတိတရဖြင့်- အထက်အညာသို့ ဆိပ်ငြိမ်မှုကို အလိုရှိကာ (၃) လမျှ တရားအားထုတ်နေထိုင် ခွင့်ပြုပါရန်-အကြောင်းကြားလျှောက်ထားစာကို ရရှိခဲ့ပါသည်။ ဆရာတော်က- ဆိပ်ငြိမ်မှုတော့ရပါ၏၊ အစားအသောက် ဆင်းရဲ ဒဏ်ကို ခံနိုင်မယ်ဆိုလျှင် လာခဲ့နိုင်သည်ဟု-အကြောင်းပြန်ကြား ချက်အရ၊ ဒုလ္လဘ-ဝိသုဒ္ဓသည်-သီးပင်ကျေးရွာသို့ ရောက်ရှိခဲ့ပေ သည်။ ရောက်လျှင်ရောက်ခြင်း- တရားအားထုတ်နေထိုင်ရန်-

ထန်းဖက်လက် တဲငယ်တလုံးကို ကျောင်းအရှေ့မြောက်ဘက်၌ ထိုးပေးပြီး၊ တရားအားထုတ်ရင်း နေထိုင်လာရာ၊ ငါးရက်မြောက်နေ့တွင် ရပ်ရွာ တကာ့တကာမတို့က၊ ယခုရောက်ရှိနေသော ဦးဇင်းသည် ရန်ကုန်တွင် လူဝတ်ဖြင့် ဝိပဿနာတရားများဟောကြားပြသနေသည်ဟု ကြားရပါ၍ တရားဟောခိုင်းပေးပါရန် လျှောက်ထားချက်အရ၊ ၎င်းအား တတ်အားသမျှ ဟောပေးခဲ့ဦးဟု စေခိုင်းရာ၊ ညစဉ် ၇-နာရီမှစ၍၊တည ၂-နာရီမှ ၂-နာရီခွဲအထိ၊ (၃) လတိုင်တိုင်- ဝိပဿနာတရားများကို ဟောကြားပြသပေးခဲ့လေသည်။

ထိုစဉ်ကစ၍- ဆရာတော်သည်- စာရေးသူ့ ဝိသုဒ္ဓအပေါ်၌ အံ့သြခဲ့ရတော့သည်။ ဘာကြောင့်ဆိုသော်- ငယ်စဉ်တောင်ကြေးကလေးဘဝ၌၊ ၎င်းသည် လွန်စွာစကားနဲ၍- တုံကျ ဘာဝေသမားလေးသာ ဖြစ်ခဲ့ရာ၊ အများကပင်, ၎င်းအား- မထုံတက်တေး–အနုံညာတသမားကလေးဟု မှတ်ယူထားကြသည်။ ယခုလည်း စကားသာများစွာမပြောသည်၊ တရားဟောကျတော့မူ ထိုအခါက စာတအုပ်မျှပင်မပါလာ့မကြည့်ရှုရဘဲ၊ တရားအားထုတ်ရင်းမှ-နှလုံးသွင်းဖြင့် ညစဉ် ၂-နာရီကျော်ကျော်- ခဏားရေလွှတ် တတွတ်တွတ်ဟုဆိုရသော "နဒီသောတုပမာ" သုံးလတိုင်တိုင် ဟောကြားနိုင်ခဲ့သည်မှာ၊ ဣရိယာပုထ်မပျက်- ကာယကုက္ကုစ္စမဘက်ဘဲ- ငြိမ်သက်စွာ ဟောကြားနိုင်ချက်ကြောင့်- အံ့အားသင့်မိခဲ့ရလေသည်။ သုံးလမြောက်၍ ရန်ကုန်ပြန်သွားပြီးက ဒုလ္လဘရဟန်းအဖြစ်မှ လျှောကျသွားတော့မည်ကိုပင်- ထိုစဉ်က, ဆရာတော် နှမြောမိခဲ့သည်၊ သို့သော်- သူ၌ ထူထောင်ပြီး

သော လူ့လောကတွင် ဇနီးသားသမီးနှင့် စီးပွားလုပ်ငန်း, တန်းလန်းဖြစ်ရာ- မတားမြစ်သာခဲ့ပါပေ။

၎င်းလူဝတ်ပြန်လဲပြီးနောက်- အရပ်မှ တကာ-တကာမတို့က ဘိတ်ခေါ်သော်လည်း မလာ ရောက်နိုင်တော့ပေ။ သို့သော်-ရန်ကုန်၌မူ၊ ကြုံကြိုက်ရာ၌ တရားဟောလျက်ပင်ရှိကြောင်းတော့ သိရပေသည်။ ၁၉၇၃-ခု၊ မတ်လက ဆရာတော် ရန်ကုန်သို့ ရောက်ရာ၊ ၎င်းအိမ်သို့ဝင်ခဲ့ရာတွင်၊ ဇန္နဝါရီလ(၄)ရက်နေ့က အားလုံးခွင့်တောင်းပြီး၊ ရဟန်းဘောင်သို့ အပြီးအပိုင်တက်သွားကြောင်း၊ ယခုအခါ-သာစုကန်တောရတွင် တရားအားထုတ်ရန် သွားကြောင်း သိခဲ့ရသည်။ ဆရာတော်လည်း ကိစ္စရှိ၍ အမြန်ပြန်ရရာ၊ ၎င်းအားမတွေ့ရသော်လည်း- ရဟန်းဘောင်မြဲပါစေခြင်းအကျိုးငှါ- သင်္ကန်းတစုံစွန့်ခဲ့၍ သိတင်းကျွတ်ပြီးက အထက်သို့တခေါက်- လာရောက် တရားဟောရန် မှာကြားခဲ့ပါသည်။ ထို့ကြောင့်....

၎င်းတဝါရအပြီးတွင် သီးပင်သို့ လာရောက်တရားပြသပါသည်။ ထိုအခါ၌လည်း- ယခင်ကကဲ့သို့ပင် ကျက်စာ,ကျက်တရား မဟုတ်-နှလုံးသွင်းဖြင့်ပင် (၂) လကျော်ကျော် တရားဟောခဲ့လေသည်။ ထူးခြားလာချက်တခုမှာ ယခင် (၃) လတိုင်တိုင် တရားဟောစဉ်ကမူ၊ ပါဠိ-အနက်ယူ၍ တရားပွဲပြီးခါနီး ၂-ရက် အလိုတွင်မှ သုံးပုဒ်မျှလောက် ရွတ်ဘတ်- ရှင်းလင်းဟောကြား ပြသသွားခဲ့ပေသည်။ ယခုတခေါက်တွင်မူ ပညာပေး, အလုပ်ပေး,တရားတော်နှင့်တကွ ကာယာနုပဿနာ သတိပဋ္ဌာန်-အာနာပါနပဗ္ဗ ဝိပဿနာ ရှုပွားနည်းဖြင့်လည်း တရား ထိုင်ခိုင်းပြီး၊ အာဂမယုတ္တိပါဠိတော်,တော်တော်များများကို အဓိပ္ပါယ်လင်း

အောင် ရှင်းလင်းဟောကြားပေးသွားခဲ့သည်။ ထို့ကြောင့်- ပဋိ ပတ်သက်သက်မျှမဟုတ်- ပရိယတ်နှင့်လည်း မချို့တဲ့အောင် ဒေသနာကွန့်ပါကိုက် ပြသဟောကြားသွားခြင်းအတွက် ထပ်မံ အံ့သြရပြန်သည်။

ဤစာအုပ်မစီစဉ်မီ (၃) ဝါရပြီး၊ ၁၃၃၆-ခု၊ ဆောင်းဦး ပိုင်းတွင် တနှစ်ခြား၍ တခေါက်လာရောက်ပြီး၊ ၎င်းယောဂီ များကို (၁) လနှင့် ၄-ရက် အချိန်ရသမျှ တရားဓမ္မများ လာ ရောက်ဟောကြားပေးခဲ့ပြန်ပါသည်။ တပါတ်နှင့်တပါတ် မထပ် မလပ်ရသော တရားကွင်းဆက်များဖြင့် ဝေနေယျတို့ သံသရာ ထောက်ရာတည်ရာရအောင်- ဟောကြားနိုင်စွမ်းနှင့် ပြည့်စုံသည် ဖြစ်၍၊ လောကတွင် ဖြစ်ထွန်းပေါ်ပေါက်ရန် အလွန်ခဲယဉ်း သော သပ္ပုရိသူပနိဿယစက်ကို ပေးစွမ်းနိုင်သည့် သာသနာ့ ဝန်ထမ်းတယောက်ကို မိမိ၏တပည့်ဝန်းကျင်မှ ပေါ်ထွက်လာခဲ့ သဖြင့်- ဝမ်းမြောက်ရတော့သည်။ ၎င်းသည် ဤသို့သောဘဝကို မရည်ရွယ်ဘဲ ရောက်ခဲ့ရသည်ကို ထောက်ကြည့်က အတိတ်အ ကြောင်းတရားအရ ၎င်း၏ဝေနေယျတွေ ရှိနေနိုင်ကြောင်း ရိပ် စားမိရပါသည်။

ဘာ့ကြောင့်ဆိုသော်- ဆရာတော် ၁၃၃၇-ခုနှစ်ထဲ ရန်ကုန် ရောက်စဉ်က စုံစမ်းသိရှိခဲ့ရသမျှဆိုပါလျှင်၊ ၎င်းသည်- ဤဗုဒ္ဓ အဘိဓမ္မာမှ- မုချဝိပဿနာ တရားတော်မြတ်များကို၊ ၎င်း၏ မိခင်ကြီးအား- ဟောကြားနာယူ- နားလည်စေလိုခြင်း၊ မိမိ ကိုယ်တိုင် ကျင့်သုံးလိုခြင်းများကြောင့်- အသက် ၃၀-နှစ်သား ခန့်မှစ၍ အပူတပြင်း, လိုလားစွာ, ရှာဖွေကြိုးကုတ်လာခဲ့ပေ သည်၊ ရှာဖွေဆည်းပူးရာတွင် လွယ်ကူရသည်မှာလည်း- ၎င်း

ကိုယ်တိုင် စာပေဝါသနာပါခြင်း၊ ယခုတိုင် စာပေလုပ်သား ကောင်စီဝင်တဦးဖြစ်ခြင်း၊ ပုံနှိပ်လုပ်ငန်းပိုင်ရှင် ဖြစ်ခဲ့ခြင်းတို့က- အထောက်အကူပြု၍ နေပေရာ၊ ကြီးစားသမျှ တိုးပွားရသော အခြေတွင် ရှိလာရပေသည်။

၎င်းသည်- စစ်ကြိုခေတ်ကပင်၊ မြို့မကျောင်း ဗုဒ္ဓဘာသာ ဆရာကြီး ပထမကျော် ဦးဖေထံတွင်၎င်း၊ အဂ္ဂမဟာပဏ္ဍိတ ဆရာကြီး ဦးလင်းထံတွင်၎င်း၊ စစ်ပြီးခေတ် ပခုက္ကူ ဝိပဿနာ သင်တန်းဆရာကြီး ဦးကြင်ရွှေနှင့် ၎င်း၏တပည့် ဦးတင်မြင့်ထံ၌ ၎င်း၊ အဆက်မပြတ် ဆည်းပူးခဲ့ပြီး၊ ယခု လက်ရှိတိုင်အောင်မူ တိပိဋက ရွေးချယ်ရေး နာယက- ဒေဝသာဂရ သိမ်ကုန်းဆရာ တော်ဘုရားထံ၌၎င်း၊ ဆည်းကပ်ကြိုးကုတ်၍ ကိုယ်တိုင်လည်း အားထုတ်လာခဲ့ကြောင်း သိရပေသည်။

မူလဗီဇ ပင်ဂိုရ်ကပင် သာသနာတော်၌ ကျေးဇူးများသော အလုပ်တို့ကိုလည်းမပြတ်လုပ်ခဲ့ပေသည်၊၎င်းတို့ကိုယ်တိုင် ဝါတွင်း အပတ်စဉ်ဆွမ်းလောင်းရင်းမှ၊ ရန်ကုန်မြို့ ၄၆-လမ်း- သာသနာ့ နုဂ္ဂဟဆွမ်းလောင်းအသင်းကို စတင်တည်ထောင် ဖြစ်ထွန်းစေခဲ့ ခြင်း၊ ရန်ကုန်မြို့ အရှေ့ပိုင်းဆိုင်ရာ ဘာသာရေး အသင်းအဖွဲ့ များ၌ တွဲဘက်အကျိုးဆောင် လုပ်ခဲ့ခြင်းနှင့်၊ တရားဓမ္မများရရှိ ပြီးစမှ ၁၄-နှစ်တိုင်တိုင် တရားဓမ္မများကို ကိုယ်တိုင်လည်း ကျင့် သုံး၍သူတပါးတို့အားလည်းဟောကြားပြသပေးခြင်းဖြင့် ၎င်း၏ ပါရမီခံသည် ရင့်သန်လာခဲ့သည့်အလျောက် သာသနာ့ဝန်ထမ်း ရန် ဆုံးဖြတ်ချက်ချလာနိုင်ခြင်း ဖြစ်တော့သည်ဟု-မှတ်ချက်ချဖို့ စရာအကြောင်း ဖြစ်လာပါပေသည်။

သာသနာတော်၌ ကျေးဇူးများသောသူတို့အား ချီးမြှင့်မြဲ အတိုင်း၊ ဒေဝသာဂရ သိမ်ကုန်းဆရာတော်ဘုရားသည်၊ မိမိထံ လှူဝတ်ကြောင်ဘဝမှစ၍- ဆည်းပူးမယုတ်- ပရိယတ်, ပဋိပတ်, ထိစပ်မှု ရှိစေရန် အားထုတ် လာသော ဝိသုဒ္ဓအား, ကရုဏာ ထား၍ ဥပဇ္ဈာယ်ပြုခါ ချီးမြှောက်တော်မူလိုက်ခြင်းသည်-ဘုရား အစရှိသော အရိယာအပေါင်းတို့၏ နှစ်ထောင်းအားရ ပြုကြ သော အစဉ်အလာတော်ပင် ဖြစ်တော့သည်။

အခါတပါး၌အမျိုးအမည်မထင်ရှားသောပုဏ္ဏားတယောက် သည်၊ မြတ်ဘုရားရှင်အထံတော်သို့ ရဟန်းပြုပေးပါရန် သံဃာ အလယ်၌ လာရောက်လျှောက်ထား အသနားခံရာ၊ မြတ်စွာ ဘုရားသခင်သည် သံဃာတော်တို့သို့- "ချစ်သားတို့- ဤပုဏ္ဏား ကြီးသည် သာသနာတော်၌ ကျေးဇူးများသူဖြစ်က ရဟန်းအဖြစ် ချီးမြှင့်ပေးထိုက်ပေ၏၊ ဤပုဏ္ဏားကြီးနှင့်သာသနာတော် မည်သို့ စပ်သည်ကို ချစ်သားတို့ သိကြပါ၏လော" ဟု အမေးတော်ရှိရာ၊ ရှင်သာရိပုတ္တရာမထေရ်မြတ်သည် "မှန်လှပါ- ဘုန်းတော်ကြီး သော အရှင်မြတ်ဘုရား၊ ဘုရားတပည့်တော်သည် ဤပုဏ္ဏားကြီး အိမ်မှ တယောက်မ,မျှသောဆွမ်းကို ရရှိဘူးပါ၏ ဘုရား" ဟု လျှောက်ထားရာ "ဤသို့- တဇွန်းတယောက်မမျှသော ကျေး ဇူးကို မမေ့သော ငါ၏သားတော်ကြီးသည် ဤပုဏ္ဏားကြီးအား ရဟန်းအဖြစ်ကို သိလေလော့" ဟု အမိန့်တော်ချွေ ချီးမြှင့်တော် မူစေလိုက်သည်နှင့် အရှင်သာရိပုတ္တရာမထေရ်မြတ်၏တပည့်ငါးရာ တို့တွင် သက်တော်အကြီးဆုံး ဝါတော်အငယ်ဆုံး အားဖြင့် ရဟန်းဘဝသို့ ရောက်ရှိသွားခဲ့ရပုံကို ထောက်ပါက....

ဒေဝသာဂရ သိမ်ကုန်းဆရာတော်ဘုရားသည်လည်း၊ မိမိ၏ တပည့်ရင်း စတုပစ္စယဒါယကာသဖွယ်ဖြစ်သူ-ယခင်ဒုလ္လဘ ဝိသုဒ္ဓအား၊ ယခုအခါ အပြီးတိုင် ရဟန်းဘဝကို ချီးမြှင့်ပေးသနားလိုက်ခြင်း၌၊ သာသနာတော်အား ကျေးဇူးများသူ တယောက်အဖြစ်ရင်း၊ သာသနာတော်၌ လှန်စွာပေါ်ပေါက်ခဲ့ ရခဲသော သပ္ပုရိသူပနိဿယစက်ကို ပေးစွမ်းနိုင်သူ တယောက်အဖြစ်ရင်း၊ ထွန်းပေါက်အောင် ချီးမြှောက်ခြင်းခံရသည့်အလျောက်၊ ဆရာတော်၏ ငယ်တပည့် ဝိသုဒ္ဓသည် ထိုထိုဆရာများ၏ အဆုံးအမ၌ တည်လျက် "ဘယ,လာဘ,ကုလ,စာဂ" မဖက် သက်သက်သော ပဋိပတ္တိဓမ္မစက်ကို ဖြန့်ကျက်ဝေငှရာတွင်၊ ဝါသနာဘာဂီ- စာရိမချို- မြို့နယ်မခွဲခြား, ဂိုဏ်းဂဏမပြား- လူမျိုးမရွေး- ဆင်းရဲချမ်းသာမရှောင်- တရားလိုလား, ဆောင်ထားပွားများလိုသူရှိကငို့ဘမဖက်- ပရဟိတအချက်ကို ရှေ့ဦးတင်လျက်- အထီးကျန်ဘဝဖြင့် သာသနာ့ဝန်ထမ်းနေခြင်းကြောင့် ဝမ်းပန်းသာရပြန်ပါသည်။ ထို့ကြောင့်- ဓမ္မမာမကတို့ အကျိုးများကြ စေရန်- ဝိပဿနာတရား, ဟောစဉ်များ အကုန်မဟုတ်စေကာမူ၊ အရေးကြီးရာ လိုအပ်တာထုတ်နှုပ်၍ စာတအုပ် အမှတ်တရ ရေးသင့်ကြောင်း သီးပင်ရောက် နောက်ဆုံးအခေါက်တွင် တိုက်တွန်းလိုက်ပါသောကြောင့်၊ ဤ ဗုဒ္ဓ၏ အနုသယစက် ချေဖျက်ပုံ အစရှိသော စာအုပ်ငယ်ကို စိုးစဉ်းမျှသိရပုံဟု ရိုးသားစွာဝန်ခံ၍ ရေးသားလိုက်သည်ကို ဖတ်ရှုလိုက်ရပါကြောင်း။ ။

(ပုံ) ဆရာတော် ဦးကောဝိဒ
ရန်အောင်မြင်ကျောင်း
သီးပင်အုပ်စု–ပျော်ဘွယ်မြို့နယ်။

အမှတ်စဉ် မာတိကာ စာမျက်နှာ


| အမှတ်စဉ် | မာတိကာ | စာမျက်နှာ |
|---|---|---|
| ၁။ | တိုက်တွန်းရပုံ-နိဒါန်းစုံ | (က) မှ (ဇ) |
| ၂။ | တည်းဖြတ်သူ၏အမြင် | ၁ |
| ၃။ | ရတနတ္တယ ပဏာမနှင့် အာသီသ | ၅ |
| ၄။ | တရားပလ္လင် စကားစဉ် | ၆ |
| ၅။ | အနုသယအဓိပ္ပါယ် စီစစ်ဘွယ် | ၉ |
| ၆။ | အနုသယသဒ္ဒါ အနက်ဖြာသော် | ၁၂ |
| ၇။ | အနုသယအမည်နှင့် သဘောအဆီ | ၁၄ |
| ၈၊ | အဓိပ္ပါယ်အခင်း, စကားပြေအကျဉ်း | ၁၉ |
| ၉။ | အနုသယတရားကိုယ် (၆)ပါးတို့တွင် | ၂၁ |
| ၁၀။ | အနုသယနှစ်မျိုး | ၂၂ |
| ၁၁။ | ရှင်းလင်းချက် | ၂၃ |
| ၁၂။ | တနည်း– အနုသယလေးမျိုး | ၂၄ |
| ၁၃။ | ပယ်သတ်ပုံကား | ၂၅ |
| ၁၄။ | ကံနှင့် အနုသယ | ၂၆ |
| ၁၅။ | ကံနှင့်အနုသယ ခွဲကြည့်ကြစို့ | ၃၃ |
| ၁၆။ | အနုသယနှင့် စွမ်းရည်ထူးများ | ၃၇ |
| ၁၇။ | အရှောင်ရ အတိမ်းရခက်ပုံ | ၃၉ |
| ၁၈။ | အနုသယ နယ်ကျယ်ပုံ | ၄၀ |
| ၁၉။ | စောဒကစွက်– ဆင်ခြေတက်ရန်မှာ | ၄၃ |
| ၂၀။ | တနည်းလျှော်ကန် ဝေဘန်ရန် | ၄၇ |
| ၂၁။ | ကိလေသာသုံးမျိုးတို့မှ လွတ်နိုင်ပုံ | ၅၀ |
| ၂၂။ | အနုသယနယ်ကျယ်သမျှ အမြစ်တွယ်ပုံ | ၅၂ |
| ၂၃။ | ပဋ္ဌာန်းပါဠိတော်၏အနက်ကို အဓိပ္ပါယ်ရှင်းပြချက် | ၆၀ |
| ၂၄။ | အမပြတ်နှိပ်စက် အနုသယလက်နက်များ | ၇၃ |

မာတိကာ


၂၅။ သင်္ဂဟ အဋ္ဌကထာအနက် ၇၄
၂၆။ ယမက, အဋ္ဌကထာအနက် ၇၅
၂၇။ အင်္ဂုတ္တရပါဠိတော်အချက် အနုသယလက်နက် ၇၇
၂၈။ အဝိဇ္ဇာသတ်ပုံလက်နက်နှင့်အဋ္ဌကထာအခိပ္ပါယ်များ ၈၀
၂၉။ အရိယာမဂ်၏ပယ်သတ်ချက်နှင့်ဥပ္ပန္နတရားလေးပါး ၈၆
၃၀။ တနည်း- ဥပ္ပန္နတရားလေးပါး ၉၁
၃၁။ ကိလေသာဖြစ်ခြင်း အကြောင်းရင်းလေးရပ် ၉၅
၃၂။ အခိပ္ပါယ်အကျဉ်း ရှင်းလင်းချက် ၉၆
၃၃။ ကိလေသာရပ်တန့်ရန် လေးပါးကား ၉၉
၃၄။ သံသရာနှင့် ဝိပဿနာ ၁၀၀
၃၅။ တားမြစ်နိုင်ပုံကား ၁၀၄
၃၆။ ဝိပဿနာ ဘာဝနာဆိုင်ရာ ပညာအဖုံဖုံ ၁၀၉
၃၇။ ကမ္မဇ ရုပ်ပိုင်းဆိုင်ရာ ၁၁၀
၃၈။ စိတ္တဇရုပ်ပိုင်းဆိုင်ရာ ၁၁၃
၃၉။ ဥတုဇရုပ်ပိုင်းဆိုင်ရာ ၁၁၆
၄၀။ အာဟာရဇ ရုပ်ပိုင်းဆိုင်ရာ ၁၂၂
၄၁။ ကံ,စိတ်,ဥတု,အာဟာရ,အကြောင်းလေးဖြာ ၁၂၉
၄၂။ ပုတ္တမံသူပမာ- ကဗဠီကာရာဟာရ ၁၃၃
၄၃။ စိတ်ဝိညာဏ်ဖြစ်ကြောင်းနှင့်နာမ်အာဟာရသုံးပါး ၁၄၀
၄၄။ စိတ်အမျိုးအစားတို့မှာ ၁၄၃
၄၅။ နာမ်အာဟာရသုံးပါးတို့မှာ ၁၄၇
၄၆။ ဖဿတရား၏ ဋ္ဌာန်လေးပါး ၁၄၈
၄၇။ နိစ္စမ္မဂါဝူပမာ- ဖဿဟာရ ၁၅၉
၄၈။ ဝိပဿနာ အခြေခံပညာရယူပုံ အဖုံဖုံ ၁၆၄
၄၉။ ရှု၍ရှု၍- ပေါ်၍ပေါ်၍-သိ၍သိ၍ ရှင်းလင်းချက် ၁၇၉

မာတိကာ


| | |
|---|---|
| ၅၀။ ငါမဟုတ်သော ဝိပဿနာရှုစိတ်သဘော | ၁၈၁ |
| ၅၁။ မနောသဥ္စေတနာဟာရ | ၁၈၈ |
| ၅၂။ စေတနာ စေတသိက်၏ ဌာန်လေးပါး | ၁၉၃ |
| ၅၃။ အင်္ဂါရ ကာသူပမာ-မနောသဥ္စေတနာဟာရာ | ၁၉၆ |
| ၅၄။ ဝိညာဏာဟာရ | ၁၉၉ |
| ၅၅။ မနောဓါတ်အရ သိခြင်းသဘောများ | ၂၀၁ |
| ၅၆။ သတ္တိသူလုပမာ-ဝိညာဏာဟာရာ | ၂၁၂ |
| ၅၇။ ရုပ်သဘော | ၂၁၅ |
| ၅၈။ ဖဿသဘော | ၂၁၇ |
| ၅၉။ စေတနာသဘော | ၂၁၈ |
| ၆၀။ ဝိညာဏသဘော | ၂၁၉ |
| ၆၁။ ကျေးငှက်ပမာ-အာဟာရပစ္စယကထာ | ၂၂၂ |
| ၆၂။ ကဗဠီကာရာအာဟာရ၌ | ၂၂၅ |
| ၆၃။ ဖဿအာဟာရ၌ | ၂၂၆ |
| ၆၄။ မနောသဥ္စေတနာဟာရ၌ | ၂၂၇ |
| ၆၅။ ဝိညာဏ အာဟာရ၌ | ၂၂၈ |
| ၆၆။ နှုတ်တက်မှတ်သား- ဆောင်ပုဒ်တရား | ၂၂၉ |
| ၆၇။ ဗောဓိဂိုဏ်းကိုမချိုးရ-ဗောဓိပင်ကိုပျိုးပါ | ၂၃၁ |
| ၆၈။ ခုနစ်မျိုးသော ဗောဓိပက္ခိယတရား | ၂၃၂ |
| ၆၉။ ဗောဓိပက္ခိယတရား ကဏ္ဍ(၆)ရပ် ဇယား | ၂၄၀ |
| ၇၀။ ဗောဓိပက္ခိယတရား ဇယားရှင်းတမ်း | ၂၄၁ |
| ၇၁။ ဆန္ဒိဒ္ဓိပါဒ်- ဆန္ဒစေတသိက် | ၂၄၆ |
| ၇၂။ စိတ္တိဒ္ဓိပါဒ်-မနောဝိညာဏ်အရ | ၂၅၀ |
| ၇၃။ စိတ္တိဒ္ဓိပါဒ်တရားကိုယ်အရ | ၂၅၁ |
| ၇၄။ ပီတိသမ္ဘောဇ္ဈင် | ၂၅၇ |

မာတိကာ

၇၅။ အဆင့်ဆင့်သာလွန်သော ပီတိငါးမျိုး ၂၅၈
၇၆။ ပဿဒ္ဓိသမ္ဗောဇ္ဈင်-ကာယ, စိတ္တ, ပဿဒ္ဓိ ၁၆၄
၇၇။ ဥပေက္ခာသမ္ဗောဇ္ဈင် (တတြမဇ္ဈတ္တာ) ၂၆၇
၇၈။ ဥပေက္ခာ ဝေဒနာဘေဒအရ ၂၆၈
၇၉။ ဝိပဿနုပေက္ခာသဘော ၂၇၆
၈၀။ သင်္ခါရုပေက္ခာသဘော ၂၈၁
၈၁။ သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ ၂၈၇
၈၂။ သီလမဂ္ဂင်သဘောများ ခွဲခြားပုံ ၂၈၉
၈၃။ စတုပါရိသုဒ္ဓိသီလ ၂၉၅
၈၄။ သမ္မာသင်္ကပ္ပမဂ္ဂင် ၃၀၆
၈၅။ ဝိပဿနာ၏ ဂုဏ်ကိုးပါး ၃၁၂
၈၆။ သဒ္ဓိန္ဒြေ-သဒ္ဓါဗိုလ် ၃၁၃
၈၇။ ဩကပ္ပနသဒ္ဓါ-ဌာန်လေးပါး ၃၁၇
၈၈။ ဣန္ဒြေ၊ဗိုလ်၊ဗောဇ္ဈင်၊မဂ္ဂင်နှင့်သတိပဋ္ဌာန်လေးပါး ၃၂၀
၈၉။ ဝိရိယိန္ဒြေ၊ဗိုလ်၊ဗောဇ္ဈင်၊မဂ္ဂင်နှင့်သမ္မပ္ပဓာန်လေပါး ၃၂၃
၉၀။ သမ္မပ္ပဓါန်လေးပါး ခွဲခြားပုံ ၃၂၅
၉၁။ သံဝေဂဝတ္ထု ၈-ပါး ၃၃၀
၉၂။ သမာဓိန္ဒြေ၊ သမာဓိဗိုလ်၊ သမာဓိသမ္ဗောဇ္ဈင်,မဂ္ဂင် ၃၃၄
၉၃။ သမာဓိ၏ ဌာန်လေးပါး ၃၃၅
၉၄။ သမာဓိ၏ အပြားလေးမျိုး ၃၃၆
၉၅။ ဟီန- မဇ္ဈိမ- ပဏီတ ခွဲခြားသော သမာဓိ ၃၃၇
၉၆။ ပညိန္ဒြေ၊ ပညာဗိုလ်၊ ဓမ္မဝိစယ သမ္ဗောဇ္ဈင် ၃၄၁
၉၇။ ဝေဘန်ပိုင်းခြား ပညာတရား ၃၄၅
၉၈။ နိဂုံးဆုတောင်း ၃၄၈
၉၉။ မဟာဉာဏ်အောင်ဝိပဿနာဆောင်ရွက်ချက်များ ၃၄၉

# အမှားပြင်ဆင်ချက်

| မျက်နှာ | ကြောင်းရေ | မှား | မှန် |
|---|---|---|---|
| ၂၇ | ၂ | တအုပ်စာမျှကပင် | တအုပ်စာမျှမကပင် |
| ၅၆ | ၁၂ | ဥပနိသယ | ဥပနိဿယ |
| ၆၂ | ၇ | ပြုပေးကယ် | ပြုပေးတယ် |
| ၆၃ | ၇ | ခြင်း၍မရ | ငြင်း၍မရ |
| ၇၂ | ၁ | ပဋိဒါဝင် | ပဋိပဒါဝင် |
| ၇၇ | ၁၅ | စတုဒ္ဒံ | စတုန္နံ |
| ၉၃ | ၁၆ | "ဘူမိလဒ္ဓုပ္ပ" | "ဘူမိလဒ္ဓုပ္ပန္န" |
| ၁၁၅ | ၁၆ | (၂၅) ပါး | (၇၅)ပါး |
| ၁၁၇ | ၂၃ | ဗဟိဒ္ဒနှင့် | ဗဟိဒ္ဓနှင့် |
| ၁၄၃ | ၁၇ | စိစစ်ထား | စိစဉ်ထား |
| ၁၇၅ | ၁၁ | တင်ပြောအာရုံ | ထင်ပြောအာရုံ |
| ၁၇၇ | ၁၄ | မဂ္ဂအပ္ပဏာ | မဂ္ဂအပ္ပနာ |
| ၁၇၉ | ၁၀ | ရှူစိတ်နှင့် | ရှူစိတ်နှင့် |
| ၂၄၂ | ၀ | သဒ္ဒါ | သဒ္ဓါ |

(ကြွင်းကျန်အမှား၊ ရှိလေငြားက၊ သနားခွင့်ပြု၊ ပြင်ခါရှု၍၊ အမှုမငြင်၊ ပြစ်မတင်သည်.....ဖြူစင်ကဝိ - ထုံးတမ်းတည်း။)

# "တည်းဖြတ်သူ၏ အမြင်"

ဤစာအုပ်ကို ပြုစုသူသည် ဦးပဍ္ဍင်းထံသို့ ၎င်းစာအုပ်မှ ပါဠိတော်နှင့် သဒ္ဒါအနေ အနက်အဓိပ္ပါယ်ယူပုံတွေ၌ ဘုရားရှင်အလိုတော်နှင့် ချွတ်ချော်မည်စိုးပါ၍၊ တည်းဖြတ်သုတ်သင်ပေးပါရန် လျှောက်ထားပေးအပ်လာပါသည်။ ဦးပဍ္ဍင်းအနေဖြင့် ဝိပဿနာတရားတော်မြတ်များ၌ မကျွမ်းကျင်သော်လည်း ဒေသနာဉာဏ် ဒေသနက္ကမနည်းအားဖြင့် ဘုရားရှင်အလိုတော်နှင့် ညီ-မညီကိုမူ သုတ်သင်ပေးနိုင်သည့်အလျောက် လက်ခံလိုက်ရပေသည်။

ဦးပဍ္ဍင်း၏ မူလပဌမအမြင်အရပြောရသော်၊ ဤစာအုပ်ကို ပြုစုသူ ဦးဝိသုဒ္ဓသည် ဦးပဍ္ဍင်းတို့ ဓမ္မိကာရုံ ပါဠိတက္ကသိုလ် ဒေဝသာဂရသိမ်ကုန်းကျောင်းတိုက် ဆရာတော်ဘုရား၏ ရဟန်းမဖြစ်မှီကပင်၊ စတုပစ္စယ ဒါယကာသဖွယ် ဆည်းကပ်ကိုးကွယ်သူဖြစ်သည်၊ လူဝတ်ကြောင်ဘဝနှင့် ဝိပဿနာတရားများကို အားထုတ်၍ သူတပါးတို့အားလည်း ပို့ချဟောပြနေပေသည်။ ဤဒေဝသာဂရသိမ်ကုန်းကျောင်း၌ပင် တဝါတွင်းမျှ ဝိပဿနာတရားများဟောကြားခဲ့သည်။ ထိုစဉ်က ဦးပဍ္ဍင်းသည် မိမိတို့မျက်မှောက်တွင် တရားပြသနေသည်ကို မျက်မြင်နားကြားဖြစ်ခဲ့ပါသည်။ သို့သော် ၎င်းအား ဦးပဍ္ဍင်းက (၀၁) ဦးပဍ္ဍင်းတို့က

အထင်မကြီးမိပါပေ။ ဤပရိယတ္တိအနေ-ဒေသနက္ကမတွေ ဟော နေတာဘာဟုသာ တော်စွာ့ရော်စွာလောက်ဟု ထင်မှတ်ခဲ့ကြပါ သည်။

လွန်ခဲ့သော ၁၉၇၃-ခု၊ ဧပြီလ(၄)ရက်နေ့တွင် ဤစာအုပ် ကို ပြုစုသူသည် ရဟန်းဘောင်သို့ ဒေဝသာဂရသိမ်ကုန်း ဆရာ တော်ဘုရားအား ဥပဇ္ဈာယ်ထား ဦးခိုက်ငြား၍ တပါးတည်းသာ ရဟန်းဘောင်သို့ တက်ခဲ့သည်။ ဦးပဥ္စင်းတို့အများစုက ဒုလ္လဘ ရဟန်းအဖြစ်မျှဟုသာ ထင်ခဲ့ကြသည်။ ယခင် (၆) နှစ်ကျော်က လည်း ၎င်းသည် သားရှင်ပြု၍ တကြိမ်ဒုလ္လဘတက်ခဲ့ကြသည်ကို ထောက်ပြီး ယူဆကြသည်။ နောက်မှ အပြီးတိုင် ရဟန်းဘဝသို့ ခံယူခြင်းဟု သိရရာ ဦးပဥ္စင်းတို့က တွေးမရအောင် အံ့အားသင့် ခဲ့မိကြသည်။

၎င်းသည် ရန်ကုန်မြို့အရှေ့ပိုင်းတွင် စာပုံနှိပ်တိုက်တခုပိုင်ရှင် လည်းဖြစ်သည်။ဇနီးနှင့်တကွ သားသမီးသုံးယောက်လည်းရှိသည်။ လူ့ဘဝတွင် နေပျော်ထိုင်ပျော် လှူနိုင်တန်းနိုင် သီတင်း သီလ ဆောက်တည်နိုင်၊ ဓမ္မဒါနတရားများလည်း ကျင့်သုံးဟောပြော နိုင်သည်အထိ ပစ္စုပ္ပန် သံသရာ အကျိုးနှစ်ဖြာကို ကိုယ်ကျန်းမာ စိတ်ချမ်းသာနှင့် ရနေနိုင်ပါလျက် အလုံးစုံ ပစ္စည်း, သား သမီး ခြွေရံ, တပည့်တပန်း ဆွေမျိုးမိတ်သင်္ဂဟတို့ပါမကျန် စွန့်ခွါ၍ ရဟန်းဘဝ အပြီးခံယူခြင်းအတွက် ဦးပဥ္စင်းတို့မှာ နားမလည် နိုင်ခဲ့ကြပေ။

ယခု ဤစာအုပ်ကို သုံသင်ပေးရသောအခါကျမှ ပြုစုသူ၏ ရဟန်းဘဝ အပြီးတိုင်ဝတ်လာခြင်းကို ဦးပဥ္စင်းတို့နားလည်မိကြ

တော့သည်။တရားတော်မြတ်၌ ဤအမြင် ဤအသိမျိုး ရှိသူတိုင်း "နိယျာနိက လက္ခဏော" ဝဋ်ရေယာဉ်ကြောမှ ထွက်မြောက်ကြောင်းကို ဆောင်နှင်းနိုင်ကြသည်ဟု သဘောပေါက်နားလည်မိတော့သည်။ ထို့ကြောင့် အစက အထင်မကြီးခဲ့သော်လည်း ပြုစုသူအပေါ်၌ အထင်သေးဝံ့စရာမရှိသော ၎င်း၏တရားအမြင်၊ အတွေ့များက သက်သေခံလျက်ရှိပေသည်။ ဒါကို မိမိသိသကဲ့သို့ သိကြစေလိုသော စေတနာသက်သက်ဖြင့် ဤစာအုပ်ကို ဈေးကွက်သို့ တင်မပေးဘဲ ထုတ်ဝေနိုင်အောင် ကြိုးပမ်းခြင်းကိုလည်း သိရရုံမျှမက အကယ်၍ဖြစ်နိုင်လျှင် ရေးသူအမည်ကိုပင်(အညတြဘိက္ခုဟုသုံး၍) အမည်ရင်းကို ထည့်သွင်းလိုခြင်းပင် စိတ်အလျဉ်းမရှိကြောင်းလည်း သိရပါသည်။

ထို့ကြောင့် အချုပ်အားဖြင့် ဦးပဥ္စင်း၏အမြင်တွင် ဗုဒ္ဓ၏ဘာ–ညာ– စသည်ဖြင့် ခေတ်အမည်သုံးသော စာအုပ်မျိုးများထည်းတွင်....

(၁) တကြိမ်ဘတ်၍ နောက်ပြန်ကြည့်စရာမလိုသော(ဝါ) မကြည့်လိုသော အပြင်းပြေနှင့် ဗဟုသုတကလေးမျှသာဖြစ်စေသည့် စာအုပ်တို့သည်၎င်း။

(၂) တကြိမ်ဘတ်၍ မှတ်စရာ အနည်းငယ်ရနိုင်သော စာအုပ်တို့သည်၎င်း။

(၃) တကြိမ်ဘတ်ရုံမျှဖြင့် အသိဉာဏ် ပညာကိုရစေလျက် အခါခါဘတ်သော် အကျိုးရင်တွေ့ ရလေလေဖြင့် မပြတ်သိမ်းဆည်း သိုမှီး မှီဝဲထိုက်သော စာအုပ်ဟူ၍

## တည်းဖြတ်သူ၏ အမြင်

ဝင်း၊ သုံးမျိုးသုံးစား ယေဘုယျအားဖြင့် ရှိရာတွင် ဤစာအုပ်သည် တတိယအမျိုးအစားတွင် ပါဝင်၍ သုတဂဝေသီ ပုဂ္ဂိုလ်တို့သာမက၊ ဥဘဏဂုဝေသီ ပုဂ္ဂိုလ်တို့သို့တိုင် ဆောင်ထားမှီဝဲသင့်သော (ဝါ) ဝိပဿနာပညာ, ဝိပဿနာဘာဝနာကို ဆည်းပူး လေ့လာသူတိုင်းအတွက် လိုအပ်သော စာအုပ် ဖြစ်ပေသည်ဟု အမြင်သုံးရပ်ဖြင့် ပိုင်းခြားဖေါ်ပြ အပ်ရပါသတည်း။ ။

**အရှင်ဝိသုတာစာရ**
**အစိုးရ သာသနဓဇ ဓမ္မာစရိယ**

ဓမ္မိကာရုံပါဠိတက္ကသိုလ်
ဒေဝသာဂရသိမ်ကုန်းကျောင်းတိုက်
သိမ်ဖြူလမ်း၊ ရန်ကုန်မြို့။

## ရတနတ္တယ

# ပဏာမနှင့် အာသီသ

★

ဣမာယ ဓမ္မာနု ဓမ္မပဋိပတ္တိယာ ဗုဒ္ဓံ ပူဇေမိ၊

ဣမာယ ဓမ္မာနု ဓမ္မပဋိပတ္တိယာ ဓမ္မံ ပူဇေမိ၊

ဣမာယ ဓမ္မာနု ဓမ္မပဋိပတ္တိယာ သံဃံ ပူဇေမိ၊

ဣမာယဓမ္မာနုဓမ္မပဋိပတ္တိယာ-ဤမဂ်လေးတန်-ဖိုလ်လေးတန် မြတ်နိဗ္ဗာန်ဟု ဆိုအပ်သော လောကုတ္တရာတရား, ကိုးပါးအား လျော်သည့် သမ္မာပဋိပတ်,အကျင့်မြတ်ဖြင့်၊ ဗုဒ္ဓံ-မြတ်စွာဘုရား ကို (ဓမ္မံ-တရားတော်မြတ်ကို) (သံဃံ-သံဃာတော်မြတ်ကို) ပူဇေမိ-ပူဇော်ရိုကြိုး-ရှိခိုးကံတော့ပါ၏အရှင်ဘုရား....။

ဣမာယ ဓမ္မာနု ဓမ္မပဋိပတ္တိယာ မာတာပိတံ ပူဇေမိ၊

ဣမာယ ဓမ္မာနု ဓမ္မပဋိပတ္တိယာ အာစရိယံ ပူဇေမိ၊

ဣမာယဓမ္မာနုဓမ္မပဋိပတ္တိယာ-ဤမဂ်လေးတန်-ဖိုလ်လေး တန်-မြတ်နိဗ္ဗာန်ဟု ဆိုအပ်သော လောကုတ္တရာတရား ကိုးပါး အားလျော်သည့် သမ္မာပဋိပတ်,အကျင့်မြတ်ဖြင့်၊ မာတာပိတံ-မိခင်ဘခင်တို့ကို (အာစရိယံ-ဆရာသခင်,ကျေးဇူးတော်ရှင်တို့ကို) ပူဇေမိ-ရှိခိုးကော်ရော်-ပူဇော်ကံတော့ပါ၏။

ဤသို့ ဘုရားမြတ်ရတနာ၊ တရားမြတ်ရတနာ၊ သံဃာမြတ်ရတနာ သုံးပါးတို့ကို၊ မမွာနုဓမ္မပဋိပတ်,အကျင့်မြတ်ဖြင့် ရှိသေမြတ်နိုး ရှိခိုးပူဇော်ရခြင်းကြောင့်၎င်း၊ မိခင်,ဘခင်,ကျေးဇူးရှင်နှင့် ဆရာတော်သခင် ကျေးဇူးရှင်အပေါင်းတို့အား ကြိုးစားမပြတ်, ပရိယတ်, ပရိပတ်ဖြင့် ပူဇော်ရခြင်းတည်း ဟူသောအကြောင်းကြောင့်၎င်း၊ ကောင်းမြတ်သော မနသီ ဆန္ဒနှင့် ကြိုးစားပါငြား- ဤတရားစာ ရေးသားရာတွင် အလုံးစုံသောဘေးဥပါဒ်အန္တရာယ်,ကင်းစင်လျက် လျင်လျင်မြန်မြန် လုံးဝဥဿုံ-ပြီးပြည့်စုံခြင်းကို၊ ရ-ရ-ရောက်ရပါလို၏။

# တရားပလ္လင်-စကားစဉ်

ဘုရားတပည့်တော်သည်၊ (ဝါ) ဘုရားတပည့်တော်, ထပည့်တော်မတို့သည်၊ ညစ်ထွေးတွယ်ကပ်တတ်သည့်-အနုသယနယ်ပယ်အတွင်းဝယ်၊ ရောင်ဖြာတင့်ရှန်း-စန္ဒာဝန်းအား၊ ရာဟုသူရိန်-ဖမ်းယူနှိမ်သည့်-အာရှိန်ခံတွင်း-သက်ခါ ဆင်းရဘိသကဲ့သို့၊ ကြမ်းတည်းကျဉ်းမြောင်း - မကောင်းဆိုးညစ် - ကိလေသာအပြစ်တို့နှင့်ရစ်ပတ်ဖွဲ့နှောင် - အမှောင်ကျဉ်းချ ခံနေရသည်ကို၊ အရဟံ အစ-ကိုးနဝဂုဏ်ရှင်-သဗ္ဗညုတ ဘုရားသခင်အား၎င်း၊ တရားရတနာ, မြတ်သံဃာနှင့် မိဘဆရာ-ဂုဏ်နန္တာတို့အား၎င်း၊ ဦးနှိမ်ဝပ်တွားခစားရိုကြိုး-ရှိခိုးပါရသော သဒ္ဓါပသန္န-ဖြူဆွစေတနာ-ကံမဟာတို့ကြောင့်၊ သူရိန်ခံတွင်းမှ လွတ်ကင်းလေငြား-လစန္ဒာရထားကဲ့သို့အနုသယ-အညစ်တရားတို့ကို စိစစ်သိရှိ-ပယ်နိုင်, ကင်းလွတ်နိုင်သည်အထိ ဖြစ်ရှိရပါလို၏။

အထက်ပါ ဝန္ဒနာ, ပူဇာစ - အာသီသမျိုးသည်၊ အမှန်ပင် ပုထုဇဉ်ဆိုတဲ့ ကိလေသာတွေအများကြီးဖြစ်ပြီး ရစ်ပတ်နှောင်ဖွဲ့မှောင်ချခံနေရတဲ့ ကိလေသာဝဋ်ဘေးကြီးနှင့် ရင်ဆိုင်တွေ့နေရသူတိုင်း နှလုံးစိတ်ထဲ,မှိစွဲထားသင့်သော အာသီသဖြစ်ပါသည်။

သတ္တဝါသင်္ခါရ-ပုထုဇဉ်တလောကလုံးကိုဘဲကြည့်ကြည့်၊ မိမိသကာယအတ္တဘောကိုဘဲကြည့်ကြည့်၊ ကိလေသာတွေ အဆက်မပြတ်ရစ်ပတ်လျက်၊ ညစ်ထွေး မဲမှောင်ခံနေရသည်ကို တွေ့နိုင်ပါသည်။ ရာဟုခံတွင်းသို့ ရောက်နေရသော လမင်းသဖွယ်၊ လွန်စွာ ကြပ်တည်းကျဉ်း မြောင်း - ဆင်း ရဲ ခြင်း အ ပေါင်း တို့ ၏ ထပ်မနားဆက်ခါ - သွန်းလောင်းခံနေရဘိသကဲ့သို့လည်း အမှန်ပင်,ဖြစ်ပေသည်။ ထိုကဲ့သို့သော ကိလေသာဝဋ်တွေကို ကုန်ချင်, ပျောက်ချင်,လွတ်ချင်,သော်လည်း၊ တ ကယ် ကုန် ပျောက် စ ရာ အမှန်ဖြစ်တဲ့ အနုသယဆိုတဲ့သဘောကလဲ၊ သိရခက်ခဲ-စီစစ်ရခက်ခဲ - ပိုင်းခြားရခက်ခဲ - ပိုင်းဖြတ်ရခက်ခဲ - ပိုင်းသတ်ရခက်ခဲ-အဖြုတ်ရခက်ခဲပုံတွေကြောင့် ဝဋ်ဒုက္ခ ကိ လေ သာ နယ် ထဲ မှာ မလှုပ်သာ,မလှဲသာအောင်,အဝိုင်းခံနေရတဲ့-ဝဋ္ဋာမိသဘောကြီးကို လွတ်ရေးမျှော်တွေး-လွတ်ဆေးဖေါ်စားလိုသူတို့ အတွက်ငင်း....။

မိမိကိုယ်တိုင်,လွတ်နိုင်အံ့သောငှါ၊ စူးစမ်းစီစစ်-ဆည်းပူးခံယူရာတွင် သဗ္ဗညုတဉာဏ်တော်မြတ်၏ ဒေသကထွင်တင် အစွမ်းတော်သုံးအင်တို့တွင်၊ ဒေသိတဗ္ဗ-ဒေသနက္ကမ အစွမ်းတော်မြတ်ကြီးကို ဆရာစဉ်မပြတ်-အထပ်ထပ်တို့ ဖွင့်ဆိုတော်မူအပ်သည်နှင့်အညီ၊ ဤမည်သော "အနုသယ ဝိစာရဏာ ပဟာနကထာ" ခေါ် "**ဗုဒ္ဓ၏အနုသယစက်-ချေဖျက်ပုံနှင့် ဝိပဿနာ-ဘာဝနာဆိုင်ရာ=သုံးဆယ်,ခုနစ်ခိုင်သော-ဗောဓိမဏ္ဍိုင်များ**" တည်းဟူသော မမွ

အမွေကို ခံယူကြလျက်၊ အနုသယမည်ငြား - ကိလေသာတရား တို့အား စိစစ်ဆည်းပူးပြီးလျှင် အကုသလခန္ဓ-အနုသယ ကောန် ဒေ့ဖျက်ရန်ကို ဗုဒ္ဓဝစနအမှန်တွင် နာခံကျင့်သုံးကြပြီး၊ ရာဟု ခံတွင်းမှ လမင်းကြီးအပြီးတိုင်လွတ်သလို၊ အနုသယကိလေသာ မှောင်အတွင်းမှ လွတ်ကင်းပယ်နိုင်ရပါစေခြင်းငှါ၊ (ဝါ) လွတ် ကင်းနိုင်၊ ပယ်နိုင်ကြပါစေခြင်း အကျိုးငှါ၊ စိုးစဉ်းမျှ ခြုံငုံ၍ သိနိုင်ခဲ့ရပုံကလေးများကို မေတ္တာရှေ့ထား စိစဉ်ရေးသားလိုက် ရပါသည်။

ရန်ကုန်-ဦးဝိသုဒ္ဓ

ဒေဝသာဂရသိမ်ကုန်းကျောင်းတိုက်

သိမ်ဖြူလမ်း၊ ရန်ကုန်မြို့။

နမော တဿ ဘဂဝတော အရဟတော

သမ္မာသမ္ဗုဒ္ဓဿ။

# ဗုဒ္ဓ၏ အနုသယခက် ချေဖျက်ပုံနှင့်
## ဝိပဿနာ ဘာဝနာဆိုင်ရာ
## သုံးဆယ့်ခုနစ်ခိုင်သော ဗောဓိပက္ခိယ မျိုးများ။

## အနုသယအစိုးပိုင် ခွဲခစ်ဘွယ်

ကိလေသာ သုံးစားဖြစ်သော၊ အနုသယ, ပရိယုဋ္ဌာန, ဝီတိက္ကမ, ကိလေသာတို့သည်၊ သုံးဆင့်သုံးဌာနအနေအားဖြင့်၊ စွဲမှီ, သက်ရောက်, ဖြစ်ပွားခြင်း, မြောက်တတ်သော သဘောတရားတို့ ဖြစ်ပေသည်။ အရေအတွက် အားဖြင့် ကိလေသာ (၁၀)ပါးဖြစ်၍ သုံးဌာနလုံး၌ အကျုံးဝင်သော်လည်း၊ ဖြစ်ရာဘုံအားဖြင့်မူ ပရိယုဋ္ဌာနဘုံ-ဝီတိက္ကမဘုံ-နှစ်ဌာန၌(၁၀)ပါး လုံးသက်ဝင်၍ အနုသယဘုံ အနေအားဖြင့် (၇)ပါး၊ တရားကိုယ်အနေနှင့် (၆)ပါးကိုသာ အနုသယကိလေသာဟု ပိုင်းခြားသိအပ် ရပါသည်။ ၎င်း တရား ကိုယ် တို့ကို ရေတွက်ကြည့်လတ်သော်... ။

(၁) လောဘ-

အာရုံ၌ ကပ်ငြိတတ်သောအားဖြင့် တပ်မက်တောင့်တ တတ်သော လက္ခဏာရှိ၏။

(၂) ဒေါသ-

ကြမ်းတမ်း သော အား ဖြင့် ပြစ် မှား တတ် သော သဘော လက္ခဏာရှိ၏။

(၃) မောဟ-

အာရုံ၏ သဘောမှန်ကို ဖုံးလွှမ်းသောအားဖြင့် မသိတတ်ခြင်း သဘော လက္ခဏာရှိ၏။

(၄) မာန-

မိမိကိုယ်ကို ချီးမြှောက်သောအားဖြင့် ထောင်လွှားတက်ကြွခြင်း သဘောလက္ခဏာရှိ၏။

(၅) ဒိဋ္ဌိ-

အာရုံ၌ မှားသောအားဖြင့် နှလုံးသွင်း စွဲယူခြင်း သဘောလက္ခဏာရှိ၏။

(၆) ဝိစိကိစ္ဆာ-

အာရုံကို မဆုံးဖြတ်နိုင်သောအားဖြင့် ယုံမှားခြင်း သဘောလက္ခဏာရှိ၏။

(၇) ထိန-

အာရုံ၌ ထိုင်းမှိုင်းသောအားဖြင့် အားမထုတ်ခြင်း သဘောလက္ခဏာရှိ၏။

(၈) ဥဒ္ဓစ္စ-
စိတ်မငြိမ်မသက်သောအားဖြင့် ပျံ့လွင့်ခြင်း သဘော လက္ခဏာရှိ၏။

(၉) အဟိရိက-
ကျူးလွန်တတ်သောအားဖြင့် ဒုစရိုက်, ဒုရာဇီဝတို့မှ မရှက်ခြင်း သဘောလက္ခဏာ ရှိ၏။

(၁၀) အနောတ္တပ္ပ
ကျူးလွန်တတ်သောအားဖြင့် ဒုစရိုက်, ဒုရာဇီဝတို့မှ မထိတ်လန့်ခြင်း သဘော လက္ခဏာရှိ၏။

အထက်ပါ စိတ်၏ ပူပန်ကြောင်း၊ ညစ်ညူးကြောင်း၊ နာကျင်ကြောင်းဖြစ်သော ကိလေသာ (၁၀) ပါး တို့သည်၊ သုံးဌာနစလုံး၌ အကျုံးဝင်ကြပါသည်။ အနုသယမည်ခြား, ကိလေသာ(၇)ပါး၊ တရားကိုယ်(၆)ပါးတို့ကို ဤကိလေသာ (၁၀)ပါးမှပင် အနုသယဘူမိအဖြစ် ပြဆိုအပ်သည်မှာ....

(၁) ကာမရာဂါနုသယ....
ကာမဂုဏ်တို့၌နှစ်သက်တတ်သော
(၂) ဘဝရာဂါနုသယ....
ဘဝ၌ ကပ်ငြိနှစ်သက်တတ်သော
} လောဘစေတသိက် ၁။

(၃) ပဋိဃာနုသယ....
ခက်ထန် ကြမ်းတမ်းသောအဖြစ် ဒေါသစေတသိက် ၂။

(၄) မာနာနုသယ....
ထောင်လွှား မာန လွှမ်းမိုးလိုသော မာနစေတသိက် ၃။

(၅) ဒိဋ္ဌာနုသယ....
အယူ, အသိ၊ အမှား,ငြိတတ်သော — ဒိဋ္ဌိစေတသိက် ၄။

(၆) ဝိစိကိစ္ဆာနုသယ....
၁၆ ပါးယုံမှားခြင်းဖြစ်တတ်သော — ဝိစိကိစ္ဆာစေတသိက် ၅။

(၇) အဝိဇ္ဇာနုသယ....
သစ္စာလေးထွေကို မသိတတ်သော — မောဟစေတသိက် ၆။

ဤအနုသယ (၇) ပါး, တရားကိုယ်(၆)ပါးဖြစ်သော တရားကိုသည် သတ္တဝါတို့၏သန္တာန်၌၊ အစဉ်အဖန်ဖန် ကိန်း လျက် ရှိသည်ဟု အကိန်းဓါတ်, အငုပ်ဓါတ်, အဝပ်ဓါတ်,မျိုးစေ့ဓါတ် တို့ဟူ၍ အမည်အမျိုးမျိုးခေါ်ဝေါ်သမုတ်ခြင်းဖြင့် သတ်မှတ်တတ်ကြကုန်၏။ ထိုကဲ့သို့ ခေါ်ဝေါ်သမုတ်ကြခြင်း၌၊ အချို့သည် သဿတဒိဋ္ဌိမှ မလွတ်နိုင်ဘဲ၊ ကိုင်စွဲယူငင် ပြောဆိုတတ်ကြပါသည်။ အချို့သည် ဥစ္ဆေဒဒိဋ္ဌိဖြစ်အောင်လည်း ကိုင်စွဲယူငင်ပြောဆိုတတ်ကြပြန်ပါသည်။ ထိုကဲ့သို့သော သဿတဝါဒ, ဥစ္ဆေဒဝါဒတို့မှကင်းကွာစေရန်ရင်း၊ အသိခက်ခဲ ဥပါဒ်,ဋ္ဌီ,ဘင်,အားဖြင့်လဲ ထင်ရှားမပြသော "အနုသယ" တရားကို ဗုဒ္ဓမတည့် အဋ္ဌကထာ, ဆရာအရှင်မြတ်တို့ မည်သို့ရှင်း၍ အသိလင်းအောင် ပြထားသည်ကို ဆက်လက်၍ ဆည်းပူးကြပါစို့ ..။

## အနုသယ၏-အနက်ဖြေသော်

**အနု**=အနုသဒ္ဒါသည် "ပစ္ဆာဘူ သတ္တာသာဒိသျာနု ပစ္ဆိန္နာနုဝတ္တိသု" နောက်၌ဖြစ်ခြင်း, ပြင်းထန်ခြင်း, မပြတ်ခြင်း, အစဉ်လိုက်ခြင်းတို့၌ရင်း၊ ဟီနေ–ယုတ်သည်၌ရင်း၊ တတိယတ္ထာဓေ

ဘာဂေသု၊ သဟာအနက်၊ အောက်အဘို့တို့၌၎င်း၊ အနုဂတေ-အစဉ်လိုက်ခြင်း၌၎င်း၊ ဟိတေ-အစီးအပွား၌၎င်း၊ ဒေသေ-အရပ်၌၎င်း၊ လက္ခဏဝိစ္ဆေတ္ထမ္ဘူတ ဘာဝ ဒိကေ- လက္ခဏာအနက် ဝိစ္ဆာအနက်၊ ဣတ္ထမ္ဘူတအနက်၊ ဘာဝအနက် စသည်တို့၌၎င်း၊ ဘဝေ-ဖြစ်၏။ (အဘိဓာန်နိသျှသစ်) ၎င်းပြင်....

**သယ**=သယသဒ္ဒါသည်၊ ခိုအောင်းခြင်း၊ ကိန်းခြင်း၊ အိပ်ခြင်း **စသောအနက်တို့၌ဖြစ်၏။** ။ထို့ကြောင့်"အနုသယ"သဘောကို အစဉ်ကိန်းလျက်ဖြစ်တတ်သောသဘောဟု ယေဘူယျအားဖြင့် ဆုံးဖြတ်ပြောစမှတ်ဝေါဟာရသတ်မှတ်ကြ၏။ ။ထို့ထက်ပိုမို၍ အဖန်ဖန်၊ အကိန်းဓါတ်၊ အငုပ်ဓါတ်၊ အဝပ်ဓါတ်၊ မျိုးစေ့ဓါတ် စသည်ဖြင့် ရေးသားပြောဆိုကြခြင်းသည်၊ အတ္တနောမတိသဘောကျ အလေးအပေါ်အနေအားဖြင့်၎င်း၊ သူတပါးတို့နှင့် မတူ တမူထူးရလေအောင် ပြောဆိုလိုခြင်းဖြင့်၎င်း၊ သုံးစွဲတတ်ကြလေသည်။ အဘယ်သို့ သုံးစွဲကြစေကာမူ သဒ္ဒါနက်ထဲမှ မထွက်ကြသော်လည်း သဿတ၊ ဥစ္ဆေဒ နှစ်ပါးမှ လွတ်အောင် ယူတတ်ပိုင်းခြားတတ်ဘို့ အရေးအကြီးဆုံးဖြစ်သည်ဟု သိအပ်ပါသည်။ ထို"အနုနှင့်သယ"သဒ္ဒါနက် နှစ်ရပ်ကို ပေါင်းစပ်၍ယူခြင်းငှါ ထိုက်စေသော အနုသယသဘောမှန်ကို ပဋ္ဌာန်းကြိုက အဋ္ဌကထာ၌ (ဝါ) ပဉ္စပကာရဏ အဋ္ဌကထာ၌ ဖွင့်ဆိုထားခြင်းကို သုံးသပ်ပါက၊ သဘောအမှန်အကြောင်း မရကောင်းစရာ မရှိပါသဖြင့် ဖွင့်ဆိုတော်မူချက်ကို ဖေါ်ပြလိုက်ပါသည်။

# အနုသယအမည်နှင့် သဘောအဆီ

(၁) အပ္ပဟီနာ ကာရော အနုသယော။
(၂) အပ္ပဟီနဋ္ဌေန တဿတဿ သန္တာနေ အနုသေန္တိနာမ။
(၃) အနုသန္တီတိ အနုရူပံ ကာရဏံ လဘိတွာ ဥပ္ပဇ္ဇန္တီတိ အတ္ထော။
(၄) အနုသယောတိပန အပ္ပဟီနဋ္ဌေန ထာမဂတ ကိလေသော ဝုစ္စတိ။ ။

(၁)။ ။ အပ္ပဟီနာကာရော- မဂ်ဖြင့် ပယ်သတ်နိုင်မှု မရှိသေးသော ကိလေသာစွမ်းရည်ခေါ် အချင်းအရာ သဘောသည်၊ (ဝါ) အရိယာ မဂ်ဉာဏ်တို့ ပေါ်လာချိန်မှ ထိုထိုသော မဂ်ဉာဏ်တို့အလိုက်၊ ထိုက်သင့်ရာ ကိလေသာတို့ကို သဘောရင်းဗီဇပါ ပျက်စီး ကုန်ပျောက်သွားအောင် အရိယာမဂ်တို့က ပယ်သတ်, ပယ်လိုက်နိုင်သဖြင့်၊ ထို အရိယာမဂ်ကို မရသေးသော ပုထုဇဉ်တိုင်းတို့မှာ ကာမာဝစရကုသိုလ်ဝိဇ္ဇာဉာဏ်, ရူပကုသိုလ်ဝိဇ္ဇာဉာဏ်, အရူပကုသိုလ်ဝိဇ္ဇာဉာဏ်မျိုးဖြင့်ပင်၊ ထို ကိလေသာ၏ သဘောရင်းတွေကို ပျက်စီးပျောက်ငြိမ်းသွားအောင် ပယ်သတ်ပင်၍ မရနိုင်သည့်အပြင်၊ ဥပါဒ်, ဌီ, ဘင်,လဲမရှိသည့် ဗီဇသဘောရင်းလည်းခေါ် စွမ်းရည်ထူး အချင်းအရာလည်းခေါ်သော သတ္တိထူးသဘောသည်၊ အနုသယော- အနုသယမည်၏။

(ဝါ) တနည်းနည်းဖြင့် အစဉ်စွက်ဖက်နေသော၊ အသစ်, ဥပါဒ်, ဌီ, ဘင်နှင့် ပေါ်လာသည့်၊ အထည်ကိုယ် ကိလေ

သာ၏ မူရင်း ဗီဇ မျိုးစေ့သဘော မည်၏။ (ဝါ) အရိယာမဂ်ဉာဏ် မရသေးသည့်သူ ပုထုဇဉ်တို့နှင့် အရိယာ မဂ်ဉာဏ်ကုန်အထိ မရကြသေးသော အောက်ဖလဋ္ဌာန် သုံးဦးတို့၏ ဖလသမာပတ်, ဝင်စားခိုက်မှ တပါးသော, နာမ်ခန္ဓာအစဉ်မှာ၊ အရိပ်ပမာ, ကံတရားပမာ, ဖျောက်၍မရဘဲ....

၁။ ပစ္စယသတ္တိအနေဖြင့် ရှိခြင်းသို့ ရောက်စေသော အတ္ထိသဘော၊

၂။ သူ၏ နယ်မှ မကင်းနိုင်အောင် ဖြစ်စေသော အဝိဂတသဘော၊

၃။ အကြောင်းခံ တည်၍ မှီရာ၏အဖြစ် နိဿယသဘော၊

၄။ အကြောင်းခံ စွဲ၍မှီရာ၏အဖြစ် ဥပနိဿယသဘော၊

၅။ တမ်းတ, ရော်ရမ်း မျှော်မှန်းမှုကိုဖြစ်စေသော အာရမ္မဏသဘော၊

၆။ အတူယှဉ်တွဲ၍ ဖြစ်ပေါ်လာစေတတ်သော သမ္ပယုတ္တသဘော၊

၇။ အတူတကွနက် ဖြစ်ဖက်အားဖြင့် ဆောင်စေတတ်သော သဟဇာတသဘော၊

၈။ တဘက်ဘက်က, အချင်းချင်း ထောက်ပံ့ တတ်သော အညမညသဘော

စသော ပစ္စယသတ္တိ သဘောမျိုးတခုခုဖြင့်၊ တနည်းနည်းနဲ့ အစဉ်စွက်ဖက်၍နေသော အသစ်, ဥပါဒ်, ဌီ, ဘင်နှင့်ဖြစ်ပေါ် လာသည့်၊ အထည်ကိုယ် ကိလေသာ၏ မူရင်း ဓာတ်ငွေ့ ဗီဇ မျိုးစေ့ မည်၏။ ။

(၂)။ ။ အပ္ပဟီနဋ္ဌေန- ကိလေသာမှုရော၊ ခန္ဓာမှုရော၊ တခဏမျှ ကျွတ်လွတ်အောင်, အရိယာမဂ်ဉာဏ်တို့နှင့် မပယ်, မသတ်ရသေးသဖြင့်၊ (ဝါ) မပယ်, မသတ်ရသေးသောကြောင့်၊ (ဝါ) မပယ်, မသတ်ရသေးမီ, အတွင်းမှာဖြင့်၊ တဿ, တဿ- အရိယာမဂ်ဉာဏ်ကို လုံးဝမရသေးသော၊ ထိုထို ပုထုဇဉ်လေးဦး စလုံးတို့နှင့် အရဟတ္တမဂ်ဉာဏ်မရရှိခင်, `ကိလေသာ ပယ်မှုမပြီး စီးသေးသည့်၊ သမာပတ်ဈာန, ဖိုလ်ဈာနတို့မှ ကင်းနေခိုက်, ထိုထို အောက်ဖလဋ္ဌာန် သုံးဦးတို့၏၊ သန္တာနေ- လောကီစိတ္တုပ္ပါဒ်, နာမ်ခန္ဓာအစဉ်၌၊ အနုသေန္တိနာမ- အစဉ်ကိန်းလျက် နေကြကုန်သည်မည်၏။ (ဝါ) အတ္တိသဘော၊ အဝိဂတသဘော၊ နိဿယသဘော၊ ဥပနိဿယ သဘော၊ အာရမ္မဏ သဘော၊ သမ္ပယုတ္တသဘော၊ သဟဇာတ သဘော၊ အညမညသဘော, စသည်ဖြင့်၊ ကိလေသာ၏ ဗီဇမျိုးစေ့တို့မှ၊ အရောင်ထွက်လာ အရိပ်ထွက်လာ အငွေ့ထွက်လာသလို၊ တနည်းနည်းနဲ့ စွက်ဖက်ခါ အစဉ်ဖြစ်မှု၌ ကိလေသာ မငြိမ်းဘဲ ကိန်းလျက်နေသကဲ့သို့ တင်မှတ်ကြရကုန်တော့၏။ ။

(၃)။ ။အနုသေန္တီတိ-အနုသေန္တိ၏အရ ဂဠုတ္ထအဓိပ္ပါယ်မှာကား။ ။အနုရူပံ- လျှောက်ပတ်သော၊ (ဝါ) ကိလေသာသဘောပေါ်ပေါက်လာ,ဝင်ရောက်လာ,ထင်လာရန်ကိလေသာဓာတ်၏ အုံကြွနိုင်စေမှုနှင့် လျော်ကန် လျှောက်ပတ်သော၊ ကာရဏံ- အတ္ထိ, အဝိဂတစသော အကြောင်း တမျိုးမျိုးကို၊ လဘိတွာ-ရအပ် ရလတ်သည်ရှိသော်၊ (ဝါ) သစ္စာလေးပါးနှင့် ဆန့်ကျင်ဘက် မမှန်သိမှုခေါ် မိစ္ဆာဉာဏ် အဝိဇ္ဇာတို့ လက်ချက် ဝင်နှောက် စွက်သောကြောင့်၊ သံသရာစက် တလီပေါ်အောင်

ရထိုက်သည်ရှိသော်၊ ဥပ္ပဇ္ဇန္တိ- ဖြစ်ပေါ် ကြရလေကုန်တော့၏။ (ဝါ) အခိုက်ခေါ်တ်, အတိုက်ခေါ်တ်, အပြင်အာရုံနှင့် ထိမှန်ရာတွင် ဒွါရခေါ် အတွင်းအကြည်ရုပ်ခေါ်တ်တို့ လှုပ်ခတ် ထိခိုက်ရာ၌၊ အာရမ္မဏိကခေါ် ဖဿ သဘောတွင် ချုပ်မသွား မရပ်နား နိုင်တော့ဘဲ၊ ဝေဒနာတမျိုးမျိုး တဏှာတမျိုးမျိုး ဥပါဒါန် တမျိုးမျိုးနှင့် ဘဝတမျိုးမျိုးစသော၊ သံသရာစက်အကန့် တိုး လည်၍ ပွံ့ကျယ်သွားသည်အထိ၊ မသိလိုက်ရောက်သွားအောင် ဆွဲဆောင် ဖန်တည်းလိုက်ကြလေကုန်တော့၏။ ။ ဋီကာအယံ- ထင်လင်းစွက်ဖက် ဤဖေါ်ပြချက်သည်ကား၊ (အဿ)သဘော သွားနက်နဲ သိရှိရန် ပယ်သတ်ရန် လွန်စွာခက်ခဲလှသည့်၊ ထို အနုသေန္တိဟူသော ပုဒ်၏၊ အတ္ထော- တိမ်မြုပ်ကွယ်ဝှက် ဂူဠတ္ထ ဖြစ်သော ပုဒ်အနက်ပေတည်း။ ။

(၄)။ ။ပန- ကိလေသာ သုံးစားထဲမှ သဘောသွား ကွဲအောင် နက်နဲစွာ အသိရခက်လှသည့် ထိုအနုသယခေါ် ကိ လေသာ၏ စွမ်းရည်ထူးကို၊ တရားလိုက်စားသူတို့ အသိဉာဏ် ကွန့်မြူးနိုင်အောင် ပြန့်ဖြူးစွာ အဓိပ္ပါယ်ချုပ်ကို ထုတ်ဆောင် ၍ပြလိုက်ပါဦးအံ့။ ။ အပ္ပဟီနဋ္ဌေန- အရိယာ မဂ်ဉာဏ်က မပယ်မသတ်ရသေးသဖြင့်၊ (ဝါ) မပယ် မသတ်ရသေးသော ကြောင့်၊ (ဝါ) အခြား,ဒါနမယဉာဏ် သီလမယဉာဏ်, ဈာန် အဘိညာဉ်ဟူသော ဉာဏ်မျိုးတို့ကို၊ စုံးကဝေဆိုးပမာ, မာယာ ဋ္ဌက္ခိ အစွမ်းထူးတွေ ရှိလျှ၍၊ ပမာဏမပြု၊ မမှုစားသောက် အောင် အညစ်ဘက်ထိပ်ခေါင် အယုတ်ဘက် ခေါင်းဆောင်မို

F 2

အတိမ်းအရှောင် ခက်ခြား- အဆိုးဝါးဆုံး၌ တန်ခိုးများများ
သတ္တိထွားသော၊ အနုသယဘွဲ့ယူ ကိလေသာရန်သူတို့ မပြုခိုး
ဒန့် တကယ်ကြောက်လန့်စရာ ဖြစ်သော အရိယာမဂ်ဉာဏ်မျိုး
တို့က စိုးမိုးဖျက်နှံရန် ဝိပဿနာ ဉာဏ် တဆဲ့သုံးတန်တို့နှင့်
အတန်တန် ချေမှုန်းထားနိုင်မှ အားယိုင်ကာ ကြွေပျောက်,
နောက်ထပ်၍ မပေါ်ပေါက်လာအောင် ဖျောက်၍ မပစ်နိုင်ပါ
သေးသောကြောင့်၊ ထာမဂတ ကိလေသာ- စွမ်းရည်ထူးသတ္တိ
အားအပြည့် ရှိလှသော အနုသယ ကိလေသာခေါ် ဗီဇသဘော
ရင်းကို၊ (ဝါ) ကောင်းမှုနယ်တွင် စရဏမျိုး အဝင်ဖြစ်သည့်
ဒါန, သီလ, သမထဘာဝနာ, ကာမနဲ့ မဟဂ္ဂုတ်ဇောမဟာတွေ
အထိ ရရှိစေကာမူ, အရိယသစ္စာဉာဏ် မမိသေးပါက၊ အဝိဇ္ဇာ
အခါခါ ပြေးဝင်၍ လာနိုင်သဖြင့် စိတ်ယိုင်ကာ လောကီဝိဇ္ဇာ
သုခ ဝေဒယိတသုခတို့ကို၊ မောဟ လက်ချက်ကြောင့် တကယ်
မက်လောက်သည့် အကွက်ရ သုခဟု ဇောကျမှုများကာ၊ လော
ကီဝိဇ္ဇာဉာဏ်တို့ကိုပင် အစဉ်ဝင်စွက်နိုင်သော စွမ်းရည်ထူးသတ္တိ
ရှိနေသည့် ကိလေသာခေါ် ဗီဇသဘောရင်းကို၊ အနုသယောတိ-
အနုသယအယုတ်တရားဟူ၍၊ ဝုစ္စတိ- ဖြေရှင်းချက်သွင်းလောက်
အောင်, ဘွင်းဘွင်းနှင့် လင်းလင်းကြီးဆိုအပ်၏။ (ဝါ) ယုံမှား
လောက်အောင်, စွမ်းဆောင်ခြားနား- သဘောသွားနက်, ငုပ်
တိမ်ချက်ကြောင့်ဖေါ်လျက်သချာ ဆိုရပါသတည်း။ ။

# အစီပွါယ်အခင်း-စကားပြေအကျဉ်း

၁။ အနုသယဆိုသည်မှာ သတ္တဝါတို့၏ နာမ်ခန္ဓာသန္တာန်အစဉ်၊ အနုသယ တရားကိုယ်တိုဝင်နေသည်ကို အရိယာမဂ်နှင့်မပယ်မသတ်နိုင်သေးသမျှ ကာလပတ်လုံး၊ မပြတ်ခြင်း, အစဉ်လိုက်ခြင်း, နောက်၌ဖြစ်ခြင်း, ညစ်နွမ်းပူလောင်စေတတ်ခြင်းအားဖြင့် ကိန်းနေဘိသကဲ့သို့ ဆောင်တတ်ခြင်းသဘောကို အနုသယဟု ခေါ်ဆိုသည်။

၂။ ထိုသို့ အရိယာမဂ်နှင့်သာ ပယ်သတ်နိုင်သော အနုသယကိလေသာကို အပြီးတိုင် မပယ်သတ်ရသေးသော ပုဂ္ဂိုလ်မှန်သမျှ အနုသယနယ်က, မလွတ်နိုင်အောင် ပစ္စယသတ္တိ(၇)ပါးဖြင့် ပေးစွမ်းနေပုံ အစဉ်သဘောသည်၊ ခန္ဓာပဥ္စက ဥပါဒ်ဌီ, ဘင်, သခ်ါရနှင့်အမျှ အမြစ်တွယ်နေတဲ့ မျိုးစေ့ဓာတ်သဖွယ်၊ လက္ခဏာအနက် မှတ်ကြောင်းသဘော၊ ဝိစ္ဆာအနက်, တကြိမ်မဟုတ်နှံကြိမ်ဖန်များစွာဆောင်သောသဘော၊ ဣတ္ထမ္ဘူတအနက်, အံ့အားသင့်ဘွယ် အသိခက်သော သဘောစသည်တို့ဖြင့်၊ ဘာဝအနက်, ဖြစ်ခြင်းသို့ရောက်, ပေါ်ပေါက်လာတတ်သော သဘောဟု အနုသယကို ပိုင်းခြားသိအပ်ပေသည်။ ။

၃။ ဤကဲ့သို့ သတ္တဝါမှန်သမျှ၊ ခန္ဓာပဥ္စက သန္တာန်မှာအကြောင်းရှစ်ဖော်-စွမ်းရည်ခေါ် သတ္တိထူး သဘောဟာလဲ၊ သူ့ အ လို လို-အ ကြောင်း မဲ့ ကင်း, ဖြစ်ပေါ်ခြင်း မဟုတ်၊ အကြောင်းရှိစွမ်းရည်နှင့် လိုက်လျောညီထွေဖြစ်တတ်ပေသော၊ "အနုရူပံ ကရဏာ လဘိတွာ" သဘောအရ၊ (၆) ဒွါရနှင့် (၆) အာရုံ, ကြုံဆုံရလေတိုင်း, မဆိုင်းမတွဘဲ၊ ငြိမ်သက်ရေပြင်,

လေလျှင်ထိတွေ့, လှိုင်းလုံးတွေ့, တရွေ့ရွေ့ တအိအိ, ပေါ်တက်သလို၊ အနုသယ အပဟောင်းတို့နှင့် အကြောင်းစု, စုံညီလာပြီဆိုမှဖြင့် ဖြစ်ခွင့်ကြုံကိုက်ခိုက်, အရိပ်ပမာ, လိုက်နေတတ်ပုံသည်, အနုသယဓါတ်၏ အတ္တအနက်ဘဲ ဆိုတာ သိအပ်ရာပါသည်။ ။

၄။ အဲဒီ, မဂ်နဲ့ မပယ်သတ်ရသေးတဲ့ အနုသယကိလေသာသည်၊ ပစ္စယသတ္တိ ရှစ်တန်, ဇနကကောန်ဖြစ်စေတတ်သော အစွမ်းကို၊ အကုသိုလ်ကံကနေ အခြေခံပြီး, စွဲမှီလာခဲ့သည်။ အဘယ်မျှ, အားစွမ်းရှိတဲ့ "ထာမဂတ, ကိလေသာ" သဘောလဲဆိုရင်၊ ဒါန, သီလ, သမထမှုကို ဉာဏ်နဲ့ဘဲယှဉ်ပြုကြသည် ဖြစ်ပါစေ၊ အနုသယကိုတော့ မဖြိုမဖျက်, အရာယွင်းအောင်ပင်, ရှင်းလင်းနိုင်တဲ့ လက်နက်မဟုတ်ပါဘူးတဲ့၊ ဥပမာကတော့ မြင့်မိုရ်တောင်လို ခိုင်ခန့်တဲ့ အားအစွမ်းရှိသော အနုသယကို၊ ဇီးစေ့ကလေးနဲ့ ပေါက်သလိုပါဘဲ၊ မဖြုံ, မမြုံ, မပျက်, မကွက်ဘဲ, အနုသယ အသစ်နယ်ကိုတောင် ချဲ့ပေးလိုက်ပါသေးသတဲ့။ အဲဒီလို အားအစွမ်းကို "ထာမဂတ" အနုသယကိလေသာရဲ့ အစွမ်းဆိုပြီး၊ ဝိပဿနာဉာဏ်(၁၃)တန်၊ မဂ်ဉာဏ်တို့နှင့်သာ ဖြိုခွင်းပါမှ အရာယွင်းပြီး, ပျက်သုဉ်း ချုပ်ငြိမ်းခြင်း ရောက်ရမဲ့ တရားသာဖြစ်လို့၊ အားစွမ်းပြည့်ရှိ "အနုဿယံ ကရဏ လဘိတွာ" အထိကို၊ မိမိဘို့က မသိလိုက်ဘဲလဲ ရောက်သွားတတ်အောင်, အဆက်မပြတ်စွဲဝင်တတ်လို့ ထာဝစဉ်ကိန်းနေသလို တင်စား၍ ဆိုလောက်တဲ့၊ အသိရခက်ခဲ, အဖြုတ်ရခက်ခဲ, အားအာဝ်းကလဲ မြဲမြံတဲ့, အနုသယဘရားဟု ဝေဘန်သိမှတ်အပ်ပါသည်။

သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန
စာကြည့်တိုက်
[illegible]



# အနုသယ တရားကိုယ် ၃ ပါးတို့တွင်

(၁) ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာသည်....အနုစ်စားဖြစ်သည်။
(၂) ဒေါသနှင့် မာနသည် .... အလတ်စားသည်။
(၃) လောဘနှင့်အဝိဇ္ဇာသည်.... အထက်စားဖြစ်သည်။

ထို သုံးဆင့်သော အနုသယကိလေသာတို့အား ပယ်သတ်ခြင်းကို ဤသို့ သိအပ်သည်။

(၁) အနုစ်စား, ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာကို သောတာပတ္တိမဂ်က, ပယ်သတ်သည်။
(၂) အလတ်စား, ဒေါသနှင့် မာနကို, အနာဂါမိမဂ်မှ အပြီးတိုင် ပယ်သတ်သည်။
(၃) အထက်စား, လောဘနှင့်အဝိဇ္ဇာကို, အရဟတ္တမဂ်က ပယ်သတ်သည်။

* သကဒါဂါမိ မဂ်မှာ၊ ရုန့်ရင်းသော "ကာမရာဂနှင့် ပဋိဃ သံယောဇဉ်"ကိုသာ ပယ်သည်။

ထို့ပြင်၊ ပယ်နိုင်သော အခိုက်အတန့်သဘောတို့မှာ၊ စေ့စေ့-စပ်စပ်, ထိထိ မိမိ ရှုသော ဝိပဿနာ မဂ်ဆိုက်အောင် ပွားများခိုက်နှင့်၊ မဂ်ဉာဏ်, ဖိုလ်ဉာဏ်၊ ပစ္စဝေက္ခဏာဉာဏ်၊ ဖလသမာပတ် ဝင်စားခိုက်တို့မှာသာ ဖြစ်သည်၊ ကျန်အချိန်တို့နှင့် အခိုက်တို့မှာ ဘုရား, ရဟန္တာမှလွဲ၍၊ ပုထုဇဉ်နှင့် အောက်အရိယာသုံးဦးတို့ကို မဂ်ဖြင့် မပယ်သတ်ရသေးသော အနုသယ ဟူသမျှတို့က၊ စိတ်ဖြစ်တိုင်း, ဖြစ်တိုင်းမှာ ပစ္စယသတ္တိခေါ် အကြောင်းတမျိုးမျိုးနှင့် စွက်ဖက်လျက် ရှိတော့သည်။

# အနုသယ ၇မျိုး

(၁) **အနုသယသစ်**။ ။အပုညာဘိ သင်္ခါရခေါ် အကုသိုလ်စိတ် ၁၂-ပါးအနက်၊ တပါးပါးသော အကုသိုလ်စိတ် ဖြစ်တိုင်း ပေါ်တက်လာသော အထက်ပါ အနုသယ ၆,ပါး သည် အနုသယသစ် မည်၏။

(၂) **အနုသယဟောင်း**။ ။အထက်ပါ, အပုညာဘိ သင်္ခါရကို အသစ်ဖြစ်ပေါ်လာစေရန်၎င်း။ ပုညာဘိသင်္ခါရခေါ် ကာမကုသိုလ်စိတ် (၈)ခုနှင့် ရူပကုသိုလ်စိတ်ဇော (၅)ခုတို့ ဖြစ်ပေါ်ခွင့်ရစေရန်၎င်း၊ အာနဉ္ဇာဘိသင်္ခါရခေါ် အရူပကုသိုလ် စိတ်ဇော(၄)ခုတို့ ဖြစ်ပေါ်စေရန်၎င်း၊ ခန္ဓာ အဆက်ဆက်က ကိန်းလျက်ပါလာသော နာမ်ခန္ဓာအစဉ်၏ လက်သည် "ထာမ ဂတ ကိလေသာ"ခေါ် အကုသိုလ်မျိုးစေ့ ဓါတ်သတ္တိသည် အနုသယဟောင်းမည်၏။ ၎င်းကို ပုရာဏာနုသယဟူ၍၎င်း၊ ပုရာဏ ဥပ္ပါဒတ္တိ အနုသယဟူ၍၎င်း၊ ဥပ္ပန္နအနုသယဟူ၍၎င်း၊ ခေါ်ဝေါ်အပ်၏။ပစ္စုပ္ပန်ခန္ဓာ၌အကုသိုလ်စိတ် ၁၂,ပါး၊တပါး ပါးဖြစ်တိုင်း, အနုသယသစ်တွေ ဖြစ်နေသည်မှာ သိသာထင် ရှားလှပါသည်။ ထို အနုသယသစ် သဘောတို့သည်ပင် အနာ ဂတ်ခန္ဓာအစဉ်မပြတ်၍ ရလတ်သော် အနုသယဟောင်းအဖြစ် အကြောင်းခံဦးမည်ကို ရိပ်စားမိလျက်၊ လက်ရှိ ခန္ဓာ၌ အနု သယဟောင်း၏ ကိန်းအောင်းဘိသကဲ့သို့ ဆောင်နေပုံကိုလည်း ရိပ်စားမိရပါသည်၊ ထို အသိရခက်သော အနုသယဟောင်း သဘောကို အနည်းငယ် ထပ်မံပြရသော်....။

# ရှင်းလင်းချက်

အနုသယဟောင်း အစဉ်အဆက်အောင်းလာပုံကို အသိရ အလွန်ခက်ပါသည်။ ထင်သာ,မြင်သာအောင် ပြောပြဘို့လည်း မလွယ်ကူလှပေ။ ၎င်းအနုသယဟောင်း ဆိုသည်မှာ ကံတရားကဲ့သို့ပင်,ခဏတ္တယခေါ်-ဥပါဒ်,ဌီ,ဘင်လဲ မရှိပေ။ ရုပ်လဲမဟုတ်, နာမ်အစစ်ဟူ၍လည်း မခေါ်သာ၊ သင်္ခါရ ခေါ်-သံသရာ စက်ရဟတ်, မပြတ်စေမှုကို ဖန်တည်းပေးသော ကိလေသာဝဋ်တို့တွင် အညစ်ဆုံး,အထက်မျက်ဆုံး,နောက်၌ဖြစ်ခြင်း, မပြတ်ခြင်း, အစဉ်လိုက်ခြင်း,သဘောများဖြင့် သံသရာမျိုးစေ့ဗီဇ အရင်းခံဓါတ်ကို အနုသယဟောင်းဟု ဆိုရ-ခေါ်ရသည်။

မျိုးစေ့သဘောကဲ့သို့ ဗီဇအရင်းခံဓါတ်ကို ဥပမာနှင့် ပြရသော်....။ မီးစွဲလောင်စရာ ရေနံကြီးကိုဆန်းစစ်လျှင် ၎င်းရေနံကြီးမှ ရေနံဆီ၊ ရေနံဆီမှ ဓါတ်ဆီ၊ဓါတ်ဆီမှ အရက်ပြန် ဆင့်ကဲ, ဆင့်ကဲ, ပြောင်းလဲလာသောသဘောတွင်၊ ထိုပြောင်းလဲ ဖြစ်ပေါ်လာသမျှ၌ မီးလောင်ရန် မီးတောက်ရန် သတ္တိသည်၊ အရက်ပြန် ဓါတ်ဆီ,ရေနံဆီ,ရေနံကြီး, လေးမျိုးစလုံးတို့၌ ပယ်မရ,ဖျောက်မရ,ပါနေသလို, လိုက်နေသလို၊ အဟောင်းနုသယဆိုတဲ့သဘောသည်လည်း၊ အကုသိုလ်ဆိုတဲ့ ဥပါဒ်,ဌီ,ဘင်အားဖြင့် ထင်ရှားရှိသော သင်္ခါရဓမ္မတရားစုတိုင်းတွင်၊ (၀၁) ရုပ်နာမ်ခန္ဓာသန္တာန်အစဉ်တွင် အရိယာမဂ်ဉာဏ်တို့နှင့် မပယ်သတ်နိုင်သမျှ၊ ကိလေသာမီးတောက်လောင်ရန် အစဉ်လိုက်ပါနေသည်နှင့်မခြား တူငြားပါတော့သည်။ ရေနံကြီး စသည်တို့၌

မီးလောင်တတ်သည့် အဆီဓါတ် သတ္တိလိုက်ပါသလို၊ ခန္ဓာ သန္တာန်အစဉ် ဥပါဒ်၊ ဋ္ဌီ၊ ဘင်၌ ပူလောင်စေတတ်သော သတ္တိ၊ အနုသယ လိုက်ပါနေခြင်းကို၊ အနုသယဟောင်းဟု သိမှတ်အပ် ရာပါသည်၊ ၎င်းကို အနုသယနှင့် သာနုသယဟု တဖန်ပြတော် မူပါသည်။ သာနုသယကား= ပုညႇ အပုညႇ အာနေဥ္စ၊ သင်္ခါရ သုံးမျိုးကို ခေါ်၍၊ အနုသယကား= မူရင်း အနုသယတရား ကိုယ် (၆) ပါးကို ခေါ်သည်။ (ဝါ) သာနုသယသည် အနု သယသစ်၊ အနုသယ (၆) ပါးကို အနုသယဟောင်းဟု မှတ် သားအပ်ရာပါသည်။

# တနည်း= အနုသယလေးမျိုး

(၁) ဖြစ်ပြီးအနုသယ ... အတိတ်၊
(၂) ဖြစ်လတံ့အနုသယ ... အနာဂတ်၊
(၃) ဖြစ်ဆဲ အနုသယ.... ပစ္စုပ္ပန်၊
(၄) မဖြစ်ရမီ ချုပ်သောအနုသယ.... ကာလဝိမုတ်၊

ဝိပဿနာဉာဏ်နှင့် မဂ်ဉာဏ်၊ ဤဉာဏ်နှစ်ပါးတို့သည်၊ ဖြစ် ပြီးနှင့် ဖြစ်လတံ့သော အနုသယတို့ကို၊ မရှိတော့ခြင်းနှင့် မရှိ သေးခြင်းဖြစ်၍ ပယ်သတ်ရန်မထိုက် ပယ်သတ်ရန် မလိုတော့ပြီ။ ဖြစ်ဆဲအနုသယသည်လည်း အကုသိုလ်နှင့် ကုသိုလ်၊ နှစ်မျိုးရော ယှက် တပြိုင်နက် မဖြစ်နိုင်၍ ထိုပစ္စုပ္ပန်အနုသယကိုလည်း မပယ် သတ်နိုင်။ အမှတ် ၄-ဖြစ်သော အနုသယကိုသာ ပစ္စုပ္ပန်- အနာဂတ် ဘယ်တော့မှမဖြစ်လာအောင် ဉာဏ်နှစ်ပါးက ပယ် သတ်သည်။

# ပယ်သတ်ပုံကား

ကိလေသာ၏ ထင်အာရုံဖြစ်သော ပညတ်အာရုံကို ကျော်လွန်၍၊ ဉာဏ်၏မြင်အာရုံဖြစ်သော၊ ရုပ်နာမ်နှင့် နိဗ္ဗာန်ကို ထင်ခိုက်၌၊ အနုသယဝင်မလာနိုင်၊ အနုသယနေရာမှာ (၇) အနုသယအစား=ဉာဏ်ဝင်နေသည်၊ ဉာဏ်ဝင်နေ၍ အနုသယဖြစ်ခွင့်မရ၊ ခါတိုင်း,ဆက်တိုက်-ဒလစပ်,စိတ္တက္ခဏတိုင်းမှာ ကိန်းနေသလို-ပေါ်တက်လာတတ်တဲ့ အနုသယသည်၊ ဉာဏ်ဝင်ခိုက်သဖြင့် ခဏရပ်စဲသွား၏။ ထိုရပ်စဲခိုက်၌ မရပ်စဲရလျှင် ဖြစ်ရမည့် အနုသယသည်၊ မဖြစ်ရတော့ဘဲနှင့် ဝင်မဖြစ်ရတော့သဖြင့် ဖြစ်ပြီးပြီဟုလည်း မခေါ်နိုင်၊ ဖြစ်ဆဲလဲဘဲမဟုတ်၊ ဖြစ်လတံ့ဆိုရမှာကလည်း ဖြစ်ရမည့်အခွင့်မရမီ "မရခင်" ကုန်ဆုံးသွားသဖြင့် ထိုအခွင့်ဆုံးရှုံးခဲ့ရာ ဖြစ်လတံ့ဟူ၍လဲ မဆိုနိုင်တော့ဘဲ၊ မဖြစ်မှီချုပ်သော ကာလဝိမုတ်,အနုသယကို ဝိပဿနာဉာဏ်, မဂ်ဉာဏ်တို့က ပယ်သတ်ကုန်ဆုံး - ချုပ်ငြိမ်းစေခြင်း သဘောဖြစ်သည်။

ဥပမာအားဖြင့်မူ- အသီးသီးတတ်သော သစ်ပင်ငယ်ကလေးကို မသီးရသေးမီ ဖျက်ဆီးပစ်လိုက်,နုတ်ပစ်လိုက်သော်၊ ထိုအပင်ငယ်နှင့်စပ်၍ အဖူးအပွင့်, အသီးတို့သည်၊ မဖူး-မပွင့်-မသီးရဘဲနှင့် ပျက်စီး ပျောက်ကွယ်သလို၊ ၎င်းအပင်ငယ်၏ အသီးဟုတင်စားပြောစရာ-အသီးတို့,အသီးဖြစ်မလာခင်, မရှိခင်, ပျက်စီးချုပ်ငြိမ်းရသဖြင့်၊ ကာလသုံးပါးတွင် မပါဝင်နိုင်သော ကာလဝိမုတ်အသီးများ ပျက်စီးချုပ်ငြိမ်းသွားသည်ဟု ဆိုရဘိသကဲ့သို့ပင်၊ ဖြစ်ခွင့်အစဉ် ပရိယုဋ္ဌာန်, ဝီတိက္ကမ သဘော အပွင့်အသီး

ဖြစ်မလာခင်၊ ကာလဝိမုတ်ဖြစ်သော အနုသယကို ဝိပဿနာမဂ်ဉာဏ်က တဒင်္ဂပဟာန်နှင့် လောကုတ္တရာမဂ်ဉာဏ်က သမုစ္ဆေဒပဟာန်အဖြစ်၊ ပယ်သတ်ချုပ်ငြိမ်းစေခြင်းကိုသိအပ်ပါသည်။ ။ ထို့ကြောင့်....

ဝိပဿနာခဏ - ကိလေသ - တဒင်္ဂချုပ်ရပါ။

လောကုတ္တရာမဂ်ရ - ကိလေသ - သမုစ္ဆေဒချုပ်ရပါ။

ဝိပဿနာခဏ - တဒင်္ဂ - ဩဿကူးဆဲပါ။

မဂ်ဉာဏ်ခဏ - သမုစ္ဆေဒ - ဩဿကူးပြီးပါ။

....o....

# ကံနှင့်အနုသယ

ကံဟူသည် စေတနာက၊ အသွင်ပြောင်းသွားသော ပစ္စယသတ္တိထူးအရာဖြစ်သည်၊ မူလတွင် စေတနာက အရင်ဖြစ်သည်၊ စေတနာဖြင့်ပေါ်နိုက် ခဏတ္တယမှာ "ကံ"မဖြစ်သေးချေ။ ထိုခဏတ္တယတို့ ချုပ်သွားပြီးနောက်၊ စေတနာ၏သတ္တိသည် "ကံ"ဟုအမည်ယူကာ အသွင်တမျိုး ပြောင်းသွားတော့၏။ စေတနာအနိုက် ဥပါဒ်၊ ဋ္ဌီ၊ ဘင်၊ ရှိသည်၊ ကံ၊ အဖြစ်ရောက်သွားလျှင် ဥပါဒ်၊ ဋ္ဌီ၊ ဘင်၊ ကင်းလေပြီ။ ထိုကံသည် နောင်ဖြစ်ပေါ်လတံ့သော ပြုမှုကံသစ်တို့ အားရှိလာချိန်မှာ၊ တစခန်းထခါ၊ ကံဟောင်းအကြောင်းသည် ကံသစ်နှင့် ပူးပေါင်း၍ ဝိပါက်ခေါ် အကျိုးတမျိုးမျိုးကို ပေးတော့သည်- ဖြစ်စေတော့သည်။ ။ဤကားကံ၏သဘောအကျဉ်းမျှတည်း။

ကံနှင့် သမုဒယ သဘောတို့ကို အကျယ်ရှင်းလင်းပြရသော်၊ ဤကထာစာအုပ်,တအုပ်စာမျှကပင်,ကျယ်ဝန်းနက်နဲစွာ ဖေါ်ပြပါမှ အသိရှင်းပြည့်စုံနိုင်ခြင်းရှိမည် ဖြစ်ပါသည်။ ထို့ကြောင့် ဝန်မလေးဘဲ သိရေး သဘော ဉာဏ်ပေါက်ပြီး အကျယ် ကို ထောက်မိစေရန် အနည်းငယ်ဆက်လက်ပြပါဦးမည်။ ကံသည် စေတနာက အသွင်ပြောင်းသွားသောအရာဖြစ်သည်ဟု အထက်ကဆိုခဲ့သောစကားရပ်တွင် ကံ,စေတနာ,သင်္ခါရလို့ တခုသော အကြောင်း၌ တပေါင်းတည်း အကျုံးဝင်၍ အနက်အားဖြင့် အာကာရချင်း ကွဲပြားပုံကို ရှေးဦးစွာ သိသင့်ပါသည်။

**"ကံ=ကမ္မ="** အမှုအလုပ်၊

ကာယ- ဝစီ,မနောဒွါရတို့ဖြင့် ပြုလုပ်အား**ထုတ်မှု** (ကြိယာ)ပြုလုပ်ခြင်း။

**"စေတနာ="** စိတ္တုပ္ပါဒ်၌ယှဉ်၍၊

စေ့ဆော်တိုက်တွန်းပြုပြင်တတ်ခြင်း,**စေတသိက်။** (ကာရက) ကံကို ပြုလုပ်သူကဲ့သို့ **သက်ဝင်** ဆောင်နှင်းတတ်ခြင်း။

**'သင်္ခါရ"** ခန္ဓာပဥ္စက, ဖြစ်ရာခဏတိုင်း၌၊

ပုည,အပုည,အာနဥ္စ,သင်္ခါရ ခေါ် ပြုလုပ်အားထုတ် သက်ဝင်ပြုစီရင်မှု (အာကာရ) **အချင်းအရာ။**

ဤ-ကံ့စေတနာ့သင်္ခါရတို့တွင်ပြုလုပ်အားထုတ်သက်ဝင်ခြင်းလျှင် အဆုံးရှိသောသင်္ခါရသုံးမျိုးနှင့်စေတနာအားဖြင့် ၁(၂၉)မျိုး၊ပြုလုပ်အားထုတ်မှု ကာယ့ဝစီ့မနောသုံးစားမှု မရေမတွက်နိုင်သော သင်္ခါရတို့ကြောင့် မရေမတွက်နိုင်၊ မသိမြင်နိုင်သော "ကမ္မ ဝိပါကော အစိန္တိယော"၊ မကြုံစီနိုင်၊ မကြုံစီအပ်သည့် အကျိုးဝိပါကတွေအထိ၊ ဖြစ်ရှိ သက်ဝင်တတ်ရပုံတို့တွင် ပုဂ္ဂိုလ်၊ သတ္တဝါ့ပြုလုပ်သူ့ငါမပါသော အနေအားဖြင့် ရှေ့ဆက်၍ နှလုံးပိုက်စွဲ့ဝေဘန်ခွဲစိတ်ပါလေ။

အစမထင် သံသရာတခွင်က အဝိဇ္ဇာနှင့် စမိခဲ့ရာ၊ အဝိဇ္ဇာကြောင့် စေတနာသမ္ပယုတ္တ သင်္ခါရဖြစ်ခဲ့ရသည်၊ စေတနာယှဉ် သင်္ခါရကြောင့်၊ အကြောင်း"ကံ"သည်လည်း ဖြစ်ခဲ့ရ၏၊ ထို အကြောင်းကံသည်ပင် အကြောင်းခံ"ကမ္မပစ္စယသတ္တိ"အနေဖြင့် ပြုသူလုပ်သူ့စီရင်သူမဟုတ်ဘဲ၊ ခံစားသူလည်း မရှိမဟုတ်သည့် "ဝိပါက"အကျိုးဒုက္ခသစ္စာကို ဆောင်စေ့ ရစေ့ ဖြစ်စေသော သတ္တိအဖြစ်သို့ ရောက်ရှိခဲ့သည်၊ ထိုကမ္မပစ္စယသတ္တိ အကြောင်းရှိ

---

(၁) စေတနာမျိုး (၂၉)။ ။အပုညာဘိ သင်္ခါရ အားဖြင့် အကုသိုလ်စိတ် (၁၂)ပါး၌ ယှဉ်သော စေတနာ၊ ပုညာဘိသင်္ခါရအားဖြင့်-ကာမာဝစရ ကုသိုလ်စိတ် (၈) ပါး၌ ယှဉ်သော စေတနာနှင့်- သမထဘာဝနာ အစွမ်းအားဖြင့် ဖြစ်သော ရူပါဝစရ ကုသိုလ်စေတနာ (၅) ပါး၊ အာနဉ္ဇာဘိသင်္ခါရအားဖြင့် အရူပါဝစရ ကုသိုလ်စေတနာ (၄) ပါးအားဖြင့်—ပေါင်း (၂၉) ပါးဖြစ်၏။

ကံ၏စွမ်းရည်ကို တည်နေအောင် "ဟေတုပ္ပစ္စယ၊ သမနန္တရပစ္စယ၊ အာယူဟနပစ္စယ" သုံးပါးအရင်းခံ၍ ၁(၉)ပါးသော ပစ္စယတရားတို့၏ စွမ်းပကားကြောင့်၊ ပြုခဲ့ပြီး ကမ္မပစ္စယသတ္တိ အကြောင်းကံဟာ ရုပ်နာမ် ခန္ဓာဆိုတဲ့ သံသရာ ဓမ္မအစဉ်မှာ စွဲဝင်လိုက်ပါ တည်နေသလို ဖြစ်ခြင်းခံရတဲ့သဘောလို့ သိမှတ်အပ်ပါသည်။

ဒါကြောင့်-အတိတ်က ဝိပါကဝဋ်ဖြစ်ခဲ့တဲ့ခန္ဓာမှာ၊ စေတနာ သမ္ပယုတ္တဇောစိတ်များဖြစ်ခဲ့ရာ၊ ထိုဇောစေတနာနှင့်တကွ၊ ပုညာ၊ အပုညာ၊ အာနေဉ္ဇဆိုတဲ့ ကုသိုလ်ကံ၊ အကုသိုလ်ကံ၊ မဟဂ္ဂုတ်ကံတို့ အဖြစ်သို့ရောက်အောင်၊ ကာယကိုမှီ၍၊ မနောကိုမှီ၍၊ (ဝါ) ရုပ်ဓါတ်တွေကို အသုံးချ၍၊ မနောဝိညာဏ်၊ နာမ်ဓါတ်ကို အသုံးချ၍၊ စီမံပြုလုပ်သူ၊ ပုဂ္ဂိုလ်၊ သတ္တဝါ၊ မပါ မရှိဘဲ၊ သံသရာမှုသို့ သက်ဝင်ခဲ့ရသည်။ အဲဒီလို ဥပါဒ်၊ ဌီ၊ ဘင်နဲ့ စေတနာသမ္ပယုတ္တ ဇောစိတ်ဖြစ်တိုင်း ဖြစ်တိုင်း၊ ကာယ၊ ဝစီ၊ မနောဒွါရ၊ သံသရာ ကနေ-အကုသိုလ်ကံ၊ ကုသိုလ်ကံ၊ မဟဂ္ဂုတ်ကံဆိုပြီး၊ ဇောစေတနာ၊ စိတ္တုပ္ပါဒ်၊ ချုပ်တာနဲ့ဘုံပိုင်နက် "ကံ" ကမ္မပစ္စယသတ္တိ အဖြစ်ကို ရောက်ရှိသွားရတော့သည်။ အဲဒီ-ကံ၊ ကမ္မပစ္စယသတ္တိဟာ ပစ္စတိ သုံးပါး ဦးဆောင်ကျေးဇူးပြုငြားလျက်၊ အကြောင်းကံရယ်လို့

(၁)။ ။ဟေတုပ္ပစ္စတိ—ဟိတ်အကြောင်းကို စွဲလျက်တည်ခြင်း၊ သမုဒယပ္ပစ္စတိ—သမုဒယအကြောင်း ဖြစ်လျက်တည်ခြင်း။ အာယူဟန ပ္ပစ္စတိ-အားထုတ် ပေါင်းစည်းလျက်တည်ခြင်း။ ဥပ္ပါဒပ္ပစ္စတိ—ဖြစ်လျက် တည်ခြင်း။ ပဝတ္တပ္ပစ္စတိ—အဆက်မပြတ်ဖြစ်ပွားလျက်တည်ခြင်း။ နိမိတ္တ ပ္ပစ္စတိ- အကြောင်း နိမိတ်ဖြစ်လျက် တည်ခြင်း။ ပစ္စယပ္ပစ္စတိ—ပစ္စည်း အကြောင်းကို စွဲလျက်တည်ခြင်း။ သမုဋ္ဌာနပ္ပစ္စတိ - ဆက်စပ်လျက် တည်ခြင်း။ ပလိဗောဓပ္ပစ္စတိ—နှောင်ဖွဲ့လျက် တည်ခြင်း။ ။

အကျိုးပေးရန် အကျိုးပေးလတံ့ဆိုတဲ့- ကမ္မနိယာမသဘောနှင့် အညီ၊ နာမ်ခန္ဓာ့သန္တတိမှာ ကမ္မသန္တတိ့ပစ္စယသတ္တိသည်၊ငြိတိ သဘောအားဖြင့် အရိပ်ပမာ့လိုက်ပါနေသည့်သို့ သက်ဝင်ပါ တော့သည်။

အဲဒီ-ဇောစေတနာမူလအရင်းခံက၊ သင်္ခါရသုံးအင့်စာရင်း ဝင်ပြီးတာနဲ့ "ကံ" အဖြစ်သို့ ပြောင်းလဲသက်ဝင်ပြီး၊ ဥပါဒ်၊ ငြိ့ဘင်လဲမဟုတ်၊ နာမ်အစစ်လဲ မမည်၊ ကမ္မနိယာမနဲ့ အညီ၊ နာမ်ခန္ဓာသန္တတိတွင် ကမ္မသန္တတိ၊ ကိရိယာအဖြစ်နဲ့- ကမ္မပစ္စယ သတ္တိသဘောသည် ငြိတိနေ့ာ၍၊အသာဓါရဏ၊ မဆက်ဆန်သော အကြောင်းနဲ့ ကံ့အဖြစ် သက်ဝင်ပြောင်းခဲ့သည်ကို ဉာဏ်ပညာ ဖြင့် ကောင်းစွာ ဆင်ခြင်ကြည့်ရှုနိုင်ပါက၊ သတ္တဝါ-သူ၊ ငါ၊ ပြု လုပ် အကောင်အထည်မဟုတ်ပါဘဲ၊ ဥပါဒ်၊ ငြိ၊ ဘင်၊ ခန္ဓာနာမ်ရုပ် အယာဉ်၌၊ဇောစေတနာအစဉ်သည် သင်္ခါရအစု-အမှုကမ္မဖြစ်ပြီး ချုပ်တိုင်း ချုပ်တိုင်း၊ အကြောင်းခံ-ကံသတ္တိသဘောသည် ငြိတိ နေ့ာ၍ ဆောင်နှင်းနေပုံကို မြင်ပါကမူ "သဿတ-ဥစ္ဆေဒ" အယူသည်၊ အမည်မျှပင်၊ ဤဝိပါက၊ ဒုက္ခသစ္စာ၊ ခန္ဓာအစဉ်မှာ ရှာမရနိုင်တော့သည်ကို ဉာဏ်မြင်ထင်ရှား-ဝင်စား့ဆင်ခြင်နိုင် ပါတော့သည်။

ဤသို့အားဖြင့်၊ကံ့စေတနာ့သင်္ခါရသုံးပါးတို့၏အကြောင်း အကျိုးသွားတို့သဘောကို သိမှတ်ရာ၏။ အတိုချုပ်အားဖြင့် စေတနာသမ္ပယုတ္တစိတ္တုပ္ပါဒ် အရင်းခံကြောင့် သင်္ခါရဖြစ်သည်။ သင်္ခါရကမ္မပထမြောက်မှုကြောင့် ကံ၊ ဖြစ်သည်၊ ထိုကံသည် စေတနာသင်္ခါရ-နာမက္ခန္ဓာတရားစု၌ ကမ္မပစ္စယသတ္တိဖြင့် ငြိတိ သဘောဘို့ သက်ဝင်သည်၊ အဟောသိကံ-မဟုတ်သမျှ-မဖြစ်

သမျှ-အကျိုးပေးရန် သတ္တိသည်၊ ထိုစေတနာသမ္ပယုတ္တ,သင်္ခါရဥ္ဓ ကမ္မသန္တတိ အစဉ်ငြိတော့သည်၊ ထို့ကြောင့်- မိမိစေတနာ မိမိကို အကျိုးပေးသည်ဟု စေတနာသမ္ပယုတ္တ, ခန္ဓာပဥ္စက ပေါ်တင် စား၍ ပြောစမှတ်ပြုကြခြင်း ဖြစ်သည်။ အမှန်မှာမူ ပုဂ္ဂိုလ်, သတ္တဝါနောက်သို့ ကံကမလိုက်၊ လိုက်စရာပုဂ္ဂိုလ်, သတ္တဝါလဲ မရှိ၊ နာမ်ခန္ဓာသန္တတိတွင် ကမ္မသန္တတိအစဉ်ငြိနေပုံသာဖြစ်သည်။

ဤနေရာ၌ ဥပမာတခုပြရသော်၊ ရောင်းဝယ် ဖေါက်ကား ရင်း အကြွေးယူထားရင်, ငွေချေးထားရင်၊ မပေးမဆပ်သေး ရင်၊ အကြွေးတင်လျက်ဘဲ ဖြစ်သည်။ အကြွေးဆပ်ရန်သည် ချေး ယူသူ၌၊ မဆပ်မချင်းအမြဲတင်ရှိနေသလို၊ စေတနာနဲ့ ကံကို အား ထုတ်ပြုလုပ်မိပြီးရင်၊ ကံ၏အကျိုးသည် စေတနာသမ္ပယုတ္တ-ခန္ဓာ သင်္ခါရအပေါ်မှာ ပြုကြောင်း "ကံ"ကြွေးတင်နေတော့သည်။ ကမ္မသန္တတိ အစဉ်ငြိနေတော့သည်၊ ၎င်းအကြောင်းကံအကြွေး ကို အကျိုးအဖြစ်နဲ့ ခံစား အပေးခံရပြီးမှ၊ ကမ္မသန္တတိ-ဌိတိ သဘောမှ ကင်းလွတ်ရတော့သည်၊ ငွေချေး-ပစ္စည်းချေးယူထား သူလဲ ဒီလိုဘဲ၊ မဆပ်မချင်း, ချေးယူခြင်း အကြောင်းကြောင့် ကြွေးတင်ခံနေရသည်၊ ပေးဆပ်ခြင်းအကျိုးကိုမဆောင်ရွက်သမျှ အကြွေးတင်ဘဝက မလွတ်၊ ဆပ်ပြီးမှ လွတ်တော့သည်၊ အဲဒီ, ဥပမာလိုဘဲ၊ အကြောင်းကံကြောင့် အကျိုးခံစံ သက်ဝင်ရတာ ပြုသူခံစားသူရှိလို့ မဟုတ်ဘဲ၊ စေတနာကြောင့် သင်္ခါရဖြစ်၊ သင်္ခါရကြောင့်-ကံဖြစ်၊ ကံကြောင့်-ကံရဲ့ အကျိုးဝိပါကဖြစ်၊ ဝိပါက၌ ကံ၏အကျိုး အမျိုးမျိုး သက်ဝင်လျက်၊ ခံရ, စံရ, သင်္ခါရအဖန်ဖန်၊ ဖြစ်ပြန်-ပျက်ပြန်-လောကဓံ အတန်တန်တွေ

သင်္ခါရဒုက္ခတွေ အမျှင်မပြတ် နိုင်ပုံသည်၊ ဥာဏသံဝေဂ-ဓမ္မသံဝေဂ, ရစရာ ကောင်းဖြစ်ပါတော့သည်။

ဒီတော့-အကျဉ်းချုပ်အားဖြင့်၊ (ကမ္မဝဋ်-ကမ္မပဝတ္တ-ကမ္မသခေ်ပ-ကမ္မဘဝ-ကမ္မသန္တတိ)၁ သဘောတို့ကို၊ အကြောင်းကံ, ကိရိယာ,သဘာဝယုတ္တိ, ဗျုပ္ပတ္တိအရှိ၌၊ ထိမိအောင် ဉာဏ်နှင့် ကြည့်ပြီးလျှင် (ဝိပါကဝဋ်-ဝိပါကပဝတ္တ-ဝိပါကသခေ်ပ-ဝိပါကဘဝ- ဝိပါကသန္တတိ)၂ သဘောတို့၌လည်း၊ ကရိယာဖလ,ပြုလုပ်ကြောင်း၏ အကျိုးရင်း, အကျိုးဆက်တရားဖြစ်သော ဥပ္ပန္န, ဥပပတ္တိသဘောကို၊ ပညတ္တိအတ္ထ-အထုပ္ပတ္တိက, သဘောကို နှုတ်ပယ်ပြီး၊ သင်္ခါရဓမ္မအစုကိုသာ သမန္နုပဿတိ အစဉ်ပြု၍၊ ကံ, စေတနာ, သင်္ခါရ၊ ကမ္မဝဋ်-ဝိပါကဝဋ်, သဘောအလုံးစုံတို့၌၊ အရင်းခံ, ကြောင်း, ကျိုးမှန်တို့ကို နှလုံးသွင်း, ဉာဏ်လင်းနိုင်လောက်ပါပြီ။ ။

---

(၁) ကမ္မဝဋ်=ကံတို့ တဖန် ကျဉ်လည်ဖြစ်ရခြင်း။ ကမ္မပဝတ္တ-ကံတို့ အဆက်မပြတ်ဖြစ်ရခြင်း။ ကမ္မသခေ်ပ—ကံတို့ စုရုံးမိစေရခြင်း။ ကမ္မဘဝ-ကံ၏ အကျိုးပေးခွင့် တည်သာသက်ဝင်ခံရခြင်း။ ကမ္မသန္တတိ-ကမ္မပစ္စယသတ္တိအစဉ်အဲငြိရခြင်း။

(၂) ဝိပါကဝဋ်- အကျိုး ဒုက္ခသစ္စာ ခန္ဓာဖြစ်ရခြင်း၊ ဝိပါကပဝတ္တ-အကျိုးခန္ဓာ - ပဝတ္တိဒုက္ခသစ္စာအဖြစ်,အဆက်မပြတ်ဖြစ်ရခြင်း၊ ဝိပါကသခေ်ပ—အကျိုးတရားတို့စုရုံးကျရောက်ခံရခြင်း၊ ဝိပါကဘဝ—အကျိုးတရာ ဖြစ်ရန် ၃၂ ပါးသော ဝိပါက် စိတ်တံခါး ဖွင့်ထားခံရခြင်း၊ ဝိပါက သန္တတိ- အကြောင်းမပြတ်က အကျိုးဝိပါက အစဉ်ငြိခံရခြင်း။

# ကံနှင့်အနုသယ ခွဲကြည့်ကြပါစို့

ကံနှင့်အနုသယကို ခွဲ၍ကြည့်ရင် (အနုသယဟောင်းကို ဆိုလို သည်)ကံသည် သင်္ခါရသုံးမျိုးအရ၊ကံသုံးစားဖြစ်သော ကုသိုလ်, အကုသိုလ်,မဟဂ္ဂုတ်ကံဟု အကြောင်းကိုရိယာဖြစ်သည့် ထိုကံ ထဲမှ အနုသယအမည်ခံရတဲ့ ကံကတော့ အကုသိုလ်ကံကိုသာ ကောက်ရပါသည်။ ဒါဖြင့်- အဲဒီအကုသိုလ်ကံဟောင်းတွေဟာ အနုသယလားဆိုတော့ မဟုတ်ဘူး။ ကံနှင့် အနုသယမှာ တခြား စီသာဖြစ်သည်၊ ကံနှင့်အနုသယ,ခဏတူတာကတော့- အနုသယ သစ်လို့ဆိုတဲ့ နဝဥ္ပါဒတ္တိ အကုသိုလ်အခိုက်မှာသာ ကံနှင့် အနု သယတူတယ်၊ ကံကိလေသတရားဖြစ်တယ်။ အနုသယဟောင်း ပုရာဏ ဥပ္ပါဒတ္တိ အနုသယကျတော့ အကုသိုလ်ကံ မဟုတ်ဘူး၊ အကုသိုလ်ကံရဲ့ အရင်းခံဖြစ်တဲ့-အနုသယ(၇)ပါး၊ တရားကိုယ် (၆)ပါးသာဖြစ်တယ်။ (တနည်း) အာရမ္မဏိကနှင့် အာရုံ(ဝါ) အာရုံပြုတရားနှင့် အာရုံပြုခံတရား၊ ထိုတရားနှစ်ခုပေါင်းဆုံ၍ အကုသိုလ်စိတ္တုပ္ပါဒ်ဖြစ်ခိုက်မှာ၊ ကံနှင့်တကွ အနုသယကိလေသာ တွေ တပေါင်းတည်းပါဝင်သဖြင့် အနုသယသစ်အမည်တွင်လျက် ကံနှင့်အနုသယတူပြီးလျှင်၊ ကံတခုခုဖြစ်ရန် "အနုရူပံ ကရဏ လဘိတွာ" မဆိုက်ခင်၊အာရမ္မဏိက-အာရုံပြုတရားကိုယ်,နာမ်ခန္ဓာ ဘက်မှာ သက်ဝင်နေတဲ့ အနုသယ(၇)စား၊ တရားကိုယ်(၆) ပါးကတော့- ကံနှင့်တခြားစီသာဖြစ်ပြီး၊ အနုသယကိလေသာ အစစ်တရားသာဖြစ်တယ်။အဲဒီတရားကိုယ်(၆)ပါးကို၊ဥပနိဿယ စသော(၈)ပစ္စည်းအားဖြင့် ခန္ဓာရုပ်နာမ်မှာ မှီ၍ဖြစ်စေတာဘဲ့

သတ္တိကြောင့် "အနုရုပ်" သဘောနဲ့အညီ၊ အနုသယအမည်ရတဲ့တရားဖြစ်တယ်။ အကုသိုလ်ကံဟောင်းတွေကတော့ အနုသယအစစ်မဟုတ်ဘူး၊ ဒါပေမဲ့ အဲဒီအနုသယဟာ ပုရာဏဥပ္ပါဒတ္တိ-အကုသိုလ်ကံ, အခြေခံကြောင့် အနုသယအဖြစ် သက်ဝင်ကိန်းခွင့်ရတယ်လို့ သိမှတ်ရမယ်။ ။(တနည်းလဲ) စေတနာ, သင်္ခါရကနေ-အကြောင်းကံအဖြစ် ပြောင်းလာတော့- ဥပါဒ်,ဋ္ဌီ, ဘင်,မရှိဘဲ၊ ကမ္မသန္တတိအစဉ်ငြိသလို၊ အကုသိုလ်ကံ အခြေခံကြောင့်- အနုသယခေါ်တ် (၇) ပါးဟာ နာမ် ခန္ဓာသန္တတိမှာ "ကရဏ လဘိတ္ဗာ ဥပ္ပန္နတ္တိ" အဖြစ်နဲ့၊ အစဉ်ကိန်းသလို ဆောင်ခြင်းသို့ရောက်တတ်တဲ့- "သံကိလေသိက-ဝဋ္ဋသန္တတိ" သဘောလို့ ခွဲခြားပြီး သိရပါမည်။

ဒါကြောင့်လဲ- အနုသယဟောင်း သဘောကို ပြန်ကြည့်ရင် "ထာမဂတ-ကိလေသာ-အနုသယ" ဆိုသည်မှာ၊ ပုည-အပုည-အာနဉ္ဇ- သင်္ခါရသုံးမျိုးလုံးကို ဖြစ်ပေါ်ခွင့်ရစေတဲ့ လက်သယ်တရားခံသည် အနုသယလို့ ဆိုခဲ့ပြီးတဲ့အတိုင်း၊ အကုသိုလ်ကံနှင့် အနုသယသဘောကိုရင်း၊ကံသုံးမျိုးနှင့် အနုသယသဘောကိုရင်း၊ မတူခြားနား, အသာဓါရဏ, မဆက်ဆန်သောအကြောင်းအားဖြင့် ဥပါဒ်,ဋ္ဌီ,ဘင်,အားဖြင့်ဖြစ်စေခြင်း၊ နာမ်ခန္ဓာသန္တတိမှာ ကိလေသာတွေ- ထပ်၍, ကပ်၍, စပ်၍, ယှဉ်၍ ပါဝင်ငြိစေသော ပင်ကိုယ်သဘောရင်း ဗီဇတရားကိုယ်တို့နှင့်အညီ-ဆောင်နှင်းတတ်သော "ထာမဂတကိလေသာ" သဘောကို အနုသယလို့ စောကြောသိအပ်ပါသည်။

စောစောပိုင်းတွင် ပြဆိုခဲ့သော၊ ကမ္မနှင့်ဝိပါက, ဝဋ်နှစ်ဖြာမှာ၊ ပဝတ္တ-သင်္ခေပ-ဘဝ-သန္တတိ၊ ကိရိယာ- ကိရိယာဖလ အနေ

အားဖြင့် ပြဆိုခဲ့တာ မှတ်မိကြပါလိမ့်ဦးမည်။ အဲဒီ - ကမ္မ အကြောင်းနဲ့ ဝိပါက အကျိုးတရား ဆိုတာတွေမှာ၊ ပဋိစ္စ သမုပ္ပါဒ်နည်းနဲ့ ကြည့်တော့၊ "အဝိဇ္ဇာ-သင်္ခါရ - တဏှာ-ဥပါ ဒါန် - ကမ္မဘဝ" လို့ အကြောင်း ဘက် မှာ တွေ့ ရပြီး၊ "ဝိညာဏ် နာမ်ရုပ်- သဠာယတန - ဖဿ - ဝေဒနာ" လို့ အကျိုးဘက်မှာ ဖြစ်ရတယ်၊ အဲဒီအကြောင်းနဲ့အကျိုးကို ဝဋ္ဋအနေနဲ့ကြည့်တော့၊ ကမ္မဝဋ္ဋ,ဝိပါကဝဋ္ဋလို့ဘဲ အချုပ်အားဖြင့် တွေ့ရတယ်၊ ဒီတော့ ကံနှင့်ကံ၏ အကျိုးသည် သံသာရဝဋ္ဋ ဒုက္ခတရားအဖြစ် ကြဉ်လည် နေတဲ့ သဘောလို့ သိရပါမယ်၊ ဒီတော့ အကြောင်း ကမ္မဝဋ္ဋနဲ့ အကျိုးဝိပါကဝဋ်သဘောထဲမှာ အကြောင်းကံ ကိရိယာနဲ့ အကြောင်းကံ၏ကိရိယာဖလနှစ်ပါးသာ ပါဝင်နေတာကို တွေ့ နိုင်ပါတယ်၊ အဲဒီတော့ သင်္ခါရဆိုတဲ့ အကြောင်းကံ ကိရိယာနဲ့ ကမ္မဘဝဆိုတဲ့ အကြောင်းကံ၏ကိရိယာဖလ-နှစ်ခုဘဲဖြစ်ပါတော့ တယ်။ အဲဒီ ကိရိယာအကြောင်းထဲမှာ အဝိဇ္ဇာ,တဏှာ,ဥပါဒါန်, ဆိုတဲ့ ကိလေသဝဋ်ကို တပေါင်းတည်းယူထားတာ တွေ့နိုင်ပါ တယ်။ အဲဒါ ဘာဖြစ်လို့ ကမ္မဝဋ္ဋနဲ့တွဲပြီး ချင်းရာ (၂၀) အင်္ဂါ ငါးပါးမှာ ပြတော်မူသလဲဆိုတော့ အကြောင်းရင်းမျိုးစေ့ ဗီဇ ရင်းသဘောသတ္တိ-ပစ္စယာကာရတွေ တူမျှနေလို့ဘဲဆိုတာ သိရပါ မယ်၊ တနည်းအားဖြင့်လဲ ဝဋ္ဋသုံးပါးတို့သည် အကြောင်းအကျိုး သဘော၌၊ အကြောင်းတွင် ကိလေသဝဋ္ဋနှင့် ကမ္မဝဋ္ဋပါဝင်ပြီး၊ အကျိုးဝိပါကဝဋ္ဋတွင် နာမ်သန္တတိ,ရုပ်နှင့်တကွ သက်ဝင်ခြင်း, ခန္ဓာငါးပါးဖြစ်ရခြင်း၊ ခန္ဓာလေးပါးဖြစ်ရခြင်း၊ ခန္ဓာတပါး ဖြစ်ရခြင်းတို့၌၊ (ဝါ) ကာမ (၁၁) ဘုံ၊ ရူပ (၁၅) ဘုံ၌ ခန္ဓာ ငါးပါးဖြစ်ရခြင်း၊ . အရူပ (၄) ဘုံ၌ နာမ်ခန္ဓာလေးပါးဖြစ်ရ

ခြင်း၊ အသညသတ် (၁) ဘုံ၌ ရုပ်ခန္ဓာတပါးသာဖြစ်ရခြင်း တို့၌ ကိလေသ, သန္တတိ- ကမ္မသန္တတိတို့သည်၊ အသဒိသ, မတူ သောအကြောင်း၊ အသာဓါရဏ, မဆက်ဆန်သောအကြောင်း၊ အဝိရုဒ္ဓ, မဆန့်ကျင်သော အကြောင်းတို့ဖြင့် အကြောင်း၏ အကြောင်းအဖြစ်၊ အကြောင်း၏အကျိုးအဖြစ် ဆောင်နှင်းတတ် ပုံကို ပိုင်းခြားသိစေလိုသောအားဖြင့် ပြတော်မူခြင်းလို့ ခွဲခြား ထိုးထွင်းသိအပ်ပါသည်။

ဒီတော့ ချင်းရာ ၂၀၊ အကြောင်းအင်္ဂါ(၅)ပါးထဲမှာပါတဲ့ အဝိဇ္ဇာ,တဏှာ,ဥပါဒါန်, ကိလေသာဝဋ်ဟာ ပုရာဏဥပ္ပါဒတ္တိ သဘောလို့ ဆက်ပြီး ကောက်ယူနားလည်ရပါမယ်။ ဒီနေရာမှာ မူလနှစ်ပါးဖြစ်တဲ့-အဝိဇ္ဇာနဲ့တဏှာ၊ တဏှာပြင်းထန်-ဥပါဒါန်ကို သာပြတော်မူရာမှာ၊ သင်္ခါရနှင့် ကမ္မဘဝတို့ အကြောင်းကမ္မ ဝဋ်၏ပြည့်စုံစေမှု-ဥပပတ္တိဘဝကို ဆောင်စေရာတွင် ဥပါဒါန် သည် ကိလေသာဝဋ်အနေဖြင့်ပင်,မုချအကြောင်းဖြစ်၍ ထည့် သွင်းခံရပြီး၊ မူလ-အဝိဇ္ဇာနှင့်တဏှာမှာမူ ကိလေသာဝဋ်၏၊(ဝါ) အနုသယတရား၏ မူလအရင်းခံ အနေအားဖြင့် ဖြစ်ပုံကိုလည်း ပိုင်းခြားသိအပ်ပါသည်။ တနည်းအားဖြင့် ကမ္မဘဝ, ရှိသည် ဖြစ်သော်၊ ဥပါဒါန်မုချအကြောင်းကြောင့် ဥပပတ္တိဘဝ,ဖြစ်ရ သလို၊ ဥပပတ္တိဘဝ,မပြတ်ရှိလတ်သော်၊ သင်္ခါရဖြစ်ရန် အဝိဇ္ဇာ သည် အပုည,မုချအကြောင်းနှင့် အဝိဇ္ဇာနှင့်တဏှာသည် ပုည, အပုည,အာနဉ္ဇ,မုချအကြောင်းများဖြစ်ပြီး၊ ကံ,စေတနာ,သင်္ခါရ ကို ဆောင်စေအပ်သည်၊ ပြီးစေအပ်သည်ဖြစ်၍၊ ဝဋ်သုံးပါး မပြတ်စဲနိုင်ခြင်း၊ ကမ္မဘဝသို့-တဖန်ပြန်ဝင်ခြင်းကြောင့် မူလ နှစ်ပါးတွင် ဥပါဒါန်နှင့်တွဲငြား၍၊ သင်္ခါရနှင့် ကမ္မဘဝတို့ကို

မြစ္စာဆောင်တတ်ပြီး၊ ဝိပါကဝဋ်-အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပါန်၊ ဒုက္ခသစ္စာအဖန်ဖန်ဆောင်နေပုံ၏အကြောင်းချင်းရာ၊ ဝဋ်စာရင်း ကထာနှင့် ကိလေသာအနုသယသဘော ပါဝင်နေပုံများကို ပိုင်းခြားသိအပ်ပါသည်။ ထို့ကြောင့် မြတ်ဘုရားဟောပြု-ဤသဘောတရားအစုစုကို အနုသယအနေဖြင့် အစဉ်ကိန်းဘိသကဲ့သို့ သက်ဝင်ပုံကို အကျယ်ထင်ရှင်းရန် လိုအပ်တော့မည်မထင်ပါ။ ကျယ်ဝန်းနက်လေးလွန်းပါက-ဥာဏ်မပေါ်ဘဲ- ပိုမိုရှုပ်ထွေးသွားမည်စိုး၍ ဤမျှနှင့်ပင်၊ ကံ၊ စေတနာ၊ သင်္ခါရ၊ ကမ္မဝဋ်-ဝိပါကဝဋ်-ကိလေသဝဋ်နှင့် ကံကိလေသမှ-သံကိလေသိကမှတို့ကို ပိုင်းခြားသိရှိနိုင်စွမ်းလောက်ပြီဟု ယူဆအပ်ပါတော့သည်။

# အနုသယနှင့် စွမ်းရည်ထူးများ

အနုသယဟူသည် ကံ၏အကြောင်းပင်ဖြစ်သည်။ အနုသယသည် ကံအမည်ယူမည့်-စေတနာ(၂၉)မျိုးကို ဖြစ်ပေါ်စေသည်။ ထိုစေတနာ၊ သင်္ခါရက- ကံ ဖြစ်သွား၏။ ကံ၊ က-ဝိပါကခေါ် အကျိုးတမျိုးမျိုးကို ရစေ၊ ဖြစ်ပေါ်စေ၏ဟုလည်း အကျဉ်းသိမှတ်ရာ၏။ ။အနည်းငယ်ဆက်လက်၍ ရှင်းလင်းချက်တမျိုးကို ဆိုပါဦးအံ့။ လောဘစိတ် (၈) ပါး၊ ဒေါသစိတ် (၂) ပါး၊ မောဟစိတ် (၂)ပါး၊ ပေါင်း (၁၂) ပါးကို အကုသိုလ်စိတ်ဟူ၍ရင်း၊ အကုသိုလ်ဇောဟူ၍ရင်း၊ အကုသိုလ်စေတနာ ဟူ၍ရင်း ခေါ်သည်။ ၎င်းအကုသိုလ် စေတနာ၊ ဇော၊ စိတ်တို့၊ အကုသိုလ်သဘောနှင့် ပေါ်လာဘို့အကြောင်းဗီဇသည်၊ ဒွါရ (၆) ပါး၊ အာရုံ (၆) ပါး ပေါင်းဆုံမိရုံမျှနှင့် အကုသိုလ်စေတနာ၊ ဇော၊

စိတ်ဟု- မိုးပေါ်မှ အလိုလိုကျလာသလို ဖြစ်ပေါ်လာနိုင်သည် မဟုတ်ပါ။ စွမ်းရည်တခုခုက ဆေးဆိုးပေးလိုက်သလို- ပမာအားဖြင့်- ဝိပါက်ဝိညာဏ်ရိုးရိုးကနေ- အကုသိုလ်ဇောဝိညာဏ်ဟု ဖြစ်ပေါ်လာရသည်။ ထိုဒွါရ-အာရုံပေါင်းဆုံ၍ ပေါ်လာသော ဝိညာဏ်ကို- အကုသိုလ်ဟူ၍၎င်း၊ ကုသိုလ်ဟူ၍၎င်း၊ အဗျာကတဟူ၍၎င်း၊ အသီးသီးဖြစ်စေမှုကို- ဆေးဆိုးပေးသကဲ့သို့သော သတ္တိထူးရှိလေသည်။ ထိုဆေးဆိုးပေးသကဲ့သို့ ပြောင်းလဲပေါ်ပေါက်ရပုံကို ရှင်းလင်းကြည့်သော်—

(၁) အကုသိုလ်ဇောစိတ်ဖြစ်အောင်, သံသရာ့ ဗီဇ- အနုသယက ဆေးဆိုးပေးသည်။

(၂) ကုသိုလ်ဇောစိတ်ဖြစ်ရအောင်, ဝိဇ္ဇာဉာဏ်က, ဆေးဆိုးပေးသည်။

(၃) ဝိပါက်အဗျာကတစိတ်ဖြစ်အောင်, ကံ့က ဆေးဆိုးပေးလေသည်။

(၄) ဘုရား, ပစ္စေကဗုဒ္ဓါ- ရဟန္တာတို့၏ ကြိယာအဗျာကတဖြစ်ရန် မဟာဝိဇ္ဇာဉာဏ်က ဆေးဆိုးပေးသည်။

(၅) ပုဂ္ဂိုလ်အားလုံးမှာ ဖြစ်နိုင်သော၊ ပဥ္စဒွါရဝဇ္ဇန်းနှင့်- မနောဒွါရာဝဇ္ဇန်းခေါ်- အာဝဇ္ဇန်းစိတ် နှစ်ခုဆိုဘဲ့- အဟိတ်ကြိယာ အဗျာကတဖြစ်ရန်- ဝိပါက်ဝိဉာဉ်က အနီးဆုံးကပ်၍ ဆေးဆိုးပေးသည်။ ။မူလ လက်သည်မှာကား- အဝိဇ္ဇာခေါ်- အနုသယဖြစ်ပါသည်။

# အရှောင်ရ–အတိမ်းရ ခက်ပုံ

အထက်ဖော်ပြပါ သဘော၊ သဘာဝများအရ၊ အနုသယသည်- ကံထက်ပင်ရှေးကျနေသဖြင့်- ဒွိသိရခက်သည်၊ ပိုင်းခြားဝေဘန်ရလဲခက်ခဲသည်၊ သူမှလွတ်နိုင်တဲ့-စိတ်ဝိညာဏ် ဖြစ်နိုင်သို့ကလဲ- အရှောင်ရ၊ အတိမ်းရ ခက်လှတော့သည်၊ အသက်အလွန်ရှည်လှသော သရဲကြီး၊ သဘက်ကြီး၊ ဘီလူးယက္ခိုက်ကြီး များနှင့်တူနေတော့၏။ သတ္တဝါတွေကို ပူလောင်ပြင်းပြနှိပ်စက်ရအောင်၊ အစဉ် လွှမ်းမိုးထားသကဲ့သို့ ဖြစ်တော့သည်။ ထိုသို့ ရှေးအကျလွန်း၊ အနယ်ထိုင်လွန်းသော- သဘာဝခေတ်သည် အနုသယပင် ဖြစ်တော့သည်။

အရဟတ္တမဂ်၊ အရဟတ္တဖိုလ်ကို မရမခြင်း- အနုသယနယ်က မည်သူမျှ မလွတ်နိုင်ကြပေ။ အနုသယနယ်မှာ သက်ဝင်နေရခိုက်- အနုသယမှ လွတ်နိုင်ချိန်မှာ- နှစ်ချိန်မျှပင်ရှိသည်။ ၎င်းတို့မှာ ဝိပဿနာမဂ်ဉာဏ်ဖြစ်ချိန်နှင့်- လောကုတ္တရာမဂ်ဉာဏ်၊ ဖိုလ်ဉာဏ် ဖြစ်ချိန်၌သာ ဖြစ်ပါသည်။ အနုသယမှ လွတ်လိုပြတ်လိုပါလျှင်- အထက်ပါဉာဏ်နှစ်မျိုး- တမျိုးမျိုးဖြစ်ပေါ်အောင် အားထုတ်ပါ၊ ထိုဉာဏ်နှစ်မျိုးပေါ်လာလျှင်၊ ပဌမဝိပဿနာမဂ် ခဏမှာ အခိုက်အတန့်အားဖြင့်လွတ်သည်။ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်အခိုက်မှာ- မဂ်အားလျော်စွာ လွတ်သင့်ရာအနုသယမှ- လုံးဝလွတ်တော့သည်။ အထူးအားဖြင့်ကား=မဂ်ဉာဏ်ခဏတိုင်းမှာ- အနုသယအားလုံး (၀၇) တရားကိုယ် (၆) ပါးမှ ခဏတ္တယ လွတ်ကြသည်ဟု မှချမှတ်ရာ၏။ ။

# အနုသယ နယ်ကျယ်ပုံ

အာသဝေါ တရားတို့ နယ်ကျယ်ပုံမှာ၊ အထက် ဘဝဂ်, အောက် အဝီစိတိုင်အောင် ဆိုဘိသကဲ့သို့၊ အနုသယ တရား၏ နယ်ကျယ်ပုံသည်လည်း (၃၁) ဘုံ, အကုန်မလွတ်အောင်ပင် ကျယ်ဝန်းလှပါဘိတော့သည်၊ ထိုထိုဘုံဘဝတို့၌ ဆုံက,ရသည့် နွား၊ လည်ပတ်ရသည့် ရဟတ်ခြား, ပမာအတွင်းဝယ်၊ ပစ္စုပ္ပန်, မနုဿဘုံဘဝတွင်လည်း အနုသယနယ်ကျယ်ပုံကို ဤသို့သိအပ် ရာပါတော့သည်။

(၁) အိပ်ပျော်နေခိုက်၊
(၂) အမှတ်မထင်ရှိးရှိးနေခိုက်၊
(ဝါ) ပကတိအတိုင်းတိုင်းနေခိုက်၊
(၃) ဒါနကုသိုလ်ပြုနေခိုက်၊
(၄) သီလရှိးရှိးဆောက်တည်ထားခိုက်၊
(၅) သမထ ဘာဝနာ ပွားများနေခိုက်၊

၎င်းအခိုက်အတန့် သမယ (၅) ပါးလုံးမှာပင်၊ အနုသယ သဘောသည်- မသိကြဘဲ စီမံလျက်, ပါရှိလျက်ပင်, ဖြစ်နေကြ သည်၊ ထိုကဲ့သို့ အနုသယနယ်ကျယ်ပြီး- မလွတ်နိုင်ခြင်းကို ရှင်း လင်းချက်နှင့် ကြည့်ကြပါဦးစို့ ...။

အနုသယ,တရားကိုယ် (၆) ပါး၏ လုပ်ငန်းကား၊ (ဝါ) ဆောင်နှင်းစေစား, စွမ်းပကားကား။ သတ္တဝါ အပေါင်းတို့ကို

သံသရာ့စက်ထဲက ထွက်မသွားနိုင်စေတဲ့- "မှိုင်းဆေးကြီး" သဖွယ် ပင်ဖြစ်၏။ အနုသယမှိုင်းမိနေသောသူဟူသမျှသည်၊ သံသရာထဲ မှာ ကျင်လည်နေဘို့ဖြစ်တဲ့-ကိုယ်အလုပ်, နှုတ်အလုပ်, စိတ်အလုပ်, တခုခုကို လုပ်နေမိတုံး-လုပ်နေဆဲပင်ဖြစ်သည်ကား ။ကာယကံ ရှင်ကိုယ်တိုင်၊ ဝစီကံရှင်ကိုယ်တိုင်, မနောကံရှင်ကိုယ်တိုင်၊ သိသည် ဖြစ်စေ, မသိသည်ဖြစ်စေ၊ ရိပ်မိသည်ဖြစ်စေ၊ မရိပ်မိသည်ဖြစ်စေ၊ သံသရာထဲမှာ ကြည်လည်နေစေတတ်တဲ့- အလုပ်တခုခုကို လက် လွန်- နှုတ်လွန်- စိတ်လွန်နေမိသေးလျှင်၊ သံသရာထဲမှာ မနေလို တော့ပါဟု- ရပ်ကျော်, ရွာကျော်, အော်ဟစ်ပြေးလို့လဲ လွတ် ထွက်သွားနိုင်သည်မဟုတ်၊ လွတ်အောင်လုပ်တတ်မှ-လွတ်အောင် လုပ်ချင်မှ - လွတ်အောင်လုပ်မိမှသာ - လွတ်ရတော့သည်၊ ထို့ ကြောင့် အထက်ပါ အနိုက်အတန့်ငါးပါး၌ မလွတ်နိုင်ခြင်းနှင့် လွတ်နိုင်အောင်လုပ်ရပုံကို စစ်ဆေးကြည့်သင့်ပါတော့သည်။

(၁) အိပ်ပျော်နေခိုက်နှင့် (၂) အမှတ်မထင်ရိုးရိုးနေခိုက်၊ (ဝါ) ပကတိနေခိုက်တို့မှာ၊ အနုသယခေါ်တဲ့၊ ဒိဋ္ဌိ ဂါ, တဏှာ ဂါ, မာနဂါ, သုံးမျိုးနှင့်အဝိဇ္ဇာစသည်တို့ငံ့, မဝင်ဆန်းစစ်လျှင်၊ မသိမှု ဆိုရာ၌၊ ဘာကိုမသိတာလဲဆိုသော်၊ အမှန်, ရုပ်နာမ်မွေကိုရင်း၊ အမှန်ရုပ်နာမ်မွေတို့၏ သဘော သဘာဝကိုရင်း၊ ငင်စ္စသမုပ္ပါဒ် တရားမြတ်ကိုရင်း၊ သစ္စာလေးဘန်, အမှန်တရားမြတ်ကိုရင်း, မသိခြင်းကို ဆိုလိုပါသည်။ (၁) နှင့် (၂) အနိုက်အတန့်တွင် ဖေါ်ပြပါ သိမှုဝိဇ္ဇာဉာဏ်မရှိပေ၊ အမှန်သိမှုမရှိလျှင်-မသိမှုသာ ရှိနေသည်၊ ၎င်းမသိမှုမှာ အဝိဇ္ဇာပင်ဖြစ်ရာ၊ အဝိဇ္ဇာသည် အနု သယခေါ်ချုပ်ဖြစ်သည်။ ထို့ကြောင့် (၁)နှင့် (၂) အနိုက်မှာ အနုသယနယ်က စိုးစဉ်းမျှမလွတ်ဟု တထစ်ချမှတ်အပ်၏။ ။

(၃) ဒါနကုသိုလ်ပြုနေခိုက်မှာ-လွတ်မလွတ်စစ်ဆေးကြည့်ကြဦးစို့၊ ဘာအတွက် ဒါနပြုသလဲမေးရင်၊ နိဗ္ဗာန်ကိုလိုချင်လို့ ဒါနပြုပါသည်ဟု ဆိုကြပါစို့၊ ဘယ်လိုပြုသလဲ၊ အလှူဝတ္ထု-အလှူပေး-အလှူခံ (၃) မျိုးစလုံးသည်၊ မမြဲတဲ့သဘော, ကုန်ပျောက်တတ်တဲ့ သဘော, အစိုးမရတဲ့ - အနတ္တသဘောတွေပါတကား၊ ဤဝတ္ထု-ဤပြုမှု သခါရတွေပေါ်မှာ စွဲလန်းနေရင် ဥပါဒါန်ဝင်နေတော့မည်၊ ဥပါဒါန် ဝင်မလာအောင် စွန့်ကြဲလှူဒါန်း လိုက်တော့မည်၊ ဤစွန့်ကြဲ လှူဒါန်းလိုက်ရတဲ့ ဒါနကြောင့်- နိဗ္ဗာန်ရောက်ရပါစေသားဟု- စေတနာထား၍ ပြုပါသည်-ဆိုကြပါစို့....။

ထိုအခိုက်, ဘာစေတနာ ဖြစ်မည်လဲ၊ ကာမာဝစရခေါ်တဲ့-မဟာကုသိုလ်စေတနာဇောဖြစ်ပါသည်။ (ဘယ်ကိုအာရုံပြုသလဲ) နိဗ္ဗာန်ရောက်ဘို့ အာရုံပြုလိုက်ပါသည်၊ (ဘယ်လိုပြုလိုက်သလဲ) မမြဲမှု-ကုန်မှု- အစိုးမရမှုကိုမလိုလားဘဲ၊ မြဲမှု- မကုန်မှု- ငြိမ်းချမ်းမှုကိုလို၍၊ ထို-မြဲရာ-မကုန်ရာ- ငြိမ်းချမ်းရာ-နိဗ္ဗာန်ကို အာရုံပြုခါလှူလိုက်ပါသည်။ ဤကဲ့သို့ ဖေါ်ပြပါစေတနာကား- အလွန်ကောင်းမွန်ပါသည်၊ အထက်တန်းလဲကျသည်။ သို့ရာတွင် အနုသယ, ပါ-မပါအထိ စစ်ရတော့မည်ဖြစ်ရာ၊ ညှာထား၍ မရတော့ပေ၊ တရားဓမ္မအမှန်သဘောဘဲဖြစ်စေရမည်၊ မိမိဘာသာမိမိ, ညှာတာငဲ့ကွက်နေရုံနှင့် တရားဓမ္မသဘောမှန်ကတော့ ညှာနေမည်မဟုတ်ပေ။ ။ထို မြဲရာ, မကုန်ရာ- ငြိမ်းရာကိုတောင့်တလိုက်သောစိတ်သည် ဘာစိတ်ဖြစ်ပါသလဲ။

ဥပမာနှင့်ရှင်းကြည့်ကြစို့၊ အနာ, နာလှပါသည် ဖြစ်၍ဖြစ်စေ၊ အဖျားဒဏ်ပြင်းထန်၍ပင် ဖြစ်စေ၊ လက်တွေ- ကိုယ်တွေ

ဒုက္ခကိုငြီးငွေ့ပြီး၊ အနာကင်းချိန်ကိုရင်း၊ အဖျားပျောက်ချိန်ကိုသော်ရင်း၊ တောင့်တသူနှင့် အထက်ပါနိဗ္ဗာန်ကို တောင့်တသူတို့ (ဘယ်ပုံခြားနားမည်လဲ) ချမ်းသာရာအချိန်နှင့် စိတ်ချမ်းသာရာဘက်သို့ စိတ်ဆန္ဒနှင့် တောင့်တကြသည်မှာ တူနေပြီ၊ (ဘယ်သူတွေ ချမ်းသာလိုလို့ပါလဲ) မိမိကိုယ်တိုင် ချမ်းသာစေလိုလို့ဖြစ်ပါသည်။ မေးဦးအံ့၊ မိမိတို့၏ ချမ်းသာမှုကို မျှော်မှန်းပြီး တောင့်တတဲ့စိတ်မျိုးသည်။ နိဗ္ဗာန်အစစ်ကို အာရုံပြုနိုင်ပါသလော၊ အာရုံပြု တောင့်တမှုနှင့် မျက်မှောက်ပြုသဘော ခြားနားကြောင်းကို သိထားပါဦး....။

**စောဒကစွက်–ဆင်ခြေတက်ရန်မှာ။** ။ပီတိသည်နှစ်သက်မှု၊ ဆန္ဒသည် အလိုရှိကာမျှဖြစ်မှုဟု- နှစ်မျိုးရှိရာ၊ မဟာကုသိုလ်ဇောစိတ်ဖြစ်ခိုက်၌၊ ၎င်းပီတိနှင့်ဆန္ဒ နှစ်ပါးလုံးသည် ပါသောကြောင့် နိဗ္ဗာန်ကို တောင့်တမှုသည်၊ မဟာကုသိုလ်စိတ်ရှိ ပီတိနှင့်ဆန္ဒတို့ဖြစ်မှုသာဖြစ်ပါသည်။ လောဘဖြစ်မှုမဟုတ်ပါဟု- ဆင်ခြေလဲပြီး စောဒက တက်ထားကြဦးစို့....၊ ၎င်းကို ရှင်းကြည့်လျှင်....

စိတ်တမျိုးဖြစ်ခိုက်, ပေါဝင်ပါလာသော, စိတ်အစဉ်ဘကြိမ်နှင့် - စေတသိက်တို့ကို- စိတ္တုပ္ပါဒ် ဟူ၍ ခေါ်သည်၊ ထိုကုသိုလ်, အကုသိုလ်, စိတ္တုပ္ပါဒ်တို့သည်၊ မနောဒွါရမှာဖြစ်ကြသည်။ ထိုမနောဒွါရ၌-ဖြစ်စဉ်တခုမှာ၊ ဝီထိစိတ် အရေအတွက်အများဆုံး (၁၀)ခုသာဖြစ်နိုင်သည်၊ ထို (၁၀)ခုတို့မှာ၊ မနောဒွါရာဝဇ္ဇန်း-၁။ ကာမဇော-၇-ခု၊ တဒါရုံ-၂-ခု၊ ပေါင်း (၁၀) ခုကို ဆိုလိုသည်။ ထို ကာမဇော ၇-ခုသည်၊ အထက်ဖော်ပြပါ ဒါနပြုခိုက်, နိဗ္ဗာန်ကို သစ္ဆိကိရိယခေါ်, မျက်မှောက်ပြုသလော၊

သို့မဟုတ်- ငြိမ်းအေးမှု အစစ်ဟာ, နိဗ္ဗာန်တဲ့၊ အဲဒီနိဗ္ဗာန်ဟာ ချမ်းသာသတဲ့ဟူသော၊ ပြောသံကြားနိဗ္ဗာန်နှင့် စိတ်မှန်းနိဗ္ဗာန်ကိုသာ, အာရုံပြုသလော၊ သို့မဟုတ်-မဂ်ဉာဏ်ခဏ ပေါ်တဲ့ နိဗ္ဗာန်အစစ်ကို အာရုံပြုနိုင်သလောဟု-တိတိ,ကျကျ, ဆန်းစစ်ရပေမည်။

**အဖြေသဘောကား။** ။နိဗ္ဗာန်အစစ်ကို-ဂေါ်တြဘူခဏနှင့် မဂ်,ဖိုလ်,ခဏတို့မှာသာ အာရုံလဲပြု၊ သစ္စိကိရိယခေါ်- မျက်မှောက်သဲပြုနိုင်သည်။ ကျန်အချိန်မှာကား မှန်းပြုခေါ်သော (ဝါ) တဆင့်ပြောသံကြား, အတွေးနှင့်မှန်းဆသော (တဇ္ဇာပညတ်-နိဗ္ဗာန်ကိုသာ)မှန်း၍ အာရုံပြုသည်ဟုခေါ်သည်။ ဤသို့ ပညတ်မှမစင်သေးလျှင်, အနုသယနယ်မှမလွတ်ဘဲ-တွယ်လျက်ပင်ရှိသေးသည်။ အထက်ပါ- ဒါနပြုနေခိုက်မှာ ပေါ်လာတဲ့၊ ကာမာဝစရ-ကုသိုလ်ဇော ၇-ခုတို့သည်လည်း နိဗ္ဗာန်အစစ်ကို အာရုံမရောက်နိုင်,မပြုနိုင်၊ တဇ္ဇာပညတ်-နိဗ္ဗာန်ကိုသာ အာရုံပြုကြသည်။ အမှန်အားဖြင့် နိဗ္ဗာန်သည် အာသဝေါတရားတို့၏ အာရုံမဟုတ်၊ အာသဝေါတရားလေးပါး, ငင်နေယှဉ်နေလျက်နှင့် အာရုံပြု၍မရ- အာရုံယူ၍မရ၊ အာသဝေါကင်းခိုက်, မဂ်-ဖိုလ်တို့၏ အာရုံသာဖြစ်ပါသည်။ ထို့ကြောင့် ဒါနပြု-နိဗ္ဗာန်ကို တောင့်တခိုက်၌,သိမ်မွေ့လှသော လောဘခေါ် အနုသယမှ မလွတ်သေးဟု တထစ်ချ မှတ်အပ်၏။

စိတ်၏လျှင်မြန်မှုကို သိနိုင်ခဲသည်၊ အထက်ပါ ကာမာဝစရ-ကုသိုလ်ဇော (၇)ခု ဖြစ်ခိုက်ကလေးသည် တိုတောင်းလှသည်၊ ထိုနောက် လောဘဇောတွေ-ရာ,ထောင်မက၊ ကုဋေကုဋာမက-ဆက်ပြီး ကျနေသည်ကိုပင်, သိနိုင်ခဲသည်၊ မကျဟု ထင်နေကြ

သည်၊ အထင်သည်-အမှန်မဟုတ်၊ အထင်နှင့်အမှန်တခြားစီသာ ဖြစ်သည်၊ အထင်ဟာ အထင်သာဖြစ်သည်၊ လောဘဇောကို မဟာကုသိုလ်ဇောဟု-ထင်မှတ်ခါပြောနေသူတွေ များကြသည်၊ သတိပြုဘွယ်ကောင်းလေစွ၊ ထို့ကြောင့် အနည်းငယ်မျှ သတိပေးရသော်....

ဒါနပြုကြခြင်း၌....

(၁) ဒါနံ စဇေန လက္ခဏာ=သဒ္ဓါခိုင်မြဲ လွတ်လွတ် စွန့်ကြဲနိုင်သည့် လက္ခဏာနှင့်ပြည့်စုံခြင်း။

(၂) ဒါနစေတ ဘောဂဝေါ=ဒါနပြုလုပ်- ပကတိအထုပ်သည်၊ စည်းစိမ်မကွာ၊ ချမ်းသာရာဟု ယုံကြည်ခြင်း။

(၃) ဒါနံ အလောဘဟေတု=ဝတ္ထုကာမနှင့် ကိလေသာကာမတို့၌၊အလောဘနှစ်ခု-ဟေတုဖြစ်အောင် ပြုစွမ်းပြည့်စုံခြင်း။

(၄) ဒါနံ သဗ္ဗတ္ထသာဓကံ=လိုရာဆုတောင်း၊ နိဿရဏ လမ်းကြောင်းကို ဥပကအကြောင်းနှင့် ပြည့်စုံအောင်၊အာရုံပြု ဆုတောင်းနိုင်ခြင်း ... ဟု၊

အထက်ပါ အချက်လေးချက်ရှိရာတွင်၊ ၎င်းတို့ကို ကွဲကွဲပြားပြား၊ နားကြား၊ သင်ယူတက်သိလိမ္မာပါမှ "ပရိသုဒ္ဓိ ဓမ္မံ ဒါနံ" ထက်ဝန်းကျင်၊ လိမ်လိမ်မာမာ၊ အသိဉာဏ်ပညာနှင့် လှူသော

မဟာကုသိုလ်, ဉာဏသမ္ပယုတ်အစစ်ကို ရရှိနိုင်ပေမည်။ အထူးသဖြင့် အမှတ်(၃)ဖြစ်သော၊ "အလောဘောဟေတု" အလောဘဟိတ်ဖြစ်အောင်,ရောက်အောင်,လှူတတ်ဘို့ အရေးအကြီးဆုံး ဖြစ်တော့သည်။ ၎င်း အလောဘဟိတ်, အပိုင်ချိပ်၍ ရနိုင်ရန်မှာလည်း နည်းပေးညွှန်ပြသူနှင့် ခံယူအားထုတ်သူ နှစ်ဦးနှစ်ဘက် ညီမျှမှ ဖြစ်နိုင်ပေသည်။ ယခုအခါ, ပေးသူလည်းနည်းပါး-ခံယူသူကလည်း မရှိသလောက် ရှားပါးနေကြ၍၊ ကာမာ ဝစရကုသိုလ်ကံမွဲတွေသာ များနေကြရတော့သည်။ခံယူသူ၏ ဒါနပြုပုံ လေးချက်ပြည့်စုံအောင်,တတ်သိလိမ္မာပြီး– အတိတ်မူလ, ဟေတုသည်လည်း တိဟေတုက ကေန်ဖြစ်ပါက၊ နိဗ္ဗာနဓါတ်နှင့် ဆက်သွယ်နိုင်သော အထက်တကာ့,အထက်တန်းကျသည့်ဒါနမှုကြီးကို ကောင်းစွာ ပြုနိုင်တော့သည်၊ တိဟိတ် ပုဂ္ဂိုလ် မဟုတ်စေကာမူလည်း အထက်ပါ ဒါနပြုပုံ လေးချက်ကို သဘော သရုပ် နှင့် စိတ္တုပ္ပါဒ်ရပုံများကို အဝါးဝစွာ, ကြားနာ, သင်ကြား, အားထုတ်နိုင်ပြီဆိုပါက၊ တိဟိတ်မဟုတ်သော်လည်း တိဟိတ်ကုသိုလ် မျိုးပြုရခြင်းကြောင့်၊ နောင်တဖန် တိဟိတ်ပဋိသန်အကြောင်းကို ကောင်းစွာရရှိလျက်၊ တဘဝထက် တဘဝ မြင့်မြတ်ကြရာတော့သည်။ (ဤစာအုပ်၌ အလျဉ်းသင့်ရုံမျှ သတိပေးအနေဖြင့် ဖေါ်ပြပေးခြင်းဖြစ်ပါသည်။ နောက်ဆက်လက်မည့် (ဝိပဿနာ ပညာပေး, အလုပ်ပေးစာများ)၌၊ အကျယ် ရှင်းလင်းညွှန်ပြ ပေးလိုသော စေတနာရှိပါသည်။)

★

# တနည်း=လျော်ကန်-ဝေဘန်ရန်

ဝိပဿနာဥာဏ် (၁၁) တန်မြောက်ဖြစ်တဲ့၊ သင်္ခါရုပေက္ခာ ဥာဏ်အခိုက်မှာ ဖြစ်ပေါ်သည့်ဥာဏ်အာရုံကိုငင်း၊ (၀၂) မဟာ ကုသိုလ်ဥာဏသမ္ပယုတ်, သတိစေတသိက ဇောအာရုံကိုငင်း၊ ဂေါတြဘုအခိုက်မှာ ဖြစ်ပေါ်တဲ့ဥာဏ်အာရုံကိုငင်း၊ ပြန်၍စစ် ဆေးကြည့်သင့်ပါသည်။ထိုဥာဏ်နှစ်ပါးအခိုက်ပေါ်သော အာရုံ နှင့် အထက်ပါဒါန်ပြုနေခိုက်ပေါ်တဲ့အာရုံမျိုးကို စီစစ်,စစ်ဆေး နိုင်းချိန်ပါလျှင်၊ အမှန်တရားကို ကိုယ်တိုင် သိကြပေလိမ့်မည်။ သို့မဟုတ်က အတွေးသိသာဖြစ်မည်၊ အတွေ့သိမဖြစ်နိုင်၊ ထို့ ကြောင့် တကယ်တန်းစစ်ဆေးခဲ့သော်-နိဗ္ဗာန်ကို တောင်းတပြီး ပြုတဲ့ဒါနမျိုးမှာပင်လျှင်၊ တကဲ့နိဗ္ဗာန်အစစ်ကို အာရုံမပြုနိုင် သဖြင့်၊ အနုသယလွှမ်းမိုးမှုမှ မလွတ်တော့ရာ၊ အနုသယဝင်နေ သည်ဟူသော ဆုံးဖြတ်ချက်စကားကို သဘောကြီးကြီးထား၍ သက်ဝင်ယုံကြည်ကြပါလေ။ ။

**မှတ်ချက်။** ။ဤဒါန အခိုက်ရှင်းတမ်း၌၊ မုချယေဘုယျအား ဖြင့်၊ နဝါနုသယခေါ် (အနုသယသစ်ကို) ရည် ညွှန်းဆိုကြောင်း၊ သတိပြုပါလေ။ ။

(၄) ရိုးရိုးသီလဆောက်တည်ထားခိုက်တွင်လည်း၊ အထက် ပါဒါနပြုခိုက်၌ ဝေဘန်ပြသကဲ့သို့ မှီး၍-သိအပ်ပါသည်၊ ဘာ ကြောင့်ဆိုသော်-ကာမာဝစရ ကုသိုလ်ဖြစ်သော-ပုညာဘိသင်္ခါရ မှန်လျှင် "အဝိဇ္ဇာပစ္စယာ-သင်္ခါရာ" အရ၊ ပိုင်းခြားသိအပ်နိုင် ပါပြီ။ အနည်းငယ် ရှင်းလင်းပြရသော်၊ လူနတ်ဗြဟ္မာတို့၏ စည်း

စိမ်ချမ်းသာကို တောင့်တ၍ ပြုအပ်သော ဝဋ္ဋနိဿိတ ပုညာဘိသင်္ခါရတို့-အဝိဇ္ဇာကြောင့် ဖြစ်ကြရသည်ကို အများတကာတို့ကျေနပ်ကြ၏။ သံသရာ့ဝဋ်ဆင်းရဲအပေါင်း၏- အပြစ်ကိုမြင်၍၊ ဝဋ်ကင်းရာ-နိဗ္ဗာန်ကို တောင့်တလျက် ပြုသော ဝိဝဋ္ဋပုညာဘိသင်္ခါရများလည်း အဝိဇ္ဇာကြောင့်ဖြစ်၏ဟုဆိုရာ၌မူ၊ "အဝိဇ္ဇာကြောင့် ဝဋ်ဆင်းရဲမှ ထွက်မြောက်လိုသည်ဟု မြင်တွေးပြီး၊ (ဝါ) မိုက်လို့ နိဗ္ဗာန်လိုချင်ရာကျသည်" ဟု ထင်မှတ်မှားခါ အများမကျေနပ်တတ်ကြပေ။ ဤနေရာဝယ် ပကတူပနိဿယပစ္စည်းသဘောကို သတိပြုရာသည်။ အထူးအထွေ-ဗျာပါရမစိုက်ရဘဲ ပင်ကိုယ်သဘောအားဖြင့် ကျေးဇူးပြုနိုင်သောသတ္တိသည် ပကတူပနိဿယပစ္စည်းမည်၏၊ ဝိဝဋ္ဋ ပုညာဘိသင်္ခါရကို ပြုရာ၌၊ မပြုခင် ရှေးအဘို့ဝယ်၊ အဝိဇ္ဇာသည်(ဝါ)အနုသယသည် အထင်အရှား,ဥပါဒ်,ဌီ,ဘင်,အားဖြင့် ပေါ်လာသည်မဟုတ်၊ သို့သော် အရဟတ္တမဂ်,ဖိုလ်မရသေးသမျှ အနုသယဓါတ် အနေအားဖြင့် ကိန်းလျက်ရှိသော အဝိဇ္ဇာသည် ဝိဝဋ္ဋနိဿိတ-ဒါန, သီလ, ပုညကုသိုလ်ပြုမည့်အချိန်အခါဝယ်၊ သံသရာ့အပြစ်ကို မဖုံးလွှမ်းနိုင်သော်လည်း ပကတူပနိဿယပစ္စည်းအားဖြင့် ကျေးဇူးပြုခွင့်ကိုမူ မလွှမ်းမိုး မပိတ်ပင်နိုင်ဘဲ ကျေးဇူးပြုခံရလျက်ရှိလေသည်။ ထို့ကြောင့် အဝိဇ္ဇာမကုန်၍ မကင်းဘဲပါဝင်နေခြင်းဖြင့် ပုညာဘိသင်္ခါရ-ဝိဝဋ္ဋနိဿိတ,ဒါန-သီလတို့သည်လည်း အဝိဇ္ဇာပစ္စယာ-သင်္ခါရာစက်အတွင်း၌ မုချအကြောင်းရင်းနိဒါန်းခံလျက်ရှိတော့သည်။ အချုပ်အားဖြင့် အဝိဇ္ဇာကင်း၍ ရဟန္တာပုဂ္ဂိုလ်ဖြစ်သည့်အခါ ပြုသမျှကောင်းမှုတွေသည် ပုညာဘိသင်္ခါရအမည်မရဘဲ ကြိယာမျှသာဖြစ်ရတော့၏။ အဝိဇ္ဇာမကင်းသေးခင်, ရဟန္တာ

မဖြစ်ခင်ပြုသမျှ ကောင်းမှုတွေကား၊ ဝဋ္ဋနိဿိတဖြစ်ဖြစ်, ဝိဝဋ္ဋနိဿိတဖြစ်ဖြစ်, ကြိယာအမည်မရနိုင်–ကြိယာမမည်နိုင်။ အဝိဇ္ဇာနယ်က မလွတ်သေး၍ (ဝါ) အနုသယနယ်က မလွတ်သေး၍–ပုညာဘိသင်္ခါရအမည်သာရလေတော့သည်။ ထို့ကြောင့်-ဒါနပြုခိုက်, သီလရိုးရိုးဆောက်တည်ခိုက်၌ပင်လျှင်၊ အနုသယနယ်,ကျယ်သမျှအတွင်းမှ မလွတ်ကင်းနိုင်ပုံကို၊ ဤအဝိဇ္ဇာပစ္စယာ–သင်္ခါရာအရ၊ ဆုံးဖြတ်ယုံကြည်နိုင်လောက်ပြီဖြစ်ပါတော့သည်။ ။

(၅) သမထဘာဝနာမျှကိုသာ ပွားများနေခိုက်မှာ၊ အနုသယမှ လွတ်,မလွတ် စေဘန်ကြည့်မည်ဆိုလျှင်လည်း၊ သမထအာရုံသည် သမထကမ္မဋ္ဌာန်း(၄၀)သာဖြစ်သည်၊ ၎င်းလေးဆယ်စလုံးပင်, ပညတ်အာရုံဖြစ်ကြသည်၊ ပညတ်အာရုံဟူသည် အနုသယ၏ လက်တက်ပွားမျှသာဖြစ်သည်။ လောကီသမထ, ဈာန်သမာပတ်တရားတို့သည်၊ ဈာန်၏ အနှောက်အယှက်ဖြစ်သောနီဝရဏတရားငါးပါးကိုသာ- ဝိက္ခမ္ဘနပဟာန်အားဖြင့်- ပယ်ခွါနိုင်ခြင်းဖြစ်၍၊ ပရိယုဋ္ဌာနကိလေသာမှသာ အတော်ကြာကြာကင်းကွာ လွတ်ငြိမ်းခွင့်ရစေ၏၊ အနုသယ ကိလေသာကိုမူကား၊ အရာယွင်းအောင်ပင်, ဆောင်နှင်းနိုင်စွမ်း မရှိပေ။ ထို့ကြောင့် သမထ ဘာဝနာ ပွားနေခိုက်မှာလည်း အနုသယ ကိလေသာမှ မလွတ်ဟု- တိုတိုနှင့်သိမှတ်အပ်၏။ ။

....o....

# ကိလေသာသုံးမျိုးတို့မှ-လွတ်နိုင်ပုံ

(၁) ဝီတိက္ကမ ကိလေသာ- ကံသုံးပါးစလုံး- ကျူးလွန်ဖြစ်ပွားမှု၊
(၂) ပရိယုဋ္ဌာနကိလေသာ= မနောကံမြောက်- ကျူးလွန်ဖြစ်ပွားမှု၊
(၃) အနုသယကိလေသာ- ကံသုံးပါးဖြင့် ကျူးလွန်နိုင်ကြောင်း- သံသရာက ပါလာသည့်- အကုသိုလ်ဗီဇများ။

(၁) ဝီတိက္ကမကိလေသာဟူသည်။ ဝီတိက္ကမ- စိတ်နှင့်ထိန်းမရတော့ဘဲ- ကျူးလွန်မိလာသော၊ ကိလေသာ ညစ်နွမ်းမှု- နှိပ်စက်လာမှုကိုဆိုလိုသည်။ ။အဓိပ္ပါယ်မှာ – မနောဒွါရခေါ် စိတ်အစဉ်ထဲမှ- အံထွက်လာ၊ ပွင့်ထွက်လာကာ- ဝစီကံ၊ ကာယကံတို့ဖြင့်- မကောင်းမှုတခုခုကို- ကျူးလွန်လိုက်သော ကိလေသာဖြစ်သည်၊ ထိုကိလေသာကို- သီလဖြင့် တဒင်္ဂပဟာန် တားဆည်းနိုင်သည်။

(၂) ပရိယုဋ္ဌာနကိလေသာဟူသည်။ ပရိယုဋ္ဌာန- စိတ်ထဲမှာ တရွရွ ထကြွနေသော, သောင်းကျန်းနေသော, ပူပန်နေသော၊ ကိလေသာ- ညစ်နွမ်းစေမှု- နှိပ်စက်မှုကိုဆိုလိုသည်။ ။အဓိပ္ပါယ်မှာ.... ဝစီဒွါရနှင့် ကာယဒွါရ ဆီသို့ကား မရောက်သေးပေ၊ သို့သော်- မနောဒွါရမှာတော့- မနောကံမြောက်ခါ- ကျူးလွန်နေ- ထကြွသောင်းကျန်းနေသော ကိလေသာဖြစ်သည်၊ ၎င်းကို

သီလမျှနှင့် မတားဆည်းနိုင်၊ သမထဖြင့်သာ ဝိက္ခမ္ဘနပဟာန် အနေဖြင့် တားဆည်းနိုင်သည်။

(၃) အနုသယ ကိလေသာဟူသည်။ အနုသယ-မဂ်ဉာဏ်ဖြင့်- မပယ်မသတ်မခြင်း၊အသိရခက်ခဲ-နက်နဲလှစွာသော-သံသရာဗီဇဓာတ်မှ- ကိလေသာ့သားကောင်တွေ- ပေါက်လာ့ပွားလာအောင် (ဝါ) ပရိယုဋ္ဌာနနှင့် ဝီတိက္ကမ၊ သဘောတွေ ပေါ်လာအောင်၊ အစဉ်ဓာတ်အားတွေ လွှတ်ပေးနေသလို၊ ကိလေသာ-ညစ်နွမ်းစေမှု- ပူပန်စေမှုဖြင့်- နှိပ်စက်ဆောင်နှင်းစေတတ်သော-မလ့ ထိပ်သီး ကိလေသာ ခေါင်းချုပ်တရားကြီး ဖြစ်သည်။

(အမိပွါယ်မှာ)

အထက် ဖော်ပြပါ နံပါတ် (၁) နှင့် (၂) သဘော၏ အယုတ်တမာဓာတ်၊ အဆိုးဓာတ်တွေပေါ်လာအောင်၊ပူလောင်နှိပ်စက်တတ်တဲ့ ပကတိဗီဇမျိုးစေ့ ဓာတ်ရင်းသည်၊ လူ့နောက်ဝယ်- အရိပ်ပါနေ့ လိုက်နေသလို၊ သတ္တဝါတို့၏ စိတ်ဝိညာဏ်အစဉ်နောက်သို့၊ ထပ်ချပ်မကွာ့ ကိန်းလျက်လိုက်ပါနေသော-ကိလေသာဓာတ်မ၊ ပင်ရင်း သတ္တိသဘော ဖြစ်သည်။ ၎င်းကိုသီလ၊ သမာဓိ့မျှဖြင့်၊ မကာကွယ် မတားဆည်းနိုင်၊ ဝိပဿနာမဂ်ဉာဏ်ခေါ် ပညာသိနှင့်- မဂ်ခေါ်ဝိဇ္ဇာဉာဏ်တို့ဖြင့်သာ- တားဆည်းနိုင်၊ ပယ်သတ်နိုင်သည်။ သို့သော် အဓိသိက္ခာသုံးပါးလုံး ပြည့်စုံမှသာ၊ ဤအနုသယကို တားဆည်းနိုင်၊ ပယ်သတ်နိုင်သည်ဟု သိမှတ်ရပါသည်။

# အနုသယနယ်ကျယ်သမျှ-အမြစ်တွယ်ပုံ အာဂမ,ယုတ္တိများ

အနုသယကိလေသာနယ်ကျယ်သမျှ၊ ဒါန - သီလ - သမထ - လောကီချွန်အဘိဉာဉ်စသည်တို့၌၊ ကိလေသာဓါတ် အမြစ်တွယ် နေပုံများကို၊ မြတ်စွာဘုရားသခင်ကိုယ်တော်တိုင် ဟောကြား တော်မူအပ်သော၊ အောက်ပါ-ပဋ္ဌာန်,နယ-ပဉှာဝါရပါဠိတော်, စာမျက်နှာ (၇၇) နှင့် (၁၀၂)တို့အရ၊ တထစ်ချ-သိရှိသင့်ပါ သည်။

### "ပဋ္ဌာန်း ပါဠိတော်"

(၁) ကုသလော ဓမ္မော, အကုသလဿ ဓမ္မဿ, အာရမ္မဏ ပစ္စယေန ပစ္စယော၊ ဒါနံ ဒတွာ, သီလံ သမာဒိတွာ, ဥပေါသထ ကမ္မံ ကတွာ, တံ အဿာဒေတိ, အဘိ နန္ဒတိ, တံ အာရဗ္ဘ ရာဂေါ ဥပ္ပဇ္ဇတိ, ဒိဋ္ဌိဥပ္ပဇ္ဇတိ, ဝိစိကိစ္ဆာ ဥပ္ပဇ္ဇတိ။ ။

(၂) အကုသလော ဓမ္မော, ကုသလဿ ဓမ္မဿ, ဥပနိဿယ ပစ္စယေန ပစ္စယော၊ ပကတူပနိဿယော, ရာဂံ ဥပ နိဿာယ, ဒါနံ ဒေတိ, သီလံ, သမာဒိယတိ, ဥပေါသထ ကမ္မံ ကရောတိ, ဈာနံ ဥပ္ပါဒေတိ, ဝိပဿနံ ဥပ္ပါဒေတိ, မဂ္ဂံ ဥပ္ပါဒေတိ, အဘိညံ ဥပ္ပါဒေတိ, သမာပတ္တိံ ဥပ္ပါ ဒေတိ။ ။

(၁) ကုသလော-ကုသိုလ်ဖြစ်သော၊ (ဝါ)ပြုလုပ်ခဲ့ပြီး- ကံမြောက်ပြီးဖြစ်ခဲ့သည့်- ကုသိုလ်စေတနာ, ကုသိုလ်ကံမည်သော၊ ဓမ္မော- ကာမကုသိုလ်ခေါ်သည့် တရားသည်၊ အကုသလဿ- အကုသိုလ်ဖြစ်သော၊ (ဝါ) သံသရာဗီဇ- အဝိဇ္ဇာ, မောဟဆိုတဲ့ အနုသယကို အကာအကွယ်ရ၍၊ ကြေးဓါတ်မှ-ကြေးညှိပေါ်လာသလို၊ ထိုအကုသိုလ်ဗီဇ-အနုသယမှ- အသစ်ဖြစ်ခွင့်ရကာ ပေါ်လာသော-သံသရာချဲ့နေကြတဲ့-အကုသိုလ်ဟု အမည်ရလေသော၊ ဓမ္မဿ-အသစ်,အသစ်သော ပရိယုဋ္ဌာန ကိလေသာနှင့်-ဝီတိက္ကမ ကိလေသာတရားအား၊ (ဝါ) ကိလေသာတရား၏၊ အာရမ္မဏ ပစ္စယေန-လှမ်းမျှော်တောင့်တ-နှိုးဆရော်မှုန်း အာရုံတမ်းမိသော အချက်အနေဖြင့်၊ ပစ္စယော-အကြောင်းခံ၍-ကျေးဇူးပြုပေးလိုက်တတ်၏၊ (ဝါ) နောင်,အကျိုးတခုခုဖြစ်သော၊ (ဝါ) တခုခု အကျိုး-ဖြစ်တိုးလာစေမှုအတွက်-အကြောင်းဆက်အနေနဲ့ အခြေခံသည်၊ ဟောတိ-တိုက်ဆိုင်ချိန်မှာ-ဖြစ်လာတတ်,ပေါ်လာတတ်တော့၏။ ။

**(မှတ်ရန်)** တရား၏ (ဝါ) တရားကို= အခြေခံသည်,မှာ စပ်ပါ။ တရားအား (ဝါ) တရားကို=ပေးလိုက်တတ်၏,မှာ–စပ်ပါ။

## (အကြောင်းခံ၍ ဖြင်ပုံကား)

(က) ဒါန်-ကုသိုလ် စေတနာဖြင့်-တစုံတခု ပေးလှူဘွယ်ဖြစ်သော ဝတ္ထုကို၊ ဒတွာ-ပေးလှူလတ်သော်၊ (ဝါ) ပေးလှူပြီး

သည့် နောက်အချိန်မှာ၊ တံ- ထိုမိမိပြုခဲ့သည့် ဒါနမှုကို၊ အဿာ
ဒေတိ-သာယာ၏၊ (ဝါ) လောဘနှင့်မောဟ, အနုသယတို့က-
သတ္တိပြတဲ့အနေဖြင့် ဆွပေးသောကြောင့်၊ တရေးရေးနဲ့ တတွေး
တွေးနဲ့ချဲ့ကာ- သာယာ, သာယာ၍လာတော့၏။ အဘိနန္ဒတိ-
သာယာသည့်အချက်-တဏှာစွက်လာ၍၊ တဆင့်တက်ခါ-တက်ခါ
ဖြင့်၊ မြင့်သည်ထက်,မြင့်မြင့်ကြီး,နှစ်သက်၍လာပြန်ပေတော့၏။

(ခ) သီလံ-သမာဒါန,ဆောက်တည်ကြသည့်-ပဉ္စသီလ အစ
ရှိသည်တို့ကို၊ သမာဒိယတွာ- မညှိုးမနွဲ့-မကျိုးမပဲ့-အချိုးတဲ့တဲ့နဲ့
ဆောက်တည်ခဲ့ပြီး၍၊ တံ-ထို ဂရုဓမ္မပဉ္စသီလကို၊ အဿာဒေတိ-
သာယာ၍လာတော့၏၊ အဘိနန္ဒတိ-သာယာသည့်အချက်-တဏှာ
စွက်လာ၍၊ တဆင့်,တက်ခါ-တက်ခါဖြင့်၊ မြင့်သည်ထက်-မြင့်
မြင့်ကြီး-နှစ်သက်၍လာပြန်ပေတော့၏။

(ဂ) ဥပေါသထကမ္မံ- အဋ္ဌင်္ဂနှင့်၊ နဝင်္ဂခေါ်ကြ- ဥပုသ်
သီလ,စောင့်ထိန်းကြမှုကို၊ ကတွာ- မကျိုးမပဲ့- မညှိုးမနွဲ့,စေဘဲ-
ကျင့်သုံးဆောက်တည်ခဲ့ပြီး၍၊ တံ- ထိုဥပုသ်ခေါ်ကြ- စာရိတ္တ,
ဝါရိတ္တနှစ်မျိုးရသည့် သီလကို၊ အဿာဒေတိ- သာယာ၍လာ
တော့၏၊ အဘိနန္ဒတိ- သာယာသည့်အချက်, တဏှာစွက်လာ၍၊
တဆင့်,တက်ခါ-တက်ခါ မြင့်သည်ထက်, မြင့်မြင့်ကြီး နှစ်သက်၍
လာပြန်ပေတော့၏။ ။

(ဃ) တံ- ထိုကုသိုလ်ရသည့်, ဒါန, သီလ, ဥပေါသထ,
ကောင်းမှုတခုခုကို၊ အာရဗ္ဘ- သာယာသမှု- ငြိတွယ်ထောက်ထား

မှုကို- တမ်းတပူလိုက်မိသောကြောင့်၊ (ဝါ) အနုသယဝင်စွက် အာရုံအသွင်သွင်ဆက်ခါ၊ နှစ်သက်စရာ, သာယာစရာဟု၊ အဝိဇ္ဇာ မှောင်သန်း- သမ္ပဇဉ် ဉာဏ်ရောင်တွေ့ကဏ်းလေ၍၊ အမှန်လမ်း ကွယ်- တဏှာဆွယ်မှု အကြောင်းခံ, မွေ့ကာ ပူလိုက်လေသော ကြောင့်၊ ရာဂေါ- ငြိတွယ်ကပ်လာ, မသမာအယုတ်မျိုး, တဏှာ သူခိုးသည်၊ ဥပ္ပတ္တိ- အဝိဇ္ဇာက မှောင်ချဝင်စွက်, လမ်းဖွင့်ချက် ကြောင့်၊ ခပ်သွက်သွက်သာ, ပေါ်ထွက်၍ ဖြစ်လာပေတော့၏။ ဒိဋ္ဌိ- မိစ္ဆာဒိဋ္ဌိသည်၊ (ဝါ) သစ္စာနယ်ကျော်ခိုင်း၍- လောကီ နယ်တခွင် ဒေါင်စိုင်းသည့်- မိစ္ဆာယိုင်း, ဒိဋ္ဌိဆိုးသည်လည်း၊ ဥပ္ပတ္တိ- အဝိဇ္ဇာက- မှောင်ချဝင်စွက်, လမ်းဖွင့်ချက်ကြောင့်- ခပ်သွက်သွက်သာ ပေါ်ထွက်၍ ဖြစ်လာပေတော့၏။ ဝိစိကိစ္ဆာ- ပူပြီးသမျှ ကုသိုလ်ဇောအဝဝတို့အပေါ်၌- ယုံမှားချက်ဝင်လာ ခြင်းသည်၊ (ဝါ) ပစ္စယပရိဂ္ဂဟဉာဏ်နှင့် အတန်တန်ဝေးလေ၍ ဉာဏ်မှေးကွယ်ပျောက်-မိစ္ဆာဉာဏ်နှောက်လာသဖြင့်၊ ဂယောက် ဂယက်, ကုသိုလ်ရှိန်ပျက်စေသည့်-ဆုတ်,တက်စိတ်မျော-သို့လော, သို့လော ဟူသော ယုံမှားမှု အကုသိုလ်တရားသည်၊ ဥပ္ပတ္တိ- အဝိဇ္ဇာက- မှောင်ချဝင်စွက်- လမ်းဖွင့်ချက်ကြောင့်၊ ခပ်သွက် သွက်သာ ပေါ်ထွက်၍ ဖြစ်လာပေတော့၏။ ။

(၂) အကုသလော- အနုသယ အပုပ်အသိုးတို့ကြောင့်၊ အယုတ်မျိုး စာရင်းဝင်, အကုသိုလ်ဟု တွင်နေသော၊ ဓမ္မော- အဝိဇ္ဇာခေါင်းဆောင်သည့်- ရာဂရောင့်ပြောင်ငြား- လောဘ ဆိုသောတရားသည်၊ (ဝါ) ကပ်ငြိတတ်ငြား, ရာဂတရားသည်၊ (ရာဂကိုသာ ရည်ရွယ်ရင်းဖြစ်သည်) ကုသလဿ- အပြစ်ကင်း၍,

ကောင်းမှုဟု အမည်ရသော၊ ဓမ္မသ- လောကီ ကုသိုလ်စိတ် "သတ္တရသ"နှင့်၊ လောကုတ္တရာကုသိုလ်စိတ် (၄) ခု- အစုစုသော ဓမ္မအား၊ ဥပနိဿယ ပစ္စယေန- ဥပနိဿယအကြောင်းခံမျိုးဖြင့်၊ (ဝါ) အာရုံအနေနှင့် သက်ရောက်အားကြီး, ခိုမှီးတွယ်ထောက် ခါ- ကပ်ရောက်တတ်သော သဘောသတ္တိမျိုးဖြင့်၊ ပစ္စယော- အကြောင်းခံ၍ ပေးနိုင်တတ်၏။ (ဝါ)အကြောင်းခံ၍ ပေးနိုင်ခြင်းသည်၊ ပကတူပနိဿယော- အထူးအထွေ ဗျာပါရတွေ မစိုက်ရဘဲ- ပကတိဖြစ်ရိုး- ဥပနိဿယမျိုးပေတကား။ ။

## (အကြောင်းခံ၍ ပေးပုံကား)

(က) ရာဂံ- ယခင်ပြုခဲ့သော ကောင်းမှုတခုခုကြောင့်၊ ခံစားရရှိလာတော့မည့် အကျိုးသွားအပေါ်- မျှော်ခေါ်သာယာကာ ငြိတွယ်တာသော ရာဂမျိုးကို၊ ဥပနိဿယ- အလှိုင်းတကြီး, ခိုမှီးအနေ- ပြုလိုက်စေပြီးလျက်၊ ဒါနံ- လှူဘွယ်ဝတ္ထုတခုခုကို၊ (ဝါ) ဒါနတော ဘောဂဝါစသော- မျှော်လင့်ချက်မျိုးဖြင့်၊ ရနိုးလိုလားသော အကျိုးတသိုက်နှင့် - တိုက်ဆိုင်သော လှူဘွယ်ဝတ္ထုတခုခုကို၊ ဒေတိ- ခံစားရန်ရှေ့ရှု- တဏှာ လှုံ့ဆော်မှုကြောင့်- သဒ္ဓါခုကာ အာရုံပြု၍ ပေးလှူလိုက်တော့၏။

(ခ) ရာဂံ-ယခင်ကပြုခဲ့သော ကောင်းမှုတခုခုကြောင့်၊ခံစားရရှိလာတော့မည့် အကျိုးသွားအပေါ် - မျှော်ခေါ်သာယာ- ငြိတွယ်တာသော ရာဂမျိုးကို၊ ဥပနိဿယ-အလှိုင်းတကြီး, ခိုမှီးအနေ ပြုလိုက်စေပြီးလျက်၊ သီလံ-စာရိတ္တခေါ်ကြ ပဥ္စသီလကို-

(ဝါ) သီလတော သုခိတာ စသော မျှော်လင့်ချက်မျိုးဖြင့် ရနိုး သောအကျိုးနှင့် တိုက်ဆိုင်သည့်-ဂရုဓမ္မပဋ္ဌသီလကို၊ သမာဓိယတိ၊ ရှိသေသမှု-ဆောက်တည်ပြု၏။

(ဂ) ရာဂံ-ယခင်ပြုခဲ့သော ကောင်းမှုတခုခုကြောင့်၊ ခံစား ရရှိလာတော့မည့် အကျိုးသွားအပေါ်-မျှော်ခေါ်သာယာကာ- ငြိတွယ်တာသော ရာဂမျိုးကို၊ ဥပနိဿာယ-အလှိုင်းတကြီး, ခိုမှီး အနေပြုလိုက်စေပြီးလျက်၊ ဥပေါသထကမ္မ- အာဇီဝဋ္ဌမက- အင်္ဂါနှင့် နဝင်ခေါ်ကြုံး- ဥပုသ်စောင့်သုံး, ကျင့်ဝတ်ထုံးကို၊ ကရောတိ- ရရန်အကျိုး မျှော်ရည်ကိုးကာ-ပြုလိုက်ပါပေ၏။

(ဃ) ရာဂံ-ယခင်ပြုခဲ့သောကောင်းမှုတခုခုကြောင့်၊ ခံစား ရရှိလာတော့မည့် အကျိုးသွားအပေါ်-မျှော်ခေါ်သာယာကာ- ငြိတွယ်တာသောရာဂမျိုးကို၊ ဥပနိဿာယ-အလှိုင်းတကြီး, ခိုမှီး အနေပြုစေပြီးလျက်၊ ဈာနံ- နိဝရဏ, ကိလေသာရန်တို့ကို၊ ဝိက္ခမ္ဘနပဟာန်ဖြင့်-ကြာမြင့်ပယ်ရှား, ခါထုတ်ကာ, ခွဲထုတ်ထား နိုင်သော-ဈာန်ငါးပါးအနက်၊ တပါးပါးသောဈာန်အတွက်ကို (ဝါ) ကာမမှောင်မိုက်- နိဝရဏတရားတိုက်ကို ရှို့မြှိုက်လောင် ဖုတ်, ဈာန်ဟုသမုတ်သည့်- မဟဂ္ဂုတ်မည်လတ် တရားမြတ်ကို၊ ဥပ္ပါဒေတိ-ဖြစ်ပေါ်၍လာစေတော့၏၊ (ဝါ)လူ့ပြည်,နတ်ပြည် တို့ထက်-မြင့်တက်သော ဗြဟ္မာ့ပြည်က-ပိုလွန်ချမ်းသာသည့်,ဘေး ရန်ကင်းပသည့်, အသက်ရှည်ကြသည်ဟု - ဘုရားအဆက်ဆက် တို့ပင်,မပျက်ဘဲ မှိန်နိုင်ကြသည်-တွေ့နိုင်ကြသည်ဟူသော အကျိုး အစုစုကို သာယာမှုရာဂ-အကြောင်းခံရသဖြင့် ကျင့်ကြံလိုသည့်

အတိုင်း, မဆုတ်ဆိုင်းဘဲ ပွဲ့လှိုင်းဝေဆာ- ဖြစ်ပေါ်၍လာစေ တော့၏။

(င) ရာဂံ-ယခင်ပြုခဲ့သော ကောင်းမှုတခုခုကြောင့် ခံစားရရှိလာတော့မည့် အကျိုးသွားအပေါ်- မျှော်ခေါ်သာယာကာ- ငြိတွယ်တာသောရာဂမျိုးကို၊ ဥပနိဿာယ- အလှိုင်းတကြီး,ခိုမှီးအနေပြုလိုက်စေပြီးလျက်၊ ဝိပဿန်-ဝိပဿနာဉာဏ်အတန်တန်ကို (ဝါ) ဝီတိက္ကမံ,ပရိယုဋ္ဌာန်နှင့် အနုသယခေါ်နှုန်း, ကိလေသာသုံးချက်လုံးကို သိမ်းကြုံးထုနှက်- ပိန်ညှိုးပျက်အောင်, အချက်ပိုင်ပိုင်,ပယ်ဖျက်နိုင်စွမ်းရှိပေသော ဝိပဿနာဉာဏ်(၁၃)တန်တို့အနက် တကွက်ကွက်သောဉာဏ်ကို၊ ဥပ္ပါဒေတိ-ယခင်သမထရှေး-ရာဂရှိန်ရှေ့ကပြေးချက်ကြောင့် တဖြေးဖြေးသာ အကြောင်းဆက်ခါ-ပေါ်ထွက်၍လာစေ၏။

(စ) ရာဂံ-ယခင်ပြုခဲ့သော ကောင်းမှုတခုခုကြောင့် ခံစားရရှိလာတော့မည့် အကျိုးသွားအပေါ်-မျှော်ခေါ်သာယာကာ- ငြိတွယ်တာသော ရာဂမျိုးကို၊ ဥပနိဿာယ-အလှိုင်းတကြီး, ခိုမှီးအနေပြုလိုက်စေပြီးလျက်၊ မဂ္ဂံ-အရိယမဂ်ကို (ဝါ) ကိလေသာဆယ်ပါးလုံးကို စုံးစုံးမြုပ်တော်လှန်-အနုသယဗီဇတွေပါမကျန်အောင် အပြီးသတ်, အပျောက်, အပြုတ်အထိ နှိပ်စက်နိုင်သောအရိယာမဂ်တို့၏,မဂ်ဉာဏ်လေးတန်ကို၊ ဥပ္ပါဒေတိ-မပျက်မယွင်းပေါ်ထွက်၍လာစေ၏။

(ဆ) ရာဂံ-ယခင်ပြုခဲ့သော ကောင်းမှုတခုခုကြောင့် ခံစားရရှိလာတော့မည့် အကျိုးသွားအပေါ်- မျှော်ခေါ်သာယာကာ-

ငြိတွယ်တာသောရာဂမျိုးကို၊ ဉပနိဿယ- အလိုင်းတကြီး, ခိုမှီး အနေပြုလိုက်စေပြီးလျက်၊ အဘိညံ- အသိဉာဏ်ထူးကို၊ (ဝါ) မြေလျှိုးမိုးပျံ- ပံ့သွင်သဏ္ဍာန် အတန်တန်ကို- ပြုဖန်စီရင်- တန်ခိုး အရှိန်တွေကလဲ ဝင်လာနိုင်, သူတပါးတို့၏ စိတ်ကိုလည်း သိနိုင်, နတ်တို့ကဲ့သို့လည်း မြင်နိုင်, ကြားနိုင်, သွားနိုင် ကုန့်မြူး- ဉာဏ် အထူးကို၊ ဉပ္ပါဒေတိ- အကြောင်းညီကာ ပေါ်ထွက်၍လာ စေ၏။

(၈) ရာဂံ- ယခင်ပြုခဲ့သော ကောင်းမှုတခုခုကြောင့်၊ ခံစား ရရှိလာတော့မည့် အကျိုးသွားအပေါ်- မျှော်ခေါ်သာယာကာ- ငြိတွယ်လာသောရာဂမျိုးကို၊ ဉပနိဿယ- အလိုင်းတကြီး ခိုမှီး အနေ ပြုလိုက်စေပြီးလျက်၊ သမာပတ္တိ- ဈာနခေါ်မှတ်- လောကီ သမာပတ်ကို၊ ဉပ္ပါဒေတိ- ဖြစ်ပေါ်၍လာစေ၏၊ (ဝါ) ယခင် သမယရှေး- ရာဂရှိန် ရှေ့ကပြေးချက်ကြောင့် တဖြေးဖြေးသာ အကြောင်းဆက်ခါ- ပေါ်ထွက်၍လာပေတော့၏တကား။ ။

**မှတ်ချက်။** ။(သမာပတ္တိအရ၊ ဤနေရာမှာ- လောကီ ဈာန သမာပတ်ကိုသာ ယူရသည်။ ဖလ သမာပတ်ကိုကား- အဗျာကတသာ ရ၏။ နိရောဓ သမာပတ်ကိုကား- နာမက္ခန္ဓာမရှိ- ချုပ်နေခိုက်ဖြစ်၍ မရအပ်။ ။ထိုနိရောဓ အရ- နိဗ္ဗာန်အား, ဉပ္ပါဒေတိ ပုဒ်အရ- ခဏတ္တယနှင့်ကင်းသော တရားမျိုးဖြစ်နေ၍ ဤဉပနိဿယပစ္စည်း၌ မရထိုက်ဟု- နက်နဲစွာ သဘောကို- သိကြကုန်ရာ၏။)

# ပဌာန်း ပါဠိတော်၏အနက်ကို အဓိပ္ပါယ်ရှင်းပြချက်

အဓိပ္ပါယ်ရှင်းရ လွယ်ကူစိမ့်သောငှာ၊ ပါဠိတော်၏ လိုရင်းသဒ္ဒါနက်ကို ပြပါအံ့။

| | | |
|---|---|---|
| ကုသလော | .... | ကုသိုလ်ဖြစ်သော၊ |
| ဓမ္မော | .... | ကာမကုသိုလ်တရားသည်၊ |
| အကုသလဿ | .... | အကုသိုလ်အနုသယဖြစ်သော၊ |
| ဓမ္မဿ | .... | ကိလေသာတရားအား၊ |
| အာရမ္မဏ ပစ္စယေန | .... | အာရုံ၏ အဖြစ်တည်း ဟူသော ပစ္စယသတ္တိဖြင့်၊ |
| ပစ္စယော | .... | အကြောင်းခံ ကျေးဇူးပြုသည်၊ |
| ဟောတိ | .... | ဖြစ်၏။ |
| ကထံ | .... | ထို့ကြောင့် |
| ဒါနံ | .... | လှူဘွယ်ဝတ္ထုတခုခုကို၊ |
| ဒတွာ | .... | ပေးလှူအပ်ပြီးသည်ရှိသော်၊ |
| သီလံ | .... | ဂရုဓမ္မ ပဥ္စသီလကို၊ |
| သမာဒိယိတွာ | .... | ခံယူ ဆောက်တည် အပ်ပြီးသည် ရှိသော်၊ |
| ဥပေါသထကမ္မံ | .... | အင်္ဂါအစရှိသောဥပုသ်သီလတို့ကို၊ |

| | | |
|---|---|---|
| ကတ္ဝာ | .... | ကျင့်သုံး ဆောက်တည်မှု ပြုအပ်ပြီးသည်ရှိသော်၊ |
| တံ | .... | ထိုထိုသော ကုသိုလ် ကောင်း မှု တခုခုကို၊ |
| အဿာဒေတိ | .... | သာယာစေတတ်၏၊ |
| အဘိနန္ဒတိ | .... | လွန်စွာနှစ်သက်စေတတ်၏၊ |
| တံ | .... | ထို- ဒါန, သီလ, ဥပေါသထ, ကောင်းမှုကုသိုလ်တခုခုကို၊ |
| အာရဗ္ဘ | .... | သာယာ နှစ်သက်- အား ထုတ်မိချက်ကြောင့်၊ |
| ရာဂေါ | .... | ကာမရာဂ,ဘဝရာဂအားဖြင့်,ကပ်ငြိတတ်သောရာဂသည်၊ |
| ဥပ္ပဇ္ဇတိ | .... | ထင်ရှားဖြစ်ပေါ်၍လာလေ၏၊ |
| ဒိဋ္ဌိ | .... | မိစ္ဆာဒိဋ္ဌိသည်လည်း၊ |
| ဥပ္ပဇ္ဇတိ | .... | ထင်ရှားဖြစ်ပေါ်၍လာလေ၏၊ |
| ဝိစိကိစ္ဆာ | .... | ယုံမှားခြင်းသည်လည်း၊ |
| ဥပ္ပဇ္ဇတိ | .... | ထင်ရှားဖြစ်ပေါ်၍လာလေ၏။ ။ |

ပါဠိတော်၏လိုရင်းသဘောအရ၊ သုံးလူ့ထွဋ်ထား - မြတ်ဘုရားက-မည်ကဲ့သို့ ဟောကြား နားလည်စေပါသလဲ ဆိုတော့၊ **ကာမ(၁၁)ဘုံသား** - ကာမာဝစရသတ္တဝါများတို့၏ - ကာမာဝစရစိတ်နဲ့ပြုခဲ့ကြတဲ့-ကုသိုလ်ကောင်းမှုကံတရားစုတွေဟာ ကာမ

ကုသိုလ်တရားတွေဘဲ ဖြစ်ခဲ့ကြတယ်တဲ့....။ အဲဒီ ကာမကုသိုလ်က တရားဟာ ပစ္စုပ္ပန်ကာမသတ္တဝါတို့၌၊ အစဉ်ကိုန်းလျက်လိုက်ပါ နေသော-အကုသိုလ်အနုသယ ကိလေသာတရားတို့အား အာရုံ၏ အဖြစ်တည်းဟူသော ပစ္စယသတ္တိနဲ့- အကြောင်းခံကျေးဇူးပြုတတ် ကြောင်း-ကျေးဇူးပြုလျက်ရှိတယ်လို့ ပဋ္ဌာနဆိုတော်မူတယ်။

ဒါကို-အတိုချုံး၍ပြောရရင် ကုသိုလ်တရားတို့က- အကုသိုလ် တရားကို အကြောင်းခံကျေးဇူးပြုပေးကယ်၊ ဘယ်လို ဘယ်ပုံနဲ့ ကျေးဇူးပြုပေးသလဲ-၊ အာရုံအဖြစ်နဲ့ကျေးဇူးပြုပေးတယ်။ ဒါ- ပါဠိတော်အတိုချုပ်စကားရပ်ဘဲ၊ ပါဠိတော်ဆိုရင်- ဘုရားစကား တော်ဘဲ- ဘုရားစကားတော်ဆိုရင်- မငြင်းနဲ့-ယုံလိုက်ပေတော့လို့ ဆိုပြီး ယုံခိုင်းယင်ယုံလိုက်ယင်၊ ဝိစိကိစ္ဆာကင်းကင်း သံသယ ရှင်းရှင်းနဲ့-ယုံရာကျမလား...၊ မငြင်းရဲလို့ ယုံတာကျမလား....၊ မငြင်းရဲလို့-ယုံလိုက်ရတာဘဲဖြစ်မယ်။ ဒီတော့ ငြင်းလဲ ငြင်းစရာ မလိုဘဲ-ဝိစိကိစ္ဆာကင်းကင်းနဲ့- ယုံကြည်ရအောင် ထပ်မံရှင်းပေး ပါဦးမယ်။ အသိဉာဏ်လင်းပြီး-ယုံမှားခြင်းကင်းအောင်အလေး အနက်ထား၍-သုံးသပ်ဆည်းပူးသင့်လှပါသည်။

ဒီတော့-ပါဠိတော်ကို တခေါက်ထပ်ပြီးဆိုကြည့်ကြအုံးစို့။ ။ ကုသလော-ကုသိုလ်ဖြစ်သော၊ ဓမ္မော-ကာမကုသိုလ်တရားသည်၊ အကုသလဿ-အကုသိုလ်အနုသယဖြစ်သော၊ ဓမ္မဿ-ကိလေသာ တရားအား၊ အာရမ္မဏ ပစ္စယေန- အာရုံ၏အဖြစ်တည်းဟူသော ပစ္စယသတ္တိဖြင့်၊ ပစ္စယော- အကြောင်းခံ ကျေးဇူးပြုသည်၊ ဟောတိ-ဖြစ်၏။

ဒီတော့-ကုသိုလ်တွေလုပ်ခဲ့တယ်၊ ဒါန- သီလ- ဥပေါသထ တွေကို ကမ္မပထမြောက်အောင်လုပ်ခဲ့တယ်၊ အဲဒီကုသိုလ်တွေက

ဘာဖြစ်လို့- အကုသိုလ် အနုသယ ကိလေသာကို- အာရုံအဖြစ်နဲ့ ကျေးဇူးပြုနိုင်သလဲဆိုတော့၊အဲဒီ,ပြုခဲ့တဲ့,အတိတ်ဘဝကပြုပြီးခဲ့တဲ့ ယခုပစ္စုပ္ပန်ဘဝ(၁၀)နှစ်သားလောက်ကပြုခဲ့တဲ့၊ အနှစ်သုံးလေး ဆယ်အရွယ်ကပြုခဲ့တဲ့- ကုသိုလ်တရားတွေကို ပြန်ကြည့်ရင်၊ ဘာ ကုသိုလ်တွေလဲဆိုတော့- ကာမကုသိုလ်တွေသာဖြစ်တယ်၊ အဲဒါ ဟာ ကာမဘုံ,ကာမသတ္တဝါ,ကာမာဝစရစိတ်နဲ့ ပြုခဲ့တယ်ဆိုတာ ငြင်းမရပေဘူး၊ ,ဘာဖြစ်လို့ ခြင်း၍မရသလဲဆိုတော့၊အဲဒီပုညာဘိ သင်္ခါရတွေဟာ အဝိဇ္ဇာပစ္စယာကြောင့်သာဖြစ်ခဲ့ရတယ်၊အဝိဇ္ဇာ နုသယ မကင်းဘဲသာဖြစ်ခဲ့တယ်၊ ကိလေသာတွေ မကင်းဘဲသာ ဖြစ်ခဲ့တယ်၊ အဝိဇ္ဇာပစ္စယာ-သင်္ခါရာဆိုတဲ့- ပုညကုသိုလ်ကံတွေကို ပြုခဲ့တုံးက- အနုသယနိုးကြွပြီး၊ ပရိယုဋ္ဌာနအဖြစ်နဲ့- ငါကုသိုလ် ပြုတယ်-ငါ,ဒါန-သီလ-ဥပေါသထ- ကမ္မပထတွေမြောက်အောင် ပြုခဲ့ပြီးပြီ၊ ဒီအကျိုးတွေကို ငါသာလျှင် ခံစံရမယ်လို့ ယုံကြည် သာယာ နှစ်သက်, စွဲလမ်းချက်ကြောင့်၊ ယခုပစ္စုပ္ပန် ကာလ- မနုဿတ္တကာမသုဂတိကို ရရှိလာပြန်တော့တယ်၊ ပစ္စုပ္ပန်ခန္ဓာ ရရှိပြန်တော့လဲ၊ ငါ့မှာ ကောင်းမှုကုသိုလ်ကံကြောင့်၊ လူဖြစ်ရ, လူ့ချမ်းသာစံစားရ၊ စံစား,ခံစားရန်- လာဘ်လာဘနှင့်ဂုဏ်သိမ် ပညာတွေပါရတယ်လို့ ကောင်းမှုကုသိုလ်ကံကို အတန်တန်- မျှော်မှန်းပြီး-အာရုံပြု,အာရုံယူထားတတ်ကြတယ်။

ဘယ်မျှထိအောင်,အာရုံယူထားတဲ့ သဘောက- ခိုင်မာမြဲမြံ နေသလဲဆိုရင်၊ အဲဒီ- ကာမကုသိုလ်ရဲ့- ကောင်းကျိုးစံခွင့်ကို၊ တောင့်တမျှော်ခေါ်တဲ့- တဏှာငါတွေလဲဖြစ်နေတယ်၊ တဏှာနဲ့ ငါဖြစ်ရင်၊ ဒိဋ္ဌိငါလဲဝင်ပြန်တော့တယ်၊ အဲဒီ-တဏှာငါ, ဒိဋ္ဌိငါ ကနေ- ငါ့ကံမကောင်းအကြောင်းမသင့်တုံး- သူတပါးနှိပ်စက်,

ချို့တဲ့တဲ့အဖြစ်နဲ့ နေရပေအုံးမပေါ့၊ ငါ့ကံကောင်းထောက်မ, ချီးမြှောက်ခြင်းခံရတဲ့အခါ-ငါ့အကြောင်း,သိစေရမပေါ့လို့၊အဲဒီ ကာမကုသိုလ်ကံ၏ အာရုံအဖြစ်, အကြောင်းခံ ကျေးဇူးပြုမှုကို၊ ခံယူလျက်၊ မာနငါများအထိတောင်, တက်၍ နေကြသည်။ စေတနာသင်္ခါရက-ကုသိုလ်ကံဖြစ်ခဲ့ပြီး၊အဲဒီကံရဲ့အကျိုးဝိပါက်ကို ရှေးရှုတဲ့-အာရုံပြုတဲ့စိတ်ဆိုတာ-ပဋိသန္ဓေခဏထဲက ပါလာခဲ့တာ ပါဘဲ၊ ဘယ်ပုံဘယ်နည်း-ဘယ်လိုမှီး၍ပါခဲ့သလဲဆိုတော့....။

အဟောင်းခန္ဓာမှ ရွှေ့လျောခါနီး- နောက်ဆုံးစုတိစိတ်ဖြစ်ခဲ့တယ်။ အဲဒီစုတိစိတ်- ဥပါဒ်,ဌီ,ဘင်,ခဏငယ် သုံးချက်စေ့၍ပျက်လျှင် ပဋိသန္ဓေဆိုတဲ့,နောက်အဖြစ်တခုကို သက်ဝင်မည့် (ဝါ) နောက်ဘဝတခုနှင့် ဆက်စပ်စွဲဝင်တဲ့-သန္ဓေနေမည့်စိတ်ဖြစ်တယ်၊ ပဋိသန္ဓေ နေပြီးတဲ့စိတ် ပျက်ချုပ်သွားရင် ပဌမဘဝင်ဆိုတဲ့-ပဝတ္တိဝိညာဏ်ကစပြီး၊ ဒါ-ငါ့ကောင်းမှုကံကြောင့်ရတဲ့ အကျိုးဘဲလို့-ပဋိသန္ဓေဝိညာဏ်ကြောင့်ရလာတဲ့- စေတသိက်နာမ်နဲ့ရုပ်ကို အာဝါသိကမွ-အိမ်ရှင်တရားလို့ခေါ်တဲ့-ဘဝင်ဝိညာဏ်ဟာ၊ကံ, ကမ္မနိမိတ်ကိုမြင်ပြီး ကောင်းမှုကုသိုလ်အကြောင်းကံရဲ့- ကရိယာဖလ,အကျိုးဝိပါက နာမ်ရုပ်ကို ငါ့-ရုပ်,ငါ့နာမ်,ငါ့အကျိုးတရားလို့ ကံကပစ်ချ-တဏှာကတောင့်တ-ဥပါဒါန်က စွဲလန်းလှမ်းယူလို့ရတဲ့-နိမိတ်ပေါ်မှာ၊ ဂဗ္ဘသေယျက-ကာမသတ္တဝါတို့၏-ဘဝင်စိတ်သည်၊ အဆက်မပြတ်-ပဝတ္တနိမိတ်အားဖြင့် အထပ်ထပ်ဖြစ်ရတော့တယ်။ ။အဲဒီလို- ပဋိသန္ဓေခဏ - ပဌမ ဘဝင်ကစပြီး၊ ဥပစယ,ရုပ်နာမ်ကို ငါ့အကျိုးဝိပါက, ငါ့ဝတ္ထု-ငါ့ဘာဝဘဲလို့-ရှေ့ရှုအာရုံပြုတဲ့ ဘဝင်စိတ်အစဉ်ဟာလဲ ကာမကုသိုလ်ကံတရားဘို့က အကျိုးမျှော်အာရုံအဖြစ်နဲ့- ကျေးဇူးပြုလိုက်လို့သာလျှင်

ငါ့ရုပ်,ငါ့နာမ်,ငါ့သန္တာန်ထင်ရှား သက္ကာယဒိဋ္ဌိအမှားတွေသည်၊ အဝိဇ္ဇာနုသယခေါင်းဆောင်နှင့် တကွနက်,စွဲလာ,ငြိလာ,ကပ်လာ ခဲ့ပြီဆိုတာ ယုံကြည်စွာ ပိုင်းခြားသိအပ်ပါပေသည်။

ထိုမှတဖန်- အမိဝမ်းမှကျွတ်ပြန်ရပြီး၊ ခြောက်ဒွါရ- ခြောက် အာရုံနှင့် ဝီထိစုံဖြစ်လာသည်မှ၊ ပုဗ္ဗာစရိယ- မိဘတို့၏ အစဉ်သို့ လိုက်ခါ၊ ကံ,ကံ၏အကျိုးကို ယုံကြည်လာကြတဲ့၊ ကာမ(၁၁)ဘုံ သားတို့....ကာမဘုံမှာ, ရာဂမကုန်တာ ထင်ရှားဖြစ်ခြင်းကြောင့်၊ (ဝါ) အပ္ပဟီနဋ္ဌေန- တပါးပါးသောမဂ်ဖြင့် တခုခုသော အနု သယကို- မပယ်မသတ်နိုင်သေးတဲ့- ပုထုဇဉ်ပေမွေးတွေမှာ- ရာဂ မကုန်တာ, မှန်ကန်လှခြင်းကြောင့်၊ ခံစားရဆဲဖြစ်တဲ့- လောကီ ဝေဒယိတသုခဖြစ်တဲ့ချမ်းသာကို၊ ပစ္စုပ္ပန်မှာလဲ ပို၍ပို၍ ခံစား ချင်တယ်၊ နောင်တမလွန်မှာလဲ- ဆထက်လွန်ကဲ အဲတော မသတ်ဘဲ ခံစားချင်တယ်၊ ခံစားရကြောင်း အပေါင်းကုသိုလ် တွေကိုလဲ- အာရုံခံယူတယ်၊ ကပ်ငြိတပ်ခို အမြဲပြုတယ်၊ ဘယ် အာရုံကိုလဲဆိုရင် ပြုပြီးခဲ့တဲ့ ကာမကုသိုလ်ကံဆိုတဲ့ အကြောင်း နိမိတ်ကို အာရုံပြုတယ်၊ အာရုံအပြုခံ- ကုသိုလ်ကံတရားကြောင့်လဲ ထိုက်သည့် အားလျော်သော ချမ်းသာမှုကလေးကို ခံစားနေ ရသည်ဖြစ်သောကြောင့်၊ "ပုဗ္ဗေစကတ ပုညတာ" ရှေးဘဝက ကောင်းမှုကုသိုလ်တွေပြုခဲ့ဘူးလို့သာ၊ လူ့ဘဝ, လူ့ချမ်းသာကို အထိုက်အလျောက်ရလာခဲ့တာ,ရနေတာလို့,ယုံကြည်တဲ့အချက်, သဒ္ဓါစွက်ပြီးလျှင်၊ ယခုပစ္စုပ္ပန်နှင့်- နောင်တမလွန်ကောင်းကျိုး- ဘိုးသည်ထက်,တိုးတက်ခံစားနိုင်ဘို့ရန်-ဘာတွေတပ်လုပ်ပြန်သလဲ ဆိုသော်အဲဒီ- ကာမကုသိုလ်တွေကိုဘဲ- ခံမင်သာယာလျက်, ကြိုး

စားမယုတ်အားထုတ်ပြန်တယ်၊ ဘာကြောင့်အားထုတ်နိုင်သလဲ ဆိုရင်-ကုသိုလ်တရားတွေက-အာရုံအဖြစ်, အာရမ္မဏပစ္စယသတ္တိနဲ့-ကျေးဇူးပြုလိုက်တဲ့-ကာမကုသိုလ်ကံရိပ်, ကံနိမိတ်ကြောင့်- ခံစားနေရတာတွေကို-မြင်နေရလို့ဘဲ၊ မြင်မှာပေါ့- ထိုကာမကုသိုလ်တရားတွေက- "ဂေါစရဂ္ဂါဟိက" ဆိုတဲ့၊ ကာမသတ္တဝါတွေရဲ-ကျက်စားရာ,အားကိုးရာကြီးဖြစ်နေတာကိုး၊ ဒါကြောင့်-ဒိထက်တိုး၍ အားကိုးရအောင်, ပစ္စုပ္ပန်ခန္ဓာနဲ့- ကာမကုသိုလ်တွေကို-လိုလိုချင်ချင်နဲ့-ကြိုးစားမယုတ်,အားထုတ်နေမိကြခြင်းဖြစ်တယ်၊ အတိတ်ဘဝကလဲ-အဝိဇ္ဇာကြောင့်- ပုညာဘိ သင်္ခါရဖြစ်ခဲ့ရသလို၊ ပြန်လည်ခုံမင်မိခြင်းဖြစ်ရတော့တယ်၊ ဒီတော့- (၁၀) နှစ်သား၊ အနှစ် (၂၀) အရွယ်၊ အနှစ်သုံးလေးဆယ်အရွယ်ထိအောင်, မိမိတို့ပြုမိခဲ့တဲ့- ပုညာဘိသင်္ခါရတွေကို ပြန်လှန် ဆန်းစစ်ကြည့်ရင်၊ အဝိဇ္ဇာပစ္စယာ-အဝိဇ္ဇာတည်းဟူသောအကြောင်းကြောင့်၊ပုညာဘိသင်္ခါရာ-ကာမဓောဂရိုး-ကုသိုလ်မျိုးချည်းသာ-ဖြစ်ကြောင်းတွေ့ရှိရပါလိမ့်မည်။ အဲဒါကို-ရက်ရက်ရောရော- အတောမသတ်- ပြုနိုင်အပ်တာဟာ-အတိတ်ဘဝကရင်း,ပစ္စုပ္ပန်ဘဝ, လွန်ခဲ့သောကာလကရင်း၊ ပြုပြီးခဲ့တဲ့-ကာမကုသိုလ်တွေက-အာရုံ၏အဖြစ်,ကျေးဇူးပြုလို့ဆိုတာ-လွန်စွာထင်ရှား၍ နေပါတော့သည်။

ကျေးဇူးပြုတာ ထင်ရှားသည့်အတိုင်း၊ ကျေးဇူးပြုခံရခြင်းကြောင့် "ကုသလောဓမ္မော အကုသလဿဓမ္မဿ - အာရမ္မဏပစ္စယေန ပစ္စယော" သဘောကြောင့်၊ ကာမကုသိုလ်ကိုဘဲ-ထပ်တလဲလဲပြုမိကြရမှာ၊ အဝိဇ္ဇာပစ္စယာ - သင်္ခါရာသာဖြစ်ခြင်းကြောင့်- အနုသယမကွာ-ထပ်ချပ်ပါရုံမျှမက၊ အဝိဇ္ဇာမှောင်ချ

ပေးလို့ ဒါန၊ သီလ၊ ဥပေါသထ၊ ပြုကြသည့်- ကာမကုသိုလ်တွေ မှာ- ရာဂရောင်ရှေ့ကပြေးပြီး၊ ဒိဋ္ဌိကြီးကလဲပါ- ဝိစိကိစ္ဆာ အဖြာဖြာတိုင်အောင်၊ ကုသလောဓမ္မော-အာရမ္မဏပစ္စယကြောင့် အကုသလသဿဓမ္မဿ တွေ- အဆက်မပြတ်ဖြစ်နေရပါကလားဆို တာ-ပါဠိတော်-ဒုတိယအပိုင်းမှာ-ထင်ရှားစွာ ဖေါ်ပြထားပြီးဖြစ် ပါ၍- အထူးလင်းပါးဘွယ်လိုတော့မည် မထင်ပါပေ။ ။

ထို့ကြောင့်- အနုသယနယ် ကျယ်ဝန်းလှခြင်းကို၊ ပဋ္ဌာန်း ဒေသနာတော်နှင့် ရှင်းလင်းကြည့်ပါက၊ သတ္တဝါတွေ သံသရာ့ ဒုက္ခက- မုချမထွက်နိုင်သော- အာရမ္မဏပစ္စယ သတ္တိသဘောကို၊ စောကြော-သိရှိတော်မူပြီးလျှင်၊အနုသယနယ်-ကျယ်ဝန်းနက်နဲပုံ တထပ်ဖြစ်သည့်-ဥပနိဿယ-ပစ္စည်းဖြင့် ကျေးဇူးပြု၍ "ရာဂ" က အခြေခံပေးသည့် "ဥပ္ပါဒေတိ" သဘောကို ဆက်လက်ဆွေးနွေး ကြည့်ကြပါစို့....။

**(မှတ်ချက်)။** ။(ဤနေရာ၌၊ ကာရက-ပြုလုပ်သူ၊ ဝေဒက- ခံစားသူ မရှိပုံကို၊ အနုသယပိုင်း ဖြစ်၍၊ မရှင်းလင်းနိုင်ခဲ့တော့ပါ၊ ဆက်လက်မည့် "ဝိပဿနာ-ပညာပေး၊ အလုပ်ပေးတရား" တွင်မှ ကာရက၊ ဝေဒက၊ အတ္တပြုတ်နည်း- အကျယ်ပြပေးပါမည်။)

**ထို့ကြောင့်- ပဋ္ဌာန်းပါဠိတော်၏လိုရင်း အနက်၊ ဥပနိဿယ စက်ကိုဖေါ်ရသော်....**

| | |
|---|---|
| အကုသလော | ....အကုသိုလ် အနုသယဖြစ်သော၊ |
| ဓမ္မော | ....ကိလေသာတရားသည်၊ |
| ကုသလဿ | ....ကုသိုလ်ဖြစ်သော၊ |
| ဓမ္မဿ | ....လောကီ, လောကုတ်, ကုသိုလ် စိတ္တုပ္ပါဒ်အား၊ |
| ဥပနိဿယ ပစ္စယေန | ....စွဲ၍ မှီရာ၏ အဖြစ်တည်းဟူသော ပစ္စယသတ္တိဖြင့်၊ |
| ပစ္စယော | ....အကြောင်း ခံမှု- ကျေးဇူးပြုခြင်းသည်၊ |
| ပကတူ ပနိဿယော | ....ပကတိဖြစ်ရိုး-နိဿယမျိုးပေတည်း၊ |
| ရာဂံ | ....ကာမရာဂ, ဘဝရာဂ,ကို၊ |
| ဥပနိဿာယ | စွဲ၍မှီလျက်၊ |
| ဒါနံ | ....ဒါနဝတ္ထု လှူဘွယ်တခုခုကို၊ |
| ဒေတိ | ....ပေးကမ်းလှူဒါန်း၏၊ |
| သီလံ | ....ဂရုဓမ္မ- ပဥ္စသီလကို၊ |
| သမာဒိယတိ | ....ဆောက်တည်၏၊ |
| ဥပေါသထကမ္မံ | ....အင်္ဂါ အစရှိသောဥပုသ်သီလတို့ကို၊ |
| ကရောတိ | ....ဆောက်တည်သမှု ကျင့်သုံးပြု၏၊ |
| ဈာနံ | ....ဈာန်အင်္ဂါ ငါးပါးတို့ကို၊ |
| ဥပ္ပါဒေတိ | ....ဖြစ်ပေါ်၍ လာစေ၏၊ |
| ဝိပဿနံ | ....ဝိပဿနာဉာဏ် (၁၃)တန်ကို၊ |

ဥပ္ပါဒေယျ ....ဖြစ်ပေါ်၍လာစေ၏၊
မဂ္ဂံ ....အရိယာ မဂ်ဉာဏ်ကို၊
ဥပ္ပါဒေတိ ....ဖြစ်ပေါ်၍လာစေ၏၊
အဘိညံ ....ခြောက်ပါးသော အဘိဉာဉ်တို့ကို၊
ဥပ္ပါဒေတိ ....ဖြစ်ပေါ်၍လာစေ၏၊
သမာပတ္တိံ ....ရှစ်ပါး,သမာပတ်တို့ကို၊
ဥပ္ပါဒေတိ ....ဖြစ်ပေါ်၍လာစေ၏။ ။

ဤ ဥပနိဿယ ပစ္စည်းအပိုင်း- ပဋ္ဌာန်းပါဠိတော် နိဿျအရ၊ အကုသိုလ် ကိလေသာအနုသယ တရားတို့က၊ ကုသိုလ်ဖြစ်တဲ့- လောကီ, လောကုတ္တရာ တရားတို့အား၊စွဲတည်၍ မှီရာအဖြစ်ဖြင့်- ကျေးဇူးပြုပုံကို မြတ်စွာဘုရားသခင် ဟောကြား သိစေလိုပါတယ်၊ ပဋ္ဌမအာရမ္မဏ ပစ္စယသတ္တိတုံးကတော့- ကုသိုလ်ကံတရားတို့ကို အာရုံခံယူထားပြီး၊ အကုသိုလ်တရားကို ကျေးဇူးပြုတတ်, ဖြစ်စေအပ်တယ်လို့ ပြဆိုတော်မူခဲ့တယ်။

ဒီတော့, အပြန်အလှန်အားဖြင့် အကုသလတရားက၊လောကီ, လောကုတ် ကုသလတရားကို- ဥပနိဿယပစ္စည်းနဲ့ ကျေးဇူးပြုတယ်။ ။ကုသလတရားက၊ အကုသလ တရားကို အာရမ္မဏ ပစ္စည်းအဖြစ်နဲ့ ကျေးဇူးပြုတယ်၊ အပြန်အလှန်အားဖြင့်-ကျေးဇူးပြုတတ်တာတော့ မှန်ကန်ပါပြီ၊ ခြားနားချက်က ဘာတွေရှိသလဲ ဆိုတော့....။

(၁) အာရမ္မဏပစ္စည်းနဲ့- ဥပနိဿယပစ္စည်းလို့ ခြားနား ချက်ရှိတယ်။

(၂) ကုသလတရား,အာရမ္မဏပစ္စယသတ္တိက=ကုသိုလ်ကံကို အာရုံအဖြစ်နဲ့ အကြောင်းခံတယ်။

(၃) အကုသလတရား,ဥပနိဿယသတ္တိက- ရာဂါနုသယကို မှီလျက် အကြောင်းခံတယ်။

(၄) ကုသိုလ်ကံအာရုံကို- အာရမ္မဏ ပစ္စည်းနဲ့ အာရုံပြုမှု အကြောင်းခံကြောင့်၊ ပစ္စယသတ္တိကို ပေါ်ထွက်စေ တယ်။

(၅) အကုသိုလ်ကံ-ရာဂါနုသယတရားကိုယ်ကို ဥပနိဿယ ပစ္စည်းနဲ့ စွဲပြီးမှီလျက် ပစ္စယသတ္တိကို ပေါ်ထွက်စေ တယ်။ (ကံနဲ့ အနုသယခွဲခြားပြခဲ့ပြီးဖြစ်၏။)

(၆) ကုသလ,အာရမ္မဏ,က-အကုသလ, ကမ္မပထရအောင်၊ ပရိယုဋ္ဌာန-ဝီတိက္ကမကို- ဇနက,အကြောင်းနဲ့ ဖြစ်စေ အပ်ပြီး၊ ထိုဇနကသတ္တိနဲ့ ပစ္စုပ္ပန်-ဥပထမ္ဘကသတ္တိတို့ ကြောင့်- အနုသယအဆက်ဆက်ကို ရင့်ကျက်စေတတ် တယ်။

(၇) အကုသလ,ဥပနိဿယ,က- ကုသလဓမ္မကို၊ လောကီ, လောကုတ္တရာတိုင်၊ သမ္ဘာပက,အကြောင်းနဲ့ ရောက် ကြောင်း-ရောက်စေတတ်၏။ ဉာပက- အကြောင်းနဲ့ သိစေတတ်,မျက်မှောက်ပြုစေတတ်၏။

(၈) ထို့ကြောင့်- အာရမ္မဏပစ္စယ့က ...အကုသလဖြစ်စေ ရာဝယ်၊ "ဥပ္ပဇ္ဇတိ" ပုဒ်နဲ့ပြတော်မူတယ်။

(၉) ထို့ကြောင့်- ဥပနိဿယပစ္စယ့က.... ကုသလဖြစ်စေ ရာဝယ်၊ "ဥပ္ပါဒေတိ" ပုဒ်နှင့် ပြတော်မူတယ်။

(၁၀) အကုသလတရားသည်၊ "ပဟာတဗ္ဗ" ပါယ်အပ်သော တရား့ပါယ်ရမည့်တရားဖြစ်သည်။

(၁၁) ကုသလတရားသည်၊ "ပဟာတဗ္ဗ"တရားတို့အား၊ပယ် တတ်သော "ပဟာယက" တရားဖြစ်သည်။

ပုထုဇဉ်-သင်္ခါရဓမ္မ- ခန္ဓာပဉ္စကသမားတို့က၊ နေထားတကျ-မသုံးတတ့်မဖြစ်တတ်ကြ၍၊ ကဏှဓမ္မ– မဲသောအကုသိုလ်တရား ချည်းလဲဖြစ်တတ်ကြသည်။ သုက္ကဓမ္မ- ဖြူသော ကုသိုလ်တရား ချည်းလဲ ဖြစ်တတ်ကြသည်။ တဏှ့သုက္ကဓမ္မ.... အမဲ့ အဖြူရော နှောသော- အကုသိုလ့်ကုသိုလ်တရားလို့ ဒွန်တွဲပြီးလဲ ဖြစ်တတ် ကြသည်။ ၎င်း-ကံ့သင်္ခါရသုံးပါးသည်၊ ဇနက့ အကြောင်း့ ဟေတုအကြောင်းတို့၏အဖြစ် ဆောင်တတ်သည်။ မဟဂ္ဂတ့သုက္က ဓမ္မ-မြင့်မြတ်ဖြူစင်သော-အာနဉ္စာဘိသင်္ခါရခေါ်- ကုသိုလ်တရား တွေလဲဖြစ်တတ်ကြသည်။ ၎င်းမဟဂ္ဂုတ်ကုသိုလ်ကံသည်၊ သမ္ဘာ ပက-ရောက်စေတတ်သောအကြောင်းဖြစ်သည်။

အကဏှ-အသုက္ကဓမ္မ....အမဲအဖြူမရှိသော၊(ဝါ)မဖြူမမဲသော ဝိပဿနာဉာဏ်(၁၃)တန်ဖြစ်သည့်-လောကီမပြန်- လောကုတ္တရာ သို့ဆန်စေသော ကုသိုလ်လည်းဖြစ်တတ်ကြသည်။ ၎င်းဝိပဿနာ မဂ်ကုသိုလ်သည်ကား၊ (ဝါ) မဂ္ဂင်ရှစ်တန်-ဇေကန်ဖြင့်- ဝဋ္ဋာန

ဂါမိနီပဋိပဒါဝင်, ဝိပဿနာမဂ် အဃာဉ်သည်ကား၊ ဥာပက-အကြောင်းနှင့်-နိရောဓသစ္စာကို သိစေတတ်, မျက်မှောက်ပြုစေတတ်သောအကြောင်းဖြစ်သည်။ယုတ္တိ.... (နိယျာနိကလက္ခဏာ-မဂ္ဂေါ တံ နိရောဓသာ ပဒဋ္ဌာနံ) "ပညာနေတ္တိ။"

ဤသို့-အနုသယ အငုပ်, အထုပ်အထယ်ဖြစ်သော၊ ကုသိုလ်, အကုသိုလ်,သမုဒယ-ကံကိလေသတရားတို့ကို၊ နောက်ကျောပိုး, ရင်ခွင်ပိုက်ဖြစ်အောင်၊ အလိုက်သင့် ကျေးဇူးပြု၍-ဖြစ်ရှိစေတတ်သော-အာရမ္မဏ-ပစ္စယသတ္တိနှင့် အကုသလ, ပဟာတဗ္ဗတရားကိုပယ်သတ်ခြား၍၊ကုသလ-ပဟာယကတရားကိုဆည်းပူးမှီဝဲ-မွေးမြူရှင်သန်- အနုသယရန်မှပင်- ကင်းဝေးစေနိုင်သော ဥပနိဿယ-ပစ္စယသတ္တိသဘောနှစ်ခုကို၊ ရှင်းလင်း ပြဆိုအပ်သည့် အတိုင်း-ဥာဏ်ချက် ထောက်မိပြီးလျှင်၊ ထိုအနုသယကိလေသာ, ဝဋ်ဒုက္ခဘေးကြီးမှ၊ကိလေသာတွေတစ,တစကုန်ပျောက် ပယ်ရှင်းအောင် အထူးအရေးတကြီး- သတိချပ်၍ ဆောင်ရွက်ပါသင့်သည်။

ဤမျှသာမကသေး၊ အနုသယကိလေသာဝဋ်ဘေး၏- ကျယ်ဝန်းနက်နဲ နှိပ်စက်မြဲနှိပ်စက်ထားပုံများကိုလည်း၊ ယမိုက်-သင်္ဂဟအဋ္ဌကထာနှင့် အင်္ဂုတ္တရပါဠိတော်တို့၌ ဖွင့်ဆိုတော်မူပုံကို ဆက်လက်၍-အသိမခက်စေရန်- ထပ်မံဖော်ပြလိုက်ပါသည်။

---

(ယုတ္တိ) မဂ္ဂေါ-မဂ္ဂင်ရှစ်တန်-အကျင့်မှန်တရားမြတ်သည်၊ နိယျာနိကလက္ခဏော- ဝဋ်မှထွက်မြောက်ရာမှန်- လက္ခဏာ ကေန်ဖြစ်၏။ တံ-ထိုသို့ဆောင်အပ် အကျင့်မြတ်ဖြစ်ခြင်းကြောင့်၊ နိရောဓဿ- အသင်္ခတဓါတ်- နိဗ္ဗာန်မြတ်၏။ ပဒဋ္ဌာနံ- နီးစွာသောအကြောင်းသည်၊ ဟောတိ-ဖြစ်၏။ ။

# မပြတ်နှိပ်စက်= အနုသယလက်နက်များ

## (၁) သင်္ဂဟာအဋ္ဌကထာ၊

အဝိဇ္ဇာနုသယ ပရိက္ခိတ္တေန တဏှာနုသယ မူလကေန သင်္ခါ
ရေန ဇနိယမာနံ သမ္ပယုတ္တေဟိ ပရိဂ္ဂယှမာနံ။ ပ။ ပတိဋ္ဌာတိ
ဘဝန္တရေ။ ။

## (၂) ယမက အဋ္ဌကထာ၊

အပ္ပဟီနဋ္ဌေန ယထာဟိ ရာဂ ဒေါသ မောဟာနံ အပ္ပဟီ
နတ္တာ ကုသလာဗျာကတ စိတ္တသမင်္ဂီ ပုဂ္ဂလော သရာဂေါ
သဒေါသော သမောဟော ဝုစ္စတိ၊ ဧဝံ မဂ္ဂဘာဝနာယ အပ္ပဟီ
နတ္တာ ပဋိသန္ဓိက္ခဏေပိ တဿပုဂ္ဂလဿ တေတေ အနုသယာ
အနုသေန္တီတိ ဝုစ္စန္တိ ယေဝ နကေဝလဉ္စ ဝုစ္စန္တိ အပ္ပဟီနတ္တာ
ပန တေ အနုသေန္တိယေဝ နာမာတိ ဝေဒိတဗ္ဗာ။ ။

## (၃) အင်္ဂုရ ပါဠိတော်၊

စတုန္နံ ဘိက္ခဝေ ဓမ္မာနံ အနနုဗောဓာ အပ္ပဋိဝေဓာ ဧဝမိဒံ
ဒီဃမဒ္ဓါနံ သန္ဓာဝိတံ သံသရိတံ မမဉ္စေဝ တုမှာကဉ္စ၊ ကတမေသံ
စတုန္နံ အရိယဿ ဘိက္ခဝေ သီလဿ အနနုဗောဓာ အပ္ပဋိဝေဓာ
အရိယဿ ဘိက္ခဝေ သမာဓိဿ အရိယဿဘိက္ခဝေ ပညာယ
အရိယဿ ဘိက္ခဝေ ဝိမုတ္တိယာ အနနုဗောဓာ အပ္ပဋိဝေဓာ
ဧဝမိဒံ ဒီဃမဒ္ဓါနံ သန္ဓာဝိတံ သံသရိတံ မမဉ္စေဝ တုမှာကဉ္စ၊

တယိဒံ ဘိက္ခဝေ အရိယံသီလံ အရိယောသမာဓိ အရိယာပညာ အရိယာဝိမုတ္တိ အနုဗုဒ္ဓါ ပဋိဗုဒ္ဓါ ဥစ္ဆိန္နာ ဘဝတဏှာ ခီဏာ ဘဝနေတ္တိ နတ္ထိဒါနိ ပုနဗ္ဘဝေါတိ။ ။

အဝိဇ္ဇာဂတာ ဘိက္ခဝေ ပဇာ အဏ္ဍဘူတာ ပရိယောနဒ္ဓါသာ တထာဂတေန အဝိဇ္ဇာဝိနယေ ဓမ္မေ ဒေသိယမာနေ သုဿုသတိ သောတံ ဩဒဟတိ အညာစိတ္တံ ဥပဋ္ဌာပေတိ။ ။

## (သင်္ဂဟ အဋ္ဌကထာအနက်)

အဝိဇ္ဇာနုသယပရိက္ခိတ္တေန=အဝိဇ္ဇာနုသယကို အကာအကွယ် ရထားသဖြင့်၊ (ဝါ) ရထားသော၊ တဏှာနုသယမူလကေန= ဗီဇသဘောကိုက တောင့်တတတ်, တပ်နှစ်သက်တတ်, တွယ်တာ တတ်နေတဲ့ တဏှာကိလေသာက- ခေါင်းဆောင် အရင်းခံလာ ခဲ့သော၊ သန္ဓါရေန- ဖန်တည်းတတ်, ဖန်ဆင်းပေးတတ်သော- ပရိယုဋ္ဌာနနှင့် ဝီတိက္ကမခေါ်လာအကုသိုလ်စေတနာနှင့်-လောကီ ကုသိုလ်စေတနာတခုခုက၊ ဇနိယမာနံ- အကောင်အထည်ပေါ် လာနိုင်အောင်လည်း ဖြစ်စေထသော၊ သမ္ဘူယုတ္တေဟိ-- ဖဿ, ဝေဒနာစသော အပေါင်းအသင်းပါတရားတို့နှင့်၊ ပရိဂ္ဂယှမာနံ- သံသရာစက်လည်ရန်- ကူညီဖန်သည့်အနေဖြင့်- အထွေထွေရစ် သိုင်းလျက်- ဝန်းဝိုင်းတွဲစပ်၍လည်း- ငင်လာ, ဆောင်လာတတ် သော၊ မာနသံ-ပဋိသန္ဓေအဖြစ်- အသစ်နောင်ခါ- ပေါ်ထွက် လာသော- အဗျာကတဝိပါက်- အကျိုး သက်သက် စိတ်သည်၊ ဘဝန္တရေ-ဘဝသစ်တခု၌၊ပတိဋ္ဌာတိ- တည်လာတော့၏။ (ဝါ)

အဝိဇ္ဇာခွင့်ပြုချက်ဖြင့် လောဘတဏှာက နေရာယူပေးတဲ့ စနက်ကြောင့်၊ အသက်ဆက်ခါ စက်ရဟတ်တခါလည်တို့- ဝိပါက်အမည်သစ်နှင့် ဖြစ်တည်ရှိလာတော့၏။

## (ယမက, အဋ္ဌကထာ-အနက်)

အပ္ပဟီနဋ္ဌေန-တကယ်ဖျက်ဆီးနိုင်သည့် အရိယာမဂ်ဉာဏ်က မပယ်မသတ်ရသေးသောကြောင့်၊ လဘတိ-အနုသယကို ရသင့်လှုပေတော့၏။ (ဝါ) ယခုဖော်ပြလတ္တံ့သော- ထိုထိုနယသဘာဝတို့ကြောင့်၊ အနုသယ တည်ရှိသည်ဟူသော အဖြေကို ရသင့်လှုပေတော့၏။ ဟိ-ဉပမာဆောင်, ထင်အောင်ပြပါဦးအံ့၊ ရာဂ ဒေါသမောဟာနံ-ရာဂ,ဒေါသ,မောဟတို့ကို၊အပ္ပဟီနတ္တာ-ဆိုင်ရာ အရိယာမဂ်, ဓါးလက်နက်တို့ဖြင့် - ပျောက်ပျက်သွားအောင်-အပြီးအပြတ်-မလှီးဖြတ်ရသေးသောကြောင့်၊ ကုသလာဗျာကတာ စိတ္တသမင်္ဂီပုဂ္ဂလော- ကုသိုလ်စိတ်နှင့်ဖြစ်စေ,- အဗျာကတစိတ်နှင့်ဖြစ်စေ-ပြည့်စုံနေခိုက်ကြုံသောပုဂ္ဂိုလ်ကို၊ သရာဂေါ သဒေါသော သမောဟောတိ-ရာဂရှိသောပုဂ္ဂိုလ်,ဒေါသရှိသော ပုဂ္ဂိုလ်,မောဟရှိသေးသောပုဂ္ဂိုလ်အစားဘဲဟူ၍၊ ဝုစ္စတိယထာ-ကိလေသာဝဋ်ဘေးမှ မလွတ်သေးသော ပုဂ္ဂိုလ်တို့၏ အခြေအနေအလိုက်-အဖြေတွေ့ကိုက်အောင်, ဆိုထိုက်, ဆိုသင့်နေသေးသကဲ့သို့၊ ဧဝံတထာ-ယခုဖော်ပြ- ဝေါဟာရအတိုင်းသာလျှင်၊ မဂ္ဂဘာဝနာယ- အရိယာမဂ်မှန် ဘာဝနာဉာဏ်ဖြင့်၊ တာသံ-ထိုထိုဗီဇ-ကိလေသာအနုသယတို့ကို၊ အပ္ပဟီနတ္တာ-ပယ်သတ်ချက်ကိစ္စ-မရောက်ကြ, မပြီးကြ လေသေးသောကြောင့်၊ ပဋိသန္ဓိက္ခဏေပိ- ပဋိသန္ဓေစိတ်, ဖြစ်ပေါ်နေဆဲ ခဏမှာပင်လျှင်၊ (ဝါ)

အကုသိုလ်စိတ်လုံးဝမဟုတ်၊ သရုပ်ပေါ်လှ- ဝိပါက်အဗျာကတ စိတ်မျိုးစာရင်းဝင်- ပဋိသန္ဓေတည်နေစဉ် အခိုက်ကလေးမှာပင် လျှင်၊ တသာ ပုဂ္ဂလသာ-ဘာမျှမကြားသိနိုင်၊ ဘာမျှ မပြောဆိုနိုင် သေးသည့်ပဋိသန္ဓေတည်နေဆဲအခါထိုပုဂ္ဂိုလ်သတ္တဝါကလေးမှာ ပင်လျှင်၊ တေတေအနုသယာ-မဂ်ကမပယ်မသတ်ရသေးတဲ့-ထိုထို ကိလေသာ အနုသယတို့သည်၊ အနုသေန္တိ- ကိန်းလျက်၊ လိုက်ပါ လျက်ရှိနေကြကုန်၏။ (ဝါ) ဥပါဒ်၊ ဌီ၊ ဘင်၊ လဲမရှိဘဲလျက်- ခွဲမထွက်ပါ-သံသရာဗီဇအနေဖြင့် အခြေကရင့်လာ၍-အကြောင်း အဟောင်းမှာ ထပ်ပြီး-ကိန်းဝပ်လျက်နေကြကုန်၏။ ဣတိ-ဤသို့ ခက်ခဲနက်နဲဆန်းကျယ်စွာ၊ ဝုစ္စန္တိ-ပညာရှိအများတို့-မိန့်မြွက်ထား ကြကုန်၏။

စ=အထူးအမြင် သေ့ဖိမကျဉ်းရန်-ရှင်းလင်းချက်ကို ဆက်၍- ညွှန်ပြပါဦးအံ့။ ကေဝလံ- ကိလေသာနှင့်ယှဉ်ဘက်- အကုသိုလ် စိတ်၊ ကွက်ကွက်ကလေးကိုသာ၊ (ဝါ) အကုသိုလ်စိတ်တွေ ဖြစ် ပေါ်ဆဲခဏမှာသာလျှင်၊ အနုသယ ကိလေသာတွေ- ကိန်းဝပ်ရှိ နေနိုင်ပါသည်။ အခြား-လောကီကုသိုလ်၊ ဝိပါက်ကြိယာစိတ်တို့ ဖြစ်ပေါ်နေဆဲအခိုက်မှာတော့-အနုသယ ကိလေသာဓါတ်- ဘယ် နည်းနှင့်မျှ- မကိန်းမဝပ်ပါ ဟူသော - အယူချော်သည့်အချက်- ဘုရားရှင်အလိုတော်ကို ပျက်စေတဲ့-အတွေးသက်သက်မျှဖြစ်သည့် သေးသေးကွက်ကွက်ကလေးကိုမျှသာ၊ ဝုစ္စန္တိ-ဘုရားရှင်အစထား၊ ပညာရှင်အများတို့-မိန့်ကြားသံချို-မမြွက်ဆိုကြကုန်။ ပန-- မမြွက် ဆိုတဲ့အကြောင်းကို- ထပ်လောင်း၍ ပြဆိုပါဦးအံ့။ ။အပ္ပဟီ နတ္တာ- မဂ်ကုသိုလ်မျိုးက မပယ်မဖြတ်ရသေးသောကြောင့်၊ (ဝါ) ဒါန-သီလ-ဈာန်၊ အဘိဥာဉ်တို့ဖြင့် ဝီတိက္ကမကိလေသာ-

ပရိယုဋ္ဌာန ကိလေသာနှစ်မျိုးကို ပယ်ချိုး ဟန့်တားနိုင်သော်လည်း၊ မဂ်ဉာဏ်ပေါ်ထွက်ခါ အနုသယအမည်ရတဲ့ ကိလေဗီဇကို၊ ထိယှဉ်အောင် မပယ်မသတ်ရသေး လေသောကြောင့်၊ မှတ- ထိုအနုသယအမည်ရတဲ့- ကိလေသာခေါ်ငြား၊ အကုသိုလ်၏ ဗီဇသတ္တိများတို့သည်၊ အနုသေန္တိယေဝနာမ– ကိန်းဝပ်မြဲ ကိန်းဝပ်လျက်ပင် အမည်တွင်နေကြသည်သာလျှင်တည်း။ (ဝါ) ထကြွမှု-လွန်ကျူးလာမှု- မပြုကြစေကာမူ၊ ဗီဇအနေနှင့်တော့ ကိန်းနေမြဲ၊ ဝပ်နေမြဲ- အမြဲစွဲလျက် ရှိကြကုန်သည်သာတည်း၊ ဣတိ- ဤယခုထင်ရှား၊ ညွှန်ကြား ခဲ့သည့် အတိုင်း၊ ဝေဒိတဗ္ဗာ- သမ္ဗုဇ္ဈ်၊ ဉာဏ်ယှဉ်ကပ်ကြပြီး- သိအပ်မှတ်အပ်လှပေတော့သတည်း။ ။

# အင်္ဂုတ္တရပါဠိတော်အချက် အနုသယလက်နက်

ဘိက္ခဝေ-- သံသရာခေါ်ပြု- ရုပ်နာမ်ခန္ဓာစုကို ဘေးဟုရှုပွား၊ အို-သူတော်များတို့၊ စတုန္နံ- လေးပါးကုန်သော၊ ဓမ္မာနံ ဖြူစင်မြတ်လှ-အရိယာဓမ္မတို့ကို (ဝါ) အရိယာသီလ၊ အရိယာသမာဓိ၊ အရိယာပညာနှင့် အရိယာဖိုလ်ဉာဏ်- ဤလေးတန်တို့ကို၊ အနနုဗောဓါ-မဂ်ဉာဏ်နှင့် လျော်ကန်စွာ- မသိမှုကြောင့် (ဝါ) ယထာဘူတပညာ၊ သမ္မပ္ပညာတို့ဖြင့် အနုလောမဉာဏ်ပေါ်ကာ- မဂ်ဉာဏ်နှင့် လျော်ကန်စွာ၊ မသိရပါသေးသောကြောင့်၊ အပ္ပဋိဝေဓါ-အဂ္ဂီတွာမှောင်ထွင်းဖေါက်၊ သစ္စာဉာဏ်အလင်းတောက်၍

သစ္စိကိရိယာမြောက်- ရှင်းလင်းထိုးထွင်း, မသိရပါသေးခြင်းကြောင့်၊ မမဋ္ဌဝ- ဘုရားဆုပန်လာ,ငါကိုယ်တော်တိုင်မှာသော်ငှင်း၊ တုမှာကဋ္ဌ- တဆင့်နာကြား,သင်ချစ်သားတို့မှာသော်ငှင်း၊ ဗေ- ဤမပြတ်လှည့်သွား,နေရထားနှင့်- ရဟတ်ခြားခေါ်ဆို- ဤမည်သော ထုံးပုံသွားတို့လို၊ ဣဒံ ဒီဃမဒ္ဓါနံ- ဤရှေ့ ဤမျှ- ဂဏန်းချ၍-မပြနိုင်သော ရှည်ကြာကာလ- ဤခါသမယကြီးတို့ကာလပတ်လုံး၊ သန္ဓာဝိတံ-အနုသယဖုံးကွယ်-မောဟနှင့်တကျာတွေက, အသွယ်သွယ်ချယ်လှယ်သည်၏အဖြစ်ကြောင့်၊ သံသရာနယ်တခွင်သို့-တသွင်သွင်နှင့် အစဉ်ပင် ပြေးဝင်ခဲ့ကြရလေကုန်ပြီ။ သံသရိတံ- ဖြစ်ချီ ပေါ်ချီ- အလီလီတို့ဖြင့်- အတည်မကျ- ခဏ, ခဏ,သာလျှင် ကြဉ်လည်ခဲ့ကြရလေကုန်ပြီ။ ။

(က) ကတမေသံ- ဘယ်အမည်နှင့်-တင်ညီမှတ်သား, ဖေါ်ထုတ်ထားအပ်ကုန်သော၊ စတုန္နံ- သချာပိုင်းခြား,သရုပ်အားဖြင့်လေးပါးကုန်သောတရားတို့ကို၊ အနနုဗောဓါ-မဂ်ဉာဏ်နှင့်လျော်ကန်စွာ မသိမှုကြောင့်၊ အပ္ပဋိဝေဓါ- သစ္စာဉာဏ် အလင်းတောက်၍၊ သစ္စိကိရိယာမြောက်,ထွင်းဖေါက်ခါ မသိရပါသေးသောကြောင့်၊ သန္ဓာဝိတံ- သံသရာတခွင်ကို-ဘယ်ပုံနှင့် ပြေးဝင်ခဲ့ရလေတုံသနည်း။ သံသရိတံ- အဖန်ဖန်ပင်, ကြဉ်လည်ခဲ့ရပြန်လေတုံသနည်းဟူမူကား။ ဘိက္ခဝေ- သံသရာခေါ်ပြု- ရုပ်နာမ်စုကိုဘေးဟုရှုပွား၊ အို-သူတော်များတို့၊ အရိယဿ- ဖြူစင်မြင့်မြတ်သော၊ သီလဿ-အဓိသီလမျိုးကို၊ အနနုဗောဓါ- မဂ်ဉာဏ်နှင့်လျော်စွာမသိမှုကြောင့်ငှင်း၊ အပ္ပဋိဝေဓါ- သစ္စိကိရိယာမြောက်, ရှင်းလင်းဖေါက်ထွင်း- မသိရသေးခြင်းကြောင့်ငှင်း၊ ဘိက္ခဝေ- ချစ်သား,ချစ်သမီးတို့၊ အရိယဿ- ဖြူစင်မြင့်မြတ်သော၊ သမာ

ဓိဿ- အဓိစိတ္တ-ခေါ်ရတွင်ရိုး- သမာဓိ မျိုးကို၎င်း၊ ဘိက္ခဝေ- ချစ်သား,ချစ်သမီးတို့၊အရိယဿ- ဖြူစင်မြင့်မြတ်သော၊ ပညာယ- အဓိပညာ-ခေါ်လာတွင်ရိုး-သိက္ခာမျိုးကို၎င်း၊ (ဝါ) ဝိပဿနာ ပညာအစုံနှင့်-မဂ်ဘုံပေါ်လာ မြတ်ပညာကို၎င်း၊ ဘိက္ခဝေ- ချစ်သား, ချစ်သမီးတို့၊ အရိယာယ - ဖြူစင် မြင့်မြတ်စွာထသော၊ ဝိမုတ္တိယာ- အရဟတ္တဖိုလ်ကို၎င်း၊ (ဝါ) ဖိုလ်အမြတ်နှင့်- နိဗ္ဗာနဓါတ်ကို၎င်း၊ အနနုဗောဓါ- မဂ်ဉာဏ်နှင့်လျော်စွာမသိမှုကြောင့်၎င်း၊ အပ္ပဋိဝေဓါ- သစ္စိကိရိယာမြောက်,ရှင်းလင်းဖေါက်ထွင်းမသိရသေးခြင်းကြောင့်၎င်း၊ မမဉ္စဝ- ဘုရားဆုပန်လာ-ငါကိုယ်တော်တိုင်မှာသော်၎င်း၊ တုမှာကဉ္စ- တဆင့်နာကြား- သင်ချစ်, သား,ချစ်သမီးတို့မှာသော်၎င်း၊ ဣဒံဒီဃမဒ္ဓါနံ- ကမ္ဘာတွက်စစ် ဤမျှလောက်ဖြစ်၍ဟု- ရေတွက်ပိုင်းခြား, မမှတ်သားနိုင်အောင်- ရှည်လျားလှသော ကာလတို့ပတ်လုံး၊သန္ဓာဝိတံ- အဝိဇ္ဇာရင်းငုပ်, မြစ်မပြုတ်၍၊ ဇလုပ်ဝဲမွှေ- တဏှာတည်းဟူသော သမုဒ္ဒရာရေ, သံသရာဗွေသို့၊ဖန်ခါခါမသွေ့-ပြေးဝင်ခဲ့ကြရလေတုံပြီ။သံသရိတံ- ငုပ်ချီ-ပေါ်ချီ-အလီလီတို့ဖြင့်- အတည်မကျ- တဘဝတခဏသာလျှင် ကြဉ်လည်ပြေးသွား-မရပ်နားနိုင်-လက်မှိုင်ချရခဲ့ပြန်လေပြီ။

(က) ဘိက္ခဝေ- ချစ်သား,ချစ်သမီးတို့၊ တယိဒံ တံ ဧတံ- အရိယသီလံ-- ဖြူစင်မြင့်မြတ်- ထိုအရိယဓါတ်, သီလကို၎င်း၊ တယိဒံသာ သော ပညာ-ဖြူစင်မြင်လာ-ထိုအရိယာပညာကို၎င်း၊ တယိဒံသာ သော ဝိမုတ္တိ- ဖြူစင်ရွှန်းစို-ထိုဝိမုတ္တိဖိုလ်ကို၎င်း၊ အနုဗုဒ္ဓါ- အနုလောမဉာဏ်ရောက်- တောက်ရှောက်ပွင့်လာ, သိရှိကာလာလေပြီ။ ပဋိဗုဒ္ဓါ- ကိုလေသာကုန်ပျောက်, သစ္စိကိရိယာမြောက်အောင်,ထွင်းဖေါက်သေချာ-သိရှိ၍လာခဲ့လေပြီ။ တဒါ-

ထိုသို့သိလာ,ချိန်အခါ၌၊ (၀ါ) ချိန်အခါကစ၍၊ ဘဝတကျာ-ဘဝတခုခု၌ တပ်နှစ်သက်မှုသည်၊ ဥစ္ဆိန္နာ- အနုသယဓါတ်တွေ-သွင်းမထပ်နိုင်၍- ကင်းပြတ်ရတုံလေပြီ။ ဘဝနေတ္တိ- ခဏမပြတ်, ဘဝအရပ်ရပ်သို့-ဆောင်ယူဆွဲငင်တတ်သော- ဝေဒနာ, တဏှာ, ဥပါဒါန်ခေါ်မြွက်-ကံကိလေသာစနက်သည်၊ခဏာ-တပြိုးပြိုးပင်, ကုန်ဆုံး,စင်ခဲ့တုံလေပြီ။ ဒါနိဗ္ဗုဒါနိ- ဤအခြေရောက်, ပေါက်မြောက်ခဲ့လာ-ချိန်အခါ၌၊ (၀ါ) ချိန်အခါမှစ၍၊ ပုနဗ္ဘဝေါ-ကိလေသာရစ်၍- ခဏ,ခဏ,နှစ်ရသည့်- ဘဝသစ်တဖန်ဖြစ်ပေါ်ရန် အခင်းသည်၊ နတ္ထိ- တွယ်ကာမငြိတော့၍- တကယ်သံမရှိတော့ပေတကား။ ဣတိ- ဤသို့ညွှန်လျက်- အနုသယချေဖျက်-တရားလက်နက်ကို- အများသို့ဆက်နိုင်အောင်, ဟောမြွက်ထုတ်ဖေါ်-မှာကြားတော်မူခဲ့တုံလေပြီ။

# အဝိဇ္ဇာသတ်ပုံလက်နက်

(၇) ဘိက္ခဝေ-ချစ်သား,ချစ်သမီးတို့၊ အဝိဇ္ဇာဂတာ-အဝိဇ္ဇာအနုသယဓါတ်,ကိန်းဝပ်၍နေသေးသော၊ ယာပဇာ- အကြင်သတ္တဝါတို့သည်၊ အန္ဓီဘူတာ-ဝိဇ္ဇာဉာဏ်မထင်, မမြင်ကဏ်းနေသေး၍- တကဲ့မျက်စေ့ကဏ်းနှင့် တူချေတော့၏၊ ပရိယောနဒ္ဓါ-သံသရာပင်လယ်နက်မှ- မြန်မကြာ, တကယ်- အလျင်မထွက်နိုင်အောင်,အာသဝနှင့်အနုသယတို့က-မှေးယှက်ချုပ်နှောင်၍လည်းထားသည်မည်ပြန်တော့၏။ သာပဇာ- ညွှန်ပြခဲ့သော-ထိုသတ္တဝါကို၊ (၀ါ) အဝိဇ္ဇာနှင့် တဏှာနုသယ, အာသဝတို့- ပိတ်ဆို့နှောင်လာ-ထိုသတ္တဝါကို၊ ဟာဏဂတေန-သဗ္ဗညုရှင်-မြတ်ဘုရားသခင်

သည်၊ အဝိဇ္ဇာဝိနယေ- အဝိဇ္ဇာလက်နက်, ပြိုလျက်ပျက်ကြွေ အောင်, ပယ်ဆောင်နိုင်ပေတတ်သော၊ ဓမ္မေ- အဓိသီလ, အဓိ စိတ္တနှင့် အဓိပညာခေါ်တွင် သုံးဘော်သိက္ခာ,တရားတော်မြတ် မဟာကို၊ (ဝါ) ကိုယ်တော်တိုင်သိပြား-တရားဥဿုံအလုံးစုံနှင့်၊ သစ္စာလေးချက်- ဆယ့်ခြောက်နက်ကို၊ ပြက်ပြက်ထင်ရှား, ကြင် သနားလျက်- ဟောကြားဝေဘန်- မဂ္ဂဋ္ဌာန်နှင့်- ဖိုလ်ဉာဏ်လေး ရပ်- ပြည့်စေအပ်ကြောင်း- တရားတော်မြတ်အပေါင်းကို၊ ဒေ သိယမာနေ- ပါရမီကံ, အခြေခံအရ- ဟောညွှန်ကာ- ပြခဲ့သည် ရှိသော်၊ သုဿုသတိ- သတိသမ္ပဇဉ်အခါခါထင်အောင်- အာရုံ တွင်တွင်ညွှတ်ခါ- နာကြားခဲ့ငြားအံ့၊ သောတံ- ဉာဏ်အာရုံထင်, မဂ္ဂင်ဝင်သည့် တရားတော်မြတ်အလျင်သို့၊ သြဒဟတိ- သိက္ခာ သုံးလီ- ဉာဏ်ရောင်ခြည်တို့ဖြင့်- အလီလီထွင်းဖေါက်ကာ အနု သယတွေ- ကင်းပျောက်၍သွားငြားအံ့၊ အညာစိတ္တံ- အထက် ဆုံးခေါင်ပိတ်- အရဟတ္တဖိုလ် စိတ်တိုင်အောင်၊ ဥပဋ္ဌာပေတိ- ဖြစ်ပေါ်ကာ လာနိုင်စေတော့၏၊ (ဝါ) ပါရမီအခြေခံကြီး သလို- မဂ်ခရီးအတန်တန်တွေ- ထက်သန်ဖြစ်ပေါ်၍ လာနိုင်, တည်နိုင်ပေတော့သတည်း။ ။

# "သင်္ဂဟာအဋ္ဌကထာ၏ အဓိပ္ပါယ်"

ပုထုဇဉ်မှန်သမျှတို့သည်၊ အဝိဇ္ဇာနုသယကို၊ ပရိက္ခာရသဖွယ်- သံသရာစကထဲက- လွှယ်လာခဲ့ကြသည်၊ တဏှာလောဘတရား သည်- အဝိဇ္ဇာနှင့်တကွ- မူလနယ်ထဲသို့ ဝင်စွဲခဲ့ခြင်းကြောင့်၊ "**အဝိဇ္ဇာ ဒွေမူလာနိ တဏှာဝသေန**"အဖြစ်၊ မူလဘာပါးပင်ဖြစ်

တော့သည်၊ ထိုအဝိဇ္ဇာနုသယကြောင့်- သင်္ခါရတရားတွေ ဖြစ်ခဲ့ကြရာတွင်၊ တဏှာပါဝင်စွက်လျက်- တောင့်တပေးတတ်, သာယာပေးတတ်, ကပ်ငြိပေးတတ်တိုင်း၊ ပရိယုဋ္ဌာနနှင့် ဝီတိက္ကမခေါ်- အကုသိုလ်နှင့်ကုသိုလ်- စေတနာသင်္ခါရ- ကမ္မပထသဘောတို့သည်၊ ဖဿ, ဝေဒနာ, တဏှာ, ဉပါဒါန်တို့ ဝန်းရံကာ- ရစ်သိုင်းဖွဲ့နှောင် ဆောင်နှင်းတော့သည်ဖြစ်၍၊ ဘဝသစ်တဖန်- ပဋိသန်ကို- အဝိဇ္ဇာနုသယ ခွင့်ပြုချက်နှင့် တဏှာကပါဝင်စွက်လေသောကြောင့်၊ သင်္ခါရ, ကမ္မဘဝမှ- ဝိပါက- ဉပပတ္တိနှင့် ဘဝဇာတိကို၊ သံသရာဆက်စေ၍၊ ဝဋ္ဋသုံးလီတွင်, ဆုံလည်နွားကဲ့သို့ ဖြစ်ပွားစေတတ်သော "အနုသယ" ဓာတ်သဘောပါတကားဟု- ပိုင်းခြားထင်ထင်, သိစေ, မြင်စေအပ်သော အဖွင့်တရပ်ဖြစ်ပါတော့သည်။ ။

# ယမက, အဋ္ဌကထာ၏ အဓိပ္ပါယ်

ဆိုခဲ့ပြီးအပ် "အနုသယဓာတ်" သည်၊ လောကုတ္တရာ မင်္ဂဉာဏ်တပါးပါးနဲ့မှ- မပယ်မသတ်နိုင်သေးလျှင်၊ "ထာမဂတကိလေသာ" သဘောအရ၊ စွမ်းအားရှိရှိ မိမိရရကြီးပင် သတ္တဝါအပေါင်းတို့၏ "ကမ္မသန္တတိနှင့် ဝိပါကသန္တတိ" ကို အစဉ်ငြိနေစေရန်၊ "ဘူမိလဒ္ဓုပ္ပန္န" ရုပ်နာမ်ဖြစ်ရာ ဘုံကွန်ချာတွင် "ကိလေသာဝဋ္ဋသန္တတိ" သဘောဖြင့် ပါရှိသည် ကေန်ဖြစ်ကြောင်းကို ခိုင်မာစွာ, ထပ်လောင်း၍ဖွင့်ဆိုထားကြောင်း ဖြစ်ပေသည်။

ထိုမျှသာမကသေး- ပုထုဇဉ်အယူထွေးကာ ဉာဏ်မှေးသူတို့က အကုသိုလ်အမိုက် အခိုက်အတန့်ကလေး၌သာ၊ အနုသယဓာတ်

ဆိုက်၍ ပါဝင်နေတာပါဟု- အကုသလတကွက်စာဥ်သာ-ကိလေ
သာ အညစ်, အပြစ်တွေကို သာမာန်ခါ ရှုံခါ မြင်တွေး၍-
ဆုံးဖြတ်ခြင်းအမှု မပြုလိုက်ပါနှင့်တဲ့၊ ကာမကုသိုလ်, ဝိပါက်
ကြိယာ- စိတ္တုပ္ပါဒ်အဖြာဖြာတို့၌လည်း၊ ကိလေသာအနုသယ-
ဗီဇရင်းမျိုးစေ့ကို၊ ချုပ်ငြိမ်း၍ ထားအပ်ပြီးသကဲ့သို့သော "ဘူမိ
လဒ္ဓုပ္ပန္န" သဘောသည်၊ ပဋိသန္ဓေစိတ်ခေါ်တဲ့- ဝိပါက်အဗျာ
ကတ- စိတ္တုပ္ပါဒ်ကလေးမှအစပြု၍ပင်, ကိန်းဝပ်ပါရှိခဲ့ပုံကိုရင်း၊
ပဋိသန္ဓေနေရခိုက်- အမိဝမ်းဘိုက် အတွင်း၌၊ မကြား-မမြင်-
မပြောနိုင်ခင် အစဉ်အတွင်းမှာရင်း၊ အနုသေန္တိ- သဘောနှင့်
အနုသယကိလေသာရှိပုံကို၊ စိတ်ချယုံကြည်စရာ ဖွင့်ဆိုအပ်ပါ
သည်၊ ဤသဘောကို အယူမချော်ရအောင်လည်း၊ သီလ,
သမာဓိတို့ကြောင့်၊ ဝိတိက္ကမ-ပရိယုဋ္ဌာနတို့- အကြောင်းမလျှော်
မပေါ်သေးသော်လဲ၊ ဗီဇရင်း အနုသယ သဘောကတော့ -
ဝဋ်သုံးဖြာကို စွဲ၍ဖြစ်တဲ့ - နာမ်ရုပ်အစဉ်မှာ၊ ကိလေသာဝဋ်ကို
လောကုတ္တရာမဂ်ကလွဲ၍ - မပယ်ဖျက်နိုင်ခြင်းကြောင့် 'အပ္ပဟိ
နတ္တာ- ပုထုဇနော" မှန်သမျှတို့၌၊ မချွတ်ဆတ်ဆတ်, ကိန်းဝပ်
ကြောင်းကို ယုံမှားကင်းအောင် ပြတော်မူခြင်းဖြစ်ပါသည်။

# အင်္ဂုတ္တရပါဠိတော် အဓိပ္ပါယ်

လွန်စွာ ထက်မျက်လှသည့်-အနုသယလက်နက်ဖြင့်-အမြဲမပြတ်
အသတ်ခံနေရသောကြောင့်၊ သံသရာလို့ခေါ်တဲ့- ရုပ်နာမ်ဓမ္မ
သင်္ခါရတွင် ပုထုဇဉ်ဟုအမည်တွင်သူတို့သည်၊လေးပါးကုန်သော
အဓိသီလ,အဓိစိတ္တ,အဓိပညာ,ဝိမုတ္တိ,တည်းဟူသော အရိယာဓမ္မ

တို့အား၊ အနနုဗေါဓါအရ- ဝိပဿနာမဂ်ဉာဏ်, လောကုတ္တရာ မဂ်ဉာဏ်တို့နှင့် လျော်ကန်သင့်မြတ်- မသိအပ်နိုင်ခြင်းသည်ရှင်း၊ အပ္ပဋိဝေဓါအရ- သစ္စာဉာဏ်,ရောင်ခြည်တောက်ပြီး၊ ထွင်း ဖေါက်ခါ- မသိနိုင်ခြင်းသည်ရှင်း၊ ဝိမုတ္တိရသ- အရိယာဖလကို- မသုံးဆောင် မခံစားနိုင်ခြင်းသည်ရှင်း၊ ထိုအနုသယလက်နက်နှင့် အချက်ကျကျ- ထက်မျက်လှစွာ- တာဆီးခြင်းခံနေရခြင်းကြောင့် သာဟု- ကွက်ကွက်ကွင်းကွင်း,ထင်လင်းသိစေအပ်ပါသည်။

ထိုသို- အနနုဗေါဓါ အစရှိသော- အနုသယ၏ ပိတ်ဆို့မှုကို သင့်,ချစ်သား-ချစ်သမီးတို့တွင်သာမက- ဘုရားဆုပန်လာခဲ့သော- ငါဘုရားကိုယ်တော်တိုင်မှာသည်ပင်လျှင်- လေးသင်္ချေနှဲ့ ကမ္ဘာ တသိန်းနှင့် ၁၆-သင်္ချေပေါင်းကာရေက သင်္ချေ ၂၀-နှင့် ကမ္ဘာ တသိန်းတိုင်တိုင်- သန္ဓာဝိတံ, သံသရိတံ- အနုသယရေယာဉ်- သြဃဝဲတခွင်တွင် ပြေးဝင်ကြဉ်လည်ခဲ့ရဘူးလေပြီ-ဟု၊ အနုသယ ဘေး,ကြောက်မက်ဘွယ်-ညစ်ထေး ပိတ်ဆို့ခံခဲ့ရပုံကို ကုန်စင် အောင်မြင်ငြားစေရန် ပြတော်မူပါသည်။

ဘုရားအလောင်းတော်မြတ်, ဗောဓိသတ်သည်၊ ဤကဲ့သို ပြင်းထန်ထက်မျက်သော- အနုသယစက်ကို၊ ထို့,ထက်ဆ,ထောင်- မကဆောင်သည့်၊ထက်မျက်ထန်ပြင်း,အရဟတ္တမဂ်တည်းဟူသော လက်နက်မင်းကို ရရှိစေခြင်းငှါ၊ လွန်မြောက်နိုင်ခဲသော ဒုက္ကရ စရိယာနှင့်- ခြောက်နှစ်ကြာ ကာလပတ်လုံး,ကျင့်သုံးတော်မူပြီး လျှင်၊ အရိယမဂ္ဂ လေးပါးတို့ဖြင့်- အရိယသစ္စာ လေးပါးဖြင့်- မကြွင်းမကျန်တွန်းလှန်နိုင်တော်မူသော၊ အနုဗုဒ္ဓေါ-ပဋိဗုဒ္ဓေါ- **အစဉ်တောက်လျှောက်,ထွင်းဖေါက်တော်မူနိုင်သည်ဖြစ်၍၊ ဘဝ**

တဏှာဥစ္ဆိန္နာ- ဘဝနေတ္တိ- ခိဏာသဝ၏အဖြစ်သို့၊ ကောင်းစွာ မသွေ့ရောက်စေတော်မူပြီးလျက်၊ သဗ္ဗညုတံ- ဉာဏ်တော်ယံ၌- ဝေနေယျကြာ-သတ္တဝါတို့အား၊ မဟာကရုဏာတော် ပြဋ္ဌာန်း ကာသာသျှင်၊ အဝိဇ္ဇာနုသယအစရှိသော သံသရာ့စက်ရဟတ်ကို အရိယမဂ္ဂလေးပါးတို့၌- အရိယသစ္စာနှင့်ယှဉ်လျက် မဂ်လေးအင်, ဖိုလ်လေးတန်ကို ကေန်ရကြောင်း, ကောင်းစွာမသွေ့- သာဓက တော်တွေကို ဖွေရှာညွှန်ပြ-အာဂမဖြင့်- ဆုံးမပေးသနားတော်မူ အပ်ခဲ့ပါပေသည်။

ဤသို့အားဖြင့် ဗုဒ္ဓဝစန ပါဠိတော်စကားရပ်နှင့်- ထပ်ဆင့် ဖွင့်ဆို- ထိုထိုသော-အဋ္ဌကထာ ဆရာမြတ်တို့၏-စကားတော်ရပ် များအရ၊ အနုသယဓါတ်၏စွမ်းအင်သတ္တိ-တင်ရှိလွှမ်းမိုး-ဆိုးကျိုး ခံနေရသော- ဝိပါက တရားမှန်သမျှ၊သင်္ခါရအစုအပုံ-တောဘူမက, သတ္တဝါအနန္တတို့၌၊ သံသရာ့ဗီဇ-မပြတ်နိုင်ဘဲ ရှိရပုံကို၊ ဉာဏ် ဟုန်နှင့်စူးစိုက်,ကြည့်မြင်နိုင်လိုက်ပြီးက- သံသရာ့ဗီဇ-အနုသယကို ကေန်ဖြတ်ရန်- ဆန္ဒအမြတ်,သဒ္ဓါဓါတ်နှင့် ခိုင်မာစွာ ဆုံးဖြတ်ပြီး လျှင် အပြီးသတ်ချုပ်ငြိမ်းရေးစခန်းသို့ တက်လှမ်းကြိုးစားတော် မူနိုင်ကြပါစေ။

ဤနေရာတွင် ယမက, အဋ္ဌကထာ, အဓိပ္ပါယ်အတိုချုပ်၌၊ အနုသယအမည်ရသော "ဘူမိလဒ္ဓုပ္ပန္န" တရားဟုဖော်ပြခဲ့သည် ကို ထပ်ဆင့်၍ ရှင်းလင်းပေးပါဦးမည်။ ဘာကြောင့်ဆိုသော်- တကယ်တန်း, အနုသယကို ပယ်သတ်ရန် ဆုံးဖြတ်ပြီးပါက၊ ဤအနုသယ- ကာလ ဝိမုတ်တရား၏ အဆင့်ဆင့်အားဖြင့် "ဘူမိလဒ္ဓုပ္ပန္န"ဖြစ်ပုံကိုရင်း၊ မဂ်ကပယ်သတ်မည့် တရားမှန်ကို- ကေန်ပိုင်းခြား,သိထားရန်ရင်း၊ ဥပ္ပန္နတရား (၄) ပါး၊ (၈)ပါး

ဟု ဆိုအပ်သော ကံသခ်ါရနှင့် ကိလေသာ အဆင့်ဆင့်သဘော တို့ကို၊ အဋ္ဌသာလိနီအဋ္ဌကထာနှင့် ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ=မဟာဋီကာတို့၏ ညွှန်ဆိုပြသတော်မူပုံများကို ဖေါ်ပြရန် လျှော်ကန်လှပါ၍၊ အဟော်ဝတ,အဖြစ်-သုံးသပ်ကြသင့်ပါပေတော့သည်။

........ .........

# အဓိပ္ပါယ်သမင်္ဂ၏ ပယ်သတ်ချက်နှင့် ဥပ္ပန္နတရားလေးပါး

(**တိုက်တွန်းချက်**)။ ။(ဤဆိုအပ်ခဲ့ပြီးသော-အနုသယ ဖေါ်ပြချက်များနှင့်ပတ်သက်၍၊အတော်အတန်ပင်-သုံးသပ်, စီစစ်, လေ့လာ, ဆည်းပူး, အပ်ပြီး အဖြစ်သို့ ရောက်ရှိနိုင်လောက်ပြီဖြစ်ပါသည်၊ သတိချပ်ရန် အထူးတောင်းပန်လိုသည်မှာ၊ ဤတရားတော်မြတ်များအား၊ သုံးသပ်ရာတွင်၊ ငါကြည့်-ငါသိ, အနေမှကင်းလွတ်ရန်ငှင်း၊ ထိုထိုအနုသယဥပ္ပန္နတရားတို့သည်၊ ငါ၌ဖြစ်လေ့ရှိသည်၊ သူ၌ဖြစ်လေ့ရှိသည်။ ပုဂ္ဂိုလ်, သတ္တဝါတို့၌- ဖြစ်လေ့ရှိသည်ဟူသော အမြင်မျိုးမှငှင်း၊ ရှေးဦးစွာ ပယ်ရှားသုတ်သင်ပစ်လျက်၊ငါ, သူတပါး,ပုဂ္ဂိုလ်,သတ္တဝါမဟုတ်သော "သုဒ္ဓသခ်ါရ" တရားအဖြစ်နှင့်သာ- ဉာဏ်သမ္မာဇဉ်ယှဉ်၍- သုံးသပ်,စီစစ်, ဆည်းပူးမည်ဆိုပါက၊ ကြည့်ရှုတော်မူရင်းပင်, ဉာဏ်အလင်းဝင်၍-သမ္ပဿာကောင်းစွာ တည်ကြောင်း၏ အဖြစ်သို့ ရောက်အောင် ရယူ ကြိုးပမ်းတော်မူပါဟု- တိုက်တွန်းသမှု- ပြုပါသည်။)

## ““ပဋ္ဌမဖြစ်သော ဥပ္ပန္နတရားလေးပါးတို့မှာ””

(၁) ဝတ္တ မာနုပ္ပန္န၊ (၂) ဘူတာပဂတုပ္ပန္န၊
(၃) ဩကာသကတုပ္ပန္န၊ (၄) ဘူမိလဒ္ဓုပ္ပန္န တို့ဖြစ်ပါသည်။

(၁) ဝတ္တမာနုပ္ပန္န= ဝတ္တမာန-ဖြစ်ဆဲ၊ ဥပ္ပန္န- ဖြစ်ခြင်း၊ ဖြစ်ဆဲဖြစ်ခြင်းတရားဖြစ်သည်၊ထိုဝတ္တမာနုပ္ပန္နသဘော အရ-နားလည်ရန်မှာ- ပစ္စုပ္ပန်,ဥပါဒ်,ဋ္ဌီ,ဘင်နှင့် ပြည့်စုံသည်ဟုဆိုအပ်သော၊ ရုပ်, နာမ်, ဓမ္မ- သင်္ခါရတရား အလုံးစုံသည်-ဝတ္တမာနုပ္ပန္နမည်၏၊ (ဝါ) ခဏတ္တယသို့ ရောက်ဆဲဖြစ်သော-ဖြစ်ခြင်း,ဥပ္ပန္နတရားတို့ဟူ၍သိမှတ်ရာ၏။ အချုပ်အားဖြင့် (ဖြစ်ဆဲ ပစ္စုပ္ပန်သင်္ခါရတရားချည်းဖြစ်သည်။)

၂) ဘူတာပဂတုပ္ပန္န= ဘူတ- ခံစားခြင်း, ရောက်ခြင်း၊ အပဂတ-ကင်းခြင်း, ချုပ်ခြင်း၊ ဥပ္ပန္န-ဖြစ်ပြီး။ ။ထိုဘူတာပဂတုပ္ပန္နသဘောကို နားလည်ရန်မှာ၊ အာရုံ၏ ဣဋ္ဌ,အနိဋ္ဌ,မဇ္ဈတ္တသဘောဖြစ်သော အရသာကို ခံစားပြီး၍-ချုပ်ပြီးသော၊ ခံစားပြီး၍- ခံစားခြင်းကင်းပြီးသော-ကုသိုလ်, အကုသိုလ်သည်- ဘူတာပဂတုပ္ပန္နမည်၏။ (ဝါ) ခဏတ္တယသို့ရောက်ပြီး၍-ချုပ်ပြီး-ကင်းပြီးသော-သင်္ခတတရားဖြစ်သည်။ (ထိုထိုပစ္စုပ္ပန်ခဏတ္တယသဘောတို့၌၊ အာရုံသုံးစားတို့အား ဝေဒနာသုံးပါးနှစ်ပါးတို့ဖြင့် ခံစားအပ်ပြီးသည် ဖြစ်၍- ကုသိုလ်, အကုသိုလ်သို့ သက်ဝင်သော သင်္ခတတရားမျိုးဟူ၍ မှတ်သားရာ၏။)

(၃) ဩကာသ, ကတုပ္ပန္န= ဩကာသ-- အခွင့်၊ ကတ-- ပြုအပ်,ပေးအပ်၊ ဥပ္ပန္န-- ဖြစ်ပြီး=ဖြစ်လတံ့။ ဤဩကာသ, ကတုပ္ပန္နသဘောကို နားလည်ရန်မှာ၊ ဘူတာပဂတုပ္ပန္နအရ- ခံစားပြီး, ချုပ်ပြီး, ကင်းပြီးသော သင်္ခါရမှု၊ သင်္ခတတရားဖြစ်သည့် ကုသိုလ်, အကုသိုလ်တရားတို့သည်၊ အကျိုးဖြစ်ပေါ်ရန် အခွင့်ပေးသော ကုသိုလ်, အကုသိုလ်ကံနှင့်-အကျိုးဖြစ်ပေါ်ရန်- အခွင့်ရရှိထားသော ဝိပါကသခေ်ပ,သဘောဟုဆိုလိုသည်။ ထို့ထက်သဘောပေါက်ရန်- အနည်းငယ်ကောက်ချက်ချ၍ပြရသော်....၊ ဘူတာပဂတုပ္ပန္နသည်၊ အာရုံ၏ အရသာကိုခံစားပြီး, ချုပ်ပြီး,ကင်းပြီးသော သင်္ခတတရားဆိုရာဝယ်၊ ကုသိုလ်ဖြစ်သွားသောတရား, အကုသိုလ်ဖြစ်သွားသောတရား၊ ကုသိုလ်,အကုသိုအဖြစ်သို့ ရောက်သွားသော သင်္ခတ, သင်္ခါရဟု ကံတရားဟု ဆိုလိုရင်းဖြစ်သည်၊ ဩကာသ, ကတုပ္ပန္နသဘောမှာ-ထိုသင်္ခတ, သင်္ခါရဟု ဆိုအပ်သော, ကံတရားတို့က အကျိုးဝိပါက တခုခုကို ဖြစ်စေရန် ခွင့်ပေးသည်၏ အဖြစ်တည်သော "ကမ္မဘဝ"ကို မူရင်းအချက် ဆိုလိုရင်းဖြစ်သည်၊ကမ္မဘဝကြောင့်သာ-ဇာတိဖြစ်သို့သက်ဝင်ရသည်၊ကမ္မဘဝသည်အကြောင်းဖြစ်သော်လည်း-ကံသင်္ခါရ၏ အကျိုးဟု နားလည် ရပါမည်၊ ထိုကံသင်္ခါရသည်- သင်္ခတ,ကမ္မဘဝအဖြစ်သို့ သက်ဝင်ပြီး၊ ကမ္မဘဝသည်- တဖန်- နာနက္ခဏိက, ကမ္မပစ္စယသတ္တိဖြင့်- ဇာတိ-ပဋိသန္ဓေ- ဥပပတ္တိဘဝကို ကျေးဇူးပြု

သည်၊ (ဝါ) ရစေသည်၊ သြကာသ, ကတုပ္ပန္န၏ အခွင့်
ပေးပုံမှာ၊ ကမ္မဘဝမှ- ဇာတိ, ပဋိသန္ဓိ- ဥပပတ္တိဘဝသို့
ဆောင်နှင်းသက်ဝင်စေတတ်ခြင်းဖြစ်သည်။ ဝတ္တမာန်
ကာလ, ပဝတ္တိအခါ၌လည်း- ထိုက်သင့်ရာအကြောင်း
နှင့်- အကျိုးအဖြစ် ကျေးဇူးပြုတတ်သော အခွင့်ရပြီး
ကံသခ်ါရတို့ဖြစ်သည်။ ။မရဏာသန္နအခါ- စုတိ
ခါနီးအခါ၊ (ဝါ) သေခါနီးဆဲဆဲအခါ၊ သတ္တဝါ
တို့၏ သန္တာန်၌ထင်လာသော- အကျိုးပေးခွင့်ရသော
အတိတ်, ကုသိုလ်, အကုသိုလ်ကံသည်၊ အခြားကံတို့၏
အကျိုးပေးခွင့်ကိုတားမြစ်၍၊ မိမိအကျိုးပေးဘို့သာ
အခွင့်ရသည်ဖြစ်သောကြောင့်၊ သြကာသ,ကတုပ္ပန္နဟု
ဆိုအပ်၏။ ဤနေရာ၌ ဥပ္ပန္နအရ- ဥပ္ပါဒ်ဒိတ္တော--
အကျိုးပေးရန် ခွင့်ပြုအပ်ပြီးသော- ကမ္မဘဝ ရှိသော
ဖြစ်ပြီးဥပ္ပန္နသဘောကိုသာ ယူအပ်ပါတော့သည်။ ။

(၄) ဘူမိလဒ္ဓုပ္ပန္န- ဘူမိအာရုံ, ဖြစ်ရာဌာနဘုံ၊ လဒ္ဓ-- ရအပ်
ခြင်း၊ ဥပ္ပန္န-- ဖြစ်ပေါ်ခြင်း။ ဝိပဿနာ၏ အာရုံ
လည်းဖြစ်၍၊ ကိလေသာတို့၏ ဖြစ်ရာဌာနလည်းမည်
သော- ဥပါဒါန်တရားတို့၏ အာရုံဖြစ်သည့်- ဥပါ
ဒါနက္ခန္ဓာ။ ။၎င်း ဥပါဒါနက္ခန္ဓာတို့၌- ဖြစ်ပေါ်
လာတတ်, ဖြစ်ပေါ်လာနိုင်ပြီး၊ မဂ်ဖြင့် မပယ်သတ်ရ
သေးသည့် အကုသိုလ်ကံအဆင့်ဆင့်မှ- ရင့်သည်ထက်
ရင့်၍- အစဉ်ကိန်းလာခဲ့သော အနုသယကိလေသာကို
ဆိုလိုသည်။ ထိုအနုသယ, သဘောသည် ဥပါဒါ
နက္ခန္ဓာ ဘယ်ဘုံမှာ ရအပ်,ရအပ်, ဖြစ်အပ်,ဖြစ်အပ်,

ဖြစ်ရာ "ဘူမိလဒ္ဓ"၌၊ ဥပ္ပန္န= ဖြစ်ပေါ်ခြင်းကို၊ "အနု ရူပံ ကရဏံ လဘိတွာ ဥပ္ပဇ္ဇန္တိ"…. သဘောငြိ၍- သဘောရှိ ဖြစ်ပေါ်လာစေနိုင်စေခြင်း ဆောင်နှင်းရန် "ထာမဂတ-အနုသယ"အစွမ်းဖြင့် အကိန်းဓာတ်ရင်း- ဗီဇဖြစ်ခြင်းဖြင့်သက်ဝင်ခြင်းကြောင့်၊ "ဘူမိလဒ္ဓုပ္ပန္န" တရားကို အနုသယကိလေသာဟု ပိုင်းခြား သိရာပါ သည်။ (ရှေ့ပိုင်းမှ- ပဋ္ဌမကြိုဏ်- အဋ္ဌကထာ- အပိုဒ် (၃)ကို ပြန်ဘတ်ကြည့်ပါ)

## "ဥပ္ပန္န တရားလေးပါးတို့၏အချုပ်ကား"

ဝတ္တမာနုပ္ပန္န= ဖြစ်ဆဲပစ္စုပ္ပန်-သင်္ခတသင်္ခါရတရားများ။

ဘူတာပဂတုပ္ပန္န – ဖြစ်ပြီး အတိတ် သင်္ခါရမှ- ကုသိုလ် အကုသိုလ်တရားများ။

ဩကာသ ကတုပ္ပန္န =အတိတ်ကံနှင့် ပစ္စုပ္ပန်ကံတို့- အကျိုး ပေးရန်နှင့် အခွင့်ရလျက်- ဖြစ်ပြီး- ဖြစ်လတံ့တရားများ။

ဘူမိလဒ္ဓုပ္ပန္န = ဥပါဒါနက္ခန္ဓာတို့ ဖြစ်ရာဘုံ၌- ကိန်း လျက်ပါသည့်- အနုသယ ကိလေ သာများ။

၎င်း-ဥပ္ပန္နလေးပါးတို့တွင်- အတိတ်,အနာဂတ်, ပစ္စုပ္ပန်ဟူ၍ လည်းမဆိုအပ်၊ အဘာဝပညတ်လည်းမဟုတ်သော= အနုသယ ကိလေသာခေါ်ရ-ဘူမိလဒ္ဓုပ္ပန္န တရားကိုသာ- မဂ်ဉာဏ်က, ပယ် သတ်သည်၊ ကြွင်းသုံးပါး-မပယ်မသတ်ဟု သိပါ။

## ဘာနည်း=ဥပ္ပန္နတရားလေးပါး

(၁) သမုဒါစာ ရုပ္ပန္န၊
(၂) အာရမ္မဏာဓိဂ္ဂဟိ တုပ္ပန္န၊
(၃) အဝိက္ခမ္ဘိ တုပ္ပန္န၊
(၄) အသမူဟ တုပ္ပန္န၊

(၁) သမုဒါစာရုပ္ပန္န= (သမုဒါစာရ=ဖြစ်ဆဲဖြစ်ခြင်း) ခဏတ္တယသုံးပါးနှင့် ပြည့်စုံသော- ဖြစ်ဆဲပစ္စုပ္ပန်- သင်္ခတသင်္ခါရတရားသည်၊ သမုဒါစာရုပ္ပန္န မည်၏။ ။ (ဝတ္တမာန-သမုဒါစာရ-ဥပ္ပန္န-ခဏတ္တယသမင်္ဂီ) ဤလေးမည်သောပုဒ်တို့သည်၊ သဒ္ဒါအနေသာ-ကွဲပြားသည်၊ အနက်အဓိပ္ပါယ်မှာ အတူတူပင်ဖြစ်ပေသည်။ ထို့ကြောင့် သမုဒါစာရုပ္ပန္နသဘောသည်၊ ဝတ္တမာနုပ္ပန္နနှင့် အဓိပ္ပါယ်တူမျှသည်ဟု ယူဆပါလေ။

(၂) အာရမ္မဏာဓိဂ္ဂဟိတုပ္ပန္န= (အာရမ္မဏ-အာရုံ၊အဓိ-စွဲစွဲမြဲမြဲ ဂဟိတ-ယူခြင်း) ပစ္စုပ္ပန်အခိုက်၌ မဖြစ်ပေါ်လာသေးသော်လည်း အယောနိသော မနသိကာရဖြင့်-ထင်လာသည့်-အာရုံကို၊ စွဲစွဲမြဲမြဲယူထားပြီးဖြစ်သောကြောင့် နောင်အခါ-ဖြစ်ပေါ်လာမည့် ကိလေသာသည် အာရမ္မဏာဓိဂ္ဂဟိတုပ္ပန္နမည်၏။ တကြိမ်စွဲမြဲစွာဖြစ်စေ၊ အကြိမ်ကြိမ် စွဲမြဲစွာဖြစ်စေ၊ ယူထားဘူးသော ယူထားပြီးသော အာရုံကို၊ အောက်မေ့သတိရတိုင်း အာရုံပြုမိတိုင်း ဖြစ်ပေါ်လတံ့သော ကိလေ

သာသည်- အာရမ္မဏာဓိဂ္ဂဟိတုပ္ပန္န သဘောပင် ဖြစ်သည်။

(၃) အဝိက္ခမ္ဘိတုပ္ပန္န= (အ- မ၊ ဝိက္ခမ္ဘိတ-ခွါခြင်း၊ ဥပ္ပန္န-ဖြစ်ပေါ်ခြင်း) သမထဘာဝနာ,ဝိပဿနာဘာဝနာဖြင့်- မခွါအပ်သေးသော, ကိလေသာ မျိုးသည်-ပစ္စုပ္ပန်စိတ္တုပ္ပါဒ်သို့ မတက်ရောက်သေးသော်လည်း၊ ဖြစ်ခြင်းကို တားမြစ်တတ်သောအကြောင်းမရှိသောကြောင့်၊ (ဝါ) အကြောင်းညီညွတ်လျှင်- ဖြစ်ပေါ်လာနိုင်သောကြောင့်,အဝိက္ခမ္ဘိတုပ္ပန္န-မည်၏။

(၄) အသမူဟတုပ္ပန္န— (အ- မ၊ သမူဟတ-ပယ်သတ်ခြင်း၊ဥပ္ပန္န-ဖြစ်ခြင်း) သမထ ဘာဝနာ-ဝိပဿနာဘာဝနာဖြင့် တဒင်္ဂ-ဝိက္ခမ္ဘနပဟာန်တို့ဖြင့်- ပယ်ခွါအပ်ပြီးသော်လည်း၊ မဂ်ဖြင့် မပယ်သတ်ရသေးသော ကိလေသာသည်၊ မဂ်ဖြင့် မပယ်သတ်ရသေးသဖြင့်- တဖန်ဖြစ်ပေါ်လာနိုင်သောကြောင့်- အသမူဟတုပ္ပန္နမည်၏။ (ဥပမာ) လောကီစျာန်- အဘိဉာဉ်ရရှိပြီးသည့်-သာမဏေတပါးသည်၊ ကောင်းကင်မှ-အဘိဉာဉ်တန်ခိုးဖြင့် ကြွသွားစဉ်- ပန်းဥယျာဉ်၌- ပန်းခူးရင်း-သီချင်းဆိုလိုက်သည့်မာတုဂါမ၏ အသံကိုကြားသောအခါစျာန်အဘိဉာဉ်လျှောကျအောင်,ဖြစ်ပေါ်လာသောကိလေသာမျိုးကဲ့သို့ မှတ်အပ်၏။ ထို့ကြောင့် ဤအသမူဟတုပ္ပန္န-သဘောသည်-အရိယာမဂ်နှင့်သတ်မှ ပယ်ပြတ်မည့်- အနုသယ- ကိလေသာဓါတ်သဘောသာဖြစ်ပေသည်။

## (ဤဥပ္ပန္နလေးပါးတို့၏ လိုရင်းအချုပ်မှာ)

(၁) သမုဒါစာရုပ္ပန္န = ဖြစ်ဆဲ,ပစ္စုပ္ပန် သန္တာန်ရှိ တရားများ။

(၂) အာရမ္မဏာဓိဂ္ဂဟိတုပ္ပန္န= အမှတ် ရတိုင်း, အာရုံပြု တိုင်း ပေါ်လာနိုင်သည့် ကိလေသာများ။

(၃) အဝိက္ခမ္ဘိ တုပ္ပန္န= ဝိက္ခမ္ဘနပဟာန်ဖြင့်- မပယ်ရသေးသော ကိလေသာများ။

(၄) အသမူဟ တုပ္ပန္န= သမုစ္ဆေဒပဟာန်ဖြင့် မပယ်ရသေး သော ကိလေသာများ။

ထိုလေးပါးသော ဥပ္ပန္နတရားတို့သည်၊ ဖြစ်ဆဲပစ္စုပ္ပန်ခန္ဓာ၌- အဆင့်ဆင့်-သက်ဝင်တတ်သော ကိလေသာတို့၏ ဖြစ်ရပ်ကို ပြဆို ခြင်းဖြစ်သည်၊ သမုဒါစာရုပ္ပန္နတရားမှတပါး-ကြွင်းသုံးပါးသော ဥပ္ပန္နတရားတို့ကို- မဂ်က ပယ်သတ်လေသည်။

အမှတ် ၂-၃-၄-ဖြစ်သော ဥပ္ပန္နတရားသည်၊ အကြောင်းညီ ညွတ်က- ဖြစ်ပေါ်လာနိုင်သောကြောင့် "ဘူမိလဒ္ဓုပ္ပန္န" နှင့် အထက်,အနုံ့မျှသာကွာခြား၍ သဘောသွားမှာ- အကျုံးဝင် သည်ဖြစ်သဖြင့်"ဘူမိလဒ္ဓုပ္ပ"နှင့်တပေါင်းတည်းပြု၍-မဂ်ဉာဏ်က ပယ်သတ်မှ-ပြတ်အပ်သောတရားဟု သွင်းယူအပ်၏။ ထိုဥပ္ပန္န နှစ်စား (၈) ပါးစလုံးကို တပေါင်းတည်းအားဖြင့်- မဂ်ဉာဏ် တို့က ပယ်သတ်ပုံမှာ — ဘူမိလဒ္ဓုပ္ပန္န= အာရမ္မဏာဓိဂ္ဂဟိတုပ္ပန္န= အဝိက္ခမ္ဘိတုပ္ပန္န= အသမူဟတုပ္ပန္န-လေးပါးတို့ကိုသာ ပယ်သတ် လေသည်။ ဝတ္တမာနုပ္ပန္န= သမုဒါစာရုပ္ပန္န- ဘူတာပဂတုပ္ပန္န- ဩကာသ,က တုပ္ပန္န- လေးပါးတို့ကိုမူ- မဂ်က မပယ်သတ်၊ (ဝါ)

မဂ်ဉာဏ်နှင့်ပယ်သတ်ရမည်ဟု-မစွဲယူအပ်။ သို့သော်- မဂ်ဉာဏ်က- ပဌမလေးပါးကို ပါယ်သတ်အပ်သော်- ယင်းတို့ကိုလည်း ယထာ-ရဟအားဖြင့်-ပယ်သတ်မှုပြီးမြောက်လေတော့သည်ဟု သိအပ်၏။

ဤသို့အားဖြင့် ဥပ္ပန္နလေးပါး,နှစ်စားသော (၈)ပါးရှိသည့် သဘောတရားတို့ကို အနုသယကိလေသာတရားတို့၌ ခက်ခဲနက်နဲခြင်း-ကင်းစင်ရန် ဝေဘန်ပြအပ်ခဲ့ပြီးဖြစ်ရာဝယ်၊ ဤအနုသယကိလေသာအမည်ရ- ဘူမိလဒ္ဓုပ္ပန္န စသော တရားတို့ကိုလည်း-စောကြောသိသင့်ပါ၍ ဖေါ်ပြရပါသည်။ အဘယ်အကျိုးကိုလိုလား၍ ထည့်သွင်းပြအပ်ပါသနည်းဆိုသော်၊ ဥပ္ပါဒ-ပဝတ္တ-စသည်နှယ်ဝင်,ပုထုဇဉ်အဖြစ်၌၊ ဤ-ဥပ္ပန္နမည်သော- ဖြစ်ဆဲ, ဖြစ်ခြင်း၊ ဖြစ်လတံ့သော၊ ဥပ္ပန္နတရား(၈)ပါးတို့၏ အဆင့်ဆင့်အားဖြင့်- သခ်ံတနယ်မှာ-သခ်ါရအမြစ်တွယ်၍၊ ဥပ္ပါဒ- ပဝတ္တ စသည်ဖြင့် အဆက်မပြတ် ရစ်ပတ်ထားသော- သခ်ံတ သခ်ါရ တရားတို့၌၊ အသိဉာဏ်လင်းပြီး- ပိုင်းခြားထိုးထွင်း, ပြုနိုင်စေခြင်းငှါ ရည်ရွယ်၍ ပြအပ်ပါသည်။ ထိုဥပ္ပန္န (၈) ပါးတို့ဖြင့် ချယ်လှယ်ခံထားရသော သခ်ါရတရားစု၌၊ ဥပ္ပါဒ,ပဝတ္တ-မဆိတ်၍- နိမိတ်ပုံပန်းသဏ္ဍာန် ထင်ယောင်မြင်မှုဖြစ်ရသော အခင်းကို ပိုင်းခြားထိုးထွင်းသိသော ယောဂီအား၊ အနုပ္ပါဒ- အပဝတ္တ-စသည်မည်မှန်-မြတ်နိဗ္ဗာန်သို့၊ ဘယ်ပုံဘယ်နည်း- ချဉ်းကပ်ပြီးမှ-ဖေါက်ထွင်းဝင်ရောက်, အလင်းပေါက်နိုင်မည်ကို၊ ဓမ္မ-ပညာ-စက္ခုနှစ်ဖြာဖြင့်- မြင်သာအောင်အစဉ်ကြည့်လျက် "အပ္ပဏိဟိတ ဝတ္တက" အဖြစ်အားဖြင့်- ဥပ္ပါဒ-ပဝတ္တ,စသည် ရစ်ပတ်- ပုထုဇဉ်ဖြစ်ရပ်သို့၊ တဖန်ပြန်လည်၍- မကပ်မကျ-မသက်ဝင်ရအောင်-ကောန်ပင် ကြိုးစားသင့်လှပါတော့သည်။

# ကိလေသာဖြစ်ခြင်း-
# အကြောင်းရင်းလေးရပ်

(၁) အနုသယသည် .... မသိမှုက,စသည်၊
(၂) ကိလေသာသည်.... အနုသယက,စသည်၊
(၃) အနုသယသည် .... မသိမှုက-စ၍ဖြစ်ခဲ့သည်၊
(၄) ကိလေသာသည် ...အနုသယမှ စ၍ ဖြစ်ပြန်သည်၊

ထို့ကြောင့်- အနုသယသည်- ကိလေသာအသွင်ယူ၍ ထင်ရှားဖြစ်စေရန်- မူလဗီဇဖြစ်သဖြင့်-ဟေတုအကြောင်းမည်၏။

စည်နှင့် လက်ခတ်-ထိခိုက်အပ်မှ- အသံဓါတ်ထွက်သလို၊ အနုသယကို ကိလေသာ အသံထွက်၍ လာအောင်, အခိုက်ဓါတ်ဆောင် တရားလေးပါးရှိပါသည်။

**ကိလေသာဖြစ်ရပ်မစဲစေသည့်-လေးတွဲသောတရားတို့မှာ....**

(၁) ဥပ္ပါဒ =ခန္ဓာ,နာမ်,ရုပ်တို့၏-အာစယ,ဥပစယအားဖြင့် ဖြစ်မှု၊

(၂) ပဝတ္တ =ခန္ဓာ,နာမ်,ရုပ်တို့-အစဉ်မပြတ်,ဆက်စပ်ဖြစ်ပွားပေါ်မှု၊ (သန္တတိ=အခြင်းအရာ)

(၃) နိမိတ္တ =ခန္ဓာ,နာမ်,ရုပ်တို့မှ- အသွင်သဏ္ဍာန်- အထည်ဒြပ်, ကျား, မ, အနေ- ဘာဝ်ခြေ ဆောင်နေ ထင်လာစေမှု၊

(၄) အာယူဟန=ခန္ဓာ,နာမ်ရုပ်တရားတို့၏ (ဝါ) စိတ်,စေတသိက်,ရုပ်,တရားတို့၏၊ (ဝါ) ဝိညာဏ်,နာမ်,ရုပ်,တရားတို့၏၊ (ဝါ) ဝိညာဏ်, နာမ်ရုပ်, သဠာယတန,ဖဿ, ဝေဒနာ,တရားတို့၏ မိမိသဘောလက္ခဏာကိုဆောင်လျက် ပေါင်းစည်းအားထုတ်, သဲ့ယူဘိသကဲ့သို့ ကံ,စေတနာ,သင်္ခါရတရားသုံးပါးဖြစ်ပွားမှု။

## အဓိပ္ပါယ်အကျဉ်း-ရှင်းလင်းချက်

ထိုတရားလေးပါးတို့၏-အကျဉ်းမျှကို၊ ဤသို့- သိမှတ်,သက်ဝင်ပိုင်းခြား၍၊ ဉာဏသံဝေ,သမ္မပ္ပညာအခြေသို့ရောက်စေရာ၏။ ၎င်းလေးပါးသောတရားတို့တွင် "ဥပ္ပါဒ- ပဝတ္တ-နိမိတ္တ"သုံးပါးသော သဘောသဘာဝတရားတို့သည်၊ ဥပါဒါနက္ခန္ဓာ,သင်္ခါရတရားကို၊သင်္ခါရလောကမှ-သတ္တလောက,အထင်အစွဲဝင်အောင်,ဆောင်နှင်းတတ်သည့်-ဒုက္ခသစ္စာ၏ ပင်ရင်းတရားများဟု သိမှတ်အပ်၏။

လောကသုံးပါးဖြစ်ထွန်းရာ- သင်္ခတနယ်တွင်၊ သင်္ခါရ လောကသည်- အဓိက,ပဓါနလောကဖြစ်သည်၊ သတ္တလောကသည်-အကြောင်းသင်္ခါရတို့၏ အကျိုးဝိပါက,သင်္ခါရသဘောကြောင့်-သတ္တဝါဟု ထင်ရှားကောန်မရှိဘဲလျက်- ထင်စွဲယူငင်ရေတွက်ခြင်း,သတ်မှတ်ခြင်း,ဝေါဟာရအခင်းသို့ သက်ဝင်ရလေသည်။ သတ္တလောက,ဘုံဌာနတို့-ထူးဆန်းထွေလာ- စေတနာကြောင့်- အပြားပြား,အစားစား,ဖြစ်လေငြားရ၍၊ မှီတင်းခိုအောင်း,အပေါင်း

ခမ္မ- ရုပ်နာမ်မျှတို့- သတ္တအသွင်- တည်ရာဝင်သည့်- သြကာသ လောကကြီးကို၊ ဖန်တည်းသူငါ,မရှိပါဘဲ၊ ဖြစ်,တည်ပျက်အချက် ပြုပြင်မှု သင်္ခါရစနက်ကြောင့်-(ဝါ)သင်္ခါရစက်နှင့်တကွနက်သော "ပလုဇ္ဇတီတိ-လုဇ္ဇတီလောကော" ဟု သုံးရပ်သောလောက, အစ မူရင်း သင်္ခါရစာရင်းတွင် "ဥပ္ပါဒ-ပဝတ္တ-နိမိတ္တ" သဘောတို့ သည်-ဒုက္ခသစ္စာမဏ္ဍိုင်သဖွယ်-သခ်တနယ် ပြုပြင်တတ်ဘွယ်-စိတ်, စေတသိက်,ရုပ်,ပရမတ်မှ သင်္ခါရတွယ်ခါ- ခန္ဓာအစဉ်အဖြစ်နှင့်- စွဲဝင်လာပုံများကို၊ ဤသို့ပိုင်းခြားသိအပ်ရာပါသည်။

ထင်ရှားရှိခြင်း-ဥပါဒါနက္ခန္ဓာ-သင်္ခါရတရားအဖြစ်ကို၊ ဝိပါက, ဥပ္ပါဒက္ခဏသဘောဖြစ်သော-ရုပ်နာမ်ခန္ဓာတို့၏ ဦးစွာပဌမ, အာစယ-ဥပစယအဖြစ်ဖြင့်၊ ဥပ္ပါဒ-ဖြစ်ခြင်း ဥပါဒ်ခဏမှစတင်၍ ဌီ,ဘင်,လျှင် အဆုံးရှိသည့် ပဋိသန္ဓေခဏမှ စတင်ဝင်စွဲလာသော နာမ်ရုပ်အစဉ်သည် "ပဝတ္တ"အဖြစ်သို့ (ဝါ) ပဝတ္တိသစ္စာအဖြစ် သို့၊ပဋိသန္ဓေစိတ်၏ ဥပါဒ်,ဌီ,ဘင်,အချုပ်တွင်'အနန္တရ-သမနန္တရ' အကြား, အခြားမရှိ- ဒလစပ်ထဲသို့ ထင်ရအောင်, ထပ်ဆက် အားဖြင့်- ဆက်စပ်ပေးတတ်သော ပစ္စယသတ္တိကြောင့် (ဝါ) နာနက္ခဏိက, ကမ္မပစ္စယသတ္တိ-အခွင့်ရှိထောက်ပံ့တိုင်း,စိတ္တနိယာမ သဘောကြောင့် ပဝတ္တန္တိဌိတိ-အဆက်မပြတ်,ရုပ်နာမ်ခန္ဓာ-ဒလ စပ်ထဲဖြစ်နေမှုကို၊ သန္တတိပညတ် သဘောတွေ့ဖုံးပြီး၊ သဿတ ဝါဒအားဖြင့်-(ဝါ) နိစ္စမြဲတယ်,အမြဲရှိနေတယ် အထင်အားဖြင့် ဥပစယမှခဲ့တဲ့ "ထင်ရှားရှိတဲ့" (ဝါ) ထင်ရှားဆောင်ပြတဲ့ ပရ မတ္ထတရားတို့၏- အကျိုးဘောင်,ဒုက္ခသစ္စာကောင်- ရုပ်နာမ်ခန္ဓာ ဥပါဒ်,ဌီ,ဘင်မျှသဘောကို မစောကြော,မစစ်ဆေးနိုင်,မစစ်ဆေး တတ်ဘဲ၊ ပဝတ္တသဘောသည်လဲ အနန္တရ-သမနန္တရပစ္စယကြောင့်

လို့မပိုင်းခြားနိုင်ဘဲ၊ ပဝတ္တန္တိဋ္ဌိတိ-အခြင်းအရာ၌ သန္တတိပညတ်နှင့် အစဉ်ရှိထင်မှတ်ယူမိသည်ဖြစ်၍ သဿတဝါဒ- သဿတဒိဋ္ဌိဖြစ်ကြရတော့သည်။

ထိုသို့ ဥပါဒ်,ဋ္ဌီ,ဘင်,မျှသာ ထင်ရှားဆောင်နိုင်သော၊ ဥပါဒါနက္ခန္ဓာ-သင်္ခါရတရားတို့၏- "ဥပ္ပါဒ-ပဝတ္တ-နိမိတ္တ" အားဖြင့်ဆောင်နှင်းတတ်ခြင်းအလျဉ်၌၊ ခွဲခြားဝေဘန်-သင်္ခါရ ဖြစ်ပျက်စုကို! မမှ-ပညာ, စက္ခုနှစ်ဖြာဖြင့်- မမြင်သာအောင်, အဝိဇ္ဇာမှောင်ရေး- ယှက်ခါထွေးသည့်- ပုထုဇဉ် ဉာဏ်ပေမေးတို့သည်၊ "အာယူဟန" ခေါ် စိတ်စေတသိက်ရုပ်တို့၏, ပေါင်းထားဖြစ်ပေါ်-ခန္ဓာခေါ်ရမှု၌၊ပုဂ္ဂိုလ်,သတ္တဝါ,ငါ,သူတပါး၊ ယောကျ်ား မိန်းမ,ရှာမရသည်အမှန်-ကေန်ဖြစ်ပါလျက်၊ ပေါင်းစည်းသက်ဝင်,ဆွဲငင်သယ်ယူသကဲ့သို့ပင် ဖြစ်တတ်သော- ကံ, စေတနာ-သင်္ခါရသုံးပါးတို့တွင်၊ ပြုသူ-ခံစံ,ငါပင်ကေန်ဟု- ဥပ္ပါဒ, ပဝတ္တ, နိမိတ္တသဘော၌- သဿတဒိဋ္ဌိနှော၍- မြောပါလာခဲ့ကြရသည်အဖြစ်ကြောင့်၊ သကာယေ- ထင်ရှားအနေ-ဖြစ်ပျက်သင်္ခါရကို၊ သကာယတွင် ဒိဋ္ဌိကပ်၍- "သက္ကာယဒိဋ္ဌိ" အဖြစ်နှင့် အဝိဇ္ဇာနုသယ၏ အစလမ်းညွှန်ရာသို့ ကောက်ကောက်ပါအောင် လိုက်ခဲ့ကြရလေပြီ၊ လိုက်နေရလေပြီဟု.... ဉာဏ်ဖြင့် စူးစူးစိုက်စိုက်ကြည့်ရှုသုံးသပ်မိက၊ အနုသယမပြတ်သမျှ-ကိလေသာအထပ်ထပ်တွင်၊ အဝိဇ္ဇာနုသယ-ဒိဋ္ဌာနုသယတို့နှင့် ရာဂါနုသယတို့ အတူဖြစ်လာကြပုံသည်၊ ဤလေးပါးသောတရားဖြစ်သည့် "ဥပ္ပါဒ-ပဝတ္တ-နိမိတ္တ" ဒုက္ခသစ္စာ- ငါးခန္ဓာအတွင်းဝင်သည့်- သဘောဓမ္မစုနှင့် "အာယူဟန" သမုဒယသစ္စာ,အာဝီဘာဝနာကာရနည်းအားဖြင့် ထင်ရှားသည့်-မူလတပါးတို့ကြောင့်သာ ဖြစ်ပေါ်ရပုံ၊

ကိလေသာမဆိတ်သဖြင့် သင်္ခါရ, ဥပ္ပါဒ, ပဝတ္တ,နိမိတ္တ,မှမလွတ် နိုင်ဘဲ ဖြစ်တည်ပျက်,ဇာတိ,ဇရာ,မရဏ,နယ်ဝယ်၊တဝဲလယ်လယ်, အမြစ်တွယ်နေရပါတကားဟု စက္ခုမြသန်- ပုထုဇဉ်မှ.... အမှန် လွတ်မြောက်- အနုသယအညှော်- ကေန်မပေါက်အောင်- ဖြတ် တောက်ပယ်သတ်,ခုတ်ထွင်သင့်တော့ပါသတည်း။ ။

# ကိလေသာရပ်တန့်ရန် လေးပါးကား

အထက်၌ ပြဆိုအပ်ခဲ့ပြီးသော- ကိလေသာဖြစ်ပေါ်လာရန်- အခိုက်ဓါတ်လေးပါး စသည်တို့ကြောင့်- ဖြစ်ပေါ်ရခြင်းဖြစ်ရာ၊ ၎င်းလေးပါးကို ပြောင်းပြန် လှန်လိုက်နိုင်သော "အနုပ္ပါဒ- အပဝတ္တ–အနိမိတ္တ– အနာယူဟန" လေးမျိုး ဖြစ်အောင်- ကျင့် ဆောင်နိုင်ပါလျှင်-ကိလေသာဖြစ်ခွင့်ကို ရပ်တန့်၍သွားစေနိုင်၏။

ရပ်တန့်သွားရန်နည်းလမ်းမှာ၊ နောက်အခဏ်း၌- ဆက်လက် ပြသမည့်- ဝိပဿနာဉာဏ် (၁၃) တန်တို့အနက်၊ ငါးဆင့် မြောက် ဖြစ်သော၊ "ဘင်္ဂဉာဏ်" အဆင့်ရောက်လျှင်၊ အနု ပဿနာ (၇) ပါးတိုင် သက်ဝင်၍ လာတော့၏၊ ယင်းအနု ပဿနာတိုင်အောင်ရောက်လျှင်- ပဟာနပရိညာ နယ်ထဲသို့ရောက် လေသောကြောင့်၊အထက်ပါကိလေသာဖြစ်ပေါ်ရန်အကြောင်း လေးပါးကို ရပ်တန့် ပယ်သတ်လေ၏၊ ပယ်သတ် တတ်လျှင်၊ အနုပ္ပါဒသဘောများအရ၊ ကိလေသာတို့ ရပ်တန့်ရတော့သည်။ ထိုသို့- ကိုလေသာတို့ကို အဖန်ဖန် ရပ်တန့်စေရာမှ၊ လျှော်ကန် သော လောကုတ္တရာမဂ်သို့ သက်ဝင်ရခွင့် ကြုံသော်....၊ ကိလေ

သာတို့ ပြတ်စဲချုပ်ငြိမ်းတော့သည်၊ ကိလေသာတဒင်္ဂပြတ်သော် သံသရာလည်းတကန့်ရပ်သည်၊ ကိလေသာ သမုစ္ဆေဒပြတ်သော် သံသရာလည်း, လုံးဝ ချုပ်ပြတ်ရတော့သည်ဟု- မှတ်ရာ၏ ထို့ကြောင့်- အနုပ္ပါဒစသော ကိလေသာတန့်၍-ရပ်ခြင်း၊ ကိလေ သာ ပြတ်၍- သံသရာပြတ်ခြင်း သဘောတို့ကို- နောက်ပြမည့် ဝိပဿနာဉာဏ် (၁၃)တန်,အခဏ်း၌ ကြည့်ရှုပါရန်။ ။

# သံသရာနှင့် ဝိပဿနာ

**သံသရာဟူသည်**

(သံ) =အကြောင်းအပေါင်းနှင့်တကွသော- သမ္ပယုတ္တ, ရုပ်, နာမ်ဓမ္မ, ခန္ဓာပဉ္စက- ရခြင်း,ဖြစ်ခြင်း။

(သရ) =ရှည်ကြာကာလ- ကြဉ်လည်ရသည့်- ဖြစ်လိုက် ပျက်မှု- အစုစုတို့-မရပ်မနားဖြစ်ပေါ်နေရခြင်း။

နှစ်ရပ်ပေါင်းသော်= ရုပ်နာမ်ဓမ္မ- ခန္ဓာပဉ္စက- သင်္ခါရတရား တို့- မရပ်မနား- ထပ်ပြန်တလဲလဲ- ဒလစပ်ထဲ- ဖြစ်လိုက်,ပျက်မှု- အစုစုနှင့်- ရှည်ကြာစွာ ကြဉ်လည်နေရသည်ကို- သံသရာဟု ခေါ်သည်။

## သံသရာ နှစ်မျိုး

(၁) အကြောင်း သံသရာနှင့် (၂) အကျိုးသံသရာဟူ၍ နှစ်မျိုးဖြစ်သည်။

(၁) ရုပ်နာမ်ဓမ္မ- သင်္ခါရတရားတွေ- မရပ်မနား, ထပ်ခါ, ထပ်ခါ, ဒလစပ်ထဲ၊ ဖြစ်လိုက်, ပျက်လိုက် ရှိလာအောင်၊ ရှိနေ

အောင် မူတည်အရင်းခံဖြစ်သော၊ (ဝါ) အကြောင်းရင်းခံပေး နေသော (အနုသယကိလေသာ-ကံ-စိတ်-ဥတု-အာဟာရ)ပေါင်း ငါးပါးသော အကြောင်းတရားတို့ကို- အကြောင်း သံသရာဟု ခေါ်သည်၊ (အတိတ်နှင့် ပစ္စုပ္ပန်- နှစ်ရပ်ပေါင်းကို ဆိုလိုသည်)။ ပဋိစ္စသမုပ္ပါဒ် အင်္ဂါ ၁၂-ပါး အရ၊ အဝိဇ္ဇာ သင်္ခါရသည်- သံသရာ၏ အတိတ်အကြောင်း ဖြစ်၍ တဏှာ- ဥပါဒါန်- ကမ္မ ဘဝသည် ပစ္စုပ္ပန် အကြောင်းဖြစ်သည်၊ ချင်းရာ ၂၀-အရမူ၊ "အဝိဇ္ဇာ-သင်္ခါရ- တဏှာ-ဥပါဒါန်- ကမ္မဘဝ" တို့သည် အတိတ်, ပစ္စုပ္ပန် နှစ်တန်ခေါ်ရသော- အကြောင်းသံသရာပင် ဖြစ်တော့ သည်။ သုတ္တန္တ ဘာဇနီယ အားဖြင့်မူ- အတိတ်အကြောင်းတရား "အဝိဇ္ဇာ- တဏှာ-ကံ" နှင့် ပစ္စုပ္ပန်- ရုပ်အာဟာရ "တစ်" နှင့် နာမ်အာဟာရသုံးပါးဖြစ်သည်၊ တနည်း=ကံ, စိတ်, ဥတု, အာ ဟာရ- လေးပါးဖြစ်သည်၊ ၎င်းတို့ကိုပင် အကြောင်းသံသရာဟု ခေါ်ဆို အပ်၏။ ။သစ္စာ အားဖြင့်မူ- သမုဒယ သစ္စာသည်- အရိယ အဖြစ်နှင့် မျက်မှောက် ပြုရသည့်တိုင်, မလွဲနိုင်သော အကြောင်းသံသရာအစစ်ဖြစ်တော့သည်၊ ထို့ကြောင့်- ၎င်းသမု ဒယသစ္စာကို၊ ပဝတ္တိဟောတုသစ္စာ= အကျိုးသံသရာကို ဖြစ်စေ သော- အကြောင်း သံသရာ အမှန် ဟု- အကြောင်းသံသရာ အစားစားကို မကြိုးစား မဆည်းပူးမိရန် သတိ ချပ်သင့်ပါ တော့သည်။ ။

(၂) အထက်ပါ အကြောင်းရင်းငါးခုအရင်းခံ၍၊ စုံညီပြန် မှုကြောင့်၊ (ဝါ) အမျိုးမျိုး အဖုံဖုံ အကြောင်းစုံ တွေကို အကြောင်းဟောင်းပြတ်၍- အကြောင်းသစ် ထပ်မဆက်အောင်- မစွမ်းဆောင်, မသုခ်သင်နိုင်ခြင်းကြောင့်၊ အကြောင်းစုံညီလာ

သဖြင့်- ရုပ်ထား, တားမြစ်ထား, ပိတ်ပင်ထားနိုင်စွမ်းမရှိတော့ဘဲ ဖြစ်ပေါ်နေကြသည့်- အကျိုးသံသရာခေါ်တဲ့-ရုပ်နာမ်ခန္ဓာတွေ၊ (ဝ၊) အဗျာကတခေါ်-ရုပ်ခေတ်ကလာပ်လေးမျိုးနှင့် ဝိပါက် နာမ်,ကြိယာနာမ်တွေသည်၊ ပရိနိဗ္ဗာန်စံဝင်သည်ဟု ခေါ်သော သမုစ္ဆေဒမရဏကျသည့် တိုင်အောင်, မရပ်မနား,ထပ်ခါတလဲလဲ-ဒလစပ်ထဲ,ဖြစ်ပျက်မှုနှင့် ထင်ရှားဆောင်ရှိနေသည်ကို အကျိုး သံသရာဟု-ခေါ်သည်၊ ပဋိစ္စသမုပ္ပါဒ်နည်းအားဖြင့် “ဝိညာဏ်-နာမ်ရုပ်-သဠာယတန-ဖဿ, ဝေဒနာ” ငါးပါးသည် အကျိုး သံသရာဖြစ်သည်၊ သုတ္တန်နည်းအားဖြင့်- ခန္ဓာ,အာယတန,ဓါတ်, အစဉ်မပြတ်သည့်- သံသရာ့- ပဝတ္တိဖြစ်ရုပ်ကို- အကျိုးသံသရာဟု ခေါ်သည်၊ သစ္စာအားဖြင့်- လောဘကြဉ်သော- ငါးအင်ခန္ဓာ-ဝိညာဏ်,နာမ်,ရုပ်, သုံးဖြာသည်- အကျိုးသံသရာအမှန်ဖြစ်တော့ သည်၊ အရိယမဂ်နှင့် မျက်မှောက်ပြုရခြင်း ရောက် သည့် တိုင် ပဝတ္တိသစ္စာ-အကျိုးသံသရာဖြစ်တော့သည်ဟု ပိုင်းခြား,သိရာ၏။

ထို- အကျိုးသံသရာ- ဒုက္ခသစ္စာမှန်တဲ့၊ ဖြစ်ပျက် ထင်ရှား-ရုပ် နာမ်ခန္ဓာတရားကို၊ ဝိပဿနာဉာဏ်တွေကလဲ, မတားနိုင်၊ မဂ် ဉာဏ်တွေကလဲ ပစ္စုပ္ပန်အားဖြင့်- မဖြစ်ဘဲ ပြတ်သွား ရပ်သွား အောင်,မတားနိုင်ပေ၊ ထို့ကြောင့်- ပဝတ္တိဒုက္ခသစ္စာတရားဖြစ် သော- ရုပ်နာမ်ခန္ဓာတို့အား ဉာတပရိညာနဲ့-တီရဏပရိညာသော ပြဋ္ဌာန်းပြီး၊ “အပ္ပဟာတဗ္ဗ”တရားဟု ဟောတော်မူခြင်းဖြစ်ပါ သည်။ ၎င်းအပ္ပဟာတဗ္ဗဖြစ်တဲ့တရားကို၊ ရဟန္တာအရှင်သူမြတ်တို့ သည်ပင်လျှင်၊ အကျိုးသံသရာခေါ်တဲ့ ကမ္မဇရုပ်,စိတ္တဇရုပ်,ဥတုဇ ရုပ်,အာဟာရဇရုပ် (၄) မျိုးနှင့် ဝိပါက်နာမ်, ကြိယာနာမ်တွေ သည်- (နိရောဓသမာပတ်ခေါ်- ခဏနိဗ္ဗာန်စံမှုနှင့်) တကွဲအပြီး

အဆုံး-ပရိနိဗ္ဗာန်စံဝင်မှု-မပေါ်မခြင်း- ရပ်ထား၍မရ၊ ထပ်ခါ ထပ်ခါ- ဖြစ်ပျက်ခန္ဓာဆောင်နေရသေးတော့သည်။ (နိရောဓ, သမာပတ်၌- ရုပ်လေးမျိုးတို့တွင်၊ စိတ္တဇရုပ်သာ အခိုက်အတန့် အားဖြင့်ချုပ်၍၊ ကြွင်းရုပ်သုံးပါးမချုပ်ပါ၊ သို့ပါ၍- နိရောဓ သမာပတ်အခိုက်တွင်ဆင်ခြင်ယူသင့်၏။)

တားမြစ်နိုင်ပယ်သတ်နိုင်တဲ့- အကြောင်းသံသရာခေါ်- ရုပ် နာမ်တို့နှင့်တကွနက် ဖြစ်တတ်သည့်၊ အနုသယနှင့် ကံ=ထိုအနု သယကံ နှစ်ပါးနှင့်ယှဉ်စပ်၍ ဖြစ်ပေါ်တတ်သည့် စိတ္တုပ္ပါဒ် ပေါင်းသုံးပါးတို့ကိုသာ၊ (ဝါ) ပဟာနပရိညာ ပြဋ္ဌာန်းသည့်- သမုဒယသစ္စာကိုသာ၊ ဝိပဿနာဉာဏ်နှင့် မဂ်ဉာဏ်တို့က မဖြစ် ပေါ်လာအောင်တားနိုင်ပယ်နိုင်တော့၏။ (ဝါ) တားမြစ်နိုင် ပယ်ဖြုတ်နိုင်ကြတော့၏။

ဆက်လက်၍ အနည်းငယ် ရှင်းသွားအောင် ပြပါဦးမည်။ အကြောင်းသံသရာထဲက- ကံတရား၊ ထိုကံတရားသည်-စေတနာ သခ်ါရမှ အသွင်အမည်ပြောင်း၍လာခဲ့သည်၊ ထို ကံဖြစ်လာစေ သော သခ်ါရမှ စေတနာသည်လည်း၊ အနုသယကဆွပေး-အုံကြွ ပေးမှုကြောင့်၊ (ဝါ) အဝိဇ္ဇာနုသယ၏ ဖုံးလွှမ်းမသိ တွေဝေ မိုက်မဲတိ၍၊ အကုသိုလ်စေတနာ-ကံအညစ်ဖြစ်လာအောင်အုံကြွ ဆွပေးမှုကြောင့်- (ဝါ) ရာဂါနုသယနှစ်ဖြာ၏-ဘဝကောင်းရာ, ငါကောင်းရာကို၊ကပ်ငြိလိုလား-ရဘို့အားဖြင့်၊ ကုသိုလ်စေတနာ- ဖြူစွာကံသစ်-ထပ်ခါဖြစ်အောင် တဏှာရစ်ခါ- အုံကြွဆွပေးမှု ကြောင့်၊ အကုသိုလ်စေတနာနှင့်-ကာမကုသိုလ် စေတနာအမျိုး မျိုးအမည်ယူကာ-ဖြစ်ပေါ်၍လာကြ၏။ ထိုစေတနာအခိုက်၌- အပေါင်းပါ-အကုသိုလ်နှင့် ကုသိုလ်စိတ်အမျိုးမျိုးလည်း-ပါလာ

ရပြန်၏။ ။ဖေါ်ပြပါ- အနုသယ-ကံ၊ သို့မဟုတ်, စေတနာနှင့် စိတ္တုပ္ပါဒ်, ပေါင်းသုံးပါးတို့သည် ဥပါဒ်, ဌီ, ဘင်, အားဖြင့်, ခဏတ္တယမျှ တကြိမ်ပေါ်လာလိုက်ပါလျှင်၊ သံသရာလည်း တကြိမ်လည်သွားပြီးဖြစ်ပေါ်တော့သည်၊ (၀ါ) ၀ါလည်ဘို့ အခွင့်ရသွားတော့သည်၊ သံသရာ့စက်, တကွက်ကျယ်ထွက်သွား ပြန်တော့ပြီဟု ဆိုလိုသည်။

ဤကဲ့သို့ သိမ်မွေ့နက်နဲ အသိရခက်ခဲလှသော, အကြောင်း သံသရာဟူ၍ငင်း၊ အကျိုးသံသရာဟူ၍ငင်း-ခေါ်ဝေါ်နေကြတဲ့၊ အနုသယ- ကံ- စေတနာစိတ္တုပ္ပါဒ် သုံးရပ်တို့ကို၊ အနုပ္ပါဒအား ဖြင့် မဖြစ်မပေါ်ရအောင်၊ ပဟာတဗ္ဗ- ပယ်အပ်သောတရားတို့ ချုပ်ကွယ်နေအောင်- ချုပ်ကွယ်သွားအောင်၊ ဝိပဿနာဉာဏ် နှင့် မဂ်ဉာဏ်တို့ကသာ- တားမြစ်နိုင်တော့သည်.... ကန့်ကွက်နိုင် တော့သည်....ပယ်သတ်နိုင်တော့သည်ဖြစ်၏။

## တားမြစ်နိုင်ပုံကား

ဝိပဿနာဉာဏ်, မဂ်ဉာဏ်တို့ကသာ တားမြစ်ပယ်သတ်နိုင် သည်ဆိုရာဝယ်၊ မဂ်ဉာဏ်က ပယ်သတ်နိုင်ခြင်းမှာမူ- အထူးပြော ဘွယ် မလိုအပ်တော့ပါ၊ ရှေးဦးစွာတားမြစ်နိုင်သော ဝိပဿနာ ဉာဏ် အခြေခံ,အမှန်အဖြစ်သို့- ရဘို့သာ အရေးကြီးပါသည်။ ထို့ကြောင့်-ဝိပဿနာစစ်မှ- ဝိပဿနာဉာဏ်ဖြစ်မည်၊ ဝိပဿနာ ဉာဏ်အစစ်ဖြစ်မှ ကိလေသာအနုသယကို တားမြစ်နိုင်မည်ဖြစ်ရာ (ခန္ဓာဒိ သင်္ခတဓမ္မေ- အနိစ္စာဒိ ဝိဝိဓါကာရေန ပဿတီတိ

ဝိပဿနာ ၁) ဆိုတဲ့၊ ဝိပဿနာစစ်ဘို့လိုပါသည်၊ ထိုကဲ့သို့ဝိပဿနာစစ်မှန်ရေးအတွက် ရှေးဦးစွာ (သမုတိ ဋ္ဌပေတွာ ပဿတိတိ ဝိပဿနာ၂) ဆိုတဲ့ အချက်ကိုလဲ ပြည့်စုံစေရမည်။ ဒုတိယ— (ပညတ္တိံ ဋ္ဌပေတွာ ပဿတိတိ ဝိပဿနာ ၃) ဆိုတဲ့ ဝိပဿနာစစ်စစ်, ဉာဏ်တွေဖြစ်အောင် ကြိုးစားရမည်၊ ဒီလို ညီညွတ်စွာ ကြိုးစား, ပွားမျှားအားထုတ်နိုင်ရင်၊ "တိဏ်လက္ခဏာနိ အာရော

---

(၁) ခန္ဓာဒိ- ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏဟုဆိုအပ်သော- ခန္ဓာငါးပါး ရုပ်, နာမ်တရားတို့ကို၊ သင်္ခတဓမ္မ-ကံ-စိတ်,ဥတု,အာဟာရ- အကြောင်းတရားလေးပါး, ပြုပြင်စီရင်အပ်သောသဘော၌၊ အနိစ္စာဒိ-- အနိစ္စ, ဒုက္ခ, အနတ္တ,ဟု- အနုပဿနာသုံးပါးဆိုက်အောင် တင်ပြောလျက်၊ ဝိဝိဓါကာရေန-- ထိုသင်္ခတ သင်္ခါရတို့ကို- လက္ခဏာမှ လက္ခဏာဝန္တ တိုင်အောင်- အထူးထူး အပြားပြားသော အချင်းအရာဖြင့်၊ ပဿတိ–သမ္မာဒိဋ္ဌိ ဉာဏ်မြင်မိအောင် ရှုကြည့်ပွားများ၏၊ ဣတိတသ္မာ-- ထိုသို့ သမ္မာဒိဋ္ဌိဉာဏ် အမြင်မှန်ဖြင့်- မဂ်ဉာဏ် အားလျော်သော ပွားများမှုဖြစ်ခြင်းကြောင့်၊ ဝိပဿနာ-- ထူးမြတ်သော ပွားမျှားခြင်း ဝိပဿနာဘာဝနာဟူ၍၊ ဝုစ္စတိ-- ဆိုအပ်၏။

(၂–၃) သမုတိံ -- သမုတ်ခေါ်ကုန်,သမုတိသစ္စာအာရုံကို၊ ။လ။ ပညတ္တိံ -- သမုတိမမည်, ပရမတ္ထမဝင်, ဉာဏ်မယှဉ်လျှင်-အသိထင်သည့်- ပညတ်အာရုံစဉ်ကို၊ ဋ္ဌပေတွာ--ကြဉ်ဖယ်ထား၍၊ ပဿတိ-- ရှုကြည့်ပွားမျှား၏၊ ဣတိ-- ထိုသို့ ပညတ်ကြဉ်ထား-ဉာဏ်မြင်အားဖြင့် ပွားမျှားခြင်းကြောင့်၊ ဝိပဿနာ-- ထူးမြတ်-သော ဘာဝနာဟူ၍၊ ဝုစ္စတိ-- ဆိုအပ်၏။

ပေတွာ ဝိပဿနာ ပဋိပါတိယာ သင်္ခါရေ သမ္မသန္တော အရဟတ္တံ ဂဏှာတိတိ” ဆိုတဲ့ အဋ္ဌကထာစကားနဲ့အညီ= ခန္ဓာ့ရုပ်နာမ်, ဒုက္ခသစ္စာမှန်တရားတို့ကို၊ လက္ခဏာရေးသုံးပါး တင်ပြားလျက်၊ သုံးသပ်ဆင်ခြင်, ဝိပဿဉာဏ်စဉ်- အနုလောမ ပဋိပဒါအယာဉ်တိုင်အောင် သက်ဝင်ပွားမျှားနိုင်သော ယောဂီသူမြတ်အား- အရဟတ္တဖိုလ်ကို ရ ယူ နိုင် စွမ်း ရှိခြင်း နှင့် ပြည့်စုံပြီး၊ အကြောင်းဉာဏ်ဝိပဿနာမဂ်နှင့် အကျိုးဉာဏ် လောကုတ္တရာမဂ်သို့- သက်ဝင် ဆိုက်ရောက်အပ်ပြီ ဆိုပါလျှင်၊ ဆိုင်ရာမဂ်၏အစွမ်းဖြင့် သက်ဆိုင်ရာ ကိလေသာအနုသယအား- အပြီးသတ်, ပယ်သတ်နိုင်မည် ဖြစ်ပါတော့သည်။

ဤနေရာ၌- ဝိပဿနာအစစ်, အဖွင့်သဘောတို့ကို အမြွက်မျှဆို၍၊ ရှေ့လာမည့်အခဏ်းတွင်- မကျဉ်းမကျယ်, ဆက်လက်ပြဆိုပေးပါဦးမည်။ ထိုကဲ့သို့ စစ်မှန်သော ဝိပဿနာဉာဏ်, အမြတ်စားတွေကို-ရငြားပြီဆိုပါက၊ အကြောင်းသံသရာခေါ်တဲ့ အနုသယ-ကံ- စေတနာစိတ္တုပ္ပါဒ် ဤသုံးပါးတို့ “အာယူဟဋ္ဌန” အားဖြင့်- မပေါ်လာအောင်, စိတ်လက်နက်, သက်သက်မျှဖြင့်၊ မတားနိုင်, မကာကွယ်နိုင်ဘဲ၊ ဉာဏ်လက်နက်နှင့်မှသာ- တားနိုင်ကာကွယ်နိုင်မည်ဖြစ်ကြောင်း ကောင်းစွာသိအပ်ပါသည်။

ထိုဉာဏ်လက်နက် ပေါ်ထွက်၍လာရန်ကလည်း၊ ငါနှင့်(ဝါ) အတ္တသဘောနှင့် လုပ်ယူ- ဆွဲယူ- ဖန်တည်းယူ၍မရ၊ ဉာဏ်ပေါ်ထွက်လာနိုင် စေသော၊ သင်္ခါရ ဓမ္မသဘော ပေါ်လာမှု- ဓမ္မသဘာဝလမ်းပွင့်လာပြီး၊ ဉာဏ်ယှဉ်လာ, ပေါ်လာနိုင်ပါသည်။

အတ္တမပါ- ငါမဖက်, ကိလေသာစက်နှင့်ဝေးမှု၊ စိတ်အေးနူးညံ့လာမှု- ဖြူစင်သန့်ရှင်းလာမည်၊ ညစ်ကြေးမဝင်-ဖြူစင်လာမှု၊

သန္နိရှင်းသုဒ္ဓိ ဖြစ်ရှိလာမည်၊ သန္နိရှင်းသုဒ္ဓိ၊ အစဉ်ရှိမှ- အမြင်မှန်- ဉာဏ်အကြမ်းစား- ဝင်လာငြားမည်၊ အကြမ်းစားဉာဏ်၊ အမြင်မှန်မှ- ဉာဏ်အနုပဿနာ ဝင်သက်လာမည်၊ ဉာဏ်အနုပဿနာ (၇) ဖြာမှ- ဗလဝဝိပဿနာ- ဉာဏ်မဟာကစ၍၊ ပါရိဟာရိယဉာဏ်- ပဋိပဒါဉာဏဒဿန- အဆင့်ဆင့်တို့ဖြင့်၊ နိဗ္ဗေဒဘာဂိယ၊ ဝိပဿနာဉာဏ်ခေါ်- အနုသယကို တားမြစ်ဖေါက်ထွင်းနိုင်သော- ဝိဇ္ဇာဉာဏ်လက်နက်များ ဖြစ်၍လာရတော့သည်။

ထိုသို့-ဝိပဿနာဝိဇ္ဇာဉာဏ်ပေါ်နေခိုက်၊ အဝိဇ္ဇာခေါ်-မိစ္ဆာဉာဏ်ဟု-အမည်ရသော အနုသယတို့-တဏှာစေတနာတို့၊ ယင်းတို့နှင့် အပေါင်းပါ စိတ္တုပ္ပါဒ်အဖြာဖြာတို့သည်၊ ဖြစ်ခွင့်မရနိုင်ကြဘဲ၊ ပျောက်ကွယ်၍ နေကြရတော့၏။၎င်းတို့မဖြစ်မပေါ်နိုင်တဲ့အခိုက်သည်၊ ဝိပဿနာဝိဇ္ဇာဉာဏ် ဖြစ်ပေါ်နေမှသာဖြစ်သည်ဟု သိအပ်ပါသည်။ ထိုအခိုက်ကို သံသရာ့စက်၊ ရပ်သွားသောအခိုက်ဟုလည်းခေါ်သည်။ ။တဖန်ထပ်ရှင်းကြည့်ပါဦး။

အနုသယခေါ်-ကိလေသာ၏ဗီဇမျိုးစေ့သည်၊ ပုထုဇဉ်တို့နှင့်တကွ-အောက်အရိယာသုံးဦးတို့မှာပင်၊ ဝိပဿနာဉာဏ်ဖြစ်ခိုက်နှင့် ဖလသမာပတ် ဝင်စားဆဲအခါမှတပါး၊ လောကီစိတ်နှင့်စေတသိက်နာမ်တရားတွေ-ဖြစ်ပေါ်နေတိုင်းမှာ၊ တနည်းနည်းနှင့်မှီလျက်၊ကိန်းလျက်၊ပါရှိနေသေး၏။ ပါရှိနေသဖြင့်သာ- လူနတ်ဗြဟ္မာလို့ခေါ်တဲ့-ဘုံသုံးပါးတို့နှင့် ယှဉ်စပ်ငြိတွယ်သော- လောကီစိတ်တမျိုးမျိုးဖြစ်ပေါ်နိုင်သေး၏။ ထို့ကြောင့်- အနုသယတို့-ချယ်လှယ်နိုင်သော-စိတ်၊စေတသိက်၊ရုပ်မျိုးတွေ-ဖြစ်ခွင့်ပေါ်ခွင့်မရအောင်၊ ဝိပဿနာ ဝိဇ္ဇာဉာဏ်စစ်စစ်၊ ပေါ်လာ၊ ဖြစ်လာ၊ ချလာစေရန်- မဂ္ဂင်ရှစ်တန်နှင့်အညီ- သုံးလီသိက္ခာ၌ ရပ်တည်နိုင်

သည့် ပုဂ္ဂိုလ်အဖြစ်ကို၊ ခံယူရရှိနိုင်ခံယူရရှိပြီးသည်အထိ ကြိုးစားသင့်လှပါတော့သည်။

ဤသို့အားဖြင့် သတိသမ္ပဇဉ်-ဝိပဿနာဉာဏ်မယှဉ်နိုင်တိုင်း၊ ပမာဒတရားနှင့် အမြဲလိုလိုမေ့ငြားနေကြတိုင်း၊ နေရာတွေ့ဝင်ယူစွဲတတ်ကြသော၊ အကြောင်းသံသရာဟု အမည်ရင်းရကြသည့်၊ အနုသယ-ကံ-စေတနာစိတ္တုပ္ပါဒ်-တရားတို့အား၊ သိက္ခာသုံးပါးစုံလင်စွာ ပါရှိသော ဝိပဿနာဉာဏ်လက်နက်ဖြင့် အချက်ပေါင်းများစွာ- မနေမနား- ကြိုးစား၍- ချိုးဖျက်ပေးနိုင်မှသာလျှင်၊ တဒင်္ဂပဟာန်အတန်တန်ဖြင့်-ဝေကန်နှိပ်စက်ခံရသော-ကိလေသာအနုသယတရားတို့- ခေါင်းပါးမှေးမှိန်- ကွယ်ချုပ်ပျောက်ချိန်သို့- တစတစရောက်လျက်၊ အရိယာမဂ်-အထက်မျက်ဆုံးသော လက်နက်ကို- ပေါ်ထွက်ခါကိုင်စွဲ၍- အပြီးတိုင်သတ်- ဝဋ်ဇာတ်တွေ-ချုပ်ငြိမ်းစေရမည့် အခွင့်ကောင်းကြီး-ဖြောင့်ဖြူးပြီးနေဆဲတွင်၊ အပြီးတိုင်- ချုပ်ငြိမ်း ပယ်ဖျက်နိုင်ခြင်းသို့ ရောက်စေရန်- သဒ္ဓါ၊ သတိ၊ ဉာဏ်ပညာရှိစွာနှင့် သမ္ပဓါန်၊ ဝိရိယ ထူထောင်လျက်-မဂ္ဂ အပ္ပဏာ သမာဓိတို့ဖြင့်- နှိပ်ကွပ်အားခဲ- အောင်ပွဲခံယူနိုင်အောင်-ကြိုးစားကြပါကုန်လော့။ ။

ဤ "အနုသယ ဝိစာရဏာ ပဟာန ကထာ" ခေါ် = ဗုဒ္ဓ၏ "အနုသယစက်-စီစစ်ချေဖျက်ပုံ" တရားတော်မြတ်များကို ဤမျှနှင့် ကျေနပ်အဆုံးသတ်ပြီးလျှင်၊ ဝိပဿနာဆိုင်ရာ- ဘာဝနာပညာများကို ထိုက်သင့်သမျှ အကျဉ်းချုံး၍ ရှင်းလင်းပြဆိုပါဦးမည်။ (အကျယ်ကိုမူ- ဆက်လက်မည့်- "မဟာဉာဏ်အောင်" ဝိပဿနာပညာပေး- အလုပ်ပေးတရား" တွင် ဆက်လက် ခံရယူနိုင်ကြမည် ဖြစ်ပါသည်။)

# ဥာဏ်လက်နက်ပေါ်ထွက်လာနိုင်ပုံ
# ဝိပဿနာဘာဝနာဆိုင်ရာ-ပညာအဖိုဖို

တေဘူမ္မက- သံသာရဝဋ်ဒုက္ခအပေါင်းမှ- လွတ်မြောက်ရေးတွင်၊ လွတ်လိုချင်သည်မှာ၊ သတ္တဝါက,ပုဂ္ဂိုလ်က, လွတ်လိုခြင်းသဘောမျိုးတွေသာ ဖြစ်တတ်ကြရာ၊ သတ္တဝါရှိသည်, ပုဂ္ဂိုလ်ရှိသည်ဟူသော၊အမြင်,အယူ,အမှတ်,အသိ,ခိုင်မြဲနေသမျှ= ပုဂ္ဂိုလ်,သတ္တဝါအဖြစ်ကမလွတ်နိုင်၊ပုဂ္ဂိုလ်သတ္တဝါအဖြစ်က,မလွတ်သမျှတေဘူမ္မက ဝဋ်ဒုက္ခအပေါင်းမှလည်း မလွတ်နိုင်၊ ထိုသို့သော,အာသဝေါတရားတို့၏ယိုစီးရာ၊ဥပါဒါန်တရား၏အာရုံဖြစ်၍၊ဥပါဒါနက္ခန္ဓာဟု ခေါ်ဆိုခြင်း ခံရသော "**ရုပ်,နာမ်,ဓမ္မ,သင်္ခါရ**" အစု၌၊ ငါ့ရုပ်,ငါ့နာမ်,ငါ့သဏ္ဍာန်, ငါ့အကျိုး ဟူသော၊ အမြင်,အယူ, အမှတ်,အသိတို့ဖြင့်၊ အဝိဇ္ဇာနုသယက-ခိုင်မြဲစွာ ချီနှောင်ပေးထားခြင်းကို၊ပြေပျောက်လျော့ပါး,ကျွတ်လွတ်ထွက်မြောက်ရာသို့သွားလိုပါက၊အသင့်,ကျွတ်လွတ်ခွင့်ရရှိနိုင်အောင်၊လောကီ,သမ္မာဒိဋ္ဌိမဂ္ဂင်နှင့် **ရုပ်**,နယ်, **နာမ်**နယ်၌၊ အနုသယ- ကံ-စိတ်-ဥတု-အာဟာရနှင့် "ဗီဇနိယာမ-ဥတုနိယာမ- ကမ္မနိယာမ- စိတ္တနိယာမဓမ္မနိယာမ" ဆိုတဲ့၊ **ဓမ္မ**တာသဘော, သဘာဝတို့အရ၊ "**သင်္ခါရ**မျှသာ၊ သင်္ခတသင်္ခါရမျှသာ=အဘိသင်္ခါရမျှသာ=အဘိသင်္ခရဏသင်္ခါရမျှသာ=ပယောဂါဘိသင်္ခါရမျှသာ= " ဟု၎င်း၊ သင်္ခါရ-ဆိုလျှင် "အနိစ္စာဝတမျှသာ=ဒုက္ခာဝတမျှသာ= အနတ္တာဝတမျှသာ " ဟူ၍၎င်း၊ (၀၁) ပုဂ္ဂလ, သတ္တ, အတ္တ, ဇီဝ,– နိစ္စ,သုခ, ဓုဝ, သဿတ, သဏ္ဍာန,ဃန,သမူဟ,သန္တတိ,အစရှိသော၊သမုတိသစ္စာသဘော- ပညတ္တိအတ္ထ- ဝေါဟာရမျှသာဖြစ်ပုံတို့ကို-

အဟုတ်မရှိ-တမုဟုတ်သိရုံမျှသဘော- ဝိပါက, ရုပ်နာမ်အလျှင်၌၊ ပဋ္ဌဝိညာဏ်ထက်ပိုလွန်၍၊ မထင်,မမြင်,မမှတ်,မသိ, မစွဲငြိအောင်၊ နှါဖဲနိုင်သည့် ဝိပဿနာသမ္မာဒိဋ္ဌိပညာကို၊ (ဝါ)ဒုက္ခက္ခယဂါမိနီ ပညာကို၊ (ဝါ) နိဗ္ဗေဓိကပညာကို၊ ပိုင်းခြားထင်ထင်,ဉာဏ်နှင့် ယှဉ်၍၊ အမြင်,အယူ,အမှတ်,အသိ,=သမ္မာဒိဋ္ဌိအဖြစ်-အမှန်ပညာ မိကာ-ဆည်းပူးခြုံငုံ ရင်၌လုံ၍သာလျှင်၊ ထိုဉပါဒါနက္ခန္ဓာခေါ်ရ **"ရုပ်နာမ်ဓမ္မ သင်္ခါရ"**တရားတို့မှ၊ "အနုပ္ပါဒ-အပဝတ္တ-အနိမိတ္တ-အနာယူဟန" အဖန်ဖန်ရသည့် ဝိပဿနာဉာဏ်အမြတ်ကို ထူထောင်ကြရမည်ဖြစ်ပါပေသည်။

ထိုသို့-ဝိပဿနာပညာစက္ခု= မြင်မှုရှိသော ယောဂါဝစရပုဂ္ဂိုလ်သည်၊ အထက်ပါ ပြခဲ့သည့်၊ **ရုပ်,နာမ်,ဓမ္မ,သင်္ခါရ**-တို့၌ ကျွမ်းကျင်လိမ္မာလိုသည့်အတိုင်း၊ (ဝါ) ကျွမ်းကျင်လိမ္မာသည့် အတိုင်း....

# "ကမ္မဇရုပ်ပိုင်းဆိုင်ရာ"

မိမိ၏- ပစ္စုပ္ပန်ဆတ်ဆတ်အားဖြင့် - ဖြစ်ပေါ်တတ်သော-ခန္ဓာငါးပါး ရုပ်နာမ်တရားတို့၌၊ ငါးဖြာအာရုံ, ကာမဂုဏ်ဟုဆိုသည့်- ရူပ, သဒ္ဒ, ဂန္ဓ, ရသ, ဖောဋ္ဌဗ္ဗ,ဟူသော "အာရုံ" နှင့် စက္ခု,သောတ,ဃာန,ဇိဝှါ,ကာယ,=မှီကာကျလာသည့်-ပဋ္ဌဒွါရာ ဝဇ္ဇန်း, ဆင်ခြင်ခဏ်းတည်းဟူသော "အာရမ္မဏိက" စိတ္တုပ္ပါဒ် ဖြစ်အောင်၊ မြင်မှု-ကြားမှု-နံမှု- စားမှု- တွေ့ထိမှု- တရားတို့သည်၊ ငါ၌မဖြစ်, ပုဂ္ဂိုလ်၌မဖြစ်, သတ္တဝါတို့၌မဖြစ်၊ ကမ္မဇရုပ်၌သာ ဖြစ်သည်၊ ကမ္မဇရုပ်၌သာ ထိခိုက်သည်၊ ကမ္မဇရုပ်၌သာ စွဲမှီ၍

ဖြစ်သည်၊ ထိုကမ္မဇရုပ်၌- စွဲမှီပေါင်းဆုံ၍- ဖြစ်ခြင်းသဘော ဆောင်သည့် ရူပ,သဒ္ဒ,ဂန္ဓ,ရသ,ဖောဋ္ဌဗ္ဗ-ဟူသောအာရုံအရပ်ရပ် တို့သည်၊ ဝတ္ထုရုပ်လည်းခေါ်-အဇ္ဈတ္တရုပ်လည်းမည်သော-ကမ္မဇ ရုပ်ငါးပါးကို ဒွါရ-အပေါက်, တံခါးသဖွယ်ပြု၍၊ ဝင်ချည်, ထွက်ချည်,အလီလီဖြစ်ပျက်"အာရုံရုပ်""အာရမ္မဏိကစိတ်နာမ်" တို့နှင့် ကမ္မဇရုပ်တွင် မှီဝင်ပေါင်းဆုံလျက်- ဝိပါကစနက်ကို အချက်ကျကျ-ဉာဏ်မြင်နှင့် သုံးသပ် ဆင်ခြင်လျက်၊ ပဉ္စဝိညာဏ်, ဝိပါက်အဗျာကတ, စိတ္တုပ္ပါဒ်ကို၊ ရှေ့နားတထောက်, အကု သိုလ်ဇောမရောက်မှီ- မနောဒွါရာဝဇ္ဇန်းဆင်ခြင်ခဏ်း- ဝိပဿနာ စိတ်ဖြင့်, ခွဲခြမ်းစိတ်ဖြာ၍၊ ငါမပါ, ငါ၌မဖြစ်, အကျိုးကိရိ ယာဖလ, ဝိပါက,သဘောတွင်ပင်၊ အစဉ်ဖြစ်ပျက်, အနိစ္စအချက် မှုစ၍၊ တထောက်မနား- ကပ်ရောက်ငြားသည့်- ငါးပါးအာရုံ, ကာမဂုဏ်တရားတို့၏- အဖုံဖုံနှိပ်စက်-ဆင်းရဲတွင်းနက်ပုံကို၊ ကွင်း ကွင်းကွက်ကွက်- အချက်ကျကျ- ကမ္မဇကလာပတို့၌ ချဉ်းကပ် ဖြစ်တတ်သော- ဝိပါကဝဋ္ဋ်ပါတကားဟု... အနုပဿနာသုံးတန် ကျေနပ်ထင်မိအောင်၊ (ဝါ)အနုပဿနာ ကျေနပ်ရာဝယ်၊ ငါ မြင်-ငါကြား-ငါနံ-ငါစား- ငါထိ-ငါသိမပါ၊ အနတ္တကို အခြေခံ ကာ၊ ဖြစ်ပြန်ဒုက္ခ- ပျက်အနိစ္စဟု- ဉာဏ်မြင် ထင်ရှားအောင်၊ အဖန်ဖန်အားဖြင့်, စေ့စေ့စပ်စပ်-စူးစူးစိုက်စိုက် ကြိုးစားလိုက် နိုင်အောင်, ကျင့်ဆောင်ရပါသည်။

**(ဤနေရာ၌)** ကမ္မဇရုပ်တို့မှာ= (ဝတ္ထုရုပ်ခြောက်ပါးသည် ဝိပါက်မနောဓါတ်၏ မှီရာဝတ္ထုဖြစ်၍၊ ဟဒယရုပ်ကို-- ကမ္မဇရုပ် ဖြစ်သော်လည်း ဝတ္ထုရုပ်ဟုခေါ်ရရာ၊ ၎င်းကိုငဲ့သောအားဖြင့် ပသာဒ- ကမ္မဇရုပ်ငါးပါးကို ပေါင်းလျက် ဝတ္ထုရုပ်ဟု ခေါ်

သည်။) ထို့ကြောင့်၊ ဝတ္ထုရုပ် (၆)ပါး၊ ဘာဝရုပ် (၂)ပါး၊ ဇီဝိတရုပ် (၁)ပါး၊ ပေါင်း (၉) ပါးသည်- ကမ္မဇရုပ်- ကံကြောင့်ဖြစ်သော ရုပ်တရားများ ဖြစ်ပါသည်။ ဝတ္ထုရုပ် (၆) ပါးမှ- ပသာဒကမ္မဇရုပ်ငါးပါးကို- အရင်းခံထား၍ပြခြားသော်လည်း- ဘာဝရုပ်နှစ်ပါးကိုပြန်ကြည့်ရင်လဲ၊ ဣတ္ထိဘာဝရုပ်သည် ပုရိသဘာဝရုပ်၌- အပြစ်ကို၊ (ဝါ) အမှန်ကို ဖုံးလွှမ်းလျက်-သာယာကပ်ငြိတတ်၏။ ပုရိသဘာဝရုပ်သည်လည်း ဣတ္ထိဘာဝရုပ်၌၊ အပြစ်ကို ဖုံးလွှမ်းလျက် (ဝါ) အမှန်ကိုဖုံးလွှမ်းလျက် သာယာကပ်ငြိတတ်၏။ (ဤနေရာတွင်, ရုပ်ကဖုံးလွှမ်းသာယာကပ်ငြိနိုင်သည်မဟုတ်၊ ရုပ်ကိုမှီ၍- အဝိဇ္ဇာနုသယက,ဖုံးလွှမ်းပြီး ရာဂါနုသယက, သာယာ ကပ်ငြိတတ် ဖြစ်ပေါ် တတ် ခြင်း ကို ဥဒ္ဒေသျှုပစာရအားဖြင့် တင်စား၍ ဆိုအပ်၏။) ဝိသဘာဂအာရုံဖြစ်သော-ဣတ္ထိ-- ပုရိသ, ဘာဝတို့- ကာယသံသဂ္ဂ, ဝစီသံသဂ္ဂ, မနောသံသဂ္ဂ,မေထုန်ကြီးများနှင့် မေထုန်ငယ် (၇) ပါးအားဖြင့် ကျက်စားနိုင်ကြသည်မှာ- (ဝါ) သခါရ ဖြစ်နိုင်ကြသည်မှာ၊ ပုဂ္ဂိုလ်,သတ္တဝါ, ယောကျ်ား, မိန်းမအားဖြင့်မဟုတ်၊ ကမ္မဇရုပ်ကြောင့်= ကမ္မဇရုပ်ကိုအမှီရနေတဲ့- အဝိဇ္ဇာ- တဏှာကြောင့်လို့ ပိုင်းခြားသိပါ၊ ရုပ်ဆိုလျှင်- ဖေါက်ပြန်,ပျက်စီး-အချိန်နှီးဆင်းရဲ-အစိုးမရနိုင်ဘဲသာ၊ အနိစ္စာဝတ-မမြဲခြင်းစင်စစ် ကေန် အမှန်တရားပါတကား။ ဒုက္ခဝတ-- ဆင်းရဲခြင်း စင်စစ်-ကေန်, အမှန်တရားပါတကား။အနတ္တာဝတ=အနှစ်ဗလာ-လိုရာမလိုက်-အစိုးရခြင်းငှါမထိုက်သည့်အမှန်တရားပါတကားဟု- နက်နက်နဲနဲ- ဝေခွဲသိပါ။ ကမ္မဇရုပ်ကိုမှီငြား-သိဆဲတရား-မဟာကုသိုလ်ဉာဏ်တရားလည်း ကုသလံ-ခန္ဓ-အနိစ္စံ-ဒုက္ခံ-အနတ္တံ,ပါတကားဟု ထပ်ဆင့်

ရှုပါ၊ ကုသလံခန္ဓံ-ပြောင်းရွှေ့ရန်ကို တဏှာဝင်စွက် သာယာ မိချက်ကလေးများဖြစ်ပေါ်သွားရင်လဲ အကုသလံခန္ဓံ- အနိစ္စံ- ဒုက္ခံ-အနတ္တံဟု အစွဲမသန်မိအောင်, လက္ခဏာတင်ကြည့်လျက် အနုပဿနာသုံးပါးမိအောင် ရှုပါ။ ။ကမ္မဇရုပ်ဖြစ်သော ဇီဝိတရုပ်မှာ နိဿယ,သဟဇာတ, အညမည- ပစ္စည်းတပါးပါးနှင့် ယှဉ်တိုင်း ခန္ဓာငါးရပ်-ဖြစ်တတ်မစဲ- ရုပ်နာမ်တွဲသည့်အထဲတွင် ပါဝင်သည်ဟု သိပါ။ ဤကဲ့သို့ စိတ်,စေတသိက်, ရုပ်-သင်္ခတ ပရမတ်-သင်္ခတတရားတို့သည်၊ သင်္ခါရလောကတွင်းသို့ သက်ဝင်ရာ၌၊ ကမ္မဇရုပ်တို့၌ဖြစ်ခြင်း၊ ကမ္မဇရုပ်တို့နှင့်ယှဉ်ခြင်း၊ ကမ္မဇရုပ်တို့၌ မှီခြင်း၊ ကမ္မဇရုပ်တို့နှင့်ပေါင်းဆုံခြင်း၊ သင်္ခါရတရားသာဖြစ်သည်၊ ငါ၌မဖြစ်၊ ငါနှင့်မဖြစ်၊ပုဂ္ဂိုလ်၌မဖြစ်၊ သတ္တဝါ၌ မဖြစ်ဟု အစအဦး သိမ်းဆည်းမှုပြု၍၊ ဖြစ်မှုပိုင်းခြား= ပျက်မှုထင်ရှားပုံအတွင်းသားဝယ်၊ အနုပဿနာ သုံးတန်- ကောန်ပြည့်စုံလာအောင်- ရှုမှတ်ပိုင်းခြား ပွားများရာပါသည်။ ။

(**မှတ်ရန်**) ၎င်းကမ္မဇ- ပသာဒ ရုပ်အပေါင်း၏ သဘောသဘာဝများကိုစွဲ၍၊ ပသာဒ-ကာယဟုလည်း ခေါ်ဆိုအပ်၏။ ထို့ကြောင့် ပသာဒကာယ၌ တင်စား၍၊ ဝိပဿနာဉာဏ်များ ဝင်စားနိုင်ပါသည်။ (ဝါ) အမြင်, အယူ, အမှတ်, အသိ, တို့ကို သမ္မာဒိဋ္ဌိဉာဏ်-ကောန်ဖြစ်စေရာပါသည်။

## "စိတ္တဇရုပ်ပိုင်းဆိုင်ရာ"

စိတ္တဇရုပ်သဘောတို့တွင်လည်း လျှောင်း, ထိုင်, ရပ်, သွား, လေးပါးသော ဣရိယာပထ အာကာရ အခြင်းအရာသဘောတို့သည်၊ ငါ၌ဖြစ်သည်မဟုတ်၊ ပုဂ္ဂိုလ်,သတ္တဝါ၌လည်း ဖြစ်သည်

မဟုတ်။ စိတ္တဇဝါယော, ရုပ်ဓါတ်သဘောတို့၏ ထောက်ကန့်-
လှုပ်ရှား-အစားစားသော ဗျာပါရအမှုတို့ဩသာဖြစ်သည်။ ထို
ဣရိယာပထလေးပါးတို့တွင် လျှောင်း,ထိုင်,ရပ်,သွား, ပြုပြင်ငြား
တိုင်း ငါ,သူ-ယောကျ်ား, မိန်းမ--ဆင်,မြင်း,ကျွဲ,နွား-ခွေး,ကြက်
ငှက်ဟု မရှိပညတ်-သမုတိဇာတ်ကို၊ တပ်အပ်စွဲယူ- သက္ကာယဒိဋ္ဌိ
နှင့်သာအတူတွဲ၍၊ မြင်သိ,မှတ်သား, ခံစား, စေ့ဆော်,ပြုလုပ်နေ
ကြပါက၊ သံသရာ့ဝဲဇလုပ်မှ ဒုက္ခခန္ဓာ့ဝန်ကို ဘယ်တော့မှ ဆွဲ
ထုတ်ရာကျတော့မည်မဟုတ်ပါ။ (ဝါ) ဆွဲထုတ်နိုင်တော့မည်
မဟုတ်ပါ။ စွဲကြပုံဘခွင်မှာလည်း ဤဣရိယာပထလေးပါးတွင်
သာမက—ရှေ့သို့တက်ခြင်း၊ နောက်သို့ဆုတ်ခြင်း၊ တူရူကြည့်
ခြင်း၊ တစောင်းကြည့်ခြင်း၊ ဆန့်ခြင်း,ကွေးခြင်း၊ကိုင်တွယ်ခြင်း၊
ချုလွှတ်ခြင်း၊ ဝန်ကိုဆောင်ခြင်း၊ ဝန်ကိုချခြင်း၊ ဝတ်စားတန်
ဆာဆင်ယင်ခြင်း၊ ချွတ်ခွါခြင်း၊ စားခြင်း၊ သောက်ခြင်း၊ခဲခြင်း၊
လျက်ခြင်း၊ မျိုခြင်း၊ ထွေးအံခြင်း၊ ပွတ်တိုက်ဆုပ်နယ်ခြင်း၊
လှုပ်ရှားမှုအထွေထွေပြုခြင်း၊ အိပ်စက်ခြင်း၊ နိုးကြွခြင်း၊ စကား
ဆိုခြင်း၊ ဆိတ်ဆိတ်နေခြင်း၊ ရှုခြင်း၊ ရှိုက်ခြင်း အစရှိသော
ကာယဝိညတ်,ဝစီဝိညတ်၊ မှန်သမျှခိုအောင်း,သင်္ခါရမှုအပေါင်း
တို့သည်၊ ငါ၌ဖြစ်သည်, ပုဂ္ဂိုလ် သတ္တဝါတို့၌ ဖြစ်သည်ဟုသာ
အထင်,အမြင်,အယူ,အမှတ်,အသိ,လွဲလျက်ရှိကြတော့၏။ စင်စစ်
အားဖြင့်မူ ငါ,သူတပါး, ယောကျ်ား, မိန်းမ, ပုဂ္ဂိုလ်, သတ္တဝါ
တို့၌မဖြစ်၊ (ဝါ) ၎င်းတို့ကြောင့်လည်း မဖြစ်၊ မရှိသောတရား
က,မရှိသောတရား၌-ဘယ်လိုနည်းနဲ့မှမဖြစ်၊ထင်ရှားရှိသော(ဝါ)
သင်္ခတပရမတ်အားဖြင့်- ထင်ရှားဆောင်ပြတတ်သော ရူပက္ခန္ဓာ
ခေါ်ရ ၂၈-ပါးသော ဖေါက်ပြန်တတ်သည့် ရုပ်တရားတို့၌

ဝါယောဓါတ်ရုပ်-စိတ်စိုးအုပ်၍ တုန်လှုပ်သွားလာ-ထောက်ကန်ခါဖြင့်-မှုယာဗျာပါရအစဉ်-အာကာရတခွင်-အခြင်းအရာ အစားစား, ဖြစ်ပွားသွားခြင်းသာဖြစ်ပါသည်။

ဤစိတ္တဇကလာပ်သဘော အာကာရနေ့ာ၍- ပြုသောအခြင်းအရာ-သင်္ခါရအဖြာဖြာသည်၊ ရုပ်ကြောင့်သက်သက်- တန်ခိုးရှိန်စော်ထွက်၍-ပြုနိုင်ရက်သည်မဟုတ်၊ နာမ်ကြောင့်သက်သက်-စိတ်ကစွက်၍- တန်ခိုးရှိန်စော်- ဆန္ဒပေါ်တိုင်းလည်း ပြုနိုင်စွမ်းသည်လည်းမဟုတ်၊ ရုပ်သက်သက်-နာမ်စိတ်မရှိလျှင် အဘယ်ဣရိယာပထမှ မဖြစ်၊ နာမ်စိတ်သက်သက်- ရုပ်မစွက်လျှင်- ဘယ်အချက်အလက် သင်္ခါရစက်မှုလဲမဖြစ်၊ ထို့ကြောင့် (အထခေါ- နာမံ နိဿာယ ရူပံ ပဝတ္တတိ၊ ရူပံနိဿာယ နာမံ ပဝတ္တတိ) ဝိသုဒ္ဓိမဂ်-ဖွင့်ဆိုတော်မူချက်အတိုင်းသာ-ကိုယ်ပိုင်, စွမ်းပကား ခရှိြေား သည့်- ငါ, သူတပါး, ယောကျ်ား, မိန်းမ, ပုဂ္ဂိုလ်, သတ္တဝါ, အသက်လိပ်ပြာ ကင်းမဲ့သည့် ဖေါက်ပြန်တတ်ငြား-ရုပ်တရားနှင့် ဆန်းကြယ်စွာ စီရင်- မနောပုဗ္ဗင်္ဂမအသွင်ဖြင့် ခေါင်းဆောင်တတ်သော (၂၅) ပါး စိတ်နာမ်တရားတို့- ပေါင်းဆုံ ယှဉ်တွဲကြမှ ဤဣရိယာပထစသည်တို့ မုချဖြစ်ကြရခြင်းဖြစ်ပါသည်။ ငါမပါ ပုဂ္ဂိုလ်မရှိ- ယောကျ်ား, မိန်းမ, နတ္ထိဖြစ်လျက်၊ အသက်ဇီဝ ါ- မဟုတ်ပါသော-ရုပ်နာမ်နှစ်ဖြာအတွင်း၌- စိတ္တသမုဋ္ဌာန်-ဝါယောရုပ်ဓါတ်-ဦးဆောင်ပြန်၍ အတန်တန်သော- အာကာရအခြင်းအရာမျှတို့သည်သာ၊ ဖြစ်ကပျက်မြဲ-ဒုက္ခဝဲ၌ တဝဲလယ်လယ်နှင့်အသစ်ဖြစ်လျက်-အဟောင်းပျက်မှု-နှစ်ပါးစုကို မကျော်လွန်နိုင်, မစိုးပိုင်သော- အနတ္တသဘောတိုင်- အနုပဿနာသုံးပါး-ထင်ငြားအောင်, ဝင်စားကြရပါသည်။ ။

(ဤနေရာ၌) စိတ္တဇရုပ်ကေန်ဖြစ်သော၊ ကာယဝိညတ်, ဝစီဝိညတ်,ရုပ်ကိုသာ၊ အဓိကထား၍ ပြဆိုခြင်းဖြစ်ပါသည်။ သဒ္ဒရုပ်သည်-စိတ်ကြောင့်ရင်း၊ ဥတုကြောင့်ရင်းဖြစ်၍၊ ဒွိဇရုပ်ဖြစ်သည်၊ ဝိကာရရုပ်သုံးပါးမှာလည်း၊ ထိုနည်းတူစွာ စိတ်,ဥတု,နှစ်ပါးကြောင့်လည်းဖြစ်၏။ အာဟာရကြောင့်လည်း ဖြစ်၏ဟုသိမှတ်ရာ၏။ အထက်ပါ ပြဆိုချက်, အချင်းအရာ- အာကာရပစ္စုပဋ္ဌာန်များဝယ်၊ သဒ္ဒရုပ်,ဝိကာရရုပ်သုံးခုတို့ကို၊ စိတ်ကြောင့်ဖြစ်ခြင်းထင်ရှားလျှင်-စိတ္တသမုဋ္ဌာန်နှင့် ပိုင်းခြား၍၊ ဥတုကြောင့်ထင်ရှားလျှင်- ဥတုသမုဋ္ဌာန်နှင့် ပိုင်းခြားပြီး၊ ဝိကာရရုပ်သုံးပါးကိုမူ၊ ရံခါ-အာဟာရကြောင့်-ထင်ရှားဖြစ်ခြင်း၌လည်း အာဟာရသမုဋ္ဌာန်နှင့် ပိုင်းခြား၍၊ ပုဂ္ဂိုလ်,သတ္တဝါ, သဉ်းဆိတ်၍ သွားအောင်-ဆင်ခြင်လျက်၊ အနုပဿနာသုံးပါးထက်သို့ သက်ဝင်အောင်ပွါးများပါလေ။ ။

(**မှတ်ရန်**) ၎င်-, စိတ္တဇရုပ်အပေါင်း၏- လှုပ်ရှားပြောင်းလွှဲ-ဆောင်နှင်းတတ်ခြင်း သဘောကိုစွဲ၍- စောပနာကာယဟုလည်း ခေါ်ဆိုအပ်၏။ ထို့ကြောင့် စောပနာကာယသဘော၌ တင်စား၍လည်း ဉာဏ်ဝင်စားနိုင်ပါသည်။ (ဝါ) အမြင်,အယူ,အသိ,အမှတ်,တို့ကို သမ္မာဒိဋ္ဌိဉာဏ်ဖြစ်စေရာပါသည်။ ။

# "ဥတုဇ ရုပ်ပိုင်းဆိုင်ရာ"

ဥတုဇရုပ်၏- အဓိကရုပ်သဘောတို့ကို စီစစ်ပြန်လျှင်လည်း၊ ၃၂-ကောဋ္ဌာသဟူသော ရုပ်အစုအဝေးသည် ဥတုဇရုပ်ပဓါနဖြစ်သည်။ ၎င်းကို ပထဝီဦးဆောင်ရုပ် ၂၀။ အာပေါဦးစီးရုပ်

၁၂-ပါးဟုဆိုအပ်ပြီး၊ ပဋိသန္ဓေခဏမှစ၍၊ သဏ္ဌာနပညတ်နှင့် ယှဉ်စပ်၍လာခဲ့ရသော ရုပ်ဖြစ်သည်။ ဘယ်လိုယှဉ်ခဲ့သနည်းဆို သော်=ဥတုသမုဋ္ဌာန်သဘောသည်၊ ဗဟိဒ္ဓအရ-ဥဏှ,သီတ,ပူအေး သဘောမျှဖြစ်သည်။ ထိုသဘောနှစ်ခု- ဥတုကြောင့်ဖြစ်သောရုပ် သည်၊ ပဋိသန္ဓေစိတ်၏ ဥပါဒ်ခဏ၌ဖြစ်သော- ကမ္မဇရုပ်ကလာပ် ထဲ၌-ဥတုခေါ်- တေဇောဓါတ်သည်ပါ၏၊ ၎င်းတေဇောဓါတ် သည်၊ ပဋိသန္ဓေ၏ ဌီခဏသို့ရောက်သောအခါ၊ ပဌမဘဝင်,ခေါ် တွင်ရမည့်- ပဝတ္တိဝိပါက်ဝိဉာဉ်- ဘဝင်စိတ်ဖြစ်မည်ကေန်- စိတ္တ နိယာမသဘောမှ- ပစ္စာဇာတပစ္စည်း အထောက်အပံ့ကိုရ၍၊ ဥတုဇရုပ်ကလာပ်ကိုဖြစ်စေ၏။ (ဝါ) ဥတုဇရုပ်ကလာပ်သည် ဖြစ်၏။ ထိုနည်းအတူ- ခဏတိုင်း,ခဏတိုင်း၌ဖြစ်သော- ကမ္မဇရုပ် တို့၌ပါသည့် ဥတုသည်၊ ၎င်းတို့၏ ဌီသို့ရောက်တိုင်း,ရောက်တိုင်း၊ ဥတုဇရုပ်ကလာပ်တို့ကို ဖြစ်စေတတ်၏။ ထိုကဲ့သို့-ကမ္မဇရုပ်ထဲမှာ ပါသော ဥတုခေါ် ဥဏှ,သီတ, တေဇောဓါတ်ဟု ဆိုအပ်သော ဥတုသဘောတို့ကလည်း မိမိတို့၏ ဌီခဏသို့ ရောက်တိုင်း, ရောက် တိုင်း,ဥတုဇရုပ်ကလာပ်တို့ကို ဖြစ်စေနိုင်လေသည်။

ဤသို့- ပဋိသန္ဓေခဏမှ၊ ကမ္မနိယာမသဘောအရ၊ ကမ္မဇရုပ် မှစ၍၊ဗီဇနိယာမနှင့်အညီ၊ မူလကမ္မဇရုပ်မှ-ဥတုဇရုပ်တွေ ဖြစ်ပွား ရာဝယ်၊ ကာယဒသက-ဝတ္ထုဒသက-ဘာဝဒသကဟု ဆိုအပ် သော ကမ္မဇ ရုပ်ကလာပ်များကို ဗီဇတွယ်၍ ဆက်နွှယ်ဖြစ်ပွါး ရရာ၊ အမိ,အဘတို့၏ ပယောဂ ါဘိသခ်ါရလျှင်၊ အရင်းခံရှိသော ဗီဇနိယာမသဘောသည် ဓမ္မနိယာမကို မလွန်ဆန်မူ၍သာ၊ဗီဇနှင့် တူမျှသော- ဥတုဇရုပ်ကလာပ်တွေ ဖြစ်ပွါးရတော့သည်။ ထို့ နောက် စိတ္တဇရုပ်များ-အာဟာရဇရုပ်များ, ဖြစ်ပွါးရတိုင်းလည်း

ဥတုဇရုပ်တို့သည် တိုးပွါး၍လာခဲ့ရသည်ဖြစ်ရကား=ဥတုဇ,ဥဏှ, သီတတေဇော- သဘောကြောင့်ဖြစ်သည့် ရုပ်ကလာပ်တို့သည်၊ တခုချုပ်,တခုအသစ်ဖြစ်တိုင်း၊ ရင့်ကျက်မှုကို ဆောင်သည်ဖြစ်၍၊ ကိုးလလွယ်-ဆယ်လဖွားသည့်အခါ ၃၂-ကောဋ္ဌာသနှင့် ပြည့်စုံသော-နိမိတ်ပုံပန်းသဏ္ဌာန်တို့သည်၊ ဖန်တည်းသူ- ဖန်ဆင်းသူမရှိဘဲ၊ နိယာမငါးဖြာ "အဝိဇ္ဇာ-တဏှာ-ကံ" အရင်းခံကြောင့် ဥတုဇရုပ်တိုး,ရုပ်ခဲ၊ ဃနပညတ်, ထင်ဟတ်စွဲစရာ"ကရဇကာယ" အဖြစ်ကို၊ ဝဋ္ဋနှင့်တွဲ၍ ဆင်းရဲတွင်း,နက်ခဲ့ရပြီဟု အချက်ကျကျ သိပါလေ။ ။

ထိုကဲ့သို့သော ဗီဇနိယာမနှင့်လျော်ညီသည့် ဥတုဇရုပ်တို့သည် ၃၂-ကောဋ္ဌာသ,တည်းဟူသော အကြောင်းအဆောက်အဦနှင့်တကွ၊ လူ့ဇာတ်ဇာတိ-သဘောအသွင်ထိအောင် "ကမ္မနိယာမ, စိတ္တနိယာမ,ဓမ္မနိယာမ,သဘောတို့နှင့်ယှဉ်၍သာလျှင်၊ ထိုဥတုဇ ရုပ်ဟုဆိုအပ်သော (**ကရဇကာယ**။ ။ကရ= အမိ,အဘတို့၏ ပြုအပ်သော ကာယသံသဂ္ဂ-ဥတုဇသုတ်ဓါတ်ကြောင့်၊ ဇ=ကမ္မဇ ဥတုဇသမုဋ္ဌာန်ရုပ်ကို၊ ဇနေတိ= နာနက္ခဏိက, ကမ္မပစ္စယ အကြောင်းသည်-ဇနကသတ္တိဖြင့်ဖြစ်စေသော၊ ကာယ=ရုပ်အစု အပေါင်းတည်း။)ဆိုတဲ့- သဘောအားဖြင့်၊ ပဋိသန္ဓေခဏ-ကမ္မဇ ရုပ်တွင်ပါဝင်သော ဥတုဇဓါတ်မှစ၍၊ ဇာတိရုပ်သွင်ကို စိတ္တဇ, အာဟာရဇကလာပ်တို့မှရင်း၊ ဥတုဇကလာပ်မှ- ဥတုဇရုပ်အဖြစ် ၎င်း၊ သဟဇာတ- အညမည သဘောအရ၊ အတောမသတ်ဖြစ်အပ်သည်ဖြစ်၍၊ အထည်ကိုယ် ဒြပ်အသွင်,သဏ္ဌာန်တိုင်၊စပ်ယှဉ်၍ ဆောင်နှင်းတတ်သော- ကရဇကာယ သဘောဟု ပိုင်းခြား သိရာ၏။

လျှောင်း, ထိုင်, ရပ်, သွား, အစရှိသော ကာယဝိညတ်, ဝစီဝိညတ်, သဘောကို၊ စိတ္တဇဝါယောဓါတ်ကဆောင်ရာတွင်၊ စိတ္တဇရုပ်မျှသာ လျှောင်းသည်, ထိုင်သည်, ရပ်သည်, သွားသည်, စကားဆိုသည်မဟုတ်၊ စိတ္တဇရုပ်, ဦးဆောင်ရာသို့ ဒွတုလိုက်ပါလျက် ဝိညတ်အဖြာဖြာတွင် အဓိကနေရာမှ ပါဝင်၍ ဆောင်ပြုသော ဥတုဇရုပ်တရားဟူ၍လည်း ပိုင်းခြားသိအပ်ပါသည်။ ထိုင်သည်-ထိသည်၊ ကြွသည်-ချသည်။ တူရူကြည့်သည်- တစောင်းကြည့်သည်-မြင်သည်။ ပြောဆိုသည်-ကြားသည်။ နမ်းရှူသည်-နံသည်-မွှေးသည်။ စားသည်-သောက်သည်- အရသာပေါ်သည်ဆိုရာ၌၊ ပသာဒ ကမ္မဇရုပ်တို့၏ မိမိဆိုင်ရာသဘော၌ ဆောင်ခြင်းကိုရင်း၊ စေ၀ပနာကာယ, စိတ္တဇရုပ်၏ မိမိဆိုင်ရာစွမ်းဆောင်မှုဖြစ်စေခြင်းသဘော၌ရင်း၊ ကရဇကာယ, ဥတုဇရုပ်သည် မိမိအသွင်နှင့်ယှဉ်စပ်သမျှ ပါဝင်ဆောင်နှင်းခြင်းသဘော၌ရင်း၊ အသီး, အသီး၊ တကန့်စီ, တသန့်စီသာ ဆောင်နှင်းတတ်ကြပါသည်။ ဥပမာ- သလဲသီးတလုံးကို မခွဲစိပ်မှီ၌ တပေါင်းတည်းကို သလဲသီးတလုံးပေါ့ဟု ခေါ်ဆိုရသော်လည်း၊ ခွဲစိပ်ကြည့်လျှင် တကန့်စီ, တသန့်စီ တွေ့ရမည်။ ချေကြည့်လျှင် တခုစီတွေ့ရမည့် ဥပမာလို၊ ရူပက္ခန္ဓာရုပ်တရားဟု တပေါင်းတည်းသဘော၌၊ ပသာဒ ကမ္မဇရုပ်ကြောင့်သာ ပဉ္စာရုံတို့နှင့် ဖြစ်ခွင့်ကြုံရခြင်း၊ စိတ္တဇရုပ်ကြောင့်သာ- ဝိညတ် အဖြာဖြာ- အမူအရာ ဗျာပါရဖြစ်ရခြင်း၊ ဥတုဇ ရုပ်ကြောင့်သာ သသမ္ဘာရ အဆောက်အဦးနှင့် တကွကောဋ္ဌာသ, အချင်းအရာ-ဇာတ်ဇာတိ အင်္ဂါတို့နှင့်ဖြစ်ရခြင်း အစရှိသော သဘောသဘာဝ, သင်္ခါရတရားတို့ကို၊ ဉာဏ်နှင့်ထိုးထွင်း၍ မြင်အောင်ကြည့်ပါလေ။ ။

ထို့ကြောင့် ငါမြင်, ငါကြား, ငါနံ, ငါစား, ငါထိ, ငါသိ, ဆိုတာတွေ လုံးဝမရှိဘဲ၊ ပုဂ္ဂိုလ်မြင်, ပုဂ္ဂိုလ်ကြား, စသည်လဲ လုံးလုံးလျားလျား, မရှိခြားမူ၍၊ ရုပ်မြင်-နာမ်သိ-ငါမရှိ၊ရုပ်ကြား နာမ်သိ- ငါမရှိ၊ ရုပ်နံ- နာမ်သိ- ငါမရှိ၊ ရုပ်စား- နာမ်သိ- ငါ မရှိ၊ ရုပ်ထိ-နာမ်သိ- ငါမရှိ၊ သင်္ခါရ သဘောသဘာဝတို့သာ- ခဏတ္တယသမင်္ဂီနှင့်- ဖြစ်ရှိတတ်ပုံကို- ဉာဏ်ဟုန်နှင့်သိအောင်, ကြိုးစားပေးပါ၊ ထို့ကြောင့်- လျောင်း, ထိုင်, ရပ်, သွား, မြင်, ကြား, နံ, စား, ထိတရားနှင့်, ကရဇကာယခေါ်- ဥတုဇရုပ်, သွင် သဏ္ဍာန်လုပ်သည့် တရား အပေါင်းတို့သည်၊ ကံ, အာဟာရ- စိတ္တ- ဥတု၊ လေးခုအကြောင်း, ပေါင်း၍ပြုပြင်- ကိရိယာဖလ, ဝိပါက၏, အာကာရပစ္စုပဋ္ဌာန်သဘောတွင်၊ သင်္ခါရဆောင်မှု- သဘာဝပစ္စုပဋ္ဌာန်, တဲ့တဲ့ကို ရှုလေတိုင်း၊ ငါ, သူမဟုတ်-ဖေါက် ပြန်အမှု- ရုပ်စုသဘောမျှသည်၊ အနိစ္စာဝတပါတကား၊ ဒုက္ခာ ဝတပါတကား၊ အနတ္တာဝတပါတကား, ဟု၊ အနုပဿနာ သုံးပါးတင်၍- ဝိပဿနာ ဉာဏ်မြင်ရအောင်, ပွားများ ကြရာ ပါသည်။ ။

(**ဤနေရာ၌**) ပြဆိုအပ်ခဲ့ပြီးသော ကမ္မဇရုပ်တို့သည်၊ ဝတ္ထု အားဖြင့် (၆)ပါး၊ ဘာဝရုပ် (၂)ပါး၊ ဇီဝိတရုပ် (၁) ပါး အားဖြင့်- ပေါင်း (၉)ပါးဖြစ်သည်။ စိတ္တဇရုပ်တို့၌- စိတ်သက် သက်ဖြင့် ဝိညတ်ရုပ် (၂)ပါး၊ စိတ်ဥတုနှစ်ပါးကြောင့်- သဒ္ဒရုပ် (၁)ပါး၊ ဝိကာရရုပ် (၃)ပါး၊ပေါင်း(၆)ပါးဖြစ်ရာ၊စုစုပေါင်း (၁၅)ပါးရှိခဲ့ပြီဖြစ်ပါသည်၊ ရုပ်ဓါတ် ၂၈-ပါးတို့တွင် (၁၃) ပါးကျန်သေးရာ၌၊ ဇရတာရုပ်နှင့် အနိစ္စတာရုပ်နှစ်ပါးကို ချန် ထား၍၊ မဟာဘုတ်ခေါ်- ဘူတရုပ် (၄) ပါး၊ အာဟာရရုပ်

(၁)ပါး၊ ဝဏ္ဏမဓါတ်ခေါ် ရူပရုပ် (၁)ပါး၊ ဂန္ဓရုပ် (၁) ပါး၊ ရသရုပ် (၁)ပါး၊ အာကာသပရိစ္ဆေဒရုပ် (၁)ပါး၊ ဥပစယရုပ် (၁)ပါး၊ သန္တတိရုပ် (၁)ပါး၊ ပေါင်း (၁၁) ပါးသောရုပ်တို့သည်၊ အကြောင်း လေးပါးစလုံး တို့ကြောင့်- ဖြစ်ကုန်၏။ ဇရတာရုပ်နှင့် အနိစ္စတာရုပ်တို့မှာ၊ ဖြစ်မှုမျိုးမဟုတ်၊ ရုပ်တို့ဖြစ်ပြီးနောက်, ဓမ္မနိယာမသဘောအလျောက်၊ ရင့်ခြင်း,ပျက်ခြင်း, သဘောမျှဖြစ်၍- အကြောင်း လေးပါးမှ ကင်းလွတ်သည်ဟု သိအပ်ပါသည်။ ။

**(မှတ်ရန်)** ထိုဥတုဇရုပ်သည်၊ သီးခြားအားဖြင့်- သဒ္ဒရုပ်နှင့် ဝိကာရရုပ်(၃)ပါးအရသာ- ဒွိဇရုပ်သဘောတွင်- တရုပ်အပါအဝင်ဖြစ်ပါသည်။ ၎င်းကို- အထင်,အရှား, အနေထား၍၊ ဝိပဿနာရှုခြင်းထက်၊ အထက်ပါ ဥတုဇရုပ်အနေအားဖြင့် ဖြစ်သော- ရုပ်တို့ကို တပေါင်းတည်းပြု၍သာ- ဥတုဇရုပ် အနေအားဖြင့် ပြဆိုရခြင်းသည်၊ ပိုမိုဉာဏ်လင်းနိုင်မည် ဖြစ်ပြီး၊ ကရဇကာယဟုအမည်ရသော- ဥတုဇရုပ်တို့၏ ဆောင်နှင်းခြင်းသဘောသည် ထင်ရှားသည်ဖြစ်၍ "ကရဇကာယေ-ဩတာရေတွာဉာဏ" ဟူသော အဋ္ဌကထာစကားအရ၊ ဉာဏ်အာရုံဖြစ်မှု ကုံလုံမည်ဖြစ်သောကြောင့်- စတုဇသဘော မှာပင်, အကျုံး ဝင်သောအားဖြင့် ပြဆိုလိုက်ခြင်းဖြစ်ပေသည်၊ ထို့ကြောင့်- ကရဇကာယဆိုလျှင်၊ စတုသမုဋ္ဌာန်သဘောဖြစ်ပြီး- ဥတုဇရုပ်ကို ဉာဏ်၌ယူ၍၊ တဘာဝပစ္စုပ္ပန်- ကမ္မဇ- စိတ္တဇ- အာဟာရဇရုပ်တို့ချုပ်ပြီးနောက်၊ ကြွင်းကျန်ရစ်တတ်သေးသော- ဥတုဇရုပ်အလောင်းသည်၊ သမုတိသစ္စာအဖြစ်နှင့်- အဇ္ဈတ္တ- ဗဟိဒ္ဓ- ဥတုဇရုပ် နှစ်ဖြာ အဖြစ်မှ- ဝိညာဏ်, ဇီဝိတ, ဥသ္မာတေဇောတို့- စွန့်ခွါ ရွေ့လျောသွားပြီး

သည်တိုင်အောင်၊ ဗဟိဒ္ဓအနေအားဖြင့်- ကြွင်းကျန်သည့်- ဥတုဇ ရုပ်အလောင်းမှာ၊မြေသြဇာနှင့်ပေါင်း၍ပင်, အရိုးမဆွေးမခြင်း, ဖြစ်ကြောင်း ရုပ်ကလာပ်မပြတ်တတ်သော "အသုဘ" သဘော ကြီးကို၊ ကျန်သမုဋ္ဌာန်သုံးပါးနှင့်- အတူတကွ ဖြစ်ပြားစဉ်က ကဲ့သို့မဟုတ်၊ ငှက်ပျော လက်ပံတုံးပမာ၊ ကရဇကာယ အပြတ် တွင် ပုတိကာယေ- စက်ဆုပ်ရွံရှာဘွယ်တွေသာ ဖြစ်ကြောင်းကို၊ မသာဆိုတဲ့ (အသုဘ) အသေကောင်တွင်သာမက၊ ရှင်ဆဲဆိုတဲ့- ဤဥတုဇ, ကရဇကာယ အပုပ်ကောင်သည်လည်း၊ တနေ့တွင် မသာဖြစ်မည့်- မသာလောင်းအစစ် အဖြစ်နဲ့- စက်ဆုပ်ဖွယ်ရာ တွေကို- ကောင်းစွာဉာဏ်ဖြင့် မြင်အောင်ကြည့်လျက်၊ဝိပဿနာ အားထုတ်လိုချက် လျှော့ပါးတိုင်း- စိတ်ယိုင်းကို ဆုံးမပေးလို့ ရတဲ့- ဉာဏ်အမြင်မျိုးအထိ၊ သမ္ပဇညာအရာမှာ တည်နိုင်ပါစေ။

## "အာဟာရဇ ရုပ်ပိုင်းဆိုင်ရာ"

အာဟာရဇရုပ်သည်၊ စတုသမုဋ္ဌာနိက ရုပ်များတွင် ပါဝင် သော ရုပ်ဖြစ်သည်။ တရားကိုယ်သဘောမှာ၊(သြဇာ သခ်ါတော လက္ခဏော အာဟာရော- အာဟာရသမုဋ္ဌာနရုပ်) အရ၊ ကဗဠီ ကာရာဟာရ= အလုပ်အလွေ့အားဖြင့်- မပြုအပ်သော်လည်း- ပြုအပ်ဘိသကဲ့သို့ သက်ဝင်သော, စားဘွယ်, သောက်ဘွယ်, ဝါးမျိုဘွယ်ဝတ္ထုတို့၌ပါဝင်သည့်- သြဇာဓါတ်ကို= အာဟာရ သမုဋ္ဌာနရုပ်ဟု ဆိုလိုသည်၊ ၎င်းဌာနဖြစ်သော "သြဇာ" ဓါတ် အပေါ်၌ တင်စား၍၊ ဌာနီ "ကဗဠီကာရာဟာရ"ကိုပင်၊ ရုပ် အာဟာရဟု "သြဇာသခ်ါတော လက္ခဏော"အရကို ပိုင်းခြား သိမှတ်အပ်၏။ ။

အာဟာရဇရုပ်၏- ဇနကကိစ္စတပ်ပုံမှာ၊ (ဝါ) ပေးစွမ်းဖြစ်စေတတ်ပုံမှာ၊ အဇ္ဈတ္တသန္တာန်၌ရှိသော၊ (ဝါ) ပဋိသန္ဓေခဏမှစ၍-ဖြစ်သော ကံ,စိတ်,ဥတု, အကြောင်း သုံးပါးကြောင့် ဖြစ်သည့်- အဋ္ဌကလာပရုပ်တို့၌ပါသော၊ အဇ္ဈတ္တဩဇာနှင့် စားအပ်, သောက်အပ်, ဝါးမျိုအပ်သော- ခဲဘွယ်ဘောဇဉ် စသည်တို့၌ ပါဝင်သည့် ဗဟိဒ္ဓဩဇာတို့သည်= အဟာရမည်၏။ ထိုဗဟိဒ္ဓဩဇာသည်- စတုသမုဋ္ဌာနိကရုပ်တို့၌ပါသော- အဇ္ဈတ္တိကဩဇာနှင့် ပေါင်းဆုံမိ၍- ရုပ်တို့၏ဌီသို့ ရောက်သောအခါ= ခဏတိုင်း, ခဏတိုင်း, အာဟာရဇ ရုပ်ကလာပ်သစ်ကို ဖြစ်စေတတ်၏၊ ထိုကဲ့သို့ အဇ္ဈတ္တ+ဗဟိဒ္ဓနှစ်ပါးတို့နှင့် တကွဖြစ်သည့်- စတုသမုဋ္ဌာနိကရုပ်အလျဉ်- ဥပါဒ်,ဌီ,ဘင် ဝင်သော ရုပ်သင်္ခါရ တရားတို့သည်၊ "ဩဇာသင်္ခါတော လက္ခဏော - အာဟာရ ပစ္စယေန ပစ္စယော" ဟူသော အကြောင်းတရား၏ ပစ္စယုပ္ပန်အကျိုးတရားဘို့ ဖြစ်ပေသည်။

ထို အာဟာရဇရုပ်ကို ဖြစ်စေသော- (ဝါ) စတုသမုဋ္ဌာနိကရုပ်ကိုဆောင်သော ကဗဠီကာရဟာရသည်- ရုပ်ကိုဆောင်ခြင်းသဘော၌၊ (ဝါ) မိမိ၏ ထင်ရှားပေါ်လတ်- ဓါတ်လက္ခဏာ- ဥပါဒ်- ဌီ- ဘင်မကွာ ထွန်းပြလာသော သဘော၌၊ (ဘုသံဟရနဋ္ဌေန= လွန်စွာဆောင်လျက် ထောက်ပံ့ခြင်းအနက်ရင်း၊ ဒဠှီယဝတ္တာ ပနဋ္ဌေန-- ပြင်းစွာ ဖြစ်စေခြင်းအနက်ရင်း၊ စိရကာလံ-- ရှည်ကြာမြင့်စွာသော ကာလပတ်လုံးရင်း၊ ဌိတိယာ-- တည်ခြင်း၄ါ၊ ဝုဍ္ဍိယာ-- ကြီးပွားခြင်း၄ါ၊ ဝိရုဠှိယာ-- စည်ပင်ခြင်း၄ါ၊ ဝေပုလ္လာယ-- ပြန့်ပြောခြင်း၄ါ၊ ဥပတ္ထမ္ဘနဋ္ဌေန-- ထောက်ပံ့ခြင်း

ဟူသောအနက်ကြောင့်၊ ဇနနကိစ္စယုတ္တော– ဖြစ်စေခြင်း, ဇနနကိစ္စနှင့် ယှဉ်သော၊ အာဟာရော-- အဟာရသည်၊ ဥပတ္ထမ္ဘနကိစ္စပ္ပဓါနော-- ထောက်ပံ့ခြင်းကိစ္စလျှင် ပြဋ္ဌာန်းခြင်း ရှိသည်၊ ဟောတိ-- ဖြစ်၏။)

ဤကဲ့သို့- ဩဇာလျှင် မှတ်ကြောင်းရှိသော၊ ရုပ်တရားတို့အား ထောက်ပံ့သည်၏အဖြစ် ကျေးဇူးပြုတတ်သော ကဗဠီကာရဟာရသည်၊ အဇ္ဈတ္တ+ဗဟိဒ္ဓ, ဆိုရသောအခါ၊ ဌီကာလခဏတိုင်း- ရုပ်ကို ဆောင်ခြင်း၌၊ ထောက်ပံ့သည်၏ အဖြစ်, ပဓါနပြဋ္ဌာန်း, ကျေးဇူးပြုခဏ်းဝယ်၊ "လွန်စွာပြင်းထန်-ကာလံရှည်ကြာ= တည်ခါကြီးပွား- စည်ပင်ပြေား၍၊ ပြန့်ပြော တဖြာ၊ ထောက်ပံ့ပါသောရူပကာယ၏အားအစွမ်းသဘောကိုဗောလောပေါ်အောင်, ဖေါ်ပြဆောင်လျက် ရှိပါသည်။ ထို့ကြောင့်ပင် ကမ္မဇရုပ်တို့က,အာရုံကို သုတ်ယူရာဝယ်၎င်း၊ စိတ္တဇရုပ်တို့က ပြောင်းရွှေ့လှုပ်ရှား၍-နှုတ်ထွက်သဒ္ဒါရုံကို ဖြစ်စေရာဝယ်၎င်း၊ ဥတုဇရုပ်တို့က အမူအရာလုပ်ရာတွင် ဗျာပါရသဘောနှင့်အတူနေ၍ ဒြပ်သဏ္ဌာန်-ဟန်ပန်ဖြာရပုံကို၎င်း၊ အာဟာရဇရုပ်ကလည်း- စတုသမုဋ္ဌာနိကသဘောတွေနှင့် မကွေမကွာအတူပါ၍၊ သဟဇာတ်မျိုး,အားကိုးလောက်ဖွယ်, ထောက်ပံ့ခိုင်ကြည်- တည်စေ,ပွားစေသော အားအစွမ်း သဘောတို့ကို၎င်း၊ အသက, အသက,ညီမျှကြပါသဖြင့်၊ ဒွါရဋ္ဌာန-ဆိုင်ရာအဖုံဖုံ- ဆောင်နှင်း ပြုပြင်, စီရင်တတ်ပုံတွေ၌၊ ပုဂ္ဂိုလ်သတ္တဝါ= ငါ, သူတပါး= ယောကျာ်း,မိန်းမ-ဘယ်လိုကိန်းနှင့်မျှ မပါမရှိပုံကို ဉာဏ်ဟုန်နှင့် ကြည့်က ပိုင်းခြား၍ သိရှိနိုင်ပါတော့သည်။ ။

ထိုသို့- ဉာဏ်မြင်ဖြစ်အောင်ကြည့်ရှုပါလျှင်၊ ရူပကာယ တခုလုံးတွင် ပျံ့နှံ့၍တည်သော-စတုသမုဋ္ဌာနိက, အာဟာရဇရုပ်သည်၊ အကြင်,ကာယပသာဒတို့၏ အာရုံနှင့်ထိပါးရာ၌၎င်း၊ စောပနာကာယ၏- ဝိညတ်အဖြာဖြာ လှုပ်ရှားရာ၌၎င်း၊ ကရဇကာယ၏ ကောဋ္ဌာသ အင်္ဂါရအနေဆောင်လေသောကာလ၌၎င်း၊အာဟာရဇရုပ်နှင့်တကွနက်သာလျှင် အာဟာရဇကလာပ၏ ရူပကာယ၌ ပျံ့နှံ့တည်ဆောင်, ရုပ်အပေါင်းတို့၏- ဖြစ်ပျက်ဒါဏ်ချက်- အနိုပ်စက်ကို- အဆက်မပြတ်ခံရအောင်,ထောက်ပံ့နေခြင်း-အချင်းအရာအာကာရအလုံးစုံကို ဉာဏ်ဟုန်ဖြင့်ကြည့်ရှု၍၊ (သဗ္ဗေသတ္တာ- အလုံးစုံမည်တွင်၊ ဘုံသုံးခွင်ဟူ၊ တသွင်သတ္တ၊ သခ်ါရခေါ်ရ-ရုပ်နာမ်ဓမ္မယူသမျှတို့သည်၊အာဟာရာ-ကဗဠီကာရာဟာရ-ဩဇာထမက-သဘောဖြင့်သာလျှင်၊ ဋ္ဌိတိကာ-တည်ကာအစဉ်- ဥပါဒ်, ဋ္ဌီ,ဘင်,နှင့်၊ အလုံးစုံရုပ်ဓါတ်အသစ်ကို စံနစ်တကျ-ဝိတ္ထမ္ဘနဖြင့်သာ- ဝတ္တမာန်ကာလ,အာယုဒီဃအမူကို တည်တန့်ပုံ ပမာဝင်စေလျက်-ရုပ်အလျဉ်, ဇနနကိစ္စဖြင့်- ထောက်ပံ့ဖြစ်ရှိ တည်နေရပေသတည်း၊) လို့....

အဲဒီလို အာဟာရဓါတ်ဆောင်မှု-ထောက်ပံ့သည်၏အဖြစ်ဖြင့်မပြတ်သော ကျေးဇူးပြုမှု ပစ္စယသတ္တိကြောင့်သာ၊ လွန်လေပြီးကာလမှ ယနေ့တိုင်အောင်, ယခု ပစ္စုပ္ပန်ခဏတ္တယတိုင်အောင်၊ **အဆက်ဆက်သော** အာဟာရ ပစ္စယသတ္တိသဘော အချက်ကို **အလုံးစုံသော** ရုပ်တို့က မှီငြမ်းသမှု- သဟဇာတ, အညမည, ပြုလျက်၊ မြင်,ကြား,နံ,စား,ထိ,တရားနှင့် လျှောင်း, ထိုင်, ရပ်, **သွား,စကား**ပြောဆို-ထိုထိုကာယ-ဋ္ဌာနရွှေ့ပြောင်--ပါကြောင်း

သမ္မ-ရှုပ်အလျဉ်အစုစုတို့သည်၊ တပါးသောအဘိုအားဖြင့် "အာဟာရလောက" ကြီးသဖွယ်- ဖြစ်ပျက်နေပုံအလုံးစုံကို ဉာဏ်ဟုန်ဖြင့် ထင်ရှားစွာ မြင်ငြားနိုင်ပါသည်။ ။

ထို့ကြောင့်- တနေ့တရက်မျှ အာဟာရလုံးဝမဆက်နိုင်ပြီဆိုပါလျှင်၊ ရူပကာယတခုလုံး နုံးခွေလျော့ပါး- ညှိုးကျသွားရပြီး၊ ပသာဒကာယကလဲ-မထက်မျက်၊ ဓာတုနာကာယကလဲ-မလှုပ်ယှက်လို၊ ကရဇကာယကလဲ- လေးတွဲ့ဖင့်နွဲလျက်၊ ရူပကာယ-ညှိုးခွေနွမ်းလျ ဆုပ်ယုတ်ရပုံအချင်းအရာကို သုံးသပ်ပါက၊ အတိတ်အကြောင်း ဟေတုသည်- အဘယ်မျှပြည့်စုံမှုရှိငြားသော်လည်း၊ ထောက်ပံ့မှုပစ္စယ–ပစ္စုပ္ပန်အကြောင်း ကင်းကွာပါလျှင် ဘယ်ကာယ ဘယ်အသင်းပင်း-ရုပ်စာရင်းမှန်သမျှ- ကျဆင်းပြိုကွဲ-ဘိဇ္ဇနတွဲ၍၊ ရုပ္ပတိ--ဖေါက်ပြန်၏။ ကုပ္ပတိ--ပျက်စီး၏။ ဃဋ္ဋယတိ--ထိခိုက်၏။ ပီဠိယတိ--နှိပ်စက်၏။ ဘိဇ္ဇတိ-ဖယိုဖရဲပြိုကွဲ၏။ ဇီရတိ မီရတိ= တမုဟုတ်ခြင်း- ဆွေးမြေ့ပျက်စီး မရဏာခရီးသို့-သက်ဝင်ရခြင်းသဘောတို့ဖြင့်- နဿနဓမ္မော- နိဗ္ဗဝသဘောဖြစ်ပုံကို "ကံရုပ် စိတ်ရုပ် ဥတုရုပ် အာဟာရရုပ်" တရားတို့၌၊ကွက်ကွက်ကွင်းကွင်း-ရှင်းလင်းစွာဉာဏ်ဖြင့်မြင်၍၊ ငါထင် ငါလုပ် ငါဟုတ် သယောင်အယူမှားကို ကောင်းစွာ စွန့်ခွါထားနိုင်ပါစေ။

ဟေတုနှင့် ပစ္စယ၊ အတိတ်နှင့်ပစ္စုပ္ပန်၊အဇ္ဈတ္တနှင့် ဗဟိဒ္ဓ နှစ်တန်-ဧကန်ဆက်စပ်-ပေါင်းဆုံအပ်မှသာလျှင်၊ ခဏတ္တယ အဖြာဖြာသို့-သက်ဝင်တတ်ပုံ ရုပ်အလျဉ်သဘောတို့ကို - ပိုင်းခြားနိုင်လေလေ-နားလည်နိုင်လေလေ၊ပါရိဟာရိယဉာဏ်သဘောဝင်နိုင်လေလေ၊ ပစ္စုပ္ပန်- ရုပ်ဓါတ်လေးစားအတွင်းမှာ- ငါထား၍မရ

နိုင်တော့ဘဲ၊ ငါသဘောမတွေ့တော့ဘဲ၊ ဓမ္မသဘောက သင်္ခါရ သဘောကိုတွေ့အောင်၊ရှုဆောင်သိမ်းဆည်းပြီးလျှင်၊အနိစ္စာဝတ ဒုက္ခာဝတ-အနတ္တာဝတစစ်စစ်ကို မမြင်ချင်၍ မနေသာအောင် ပင်လျှင်၊ အနိစ္စအစစ်ဖြစ်တဲ့-ကံသင်္ခါရရုပ်တွေကလဲ ဖေါ်ပြပါ လိမ့်မယ်။ စိတ်သင်္ခါရရုပ်တွေကလဲ ဖေါ်ပြပါလိမ့်မယ်။ ဥတု သင်္ခါရရုပ်တွေကလဲ ဖေါ်ပြပါလိမ့်မယ်။ အာဟာရသင်္ခါရရုပ် တွေကလဲ ဖေါ်ပြပါလိမ့်မယ်....။ ဖေါ်လဲဖေါ်ပြ၍နေကြပါ တယ်။ ဒါကြောင့် ဉာဏ်နှင့်မြင်အောင်ကြည့်ပြီး- ငါသဘော တွေနှုပ်၍-ဓမ္မသဘော-ရုပ်အနိစ္စက,ဆက်ပြီးတော့လဲ- ဒုက္ခအမှန်- အနတ္တကေန်ပါလို့ ဆောင်နှင်းထွန်းပြ-ပေါ်လွင် ထင်ရှားလှတဲ့- **ရုပ်နာမ်ဓမ္မသင်္ခါ**ရကို၊ နိမိတ္တ- ပဝတ္တနှစ်ဖြာမှ ထွက်မြောက် အောင်, အနုပဿနာသုံးတန်- တဆင့်ထက် - တဆင့်တင်၍ ဝိပဿနာဉာဏ်အလျဉ်-အနုလောမ,အထိ- ရင့်ကျက်သွားအောင်, အားထုတ်နိုင်ကြပါစေ။

(ဤနေရာ၌) ဩဇာဓါတ်လျှင် အရင်းခံရှိသော အာဟာရ ဇရုပ်သည်၊ ဥတုဇရုပ်အပါအဝင်ဖြစ်သည်၊ ကဗဠိကာရာဟာရ လျှင် ထင်ရှားဆောင်နှင်း ထွန်းပြတတ်ခြင်းကြောင့် စတုဇ သဘောမှ အာဟာရဇရုပ်ကိုသာ- သမုဋ္ဌာန်အနေ အမူးပြု ပြဆို ခြင်းဖြစ်ပါသည်။"သဗ္ဗေသတ္တာ အာဟာရ ဋ္ဌိတိကာ" သဘော အရရင်း၊ အာဟာရလေးပါးတို့တွင်-ရုပ်အာဟာရအနေအားဖြင့် ရင်း၊ ပဋ္ဌာန-နယ-အာဟာရပစ္စယသဘောအားဖြင့်ရင်း၊ ပစ္စည်း ပစ္စယုပ္ပန်အားဖြင့်ရင်း၊ အသင့်အတင့်အားဖြင့် ပြဆိုခဲ့ပေသည်။ ထို့ပြင် အဇ္ဈတ္တ-ဗဟိဒ္ဓနှင့် ဟေတုနှင့် ပစ္စယ အကြောင်းနှစ်ပါး

ညီညွတ်သည်ဖြစ်၍ "ဝိပါကဝဋ်- ခဏတ္တယသမင်္ဂီ"အဖြစ်၊ ရုပ်အလျဉ်သဘော အလုံးစုံတို့၌ အကျုံးဝင်သော တရားဖြစ်ရာ၊ အာဟာရကို ပိုင်းခြားဝေဘန်- အသိဉာဏ် ယှဉ် သူ တိုင်း- အနုပဿနာ ဉာဏ်သုံးပါး- ကေန် ဖြစ်လာငြားစေနိုင်ပါတော့သည်။ ထိုမှတဖြာ- ပင္စိကူလသညာနှင့်၊အာဟာရပရိယေန- ဝဋ္ဋမူလကဒုက္ခ အဖြစ်ငင်း၊ သခ်ါရကို ပြင်းစွာဆောင်နှင်းတတ်ပုံတို့ကိုငင်း၊ ကေပရိညာအားဖြင့် ရုပ်ကိုဆောင်ခြင်း- သဗ္ဗပရိညာအားဖြင့်- ပဉ္စဂုဏ်က ကာမရာဂတိုင်အောင်- ထောက်ပံ့ဆောင်ခြင်းသဘောတို့ကိုလည်း ပိုင်းခြား သိအပ်ပါသေးသည်။ သင့်လျော်သောအားဖြင့် ဉာဏ်မြင်ပုံအချို့ကို နောက်ပိုင်း၌ အနည်းငယ်ဆက်လက်ပြပေးပါမည်။ ။

(**မှတ်ရန်**) ရူပက္ခန္ဓာတခုလုံးနှင့် ဆိုင်သော စတုသမုဋ္ဌာနိကတရားဖြစ်ရာ၊ ၎င်းကို ရူပကာယဟု- အဆင်းနှင့်တကွသော ရုပ်အပေါင်းအစုဟု ခေါ်ဆိုအပ်ခေါ်ဆိုသင့်တော့၏။ တနည်းအားဖြင့်- အကြောင်းအဆောက်ဦ အလုံးစုံ၏တည်ရာဖြစ်ခြင်းကြောင့်လည်း "သသမ္ဘာရကာယ"ဟုလည်း ခေါ်ဆိုအပ်၏။ ထို့ကြောင့်- အာဟာရဇရုပ်ကလာပ်-ရူပကာယ၏-ပသာဒကာယစောပနာကာယ ကရဇကာယ တို့နှင့်မတူ- တမူထူးခြား ထက်ဝန်းကျင် ရုပ်အပေါင်းနှင့် အားကြီးစွာ ဆက်ဆန်တတ်ကြောင်း- သဘောကိုသိ၍၊ အထက်၌ ပြဆိုအပ်ခဲ့ပြီးသော- သဘောသဘာဝတရားတို့ကို မှီးငြမ်းပုံပြီးလျှင် ဉာဏ်ထက်မျက်သလို- ဝိပဿနာ ဘာဝနာစက်-ဖြန့်ကျက်ဝင်စားတော်မူနိုင်လောက်ပါပြီ.... **ကျက်စားတော်မူနိုင်ကြပါစေ။** ။

# ကံ, စိတ်, ဥတု, အာဟာရ, အကြောင်းလေးဖြာ= သိကောင်းစရာ

(၁) ကမ္မဇရုပ်ကိုဖြစ်စေသောကံများမှာ။ ။အကုသိုလ်ကံ ၁၂ပ-ါး၊ ကာမာဝစရကုသိုလ်ကံ (၈) ပါး၊ ရူပါဝစရကုသိုလ်ကံ (၅) ပါး၊ ပေါင်း (၂၅) ပါး ဖြစ်သည်။

(၂) စိတ္တဇရုပ်ကို ဖြစ်စေသော စိတ်များမှာ။ ။စိတ်တခုယုတ်,ကိုးဆယ်=၈၉-ပါးမှ၊ အရူပဝိပါက်စိတ် (၄) ပါးနှင့်၊ ဒွေပဉ္စဝိညာဏ်စိတ် (၁၀) ပေါင်း (၁၄) ကြဉ်နှုတ်၍(၇၅)ပါးသောစိတ်တို့သည်၊ စိတ္တဇရုပ်ကို ဖြစ်စေ၏။ (အဋ္ဌကထာ၌ ပဋိသန္ဓေစိတ် ကြဉ်၍= ဋီကာ၌- ရဟန္တာစုတိစိတ်ကို ကြဉ်ထိုက်၏ဟု ဆို၏။)

(၃) ဥတုဇရုပ်ကို ဖြစ်စေသော ဥတုသည်။ ။ပဋိသန္ဓေစိတ်၏ "ဌီ" ဟူသော မိမိ၏ဌီကာလရောက်သည်မှစ၍၊ ပစ္ဆာဇာတပစ္စည်းကိုရသဖြင့်- စတင်ဖြစ်စေတတ်သော ဥတု-ဥဏှသီတတေဇောသည် ဥတုဇရုပ်ကို ဖြစ်စေ၏။

(၄) အာဟာရဇ ရုပ်ကို ဖြစ်စေသည်မှာ။ ။သဋိသန္ဓေနေ၍- တပါတ်, နှစ်ပတ်, ၁၅-ရက် အတွင်းမှ စ၍၊ အမိ၏ရသာဟရဏီမှ- ဩဇာရသကိုမှီ၍- အာဟာရဇရုပ် စတင်သက်ဝင်၍ဖြစ်၏၊ အမိ၏ကဗဠီကာရဟာရနှင့် နောင်အခါ မိမိ၏ ကဗဠီကာရဟာရမှ- ဩဇာဓာတ်သည်- အာဟာရဇရုပ်ကို ဖြစ်စေ၏။ ။

(အကြောင်းလေးဖြာ=ဆောင်နှင်းလာ=ပုဂ္ဂိုလ်မပါပါ)

အထက်ပါကံ,စိတ်,ဥတု,အာဟာရ,ဆိုသည့်အကြောင်းတရားလေးပါးတို့တွင်၊ ကံ,ဟူသော အကြောင်းသည်၊ ဦးတည်မူလဇနကဖြင့် ဖြစ်စေတတ်သောအကြောင်း ဖြစ်၏။

စိတ်ဟူသောအကြောင်းသည်၊ ဆန်းကြယ်စွာ- ချယ်လှယ်ဆက်စပ် ဖြစ်စေတတ်သော အကြောင်းဖြစ်၏။ ။

ဥတုဟူသောအကြောင်းသည်၊ ပူအေးအသွင်, ရင့်ကျက်စေတတ်သော အလျဉ်ကြောင့်- ဓာတ်မီးအသွင် ဖြစ်စေတတ်သော အကြောင်းဖြစ်၏။

အာဟာရဟူသောအကြောင်းသည်၊ ဩဇာဓာတ်ဆီသဘောဖြင့် မပြတ်လင်းတောက်အောင်, အဆက်မပြတ်- ထောက်ပံ့ဖြစ်စေအပ်သောအကြောင်းဖြစ်၏။

ဥတုဓာတ်မီး, ဩဇာဓာတ်ဆီတို့ အခြေအနေယိမ်းယိုင်ပျက်ယွင်းလျှင်၊ ကံ,အစွမ်း-စိတ်အစွမ်းတို့လည်း၊ မှေးမှိန်ပျက်ယွင်းတော့သည်။ ။ကံ,အစွမ်းကုန်ခမ်း- စိတ်အစွမ်း ညှိုးနွမ်းလျှင်လည်း၊ ဥတုဓာတ်မီး.... ဩဇာဓာတ်ဆီတို့- ယိုယွင်းပျက်စီးရတော့သည်။

ဤသို့- ကံ,စိတ်,ဥတု, အာဟာရ- အကြောင်းတရားလေးပါး၊ မပြတ်ပြုပြင် စီရင်နေခြင်းမျှ ဖြစ်သော- ဝိပါကဝဋ်- ရုပ်နာမ်ခန္ဓာ- သင်္ခါရတရားမျှ တပါး၊ အတုံး, အလုံး, အထည်, ဒြပ်, သဏ္ဍာန်, ငါ, သူတပါး, ယောကျ်ား, မိန်းမ, ပုဂ္ဂိုလ်, သတ္တဝါ=မရှိပုံ မဟုတ်ပုံကို၊ ဒအကြောင်းလေးပါးနှင့် မပြတ်ပြုပြင်စီရင်

ရခြင်း- သင်္ခါရဒုက္ခ၊ ဘယ်လောက် ပြုပြင်၊ ပြုပြင်၊ ဖေါက်ပြန်မှု အလျင်မဆိတ်သော- ဝိပရိဏာမ ဒုက္ခ၊ ပြုပြင်ဖြစ်ဆဲ, ပျက်မြဲမမွှ တာ နှိပ်စက်ပါသော ဘယဋ္ဌဒုက္ခ၊ ရုပ်လေးစားတို့ ကပြောင်း ကပြန် ဖောက်ပြန်မှု အတန်တန်ကြောင့်- ပြင်းထန်ခံစား စိတ်ဌ ငြိုငြားသော- စေတသိကဒုက္ခ + ကာယိကဒုက္ခ- အတောမသတ် သော ဒုက္ခရုပ်တို့အပြင်၊ ဇာတိ, ဇရာ, ဗျာဓိ, မရဏာ, ပိယေဟိ ဝိပ္ပယောဂ-အပ္ပိယေဟိ သမ္ပယောဂ-ဒုက္ခ စသည်တို့နှင့် လော ကဓံလှိုင်း,ရစ်သိုင်းတွေ့ကြုံ- (၈) -ပါးစုံ အစွဲနှင့်- ဗျသနတရား (၅)ပါးသော အခင်းသွားတို့ကြောင့်၊ မီး(၁၁)ပါး, ထာဝစဉ် ငါးစီး၍လောင်နေသော- ဆင်းရဲခြင်းမပြတ်သည့်- ဒုက္ခသစ္စာ-- ဝေကန် ဖြစ်ရပ်ကို- ဥာဏ်ဖြင့် မြင်အောင်- ရှုတင်၍ ဆင်ခြင်သင့် ပါသည်။

ထိုသို့မဟုတ်၊ သင်္ခါရဒုက္ခကို=အထုပ်၊ ဝိပရိဏာမဒုက္ခကို= အထယ်၊ ဘယဋ္ဌဒုက္ခကို=ဒြပ်တွယ်၍၊ အထုပ်, အထယ်, ဒြပ်- သဏ္ဍာန်ဟတ်ပြီး၊ ရုပ်လေးစား, ကာယိယ ဒုက္ခအပေါင်းကို လွယ်ခါ၊ သုခဆင်းရဲ-ချမ်းသာမွဲဟု ခံစားရမြဲ- စေတသိကဒုက္ခ မျိုးကို- ပိုးလျက်၊ ငါ,သူတပါးလို- တွယ်တာကပ်ငြိမိလျှင်၊ အလိုရှိတတ်,သမုဒယကပ်တော့မည် ကေန်ဖြစ်ပါသည်။ ထို့ ကြောင့်- ရုပ်တရားဟု အကြောင်းလေးပါး,ကျားကန်၍ထားရ သော- ရူပကာယကို၊ နာမ်အစားစား,သက်ဝင်ငြားလျက်,အယူ, အမှတ်,အသိ, ပုဂ္ဂိုလ်သတ္တဝါအရှိလို့ စွဲထင်ထားပါလျှင်....။

ပုဂ္ဂိုလ်အနေနဲ့- အလိုရှိတတ်လာတာတွေမှန်သမျှ၊ တဏှာ လောဘနှင့် ကာမစ္ဆန္ဒ- သမုဒယ, သဘောမျှားသာ ဖြစ်ကြရ တော့သည်။

လေးပါးစီမံ ပုဂ္ဂလ်နတ္ထိ- ရုပ်နာမ်မျှသာရှိသည်ဟု၊ အယူ့ အမှတ်,အသိ,တတ်လျှင်၊ အလိုရှိတတ်,ဆိုအပ်သမျှ-သဘောတွေ သည်၊ အကြောင်းအားလျော်စွာ - ဖြစ်ခြင်းသဘောတရား- ခဏတ္တယ,တရားများသာဖြစ်သည်ဟု- နှလုံးမူ-သိလာ,သိနေတော့ ပါသည်။

ပုဂ္ဂိုလ်,သတ္တဝါတို့အနေ- အလိုတွေကား- အခါခပ်သိမ်း, ကိုယ်ချမ်းသာ,စိတ်ချမ်းသာကိုသာ- တဏှာငြိကပ်, အလိုရှိတတ် နေကြသည်။

ရုပ်နာမ်တို့သည်ကား....၊ ဆိုင်ရာ,ဆိုင်ရာ, ဟေတု,ပစ္စယ,အား လျော်စွာသာ၊ ဖြစ်တတ်ခြင်း၊ ပျက်တတ်ခြင်း၊ ဆက်စပ်တတ် ခြင်း၊ ယှဉ်စပ်တတ်ခြင်း၊ ရွေ့လျောတတ်ခြင်း၊ မမြဲတတ်ခြင်း၊ ဆင်းရဲဘဘ်ခြင်း၊ ကိုယ်နှင့်မစပ်- အနတ္တရုပ်သာဖြစ်ခြင်း စသော သဘောတို့ကိုသာ အမြဲတစေဆောင်နှင်းဖေါ်ပြနေသော တရား စုသာဖြစ်သည်။

ဤကဲ့သို့-ပုဂ္ဂိုလ်သတ္တဝါလို့- ထင်စွဲရင်တဖုံ၊ ရုပ်နာမ်အနေနဲ့ တနည်း၊ အချည်းနှီးမမြဲ၊ အစိုးတရလဲ မဟုတ်ပါဟု- ထင်ထင် ရှားရှား,ထွန်းပြနေတာကို၊ မြင်လဲ,မမြင်၊ မြင်အောင်လဲ မကြည့် တတ်၊ မြင်ကြောင်းလမ်းညွှန်-ဒေသကပုဂ္ဂိုလ်မွန်ကိုလည်း- မရှာ, မတွေ့၊ တွေ့တော့လည်း- ကျော်လွှားၡ ရှောင်ဖယ်၊ အနယ် လွန်စွာ ထိုင်နေသော- အဝိဇ္ဇာအနုသယ,ဓါတ်ကြီးအောက်မှာ- မှောင်ကြီးချဘိသကဲ့သို့၊ မမြင်လုံးလုံး- အကဏ်းဆုံးဖြစ်ခါ- နေရ တတ်ကြပါသည်။ ထိုသို့-မဖြစ်ရအောင်,ဤကထာအစမှ- ယခု ရှုပသမုဋ္ဌာန-ပစ္စယသဘောတိုင်၊ အထပ်ထပ်လေ့လာ၊ပြီ သမွှာ

ဒိဋ္ဌိဉာဏ်, အမြင်, အယူ, အမှတ်- အသိဓါတ်ရှိအောင်, ကြိုးစား လျက်- အခြေခံ, ပါရိယာရိယဉာဏ်ထက်သန်ခါ- ဝိပဿနာဉာဏ် ယာဉ်ကို- အောင်မြင်စွာစီး၍- မဂ်ခရီးဖြင့်- လှမ်းတက်ကာ- ဝိမုတ္တိစံရိပ်ငြိမ်၌၊ အသခ်တ,မြတ်စည်းစိမ်ကို ငြိမ်းချမ်းစွာ ခံယူ နိုင်အောင်,သန္နိဋ္ဌာန်ချသင့်ပါတော့သတည်း။ ။

ဤသို့- အာဟာရပိုင်းဆိုင်ရာတို့ကို၊ သိအပ်, ပိုင်းခြားအပ်, အသိဉာဏ်ဖြစ်အောင်, ထိုးထွင်းနိုင်အပ်ပြီးသော်၊ အာဟာရ၌ ဆင်ခြင်ရန် သုတ္တန်ဒေသနာတော်အရ၊ ဉပမာနှင့် ဆက်လက်ပြ ဆိုပါဦးမည်။ ။

# ပုတ္တမံသူပမာ-ကဗဠီကာရဟာရ

တရံသောအခါဝယ်၊ ဇနီးမောင်နှံစုံတို့သည်၊ တဦးတည်း သော-သားငယ်ကလေးကိုခေါ်၍၊အမှတ်မထင်အားဖြင့်-အနည်း ငယ်သော စားနပ်ရိက္ခာတို့ကို ယူဆောင်ကာ ယူဇနာတရာရှိသော ကန္တာရခရီးကို သွားကြလေသည်။ ယူဇနာငါးဆယ်, ခရီးထက် ဝက်မျှ ရောက်သောအခါ၌၊ မိမိတို့တွင် ပါလာသော စားနပ် ရိက္ခာတို့ ကုန်ပြတ်၍ သွားတော့လေသည်။

သဲပြင်အတိဖြစ်သော ကန္တာရခရီးခဲတွင် စားဘွယ်ရာဟူ၍- တစုံတရာမရှိကြဘဲ၊ သုံးရက်တိုင်-လွန်မြောက်လာခဲ့ရာ၊ ထိုအခါ ခင်ပွန်းသည် ယောကျ်ားက- ငါသည်-သင်တို့ သားအမိအား, တစုံတခုလုပ်ကျွေးသမှုပြုရန် မတတ်စွမ်းနိုင်တော့ပေ။ထို့ကြောင့် ငါ့ကိုသတ်၍ အသားကို ရိက္ခာလုပ်ခါ- သားမိနှစ်ယောက်-ဤ

ခရီး၏အပြီးသို့ရောက်အောင်, သွားကြပါလေဟု သားအမိနှစ်ယောက်တွက် အသက်ကိုစွန့်ရန် ပြောဆိုလေသည်။

ထိုအခါ ဇနီးဖြစ်သူကလည်း၊အမောင်,ဤသို့တော့-မသင့်ပါ၊ ကျွန်မသည်လည်း အမှုအလုပ်တို့ကိုငင်း၊ ခလေးထိမ်းကျောင်းမှုကိုငင်း မတတ်နိုင်တော့ပြီဖြစ်ရာ၊ ခင်ပွန်းသည်အား ကျေးဇူးဆပ်သောအားဖြင့် ကျွန်မကိုသာသတ်၍- အမောင်တို့သားအဖနှစ်ယောက်ရိက္ခာလုပ်ခါ- ဤခရီးခဲကို လွန်မြောက်အောင်သွားကြပါဟု ပြန်ပြောလေသော်....

ခင်ပွန်းဖြစ်သူက တဖန်၊ အမိ,နားထောင်ပါဦး၊ မိခင်မရှိလျှင် မိခင်ကို မှီ၍နေရသော- သားကလေးပါ, အသက်ရှင်၍နေနိုင်မည်မဟုတ်၊ မိခင်ရော ခလေးပါ-နှစ်ဦးလုံး အသက်ဆုံးရှုံးနိုင်ပါသည်။ ငါတို့အသက်ရှင်နေသေးလျှင်၊ နောင်အခါ သားစားကို ပြန်၍ရနိုင်ပါသေးသည်။ သားကိုသတ်၍ အသားကိုရိက္ခာပြုခါ- ခရီးခဲကို လွန်မြောက်ပါက- ငါတို့သုံးယောက်စလုံး အသက်ဆုံးရှုံးမှု မရှိသည်နှင့်တူတော့ရာ၊ ဤအမှုကို ပြုရန်သည်-ယခုအခါ အသင့်လျော်ဆုံးပင်ဖြစ်ကြောင်း တိုင်ပင်ပြောကြားလေသည်။

ထိုသို့-တိုင်ပင်သောစကားကို ဇနီးသည်ခမြာသည်-ဆိတ်ဆိတ်နေခြင်းဖြင့်သာ- သဘောတူနိုင်ရှာလေသည်။ သားကလေးကိုသတ်ရန်မူကား။ မည်သူမျှ- ကိုယ်တိုင်သတ်ရန် မသတ်ရက်-မဝံ့ရဲနိုင်ခြင်း ကြောင့်၊ အစာ တောင်းသော သားကလေး အား, မိခင်က- ဖခင်ထံ သွားတောင်းချေ။ ဖခင်ကလည်း တဖန်ချော့မော့၍, မိခင်ထံပြန်တောင်းချည်သား-စသည်ဖြင့် ပြောကြားခိုင်း

စေနေကြရာ၊ သားကလေးသည် လူးလာတုံ့ခေါက်၊ သွားရောက်ပူစာ တောင်းခံနေရင်းမှာပင် ဆာလောင်နှိပ်စက်၊ ပင်ပမ်းချက်ဖြင့် အသက်ဆုံးရရှာလေသည်။

ဇနီးမောင်နှံတို့သည် မလွဲသာတော့သည့်အဆုံး၌၊ သေဆုံးသွားသော သားကလေး၏ အသားညှင်း၊ အသားဆိုင်တချို့ကို စားပြီး- တချို့ကို နေ့ဘို့ညစာ ရိက္ခာပြုလုပ်ကြပြီးလျှင်၊ ကျန်ရှိသော ခရီးခဲကို ဆက်လက်ကြလေသည်။ ဇနီးမောင်နှံတို့သည် မိမိတို့သားကလေး၏ အသားကိုစားကြရာ၌၊ ရသ,တဏှာ-ကပ်ငြိမှုကြောင့် စားကြရသည်မဟုတ်၊ စားသောက်နေဆဲ၌ပင် အသား၌ စက်ဆုတ်ဘွယ် အကြောင်းအမျိုးမျိုးတို့ကို တွေ့မြင်ဆင်ခြင်ရလျက်၊ မစားလျှင်-မဖြစ်နိုင်သောကြောင့်သာ စားကြရရှာခြင်းဖြစ်တော့သည်။

၎င်းတို့ စားသောက်ရသော အသားမှာ- ဇာတ်တူသားဖြစ်ခြင်း၊ ရင်နှစ်သည်းချာ ချစ်လှစွာသော သား,အရင်းဖြစ်ခြင်း၊ နုနယ်သောအသားဖြစ်ခြင်း၊ အသားအစိမ်းသက်သက်ဖြစ်ခြင်း၊ မသုံးဆောင်ထိုက်သော အသားဖြစ်ခြင်း၊ ဆားမပါခြင်း၊အမွေးအကြိုင်ရနံ့ကင်းခြင်း စသော အကြောင်းများကြောင့် လွန်စွာစက်ဆုတ်ရှုံ့ရှာဘွယ်ဖြစ်သည့် အသားကို ကြိတ်မှိတ်ဝါးမျိုရလျက်ကပင် "ငါတို့၏ တဦးတည်းသော သားကလေး, အဘယ်မှာနည်း"ဟု ငိုမြည်တမ်းတ, တသခါ၊ ကန္တာရခရီးခဲကို လွန်မြောက်ခဲ့ကြရကုန်တော့သည်။

ထိုဇနီးမောင်နှံတို့သည် ချစ်စွာသော သားငယ်၏အသားကို ရသတဏှာ,တပ်မက်စွာ ဖြစ်ခြင်းကြောင့်လည်း စားကြရသည်

မဟုတ်၊ မြူးတူးပျော်ပါးနိုင်စွမ်းရှိ၍၊ ကိုယ်သား,ကိုယ်ရေ-ဝဖြိုး
စိုပြေလိုသည့် အတွက်ကြောင့်လည်း စားသောက်ကြရကုန်သည်
မဟုတ်၊ ကန္တာရခရီးခဲကို ကူးမြောက်နိုင်ရုံငှါသာလျှင် စား
သောက်ကြရရှာခြင်းဖြစ်တော့သည်။

ထိုနည်းတူစွာ- ယောဂီသူတော်စင်တို့သည် ၊မိမိတို့သုံးဆောင်
သည့် အလုပ်အလွေ့ကို မပူထိုက်သော်လည်း- ပူအပ်ဘိသကဲ့သို့
သက်ဝင်သော ကဗဠီကာရာဟာရခေါ်- ဩဇာဓါတ်ဆောင်နှင်း
သည့်- အစားအစာအတွင်း၌၊ ဆင်ခြင်ပေးရမည်။ ယောဂီသည်
နေ့စဉ်နှင့်အမျှ- မှီဝဲသုံးဆောင်အပ်သော၊ ဆွမ်း (ဝါ) ထမင်း
စသော အာဟာရတို့၌- မြူးတူးပျော်ပါးလိုခြင်း၊ တန်ဆာဆင်
ယင်ခြင်း၊ ကိုယ်သား,ကိုယ်ရေ- စိုပြေပြည့်ဖြိုး အလှတိုးစေခြင်း၊
ရသာမျိုးစုံတို့၌- ရသတဏှာအားဖြင့် ခံစားလိုခြင်း- စသည်အလို့
ငှါ- မှီဝဲသုံးဆောင်သည်မဟုတ်၊ ဣရိယာပထ,မျှတ၍- သံသရာ
ဝဋ်ဆင်းရဲတည်းဟူသော- ဒုက္ခသစ္စာ, ငါးခန္ဓာ ခရီးခဲမှ- ကူး
မြောက်နိုင်ကြောင်းဖြစ်သည့်- ဝိပဿနာ ဘာဝနာတရား ပွား
များ အားထုတ်နိုင်ရန် အလို့ငှါသာလျှင်၊ မှီဝဲသုံးဆောင်မှု
သင်္ခါရဒုက္ခအစုကို ပူရတာပါတကားဟု ဆင်ခြင်ရမည်။

ဤကဗဠီကာရာဟာရသည်၊ ဩဇာဋ္ဌမက, အာဟာရဇရုပ်ကို
ဖြစ်စေသော သမုဋ္ဌာန်ဖြစ်၏။ ထိုကဗဠီကာရာဟာရ၌ တွယ်တာ
နှစ်သက်တတ်သည့် "တဏှာနိကန္တိ"ဘေးရန်သည် (ဝါ) သာ
ယာတတ်သော "အဿာဒ"အပြစ်တရားသည် အပြည့်အဝရှိ၏။
ခံစားဘူးပြီးသော- ရသာရုံကို အကြောင်းပြု၍- နောင်တဖန်

အတန်တန် ခံစားလိုခြင်းအားဖြင့်၊ အတိတ်နှင့် အနာဂတ်တိုင်လည်း ပြေးဝင်ကပ်ငြိ တောင့်တ,သာယာတတ်၏၊ အတိတ်နှင့် အနာဂတ်ကြား- ပစ္စုပ္ပန်တွဲတွဲအားဖြင့် အတိတ်နှင့်လျော်ညီသော ရသာရုံကိုလည်း ခံစားတတ်၏။ အကြောင်းအား လျော်ရရှိသော ပစ္စုပ္ပန်သက်သက် ရသာရုံခံစားမှုကိုလည်း, သာယာခံစား၏၊ ပစ္စုပ္ပန်၌ အလိုကျအားဖြင့် ဤတကြိမ်- ဤတခါပြီးပြည့်စုံပြီးပြန်လျှင်လည်း- နောင်အခါကို မျှော်မှန်းပြန်၏- တမ်းတပြန်၏။ ဤကဲ့သို့- ရသာရုံ၌ တွယ်တာနှစ်သက်တတ်သော "တဏှာနိကန္တိ"ကို၊ အစဉ်မပြတ်, ငြိနေအောင် အာရုံ,အာလယနှင့် ဆောင်ထားတတ်ကြ၏။

ထို-အာဟာရကို ရှာရဖွေရသည့်- ပင်ပမ်းနွမ်းနယ်- အကုသလစိတ္တုပ္ပါဒ်နယ်က မထွက်နိုင်သော အာဟာရပရိယေသန ဝဋ္ဋမူလက ဒုက္ခကိုသဲမသိ၊ မရှိမရ၍ တောင့်တပင်ပမ်းရခြင်းကိုလည်းမသိ၊ အာဟာရကို သိုမှီးစောင့်ရှောက်ရခြင်း၏ အပြစ်ကိုလည်းမသိ၊ (ဝါ) ရှိသဖြင့် ကြောင့်ကြရခြင်းကိုလည်း မသိ၊ ရလျှင်, လောဘပိုကဲကြွ၍- မရလျှင် ဒေါသနှင့် ဆိုဆဲကြသည် အထိ၊ ကိလေသာ, ဒုစ္စရိတအရင်းအနှီးဖြင့်- ရှာဖွေစုဆောင်း သိမ်းပိုက်ကြလျက်၊ ငါပိုင်,ငါဆိုင်, ငါ့ဥစ္စာဟု- မာနပါ ကြွယ်ပြီးလျှင်၊ ထယ်ဝါပလွှား၊ ကံအား ထောက်ပင့်- အရတော် သင့်တိုင်း၊ မော်ပိုင်းနှင့် မာနတံခွန်လည်း ထူတတ်ကြသည်၊ ကံအားညှိုးပိန်, စည်းစိမ်ကင်းမဲ့- ရှိန်စော်နဲ့ပါက၊ မချွဲသာ မှိုင်ကာငေး၊ အပြစ်ရေး, ရှေးကံနှင့်- သူတကာ, ခေတ်ကာလကိုပင်- အပြစ်တင်ပို့ချပြီး၊ ငို့,ဘ,မရှိမရလျှင်- ဒေါသကို ရင်ခွင်ပိုက်နေမိကြပုံ

တွေ့ကိုကြည့်ပါက၊ အာဟာရ ပရိယေသနနှင့်- အာရက္ခဒုက္ခ နှစ်ပါးတို့မှ ပေါက်ပွားသည့်လောင်စာ၊ ကိလေသာ ပရိယုဋ္ဌာန် နှင့် ဝီတိက္ကမံ၊ ဒုစ္စရိတ်အမှုတို့ ကျယ်ပြန့်လှပုံကို ကြည့်ပါလျှင် လည်း- ကဗဠီကာရာဟာရမှစ၍ အာဟာရမှန်သမျှတွေကို ရှာမှီး သိမ်းပိုက်- ဒုက္ခပင်စိုက်နေကြပုံသည်- သံသရာ့အဟုန် ဝဋ္ဋဒုက္ခ ဘေးကြီးကို အရေးတယူ မွေးမြူနေသကဲ့သို့ပင် ဖြစ်တော့သည်။

ထို့ကြောင့်- ကဗဠီကာရာဟာရသဘောသွားတို့ကို၊ အထက်၊ အထက်ကပြဆိုခဲ့သော -အာဟာရဇရုပ်ပိုင်းဆိုင်ရာနှင့်၊ အာဟာရ ပစ္စယသတ္တိသဘော စသည်တို့ကိုပါ၊ ထက်ဝန်းကျင် ပိုင်းခြား၍ သိသော ယောဂါဝစရပုဂ္ဂိုလ်သည်၊ ကာမဂုဏ်တရား ငါးပါး တို့၌လည်း နှီးနှော၍-တပ်မက်ကပ်ငြိ နှစ်သက်တွယ်တာ-လောက် လောင်တတ်မှု- ကာမရာဂအစု၏အပြစ်တို့ကို ပိုင်းခြား သိနိုင်ရာ ပါသည်။ ယင်းသို့ သိအပ်သော်၊ ကဗဠီကာရာဟာရက စ၍ ကာမဂုဏ်တရားတို့၌- နှောင်ဖွဲ့ခံရမှုသံယောဇဉ်တို့သည်၊ ပါးလှ ကင်းဝေး၊ စင်ကြယ်ရေးသို့- ရှေ့ရှုနိုင်တော့မည်သာ ဖြစ်၏။ ထိုသို့- ကင်းဝေးစင်ကြယ်ရေးသို့- ရှေ့ရှုပြေးခါ- မဝင်နိုင်သေး ပါက၊ မိမိ၌- ထာမဂတ- ကိလေသာ တည်းဟူသော- အဝိဇ္ဇာ နုသယနှင့် ကာမရာဂ- ဘဝရာဂ အနုသယတို့သည်၊ ထူထပ်ကြမ်း တမ်းနေသေးသည်ဟု- ဉာဏ်ဖြင့် မြင်အောင် ကြည့်ရှုလျက်၊ အဝိဇ္ဇာကပင် သာသလော၊ ရာဂနှစ်ဖြာကပင်၊ သာသလောဟု စောကြောစစ်ဆေးကြည့်ခါ- လျော့ပါးစေမှု- နိဗ္ဗေဓိက ပညာ အစုကို- ဓမ္မဝိစယသမ္ဗောဇ္ဈင်တန်းမှီအောင်၊ သင်ကြားဆည်းပူး သင့်ရာပါသည်။

အဲဒီတော့- စားဆဲခဏနှင့် စားပြီးနောက်တို့၌၊ ထောက်ပံ့သွားသော- ကဗဠီကာရဟာရ- ပစ္စယသတ္တိသဘောကို- ပဋ္ဌာဂုဏ်ိက, ကာမရာဂအထိ- မဆောင်,မရောက်,မကျယ်မပြန့်အောင် ဝါးမျိုဆဲအခါမှစ၍၊ ဤ- ပုတ္တမံသူပမာ, ဥပမာအားဖြင့် လျော်ညီအောင်, ရှာမှီးခြင်း၌၎င်း၊ စောင့်ရှောက်ခြင်း၌၎င်း၊ သုံးဆောင်ခြင်း၌၎င်း၊ တဏှာနိကန္တိ ဘေးကြီးမှ လွတ်၍- ရပ်တည်နိုင်ရေး- မပြတ်ဆင်ခြင်ပေးသင့်ပါတော့သည်။ ။

(ဥပမာန တူမျှပုံသဘောသွားမှာ)။ ။ချစ်စွာသော သားငယ်၏အသားနှင့်- ကဗဠီကာရဟာရတူသည်၊ ကန္တာရခရီးခဲနှင့် သံသရာ့ဝဋ်ခရီးတူသည်၊ ဇာတ်တူသားဖြစ်ခြင်း စသည်တို့နှင့် ကဗဠီကာရဟာရ၏ စက်ဆုပ်ဘွယ်- ပဋိကူလသညာနှင့် တူ၏၊ ခရီးသွားဇနီးမောင်နှံသည် ယောဂီနှင့်တူ၏၊ ဇနီးမောင်နှံစုံသည် ကန္တာရခရီးခဲကို လွတ်မြောက်သည်နှင့် ယောဂီသည် အာဟာရဇရုပ်များကို သိမ်းဆည်းသည်မှစ၍ ကဗဠီကာရဟာရ၏ သဘောကို ပိုင်းခြားထိုးထွင်းပြီးလျှင်- ဝိပဿနာ ဉာဏ်စဉ်များ ရခြင်းကြောင့် ကိလေသာတို့မှ လွတ်မြောက်လျက်- လောကီမပြန်- လောကုတ္တရာကို ဆန်တက်နိုင်ခြင်းနှင့်တူသည်။

ဤသို့- ကံ, စိတ်, ဥတု, အာဟာရ ရုပ်ပိုင်းဆိုင်ရာများကို ဝိပဿနာဉာဏ်နှင့်လျော်ညီစွာ ပြဆိုပြီး၍၊ စိတ်ဝိညာဏ် ဖြစ်ကြောင်းနှင့် နာမ်အာဟာရသုံးပါးတို့ကို ဆက်လက်၍ ပြဆိုပါဦးမည်။ ။

# စိတ်ဝိညာဏ်ဖြစ်ကြောင်းနှင့် နာမ်,အာဟာရ-သုံးပါး

- ❁ စိတ်ဘယ်မှာတည်ဖြစ်= ကံကြောင့်ဖြစ်တဲ့- ဟဒယဝတ္ထုရုပ်မှာတည်ဖြစ်။
- ❁ နှလုံးခေါ် - ဟဒယရုပ်မှာဘာရှိ = နှလုံးဗူးလိုဏ်တွင်း - တလက်ခုပ်စာ,စရိုက်သွေးရှိ။
- ❁ စိတ်ဝိညာဏ်မှီသည်က,စရိုက်သွေး=တည်သည်က,ဟဒယဝတ္ထုရုပ်။
- ❁ တည်နေတဲ့-အာဝါသိကဗမ္မ, အိမ်ရှင်က- ဝိပါက်မနောဓါတ်ခေါ်=အာရုံကို- ကိုင်းတတ်,ရှိုင်းတတ်, ညွတ်သောဘဝင်ဝိညာဏ်။
- ❁ မှီဖြစ်တာက-အာရုံ+ဒွါရ-ပေါင်းဆုံကြမှ၊အာဂန္တုကဗမ္မခေါ်=အာရုံကိုဝိညာဏ်သိ,သညာသိ,ပညာသိ,အားဖြင့်သိတတ်သော-စိတ်ဝိညာဏ်အစားစားတို့ဖြစ်၊

ထိုစံနစ်ကို အကျဉ်းဆုံးချုံး၍၊ ဝိပဿနာအရာ၌-လိုအပ်ချက်များကို ပြဆိုပါမည်။ ။

## ❁ စိတ်ဖြစ်စေသော အကြောင်းနှစ်မျိုးမှာ

(၁) ဒွါရ= စက္ခု၊ သောတ၊ ဃာန၊ ဇိဝှါ၊ ကာယ၊ မန (၆) ဒွါရဖြစ်၏။

(၂) အာရုံ= ရူပ၊သဒ္ဒ၊ဂန္ဓ၊ရသ၊ (ဖောဋ္ဌဗ္ဗ= ပထဝီ, တေဇော,ဝါယော) ငါးဖြာအာရုံနှင့် (ဓမ္မာရုံ=သုခုမရုပ်(၁၆)-စေတသိက်(၅၂)နိဗ္ဗာန်(၁)ဟု၊ အပေါင်းအားဖြင့်- ဓမ္မာရုံ (၆၉) ပါး၊)အစိပ်အားဖြင့်- မရေမတွက်နိုင်သော- မနောဝိညာဏ်- စိတ္တုပ္ပါဒ်နှင့်အမျှဖြစ်သည်။

နာမ်တရားခေါ်- စိတ်နာမ်-စေတသိက်နာမ်,နှစ်စားတို့သည်၊ ဒွါရ-အာရုံဟူသောအကြောင်းကြောင့်၊ စိတ်ဝိညာဏ်အစားစား, ဖြစ်ပွားကြရပါသည်။ ထိုသို့-ကုသိုလ်ဝိညာဏ်,အကုသိုလ်ဝိညာဏ်, ဝိပါက်အဗျာကတဝိညာဏ်, ကြိယာအဗျာကတ, ဝိညာဏ်တို့ဖြစ်ခြင်း၍၊ (ဝါ) ကာမာဝစရဝိညာဏ်,ရူပါဝစရဝိညာဏ်,အရူပါဝစရဝိညာဏ်,တို့ဖြစ်ခြင်း၍၊ မနောဓါတ်တည်းဟူသော, စိတ်နာမ်တရားသည်- အဓိဂမ,ပုဗ္ဗင်္ဂမ- ရှေ့သွားခေါင်းဆောင်အဖြစ်ဖြင့်၊ ဒွါရ-အာရုံတို့၌၊ နိဿိတ-မှီသည်၏အဖြစ်သို့ရောက်တိုင်း ယှဉ်ရာ-ဒွါရ- အာရုံတို့အလိုက်၊ မနောဓါတ်ဘဝင်နှင့် စေတသိက်တို့ပါပေါင်းဆုံမိပါက၊ ညီမျှခြင်း,အကျိုး= စိတ်ဝိညာဏ်တမျိုးမျိုးဖြစ်ပေါ်ရလေသည်။

ထိုအကျိုးတရားတမျိုးမျိုး-စိတ်ဝိညာဏ်သည်၊ အာဝါသိကဓမ္မဖြစ်သော ဝိပါက်မနောဓါတ်မှ ဆက်သွယ်ခါ(ဝါ)ဘဝဿအင်္ဂ-ဘဝင်္ဂ,အရ၊ ဘဝ၏အင်္ဂါအစိပ်အပိုင်းဖြစ်သော- ဘဝင်စိတ်မှဆက်နွယ်ခါ၊ (ဝါ)ပစ္စုပ္ပန်ဆတ်ဆတ်,ဝိညာဏ်အရပ်ရပ်ကိုဖြစ်စေတတ်သော စွမ်းအားသတ္တိ- အင်္ဂါအစိပ်အပိုင်းအဖြစ်-အဆက်မပြတ်ဖြစ်ရှိနေတတ်သော- ဘဝင်စိတ်မှ ဆက်နွယ်ခါ၊

ဒွါရ+အာရုံ= စေတသိက်အဖုံဖုံနှင့်ယှဉ်စပ်၍၊ပဉ္စဝိညာဏဓါတ်နှင့် မနောဝိညာဏဓါတ်ဟု စိတ်နှစ်မျိုးပြား၍-မူလအားဖြင့် ဖြစ်ပွား ပါသည်။

ပဉ္စဝိညာဏ်သည်=အဟိတ်ဝိပါက် အဗျာကတ, ဝိညာဏ်မျိုး ဖြစ်ပြီး၊ အဟိတ်, ကုသလဝိပါက်ဝိညာဏ်၊ အဟိတ်,အကုသလ ဝိပါက်ဝိညာဏ်၊ အဟိတ်, ဟသိတုပ္ပါဒ်ဝိညာဏ်, ဟူ၍ သုံးပါး ဖြစ်ပါသည်။

မနောဝိညာဏ်သည်- ဇောစိတ်ဝိညာဏ်မျိုးဖြစ်ပြီး၊ ကုသိုလ် ဝိညာဏ်၊ အကုသိုလ်ဝိညာဏ်၊မဟာဝိပါက်ဝိညာဏ်၊မဟာကြိယာ ဝိညာဏ်,ဟူ၍- စိတ်ဝိညာဏ်လေးစားဖြစ်ပါသည်။

ထိုသို့-ပဉ္စဝိညာဏ်အားဖြင့် သုံးစားရင်း၊ မနောဝိညာဏ်အား ဖြင့်-လေးစားရင်း၊ မတူခြားနား-ကွဲပြားရသည်မှာ၊ ဒွါရ--အာရုံ မူလအကြောင်းတွင်- ခြောက်ဒွါရတို့၌- နှလုံးသွင်းလာသော မန ဓါတ်သည်၊(၀၁)အာဝဇ္ဇိတကမ္မ-အိမ်ရှင်ဘဝင်စိတ်မှအာဝဇ္ဇန်း စိတ်ဟု-အမည်ပြောင်းခဲ့သော မနဓါတ်သည်၊ အာဂန္တုကကမ္မ- ပဉ္စဝိညာဏ်,စိတ်နှင့် မနောဝိညာဏ်စိတ်တို့ကို မိမိချည်းသက်သက် အစွမ်းဖြင့်- စိတ်ဝိညာဏ်-ဖြစ်မပြုနိုင်,မဖြစ်စေနိုင်၊ အတူဖြစ်ဘက်- စေတသိက်နာမ် ဓမ္မာရုံ၏ ကူမ,ချက်ကို ၀ကွနက်စွဲယှဉ်လျက်သာ စိတ်ဝိညာဏ်အစားစားဖြစ်နိုင်ရာ၊ စိတ်ဝိညာဏ်ဖြစ်တိုင်း- ယှဉ် တတ်သော-စေတသိက်နာမ်,ဓမ္မာရုံတို့နှင့်မျှသာ- ယှဉ်တွဲဖြစ်ရခိုက် ၌၊ ပဉ္စဝိညာဏ်သာ ဖြစ်ရပါသည်။ (၀၁) တနည်းအားဖြင့်-- အာရုံကို မစူးစမ်းရသေးသော-အာရုံကို လက်မခံရသေးသော၊ ဝိပက္ကဘာဝံ- အကျိုးရင့်ကျက်, အကြောင်းဆက်ရန် ဖြစ်သော-

ဇောဝိညာဏ်မျိုးမဖြစ်ရသေးသော၊ ဆိုးကျိုး၊ ကောင်းကျိုး၊ ဝဋ်ဒုက္ခမျိုးလိုက်ရန်--အာရုံကို သိကာမျှမတ္တသာဖြစ်သည့်- ဝိပါက ဝဋ်အလိုက်ခံရသော၊ ခံနေရသော-အဗျာကတ၊ ဝိညာဏ်မျိုးသာ ဖြစ်ပါသည်။

ထိုမှတထောက်-အာရုံမပျောက်ရှိ၊ (ဝါ)ပဥ္စဝိညာဏ်-ဝိပါက် အမည်ခံ-သိကာမျှမတ္တ အမှန်သဘောကို၊ ဝိပဿနာဉာဏ်မနှော-မစောကြောမိပါက၊ ထိုမှတထောက်၊ ရှေ့နားရောက်ပြီး အာရုံကိုလက်ခံ- မှတ်သားပြန် သညာသိနှင့် စေ့ဆော်သည့် စေတနာ အတိုင်း၊ ခံစါးပိုင်းအထွေထွေ- ဇောစိတ်တွေ- ဝေဖြာလာပြီဆိုပါလျှင်- ကုသိုလ်၊ အကုသိုလ်၊ စေတသိက်တွေယှဉ်ချက်ဖြင့်- ရင့်ကျက်သည့် အကျိုး- အကြောင်းသစ်တွေတိုးစေမည့်– ကုသိုလ်ဝိညာဏ်၊ အကုသိုလ်ဝိညာဏ်၊ မဟာဝိပါက်နှင့် မဟာကြိယာ-မနောဝိညာဏ်အဖြာဖြာတို့ ဖြစ်ပွားရပေတော့သည်။

ထိုသို့- ကုသိုလ်၊ အကုသိုလ်၊ ကောင်း-ဆိုး-နု-ရင့်၊ အကြိမ်ကြိမ်ဆင့်၍ဖြစ်ရခြင်းကြောင့်၊ မဟာဝိပါက်၊ မဟာကြိယာ၊ နောင်အကြောင်းမကွာသည့် ဝိညာဏ်များအဖြစ်သို့လည်း ထပ်ဆင့်တဲ့၍ မြဲမြဲ ဝိညာဏ်၊ ကြောင်း၊ ကျိုးအလျဉ်သည်- စီစစ်ထားဘိသကဲ့သို့ စိတ္တ-ဓမ္မ-နိယာမ နှစ်ဖြာနှင့်အညီ- သံသရာခရီးစဉ်- စိတ်ဝိညာဏ်တို့၏-ဝီထိဆိုတဲ့–အမျှင်လမ်းစဉ်သည်- မပြတ်နိုင်အောင်၊ ဖြစ်ငြားရတော့ပေသည်။

**ထိုကြောင့်၊ စိတ်အမျိုးအစားတို့အား....**

အကုသိုလ် ဝိပါက်အကျိုးစိတ် (၇) ပါး၊ ကုသိုလ်ဝိပါက် အကျိုးစိတ် (၈) ပါး၊ ဟသိတုပ္ပါဒ်- အရိယာတို့ ပြုံးရယ်စိတ်

(၃) ပါး၊ ပေါင်း (၁၈) ပါးသောစိတ်တို့သည်၊ ကုသိုလ် အကုသိုလ်တို့နှင့် မယှဉ်ခြင်းကြောင့်-အဟိတ်ဝိပါက်-အဗျာကတ, ဝိညာဏ်ဖြစ်သည်။

လောဘစိတ် (၈) ပါး၊ ဒေါသစိတ် (၂) ပါး၊ မောဟစိတ် (၂) ပါး၊ ပေါင်း (၁၂) ပါးသည်- အကုသိုလ်ဝိညာဏ်များ ဖြစ်သည်။

မဟာကုသိုလ် (၈) ပါး၊ မဟာဝိပါက် (၈) ပါး၊ မဟာ ကြိယာ (၈) ပါး၊ ပေါင်း (၂၄) ပါးသည်- ကုသိုလ်ဝိညာဏ် စိတ်များဖြစ်သည်။

**အထက်ပါ....**

| | |
|---|---|
| အဟိတ်,ဝိပါက်အဗျာကတ,ဝိညာဏ်စိတ် | (၁၈) ပါး၊ |
| အကုသိုလ်-ဝိညာဏ်စိတ် | (၁၂) ပါး၊ |
| ကုသိုလ်ဝိညာဏ်စိတ် | (၂၄) ပါး၊ |
| ပေါင်း--ကာမာဝစရ-စိတ်ဝိညာဏ် | (၅၄) ပါး |

ဖြစ်ပါသည်။

ရူပဘုံ-ရူပါဝစရစိတ်ဝိညာဏ်တို့မှာလည်း-ဈာန်အင်္ဂါငါးပါး နှင့် ယှဉ်ဖြစ်သော-

| | |
|---|---|
| ရူပကုသိုလ်စိတ် | (၅) ပါး၊ |
| ရူပဝိပါက်စိတ် | (၅) ပါး၊ |
| ရူပကြိယာစိတ် | (၅) ပါး၊ |
| ပေါင်း--ရူပါဝစရစိတ် | (၁၅) ပါး ဖြစ်ပါသည်။ |

အရူပဘုံ၊ အရူပါဝစရ စိတ်တို့မှာလည်း၊ အာကာ၊ ဝိညာ၊ အာကိဉ္စညာ၊ နေဝသညာ၊ အင်္ဂါလေးပါးအရ၊

| | |
|---|---|
| အရူပကုသိုလ်စိတ် | (၄) ပါး၊ |
| အရူပဝိပါက်စိတ် | (၄) ပါး၊ |
| အရူပကြိယာစိတ် | (၄) ပါး၊ |
| ပေါင်း--အရူပါဝစရစိတ် | (၁၂) ပါး- ဖြစ်ပါသည်။ |

၎င်း-ရူပ၊ အရူပစိတ် နှစ်ရပ်ပေါင်းကို– မဟဂ္ဂုတ်စိတ် (၂၇) ပါး ဟူ၍ ခေါ်ပါသည်။

လောကုတ္တရာစိတ်မှာမူ- မဂ္ဂင်ရှစ်ပါးယှဉ်သော- မဂ်လေးပါး အရ၊ မဂ်စိတ် (၄) မျိုးနှင့် မဂ်၏အကျိုး ဖိုလ်စိတ် (၄) ပါး၊ ပေါင်း (၈) ပါး ဖြစ်ပါသည်။ ထို့ကြောင့်-

| | | |
|---|---|---|
| ကာမစိတ်ဝိညာဏ် | (၅၄)ပါး | ကာမ-ရူပ-အရူပ |
| ရူပစိတ်ဝိညာဏ် | (၁၅)ပါး | လောကီစိတ်က |
| အရူပစိတ်ဝိညာဏ် | (၁၂)ပါး | (၈၁) ပါးရ၏။ |
| လောကုတ္တရာစိတ် | (၈)ပါး- ဟူ၍၊ | |

ပေါင်း.................. (၈၉)ပါးကို၊ စိတ်၊ တခုယုတ်-ကိုးဆယ်ဟု ဆိုရိုးစကားရှိခြင်းသည်ကို သိအပ်ပါသည်။အကျယ် (၁၂၁) ပါးဆိုရာ၌၊ လောကုတ္တရာစိတ် အကျဉ်း (၈) ပါးကို၊ ဈာန်အင်္ဂါ-၅ ါးပါးနှင့်မြှောက်သော်၊ (၄၀)ရ၍၊ လောကီစိတ် ပေါင်း (၈၁) တွင် (၄၀)ပေါင်းသော် စိတ်ပေါင်း၊ အကျယ် (၁၂၁) ပါးဖြစ်ပါသည်။

F 10

သံသရာ့ခရီးကြမ်း-စိတ်ဝိညာဏ်အခဏ်းခဏ်းတည်း ဟူသော သင်္ခါရလောကနယ်၌၊ အထက်ပါ ကာမ,ရူပ,အရူပ, တည်းဟူသော ဘုံသုံးစားတွင် (၈၁) ပါးသော စိတ်ဝိညာဏ်တရားတို့သည်သာ (၅၄) ပါးနှင့် ကာမနယ်မှာ ညစ်ထွေး၍ တွယ်နေကြရသည်။ (၁၅) ပါးနှင့် ရူပနယ်မှာ ဝိက္ခမ္ဘနပဟာန်ဖြင့် နီဝရဏတရားတို့ကိုခွါခွင့်ရသည်။(၁၂)ပါးနှင့် အရူပနယ်မှာရူပသညာ ကင်းကွာခွင့်ရကြသည်။ ကာမနယ် (၅၄) သို့ တဖန်ပြန်ဝင်ရကာ-ဘုံသုံးဝမည်တွင်-သင်္ခါရလောကတခွင်-ဖြစ်ပျက်နေရပုံအလျဉ်တို့သည်- ဤ (၈၁)ပါးသော စိတ်ဝိညာဏ်တရားများမှ အပြီးတိုင်ပြေးထွက်ရန်လမ်းစကို မရရှိသူတိုင်းနှင့် အပြီးတိုင်,ပြေးမထွက်နိုင်သူတိုင်းတို့သည်၊ သင်္ခါရလောကနှင့်စပ်၍၊ ဩကာသလောကဝယ် ရပ်တည်ခါ- သတ္တလောကအတွင်း- ရေတွက်ခြင်းခံနေရသော ဒုက္ခပင်းတို့မှ၊ မုချငြင်းဆန်၍မရဘဲ- ခံစားလာရသည့်- အနမတဂ္ဂသံသရာ-ရှည်ကြာစွာရှိခဲ့လျှပြီကို၊ ဉာဏ်နှင့် မြင်အောင်ကြည့်မိက၊ ကြက်သီးဖြန်းမျှမက- ထိတ်လန့်ကြောက်ရွံ့-နောက်တွန့်၍သာ - ထွက်မြောက်ရာသို့ - ရှေ့ရှုမဝင်နိုင်စရာအကြောင်း- မရှိကောင်းသည်အထိ၊ ဉာဏ်စေစားမိကြစေဘို့-ကောင်းလှပါတော့သည်။

အထက်ဖေါ်ပြပါ- သံသရာတခွင်ကြဉ်လည်ပြေးသွား- မရပ်မနားရသော စိတ်ဝိညာဏ်တရားတို့သည်၊ အကြောင်း,အပေါင်းမပြတ်က၊ ဒလစပ်ထဲသာ-ခဏိကမရဏခံ၍၊ သန္တတိအလျဉ်သို့-စိတ္တနိယာမအစဉ်နှင့် ဂွင်ကျဖြစ်ခါ- ကြဉ်လည်လိုက်ပါကြရ၏။ ရုပ်တရားတို့မှာမူ= ကံ,ပစ်ချသည့် - ဘဝဇာတိအရ- အကြောင်းနိမိတ်,အရိပ်သဏ္ဍာန်ဖြစ်ပေါ်ပြန်လည်း၊ ဇရာ,မရဏာသို့ ခဏိက

သဘောဖြင့် ဝင်ရောက်ခါ၊ခဏိကမရဏ- သမုတိမရဏ- နှစ်ပါးစုံ အကျုံးဝင်၍၊ ဘဝဟုန်- ကံရွေ့ပြောင်းသမျှ= အကြောင်း အဝဝ ဇာတိအထွေထွေ-ဇရာမရဏတွေ ထပ်တလဲလဲမွေ၍သာ- ကြဉ်လည်နေကြရသည်။ ထိုဒုက္ခခန္ဓာ, ရုပ်နာမ်နှစ်ဖြာ၌၊ ဒွါရ, အာရုံ-ပေါင်းဆုံမူလ-စိတ်ဝိညာဏ်ဖြစ်ရပ်သို့ကျအောင်,အာဟာရ သဖွယ်-မှီဝဲရာတဖုံ၊ထောက်ပံ့ပုံ ကျေးဇူးပြုသည်၏အဖြစ်- ပစ္စယ သတ္တိတို့ကြောင့်- မရပ်မနား,လည်ပတ် ဖြစ်ပွားရှဲနေရပေတော့ သည်။ ထိုနာမ်အာဟာရတရားကို မကျဉ်းမကျယ် ဆိုရသော်....

## နာမ်အာဟာရ သုံးပါးတို့မှာ

(၁) ဖဿဟာရ၊ (၂) မနောသဥ္စေတနာဟာရ-
(၃) ဝိညာဏာဟာရ-တို့ဖြစ်သည်။

ရှေးဦးစွာ ဖဿဟာရအကြောင်းကို မကျဉ်းမကျယ်မျှ ပြဆို ပါမည်။

❁ ဖဿဟာရော- ဖဿဟာရသည်၊ အာရမ္မဏေသု-- အာရုံ တရားတို့၌၊ ဣဋ္ဌာနိဋ္ဌရသံ- ဣဋ္ဌရသ,အနိဋ္ဌရသကို၊ (ဝါ)သာယာ နှစ်သက်ဖွယ်ဖြစ်သော-ဣဋ္ဌာရုံ၏အရသာနှင့်- မသာယာမနှစ်သက် ဖွယ်ဖြစ်သော-အနိဋ္ဌာရုံ၏အရသာကို၊ နီဟရန္တော-ထုတ်ယူလျက်၊ သမ္ပယုတ္တဓမ္မေ- ယှဉ်ဘက်ရုပ်နာမ်ခန္ဓာတရားတို့သို့၊ဘုသံ-လွန်စွာ၊ ဟရတိ-ပို့ဆောင်တတ်၏။ ။

စိတ်ဝိညာဏ်တရား,ခန္ဓာငါးပါးဖြစ်ပွားရမှုတွင်၊ ဖဿ-စေတ သိက်တရားကိုယ် တရားသည်- ဒေသနက္ကမအစဉ်အရ၊ ရှေးဦးစွာ နာမ်တရားတို့၏ အာဟာရ- ပစ္စည်းအဖြစ်ဖြင့် ထောက်ပံ့သမှု

ကျေးဇူးပြုတတ်သောတရား ဖြစ်သည်။ ဖဿ၏-အာရုံနှင့် စိတ် ဓါတ်ကို ပေါင်းဆုံပေးမှုကြောင့်- (ဝါ) အာရုံ,စိတ်ဓါတ်-ထို နှစ်ရပ်တို့-ထိပါးပွတ်ချုပ်-ဆက်စပ်မှုအလုပ်ကို မပြတ်လုပ်ဆောင် ခြင်းကြောင့်၊ အာရုံအရသာ သဘောနှစ်ဖြာကို- လွန်စွာ-စိတ်သို့ ပို့ဆောင်ဘိသကဲ့သို့ဖြစ်၍၊ ယှဉ်ဘက် ရုပ်နာမ်, ငါးတန်သော- ခန္ဓာတရားတို့၌- ထိုအာရုံအလိုက်-မပြတ်ဖြစ်ပွားအောင် ထောက် ပံ့တတ်သော ဖဿဟာရ-ပစ္စယသတ္တိတရားဖြစ်ပေသည်။

ထို အာဟာရပစ္စယသတ္တိကြောင့်- ခန္ဓာငါးပါးဖြစ်ပြားလာ သော စွမ်းအားသည်၊ ဖဿစေတသိက်၏ ပကတိသတ္တိစွမ်းရည်မှ ပေါင်းဆုံခြင်း,စွမ်းအားကို ပြင်းစွာဆောင်နှင်း၍- အင်တိုက်, အားတိုက်,ပေးစွမ်းလိုက်ခိုက်၌၊ ဍဋ္ဌရသ- အနိဋ္ဌသရ ပေါ်မှုကို- လွန်စွာ ထောက်ပံ့ ကျေးဇူးပြုလိုက်ခြင်း ဖြစ်တော့သည်။ ထို့ ကြောင့်- ဖဿ၏ပကတိသတ္တိစွမ်းရည်ကို ဌာန်လေးပါးဖြင့် ပိုင်း ခြားဝေဘန်၍ကြည့်သော်....။

# ဖဿတရား၏ ဌာန်လေးပါး

ဖုသန လက္ခဏာ =အာရုံကို တွေ့ထိခြင်း သဘော လက္ခဏာရှိ၏။

သံဃဋ္ဋန ရသာ =အာရုံ=စိတ်ဓါတ် (ဝါ) အာ ဝဇ္ဇန်း စိတ်နှစ်ပါးကို- ထိခိုက် ဆက်စပ်ပေးခြင်းကိစ္စ ရသရှိ၏။ (၁-ပဉ္စဒွါရာဝဇ္ဇန်းနှင့် ၂-မနော ဒွါရာဝဇ္ဇန်းစိတ် ဖြစ်၏။)

သန္ဒိပါတ ပစ္စုပဋ္ဌာနာ =အာရုံနှင့်စိတ်တို့ ပေါင်းဆုံခြင်း တရားဟု ဉာဏ်အား ရှေ့ရှု ထင်၏။

အာပါတဝိသယ ပဒဋ္ဌာနာ=ရှေ့ရှု ကျရောက်သော အာရုံ လျှင် နီးစွာသော အကြောင်း ရှိ၏။

အထက်ပါ ဖဿစေတသိက်တရား၏- လက္ခဏာ, ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန်သဘောတို့ကိုကြည့်လျှင်၊ "ဖုသန"အာရုံ၌ တွေ့ထိခြင်း သဘောလက္ခဏာကို- မပျက်မယွင်း ဆောင်ရွက်တတ်ခြင်းသည်၊ ဖဿ၏ "အတ္တနောသဘာဝ" မိမိ၏သဘောကို- မိမိ ဆောင်ခြင်းဖြစ်၏၊ ထိုသို့- မပျက်မယွင်း ဆောင်နိုင်းတတ်ခြင်း ဖြင့်၊ "သံဃဋ္ဋနရသာ" အာရုံနှင့် စိတ်ဓါတ်၊ (စိတ်ဓါတ်ဆိုရာ၌၊ ငါးဒွါရဆင်ခြင်မှု- မနသိကာရယှဉ်- စိတ်ဝိညာဏ်နှင့်- မနော ဒွါရဆင်ခြင်မှု- မနသိကာရယှဉ်- စိတ်ဝိညာဏ်ဖြစ်သော အာဝဇ္ဇန်း စိတ်နှစ်ပါးကို ဆိုလိုသည်။) ထိုစိတ်နှင့်အာရုံကို- ထိခိုက် ဆက်စပ်ပေးမှု- "ဖုသန,သမ္ဗတ္တိရသ-သံဃဋ္ဋန,ကိစ္စရသ" နှစ်ရပ်ကို ဖြစ်စေသော တွေ့ထိ=ထိခိုက်ပေးခြင်းကြောင့်- သိမှု,ပဥ္စဝိညာဏ် ဖြစ်ရတော့၏။

ယောဂီ၏ဉာဏ်တွင်- ဤဖဿစေသိက, ဓမ္မသည်၊ အာရုံနှင့် စိတ်ဓါတ်တို့ကို ပေါင်းဆုံပေးခြင်း တရားပါတကားဟု- ဉာဏ် အား ရှေးရှုထင်သည်ဖြစ်၍၊ အာရုံတခုနှင့် ဒွါရမှိခန်း, အာဝဇ္ဇန်း စိတ်တခု ပေါင်းဆုံ၍ ချုပ်သွားတိုင်း, စိတ်ဝိညာဏ် အာရုံကို "သိတတ်တရား" ဖြစ်ပွားခြင်း၌၊ မိမိ,ငါ,သူတပါး,ယောကျ်ား, မိန်းမ,ပုဂ္ဂိုလ်, သတ္တဝါက- ဖန်တည်းပြုလုပ်၍ ရကောင်းသော

တရားမဟုတ်၊ ဒွါရ-အာရုံ တိုက်ဆိုင်ရှေ့ရှု- ဖဿ မြောက်မှု ကြောင့်- ဖြစ်ပေါ်ရသော အာရုံကို သိစိတ်သာဖြစ်သည်။

ထိုသို့- ဒွါရနှင့်အာရုံ- ရုပ်အဟုန်တို့ ဖဿသဘောနှင့် တွေ့ ထိမှုမြောက်တိုင်း၊ စိတ်ဝိညာဏ် အဖြစ်သို့- သက်ဝင်ဖြစ်ပေါ် ခြင်းသည်၊ မုချ- ဖဿဟာရ၏ ထောက်ပံ့သည်၏ အဖြစ်ကျေးဇူး ပြုတတ်သော ပစ္စယသတ္တိစွမ်းရည်မှ=စွမ်းအားတရပ်အဖြစ်၊ထိုထို စိတ်ဝိညာဏ်တရားတို့ ဖြစ်ပေါ်ရပါတကားဟု- ပိုင်းခြားဝေဘန် တိုင်း-"နာမရူပသမ္ပယုတ္တာဓမ္မေ"မကွေမကွာ-ရုပ်နာမ်ခန္ဓာတွေသာ ဖြစ်ပွားကြရပါတကားဟု- သိမြင်သုံးသပ်- ဆုံးဖြတ်နိုင်သော ယောဂီအား၊ ဒွါရ,အာရုံ- ပေါင်းဆုံဖဿ= ဖြစ်ပေါ်ကြသည့်- စိတ်ဝိညာဏ်တရားတို့၌၊ ငါမြင်,ငါကြား, ငါနံ, ငါစား, ငါထိ, ငါသိ,ဟု၊ ရှာ၍ရစရာမရှိသည်ကို ပိုင်းခြားဝေဘန်- ထိုးထွင်း ဉာဏ်ဖြင့်- မြင်သိအောင်ကြည့်ရာပါသည်။ ။ဖဿ၏စွမ်းရည်ကို ထို့ထက်အနည်းငယ်ချဲ့ထွင်၍ လင်းပါးရသော်....။

ဤနာမ်အာဟာရတရား သုံးပါးတို့တွင်၊ ဖဿသည်- အာရုံ စိတ်ခံတတ်, ထိုနှစ်ရပ်ကို ဆက်စပ်စေလျက်- အာရုံ၌ ပါရှိသော ဣဋ္ဌအနိဋ္ဌရသကို အရအမိယူခြင်းအမှုသည် ဖဿဟာရ၏ ဆောင် နှင်းချက်မည်၏။ ။မနောသဉ္စေတနာဟာရသည်- ထိုအာရုံ၏ ဣဋ္ဌအနိဋ္ဌရသအတွက်နှင့် သမ္ပယုတ်တရားတို့ကို- စေ့ဆော်တိုက် တွန်း ပြုပြင်ပေးခြင်း အမှုသည် - မနောသဉ္စေတနာဟာရ၏ ဆောင်နှင်းချက် ဖြစ်၏။ ။ဝိညာဏာဟာရသည် = အာရုံကို ဦးဆောင်ရှေ့ရှုယူမှုပြု၍ သိခြင်း- အထူးသိခြင်းဖြင့် သိသဘော အမှုသည်=ဝိညာဏာဟာရ၏ ဆောင်နှင်းချက်ဖြစ်၏။

ထို့ကြောင့်- "သဗ္ဗေသတ္တာ အာဟာရ ဋ္ဌိတိကာ" ဟု ဆိုရာ၌ ရုပ်အာဟာရဝယ်-ကဗဠီကာရဟာရ၏အခွင့်ကျယ်ပုံကိုဆိုအပ်ခဲ့ပြီးသည့်အတိုင်း၊ သတ္တဝါတို့၏ ရုပ်ခန္ဓာသည်- ကဗဠီကာရဟာရနှင့်သာ ရုပ်တည်ဖြစ်ပွား- ဝဋ်ရထားလည်နေရသလို၊ နာမ်အာဟာရသုံးပါးတို့၌လည်း၊ ဖဿဟာရကြောင့်သာ- သတ္တဝါတို့၏ စိတ်ဝိညာဏ်, နာမ်အစားစား ဖြစ်နိုင်ခွင့်ကိုရခြင်းကြောင့်၊ ဖဿတရားသည်- နာမက္ခန္ဓာတို့၏ အာဟာရဋ္ဌိတိကာပင် ဖြစ်သင့်တော့သည်။ အကယ်၍ ဖဿဟာရသည်သာ မဆောင်နှင်းပါက၊ အာရုံနှင့်စိတ်ခေတ်လည်း အသိပင်မကပ်နိုင်။ အသိကပ်နိုင်သည်ထားဦးလော့၊ အာရုံ၏အရသာကို ထုတ်ယူ ရယူမပေးခြင်းကြောင့်- အာရုံ၏အရသာ မပေါ်ထွက်နိုင်။ အာရုံအရသာမပေါ်သော်- ခံစားမှု သုခ, ဒုက္ခမရှိဘဲ၊ အာရုံသိမှုကလေးသာရှိမည်ဆိုက၊ ခံစားမှုမရှိခြင်းကြောင့်- အာရုံအတွက် စေ့ဆော်မှုလည်း မဖြစ်နိုင်တော့ရာ၊ အာရုံအရသာ-သုခဒုက္ခနှစ်ဖြာကြောင့် ပြောင်းရွှေ့လုပ်ကိုင် ပြောဆိုနိုင်ခွင့်မရတော့ဘဲ၊ သစ်တုံး, ငုတ်ပျော့တုံးလို လုံးလုံးအသုံးမကျရာသာ ဖြစ်စရာ ရှိတော့သည်။ ဖဿမရှိက, ဖဿမဆောင်နှင်းက အာရုံ၏အရသာ မပေါ်ခြင်းကြောင့်၊ သုခ, ဒုက္ခ-ခံစားမှုဝေဒနာမရှိလျှင်လည်း၊ သုခကြောင့် လောဘမဖြစ်၊ ဒုက္ခကြောင့်လဲ ဒေါမနဿ ဖြစ်စရာမလိုဘဲ၊ မောဟငုပ်တုတ်ကြီးဖြင့်- သံသရာဆိုတဲ့- ကြဲ၌လည်တာ မရှိဘဲ သစ်ငုပ်တိုကဲ့သို့သာ ဖြစ်နေဘွယ်ရာ ရှိတော့သည်၊ လောကတွင် ဆားမပါသောဟင်းသည်- အရသာကင်းသကဲ့သို့၊ ဖဿဟာရ မရှိခြင်းဖြင့်- ဖဿဟာရ မထောက်ပံ့ခြင်းဖြင့် ဆိုက၊ နာမက္ခန္ဓာလေးပါးစေ့အောင်ပင်, မဖြစ်ပွားနိုင်တော့အောင် ဖဿ၏နယ်

ပယ်သည်= နာမ်ခန္ဓာတခွင်တွင် သူဘုရင်လိုပင် ဖြစ်သည်မို့ "သဗ္ဗေသတ္တာ- နာမက္ခန္ဓာ ဖဿဟာရဋ္ဌိတိကာ"ဟူ၍၊ ဆိုသင့်ဆိုထိုက်အောင် အခြေဆိုက်နေသော ဖဿတရား- ဖြစ်ပါပေတော့သည်။ ။

ထိုသို့- အရာဌာန- ကျယ်ပြန့်လှသော- ဖဿ၏ စွမ်းရည်ကို ဆန်းစစ်ပါလျှင်လည်း၊ "တိဏ္ဏံ သင်္ဂတိ ဖဿော"အရ။ ။ စက္ခု- ရူပါရုံ အာဝဇ္ဇန်းစိတ်တို့၊ တိဏ္ဏံ သင်္ဂတိ- သုံးပါး ပေါင်းဆုံခြင်းသည်၊ ဖဿော- ဖဿမည်၏။ ။(၀၁) ဖုသနံ--အာရုံ့စိတ်ခေတ်- ထိုနှစ်ရပ်တို့- အာဝဇ္ဇန်းစိတ်၏ မှီရာဝတ္ထုကို၊ ပင့်စွဲ၍၊ သံဃဋ္ဋနရသာ- ထိခိုက် ဖြစ်ပေါ်စေမှု- သိ ဝိညာဏ်စုကို ပေါ်စေ၏။ ။

ဤနေရာ၌၊ စက္ခု- ရူပါရုံ- အာဝဇ္ဇန်းစိတ်တို့ ပေါင်းဆုံခြင်းသည်- ဖဿဟုဆိုလျှင်၊ ဖဿသည်- ထိုသုံးပါး ပေါင်းဆုံခြင်း၌- အမည် သက်သက်မျှသာ ဖြစ်သလော၊ ဖဿဟာရပစ္စယသတ္တိဆိုသည်၊ အထူးဆိုဘွယ်ရာပင် မရှိတော့သလောဟု စောဒကဆိုစရာသည်ဖြစ်၏။ ။ထိုသို့ဆိုစရာကို ဤသို့သိအပ်၏။ ။

စက္ခုစသော တရားသုံးပါးပေါင်းဆုံခြင်းကို- ဖဿဟုခေါ်ဆိုလိုက်ခြင်းဖြစ်သည်၊ ဖဿကြောင့် ပေါင်းဆုံသည်ဟု အထင်ရောက်မည်စိုး၍၊ "ကိရိယာဖလ"ဖြစ်ပုံ၌၊ အကြောင်းအပေါင်းစုဝေးပုံမျှကိုသာ "ပစ္စယသာမဂ္ဂီ" သဘောကိုသာ ယူစေလို၍ ဆိုခြင်းဖြစ်သည်။ ဖဿဟာရ၌ ပစ္စယသတ္တိ စွမ်းရည်မရှိသည်မဟုတ်- ရှိတော့သည်သာ။ ပရမတ္ထတရားတို့၏ သဘာဝကွဏာ၊ ထွန်းပြ ဆောင်နှင်းမှုသည်၊ အချင်းအရာ၊ အာကာရ- ပင်ဂိုရ်

သဘာဝ-သဘောမမွှဖြစ်သည်၊ ထို-ကိစ္စရသ သဘောသည်- ပရမတ္ထတရားတို့၏ ပကတိသတ္တိ စွမ်းရည်ထူး ဖြစ်ပေသည်။ ။

ထို-ဖဿ၏ ပစ္စယသတ္တိ စွမ်းရည်ထူးသဘောကို သိသာ ထင်ရှားအောင်- ဥပမာအားဖြင့် ပြရသော်....။ ။စက္ခု- ရူပါရုံ- အာဝဇ္ဇန်းစိတ်တို့- ပေါင်းဆုံခြင်းသည်- ပေါင်းဆုံကြုံကိုက်ရုံမျှသာဖြစ်၍၊ ဖဿမမြောက်လျှင်၊ စက္ခုဝိညာဏ်မြင်သိစိတ်မပေါ်နိုင်ပေ။ (ဥပမာ) ထုံးခြောက်မှုန့်- နနွင်းမှုန့်- ရေ့တို့ ပေါင်းဆုံလျှင်၊ ရေသည်စိမ့်၍ ဝင်တတ်သောကြောင့်- ထုံးမှုန့်ထဲဝင်လျှင်- စိုစွပ်သောအဖြူရောင်သာဖြစ်မည်။ နနွင်းမှုန့်ထဲစိမ့်ဝင်လျှင် စိုစွပ်သောအဝါရောင်သာဖြစ်မည်။ထိုသုံးမျိုးကို လက်နှင့်သမအောင် မမွှေပေးသေး၍ အနီရောင်အဖြစ်သို့ [illegible] လက်နှင့် သမအောင်မွှေပေးလိုက်သည်နှင့်တပြိုင်နက်၊ အနီရောင်အဖြစ်သို့ မုချပေါ်ပေါက် ရောက်လာရပေမည်။ ဤနေရာ၌=စက္ခု-ရူပါရုံ- အာဝဇ္ဇန်းစိတ်တို့- ပေါင်းဆုံကာမျှနှင့်- အကျိုးစက္ခုဝိညာဏ်စိတ် ဖြစ်မလာနိုင်သေးဘဲ၊ ပစ္စယသာမဂ္ဂီ-အကြောင်းတို့၏ ညီညွတ်ခြင်းကို- တပါးပါဝင်ဆောင်နှင်းတတ်သော၊ ဖုသနံဖဿော= တွေ့ထိ၍၊ "သံဃဋ္ဋနရသ" ထိခိုက်ညီညွတ်စေသော ကိစ္စရသကြောင့်သာ-စက္ခုဝိညာဏ်စိတ်ပေါ်သည်ဟု ပိုင်းခြားသိရာ၏။ ထို-ဖုသနလက္ခဏာနှင့် သံဃဋ္ဋနကိစ္စရသသည်-ဖဿ၏ပကတိသတ္တိ စွမ်းရည်ထူးပင် ဖြစ်သည်။

ဥပမာနတူပုံများမှာ၊ ထုံးမှုန့်နှင့် စက္ခု၊ နနွင်းမှုန့်နှင့် ရူပါရုံ၊ ရေနှင့် အာဝဇ္ဇန်းစိတ်၊ လက်ဖြင့်မွှေခြင်းနှင့် ဖဿ၊ အနီရောင် ပေါ်ခြင်းနှင့် စက္ခုဝိညာဏ်စိတ်တို့- တူမျှကြပါသည်။ ဖဿ၏

လက်နှင့်မွေခြင်းကဲ့သို့သော-အချင်းအရာဖြင့်- အာရုံ၏ဣဋ္ဌအနိဋ္ဌ, အရသာကို ထုတ်ယူဖေါ်ကျူးလျက်၊ စက္ခုဝိညာဏ်- မနော ဝိညာဏ်နှင့် သမ္ပယုတ္တဓမ္မာ-ဝေဒနက္ခန္ဓာဖြစ်ရေးသို့တိုင်- ပြင်းစွာ ဆောင်နှင်းတတ်ခြင်းသဘောသည်၊ ဖဿဟာရ ပစ္စယသတ္တိ၏ ပကတိ,အကြောင်းရှိ-စွမ်းရည်ထူးဖြစ်ပါသည်။

ဖဿလျှင်, ငါးခုမြောက် ဖြစ်သော-ဖဿပဌမကတရားအရ၊ အာလောက, အလင်းသည်လည်း၊ ထိုရူပါရုံ၏ ဣဋ္ဌ အနိဋ္ဌရသ ပေါ်ထွက်စေမှု၌၊ အလင်းရောင်စွမ်းအားပြည့်လျှင် ထက်မျက် ထင်ရှား၍၊ အလင်းရောင် အားအစွမ်း လျော့ပါးလျှင်၊ ရသ ပေါ်မှုနုံ့သည်ဟု ပိုင်းခြားသိရာ၏။ ထို့ပြင် အဓိနာယကဖြစ် သော-စက္ခုပသာဒအကြည်-အားစွမ်းအပြည့်ရှိလျှင် ထက်မျက်၍၊ ပသာဒအားသေးလျှင်နုံ့သည်၏အဖြစ်သို့ ရောက်၏။ အာလော ကသည် ရူပါရုံနှင့်ဆက်စပ်၍၊ ပသာဒသည် ရူပါရုံကို ပြတတ် သော စက္ခုနှင့် (ဝါ) စက္ခုနိဿိတ,တရားနှင့်ဆက်စပ်၏။ ဤသို့ အားဖြင့် စက္ခု-ရူပါရုံ-မနသိကာရ-ခေါ် အာဝဇ္ဇန်းစိတ်, အာ လောကတို့၏ ဖဿလျှင် ငါးခုမြောက်သော "ပစ္စယသာမဂ္ဂီ" အားဖြင့် စိတ်ဝိညာဏ်တရားတို့ ဖြစ်ပွားပုံကို ပိုင်းခြားသိရာ၏။

ဖဿတရားသည် အာရုံတရားတို့၏ ဣဋ္ဌအနိဋ္ဌရသကိုထုတ်ယူ လျက်၊ သမ္ပယုတ်တရားတို့သို့-လွန်စွာပို့ဆောင်တတ်၏ဟု ဆိုရာ ဝယ်၊ ၎င်းဖဿလျှင် ငါးခုမြောက်၍ဖြစ်ပေါ်လာရသော စက္ခု ဝိညာဏ်စိတ်စသည်တို့သည် ဣဋ္ဌအနိဋ္ဌကိုမူ သိ၏။ ဣဋ္ဌအနိဋ္ဌ ရသာရုံကိုမူ မခံစားတတ်,မခံစားနိုင်။ ထိုသို့-ဣဋ္ဌအနိဋ္ဌသဘောကို သိသည့် ဝိညာဏ်ဖြစ်ခြင်းကြောင့်သာ- သဒ္ဓါ,ပညာနှင့် စပ်သော

ရူပါရုံတို့၌ သိဝိညာဏ်တရားကို ကုသလဝိပါက်စိတ် ဟူ၍ငင်း၊ ဘဏ္ဍာ့ပင်္ဂဿနှင့်စပ်သော ဣဋ္ဌအနိဋ္ဌာရုံတို့၌၊ အကုသလဝိပါက် စိတ်ဟူ၍ငင်း ဖြစ်ပေါ်ခေါ်ဆိုအပ်၏။ ထိုဝိပါက် ဝိညာဏ်တို့ သည် အာရုံ၏ ဣဋ္ဌအနိဋ္ဌ-ပေါ်မှုကိုသာသိသည်၊ အာရုံ၏ အရ သာကိုမူ မခံစား၊ ခံစားသည်က- ဝေဒနာ စေတသိက်တရားက သာ ခံစားသည်၊ ဖဿသည်လည်း အာရုံ၏အရသာကို တစိပ် တဒေသအားဖြင့် ခံစားတတ်ပုံကို ဤသို့သိအပ်၏။ဖဿ၏အာရုံ ကို တကြိမ်တွေ့ထိ့ထိခိုက့်ဆောင်နှင်းခြင်းသည်၊စားတော်ဆက် နှင့်တူ၍၊ ဝေဒနာ၏ အာရုံအရသာကို ခံစားခြင်းသည် မင်းနှင့် တူပုံဖြင့် ပိုင်းခြား၍ သိရာ၏။ စားတော်ဆက်သည်,ပွဲတော်အုပ်မှ ထမင်း့ဟင်းလျာတို့ကို အဆိပ်အတောက်- ကင်း့မကင်း့ သိရ အောင်-ဝါးမျှိစားသုံးပြရရာ၊ ရသာမျိုးစုံကိုတော့- သိလိုက်ရုံမျှ- ခံစားလိုက်ရသည်။ မြိန်ယှက်စွာသောသဘောအားဖြင့်မူ မခံစား လိုက်ရပေ။ အဘယ့်ကြောင့်ဆိုသော်....၎င်းသည် ပွဲတော်အုပ်မှ- ထမင်းဟင်းလျာတို့ကို အဆိပ်အတောက် ပါ-မပါ-သိရန်- ဝမ်း တွင်းသို့ အလျင်အမြန်မျိုချပြရမည့်-ဗျာပါရအမှုသည်သာ မိမိ အမှုဖြစ်၍- အမြန်ပြီးဆုံးခြင်းသို့ ရောက်စေရသည်။ ့ဘုရင်၌မူ= ထိုဘေးကင်းပြီးသော ပွဲတော်စာများကို၊ တိတိကျကျ- မိမိ့ရရ အာလယရှိသမျှ- အာရုံ၏အရသာကို- မြိန်ယှက်စွာ ခံစားသုံး ဆောင်တော့၏။ထို့ကြောင့် ဖဿသည် မိမိကိစ္စ မိမိဆောင်နှင်း မှုတည်းဟူသော- အာရုံစိတ်ဓါတ့်ထိုနှစ်ရပ်ကို တွေ့ထိ ဆက်စပ် ပေးရသည့်- ဗျာပါရသာ အဓိကရှိရာ၊ အာရုံ၏ဣဋ္ဌအနိဋ္ဌရသာကို ဖေါ်ထုတ်ပေးခိုက်- တွေ့ထိလိုက်ရ၍- ခံစား့သိ့ နှစ်ခုကြားတွင် အာရုံ၏အရသာကို ခံစားရကောင်းမှန်းသိရုံမျှ-ခံစားမှုကလေးကို

သာဖြစ်ပွားရသည်။ ဝေဒနာ စေတသိက် တရားကဲ့သို့= မနော-သမ္ဖဿ–ဇောဝိညာဏ်နှင့်တကွ-ရသော အာရုံ၏အရသာမျိုးကိုမူ မခံစားနိုင်၊ စက္ခုသမ္ဖဿဇာ- ဝေဒနာမျှအတွင်း၌– ဖဿပဋ္ဌမက-မြောက်အောင် ဆောင်နှင်း၍-နာမ်တရားတို့၏ ဖဿဟာရပစ္စယ သတ္တိကို ဆောင်နှင်းနိုင်စွမ်းရှိရုံမျှသာဟု- ဝေဘန်ပိုင်းခြား သိရာ၏။ ။(ဤနေရာ၌၊ ဖဿကို စားတော်ဆက်ကဲ့သို့ ဥပမာပြုရာတွင် စင်စစ် ဖဿကတော့ ခံစားသည်မဟုတ်- စက္ခုသမ္ဖဿဇာ-ဝေဒနာအရ ဖဿမြောက်ဆဲခဏ- ဝေဒနာစေတသိက်က ခံစားလိုက်ပုံကို တင်စား၍ ဆိုခြင်းသာဖြစ်၏။)

ဤကား–၊ ဖဿဟာရပစ္စယသတ္တိ၏ ဆောင်နှင်းတတ်သော-ကိုယ်[illegible] အဓိပ္ပါယ်[illegible]တို့ကို ပေါ်[illegible]၍ ဉာဏ်ဖြင့်ပိုင်းခြားသိအပ်လှသော သဘောတရားတို့တည်း။ ။

သင်္ခါရဓမ္မရုပ်နာမ်ကို လုပ်ကြံခါ- ငါ့သူတပါး့ယောကျ်ား့ မိန်းမဟု၊ ဝိပလ္လာသတရားသုံးပါး့ဖုံးလွှမ်းခံထားရသောခန္ဓာရှင်တို့သည်၊ အထက်ပါ-ဖဿဟာရပစ္စယသတ္တိ သဘောတို့၌ စော ကြောမသိကြကုန်သည်ဖြစ်၍၊ ဖဿကို- အစာ အဟာရသဖွယ်-ခင်တွယ်မှီဝဲနေကြသည်။ပဉ္စဂုဏ်က့ကာမဂုဏ်ငါးပါးတို့၌ဖဿကို မှီစွဲ၍ မြဲမြံစွာ ခံစားလိုကြသည်၊ ခံစားကြသည်။ ဖဿကို ပစ္စယ သတ္တိအနေအားဖြင့်ကား- မသုံးသပ်တတ်ကြ။ ဖဿကိုသာ(ဝါ) ဖဿဖြင့်သာ အာရုံအမျိုးမျိုး၌- ယှဉ်တွဲမှီဝဲရအောင့် လုံးပမ်းကြကုန်သည်။ (ဝါ) အာယူဟနဌ-အနက်ဖြစ်အောင့် ပေါင်းစည်း အားထုတ်ကြကုန်သည်။ မိမိက့ငါက - မှီဝဲခံစားနိုင်သည်ဟု-ထင်မှတ်ယူစွဲကြသည်။ငါထင်ပြီး-တဏှာဝင်သမျှ-တဏှာလိုသမျှ-

စေတနာနှင့်စေ့ဆော်ခိုင်းပြီး ဖဿဟာရကို ဝိုင်းဝိုင်းလည်အောင် အလုပ်ပေးလျက်- ဣဋ္ဌ-အနိဋ္ဌ ရသာရုံတွေကို ခံစားမှီဝဲရအောင်-အသုံးချကြသည်။ တဏှာက-ခိုင်း၍, လိုချင်တပ်မက်- တောင့်တသည်ဟုလည်း-မသိ၊ အဝိဇ္ဇာက-မသိအောင်မှောင်ချပေးထားသည်ကိုလည်း မတွေးမိ၊ သမုဒယသစ္စာအနက်- အာယူဟနဋ္ဌ အချက် ခေါင်းဆောင်မှုဖြင့် ဒုက္ခအမှု- ဒုက္ခအစုတို့ကို ပစ္စုပ္ပန် သံသရာ အဖန်ဖန်ရစေရန် တသွေမတိမ်းလိုက်နာလျက်- တဏှာ ခိုင်းသမျှ-အလိုင်းတကြီး- ဖိစီးအားထုတ်နေကြသည်ကို ဉာဏ်နှင့် စူးစူးကြည့်က၊ အရှုး,အမူး= 'အကန်း-အန္ဓ- ပုထုဇနတို့၏ အဖြစ်မျိုးသည်၊ အလွန်လျှင်, သံသရာ့ဝန်ကို- လေးပင်စွာ ထမ်းရွက်နေကြသည့် ဥမ္မတ္တက, သဖွယ်တွေသာဖြစ်ကြောင်း, ကောင်းစွာ တွေ့မြင်နိုင်ပါတော့သည်။

အထက်ဖော်ပြပါ- စက္ခုသမ္ဖဿ=မနောသမ္ဖဿတို့၌၊ ပညာ စက္ခုအားဖြင့် ပိုင်းခြားသိမြင်- ဉာဏ်နှင့်ယှဉ်ရသကဲ့သို့၊ ကြွင်းကျန်သည့် အာရုံ ၆-တန် အလုံးစုံ၌လည်း၊ ဖဿပဉ္စမက သဘောတို့ကို နှီးနှော၍၊ သဘောပေါက်, ဉာဏ်ဝင်မြောက်အောင်, သုံးသပ်ကြရပါသည်။ ၎င်း ဖဿပဉ္စမက (၆)ပါးသောတရားစုတို့မှာ....။

(၁) စက္ခု=ရူပ၊ အာလောက,အလင်း၊ မနသိကာရ+ဖဿ။

(၂) သောတ=သဒ္ဒ၊ အာကာသ, အကြားအပေါက်၊မနသိကာရ+ဖဿ။

(၃) ဃာန=ဂန္ဓ၊ ဝါယ,လေ၊ မနသိကာရ+ဖဿ။

(၄) ဇိဝှါ=ရသ၊ အာပ- အစေး, ဂဇီ၊ မနသိကာရ+ဖဿ။
(၅) ကာယ=ဖေါဋ္ဌဗ္ဗ၊ ပထဝီ၊ မနသိကာရ+ဖဿ။
(၆) မနဓါတ်=ဓမ္မာရုံ၊ ဟဒယဝတ္ထု၊ မနသိကာရ+ဖဿ။

ဟူ၍...ခြောက်ဒွါရ=ခြောက်အာရုံ၌၊ ဝိညာဏ်ခြောက်မျိုး၊ ဝေဒနာခြောက်မျိုး၊ သညာခြောက်မျိုး၊ စေတနာခြောက်မျိုး၊ မရပ်မနားဖြစ်ပွားရသည်မှာ၊ ဖဿ,သည်- အာဟာရပစ္စယသတ္တိအားဖြင့်- လှန်စွာဆောင်၍- ထောက်ပံ့သည်၏အဖြစ် ကျေးဇူးပြုသော ကြောင့်သာ- ခြောက်ဒွါရတို့တွင် ပစ္စယ သာမဂ္ဂီ=အကြောင်းစုံညီပြီးလျှင်- ခဏပစ္စုပ္ပန်စက်, ခန္ဓာငါးပါး ဖြစ်ရချက်မှုလှဲ၍၊ အတုံးအခဲ- သတ္တဝါလဲမရှိသည်အမှန်ဖြစ်ရာ၊ ငါစွဲနှင့်ကြံ- ငါမာန်ခံ၍- မဝံ့ပါနိုင်တော့- အနိစ္စမျိုး- ဒုက္ခပိုးသည့်အနတ္တ အစိုးမရခြင်း တရားအခင်းသာ ဖြစ်ပါတော့သည်။

ထိုသို့- မသိရှိ မဖေါက်ထွင်းနိုင်ပါက၊ ဖဿအာဟာရ မှီဝဲလိုလှသည့်- ပရိယေသနမှု-သင်္ခါရဒုက္ခစုကိုလည်း, မြင်မည်မဟုတ်၊ တဏှာခိုင်းသည့်- အာယူဟဋ္ဌနပိုင်း၌လည်း- ဥပ္ပါဒ,ဝယ ဟူသော ဝိပရိဏာမ ဒုက္ခနှင့်- ဘယဋ္ဌဒုက္ခကိုလည်း မြင်နိုင်မည် မဟုတ်၊ သင်္ခတဒဏ်ချက်- ဖြစ်ပျက်နှင့်- ပီဠနဋ္ဌအနက်- နှိပ်စက်မှု ပြည့်နှက်နေသည်ကိုလည်း- မြင်နိုင်စွမ်းမရှိသည်ဖြစ်၍၊ သံသရာ ဝဋ္ဋဒုက္ခအန္တယ်ကို- ဘယ်လိုမှ ရပ်ချင်, ဖြတ်ချင်- ဖြတ်လိုလာချင်မည် မဟုတ်တော့ပါ။ ထို့ကြောင့်= ဖဿဟာရကို သုတ္တန်ဒေသနာတော်အရ၊ ဘယဋ္ဌဒုက္ခကြီးနှင့် ပီဠနဋ္ဌအနက် နှိပ်စက်နေပုံကိုလည်း အရေကွာသောနွား ဥပမာထား၍ ပြတော်မူအပ်သည်ကို ဉာဏ်ဖြင့် မြင်အောင် ဆက်လက်၍ ကြည့်ရှုကြပါဦးစို့။ ။

# နီဝရဏနီ ဂါထာပမာ=ဖဿဟာရ

အပေါ်သားရေ အခွါခံထားရသော နွားမသည်၊ သွေးရဲရဲ-သားရဲရဲဖြင့်- ခံပြင်းလှဆဲဖြစ်သော- နာကျင်ကိုက်ညှင်း- စပ်ဖျင်းပူရှိန်း၍နေသော ဆင်းရဲဝေဒနာမှ သက်သာခြင်းကို အလိုရှိရကား၊ တင်းကုတ်နံရံတို့၌ မှီ၍နေရာ- နံရံ၌ရှိသော ပိုးမွှားတို့၏ ထိုးဆွ ကိုက်ခဲခြင်းကို ထပ်၍ပင် ခံရပြန်ရှာသည်။ သစ်ပင်၌မှီ၍ နေပြန်ရာတွင်လည်း၊ သစ်ပင်၌ နေကုန်သော ပိုးတို့က ထိုးဆွ ကိုက်ခဲကြပြန်သည်။ ရေထဲသို့ ဆင်း၍နေပြန်တော့လည်း ငါး, ပုဇွန်, လိပ်, မိချောင်းစသော ရေသတ္တဝါတို့က တွေ့ထိရာ၌ ကိုက်ခဲကြပြန်သည်။ မှီရခြင်းဖြင့် နှိပ်စက်ခံရကား၊ အမှီလွှတ် လဟာပြင် ကျယ် ကွင်းလယ်၌နေသောအခါတွင်လည်း ချင်, ယင်, ငှက်, စွန်, ငှင်းတ စသည်တို့က ပို၍ပင်ဆိုးလှစွာ ထိုးဆွ ကိုက်ခဲကြပြန်တော့သည်။ မည်သည့်နေရာ၌မဆို၊ ခိုမှီနေငြားသော်လည်း- ထိုထိုမှီရာ အရပ်တို့မှ ပိုး၍, ငါး, လိပ်, ပုစွန်, မိချောင်း, ငှက်စွန် အပေါင်းတို့က အရေကွာသော နွားမကို- ညှဉ်းပမ်း နှိပ်စက်ကြကုန်တော့၏။ ။

ဤကဲ့သို့ ပိုးအမျိုးမျိုး, ငါး, လိပ်, ပုဇွန်-ငှက်စွန်တို့- ထိုးဆွ ကိုက်ခဲခြင်းဘေးမှ မလွတ်နိုင်ဘဲ ခံစားရခြင်းသည်၊ ထိုနွားမ၌-အရေကွာနေသော ကိုယ်ကောင်ဟူသည့် အကြောင်းကြောင့်သာ ဖြစ်၏။ အရေမရှိသော ကိုယ်ကောင်၏ အပြစ်မှတပါး-, အခြားတပါးသောအကြောင်းမရှိချေ။

ထိုအတူ ဤစာရှုသူ ပုဂ္ဂိုလ်ဟူသမျှတို့သည်လည်း၊ အရေကွာသော နွားမနှင့်တူသည့် "ဖဿဟာရ" နှင့် အမြဲတကွ ဖြစ်ရှိနေ

ခြင်းကြောင့်သာ အာရုံခြောက်ပါးမှ ဝေဒနာအစားစားတို့ကို တဖွားဖွား ခံစားနေရပါတကားဟု ဉာဏ်နှင့် ပိုင်းခြားသိရပါမည်။

တဏှာခိုင်းသဖြင့် အတိုင်းမသိ သာယာဘွယ် အာရုံတို့ကို ခံစားလိုသော အကြင်သူသည်၊ ဖဿကို အစာအဟာရသဖွယ် ရှာဖွေမှိဝဲ၏။ ဖဿဟာရ၏ ပစ္စယသတ္တိကင်းမဲ့လျက်၊ ခံစားမှု ဝေဒနာတရားကို မရရှိနိုင်ရကား၊ ဖဿလျှင်- အကြောင်းရှိသည့် ဝေဒနာခံစားရမှုအတွက်, တဏှာသည်- ဒုက္ခဖြစ်မည့် အရေးကို မငဲ့ကွက်နိုင်တော့ဘဲ၊ (ဝါ) အဝိဇ္ဇာ ပိတ်ခါဆို့ပေးသဖြင့်- ဒုက္ခဖြစ်ဘို့အရေးကို မသိမမြင်နိုင်တော့ဘဲ၊ ဖဿ၏အာရုံကို- တွေ့ယူထိခိုက်-ညှစ်ထုတ်ပေးမည့်- အရသာကို ဝေဒနာက ခံစားနိုင်အောင် အငန်းမရ- အဆက်မပြတ် ရှာမှီးကပ်ရောက်စေတော့၏။

ထိုသို့ အာရုံနှင့် ချဉ်းကပ်မိအောင် ဆက်စပ်ပေးတတ်သော ဖဿဖြစ်တိုင်း "ဥပဂမန" ကပ်ရောက်မှုဘေးကြီးကို သာယာဘွယ်အထင်အစွဲဖြင့် ခံစားမှုရရှိနိုင်ရေးအတွက်၊ ပိုးဖလံမျိုးတို့, မီးကို ဇွတ်တိုး၍ ဝင်ဘိသကဲ့သို့ တိုးဝင်ကြလေတော့၏။

အရေကွာသောနွားမ၏ သက်သာမည်ထင်ရာသို့ ပြေးဝင်တိုးကပ် "ဥပဂမန" ဘေးဆိုက်အပ်သော်လည်း သက်သာရာရှာမရ၊ ထပ်တိုးလို့ပင် ဆင်းရဲဒုက္ခဖြစ်ရပြန်ဘိသကဲ့သို့၊ သာယာခုံမင်နှစ်သက်စရာ အာရုံအလျဉ်ကို တသွင်သွင်ရှာကြံမှီဝဲ- ပြောင်းလွှဲ တွေ့ဆုံလိုသော တဏှာ ယောကျ်ားသည်၊ ခြောက်ပါးသော အာရုံတို့၌ ဖဿလိုလား- တွေ့ဆုံငြားအောင်,ကြိုးစားကပ်ရောက် ဒွါရပေါက်မှ-ကျရောက်ဝေဒနာ-သက်ဝင်ပါလည်း-သုခဆင်းရဲ-

ချမ်းသာမှုနှင့် မမြဲအနိစ္စ-ဒုက္ခညှဉ်းဆဲ-စိုးမရဘဲသာ=ကုန်ပျောက်မြဲမမှတာမို့ နှိပ်စက်တာ ခံနေသည်နှင့် တူငြားပါတော့သည်။

အဘယ်မည်သော ဖဿပစ္စမက တရားစုဥ်ဖြစ်စေ၊ ရှာကြံမှီဝဲ-ကပ်မြဲကပ်လေတိုင်း၊ ဝေဒနာ သုံးစား၊ ခံစားမှု ဝေဒယိတ လက္ခဏာမှတပါး=မပေါ်မဖြစ်နိုင်ပါ။ ပေါ်ပြန်ဖြစ်ရ-ဝေဒနာ သင်္ခါရဥ်လည်း သင်္ခတဒဏ်ချက်-အနိစ္စဖြင့် ရှေးဦးစွာထိုးနှက်ခါ သင်္ခါရဒုက္ခ-ဝိပရိဏာမဒုက္ခ-ဘယဋ္ဌဒုက္ခ အချက်တို့ပါ တပြိုင်နက်ဆောင်နှင်းသည်ဖြစ်၍၊ ဒုက္ခ-ဒုက္ခတာတို့ မစဲသော ခံစားသူမရှိ-ဝေဒယိတ လက္ခဏာသဘောမှုလွှဲ၍၊ သုခစင်စစ်, ပေါ်လာဖြစ်အောင်, ဖဿက ဖြစ်ညှစ်၍ မထုတ်ဆောင်နိုင်၊ ဒုက္ခကောင်, ဝဋ္ဋကောင်, မကောင်းသဖြင့်ပြီးသည့်-အချိုးနှိုးကောင်-ဒုက္ခသစ္စာအမှန်ဖြစ်၍၊ ဒုက္ခအစစ်တွေကိုသာ ညှစ်ထုတ်လေတိုင်း၊ ကိလေသာ လှိုင်းတံပိုးတို့-တိုး၍သာနှိပ်စက်သော ဝေဒနာဆိုး-ဒုက္ခမျိုး, အကျိုးစုအတွင်းသို့ သက်ဆင်းကျရောက်ကြလေတော့သည်။

ထိုဖဿကြောင့်ဖြစ်ရသော-ခံစားမှုဝေဒနာ၏ အပြစ်တို့သည် "နိကန္တိဘေး- ဥပဂမနဘေး- အာယူဟနဘေး= ပဋိသန္ဓိဘေး, ဟူသော လေးပါးသောအပြစ်ဘေးတို့=ဖဿကိုအကြောင်းပြု၍ ပေါင်းစုဖေါ်စပ်- ဖြစ်ပွားရတော့သည်၊ ထိုသို့- ဘေးဥပဒ်နှင့် ပက်ပင်းတွေ့ရခြင်းသည်၊ ဖဿဟာရကို-, အထပ်ထပ်ရှာမှီးခြင်း, အကြောင်းရင်းကြောင့်သာ, ဖြစ်ရပါတကားဟု ဉာဏ်ဖြင့် ဆင်ခြင်၍၊ "ဖဿ"ကို အစာအဟာရသဖွယ် ရှာကြံမှီဝဲတော့ဘဲ၊ ဖဿပစ္စယသတ္တိအကြောင်းရှိ စွမ်းရည်-ပေါ်လာပြီဆိုပါက၊ မြင်,

ကြား,နံ့,စား,တွေ့ထိ,သိ-ခဏတ္တာယသဘောများတွင်သာ၊ ဖဿ၏ ချုပ်မှုကို မြင်အောင် ရှု၍=ရှု၍ပေးရမည်။ ဖဿချုပ်မှုကို မရှု မပွား မဖြတ်ထားလိုက်နိုင်လျှင်၊ ဝေဒနာ အစားစားကြောင့်- ကိလေသာပိုးများ- ကိုက်ခဲထိုးဆွခံရလျက်၊ ဘေးလေးပါး, ခြံရံခါ-သံသရာမချုပ်စေနိုင်ပုံကို- ဉာဏ်ဟုန်ဖြင့် ပြန်လှန်ကြည့်၍၊ ဖဿကိုရှု- ခြောက်ပါးသိမှု- ပေါ်၍ချုပ်ဆုံး= တိကနဲပျက်ပြုန်း ပျောက်ကွယ်သွားပုံကို၊ ဖဿပစ္စယ သတ္တိဆောင် လာတိုင်း= မိအောင်ဖမ်း၍ "ဗဟုလီကတဿ" ကြိမ်ဖန်များစွာ ပွားများ ပေးနိုင်ပါလျှင်၊ ဖဿ၏ဖြစ်ခြင်း= ဥဒယ၊ ချုပ်ခြင်း= ဝယ, သဘောသည်၊ ဉာဏ်၌ထင်ရှားပေါ်လွင်လာပါလိမ့်မည်။ ထိုသို့ "ဥပဋ္ဌိတံ" သတိမြဲမြံစွာနှင့် ညီညွတ်လာနိုင်ပြီဆိုပါက၊ ယောဂီ၌ ဖဿချုပ်မှုကို- ဉာဏ်ဖြင့် တွေ့ထိသိသည်ဖြစ်၍၊ ဖဿချုပ်လျှင် ဝေဒနာချုပ်၊ ဝေဒနာချုပ်လျှင်- တဏှာချုပ်၊တဏှာချုပ်လျှင်- ဥပါဒါန်ချုပ်၊ ဥပါဒါန်ချုပ်လျှင်- ကမ္မဘဝချုပ်၊ ကမ္မဘဝချုပ်လျှင်- ဥပပတ္တိ ဘဝဇာတိပါချုပ်မည့်- အရိယာမဂ်သို့ တက်လှမ်းနိုင်သော၊ သမ္မာပဋိပတ်- အကျင့်မြတ်မဂ္ဂင်၌၊ ယဉ်ပါးစွာ လျှောက်သွားသည့်-ယောဂါဝစရပုဂ္ဂိုလ်၏အဖြစ်သို့ရင်း၊အာရဒ္ဓဝိပဿကပုဂ္ဂိုလ်၏အဖြစ်သို့ရင်း၊ အရိယမဂ်အလို့ငှါ ကျင့်ဆဲဖြစ်သော သေက္ခပုဂ္ဂိုလ်၏အဖြစ်သို့ရင်း၊ မဂ်,ဖိုလ်,နိဗ္ဗာန်၌သာလျှင် လှည်းလျှောင်းရာရှိသော- အရိယာဂေါတ္တံ - အရိယာနွယ်ဝင် ပုဂ္ဂိုလ်အဖြစ်သို့ရင်း၊ မုချသက်ဝင်သည်ဖြစ်၍၊သေမင်းမမြင်ရာသို့ ရောက်ဆဲ, ရောက်အံ့, ရောက်လတံ့, အဖြစ်၌- တည်ငြားသော ပုဂ္ဂိုလ်အဖြစ်သို့ ရောက်ရတော့၏။ ထို့ကြောင့် ရှေးအခါးတွေ့ ကိုလဲ ပြန်လည်ဖတ်ရှုသုံးသပ်ခါ- နောက်ဆက်လက်ပြမည်ကိုလဲ-

ဂရုတစိုက်,ကြည့်ရှုလျက်- အထပ်ထပ် ဝါစုဂ္ဂတလုပ်၍ ကြိုးစား အားထုတ်ပါလေ။ ။

နိစ္စမ္မဂ ါဝူပမာ- ဖဿဟာရအရ၊ ဥပမာန တူမျှကြပုံမှာ= "ယောဂီ"သည် အရေကွာသော နွားမနှင့်တူ၏၊ တောဘူမက- အာရုံတို့၌- တွေ့ထိမှု "ဖဿ"သည်= နွားမ၏ အရေမရှိသော ကိုယ်ကောင်နှင့်တူ၏။ နွားမနှင့်တူသော ယောဂီ၌- အရေကွာ နေသကဲ့သို့သော- ခြောက်ဒွါရတရားစုဖြစ်ရှိနေရာ- တောဘူမက, အာရုံတို့နှင့် ဖဿဖြစ်တိုင်း၊ အရေမရှိသော-နွားမ၏ကိုယ်ကောင် သည်၊ ထိုထိုအရပ်တို့၌- ချဉ်းကပ်ဘိသကဲ့သို့တူ၏။ ပိုးစသည်တို့- ထိုးဆွကိုက်ခဲခြင်းခံရဘိသကဲ့သို့- ဝေဒနာခံစားရမှုနှင့်တူ၏။ ထို ခံစားမှုကြောင့်- ဒုက္ခအစုကိုဖြစ်စေခြင်းသည်-ဝေဒနာ၌ ဒုက္ခဖြစ် ကြောင်း-ကိလေသာပိုးအပေါင်းတို့-ထိုးဆွထိယှ-ပူလောင်နှိပ်စက် ခံရသည်နှင့်တူ၏။ ဤသို့- ဥပမာနှင့်တကွ ဥပမာနတူမျှပုံကို သိအပ်ရာပါတော့သည်။

ဝ....

# ဝိပဿနာ ဘာဝနာ ပွားပုံနှင့် အခြေခံပညာယူရပုံ-အဖိုဖို

အထက်၌ အကျဉ်းအားဖြင့် ပြဆိုခဲ့သော- ဖဿဟာရ ပစ္စယ သတ္တိ၏- အကြောင်းရှိ စွမ်းရည်နှင့်တကွ၊ ပေါင်းဆုံမိကြသော- စိတ်ဝိညာဏ်ပေါ်သိ- ဖြစ်မှုစွမ်းအား-အကျိုးတရားကို၊ ပေါ်လာတိုင်း၊ဉာဏ်ဖြင့်မြင်အောင်ရှုက- မကြာမတင်, ချုပ်ခြင်းသဘောကို- ဉာဏ်ချက်ထောက်မိ၍၊ ပေါ်တိုင်းသိ-သိတိုင်းချုပ်၊ ဖဿမှ ဝေဒနာသရုပ်သို့ မသက်ဝင်စေအောင် ရှုမှတ် ပွားများသော ယောဂီအား၊ ဖဿချုပ်ခြင်းကြောင့်- ဝေဒနာချုပ်ပုံကိုရင်း၊ ဝေဒနာချုပ်ခြင်းကြောင့်- တဏှာချုပ်ပုံကိုရင်း၊ တဏှာချုပ်ခြင်းကြောင့် ဥပါဒါန်ချုပ်ပုံကိုရင်း၊ ဥပါဒါန်ချုပ်ခြင်းကြောင့်- ကမ္မဘဝချုပ်ပုံကိုရင်း၊ ကမ္မဘဝချုပ်ခြင်းကြောင့်- ဇာတိချုပ်ပုံကိုရင်း၊ ဇာတိချုပ်ခြင်းကြောင့်- ဇရာမရဏတို့ ချုပ်ခြင်းကိုရင်း- ပိုင်းခြားဆိုးထွင်း သိမြင်သည်ဖြစ်၍၊ မဂ်နှင့် လျော်ညီသည့် ပဋိပဒါသို့ ရောက်ရသည်ဟုဆိုခဲ့ရာတွင်....

ပစ္စက္ခဉာဏ်, အနုမာနဉာဏ်နှစ်ပါးအဘို့အားဖြင့် သက်ဝင်ပွားများ၍ ရရှိနိုင်ပုံများကို၊ လွန်စွာ ထင်ရှားအောင်ပြဆိုခြင်း၌ ခက်ခဲဘိငြားသော်လည်း၊ အနီးကပ်ဆုံးအားဖြင့် သိနားလည်အောင်-မေတ္တာရှေ့ထားပြငြားရပါသော်....

အကြင်- အာဒိကမ္မိကဝိပဿက ပုဂ္ဂိုလ်မြတ်ဖြစ်သောသူသည် (၀၁) ဝိပဿနာ ဘာဝနာမြတ်ကို- မဆုတ်မနစ်သောအားဖြင့်

စတင်အားထုတ်တော့မည်ဟု- ဆုံးဖြတ်ပြီးသော ယောဂီသည်၊ ဝိပဿနာ၏ အခြေခံပညာများဖြစ်သည့်၊ "**ရူပပရိစ္ဆေဒ- ရူပပရိဂ္ဂဟ၊ နာမပရိစ္ဆေဒ- နာမပရိဂ္ဂဟ၊ နာမရူပပရိစ္ဆေဒ- နာမရူပ ပရိဂ္ဂဟ** နှင့် **ဟေတုပစ္စယပရိဂ္ဂဟဉာဏ်**" အရာတို့၌၊ ပညာသိ ဝိပဿနာဖြင့် "**ပါရိဟာရိယဉာဏ်**" အဖြစ်သို့၊ အဖန်ဖန်ရရှိပြီး အပ်သော ဓမ္မဋ္ဌိတိဉာဏ်နှင့်-ပြည့်စုံအပ်သည်ဖြစ်၍....

သမထ ဘာဝနာသဘော၊ ဝိပဿနာ ဘာဝနာသဘောတို့ ၌လည်း၊ ပိုင်းခြား ကေန်-ခွဲခြားသိစွမ်းနိုင်ပြီးလျှင်၊ ဘာဝနာ ဘိသမယ၌- လွန်စွာကြိုးကုတ်- မပြတ်သောအားထုတ်မှုကို "**အဓိပတိလေးပါး**" ရှေ့ရှုငြား၍၊ သန္နိဋ္ဌာန်ချထား-ဆုံးဖြတ်ပြီးသည် လည်းဖြစ်ခါ....

---

**(ပိုင်းခြားမှတ်သားရန်)**။ ။ရူပ ပရိစ္ဆေဒ - နာမပရိစ္ဆေဒ- နာမရူပ ပရိစ္ဆေဒ-ဆိုရာ၌၊ ရုပ်ကိုရင်း၊ နာမ်ကိုရင်း၊ ရုပ်နာမ် တရားနှစ်ပါး- ခန္ဓာငါးပါးကိုရင်း၊ ပိုင်းပိုင်းခြားခြား သိသော ဉာဏ်ကို ဆိုလိုသည်၊ ၎င်းသည် သုတမယပညာဉာဏ်ဖြင့် ပြီး၍ ဉာတပရိညာစခန်းဖြစ်သည်။

ရူပပရိဂ္ဂဟ- နာမပရိဂ္ဂဟ- နာမမရူပ ပရိဂ္ဂဟ၊ ဟေတုပစ္စယ ပရိဂ္ဂဟဟုဆိုအပ်သော၊ ရုပ်ကိုရင်း၊ နာမ်ကိုရင်း၊ ရုပ်နာမ်နှစ်ပါး ခန္ဓာငါးပါးကိုရင်း၊ ရုပ်နာမ် ခန္ဓာတို့၏ ဟေတု အကြောင်း- ပစ္စယအကြောင်း တို့၌ရင်း၊ သိမ်းဆည်းပွားများ အားထုတ်၍ ရရှိအပ်သောဉာဏ်သည်- ဉာတပရိညာ စင်စစ်မည်၏၊ ထိုဉာဏ်တို့ သည်- စိန္တာမယ ပညာဉာဏ်, ဘာဝနာမယ ပညာဉာဏ်၌- အကျုံးဝင်သောအားဖြင့် ဖြစ်၏။

သဗ္ဗတ္ထက,ကမ္မဋ္ဌာန်းဟုအပ်သော၊ (၁) မေတ္တာ၊(၂)မရဏ၊ (၃)အသုဘ၊ ဤကမ္မဋ္ဌာန်းသုံးပါးတို့သည်၊ သမထ, ဝိပဿနာ ဘာဝနာမှုတို့၌၊ (၁) ဘေးကင်းကြည်လင်, စိတ်သန့်စင်ခြင်း ငှါလည်း၊ (၂) ဆုတ်နစ်ဝိရိယ- ကူမထောက်ပံ့,ရစေခြင်းငှါလည်း၊ (၃) ကာမဝိတက်-လွန်စွာနှိပ်စက်သည်ကို ကင်းကွာစေခြင်းငှါ လည်း- ဖြစ်စေအပ်, ရစေအပ်သည်ဖြစ်၍၊ ဘာဝနာ၏ ပြီးဆုံးစေ ခြင်းအကျိုးကို ပေးစွမ်းနိုင်သော ကမ္မဋ္ဌာန်းသုံးပါးဖြစ်ရကား၊ ကျွမ်းကျင်လိမ္မာစွာ အားထုတ်- ထုံလွှမ်းအပ်သည်၏အဖြစ်နှင့်- ပြည့်စုံသော ယောဂီအဖြစ်ကို ရရှိလျက်....

အကြင်အခါ- ဝိပဿနာ ဘာဝနာခွင်သို့- ဝင်အံ့ဆဲဆဲ၌၊ "**ပုဗ္ဗကရဏ**" အမှုကို၊ မြဲမြံစွာ နှလုံးသွင်းပြု၍၊ မိမိအလိုဆန္ဒ

---

ထိုဉာဏ်များကို အကျဉ်းချုံးသော်- နာမရူပ ပရိစ္ဆေဒဉာဏ် နှင့်- ပစ္စယပရိဂ္ဂဟ ဉာဏ်နှစ်ပါးသာဖြစ်၏၊ထိုဉာဏ်နှစ်ပါး သည်- ဝိပဿနာ၏ အခြေခံဖြစ်၏၊ ဝိပဿနာဉာဏ်, မဂ်ဉာဏ်တို့ အားလျော်သော-အနုလောမဉာဏ်၏ အခြေမူလဖြစ်၍ဝိပဿနာ ဉာဏ်၏ ပရိကမ်, ဥပစာ,အရာ၌တည်၏။

ဝိပဿနာ ဉာဏ်စဉ် (၁၀) ပါးဟု ဆိုအပ်သော သမ္မသန ဉာဏ်နှင့် ဥဒယဗ္ဗယဉာဏ် နှစ်ပါးတို့သည် - တီရဏပရိညာ၏ ဖြစ်ရာဘုံမည်၏။ ၎င်းကို ဘာဝနာဘိသမယအတွင်း၌သာ ရရှိ အပ်၏။ ။အထက်, ဘင်္ဂါနုပဿနာဉာဏ်မှစ၍- အနုလောမ ဉာဏ်တိုင်အောင် (၈) ပါးသောဉာဏ်တို့သည်၊ပဟာနပရိညာ၏ ဖြစ်ရာဘုံမည်၏။

အရာဋ္ဌာနနှင့် လျော်သော၊ "ဗုဒ္ဓကိစ္စ"တို့ကို ပြုအပ်ပြီးသော်၊ မူလတည်ရှိ၊ အာဒိကလျာဏ သီလစင်ကြယ်မှုကို အခြေပါဒ-အာရုံပြုပြီးလျှင် ကြည်လင်ရွှင်လန်းသောစိတ်ဖြင့် စင်ကြယ်သော သီလ၏စွမ်းအားပေါ်၌ ရပ်တည်ခါ- ငြိမ်သက်တည်ကြည်သော စိတ်ဖြစ်အောင်၊ ကာယာနုပဿနာ တပါးပါးကို ရှေ့ဦးစွာ သမာဓိရှေ့ထား၍ ဝိပဿနာ-ဘာဝနာနှင့် လျော်ညီအောင်-စူးစူးစိုက်စိုက်၊ ထိထိ၊ မိမိ၊ ပွားများအားထုတ်ပေးရပါမည်။

တခုသော ဝိပဿနာ ဘာဝနာဖြစ်မည့်- လက္ခဏာ အာရုံကို ၎င်း၊ ဝိပဿနာရှုရန် လျော်ကန်သော- ငြိမ်သက်တည်ကြည်မှု မရသေးမခြင်း၊ စိတ်ကူးနှင့် (ဝါ)တွေးတောမှုနှင့် အပြားအား ဖြင့်- ပိုင်းခြားသိထားသည့်- ပညာအာရုံကို- ဇွတ်မသွင်းပါနှင့်၊

---

## (အကျဉ်းချုပ်အားဖြင့်)

၁။ တေဘူမက တရားတို့၏ သဘောလက္ခဏာကို- ကွဲကွဲ ပြားပြား၊ ပိုင်းခြား၍သိခြင်းသည်- ဉာတပရိညာမည်၏။

၂။ တေဘူမကတရားတို့၌၊ အနိစ္စ- ဒုက္ခ- အနတ္တ- အသုဘဟု ပိုင်းခြားကာ၊ ဆုံးဖြတ်၍- အနုပေါဉာဏ်ဆိုက်အောင် သိခြင်း သည်- တီရဏပရိညာမည်၏။

၃။ တေဘူမကတရားတို့၌၊ နိစ္စ- သုခ- အတ္တ- သုဘကို ပယ် ခွာ၍၊ ပဋိပဒါဉာဏဒဿန- ဝုဋ္ဌာနဂါမိနီ ပဋိပဒါဉာဏ်တို့နှင့် ပယ်နိုင်ခြင်းသည် - ပဟာနပရိညာ မည်၏၊ (ဝါ) တဒင် ပဟာန်မှ သမုစ္ဆေဒပဟာန်တိုင် ပယ်နိုင်ခြင်းသည်- ပဟာနပရိညာ မည်၏။

ဉာဏ်ဖြစ်လိုချင် အားကြီးပြီး- ဇွတ်မဆင်ခြင်ပါနှင့်၊ စေတနာရှေ့ရှု၍လည်း ဝိပဿနာအာရုံဖြစ်ပေါ်စေမှုကို- မပြုပြင် မစေ့ဆော်ပါနှင့်၊ ဖြစ်ပေါ်မှုထင်ရှားရာသို့လည်း- ရှုစိတ်ကို မပြောင်းရွှေ့ပါနှင့်၊ ရုပ်နာမ်တို့၌- မိမိရှေ့ရှုထားပြီးသော အာရုံ၌သာ-သိမှု ပေါ်နေခြင်းကို ရှုပါ။ ပဌမအစ၌မှု-အလိုက်သင့် အံဝင်ဂွင်ကျဖြင့်"ထိသိမှု- ပူသိမှု- အေးသိမှု- လှုပ်သိမှု- ထောက်ကန်သိမှု-တင်းမာသိမှု- ပျော့သိမှု" ခုနစ်မျိုးထဲမှ၊ တခုခုသော အာရုံ၌တည်ကြည်စွာဖြစ်မလာနိုင်သေးဘဲ၊ ခုနစ်မျိုးစလုံး တပြောင်းပြောင်းတပြန်ပြန်- အစီအစဉ်မမှန်ကန်ဘဲ သိမှုထွေပြား ပေါ်လာခြင်းသည်ကို တွေ့ရတတ်ပါသည်၊ တခါတရံ ခုနစ်မျိုးလုံးမှအပြင်သို့လည်းထွက်သွားတတ်သည်၊ စိတ်ဆန္ဒမပျက်ဘဲ ပြန်လည်

---

(ပုဗ္ဗကရဏ)။ ။ဝိပဿနာ့ဘာဝနာ- မရှုမပွားမီ၊ မချွတ်မယွင်းပြုအပ်, နှလုံးသွင်းအပ်, ဆုံးဖြတ်ယုံကြည်ထားအပ်သော-ရှေးဦးစွာ ပြုရမည့်အမှုဖြစ်သည်။

(၁) ဒိဋ္ဌိသမုဂ္ဃာဋက= ငါတရားထိုင်သည်၊ ငါတရားအားထုတ်သည်ဟု- အဘိနိဝေသ, လွန်စွာ နှလုံးမသွင်း, မစွဲယူဘဲ၊ သင်္ခါရတရားက- သင်္ခါရအစုအပုံကို သုံးသပ်ပွားများအံဟု-နှလုံးသွင်း၍၊ အယူမှား နှလုံးသွင်းမှား ဒိဋ္ဌိတရားကို ပယ်ခွါပစ်ရမည်။

(၂) မာနသမုဂ္ဃာဋက= ငါမှာ တရားရှိသည်- ငါတရားသိသည်၊ ငါတရားအားထုတ်နိုင်စွမ်း ရှိသည်ဟု- နှလုံးမသွင်းမူ၍ သင်္ခါရအစုအပုံ- ခန္ဓာငါးစုံတွင် ဖြစ်ပေါ်အပ်သော သင်္ခါရ၏

ဆိန်းသိမ်း၍- ရှုပွားပေးရပါမည်၊ မြဲမြံခိုင်ခန့်သော ဝီရိယနှင့် ကြိုးစားပေးရမည်။ မြဲမြံလာသော်- ဝီရိယနှင့်အတူ သတိသည် ဆပ်ချပ်မကွာ- ဝင်၍ဝင်၍ လာခြင်းကို အာရုံ ထင်ရှားလာသည်၏အဖြစ်နှင့် တွေ့ရပါလိမ့်မည်၊ အာရုံမှန် ထင်ရှားမှုသည်- ဝီရိယ မချွတ်ယွင်းသည်နှင့်အညီ- မြဲမြံလာပါက၊ ရွေ့လျားပျံ့လွင့်မသွားအောင်တည်ကြည်မှုကို သမာဓိကဆောင်နှင်းနေကြောင်း ပစ္စက္ခဉာဏ်နှင့် သိလာပါလိမ့်မည်။ ဤ "သမ္မာဝါယာမ- သမ္မာသတိ- သမ္မာသမာဓိ" မဂ္ဂင်သုံးပါး ညီညွတ်ပြည့်ဝစွာ စုံညီလာအောင် သတိထားပြီး၊ (ဝါ) သတိကို ဆရာအသွင် ရှေ့ဦးတင်ပြီး- သတိမလစ်လပ်, မရပ်မပြတ်ရအောင်ကြိုးစားပေးရမည်၊ ဤသို့- စရဏမဂ္ဂင်, အလုပ်ခတ်ဝင်သည့် တရားကို- ခိုင်မြဲစွာ

---

အရပ်ရပ်တို့ကို- သင်္ခါရတရား ကသာလျှင်၊ ရှုမှတ် ပွားများစေလျက်- ဝင်္ရထားကို ရပ်ပါစေခြင်း အလို့ငှါသာဟု နှလုံးသွင်းရပါမည်။

(၃) နိကန္တိကပရိယာဒါန—ငါတရားတွေ့သည်- ငါတရားမြင်ပြီ၊ ထိုသို့- တရားတွေ့မြင်လိုက်ရခြင်းသည် နှစ်သက်သာယာဘွယ် ကောင်းလေစွဟု- နိက္ခမသိတ, တဏှာဖြစ်မှုကို၊ အားထုတ်စဉ်၌- နှလုံးသွင်းမဝင်မိစေဘဲ၊ ဘာဝနာရတိ- မွေ့လျော်မှုသဘော၌၊ "ဓမ္မုပသံဟိတ ပါမောဇ္ဇ" သဘောမှ မလွန်စေမူ၍၊ တရားတွေ့တွင် သာယာနှစ်သက်မှုကို ပယ်ဖျောက်ရမည်။ ။ (ဤပုဗ္ဗကရဏ,သုံးပါးသည်၊ ပညာသိကြွယ်လေလေ- ကောင်းမြတ်လေဖြစ်၏။ ထို့ကြောင့်- သပ္ပုရိသတို့ထံတွင် အကျယ်ကို ဆည်းပူးရန် လိုအပ်၏။)

ပွားများမှ- သမ္မာပဋိပတ်, အကျင့်မြတ်ဖြစ်သည့်- ရှစ်ရပ်သော မဂ္ဂင်တရားတို့- သိက္ခာ သုံးပါး- သက်ဝင် တည်ငြားမည်ဟု ယုံကြည်ကိုးစား, အားထုတ်ပွားများရပါမည်။

ထိုသို့သော ရှုပွားနိုင်မှုသို့ရောက်အောင်၊ တစ-တစ, ကြိုးစား ပေးရပါမည်။ ရက်မပျက်- အချိန်မပျက်, တိုးတက်,တိုးတက်, ကြိုးစားပေးရမည်။ အသိမှန်အချက်ကျ ရင့်သန်လာပါက- တခု သော အာရုံ၌သာ တည်ကြည်စွာဖြစ်အောင်-သတိချုပ်,ကပ်ပေး ရပါမည်။ အထက်ပါခုနစ်မျိုးထဲမှ- တမျိုး တအာရုံထည်းလည်း ဖြစ်၊ မူလယူလိုမြဲအာရုံလဲအမှန်၊ အာကာရ ပစ္စုပ္ပန်ဖြစ်သော လက္ခဏာ အာရုံပေါ်၌- သိဝိညာဏ်သည်- ရုပ်နှင့် နာမ်တို့၏ သဘောသဘာဝကို အံကျအလိုက်သင့်=**"ရှု၍ရှု၍- ပေါ်ပေါ်၍- သိ၍သိ၍"**လာပါလိမ့်မည်၊ ၎င်းကို သတိကပ်၍- အသိမပြတ် စေရန် "သတိ,တမာန်၊ ဉာဏ်,မြေကတုတ်၊ ပညာ,စွမ်းက, ချွန်း ကွဲ့သို့" အုပ်ပေးပြီး ကြိုးစားရပါမည်။ သတိအစား, စေတနာ

---

(ပုဗ္ဗကိစ္စ)

(၁) ဘုရားပင့်ရန်- (၂) ဘုရားကန်တော့ရန်၊ (၃) သရဏဂုဏ်ဆောက်တည်ရန်၊ (၄) ရတနာမြတ်သုံးပါးအား ခန္ဓာလှူ၍ တပည့်အဖြစ်ခံယူရန်၊ (၅) ဘုရားရှင်ထံ (ဝါ) ဆရာသွားထံ တရားတောင်းရန်၊ (၆) အရိယာအပေါင်းနှင့်သူတော်ကောင်း တို့အား တောင်းပန်ခြင်းနှင့် ခွင့်လွှတ်ခြင်းပြုရန်၊ (၇) သီလခံယူ ဆောက်တည်ရန်၊ (၈) မေတ္တာပို့ရန်၊ (၉) အမျှအတန်း ပေး ဝေရန် အစရှိသည်တို့ ဖြစ်ပါသည်။ ။၎င်းပုဗ္ဗကိစ္စမှာ ယှဉ်စပ် လိုအပ်မှ ပြုရသောကိစ္စများသာ ဖြစ်ပါသည်။ ။

ယှဉ်ဇောဖြစ်အောင်- မစေ့ဆော်, မကြိုးစားပါနှင့်၊ တခါတရံ စိတ်ထွက်သွားလျှင်လည်း ပုံမှန်ပြန်ရအောင်, စိတ်ကိုလျှော့ချပေးလိုက်ပါ။ ပြီးမှ မှန်မှန်နှလုံးသွင်းနှင့်- အာရုံကို ပြန်ဝင်လာအောင် သတိပြုပေးပါ၊ စေ့ဆော်မှုစေတနာကို ရှေ့တန်းတင်၍- အာရုံကို ပြန်မရှာပါနှင့်- ပိုမိုကြန့်ကြာ ပျံ့လွင့်နေတတ်ပါသည်။ စေ့ဆော်မှုနောက်ကို- ဝိတက်သာ လိုက်နေတတ်သည်။ နှလုံးသွင်းမှု မနသိကာရနောက်ကိုမှ- သတိလိုက်သည်၊ ထို့ကြောင့်- မိမိရရှိပွားများနိုင်သော ဝိပဿနာအရှုခံ အာရုံတရားဉ်- သတိလွတ်သွားပါက၊ စေတနာရှေ့ထားပြီး အာရုံ အစားသွင်းမှုမရှာပါနှင့်၊ စိတ်ကို ငြိမ်သက်စွာရှိစေ၍- မှန်မှန် နှလုံးသွင်းမှုပြုပေးပါက, သတိအမြန်ပြန်ဝင်လာပါလိမ့်မည်။ ရမြဲအာရုံ ပြန်လည် ထင်ရှားခြင်းသည်၊ သတိပြန်ဝင်, မြဲမြံလာခြင်းပင်ဖြစ်သည်။ သတိကိုလည်း စေတနာနှင့် လိုက်မရှာပါနှင့်၊ သိမှု- အာရုံထင်ရှား စိုလင်နေရင် သတိမြဲမြံရှိနေသည်အမှန်ဟု သိပါ၊ ဤသို့- အနှောက်အယှက် ကင်းမဲ့လျက်- မလွတ်သောသတိဖြင့် တခုတည်းသောအာရုံဉ်- မြဲမြံစွာ ပွားများ အားထုတ်နိုင်အောင် ကြိုးစားပါ၊ ထိုကဲ့သို့- ရုပ်နာမ်ဓမ္မ- သင်္ခါရတို့၏တခုတည်းသော သဘာဝလက္ခဏာအာရုံကို မြဲမြံကုံလုံစွာ ရရှိအားထုတ်နိုင်ခြင်းသည် ဝိပဿနာ၏ "ပရိကမ်"(ဝါ) အခြေခံမှန်ကို၊ ရှေ့ဦးစွာ အာရုံထင်ရှားမှုနှင့် မြဲမြံစွာ လက္ခဏာလျှင် အာရုံရှိခြင်းကြောင့်- "လက္ခဏူပနိဇ္ဈာနာန စျာန်"ဟူသော ဝိပဿနာ ပွားများမှုနှင့် ပြည့်စုံခြင်း ဖြစ်အပ်ပြီဟု- ပိုင်းခြားသိပါ။

ထိုမှရှေ့ဆက်၍- မပျက်သောလုလ္လနှင့်- ကြိုးစားမယုတ်, တိုးတက်ပြီး အားထုတ်သွားပါက၊ ဝိပဿနာရှုစိတ်၏ အာရုံကို

ကြံစီရခြင်း- နှလုံးသွင်းရခြင်း၊ 'လုလ္လမညီ- ဗျာပါဒကသီရခြင်း- အစရှိသည်တို့ ကင်းဝေးသည်ဖြစ်၍၊ ဣန္ဒြေရစွာ (ဝါ) တခု တည်းသော ဝိပဿနာအာရုံမှန်၌ ပွားများသော ဝိပဿနာ ရှုစိတ်ဟု "**သဒ္ဓိန္ဒြေ**"ဖြင့် ဆုံးဖြတ်ယုံကြည်ခြင်း၊ ဆုံးဖြတ်ယုံကြည် အပ်ပြီးသည့်အလျောက်- "**သတိန္ဒြေ**" ဥပဋ္ဌိတံ, သတိနှင့် အစိုး တရရှိခြင်း၊ အာရုံထင်ရှား သတိသမ္ပဇည တရားသည် (ဝါ) သတိနှင့်ပညာဉာဏ်တရားသည် "**ဝီရိယိန္ဒြေ**"မဖြစ်ဘူးသေးသော ဝိပဿနာမဂ်ကုသိုလ်- သမ္ပပ္ပဓာန်နှင့် အစိုးတရပြည့်စုံခြင်း၊ ယင်း, သဒ္ဓါ,သတိ,ဝီရိယ,တို့ သမ္ပပ္ပညာမက္ခာ, အစိုးတရရှိခြင်းကြောင့်- ပရိကမ္မဘာဝနာမှ ဥပစာရ,ဝိပဿနာဘာဝနာအဖြစ်သို့ "**သမာ ဓိန္ဒြေ**"မရွေ့မလည် တည်ကြည်မှု-ပညာသမာဓိကိုအစိုးတရပြည့်စုံ ရရှိတည်ကြည်သော ရှုပွားမှုအစဉ်၌- မြဲမြံသည်ဖြစ်၍၊ ဝိပဿနာ အာရုံသဘာဝလက္ခဏာကို- သာမညလက္ခဏာ,အနိစ္စ-ဒုက္ခ-အနတ္တ အားဖြင့် ပိုင်းခြားထိုးထွင်းသိမြင်သော "**ပညိန္ဒြေ**" သည်လည်း အစိုးတရ-ဖြစ်ပွားလာခြင်းစသော ဣန္ဒြေငါးပါးတို့နှင့် ညီညွတ် သည့်-သမ္မာဒိဋ္ဌိဉာဏ်သည် မုချမသွေဖြစ်ရပေတော့၏။ ဤသို့ သော သန္ဒိဋ္ဌိကမ္မ-ပစ္စက္ခဉာဏ်ကို၊ မိမိ,ဝိပဿနာ ရှုပွားရာဘူမိ ဖြစ်သောအာရုံ၌- ပညာက,ပိုင်းခြားပေးတိုင်း၊ ပုဂ္ဂလ, သတ္တ, အတ္တ,ဇီဝ,မဟုတ်သော- ရုပ်နာမ်သင်္ခါရတို့၏ သဘာဝလက္ခဏာ ကို ဖေါ်ကျူးကာ "ဖြစ်ပျက်"ကို ထိုးထွင်း၍ သိသည့်ဉာဏ် သည်-မည်သူတဦးတယောက်ကမျှ၊ (ဝါ) တရားရှုသူ အဘယ် ပုဂ္ဂိုလ်, သတ္တဝါ,မဟုတ်သူကမျှ- ကြံစီစိတ်ကူးပေး၍ရင်း၊ ဖန် တည်းဖေါ်ထုတ်ပေး၍ရင်း၊ မြင်လာသော ဉာဏ်မဟုတ်၊ ရုပ် နာမ်ဓမ္မ, သဘာဝသဘောကိုက- ထင်ရှားဆောင်ပြနေသည်ကို-

ဝိပဿနာရှုစိတ်,ဉာဏ်ဝိဉာဏ်၌ ထင်ထင်ရှားရှား,ဘွားဘွားကြီးသာ၊ ပေါ်သိတွင်,ရှုကြည့်မိလျက်-ဉာဏ်ယှဉ်၍ ဝင်နေခြင်းသာဖြစ်သည်။

ထို-ဥပစာရ-ဝိပဿနာ ဘာဝနာနှင့် ယှဉ်သော သဘာဝလက္ခဏာအာရုံကို- ဉာဏ်နှင့်အစဉ်မြင်မှု၌၊ ပုဂ္ဂိုလ်မြင်မပါ,ငါမြင်မပါ,ငါသိမပါ။ ရုပ်နာမ်ဓမ္မသဘောကိုသာ မဇ္ဈိမပဋိပဒါနှင့်ညီညွတ်သော "မဇ္ဈေဝိညာဏ်"ဟု ခေါ်ဆိုအပ်သည့်ဝိဇ္ဇာဉာဏ်ယှဉ်စိတ်ကသာ-မြင်နေခြင်းဖြစ်သည်။ (ဝါ) ရုပ်နာမ်ဓမ္မသင်္ခါရ၏ "ဖြစ်ပျက်"လက္ခဏာအချက်ကို သင်္ခါရက္ခန္ဓာ၌ အကျုံးဝင်သော၊ (၁) သမ္မာဝါယာမ၊ (၂) သမ္မာသတိ၊ (၃) သမ္မာသမာဓိ၊ (၄) သမ္မာသင်္ကပ္ပ၊ (၅) သမ္မာဒိဋ္ဌိ= တရားကိုယ်သဘောတို့က၊ (၁) ပေါင်းစည်းစုရုံးမှု၊ (၂) အာရုံထင်ရှားမှု၊ (၃) တည်တန့်ခိုင်ကြည်မှု၊ ၎င်းတို့နှင့်အညီအညွတ်- ထင်ရှားပေါ်လွင်သည့် "ဝယဓမ္မာ,သင်္ခါရာ"၏- (၄) အာရုံမှန်ကိုမပြတ်တင်ပေးမှု သမ္မာသင်္ကပ္ပကြောင့်၊ (၅) မဖေါက်မပြန်-သမ္မာဒိဋ္ဌိဉာဏ်အမြင်မှန်ကို မြင်နေခြင်းဖြစ်သည်။

(ဤနေရာ၌) ပဋ္ဌာန်ဂိုက မဂ်ဘဲဖြစ်နေမှာပေါ့ဟု- မထင်မစဲနှင့် ၎င်းမဂ္ဂင်ငါးပါး-သန္တိဋ္ဌိကအားဖြင့်-ပြည့်ဝကုံလုံသော်၊ ကြွင်း=သီလမဂ္ဂင်, "သမ္မာဝါစာ-သမ္မာကမ္မန္တ-သမ္မာအာဇီဝ" သုံးပါးတို့သည်လည်း သိက္ခာသုံးပါးအတွင်းဝင်၍ ပြည့်စုံတော့၏။ယင်းငါးပါးမှ တပါးပါးချို့တဲ့လျှင်မူ-မဂ္ဂင်အစစ်မဖြစ်နိုင်ဟုမှတ်။

အထက်ပါကဲ့သို့ ဉာဏ်မြင်ဖြစ်နေခြင်းကို၊ ဒါ-ဝီရိယ၊ ဒါ-သတိ၊ ဒါ-သမာဓိ၊ ဒါ-ပညာဘဲဟု သင်္ကပ္ပသဘော ကြံသိမှုနှင့်ယှဉ်၍-အားထုတ်ပွားများနေသူ ယောဂီသူမြတ်၌၊ ခွဲခြား၍သိ

နေသည်တော့မဟုတ်ပေ။ ဒေသနက္ကမအမှန်- အာဂမယုတ္တိတော်-နှင့်အညီ၊ ဉာဏ်သက်ဝင်နေပုံကို- ပြဆိုရခြင်းသာဖြစ်ပါသည်။ သဘောမှန်တရပ်ကို- ထပ်ဆင့်၍ ပြရသော်....။

အကျိုး-ရုပ်နာမ် "ဖြစ်ပျက်"ဟန်၌၊ အကြောင်းအဘိသင်္ခါရ ဝိညာဏ်တည်းဟူသော နောင်တဖန်- မွေး,သေ,ပြန်ရမည့် ပဋိသန္ဓေဘောကြီးဖြစ်နေကြအတိုင်း....

(၁) အကျိုး ရုပ် နာမ် "ဖြစ်ပျက်"၌
အကျိုးမှန် သင်္ခါရကို မသိသော, အကြောင်း....အဝိဇ္ဇာ။

(၂) မသိ၍ ပြုလုပ် သော- စေတနာ-
ကံ, သုံးစားဟု ဆိုအပ်သည့်, အကြောင်း....သင်္ခါရ။

(၃) ပြုဆဲ, ပြုလုပ်ပြီး, ပြုလုပ်လတံ့,
အကျိုးကို သာယာ, နှစ်သက်,
လိုလား တောင့်တသော, အကြောင်း....တဏှာ။

(၄) နှစ်သက်-လိုချင်-ရပြီး, မရသေး,
စွဲလန်းတွယ်တာပေးသော, အကြောင်း....ဥပါဒါန်။

(၅) စွဲလမ်းပြီး၍- ရထားအကျိုး- ကံ
မျိုးတို့ကပဋိသန္ဓေကိုပေးသော, အကြောင်း....ကမ္မဘဝ။

အထက်ပါ ရုပ်နာမ်ခန္ဓာဆိုတဲ့ အကျိုးပေါ်တွင် အဝိဇ္ဇာ ခေါင်ချုပ်-မသိအောင်ဖုံးအုပ်ခံထားရသည်ကြောင့်၊ အကြောင်းသင်္ခါရ ပါး- ပဋိသန္ဓေ အစားစားကို ရစေမည့်- အဘိသင်္ခါရ ဝိညာဏ်ကို၊ ရပ်စေ,ချုပ်စေရန်- မိမိတို့ဝိပဿနာဉာဏ်လက်နက်က ပယ်ဖျက်လိုက်ပုံမှာ....။

၁) အကျိုးရုပ်နာမ်"ဖြစ်ပျက်"သင်္ခါရ၌၊အကျိုးမှန်ကိုသိသည့် ဝိပဿနာ, ဉာဏ်ဝိဇ္ဇာတည်း ဟူသော- (သမ္မာဒိဋ္ဌိ)။

(၂) ပညာနှင့်သိသည်ဖြစ်၍-မဂ္ဂင်လမ်းမှန်၌၊ အားထုတ်ပေါင်းစည်းသော (သမ္မာဝါယာမ)

(၃) အကြောင်းမှန် မပျောက်ပျက်အောင်, အကျိုး အာရုံကို-ပေါ်လွင်ထင်ရှားစေသော (သမ္မာသတိ)

(၄) အကြောင်းမှန်၌ ပညာဉာဏ်နှင့်ထိုးထွင်းသိအောင်, ကြံ့ခိုင်တည်ကြည်ပေးသော (သမ္မာသမာဓိ)

(၅) မပေါက်မပြန်- အာရုံမှန်- အနိစ္စချက်စသည်ကို, ဝိပဿနာရှုစိတ်သို့တင်ပေးသော (သမ္မာသင်္ကပ္ပ)

ဤကဲ့သို့= ပေါင်းစည်း, ထင်ရှား= တည်ကြည်ထား၍- တင်ပြားအာရုံ "ဖြစ်ပျက်"ပုံ အကျိုးသင်္ခါရကို၊ အကြောင်းခံ-ကံ, သင်္ခါရပြန်မဖြစ်စေဘဲ၊ အကြောင်း, ဉာဏ်ဝိဇ္ဇာ ဖြစ်အောင်၊ မဇ္ဈိမ ပဋိပဒါ အတွင်းပါ+ စရဏမဂ္ဂင်တို့နှင့် အညီ၊ ဝိပဿနာ "သမ္မာဒိဋ္ဌိ" ဉာဏ်က နေရာယူလိုက်ပြီဖြစ်ခြင်းကြောင့်၊ အဘိသင်္ခါရဝိညာဏ်ချုပ်၍၊ ဝိဇ္ဇာဉာဏ်, မဇ္ဈေဝိညာဏ်က- မဂ္ဂဋ္ဌာန်ကေန်ချဉ်းကပ်နိုင်အောင်-ကိလေသာအပေါင်းတို့ကို၊ ဝိပဿနာမဂ်တည်းဟူသော-မီးဖြင့် ဖုတ်မြှိုက်နေခြင်းဟု ထိုးထွင်း၍ သိအပ်ပါသည်။

ထို့ကြောင့်- "ပေါ်တိုင်းသိ-သိတိုင်းပျက်" "ဖြစ်တိုင်းသိ-သိတိုင်းပျက်" (ဖြစ်=ဖဿ–ဥပ္ပါဒ+သိဝိညာဏ်ပါ=ပျက်,ဝယ) သဘောတို့ကို၊ အာရုံထင်ရှား,မြဲမြံစွာ ရှုပွားနိုင်လေလေ- ဖဿ,

သဘောဓမ္မ၏ "ဖြစ်ပျက်"နှင့် ချုပ်ခြင်းကို- ပညာဉာဏ်စက္ခုနှင့် ချက်မှောက်ပြုနိုင်လေလေ-ဖြစ်ခါ၊ ဖဿချုပ်၍- ဝေဒနာချုပ်၊ ဝေဒနာချုပ်၍-တဏှာချုပ်၊ တဏှာချုပ်၍-ဥပါဒါန်ချုပ်၊ ဥပါဒါန်ချုပ်၍-ဘဝချုပ်၊ ဘဝချုပ်၍-ဇာတိချုပ်၊ ဇာတိချုပ်၍-ဇရာ,မရဏချုပ်သည့် သဘောဉာဏ်တို့သည်၊ ယောဂီ၏ အကျိုးချုပ်နာမ်တွင် ကေန်ပင်,သက်ဝင်နိုင်ပါပြီ။

ဤကဲ့သို့သော ချုပ်ပုံသဘောတွေကို ဒေသနာအစဉ်အတိုင်း လိုက်ကြည့်နေစရာမလိုပါ၊ ဖဿ-သဘောဓမ္မ၏ ပေါ်ခိုက်အာရုံ၌ ဆောင်နှင်း၍သာ ဖြစ်၍လာသော- ဖြစ်ဆဲသိပြီး- ပျက်ပုံနည်း၌၊ ဖဿလဲချုပ်- ထိုအလုပ်ကို စွဲမြဲစွာအားထုတ်ရင်-ပေါ်သိပျက်နှင့် ဖဿ-တွဲလျက်မြင်နေပြီး "ဖြစ်ပျက်" ဉာဏ်မြင်- ပင်တိုင်ရှုကွက်ဆဲ၌၊ ဖဿပါချုပ်၍- ဝေဒနာပြုတ်ပုံကို ဉာဏ်ချက်ထောက်မိသွားပါလိမ့်မည်။ ဒါပေမဲ့ "ဖြစ်ပျက်"ကိုတော့- မပျောက်စေနဲ့၊ "မပျောက်ဘဲသာ" (ရှေ့စိတ် "ဖြစ်ပျက်"၊ နောက်စိတ်ဆက်-ဖဿချုပ်တဲ့ဘက်၊ ဒုတိယ–ရှေ့စိတ်"ဖြစ်ပျက်" နောက်စိတ်ဆက် ဝေဒနာချုပ်တဲ့ဘက်၊ တတိယ-ရှေ့စိတ်"ဖြစ်ပျက်" နောက်စိတ်ဆက်-တဏှာချုပ်တဲ့ဘက်) အဲဒီလို ဉာဏ်ချက်အစဉ် ထောက်မိ, ထောက်မိလာပါလိမ့်မည်။ ဥပစာရ ပညာသမာဓိနဲ့ မယှဉ်ရင်-အဲဒီဉာဏ်ချက် ထောက်မိပုံမျိုးသည်- ကပြောင်းကပြန် ဖြစ်နေတတ်သည်။ ရှေ့လောကြီးပြီး မတက်နှင့် "ဖြစ်ပျက်" မြင်ပြီး ဖဿချုပ်,ဝေဒနာချုပ်-နှစ်ချက်ဘဲ မိမိရရ,မှန်မှန်ကန်ကန်,စရဏ-မြဲမြံနေဖို့ သိပ်အရေးကြီးပါသည်။ ဒီ-နှစ်ချက်ကို သိပ်ပိုင်ရင် ရှေ့ကို မငိုင်တော့ဘဲ၊ လွယ်ကူစွာ ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိတန်းကို တက်လှမ်းနိုင်ပါလိမ့်မယ်။

အဲဒီတော့ အစဖေါ်ပြပါ- သီလစွမ်းအား၌ ရပ်တည်ထားသော ရုပ်နာမ်ခမ္မ သီလက္ခန္ဓတရားသည်၊ မဂ္ဂင်ရှစ်တန် ကေန်ဝင်သည့်-သမာဓိက္ခန္ဓ-ပညာက္ခန္ဓအဖြစ်သို့- မဇ္ဈိမ ပဋိပဒါနှင့် မကွေ မကွာပွားများနေတိုင်း,ပဋိစ္စသမုပ္ပါဒ်စက်ရဟတ် ပြတ်နေသည်ဟု သိပါ။ ထိုသို့ ဖြစ်ပျက်နှစ်ရပ်- ဉာဏ်ကပ်မိနေသည်မှစ၍၊ မချသော လုလ္လဖြင့်- ရင့်သန်တိုးပွားပါစေ။ အနုလောမဉာဏ်နှင့် လျော်သော,အကျိုးဉာဏ်တလျှောက်ကို- စေတနာနှင့် စေ့ဆော်တွန်းပို့ - ရည်ညွှန်းလို့ ရှာဖွေနေစရာမလိုဘဲ၊ ဤ- မဂ္ဂသစ္စာ ဘာဝေတဗ္ဗအစွမ်းဖြင့်၊ ဒုက္ခသစ္စာ, ပရိညာသုံးပါး- ပြည့်ဝငြား အောင် (နိဗ္ဗာနံ-မဂ္ဂတီတိ-ဂဝေသန္တောဝိယ)ဟု ဆိုရှိအတိုင်း၊ ပစ္စက္ခဉာဏ်,ဝိပဿနာမဂ်က ဥပနိဿယမှသည်=ပကတူပနိဿယ၊ ပကတူပနိဿယမှသည်=အာသေဝနပစ္စယသတ္တိတိုင်– ပြည့်စွမ်း၍ လာရမည်ဖြစ်ရာ– လာစေတတ်သည် ဖြစ်ရာ၊ အကာလိကဓမ္မ မှန်စွာ- မကြာမတင်, မဂ္ဂအပ္ပဏာ လောကုတ္တရာ စိတ်အလျဉ်ကို သက်ဝင်နိုင်ပါလိမ့်မည်ဖြစ်ပါသည်။ ဤပစ္စက္ခ–အနုဗောဓဉာဏ် တန်းမှ လျောကျမသွားရအောင်, အမြဲတန်း ဂရုတစိုက်, ထထ ကြွကြွ၊ မြဲမြဲမြံမြံ-ကေန်ရှိဘို့-အရေးကြီးလှပါတော့သည်။

ယောဂီသူမြတ်သည်၊ ကေန်သာ-အခြေမူလ- နာမရူပပရိဂ္ဂဟ နှင့် ပစ္စယပရိဂ္ဂဟဉာဏ်နှစ်ပါးကို ရငြားထားပြီးဆိုပါက၊အထက်ပါ မဂ္ဂင်ရှစ်တန်- အကျင့်မြတ်မှန်ကို- မရမနေ ကြိုးစားပေမည်မှာ မလွဲနိုင်ပါ။ ဘာ့ကြောင့်ဆိုသော်....

နာမရူပ,ပရိဂ္ဂဟဉာဏ်နှင့် ပစ္စယပရိဂ္ဂဟဉာဏ်တို့သည်။ ကင်္ခါဝိတရဏ ဝိသုဒ္ဓိစခန်း၌ တည်ပါသည်။ သို့ဖြစ်ပါ၍ ယုံမှားခြင်း (၈) ပါး– (၁၆) ပါးတို့၌- ယုံမှားကင်းပြီးသော ယောဂီသူ

F 12

မြတ်ဖြစ်သည်။ထိုသို့-ယုံမှားကင်းသောသူမြတ်အား (၁)ဝါတ=တပ=ဘယ=ဘေရဝ= အရတိ=ရတိ) တို့ဥ၊ သည်းခံနိုင်စွမ်းရှိသော-ကျေးဇူးတရားတို့ကိုငင်း၊ (၂) နိဝါတ–နိမာန=ခန္တိ=သောရစ္စ=သန္တုဋ္ဌီ=သလ္လေခ) စသော,အကျိုးတရားတို့နှင့်ငင်း ပြည့်စုံ၍လာခဲ့ရမည် မုချဖြစ်ရာ၊ အဌင်္ဂိက,မဂ္ဂဘာဝနာပွားများလိုရေးကို- မပြတ်ကြိုးစားတော့မည်သာ ကေန်ဖြစ်ရပါသည်။

ထိုသို့မဟုတ်မူ၍၊ နာမရူပ, ပရိဂ္ဂဟဉာဏ်နှင့် ဟေတုပစ္စယပရိဂ္ဂဟဉာဏ်အရာ- ကင်္ခါဝိတရဏဝိသုဒ္ဓိတန်းကို-- မှီပါပြီ-- ရပြီးပါပြီ။ စူဋ္ဌသောတာပန်လိုလဲ- ကေန် အခေါ်ခံထိုက်ပါပြီဆိုတဲ့-ပါးစပ်ပြောနှင့် နားတွေ့-ငါကြည့်နှင့် စာသိတို့တွင် ဆုံးနေသောတရားတွေမျိုးနှင့် တင်းတိမ်ရောင့်ရဲလွယ်နေမည်ဆိုပါက၊ အထင်ကြီးနှင့် ပြီးနေတာဘဲဖြစ်ပါလိမ့်မည်။ ထို့ကြောင့် အထက်ပါအကျိုးကျေးဇူးတရားတို့ ရောက်ပုံ,ပြည့်စုံလာပုံနှင့်ညီ,မညီ၊ကိုက်,မကိုက်၊ မိမိကိုယ်ကိုမိမိ-စစ်ဆေးပေးပြီး၊ လိုနေတဲ့အချက်ကလေးရှိရင်- အေးဆေးစွာ တက်လှမ်းနိုင်အောင်- သတိသမ္ပဇဉ်- ဉာဏ်ပညာယှဉ်ကြိုးစားပြုပြင်၍- ဘာဝနာဘိသမယအယာဉ်ကို တက်လှမ်းကြပါဟု တိုက်တွန်းအပ်ပါသည်။ ။

---

(၁) ဝါတ,တပ,ဘယ,ဘေရဝ,အရတိ,ရတိ။ ။လေ=အပူ=ဘေး=ကြောက်မက်ဖွယ်အသံ- ပျင်းရိ- ပျော်မွေ့= အစရှိသည်တို့ဥ၊ မတုံမလှုပ်-မကြောက်မရွံ့-သည်းခံနိုင်ခြင်း။

(၂) နိဝါတ, နိမာန, ခန္တိ, သောရစ္စ, သန္တုဋ္ဌီ-- သလ္လေခ။ ။ နှိမ့်ချ-မာန်ကင်း-သည်းခံခြင်းနှင့်-ရဲရင့်-ရောင့်ရဲ-ကိလေသာခေါင်းပါး စဲငြိမ်ခြင်းနှင့်ပြည့်စုံသော အကျိုးတရားရှိခြင်း။

# "ရှု၍-ရှု၍—ပေါ၍-ပေါ၍—သိ၍-သိ၍" ရှင်းလင်းချက်

(၁) ရှု၍ - ရှု၍ = ဆိုသည်မှာ ။ ။ဝိပဿနာရှုစိတ် (ဝါ) မနောဒွါရာဝဇ္ဇန်းစိတ်ဖြင့်- ရှုခြင်းကို ဆိုလိုပါသည်။

(၂) ပေါ၍-ပေါ၍=ဆိုသည်မှာ။ ။ရုပ် နာမ် ဓမ္မ, သင်္ခါရ တရားတို့ "ဖြစ်ပျက်" နေခြင်း-နိမိတ္တ-ပဝတ္တဝ်၌ ဥပ္ပါဒဝယ,သဘောကို ဆိုလိုပါသည်။

(၃) သိ၍ - သိ၍ = ဆိုသည်မှာ။ ။ပေါ၍ - ပေါ၍လာသော၊ပစ္စုပ္ပန်ဆတ်ဆတ် သင်္ခါရဌ်၊ နိမိတ္တ- ပဝတ္တ, ပဏိတ, အာရုံသဘောတို့မှ- အနိမိတ္တ- အပ္ပဏိဟိတ- သုညတ,အဖြစ်-ထွက်မြောက် ထိုးထွင်း၍- သိသောဉာဏ်ကိုဆိုလိုပါသည်။

ယောဂီသူမြတ်သည်၊ ဝိပဿနာပွားများရန် ရှေးဦးစွာ ပုဗ္ဗကရဏမှု-ပြုစဉ်ကပင်၊ ဝိပဿနာရှုစိတ်ဆိုတဲ့- မနောဒွါရာဝဇ္ဇန်းစိတ်နှင့် စတင်ရသည်။ ထိုအခါကစ၍ ရှုစိတ်နှင့်-ပေါ်မှုဆုံစည်းမိရန်ကိုပင်- အတော်နှလုံးသွင်းခဲ့ရမည်၊ သတိချုပ်ခဲ့ရမည်၊ ဝီရိယစိုက်ခဲ့ရမည်ဖြစ်ပါသည်။ ထိုသို့-နှလုံးသွင်း= သတိ, ဝီရိယစိုက်နိုင်

ခဲ့ပါမှ၊ ရှုရှုရှုရှုသဘော ကြိမ်ဖန်များစွာ ကုံဋေကုဋာမက ဖြစ်မည်။ ထိုကုဋေကုဋာသဲမှ၊ ပေါ်ရှုပေါ်ရှုနှင့် ရှုရှုရှုရှု-ဝိပဿနာရှုစိတ်တို့-တထပ်ထည်းဖြစ်ခါ၊ လက္ခဏာသဘောကိုရင်း၊ သခ်ါရသဘောမှန်ကိုရင်း-သိရှု-သိရှုလာရမည် ဖြစ်ပါသည်။ ထိုကုဋေကုဋာရှုစိတ်သဲမှာ- ပေါ်ရှု-ပေါ်ရှုနှင့် တထပ်ထဲသဘောကို၊ သိရှု-သိရှုသဘောသည်၊ ပဌမတွင် ခပ်ကြဲကြဲသာ စတင်သိလာရတတ်ပါသည်။ ထိုသို့ ခပ်ကြဲကြဲမျှ သိနေရဆဲတွင်-ဥာဏ်ဖြစ်လိုအားကြီးပြီး-ပေါ်ရှုပေါ်ရှု-သိတွေ့တခုကို (ဝါ) ပေါ်သိတွေ့ကို ဉာဏ်ဖြစ်အောင်လိုက်ပြီး မဆင်ခြင်ပါနှင့်၊ ဓမ္မသဘောက-ဓမ္မသဘာဝကိုတွေ့သော (ဝါ) သခ်ါရဖြစ်ရပ်ကို ဝိပဿနာရှုစိတ်နဲ့တွေ့သော ဉာဏ်သိမဖြစ်ဘဲ၊ ငါတွေ့သာဖြစ်ပြီး၊ လိုက်ရင်း, လိုက်ရင်းနဲ့-ရှုစိတ်နှင့် တွေးသိသာကျန်နေခါ- ပေါ်မှုပါပျောက်သွားတတ်ပါသည်။ ပေါ်မှုပျောက်လျှင်- ပစ္စက္ခ ဉာဏ်မရောက်နိုင်ဟု သိပါ။ ပေါ်ရှု-ပေါ်ရှုမှာ သိဉာဏ်မထောက်မိဘဲကြာနေရင်-ဝိပဿနာရှုစိတ်-မနောဒွါရာဝဇ္ဇန်းလဲ မမှန်ကန်တော့ဘဲ၊ ပဉ္စဒွါရာဝဇ္ဇန်းစိတ်တွေ ဝင်လာတတ်ပါတယ်။ ဒီအခါ- ဥဒ္ဒစ္စလွှမ်းမိုးခံရပြီး၊ ထိနမိဒ္ဓပါ အဖော်ပါလာပါလိမ့်မယ်၊ ပဉ္စဒွါရာဝဇ္ဇန်းစိတ်တွေ အဝင်များရင်- ငါးဖြာအာရုံတွေ-အထွေထွေပါလာကုန်ပြီးတော့-ဖြစ်နိုင်မယ်, ရှုနိုင်မယ်, ဒီနေ့တော့-မဖြစ်သေးပါဘူးလို့ စိတ်ပျက်ညျက်-ဘာဝနာခွင်က-ထချင်လာတတ်တယ်။ ကြပ်ကြပ်သတိထားပြီး ရှောင်ရှားလွန်မြောက်နိုင်အောင် ကြိုးစားရပါမယ်။ အဲဒါကို ရှောင်ရှားတတ်အောင် ဝိပဿနာရှုစိတ်ရှိသဘောသွား-ဌာန်လေးပါးကို နားလည်ထားဘို့ လိုအပ်ပါသည်။

# ၄၇။ မဟာကုသိုလ် ဝိပဿနာ ရှုစိတ်သဘော

"သာဓါရဏာ ကိရိယာ ဟေတုက မနောဝိညာဏဓါတု၊" ကုသိုလ်၊ အကုသိုလ်၊ မဟဂ္ဂုတ်- ဝိပဿနာ- မဂ်၊ ဖိုလ်တို့နှင့် ဆက်ဆန်၍၊ ဟေတု-ပစ္စယအကြောင်းကို ဖြစ်စေ၊ ရစေ၊ ရင့်ကျက်စေသော၊ မနောဓါတ်၊ မနောဒွါ ဝဇ္ဇန်းစိတ် ဖြစ်သည်။ ထိုစိတ်၏ လက္ခဏာ စသည်တို့မှာ....

- ဆဋ္ဌာရမ္မဏ ဝိဇာနနလက္ခဏာ=အာရုံခြောက်ပါးကိုသိခြင်း လက္ခဏာရှိ၏။
- ဝေါဋ္ဌဗ္ဗနာ ဝဇ္ဇန ရသာ =မှတ်သားပိုင်းခြား၊ ဆင်ခြင်ခြင်းကိစ္စရသရှိ၏။
- တထာ ဘာဝ ပစ္စုပဋ္ဌာနာ- —မှတ်သားပိုင်းခြား၊ ဆင်ခြင်ထားမိသည့်-မိမိယှဉ်ရာကိစ္စ အတိုင်းသာ၊ မှတ်သားမှတ်ပိုင်းခြား၊ ဆင် ခြင် တတ်သော တရားဟု- ရှေး ရှုထင်၏။
- အတီတာနန္တရ-စိတ္တာပဂမ ပဒဋ္ဌာနာ=ရှေးအနန္တရ စိတ်၏-ချုပ်ကင်းခြင်းလျှင်- နီးစွာသော အကြောင်းရင်းရှိ၏။

အထက်ပါ- ဌာန်လေးပါး, သဘောသဘာ၀ကို- ကျေနပ်အောင်-ကြည့်ရှုမှတ်သားပြီးရင်၊ စိန္တာမယဉာဏ်နဲ့ ပြန်ကြည့်၊ ဝိပဿနာရှုတာ ဘယ်သူလဲ၊ ငါလား, ယောကျ်ား, မိန်းမလား, မဟုတ်ဘူး၊ မနောဒွါရာဝဇ္ဇန်းစိတ်က ရှုတာလို့-အရင်ဆုံးသိလိုက်ပါ။အဲဒီစိတ်က,အာရုံခြောက်ပါးလုံးကို "သိခြင်း"မှတ်ကြောင်းတရားလို့ ဆောင်ပြတတ်တယ်တဲ့။ ဒီတော့-ရှုစိတ်အနေနဲ့- အာရုံခြောက်ပါးလုံးကို ရှုရမှာလား။ (၀ါ) တောဘူမက, အာရုံတွေကိုရှုရမှာလား။ တခုသောအာရုံကိုရှုရမှာလား?။ တခုတည်းသောအာရုံကို ရှုရမှာဖြစ်ပါတယ်။ တခုသောအာရုံကို- ရှုရမှာဆိုရင်-တခုသောအာရုံကို ရှုရာကျအောင်, ဘာလုပ်ပေးရမလဲဆိုတာ၊ သူလုပ်တတ်တဲ့-ကိစ္စသဘောကို ပြန်ကြည့်။ သူ့ကိစ္စသဘောကိုကြည့်ရင်၊ မှတ်သားပိုင်းခြားခြင်းနဲ့ ဆင်ခြင်ခြင်းကိစ္စရှိတယ်လို့-ဗျာပါရနှစ်ချက်ရှိနေတယ်။ တစ်အချက်က, မှတ်သားပိုင်းခြားခြင်းတရပ်ရယ်၊ နှစ်အချက်က, ဆင်ခြင်တာရယ်၊ ဘာကိုအရင်ဖြစ်စေရမလဲ။ အာရုံ (၆) ပါးထဲက တခုခုသောအာရုံကိုမှတ်သားပိုင်းခြားဒါ, အရင်ဖြစ်စေရမယ်၊ ဖြစ်ပါ့မလား?။ ရုပ်နာမ်, ပေါ်၍-ပေါ်၍-ပေါ်တတ်ပုံတွေထဲမှာ.... အဲဒီ,ရုပ်နာမ်, ပေါ်၍- ပေါ်၍- သဘောတွေထဲက၊ ဝိပဿနာ အရှုခံမှန်တဲ့-အရှိပရမတ္ထတရားရဲ့- ထင်ရှားဆောင်ပြတဲ့- သဘာဝလက္ခဏာတွေကို ရှုရမှာပါ၊ မူလကရထားတဲ့- နာမရူပပရိစ္ဆေဒဉာဏ်ဆိုတဲ့ (ဉာတပရိညာ) သဘော သဘာ၀တွေနဲ့အညီ ရှုနိုင်ရပါမယ်၊ အဲဒီ- အရှုခံသဘော အကျဉ်းချုပ်ကလေးကတော့....

(၁) ခက်မာမှု ထင်ရှားဒါကို မှတ်သား
ပိုင်းခြားနေသလား၊
(၂) နူးညံ့မှုထင်ရှားဒါကို မှတ်သား
ပိုင်းခြားနေသလား၊
(၃) ပူမှုထင်ရှားဒါကို မှတ်သားပိုင်းခြားနေသလား၊
(၄) အေးမှုထင်ရှားဒါကို မှတ်သား
ပိုင်းခြားနေသလား၊
(၅) ထောက်ကန်မှုထင်ရှားဒါကို မှတ်သား
ပိုင်းခြားနေသလား၊
(၆) လှုပ်မှုထင်ရှားဒါကိုမှတ်သားပိုင်းခြားနေသလား၊

ပ-တေ-ဝါ- ဖေါဋ္ဌဗ္ဗာရုံ

(၇) ထိမှုထင်ရှားဒါကိုမှတ်သားပိုင်းခြားနေသလား၊
(ဖဿ)
(၈) ခံစားမှုထင်ရှားဒါကို- မှတ်သား
ပိုင်းခြားနေသလား၊ (ဝေဒနာ)
(၉) သိမှုထင်ရှားဒါကို- မှတ်သား
ပိုင်းခြားနေသလား၊ (ဝိညာဏ)
(၁၀) ရှူ-ရှိုက်နှစ်တန်-သဘာဝပစ္စုပ္ပန်ကို
မှတ်သားနေသလား၊ (ဝိပဿနာ-အာနာပါန)

ဒါမှမဟုတ်- အဲဒီ (၁၀)မျိုးထဲမှာဘဲ၊ တပြောင်းပြောင်း တပြန်ပြန်- အပြင်အာရုံ မဝင်စေဘဲ- လွတ်ထွက်မသွားဘဲ မှတ်သားပိုင်းခြားနေသလား.... စစ်ဆေးကြည့်ပါ၊ သေသေချာချာ စစ်ဆေးပေးပြီး- ပြေးမထွက်သွားပါစေနဲ့၊ အဲဒီ အာရုံတွေထဲမှာ တခုသောအာရုံကိုဖြစ်စေ၊ နှစ်ခုသောအာရုံကိုဖြစ်စေ၊ သုံးလေးခု ဖြစ်စေ၊ လွတ်ထွက်မသွားစေဘဲ ရှုတတ်ဘို့ အရေးကြီးပါတယ်။

ဘယ်သူကလဲဆိုတော့- ရှု၍ရှု၍ဆိုတဲ့- ရှုတတ်သော ဝိပဿနာ ရှုတဲ့- အာဝဇ္ဇန်းစိတ်က ဖြစ်ပါတယ်၊ အဲဒီအာရုံတွေထဲမှာ စိုးစိုး, စစ်စစ်တို့၊ ဖြိုးဖြိုး, ဖျင်းဖျင်းတို့၊ မွမွ,ရွရွတို့၊ ထုံဒါ, ကျင်ဒါ, အောင့်ဒါ-နာဒါတို့- ညောင်းဒါ, ကိုက်ဒါ,ခဲဒါတို့၊ ဖိန်းဖိန်း, ရှိန်းရှိန်းတို့၊ ခြမ်းခြမ်း,စိမ့်စိမ့်တို့ မပါဘူး၊ ရှုတဲ့ထဲမှာ မပါစေရ ဘူး၊ ဒါပေမဲ့ သူတို့လဲ ဖြစ်လာတတ်တာဘဲ၊ ဖြစ်လာရင်- အချို့ ခံစားမှုဝေဒနာထဲ ထည့်လိုက်= အချို့ ပူမှုထဲထည့်လိုက်၊ အချို့ အေးမှုထဲ ထည့်လိုက်၊ အချို့ မာမှုထဲ ထည့်လိုက်၊ လုံးဝကို မရှိ မဟုတ်တဲ့- အဝိဇ္ဇာမာန ပညတ်အမွန်းတင်အာရုံ မဖြစ်စေနဲ့၊ အထက်ကဖော်ပြခဲ့သော (၁၀)မျိုးကလဲ ပညတ်တော့ ပညတ် ဘဲ၊ ဒါပေမဲ့-နာမည်သာပညတ်၊ အရှိပရမတ်ကိုမှည့်ခေါ်ထားတဲ့ ဝိဇ္ဇာနပညတ်ဖြစ်လို့- အမည်သာပညတ်၊ သဘောသဘာဝက ပရမတ်၊ ၎င်း(၁၀)မျိုးမှလွတ်၍ အထက်ပြခဲ့တဲ့စိုးစိုးစစ်စစ် ဖြစ် ပေါ်မှုတွေကိုရှုရင်, (ဝါ) မှတ်သားပိုင်းခြားရင် နာမယ်ကလဲ ပညတ်, သဘောကလဲပညတ်, သဘာဝမှာတော့ လုံးဝမရှိတဲ့, မဟုတ်တဲ့တရားဖြစ်လို့ မသုံးသပ်, မရှုမှတ်, မပိုင်းခြားရ၊ အမှန် ဖြစ်ပေါ်နေတာက သင်္ခတပရမတ်အနေနဲ့ ရုပ်နာမ်, သင်္ခါရဓမ္မ သဘောသဘာဝသာ အရင်းခံဖြစ်တယ်လို့ သိ၊ အဲဒီ- ကာယိက ဒုက္ခဝေဒနာဆိုတဲ့ ရောဂါဘယတွေကတော့- ဝိပဿနာမရှုလဲ ခန္ဓာနဲ့စုပြီး နှိပ်စက်နေနေတာဘဲ၊ ဒီရောဂါသဘောတွေကို ယှဉ် စပ် ပွားများ, မှတ်သား ပိုင်းခြားပေးရမယ်ဆိုရင်၊ ဝိပဿနာ ဆိုတာ အလကားနေရင်းလဲ ဖြစ်နေတာဘဲမို့- ဝိပဿနာဆိုတဲ့ နံမယ်တောင် ခံဘို့မလိုတော့ဘူး၊ ဒီတော့- ဆိုင်ရာ ဓမ္မသဘော ထဲကို သွင်းယူ၍ရှုပါ၊ မှတ်သားပိုင်းခြားပါ၊ သို့မဟုတ်- ထို ကာ

ယိက, ရောဂါအားလုံးကို ဒုက္ခဝေဒနာ- ဝေဒယိတ လက္ခဏာ-ဝေဒနာစေတသိကတရားက ခံစားဒါလို့- ဝေဒနာနုပဿနာရှုပုံ အရသာ ရှုပေးရပါမည်၊ ကျန်းမာရေးချိုတဲ့သူများ, အဖြစ်မြန်-အပေါ်မြန်တတ်ကြပါသည်။ ။

ဒီတော့- ဝိပဿနာရှုစိတ်, မနောဒွါရာဝဇ္ဇန်းစိတ်ဟာ (၆) အာရုံ၌ အဖုံဖုံသိခြင်းလက္ခဏာရှိတာကို၊ ရူပါရုံ-သဒ္ဒါရုံ-ဂန္ဓာရုံ-ရသာရုံ-ဓမ္မာရုံမှ အဖုံဖုံသော အာရုံအစားစားကို ပြည်ဖုံးကားချ နှလုံးသွင်းရုံမျှ မပြုတော့ဘဲ၊ ကာယသမ္ဗဿ ဖြစ်တဲ့- ဖောဋ္ဌဗ္ဗ တအာရုံထဲ၌၊ အထက်ပါဖြစ်ပေါ်တတ်သော (၁၀)မျိုးထဲမှ= တခုတည်းသောအာရုံကိုသာ ဝိပဿနာရှုစိတ်နဲ့- မှတ်သား ပိုင်း ခြားပေးရပါမယ်၊ အစတွင်, တခုထည်းသောအာရုံ၌မတည်တန့် မရသေးရင်၊ လေးငါးမျိုးမှ- သုံးလေးမျိုး၊ သုံးလေးမျိုးမှ နှစ်မျိုးသုံးမျိုး၊ နှစ်မျိုးသုံးမျိုးမှ- တမျိုးတခုထဲ ရောက်အောင်၊ မှတ်သားပိုင်းခြားမှု၌- သညာကို ကြုံ့ရှ်ကြုံ့ရှ် ရှုပေးသွားရပါ မည်၊ နောက်ဆုံးဇကာတင်,တမျိုးကိုတော့- မိမိအလို, အဇ္ဈာသယ-စရိတ- ဝါသနာတို့နှင့်လျော်ညီစွာ တွေ့ရှိလာပါလိမ့်မည်။အဲဒီလို တွေ့လာနိုင်ခြင်းသည်၊ ဝိပဿနာရှုတဲ့- အာဝဇ္ဇန်းစိတ်၏ မှတ်သားပိုင်းခြားမှု၌၊ "ထိရသညာ" ခိုင်မြဲသော မှတ်သားမှုသညာ အဖြစ်သို့ (ဝါ) မိမိနှင့်လျော်ညီသော ခိုင်မြဲသည့်အာရုံကို ရရှိ ခြင်းသို့ သက်ဝင်ခဲ့ပြီးလျှင်၊ "ထိရသညာ- ပဒဋ္ဌာနာ" အရ၊ ခိုင်မြဲသော သညာလျှင် နီးစွာသော အကြောင်းရင်း ရှိသည့် "သတိ"အဖြစ်သို့ ရောက်အပ်သည်ဖြစ်လျက်၊ သညာလွန်မြောက် (ဝါ) အမှတ်ပျောက်လျက်- ဝိပဿနာ အာရုံထက်၌- ရှုစိတ် မပျောက်တော့သော၊အာရုံထင်ရှားပေါ်လွင်နေမှုကို၊ 'ဥပဋ္ဌိတံ'

တည်သည်၏အဖြစ်နှင့် "သတိ"သည်၊ (ဝါ) သမ္မာသတိ့သည် ကောင်းစွာစောင့်ရှောက်ခြင်းကိစ္စကို- အစဉ် ဆောင်ရွက်ထွန်းပြ သည်ဖြစ်၍၊ ဝိပဿနာအရှုခံ အာရုံတရား၌- ပေါ်၍ပေါ်၍ နေ ခြင်းကို- ရှု၍ရှု၍သာလျှင်၊ သိ၍သိ၍ နေခြင်းအလျဉ်- မပြတ် တော့သည်ဟု သိပါ-ယုံကြည်ပါ။

ထိုသို့- ရှု၍ရှု၍သာလျှင်၊ ပေါ်၍ပေါ်၍နေသော ရုပ်နာမ် သင်္ခါရ၌၊ သိ၍သိ၍နေခြင်းဟုဆိုအပ်သော၊ "အဇ္ဈုပက္ခိတဗ္ဗ= အလီနာနုဒ္ဓတ"အားဖြင့်။ အလီနာ- မတွန့်တို မဆုတ်နစ်သော၊ နုဒ္ဓတာ- မရွေ့ရှား, မပျံ့လွင့်သော- ဝိပဿနာ ရှုစိတ်နှင့်၊ အဇ္ဈုပက္ခိတ- လုံ့လဗျာပါရ မများ- ဆန့်ကျင်ဘက်တရားတို့ အား- လျစ်လျူပြုထား၍- ပွားများနိုင်ခြင်းသဘောဖြင့်၊ ပေါ် အာရုံတွင် အလိုက်သင့်, ဂွင်ကျရှု၍ရသောအခြေသို့ ရောက်သွား ပါလိမ့်မည်။ သို့မဟုတ်မူ၍၊ ဝိပဿနာရှုစိတ်နှင့်- မှတ်သား ပိုင်း ခြားခြင်းသည်၊ အာရုံ၌ "ဧကောဓမ္မော" တခုသောတရား၌ တည်ကြည်မှုသဘော မသက်ဝင်ခင်၊ ဆင်ခြင်တွေးတောစိတ်တွေ ဝင်လာပါက ပျံ့လွင့်တတ်, ဆုတ်နစ်တတ်ပြီး၊ ဗဟိဒ္ဓအာရုံတွေ ဆက်ခါ,ဆက်ခါဖြင့်၊ ပဉ္စဒွါရာဝဇ္ဇန်း- ငါးဒွါရ ဆင်ခြင်ခဏ်း စိတ်ဖြစ်သွားကာ- ဝိပဿနာရှုစိတ် မဟုတ်တော့ဘဲ- ပဉ္စာရုံရှာ ဖွေစိတ်တွေဖြစ်ပြီး၊ ဘဝင်စိတ်သည်ပါ- အတော်ကြာကြာ ချိပ် ဝင်ခံရလျက်, ထိနမိဒ္ဓဖြစ်သည်အထိ- နှိပ်စက်လာပါလိမ့်မည်။ ကိလေသာတို့မည်သည် နဲနဲကလေးမှ မျက်နှာသာပေး၍ မရပါ။ ရွှေရေးပုဂံတက်ဆိုသလို၊ ကိလေသာတွေကတော့- အခွင့်သာဘို့ အကွက်ချောင်းနေသမျှ- အောင်းရာ အနုသယကနေ- ထကြွ၍ လာတတ်လေ့ရှိပါသည်။ ။

ဒါကြောင့်= ရှု၍ရှု၍- ပေါ်၍ပေါ်၍- သိ၍သိ၍-ဆိုသော၊ ရှုတတ်သောတရားနှင့် အရှုခံတရားတို့- နှစ်ပါးဆုံချက်ကျလျှင်– ဖျက်မရသော အသိဉာဏ် ဝိဇ္ဇာတရားရခြင်းပုံ၌၊ အရှုတရား၏ တရားကိုယ်၌လည်း- အတုံး, အလုံး,အခဲမရှိ၊ နိသတ္တ, နိဇ္ဇီဝ– သဘာဝဖြစ်ပုံကိုသာ၊ သိ၍သိ၍ဆိုသည့် အသိဉာဏ်တရားထဲ၌၊ ထင်ရှားစွာတွေ့မြင်လာပြီးလျှင်, လက္ခဏာရေးသုံးပါးကို တွေး စိတ်နှင့်မှန်းဆ၍ တင်နေစရာမလိုဘဲ၊ အကျိုးဒုက္ခ၌- အကြောင်း သမုဒယ, မဝင်မယှဉ်သည်ဖြစ်၍၊ အကြောင်းဉာဏ် မဂ္ဂင်ပင်- ကေန်ပေါ်လွင်စွာ, ပေါ်၍ပေါ်၍- ရုပ်နာမ်ဓမ္မ သင်္ခါရတရား ထဲမှ- "ယထာဝသရသတော ဥပဋ္ဌာတိ" သဘောအရ၊ ဟုတ်တိုင်း မှန်ရာ– အနိစ္စဉာဏ်, ဒုက္ခဉာဏ်,အနတ္တဉာဏ်တို့ကို၊ အနုပဿနာ သုံးပါးဆိုက်အောင်၊ ပစ္စက္ခအားဖြင့် မျက်မှောက် ပြုသွားနိုင် မည် ဖြစ်ပါတော့သည်။

ဤရှင်းလင်းတင်ပြချက်များသည်၊ အပြည့်အစုံမဟုတ်သော် ငြားလည်း၊ ဖဿဟာရ ဖေါ်ပြချက်မှစ၍၊ ဝိပဿနာရှုနိုင်ကွက် များကို၊ တနပ်စာ,တဟင်းချက်ပေးသော အနေမျိုးမဟုတ်ဘဲ- တဘဝတာ,ရှာဖွေစားနိုင်မည့်–ကွန်ချက်ကို ပြပေးသော အနေ အားဖြင့် အကျဉ်းချုံးလျက် ပြဆိုချက်ဖြစ်ပါသည်။ (နောက် ဆက်လက်မည့်-ဝိပဿနာပညာပေး–အလုပ်ပေးတရား၌၊ အလုံးစုံ အကျယ်ရှင်းချက်ကို၊ ဒေသနာဉာဏ်– ပစ္စက္ခ ဉာဏ်နှစ်စားနှင့် ရှင်းလင်းပေးပါဦးမည်။) ယခုမူ- နာမ်အာဟာရ သုံးပါး ပြဆို လာရာဝယ်၊ ဖဿဟာရ-အကြောင်းကို ပြဆိုပြီး၍–မနောသဉ္စေ တနာဟာရဆီသို့ ဆက်လက်ကြပါဦးစို့....။

# "မနောသဉ္စေတနာဟာရ"

မနောသဉ္စေတနာဟာရော - မနောသဉ္စေတနာဟာရသည်၊ (၀၁) စေ့ဆော်တိုက်တွန်း-စီရင်ညွှန်းလျက်၊ ဆောင်ရွက်ပြင်းစွာ ထောက်ပံ့ကာဖြင့်- ပြုလာကျေးဇူး- အကြောင်းထူးဖြစ်သော- စေတနာတရားသည်၊ ကာယ, ဝစီ, မနောကမ္မသု- ကာယကံ, ဝစီကံ,မနောကံတို့၌၊ ဉဿာဟံ- အားထုတ်သမှု- လုံ့လဖြင့်ပြုခြင်းကို၊ ဇနန္တော-ပေးအပ်မသွေ့-ဖြစ်တတ်စေလျက်၊ ဘုသံ-လွန်စွာ၊ ဟရတိ-ဆောင်တတ်၏။ ။(ပဋ္ဌာနုဒ္ဒေသ)

အထက်ပါ မနောသဉ္စေတနာဟာရ သဘောကို ကြည့်ရင်၊ ကာယဒွါရကနေ- ကုသိုလ်, အကုသိုလ်ကံဖြစ်နေတာ၊ ဝစီဒွါရကနေ- ကုသိုလ်, အကုသိုလ်ကံဖြစ်နေတာ၊ မနောဒွါရကနေ- ကုသိုလ်,အကုသိုလ်ကံ ဖြစ်နေတာတွေဟာ၊ ဝိပါက်မနုဓါတ်မှာ- အနုသယနဲ့ယှဉ်စပ်ပြီး- ဟေတုဖြစ်ခဲ့တဲ့- ဟိတ်ခြောက်ပါးတို့နှင့် အညီ- စွဲမှီဖြစ်ပေါ်တဲ့- "စေတနာ ပဓါန" တရားကြောင့်သာ၊ "စေတနာဟာရ" စေ့ဆော်တိုက်တွန်း ပြုပြင်တတ်တဲ့၊ "ပစ္စယသတ္တိ" ပစ္စည်းအကြောင်း, အထောက်အပံ့အားဖြင့်- ကျေးဇူးပြုသည်ဖြစ်၍သာ၊ ကာယ, ဝစီ, မနော- သုံးလီသောဒွါရတို့မှ၊ ကံလမ်း-ဈာန်လမ်းတို့သည်၊ ရုပ်နာမ်ခန္ဓာ၌-စွဲဝင်ပွင့်လင်း-သက်ဆင်းဝင်ရောက်-သံသရာတခွင်- လျှောက်နေရသည်ကို- သိသာလှပါတော့သည်။

ထိုစေတနာသည်ပင်လျှင်၊ ဉဿာဟအနေ- ကုသိုလ်, အကုသိုလ်ကံတွေဖြစ်ကြောင်း လုလ္လအပေါင်းကို ဖြစ်စေလျက်၊ ရုပ်

နာမ်ခန္ဓာကိုတဲ့- သံသရာတရားကို- မပြတ်မစဲ- ဒလစပ်ထဲဖြစ်ပွား အောင်၊ပြင်းစွာလဲဆောင်တတ် -မြဲမြံစွာလဲဖြစ်စေဘတ်- ရှည်မြင့် စွာသော ကာလတိုင်အောင်လဲ ဆောင်စေတတ်သောအားဖြင့် သမ္ပယုတ် တရားတို့ကို- လွန်စွာ ဆောင်နှင်းတတ်သော- မနော သဉ္စေတနာဟာရပါတကားဟု သိအပ်ရာပါသည်။

သူသူငါငါတို့ကတော့- ပြုလုပ်တဲ့သူရှိတယ်၊ ငါပြုလုပ်တယ်, သူပြုလုပ်တယ်၊ သူ ပြုလုပ်နိုင်စွမ်း ရှိတယ်၊ ငါပြုလုပ်နိုင်စွမ်းရှိ တယ်၊ ငါ့ကုသိုလ်,ငါ့အကုသိုလ်ကံဘဲရယ်လို့- ပြုလုပ်တဲ့သူ-ငါ၌၊ ငါပြုလုပ်တဲ့-ကုသိုလ်,အကုသိုလ်လို့-တသံသရာလုံးက စွဲလာခဲ့ကြ တယ်။ တကယ်အမှန်ကတော့ သင်္ခါရက္ခန္ဓာအားဖြင့် ဖေါ်ပြ နေတဲ့၊ ရုပ်နာမ်အစုကို-မနောသဉ္စေတနာပဓါနတရားက,အချုပ် ပြုပြီး၊ အဟာရသဖွယ်-အဆက်မပြတ်- ထောက်ပံ့ကျေးဇူးပြုခြင်း ကြောင့်သာ၊ စိတ်,စေတသိက်,ရုပ်,ဆိုတဲ့-သင်္ခတာဓမ္မာ-ကိရိယာ တို့သည်၊ "ဥပ္ပါဒ-နိမိတ္တ-ပဝတ္တ-အာယူဟန"အားဖြင့်၊ ဒွါရ သုံးလီ-ကံသုံးမည်နှင့်၊ နှစ်လီ,ကု-အကု၊ ဟောတုအစုစုကို၊ ကိရိယာ ဖလသဘော- အကျိုးနှောကာ၊ အကြောင်းသစ် ဆက်နေပုံ သဘောကို- စောကြော၍ သေသေချာချာကြည့်ပါလျှင်၊ ပြုသူ ငါပင်, ငါ့ကံထင်၍၊ ငါပင်ပြန်စိုက်- တဏှာလိုက်သဖြင့် ခန္ဓာ မကုန်-ဇာတိမဆုံး-မရဏတုံးဟူသော သံသရာ့အစာ- အကျိုး ရုပ်နာမ်နှစ်ဖြာမှာ၊ အဗျာကတခေါ်ရိုး-ရုပ်လေးမျိုးနှင့် ဝိပါက် နာမ်,ကြိယာနာမ်တို့- တရံမစဲ-ကောင်းဆိုနှစ်ရပ်,တွဲခြင်းကြောင့်၊ ပုဂ္ဂလပညတ်- သမုတိနှဲ့ စပ်ပြီးလျှင်၊ ဒုက္ခအထပ်ထပ်, ဖြစ်ရပါ တကားဟု-ဉာဏ်ဟုန်နှင့်ကုန်စင်အောင် ချဲ့ထွင်၍ မကြည့်တတ် သော်လည်း၊ ယခုပြအပ်သည့်- မနောသဉ္စေတနာဟာရဓါတ်

ကြောင့်- လည်ပတ်ခဲ့ရပုံ အနမတဂ္ဂသံသရာဟုန်သည်၊ တုန်လှုပ် ထိပ်လန့်ရ "သြတပ္ပ" အကြောက်မျိုးထက်မျှမက၊ ဘယဋ္ဌအနက် ရောက်အောင်,ဉာဏ်ပေါက်ခါဖြင့် နောက်တလှဲ့ဘဝသစ်ဆိုတဲ့- သင်္ခါရစံနစ်ဆိုးမှ ကင်းလွတ်အောင်,ကြိုးစားနိုင်သည်အထိ-နှလုံး သွင်း-မိ,စေသင့်ပါတော့သည်။

အထက်ပါ မနောသဉ္စေတနာဟာရကို ငါလုပ်ခါ၊ ပြုလုပ်သူ, ငါ၊ ငါ့ကုသိုလ်- ငါ့အကုသိုလ်ဟု စေတနာဟာရကို ငါဆိုတဲ့, ဒိဋ္ဌိကပ်လိုက်သဖြင့် ထင်ရှားရှိ စေတသိက်နာမ်, သက္ကာယတွင်- ဒိဋ္ဌိဝင်စွဲ၍- "သက္ကာယဒိဋ္ဌိ"ဖြစ်ပြီး ဒိဋ္ဌိတန်းလန်း, ပြုခဏ်း, ကုသလ-ကုသလာ,အဖြာဖြာတို့ကိုလည်း၊ ငါ့ကုသိုလ်, ငါ့ဥစ္စာ, ငါ့အနုဂါမိကရွှေအိုးဟု- ဒိဋ္ဌိနောက်ကို- တဏှာဝိသေသထပ်မံ၍ ကပ်မိပြန်သည်အထိ ဖြစ်ရှိရပေသည်။ဖြစ်ကြပေမည်-ဖြစ်ပေမည်၊ ကာမဘုံ- ကာမသတ္တဝါ- ကာမာဝစရစိတ်ဆိုသည်မှာ၊ ဝိသေ သယ-လောဘမူလ- ဒိဋ္ဌိဂတသမ္ပယုတ္တ- အကုသလစိတ်က,လေး မျိုး ဖြစ်ကြရာ၊မူရင်းဗီဇ-အဝိဇ္ဇာ,တဏှာ-နှစ်ဖြာမူလမှ၊အဝိဇ္ဇာဖုံး လို့-ဒိဋ္ဌိဖြစ်၊ တဏှာ- တောင့်တလို့- လောဘဖြစ်၊ တဏှာမကွာ သည့်- လောဘမူလစိတ်စစ်တွင်၊ အဝိဇ္ဇာအနွယ်ဒိဋ္ဌိတွယ်၍၊ ဒိဋ္ဌိ ဂတသမ္ပယုတ်စိတ်ရယ်လို့- လေးခုဖြစ်ရရာ၊ ဒိဋ္ဌိဖြစ်တော့- တဏှာ ကိလေသာက- ဝိသေသအနေစွဲအောင်- မူလအခြေကထဲက-ပါ ပြီးသားဘဲ ဖြစ်နေကြရသည်။

အဲဒီ-တဏှာယှဉ်တဲ့- လောဘမူလ- ဒိဋ္ဌိမယှဉ်တဲ့- ဒိဋ္ဌိဝိပ္ပယုတ် စိတ်လေးမျိုးကျပြန်တော့၊ ဒိဋ္ဌိမယှဉ်ရရင်-တဏှာအသွင်က-ရှိပြီး သွားမို့ ဒိဋ္ဌိကမာနကလေးကို- နေရာပေးသလိုဖြစ်ပြီး "ငါ့ဥစ္စာ, ငါ့ပစ္စည်း, ငါ့သား, ငါ့မယား, ငါ့အိမ်, ငါ့ယာ,လို့- ဒိဋ္ဌိရယ်,

တဏှာရယ်,နှစ်ဖြာစွဲတဲ့- "တဏှာငါ" ထဲမှာ၊ မာနငါဆိုတဲ့၊ ငါမှငါ-ငါ့ဥစ္စာမှ ငါပိုင်တာ၊ ငါလိုဘယ်သူပြုနိုင်,တတ်နိုင်သလဲ၊ ငါလိုဘယ်သူပိုင်နိုင်,ဆိုင်နိုင်သလဲ,ဆိုတဲ့- မာန ဝိသေသကလေး သည်၊ ဒိဋ္ဌိကလေးကွာခိုက်, တဏှာစိုက်ထားဒါ မလွှတ်နိုင်ခင်၊ ဘယ်သူမှမသိလိုက်ပါဘဲနဲ့-မာနကလေးတွဲလာတာကို- သတ္တဝါ တွေ- စွဲမိရက်သားအားဖြင့် ဒိဋ္ဌိဝိပ္ပယုတ်-အကုသိုလ်စိတ် လေး မျိုးထဲမှာ- တဝဲဝဲဖြစ်ကြရတော့၏။ ဒိဋ္ဌိကို အပြီးသတ်လိုက်ပြီး- တဲ့-သောတာပန်မှာတောင်,အဲဒီ-မာနထဲက- ယထာဝမာန်ဆိုတဲ့ မာနကလေးဟာ ဒိဋ္ဌိဝိပ္ပယုတ်စိတ်ဖြစ်တိုင်း- အမြဲပါ၍- နေရ- ဖြစ်ရတော့၏။

ကဲ-အဲဒီ၊ ကာမာဝစရစိတ်- လောဘမူလ, စိတ်(၈) ပါးကို အဖြစ်များရတာက ဘယ်သူ့ကြောင့်လဲဆိုတော့- မနောသဥ္စေ တနာဟာရကို အစာအဟာရလို- မှီဝဲလို့ဖြစ်ရတာ၊ မှီဝဲလေတိုင်း- "ဒိဋ္ဌိငါ-တဏှာငါ-မာနငါ"ထဲက၊ မှီဝဲသူ စေတနာကိုယ်တိုင်- ပြေးမထွက်နိုင်ဘဲ အစွဲခံရသလို၊ ပင်ဂိုရ်မှီဝဲသူကမှ- အလွဲကြီးလွဲ၍ ငါစွဲတွေ ရှိနေဖြစ်နေလျှင်၊ ကျန်တဲ့- ဝေဒနက္ခန္ဓာ-သညာက္ခန္ဓာ- ဝိညာဏက္ခန္ဓာတွေမှာပါမက- ရူပက္ခန္ဓာပေါ်မှာပါ နာမက္ခန္ဓာ တွေက ဖြည့်သွင်းထားခါ- အတင်းပင် လက်တွဲ ခေါ်ကြပြီး၊ သင်္ခါရက္ခန္ဓာနှင့် တကွဖြစ်ဘက်တွေဆိုတော့၊ ဖြစ်အောင်ပြုတဲ့ "စေတနာ"ကိုကမှ- ဒိဋ္ဌိငါ, တဏှာငါ, မာနတွေ မကွေမကွာ ပါနေခြင်းကြောင့်၊ ကြွင်း, နာမ်ခန္ဓာ သုံးပါးနှင့် ရုပ်ခန္ဓာ တပါးပါ- မိုက်ဖော်မိုက်ဘက်, လည်ပင်းဖက်ရက်ကြီး ဖြစ်နေ ကာကို ဉာဏ်နှင့် ယှဉ်၍ဆင်ခြင်ကြည့်လျှင်၊ မနောသဥ္စေ တနာ

ဟာရသည်လည်း၊ ဖဿဟာရတိုးကလိုဘဲ၊ သံသရာနယ် အခွဲဆုံး တရပ်သာမက၊ နောက်, ပဋိသန္ဓေ အထပ်ထပ်ကိုတောင်- ရစေ တတ်သေးတယ်ဆိုတော့။ ကဲ-ဘယ်လိုလဲ.... ဘယ်လိုလဲ၊ ကိုယ့် ကိုယ်ကို- ကိုယ်ပြန်မေး- "မနောသဉ္စေတနာ့ဟာရလေး"မရမက မွေးပြီး သင်္ခါရသုံးလီကို "ဒိဋ္ဌင်္ဂါ- တဏှာင်္ဂါ- မာနင်္ဂါ" တွေနဲ့ သီကုံးပြီး နေရတာ= ကောင်းသလား.... မကောင်းဘူးလား၊ မိုက်ရာကျသလား၊ လိမ္မာရာကျသလား၊ ကိုယ့်ကိုယ်ကို ချစ်ရာ ကျသလား၊ နှစ်ရာကျသလား- အမျိုးမျိုးမေးပြီး၊ အဖြေကလေး ကျတော့ ညာမနေနဲ့, ညာမနေနဲ့၊အဖြေမှန်ဖြေပြီးတော့-မဂ်စေ တနာ- နိဗ္ဗာန်မခေါ်တတ်အမှန်လုပ်ဘို့- ရဲရဲကြီးဆုံးဖြတ်ပေတော့။ ။

ဖေါ်ပြအပ်ပြီးသော- မနောသဉ္စေ တနာဟာရ၏ ဆောင် နှင်းတတ်ပုံသည်၊ သင်္ခါရက္ခန္ဓာ၌- အကျုံးဝင် ပဓါနဖြစ်ပွား ခြင်း ဖြစ်ပါသည်။ ထို့ကြောင့်-မူလ စေတသိက် တရားကိုယ်၏ သဘောသဘာဝဌာန်လေးပါးကိုရင်း၊ သင်္ခါရက္ခန္ဓာတရားကိုယ် စေတသိက်ငါးဆယ်တို့၌- စေတနာပဓါန၏ သဘောသဘာဝ ဌာန်လေးပါးကိုရင်း၊ ဖေါ်ပြလိုက်ပါဦးမည်။ ၎င်းဌာန်လေးပါး နှစ်ရပ်- ပိုင်းခြား၍သိပါက၊ စေတနာသက်သက်- သဘောမမှ အချက်နှင့် စေတနာယှဉ်- သင်္ခါရက္ခန္ဓာအဖြစ်- သဘောသဘာဝ အချက်များကိုနှိုင်းညှိကာ၊ မနောသဉ္စေတနာဟာရအရ၊အထက် ဖေါ်ပြချက် အတိုင်း၊ ဆောင်ရွက်တတ်, ဖြစ်စေတတ်သော သဘောသည်၊ ပုဂ္ဂလ,သတ္တ,အတ္တ,ဇီဝ- မဟုတ်သည့် အတွက် ဒိဋ္ဌင်္ဂါလည်း ကပ်ရန်မသင့်၊ တဏှာင်္ဂါလည်း တွယ်ရန်မထိုက်၊ မာနင်္ဂါလည်း စိုက်ထူရန်မထိုက်သော- စေတနာလျှင် အမှူး

ရှိသည့်- သင်္ခါရက္ခန္ဓာတရားစုသာ- အနိစ္စအမှန်- ဒုက္ခဝေကန်- အနတ္တအစစ် "ဖြစ်ပျက်" ဟန်ကို ကောင်းစွာမသေ့- ပိုင်းခြားထိုးထွင်း မြင်နိုင်ပါစေ။

## (စေတနာ စေတသိက်၏ ဌာန်လေးပါး)

(၁) စေတယိတ လက္ခဏာ။ ။စေ့ဆော် တိုက်တွန်းခြင်း လက္ခဏာရှိ၏၊

(၂) အာယူဟနရသာ။ ။နှိုးဆော်ကြောင့်ကြ- ဗျာပါရ ပြုခြင်းကိစ္စရှိ၏၊

(၃) အသံဝိဓါန ပစ္စုပဋ္ဌာနာ။ ။ပြုပြင် စီရင်တတ်သော တရားဟု ဉာဏ်အားရှေ့ရှုထင်၏၊

(၄) သေသခန္ဓပဒဋ္ဌာနာ။ ။ကြွင်းနာမ်ခန္ဓာသုံးပါးလျှင် နီးစွာသောအကြောင်းရှိ၏။

## သင်္ခါရက္ခန္ဓာ–စေတသိက်ငါးဆယ်ဌာန်လေးပါး၊

စေတနာပဓါနာ-စေတနာလျှင် ပဓါနအားဖြင့် ပြဋ္ဌာန်းခြင်းရှိကုန်သော၊သင်္ခါရာ=သင်္ခါရက္ခန္ဓာ,စေတသိက်ငါးဆယ်တို့သည်-

| | |
|---|---|
| အဘိသင်္ခရဏလက္ခဏာ။ | ။အကျိုးဖြစ်အောင်, အလွန်ပေါင်းစု ပြုပြင်ခြင်းလက္ခဏာရှိ၏။ |
| အာယူဟနာရသာ ....။ | ။အားထုတ်ပြုလုပ်ခြင်းသမ္ပတ္တိရသရှိ၏ |
| ဝိပ္ဖါရာ ပစ္စုပဋ္ဌာနာ....။ | ။ပျံ့လွင့်လှုပ်ရှား, ဗျာပါရများရခြင်း တရားဟု- ဉာဏ်အားရှေ့ရှုထင်၏။ |
| သေသခန္ဓ ပဒဋ္ဌာနာ....။ | ။ကြွင်း,နာမ်ခန္ဓာသုံးပါးလျှင်- နီးစွာသောအကြောင်းရှိ၏။ |

အထက်ပါ စေတနာစေတသိက်မျှ သဘောနှင့်၊ စေတနာ သမ္ပယုတ္တဓမ္မ- သင်္ခါရက္ခန္ဓာ သဘောတို့တွင်၊ မူလ စေတနာသတ္တိသည် စေ့ဆော်တိုက်တွန်းမှုကို-လက္ခဏာအားဖြင့် ထွန်းပြတတ်ပြီး နှိုးဆော်ကြောင့်ကြ ဗျာပါရပြုခြင်းကိစ္စကိုဆောင်နှင်းတတ်သော ပကတိသဘောမှသည်-သင်္ခါရက္ခန္ဓာ၌ အကျုံးဝင်၍- ယှဉ်ဘက်- စိတ်၊ စေတသိက်၊ ရုပ်တို့နှင့်- အကျိုးတရားစုဖြစ်အောင်- အလွန် ပြုပြင်ပေါင်းစုမှုသဘောဟု ဆိုအပ်သည့် "အဘိသင်္ခရဏ-သင်္ခါရ" အဖြစ်- မိမိလက္ခဏာကို ဆောင်နှင်းထွန်းပြတတ်ပြီး၊ ယှဉ်ဘက် တရားတို့ကို အညီအညွတ်-သင်္ခါရမှုရောက်ကြစေရန်- အားထုတ် ယက်သွဲ့ခြင်း- သမ္ဘတ္တိရသကို ပေါ်စေတတ်သောအားဖြင့် ကံ သုံးပါးမြောက်အောင် အာဟာရပစ္စယသတ္တိအဖြစ်နှင့် (ဝ၁) ထောက်ပံ့သော အကြောင်းရှိ စွမ်းရည်သတ္တိနှင့် ကျေးဇူးပြု တတ်၊ ကျေးဇူးပြုသည်ဖြစ်၍သာလျှင်- အကြောင်းတဖန် ပြန်ခံ မည့်-သင်္ခါရတွေလဲ-ဖြစ်ခဲ့ရလှလေပြီ။ အကျိုးသင်္ခါရတွေကိုခံစား စံစား၊ ထိုနှစ်ပါးဖြင့် ကြုံတွေ့ခဲ့ရလှလေပြီ။ သင်္ခါရ၏-ကြောင်း ကျိုးနှစ်တန်- ဗျာပါရ ဧကန်ကြောင့်၊ သင်္ခတဓမ္မ- စိတ်၊ စေတ သိက်၊ ရုပ်၊ အတန်တန်တို့သည်၊ ရုပ်ခန္ဓာ၊ နာမ်ခန္ဓာ- သန္တာန်မပြတ် အောင်- ဆက်စပ်၍နေရခြင်း၊ ဖြစ်ပေါ်ရခြင်းသာပါတကားဟု- ပိုင်းခြားမှုပြုနိုင်သော-ယောဂီသူမြတ်အား၊ကာရကအတ္တ- ပြုလုပ် သူငါဘဲ၊ သက္ကာယအမှားစွဲ-ဒိဋ္ဌိအကြီးစားကို ပယ်ရှားသုတ်သင် နိုင်ရာပါတော့သည်။

အဲဒီ စေတနာသဘောသည်၊ ဥပမာအားဖြင့်မူ ပိသုကာ လက်သမားဆရာကြီးနဲ့လဲ တူပါပေတယ်။ အဆောက်အဦးတစု ဆောက်လုပ်ကြရာတွင် ထိုထိုအမှု လျှင်မြန်စွာ ပြီးဆုံးစေရန်-

လက်သမားဆရာကြီးသည် မိမိကိုယ်တိုင်လည်း စီမံပြုလုပ်လျက်၊ လက်အောက်ငယ်သားတို့ကိုလည်း၊ အသီးသီးဆိုင်ရာကိစ္စတွေကို ပြုလုပ်ကြစေရန် တိုက်တွန်းနှိုးဆော်လျက်၊ ထိုဆောက်လုပ်မှုကို ပြီးစေသကဲ့သို့၊ စေတနာ ပဓါနတရားသည်လည်း မိမိကိုယ်တိုင် လည်း စေ့ဆော်ပြုပြင်၊ ယှဉ်ဘက် တရားတို့ကိုလည်း နှိုးဆော် ကြောင့်ကြ-ဗျာပါဒဖြင့်-တိုက်တွန်းတတ်ခြင်းကြောင့်၊ သမ္ပယုတ် တရားတွေကို၊ မိမိဆိုင်ရာကိစ္စဆောင်နှင်းအောင်-ယက်သဲ့သကဲ့သို့ သော သမ္ပတ္တိကိစ္စရသတို့ကို၊မပျက်မယွင်းဆောင်နှင်းစေခြင်းနှင့် ဥပမာထင်ရှား-တူငြားပါတော့သည်။

တနည်းအားဖြင့်= စာသင်ကျောင်း အတန်းတွင်းရှိ၊ တပည့် ကြီးဖြစ်သူ-(မော်နီတာ)သည်၊ ဆရာလာသည်ကို မြင်သည်နှင့် တပြိုင်နက်၊ မိမိလည်း စာကျက်စာရေး၍- ကျန်ကျောင်းသား တွေကိုပါ စာကျက်စာရေးရန်-နှိုးဆော်တိုက်တွန်းသည်နှင့်အညီ၊ စာသင်ယူမှု- ပြေပြစ်ပြီးမြောက်ခြင်းကို အားထုတ်ကြစေဘိသကဲ့ သို့လည်း တူပါသည်။မြန်မာစာချိန်-မြန်မာစာပြဆရာလာတော့- မြန်မာစာကျက်ပြပြီး နှိုးဆော်ပါသည်။ ပထဝီချိန်- ပထဝီဆရာ လာတော့- ပထဝီစာကျက်ပြီး နှိုးဆော်ပြန်ပါသည်။ သမိုင်းဆရာ လာတော့ သမိုင်းစာကျက်ပြီး- ကျက်ကြရန် နှိုးဆော်ပြန်ပါ သည်။ ထိုနည်းမက္ခာပင်- ဣဋ္ဌာရုံနှင့်-ဝိပါက်ကြုံခိုက်, လောဘ ဆရာလာလျှင်လည်း လောဘကျောင်းသားတို့ကို နှိုးဆော်၍ မိမိနှင့်အတူယှဉ်စေပါသည်။ အနိဋ္ဌာရုံနှင့် ဝိပါက်ကြုံခိုက်,ဒေါသ ဆရာလာလျှင်လည်း-ဒေါသအုပ်စုကို နှိုးဆော်၍- မိမိလည်းအတူ ယှဉ်စေပါသည်။ မောဟတည်းဟူသော ကျောင်းအုပ်ကြီးနှင့်မူ အတူပင်တိုင်-အကျွမ်းဝင်ပါနေကြ-ကျောင်းသားများကို ပါချင်

တိုင်းပါနိုင်အောင်, တားမြစ်ချက်မရှိ- နှိုးဆော်မြဲ, နှိုးဆော်ထား တတ်ပါသည်။ ဤသို့အားဖြင့် တူငြားပါသော-စေတနာပစ္စယ, သင်္ခါရက္ခန္ဓာ တရားစုသည်၊ လူမဟုတ်- သူမဟုတ်- ငါမဟုတ်၊ သင်္ခါရအထုပ္ပတ္တိကို- ဗျူပ္ပတ္တိအရှိ- သမန္တပ္ပသာဒိကပြုသော်.... ဓမ္မနိယာမ,စိတ္တနိယာမအရ၊ မိမိရရ အမြဲကပြနေသော- ဒုက္ခဇာတ်ခုံကြီး၌၊ ဒုက္ခဇာတ်ဆောင်- ဒုက္ခခေါင်းဆောင်သာ ဖြစ်တော့သည်။

ထိုသို့သဘာဝ,ဥပမာတို့နှင့်မျှမက၊ သုတ္တန္တဘာဇနီယ-ဥပမာ တရပ်ဖြင့်လည်း- သံဝေဂယူ၍-သမ္ပဒာ- ထူထောင်နိုင်ခြင်းကို ဤသို့သိအပ်ရာပါသည်။

## "အင်္ဂါရကာသူပမာ= မနေ့သဘ္ဘောတနာယာချေ"

(အင်္ဂါရ=မီးကျီး၊ ကာသု=တွင်း)

အသက်ရှည်၍- ချမ်းသာခြင်းကို အလိုရှိသော အကြင်, ယောကျ်ားတဦးကို၊ အားခွန်ဗလနှင့်ပြည့်စုံကြသော ယောကျ်ားကြီးနှစ်ယောက်တို့က၊ လက်မောင်းကို ဆုပ်ကိုင်ဆွဲငင်ကြလျက်၊ ၁၂-ပေမျှအနက်ရှိသော- မီးကျီးတွင်းကြီးထဲသို့ အတင်းအဓမ္မ ဆွဲငင်တွန်းချမည်ပြုကြရာဝယ်....

ထို မီးကျီးတွင်းထဲသို့ ဆွဲချခံရမည့်ယောကျ်ားသည်၊ မီးကျီးတွင်းထဲသို့ ကျရောက်သွားပါက မရှုမလှ သေရမည်-ဖြစ်သော ကြောင့်၎င်း၊မသေခင်တခဏာ၌လည်း မချိမဆန့်ဖြစ်သော-ဆင်းရဲ ထန်ပြင်းနှိပ်စက်ခြင်းဝေဒနာကို ခံစ●းရမည် ဖြစ်သောကြောင့်

ရင်း၊ မီးကျီးတွင်းထဲ-ကျမည့်ဘေးမှ- ကင်းဝေးလိုသည့် စေတနာ သည်-ထက်သန်စွာ ဖြစ်ပေါ်လာလျက်- မလွတ်လွတ်အောင်-ရုန်း ကန်ကာ- လွတ်မြောက်မှုကို ကြိုးကြိုးစားစားပြုမည်သာ ဖြစ်ပေ သည်။

ထိုနည်းတူစွာ မနောသဥ္စေတနာဟာရ တရားပေါ်၌ နှလုံး ပိုက်သွင်း-ရှုမှတ်ဆင်ခြင်ခြင်း ပြုပေးရပါမည်။

သင်္ခါရက္ခန္ဓာကိုဖြစ်စေသော "မနောသဥ္စေတနာဟာရသည်၊ ဘုံသုံးပါး၌ ပဋိသန္ဓေတိုင်အောင် ဆောင်တတ်၏။ပဋိသန္ဓေနှင့် အိုခြင်းဆင်းရဲ,ဇရာဒုက္ခ၊သေခြင်းဆင်းရဲ,မရဏဒုက္ခသည်- အကျိုး ဆက်မို့ ပိုးလျက်အမြဲပါလေသည်။ ၎င်းစေတနာတရား၌ ထိုထို ဘဝတို့တွင် ပဋိသန္ဓေစွဲဝင်နေရအောင် ပစ်ချခံရခြင်း- ကမ္မဝဋ် ဘေးသည်ရှိ၏။ ထိုဘေးမှ လွတ်အောင်,မီးကျီးတွင်းပမာ- သက် ဆင်းဝဲ့စရာမရှိပါသော,ဘဝသစ်သို့ ရောက်စေတတ်သည့်စေတနာ ဟာရ တရားပါတကားဟု- ရှုမှတ်ပိုင်းခြားရာ၏။

ထိုသို့- မနောသဥ္စေတနာဟာရကိုပြခဲ့သည့်သဘောသဘာဝ တိုင်း၌- ပိုင်းခြား၍ သိသော်၊ ယင်း,စေတနာမှာ၊ အဝိဇ္ဇာက မှောင်ချပေးလိုက်သဖြင့်၊ လိုချင်တောင့်တ နှစ်သက်သာယာမှု သာလျှင်- အကြောင်းရင်းရှိသောကြောင့်- ဖြစ်ပေါ်လာတတ် ခြင်းဖြစ်ရကား၊ တဏှာက စေတနာကို- ကာမတဏှာ- ဘဝ တဏှာ- ဝိဘဝတဏှာ- တွေအနေနဲ့- ခိုင်းစေသည်ဖြစ်၍၊ စေတ နာက- ထိုထိုရှုမှု– ကံကိုပြု၊ ဘဝအစ ဖြစ်သဘောတိုင်- ပဋိစ္စ သမုပ္ပါဒ်- ပရန္တပိုင်းလုံး၏- ခေါင်းဆောင်ပီပီ- တဏှာဟူသော အကြောင်းရင်းနှင့် မကင်းမကွာဖြစ်ရတာပါတကားဟု....တဏှာ သုံးပါး= ၆-ပါးကို ပိုင်းခြားသိ၍၊ ပဟာတဗ္ဗပြုနိုင်ရန်- မီးကျီး

တွင်းကျ ဆင်းရဲရသည့် ဒုက္ခနှင့်ပမာတင်ပြီးလျှင်- ဆုံးဖြတ်ချက်ချကာ- "သဗ္ဗဒုက္ခ- သမတိက္ကမာယ" အလုံးစုံသော ဒုက္ခတို့မှ လွန်မြောက်ရာသို့- ရှေ့ရှု ရုန်းထွက်သင့်ပါတော့သည်။

ဤနေရာ၌၊ မီးကျီတွင်းသည်- တောဘူမက, ဝဋ်ဆင်းရဲထူပြောလှသည့် ဘဝသံသရာနှင့်တူ၏၊ အားခွန်ဗလနှင့် ပြည့်စုံသူ နှစ်ဦးသည်- ကုသိုလ်, အကုသိုလ်ကံနှင့်တူ၏၊ မီးကျီးတွင်းသို့ ဆွဲချခံရမည့်သူသည်- ဝဋ်ကိုမှီသော အန္ဓပုထုဇဉ်နှင့်တူ၏၊ အားခွန်ဗလပြည့်စုံသူနှစ်ဦးက, မီးကျီးတွင်းထဲသို့ ဆွဲချနေခြင်းသည်- ကုသိုလ်, အကုသိုလ်ကံများကို- ပုထုဇဉ်တို့က အားထုတ်နေခြင်းနှင့် တူ၏၊ မီးကျီးတွင်းလျှင်- အကြောင်းရင်း ရှိသော ဆင်းရဲ ဒုက္ခသည်- ကမ္မဝဋ်လျှင် အကြောင်းရင်း ရှိသော ဝဋ်ဆင်းရဲနှင့် တူ၏။ ထို့ကြောင့်- ရုပ်နာမ်သိမြင်, ဝိပဿနာ ပညာရှင် ဖြစ်သော- ကလျာဏပုထုဇဉ်တို့သည်= ထို မီးကျီးတွင်းကျမည့်ဘေးမှ- ရုန်းထွက် လွန်မြောက်အောင်, စေတနာဟာရကပေးသည့် "အာယူဟန" ဘေးကို- ဝေးဝေးက ရှောင်လျက်- ဝေးဝေးကရှောင်ရာကျအောင်- ဝိပဿနာ ဘာဝနာတရားကို ကြိုးစား အားထုတ်ကြရာ၏။ ဤဥပမာအားဖြင့်၊ ကံလမ်းကိုသာ- အားကိုးတကြီး ဖိစီး ပြုလုပ်နေသော အန္ဓ ပုထုဇဉ်တို့၏ ဝဋ်နှင့်မလွတ်, ငှက်တောင်ကျွတ်တို့- ပျံ့ဘိသကဲ့သို့၊ လိုရာလိုရပ်သို့ မရောက်နိုင်ဘဲ၊ သံသရာ့ဝဋ်ဆင်းရဲ တည်း ဟူသော- မီးကျီးတွင်းမှ- အဘယ်မှာလျှင်- လွတ်ကင်းနိုင်ပါတော့အံ့နည်းဟု....ပိုင်းခြားသိ၍၊ကံလမ်း, ဈာန်လမ်း, သံသရာ့ငြမ်းကို၊ ဝိဝဋ္ဋအစစ်အဖြစ်- အမှီပြု ရှောက်နိုင်ရုံမျှပြုကြပါ၍၊ သံသရာ့ထွက်လမ်း- ဝိပဿနာ မဂ်ဉာဏ်လမ်းကိုသာ- အပ္ပမာဒတရား ရှေ့ထား၍ ကြိုးစားကြပါလေ။ ။

# “ဝိညာဏာဟာရ”

ဝိညာဏာ ဟာရော- ဝိညာဏာဟာရသည်၊ အာရမ္မဏ- ဝိဇာနနလက္ခဏော- အာရုံကို သိခြင်းဟူသောအနက်ဖြင့်၊ ပုဗ္ဗင်္ဂမကိစ္စ- ပဓါနအချုပ်, -ဦးစီးလုပ်သည့်- ရှေ့သွားအဖြစ်, ပြဋ္ဌာန်းခြင်း ကိစ္စကို၊ ဝဟန္တော- ရွက်ဆောင်လျက်၊ သမ္ပယုတ္တဓမ္မေ- သမ္ပယုတ် တရားတို့ကို၊ ဘုသံ- ပြင်းစွာ၊ ဟရတိ- ဆောင်တတ်၏၊ ဒဠှံ-မြဲစွာ၊ ပဝတ္တေတိ- ဖြစ်စေ၏၊ စိရံအဒ္ဓါနံ- ရှည်မြင့်စွာသော ကာလသို့၊ ဂမေတိ-ရောက်စေတတ်၏၊ ဣတိ-ထို့ကြောင့်၊ အာဟာရော- အာဟာရမည်၏။ သမ္ပယုတ္တဓမ္မေ-သမ္ပယုတ်တရား တို့ကို၊ ဘုသံ- ပြင်းစွာ၊ ဟရန္တော- ဆောင်သည်ရှိသော်၊ သဟဇာတရူပဓမ္မေ- သဟဇာတ်ဖြစ်သော-ရုပ်တရားတို့ကိုလည်း၊ ဘုသံ-ပြင်းစွာ၊ ဟရတိယေဝ- ဆောင်သည် သာလျှင်တည်း။ (ပဋ္ဌာနုဒ္ဒေသ)

နာမ်ရုပ်တရား- ခန္ဓာငါးပါးဖြင့်၊ မပြတ်, မလပ်, ဖြစ်မရပ်, ပျက်မဆုံးအောင်၊ ထောက်ပံ့သည်၏အဖြစ် ကျေးဇူးပြုတတ် သော- ပစ္စည်းတရားတို့မှာ၊ ရုပ်အာဟာရပစ္စည်း= ကဗဠီကာရာ ဟာရနှင့်၊ နာမ်အာဟာရ ပစ္စည်း- ဖဿဟာရ၊ မနောသဉ္စေ တနာဟာရ၊ဝိညာဏာ ဟာရသုံးပါးတို့ဖြစ်ကြပါသည်၊ငင်းလေး ပါးသော အာဟာရပစ္စယသတ္တိ- အကြောင်းရှိ စွမ်းရည်သတ္တိ တို့က- ထောက်ပံ့သည်၏အဖြစ် ကျေးဇူးပြုခြင်းကြောင့်၊ ပစ္စယုပ္ပန်- ရုပ်နာမ်တရား- ခန္ဓာငါးပါးတို့သည်၊ မ ရပ်မနား “ဖြစ်ပျက်”နှင့်သွားကာ၊ ချုပ်ရင်း, ဆုံးရင်း, ကုန်ရင်း, ပျောက် ရင်း, ဝဋ်ဆင်းရဲတွင်းကို- လှည့်ပတ်နေကြရခြင်း ဖြစ်ပါသည်။

ဆိုအပ်ခဲ့ပြီးသော- ရုပ်အာဟာရပစ္စည်း- ကဗဠီကာရာဟာရ သည်၊ ရုပ်တရားတို့၏ ဖြစ်ပွားကြောင်း၌- ပစ္စုပ္ပန် အကြောင်း တရားတို့တွင်- ခေါင်းဆောင်ဖြစ်ပေသည်။ ထို့နည်းအတူ- ဖဿ ဟာရ- မနောသဉ္စေတနာဟာရ- ဝိညာဏာဟာရ တို့သည်လည်း၊ ပစ္စုပ္ပန်ခန္ဓာ ဖြစ်ပွားရခြင်း၌- အသီးသီး ဦးဆောင်မှုအဖြစ် အားဖြင့် ထောက်ပံ့တတ်သော ပစ္စည်းတရားများဖြစ်သည်။

ကဗဠီကာရာဟာရသည်- ရုပ်အတွက်၊ ဖဿဟာရသည်- ဝေဒနာအတွက်၊မနောသဉ္စေတနာဟာရသည်-တဏှာကံအတွက်၊ ဝိညာဏာဟာရသည်- စေတသိက် နာမ်ခန္ဓာသုံးပါးလုံးနှင့်- ရုပ် ခန္ဓာအတွက်ပါ ထောက်ပံ့ကျေးဇူးပြုခြင်းကြောင့်၎င်း၊ ပင်ကိုရ် သဘာဝ- မနောပုဗ္ဗင်္ဂမအရ၎င်း၊ အလုံးစုံ အာဟာရလေးပါး စလုံးတွင်- အကြီးအမှူးအထူးရှက်ဆောင်, ဝင့်ကောင်ဆက်နှင်း- ဗီဇရင်း မျိုးစေ့သဘွယ် အမြစ်တွယ်တတ်သော-ဝိညာဏာဟာရ တရားဖြစ်ပေသည်။ ထို့ကြောင့်- ဝိညာဏာဟာရ သဘောကို- ထိုက်သင့်သမျှ ဆန်းစစ်ကြည့်ကြပါဦးစို့....။

အထက်ဖေါ်ပြပါ- ပဋ္ဌာနုဒ္ဒေသပါဠိတော်အရ၊ ဝိညာဏာ ဟာရသဘောမှာ၊ အာရုံခြောက်ပါးကို- သိခြင်းအနက် ရှိသည့် တရားဖြစ်ပြီးလျှင်၊ နာမ်,ရုပ်ဖြစ်ကြောင်း,ကောင်းစွာထောက်ပံ့- ကျေးဇူးပြုတတ်သော တရားဖြစ်သည်။ နာမ်တရားအပေါင်းတို့ တွင်လဲ ရှေ့သွားခေါင်းဆောင်ဟု ဆိုရာဝယ်၊ တကဲ့ကိုရှေ့က သွားရသော-ပုရေစာရိက ပုဗ္ဗင်္ဂမ,မျိုးတော့မဟုတ်၊ ပဓါနပုဗ္ဗင်္ဂမ အဖြစ်-ဦးစီးအချုပ်- ရှေ့သွားခေါင်းဆောင် လုပ်ရသောတရား ဖြစ်သည်။ သိစရာရှိသမျှ-သိနိုင်သမျှသောတရားတို့အား သိခြင်း ကိစ္စပြီးမြောက်စေရန် (ဝါ) ယှဉ်ဘက်ရုပ်နာမ်တရားတို့- မိမိနှင့်

တကွနက်-ဖြစ်ဘက်ဖြစ်လာစေရန်၊ ပြင်းစွာ,မြဲမြံ-ရှည်ကြာကာလ ရောက်ရသည်တိုင်အောင်-ထောက်ပံ့ဆောင်နှင်း, အပါသွင်းတတ်သောတရားဟု- သိအပ်ရာပါသည်။,

ထို သိခြင်းတရား- သိ,ဝိညာဏတရားမှာ၊ အကျယ်အားဖြင့် (၁၂၁) ပါးဖြစ်ပါသည်။ ထို ၁၂၁-ပါးလုံးသော သိစိတ် အရေအတွက် အဘယ်မျှများစေကာမူ၊ ဝိညာဏအရ- အထူး သိမှုတခုသာဖြစ်ပါသည်။ ၎င်း (၁၂၁) ပါးကို အထက်စာ မျက်နှာ (၁၄၅) ၌ ရေတွက်ပြဆိုခဲ့ပြီးဖြစ်ပါသည်။ ယခု ၎င်း ၁၂၁-ပါး-သိဝိညာဏ တရားကို ဓါတ်အားဖြင့် ခွဲခြားကြည့်၍ ပါမူ....

(၁) မနောဓါတ်အရ-သိခြင်း၊
(၂) ပဥ္စဝိညာဏဓါတ်အရ-သိခြင်း၊
(၃) မနောဝိညာဏဓါတ်အရ-သိခြင်း ဟူ၍.... သုံးမျိုး ဖြစ်ပါသည်။

* ၎င်းသုံးမျိုးကို ရှင်းလင်းကြည့်သော်....

(၁) မနောဓါတ်အရ....သိခြင်း၌ ။ ။ ပဥ္စဒွါရာဝဇ္ဇန်း=ငါး ဒွါရဆင်ခြင်စိတ် ၁။သမ္ပဋိစ္ဆိုင်းဒွေး=ဟု ခေါ် ဆိုအပ်သော– သမ္ပဋိစ္ဆန– အာရုံကို ခံလင့်သော စိတ်-၁။ သန္တီရဏ-အာရုံကို စုံစမ်းသောစိတ်-၁၊ ပေါင်း(၃)ပါးဖြစ်သည်။

(၂) ပဥ္စဝိညာဏဓါတ်အရသိခြင်း၌။ ။ဒွေပဥ္စဝိညာဏဓါတ်= စက္ခု, သောတ, ဃာန, ဇိဝှါ, ကာယ,ဒွါရတို့မှ ရူပါရုံ, သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗါရုံ,

တို့ကို သိသောစိတ် (၅)၊ ၎င်းပဉ္စာရုံကို မနော ဒွါရမှ သိသောစိတ် (၅)၊ ပေါင်း(၁၀)ပါး ဖြစ်သည်။

(၃) မနောဝိညာဏဓါတ်အရသိခြင်း၌။ ။(၁၂၁)ပါး- သိ ဝိညာဏ် တရား အပေါင်းထဲမှ၊ အထက်ပါ (၁၃)ပါးနှုတ်သော်၊ ကြွင်း (၁၀၈) ပါးသော စိတ်သည်- မနောဝိညာဏဓါတ်အရ သိခြင်းဖြစ် သည်။

* မနောဓါတ်သုံးစား သိခြင်းအဓိပ္ပါယ်။

(၁) မနောဓါတ်အရသိခြင်းမှာ၊ နမနလက္ခဏာအရ- အာရုံသို့ ညွတ်သော- ကိုင်းသော- ရှိုင်းသောအားဖြင့် သိခြင်းမျှဖြစ်သည်။

(၂) ပဉ္စဝိညာဏဓါတ်အရ-သိခြင်းမှာ၊ ဝိဇာနနလက္ခဏာအရ- အာရုံကို အာရုံမှန်း သိခြင်းဖြစ်သော- ရူပါရုံ စသည်တို့ကို- ရူပါရုံ စသည်လို့ သိခြင်းမျိုးဖြစ် သည်။ (ဝါ)ဝိညာဏ်သိ, သိခြင်းဖြစ်သည်။

(၃) မနောဝိညာဏဓါတ်အရသိခြင်းမှာ၊ မနော, အရလည်း သိခြင်း၊ ဉာဏ,အရလည်းသိခြင်း, နှစ်ထပ်မျှ မက၊ မနော+ဝိ+ဉာဏ, အရ၊ သိသည်-အထူး သဖြင့်သိသည်- အလွန်သိသည်ဟူသော- ပဇာ နန လက္ခဏာအရ- သညာသိ,ပညာသိ,ဉာဏ်သိ, တိုင်အောင်-သိခြင်းဖြစ်သည်။

ဤနေရာ၌- သူသူငါငါတို့က အာရုံခြောက်ပါးကို မသိကာ မျှနှင့်-မသိစိတ်ဟု ခေါ်လေ့ရှိသော-ဝိပါက် မနောဓါတ် (ဝါ)

ဘဝင်စိတ်၊ တနည်း-အိပ်မောကျနေစိတ်၊ တဖုံ မေ့ဆေးပေးခံထားရ၍မသိသောစိတ်များသည် "ဘဝင်စိတ်"၌ အကျုံးဝင်ပါသည်။ အာရုံတခုနှင့်တခုကြားတွင်လည်း ဘာအာရုံနှင့်မှ ယှဉ်မဖြစ်ခင်- ခြားသောစိတ်ကိုလည်း ဘဝင်စိတ်ဟု ခေါ်သည်။ စိတ်ဟုလည်း ခေါ်သေး၏= မသိဟူ၍လည်း မှတ်သေး၏။အမှန်မှာ-စိတ်ဆိုလျှင်-ဆိုင်ရာ သဘောအလျောက် သိသည်ချည်းသာဖြစ်သည်။ထို့ကြောင့် ဘဝင်စိတ်သည်လည်းသိသည်။

ဘဝင်စိတ်= "ဘဝဿအင်္ဂံ ဘဝင်္ဂံ"။ ။ဘဝဿ--ဘဝ၏ (ဝါ)ဖြစ်ခြင်း၏၊ (ဝါ) ရုပ်, နာမ်တရားတို့ဖြစ်ခြင်း၏၊ အင်္ဂံ--အင်္ဂါရပ်အစိတ်အပိုင်းတည်း။ ။ဣတိ--ထို့ကြောင့်၊ ဘဝင်္ဂံ-ဘဝ၏၊ (ဝါ) ရုပ်,နာမ်တရားတို့ဖြစ်ခြင်း၏ အင်္ဂါအစိပ်အပိုင်းဖြစ်၏။

ငင်းဘဝင်စိတ်သည်-ပဉ္စဒွါရ၌ မဖြစ်သောစိတ် (ဝါ) အာရုံခြောက်ပါး၌မဖြစ်သောစိတ်ဖြစ်သည်။ အများတကာက အာရုံခြောက်ပါး၌ သိစိတ်မဖြစ်ခြင်းကြောင့် မသိစိတ်ဟု သမုတ်ကြသည်။ သို့သော်- ဟဒယဝတ္ထုကိုမှီ၍မူ-ဘဝင်စိတ်သည်-ပဋိသန္ဓေစိတ်နှင့်တူလျက်၊ ပဋိသန္ဓေစိတ်က ယူခဲ့သိခဲ့သော-ကံ,ကမ္မနိမိတ်, ဂတိနိမိတ်,တပါးပါးကိုငင်း။ ပဝတ္တိ- ကံ,ကမ္မနိမိတ် တပါးပါးကိုငင်း-ရှေ့ရှု၍၊ ဒါ-မိမိအကျိုးဝိပါကတရားဟု- အကျိုးဝိပါက်ကို ရှေ့ရှု၍သိသောစိတ်အားဖြင့်မူ၊ သိလျက်-ဖြစ်လျက်-ဘဝ၏ (ဝါ) နာမ်ရုပ်တရားခန္ဓာငါးပါးဖြစ်ခြင်း၏၊ (ဝါ)ဝီထိစိတ်တွေဖြစ်ခြင်း၏- အင်္ဂါ အစိတ်အပိုင်းအားဖြင့်- အကျိုးရှေ့ရှု သိမှုဆောင်ထား"ဖြစ်ပျက်"နှင့်ရှိငြားသောတရားဖြစ်ပါသည်။

ဤကဲ့သို့- မနောဓါတ်သုံးစားအားဖြင့်၊ မရုပ်မနာမ အာရုံအစားစား-ကုသိုလ်၊အကုသိုလ်တရားတို့တွင်-သိမှုအားဖြင့်ဖြစ်ပွားတတ်သော- ဝိညာဏတရားသည်၊ မရုပ်မနာမ ဝိညာဏာဟာရအားဖြင့်-ထောက်ပံ့မှုသက်ဝင်လေတိုင်း၊ ငါ့စိတ်ရှိသည်၊ ငါ့စိတ်ရှိလို့သိသည်၊ ငါ့ထဲမှာ စိတ်ရှိသည်၊ စိတ်ထဲမှာငါရှိသည်၊ စိတ်ဟာလဲငါပဲဟုတ်သည်၊ ထို့ကြောင့်- ငါ့စိတ်နှင့်ငါ့ကိုယ် စသည်ဖြင့်-ဝိညာဏက္ခန္ဓာ၊ ဝိညာဏာဟာရကြောင့်- ဖြစ်ပွားဒါကို အတ္တလို့စွဲကြသည်။ ရူပက္ခန္ဓာ၊ကဗဠီကာရာဟာရကြောင့် ဖြစ်ပွားဒါကိုလည်း အတ္တလို့စွဲကြသည်။ ထင်ရှားဦးဆောင်၊ရုပ်နာမ်ကောင်၌ရူပက္ခန္ဓာနှင့် ဝိညာဏက္ခန္ဓာကို ဇီဝအတ္တ-အသက်ရှိတဲ့ ငါ့ကိုယ်လို့စွဲကြသည်။ ဒီနှစ်ခုကို အတ္တနဲ့စွဲရုံနဲ့ပြီးပလားဆိုတော့-ထင်ရှားဆောင်တတ်တဲ့-ခန္ဓာရှိသမျှကိုလဲ- ဝေဒနက္ခန္ဓာကျတော့၊ ဝေဒကအတ္တ-ခံစားသူငါလို့စွဲတယ်၊ သင်္ခါရက္ခန္ဓာ-ကိုတော့၊ကာရကအတ္တ-ပြုလုပ်သူငါဘဲလို့စွဲပြန်တယ်။ သညက္ခန္ဓာကျတော့၊ မှတ်တာငါလို့ယူစွဲပြီး၊ ဇီဝအတ္တဟာ-သာမိ၊ ပိုင်ရှင်ဘဲ၊ သရိရအတ္တဟာ-နိဝါသီ- နေထိုင်ရာဘဲ- ကိုယ်မှတ်သားမှုကို- ငါလို့စွဲ၊ သူများစွဲထားဒါကိုလဲသက်ဝင်ခိုင်မြဲအောင်၊ထောက်ခံမှတ်သား၊စွဲထားပေးတတ်သေးတယ်။

ဒါကြောင့်၊ အာဟာရလေးပါး၊ ထောက်ပံ့ ကျားကန်ထား၍၊ ခန္ဓာငါးပါး- ရုပ်နာမ်တရားတို့- ဒလစပ်ထဲ "ဖြစ်ပျက်" နေတာကို- စီစစ် ကြည့်ရှုတော်မူ ပြီးလျှင် ဘုရားရှင်သည်- အတ္တငါးမျိုး အစွဲဆိုးတွေကို ပြုတ်စေလိုသောကြောင့် "အနတ္တံ- ပရံ-ရိတ္တံ- တုစ္ဆံ - သုညံ" ဟု ပြတော်မူခဲ့သည်မှာ....

(အနုတ္တံ) သာမိ၊ နိဝါသိ၊ ကာရက၊ ဝေဒက၊ အဓိဋ္ဌာယက၊ ဟု ကြံဆ၍မရသည်ဖြစ်သောကြောင့်- အနတ္တ။
(ပရံ) အလိုမပါ- စီရင်သလိုမရ- သူစိမ်းပြင်ပနှင့် လုံးဝ တူသောကြောင့်.... အနတ္တ။
(ရိတ္တံ) ဓုဝ- သုဘ- သုခတ္တဘာဝ ဟူသော- အနှစ်သာရ ကင်းသောကြောင့်.... အနတ္တ။
(တုစ္ဆံ) အနှစ်ကင်းပြီး၊ ဖျင်းသိမ်နည်း၍- အချိုးနှိုးတရား ဖြစ်ငြားသောကြောင့်.... အနတ္တ။
(သုညံ) နိဇ္ဇီဝ- နိဿတ္တအားဖြင့်- နိစ္စ၊ သုခ၊ အတ္တ၊ သုဘမှ ကင်းဆိတ်သောကြောင့်.... အနတ္တ-ဟု

မြတ်ဘုရားပြမှာ၊ လွန်သေချာသော- အတ္တဗလာ- ငါမှုနတ္ထိ၊ ဝိညာဏာဟာရာ- ပစ္စယ သတ္တိကြောင့်- နာမ်ရုပ်နှစ်ဖြာ- ခန္ဓာမှာ၍- ခါခါ "ဖြစ်ပျက်" ဒုက္ခစက်ဟု- သိသာ ထင်ရှားလှပါ တော့သည်။

ထို့ပြင်တဖြာ- အတ္တကစွဲ- တဏှာကစိုက်၊ အမိုက်အတိကျ ခြင်းကိုလည်း-ဖြေရှင်းနိုင်စိမ့်သောငှါ-မြတ်စွာဘုရားသခင်သည်၊ ရုပ်၌ တဏှာစိုက်မှုအတွက်- ရူပပရိဂ္ဂဟဉာဏ်ကိုရင်း၊ ရုပ်အစုစုကို အာယတနပြု၍- ကုသိုလ်၊ အကုသိုလ်တို့၏ ခိုအောင်းဖြစ်ပွားရာ- အယတန (၁၂) ပါး ဟူ၍ရင်း- ပြတော်မူခဲ့ပါသည်၊ နာမ်၌စွဲ နေသော အတ္တ၊တဏှာနှစ်ဖြာကို ပယ်ခြင်းငှါလည်း၊နာမပရိဂ္ဂဟ ဉာဏ်ကိုရင်း၊ ဓာတ် (၁၈)ပါး တရားတော်ကိုရင်း- ပြတော်မူခဲ့ ပါသည်၊ ထိုမှတတန်- ရုပ်နာမ် နှစ်ပါးလုံး၌ စူးဝင် နေသော တဏှာ- မာန- ဒိဋ္ဌိတို့ကို နှုတ်ပယ်နိုင်စေခြင်းငှါ- နာမရူပ ပရိဂ္ဂဟ

ဥာဏ်ဟုဆိုအပ်သော ခန္ဓာငါးအင်, တရားခွင်နှင့် အကြောင်း, ဟေတု-ပစ္စယမှုတို့ကို သိမ်းဆည်းရန်ဂုဏ်း ပြဆိုတော်မူခဲ့ပါသည်။

ထိုအလုံးစုံသော ငါ,သူ,မဟုတ်၊ နာမ်ရုပ်ခန္ဓာ-အာယတနာ, ဓါတ်သရုပ်- ပဋိစ္စသမုပ္ပါဒ်, အထုပ်အထည်သည်၊ နှစ်ဆယ့်လေးလီသော ပဋ္ဌာန- ပစ္စယသတ္တိအနွယ်တို့နှင့်၊ အသီးအသီး, ဆိုင်ရာဆိုင်ရာ- အကြောင်းအပေါင်းတို့= နှီးနှောချိန်နှောင်, ဝင့်ဖေါင်ကြီး အဖွဲ့ခံထားရပုံတို့ကို၊ တစမကြွင်း, ခပင်းဥဿုံ- ပြတော်မူခဲ့ကုန်ပါသည်။ ထိုသည့်အထဲမှ- နာမ်အာဟာရ- ဝိညာဏတရားသည်၊ သတ္တဝါသန္တာန်ရတို့ကို- လှည့်စားနိုင်သမျှ လှည့်စား၍- အထက်ပါ- မနဓါတ်သုံးပါးအနေဖြင့် ဖြစ်ပွားခါ အာဟာရပစ္စယသတ္တိဖြင့်- ဆောင်နှင်းချိန်နှောင်လျက်ရှိပါသည်။

ထိုဝိညာဏာဟာရကြောင့်- ပဋိသန္ဓေဒုက္ခကြီးကို လှလှကြီးရခဲ့စဉ်က- ပြန်ကြည့်ရင်- "ဝိညာဏပစ္စယာ- နာမရူပံ" အရ၊ ပဋိသန္ဓေဝိညာဏ်ဆိုတဲ့- သိဓါတ်တလုံးကြောင့်၊ နာမ်ရုပ်တွေ ဖြစ်ခဲ့ရပြီ မဟုတ်ပါလား?၊ ဒီဝိညာဏာဟာရ ကြောင့်ပင်- ပစ္စက္ခပဝတ္တိအခါမှာလဲ- မသိချင်၍မနေရ၊ မြင်သိ မသိချင်၍မနေရ၊ ကြားသိ မသိချင်၍ မနေရ၊ နံသိ မသိချင်၍ မနေရ၊ စားသိ မသိချင်၍မနေရ၊ ထိသိ မသိချင်၍မနေရ၊ တွေးသိမသိချင်လဲ မနေရအောင်၊ သိတလုံးနှင့် မဆုံးနိုင်သော- မှတ်သား, ခံစားမှု, စေ့ဆော်မှုနောက်တွေကို- ပါခဲ့ရ-ဖြစ်ခဲ့ရ။ ပါနေရဖြစ်နေရတယ် ဆိုတာ-ဥာဏ်နှင့်ထိုးထွင်း၍ ကြည့်ပါက၊ ဝိညာဏာဟာရ ပစ္စယသတ္တိ- ပဓါန ပဗ္ဗင်မတရားကြောင့်၊ သညာမှားသမျှ - အသိမှား၊ အသိမှားသမျှ အယူမှားပြီး၊ ငါသိ,ငါမှတ်, ငါခံစား,ငါပြုလုပ်ကို၊ ခြောက်ဒွါရ စမုတ်ကထွက်ပြီး- ကျက်စားနေမိသည်မှာ၊ကာမ

တရားတွေ- ရာဂတရားတွေ- ပဋိဃတရားတွေနဲ့- လုံးထွေးရစ်ပတ်၊ အညစ်ခံတတ် ကိလေသာတွေဖုံးပြီး- ကိလေသာဝဋ်တုံးကြီးအဖြစ်ကို- ညွတ်ကွင်းထောင်၊ မိအောင်သွင်းပေးနေတဲ့- တရားခံလက် သယ်အမှန်ကတော့ ဝိညာဏာဟာရတရားဘဲလို့ ပိုင်းခြားသိအပ်လောက်ပါပြီ။

ထိုမျှလောက်နှင့်-ဝိညာဏ်ကို မစက်ဆုတ်သေးလျှင်လည်း ဗိဇ ရင်းမျိုးစေ့ကလေးလို ကာလရှည်စွာ ဆောင်နှင်းတာကို ဝိဘင်းမှာ ဖေါ်ပြချက်ကတော့။ ။(ဣဒံဝိညာဏံ-ဤစိတ်ဝိညာဏ် တရားသည်၊ ပစ္စုဒါဝတ္တတိ-- ပြန်လှည့်၍လာ၏၊ နာမရူပမှာ-နာမ်ရုပ်ဟူသောအကြောင်းမှ၊ အပရံ-တပါးသောအကြောင်းသို့၊ နဂစ္ဆတိ--မသွားတော့ချေ။--တဲ့)၊ ကဲ....ပဋိသန္ဓေစွဲနေခဲ့တဲ့-ဝိညာဏ်ကလေးဟာ- အတိတ်ခန္ဓာတုံးက- နာမ်ရုပ်တွေချုပ်သွားတော့- နာမ်ရုပ်ကြောင့် ဖြစ်ပေါ်တဲ့- ပဋိသန္ဓေဝိညာဏ်ဘဲ၊ အဲဒီဝိညာဏ်ကလေးဟာ- ပြန်လှည့်လာတယ်တဲ့- ဘယ်ကိုမှမသွားဘူးတဲ့-မသွားနိုင်ဘူး၊ ဘာဖြစ်လို့လဲဆိုတော့-နာမ်ရုပ်ကြောင့်- နာမ်ရုပ်မှာတုံးက စွဲခဲ့တဲ့အကြောင်းတွေကြောင့်-အကြောင်းမကောင်းတဲ့- "သပစ္စယဝိညာဏ်"ဆိုတော့၊ ဘယ်မှမသွားနိုင်ဘဲ- နာမ်ရုပ်အကြောင်းဆီဘဲ ပြန်လာတယ်တဲ့။

ဒါကြောင့်- (နာမရူပပစ္စယာ- နာမ်ရုပ်ဟူသောအကြောင်းကြောင့်၊ ယဒိဒံဝိညာဏံ--အကြင်စိတ်ဝိညာဏ်သည်၊သမ္ဘဝတိ-ဖြစ်ပေါ်၏။ ဝိညာဏပစ္စယာ-စိတ်ဝိညာဏ်ဟူသော အကြောင်းကြောင့်လည်း၊ ယဒိဒံနာမရူပံ-- အကြင် နာမ်ရုပ်တရားသည်၊ သမ္ဘဝတိ=ဖြစ်ပေါ်၏။ ဧတ္တာဝတာ--ဤမျှဖြင့် (ဝါ)ဝိညာဏ်-နာမ်ရုပ်၊နာမ်ရုပ်-ဝိညာဏ်အပြန်အလှန်အကြောင်းအကျိုးမျှဖြင့်)

အဲဒီလို-နာမ်ရုပ်ကြောင့်ဖြစ်ခဲ့ရတဲ့- ပဋိသန္ဓေဝိညာဏ်ကလေးဟာ၊ ဘာလို့ "ကလေး"လို့ဆိုရသလဲဆိုတော့- ဥပါဒ်၊ ဌီ၊ ဘင်၊ ခဏငယ်သုံးချက်ကလေး အတွင်းမှာသာ အခေါ်ခံရလို့ဘဲ၊ အဲ-ပဋိသန္ဓေဝိညာဏ်ကလေးဟာ၊ ဝိညာဏ်ကြောင့်- နာမ်ရုပ် ဖြစ်အောင်- ပဋိသန္ဓေစွဲလိုက်လေတော့၊ "နာမရူပပစ္စယာ-ဝိညာဏံ" ကနေ၊ "ဝိညာဏပစ္စယာ-နာမရူပံ" လို့၊ ခုတဖန် ဖြစ်နေရပြန်ပြီ။ အဲဒီလို-အကြောင်း-အကျိုး၊ အကျိုး-အကြောင်း၊ ဆိုတဲ့၊ အတိုင်းအရှည်အတွင်းမှာဘဲ၊ အပြန်ပြန်-အလှန်လှန် စွဲခဲ့တာ၊ အနမတဂ္ဂ သံသရာထဲကဘဲဆိုတော့၊ ဂင်္ဂါဝါဠု သဲစုနှင့်မျှမက ဘုရားရှင်တွေပွင့်တော်မူပြီးလဲ- ကျွတ်ပွဲမဝင်နိုင်သေးတဲ့-မိမိတို့ရဲ့၊ ဝိညာဏ်-နာမ်ရုပ်၊ နာမ်ရုပ်-ဝိညာဏ်၊ ဆိုတဲ့- ဒုက္ခဇာတ်ထုပ်ကြီးမှာ-ဒါရိုက်တာလုပ်နေတဲ့- "ဝိညာဏာဟာရ"ကို- ဆရာတင်ပြီး-ခင်မင်စရာကောင်းပါသေးရဲ့လားဆိုတာ- စဉ်းစားသာကြည့်ကြပေတော့၊ ပဋိစ္စသမုပ္ပါဒ်၊ ၁၂-ရပ်သော အင်္ဂါပစ္စယာကာရတွေထဲမှာလူစွမ်းကောင်းအမှန်-ကိုဝိညာဏ်ဘဲ၊ဘယ်အင်္ဂါမှာမှအဝိဇ္ဇာပစ္စယာ-သင်္ခါရာဆိုရင်-သင်္ခါရပစ္စယာ-အဝိဇ္ဇာရယ်လို့-ပြန်စွဲလို့မရကောင်းဘူး၊ သူ့ကျမှဘဲ ဆင်းလိုဆင်း၊ တက်လိုတက်၊ ချေလိုချေ၊ သံသရာကို မွေစေဘို့-ဆရာတင်ထားရသလို- နာမ်ရုပ်ကနေဘယ်မှမသွားတော့ဘူး ဆိုတော့၊ သူရှိသူဖြစ်နေရင်- ဒီသံသရာ-ဆုံးပါအုံးတော့မလား၊ အကြောင်းကင်းတဲ့ "အပစ္စယဝိညာဏ်" မဖြစ်မခြင်း၊ ရှေးသံသရာကလဲ- ဒီအခင်းနဲ့ သူမွေခဲ့ပြီ၊ နောက်သံသရာကိုလဲ သူ့ကိုမငြိုးငွေ့၊ မပယ်စွန့်နိုင်ရင်၊ ဘယ်ကာလတိုင်ရှည်ချင်သလောက် ရှည်အုံးမယ်ဆိုတာ၊ မသိနိုင်ဘူး၊ အဲဒီလို-နာမ်ရုပ်ဆိုပြန်လှည့်၍ လာပြီးတော့လဲ၊ ကောင်းတာတွေ- ချမ်း

သာတွေဖြစ်သလား?၊ နှစ်သက်ဘွယ်လား?၊ ကြောက်မက်ဘွယ်လား?ဆိုတာ ဆက်ကြည့်ပါအုံး....။

(တွေ့ာဝတာ–ဤမျှဖြင့် (ဝါ) ဝိညာဏ်-နာမ်ရုပ်၊ နာမ်ရုပ်–ဝိညာဏ်၊ အပြန်အလှန်–အကျိုးအကြောင်း၊အကြောင်း,အကျိုးမျှဖြင့်၊ ဇာယေျထဝ ါ– ဝိညာဏ်တွေ,နာမ်ရုပ်တွေသည်– ဖြစ်မှုလည်းဖြစ်၏။ ဇီယေျထဝ ါ– ဝိညာဏ်- နာမ်ရုပ်- ခန္ဓာထုပ်တွေသည် အိုမှုလည်း အို၏။ မိယေျထဝ ါ–သေမှုလည်း သေ၏။ ဥပပဇ္ဇေထဝ ါ– အဆက်ဆက်မှုလည်း- မပြတ်မစဲဖြစ်နိုင်၏။ (ဝါ) အာသဝေ ါတရား လေးပါးတို့ မကုန်သမျှ၊ (ဝါ) အကောင်းအဆိုး– အကြောင်း, အကျိုးတို့မကုန်သမျှ၊ မပြတ်မစဲ ဒုက္ခနဲ့သမုဒယကို မကွဲစေနိုင်သော မျိုးစေ့ပါပေတကား။ ။)

ကဲ–ဆက်ကြည့်တော့-ဝိညာဏ်ရဲ့-နာမ်ရုပ် ဆက်ပေးတဲ့အချက်ကို သိရပေါ့။ အဲဒီ,အချက်ထဲမှာ- မက်စရာများပါသလားဆိုတော့၊ ဝိညာဏ်ကြောင့်ဖြစ်တဲ့- နာမ်ရုပ်တရားမှာ- အိုခြင်း, သေခြင်းဆိုတဲ့–ဂုဏ်အခင်းဘဲရှိပါတယ်တဲ့၊ ရုပ်နာမ်ဒြပ်က- ဂုဏ်သကပ်တွေဟာ- "ဖြစ်ပျက်"တွေထပ်ပြီး၊ နှိပ်စက်အပ်တဲ့သဘောကြောင့်၊ အိုရတဲ့ဇရာဒုက္ခဘက်ကို- ကပ်တဲ့ဂုဏ်ရယ်၊ အအိုမရပ်လို့–အသေဇာတ်တွင်းကို ဆင်းရမဲ့- မရဏ ဒုက္ခ ဂုဏ်ကလဲ့ပြီး၊ ကောင်းကွက်ဆိုလို့ တစက်ကလေးမှမရှိပါဘူး၊ နှစ်သက်ဘွယ်ချမ်းသာ တရားလဲမဟုတ်ပါဘူး၊ ကြောက်မက်ဖွယ် – ဆင်းရဲတရားဘဲဖြစ်ပါတယ်။ ပဋိသန္ဓေနေလာရတဲ့–ဇာတိကအစ၊ အိုခြင်းကအလယ်၊ သေခြင်းကအဆုံး ရောက်ပြန်ရင်သဲ၊ သူ့ကိုမမုန်းမပြတ်, ချုပ်ရပ်သွားအောင် မလုပ်နိုင်ပြန်ဘူးဆိုရင်၊ အဆက်မပြတ်- အထပ်ထပ်လဲ ပဋိသန္ဓေဇာတ် ခင်းပါလိမ့်အုံးမယ်တဲ့၊

ဘယ်ထိအောင်လဲဆိုတော့- ကာမာသဝ, ဘဝါသဝ, ဒိဋ္ဌာသဝ, အဝိဇ္ဇာသဝ-ဆိုတဲ့၊ အာသဝေါ တရားတွေ ယိုစီးလျက်က- ဝိညာဏ်လေး ရှေ့ လျောကျရရင် ယခင့် ယခင်ကလို ပဋိသန္ဓေကို ပေးတဲ့ မျိုးစေ့ ဘဲဖြစ်အုံးမှာသေချာပါသည်။ အဲဒီလို ကြောင်း ကျိုးတွေမပြတ်နိုင်အောင်၊ အကျိုးဆိုတဲ့- ဒုက္ခသစ္စာ, ငါးခန္ဓာနဲ့ အကြောင်းဆိုတဲ့- သမုဒယသစ္စာ တဏှာအစေးကို မကွဲမကွာ အောင်စပ်ပေးနေတဲ့-တရားခံအစစ်ဟာ-ဒီဝိညာဏ်ဘဲဖြစ်ပါသည်၊ ဉာဏ်နဲ့ မြင်အောင်ကြည့်ပြီး- ဝိညာဏ်ကြောင့်ဖြစ်တဲ့- ရုပ်နာမ် အပေါ်မှာ၊ ငါ ပြန်ဝင်နေသမျှ ဒုက္ခနဲ့သမုဒယ, မကွဲအောင် စပ်ဘို့အရေး ခွင့်ပေးရာ ကျနေပါသောကြောင့် ငါ ပြတ် ပြီး- သက္ကာယဒိဋ္ဌိရုပ်အောင် ကြိုးစားသင့်ရာပါတော့သည်။

အဲဒီတော့- သိဝိညာဏ်တွေ ဖြစ်ချင်သေးသလား၊ မဆုံးနိုင်တဲ့ သိတလုံး ဖြစ်ချင်သေးသလား၊ မဖြစ်ချင်ရင် ဆုံးတဲ့သိတလုံး ရအောင် ကြိုးစားမှဖြစ်မယ်၊ သိလဲသိရမယ်- ဆုံးတဲ့အသိမျိုးလဲ ဖြစ်ရမယ်၊ ဘာဆုံးတဲ့ သိတလုံးလဲဆိုတော့-ပဋိသန္ဓေကိုဆုံးစေတဲ့ အသိမျိုးဘဲ၊သောတာပတ္တိမဂ်သိသိရင်၊အပါယ်ပဋိသန္ဓေဆုံးမယ်၊ သကဒါဂါမိမဂ်သိ သိရင်- ပဋိသန္ဓေ ခြောက်ကြိမ်, သို့မဟုတ်- နှစ်ကြိမ်နဲ့ဆုံးမယ်၊ အနာဂါမိ မဂ်သိ သိရင်=ကာမပဋိသန္ဓေဆုံး မယ်- ပဋိသန္ဓေ တကြိမ်နဲ့ဆုံးမယ်၊ အရဟတ္တ မဂ်သိ သိရင်- ပဋိ သန္ဓေ အားလုံးချုပ်ဆုံးမယ်၊ အဲဒီလို မဂ်နဲ့ သိရမဲ့အသိက-အရိယ သစ္စာလေးပါးကို အရိယာအဖြစ်ရောက်အောင် သိတာဘဲ ဖြစ်ပါ တယ်၊ ဒါကြောင့်- အရိယသစ္စာအနေနဲ့ သိရအောင် သောတာ ပတ္တိ မဂ်သိ သိနိုင်စေတဲ့၊ ဝိပဿနာမဂ်သိကို- ရှေးဦးစွာသိအောင် ကြိုးစားသင့်ပါသည်၊ ဒီလိုမှမကြိုးစားရင် သိမြဲတိုင်း ပဋိသန္ဓေ

မဆုံးနိုင်တဲ့ သိတလုံးနဲ့ လယ်နေရအုံးမှာဘဲ၊ ဝိညာဏာဟာရနဲ့ ရင်ဆိုင်နေရအုံးမှာဘဲ၊ မသိချင်လို့မနေရတဲ့ ဒုက္ခတွေ-သိမဆုံးလို့ ရမဆုံးတဲ့ ပဋိသန္ဓေတွေ၊ ထပ်ချပ်မကွာတဲ့ ဇရာမရဏတွေနဲ့-မရစ်ပတ်- မဖွဲ့နှောင်ချင်ရင်, ကြိုးစားရမယ်၊ ဒီလိုနေရင်- ဒီလိုဘဲ, သိမဆုံးနဲ့ နေရမယ်။ ဒီလိုမနေချင်ရင် ဒီလိုမနေရဘူး၊ ဘယ်လို နေရမလဲ၊ သိရင်ဆုံးတဲ့- မဂ်သိနဲ့ သိအောင်, သိနိုင်အောင်၊ ဝိပဿနာမဂ်သိနဲ့ နေရမယ်၊ သောတာပတ္တိမဂ်သိနဲ့ သိပြီး ဖိုလ် သိနဲ့ သိအောင် နေရမယ်။

အဲဒီ, သိတလုံးဟာ ဘယ်လောက်ဒုက္ခတုံး စစ်သလဲ ဆိုတာ ရှင်းပြအုံးမယ်၊ ရဟန္တာအရှင်မြတ်တွေမှာ- သိတလုံးဆုံးပြီးသား ဘဲ၊ စေတသိက ဒုက္ခ ဆိုလို့လဲ- ကိလေသာတွေ ကုန်နေတော့ လုံးလုံးမရှိဘူး၊ ကာယိကဒုက္ခဆိုတာလဲ-စေတသိကဒုက္ခမှမရှိတော့ သည်းခံနိုင်တယ်၊ ဒါပေမဲ့- ကြိယာအဗျာကတ, ဝိညာဏ်ဖြစ်တဲ့ သိတလုံးကတော့ ပစ္စုပ္ပန်ခန္ဓာမှာ ဖြစ်နေရသေးတယ်၊ အဲဒီ သိတလုံးကို ကြိယာအဖြစ်နဲ့တောင် အသုံးမချချင်အောင်ငြီးငွေ့ တော်မူလှန်းလို့- နာမက္ခန္ဓာ လေးပါး ချုပ်စေပြီး- နိရောဓ သမာပတ်ဝင်စား၍ နေတော်မူကြတယ်၊ ရုပ်ကတော့- စိတ္တဇ ရုပ်ဘဲ- ဒီအခါမှာ ချုပ်တယ်၊ အဲဒီ သိတလုံး အသုံးကို သခ်ိတ နယ်မှာ အသုံးချရမှာ- ကြိယာမျှပင် ဖြစ်သော်လဲ- စက်ဆုပ် တော်မူ၍- နိဗ္ဗာနဓာတ်ကို အာရုံပြုကာ- ခွါဖဲတော်မူကြတယ်။

ဒီတော့- ဒီသိတလုံးဆုံးပြီးတာတောင်-အသုံးချလို့မကောင်း ရင်- မဆုံးသေးတဲ့- ပုထုဇဉ်သိတလုံးကို- ဘယ်လောက် စက်ဆုပ် ငြီးငွေ့ဘို့ ကောင်းသလဲ ဝေဘန်၍ ကြည့်ပြီးတော့- ဆုံးဘဲ့ သိတလုံးဖြစ်အောင်- ဝိပဿနာမဂ်သိနဲ့ နေပါဟု- အတန်တန်

တိုက်ဘွန်းပါတယ်၊ ဖြစ်ချင်လို့ဖြစ်နေရတာကို သတိထားပါ၊ နေချင်လို့ နေနေရတာကို သတိထားပါ၊ ဖြစ်ချင်လို့ဖြစ်- သိချင်လို့သိ=သမုဒယအစစ်ဘဲ၊ မဖြစ်ချင်လို့မဖြစ်- နိရောဓအစစ်၊ ဖြစ်ချင်လို့ဖြစ်တာ- သမုဒယကြောင့်၊ မဖြစ်ချင်လို့ မဖြစ်ရတာ- နိရောဓကြောင့်၊ ဘာမဖြစ်သလဲ- ဒုက္ခမဖြစ်ဘူး၊ ဘာအကြောင်းကြောင့်လဲ- မဂ္ဂအကြောင်းကြောင့်လို့ သဘောပေါက်ရင်၊ သိမဆုံးတဲ့ ဝိညာဏာဟာရကို- မသုံးစားချင်တော့ဘူး၊ မသုံးစားချင်သူတိုင်း ယခုမဆိုင်းဘဲ- သူ့အပိုင်းကိုခါထုတ်ခါ- သိဆုံးစေတဲ့- ဝိပဿနာမဂ်သိမဏ္ဍိုင်ကို- စိုက်ထူတော်မူကြပါ။ ။ ဤမျှနှင့် ဝိညာဏာဟာရအကြောင်းကိုရပ်၍- ဥပမာကလေးနှင့် ဟတ်ကြည့်ကြပါစို့....။

# "သတ္တိသူလူပမာ-ဝိညာဏာဟာရ"

## (သတ္တိ—လှံမ၊ သူလ—တံကျင်)

မင်းချင်းတို့သည်- ခိုးသားတယောက်အား ဖမ်းဆီးရမိ၍လာရာ၊ မင်းကြီးရှေ့တော်သို့ သွင်းလေသော်၊ မင်းကြီးသည်-ထိုခိုးသူအား- နံနက်,နေ့,ညဉ့်,သုံးယံသော ကာလတို့၌၊ လှံချက်တရာစီ,တရာစီ,ထိုး၍-သတ်ရန် အမိန့်ချစီရင်စေ၏။

မင်းချင်းတို့လည်း မင်းကြီး၏အမိန့်အတိုင်း၊ လှံချက်သုံးရာတို့ဖြင့် ထိုး၍သတ်ကြလေသည်။ ထိုသို့-ထိုးသတ်ရာတွင် ခိုးသူသည်-တချက်သော- လှံဒါဏ်ရာမျှနှင့်ပင်, မသက်မသာခံစားရကား၊ သုံးရာသောလှံချက်တို့ဖြင့်ဆိုပါက ပြင်းပြရှည်ကြာသော

ဆင်းရဲဒုက္ခဝေဒနာသည်-အဘယ်ဆိုဘွယ်ရာမရှိအောင်-အတိဒုက္ခ, ဆင်းရဲခြင်းကြီးမက ဆင်းရဲရရှာမည်သာ ဖြစ်တော့၏။

ထိုနည်းအတူ ယောဂီသည်၊ ဝိညာဏာဟာရ၌ ရှုမှတ် ပိုင်းခြားအပ်၏။ ဝိညာဏာဟာရသည် ပဋိသန္ဓေအားဖြင့်-နာမ်ရုပ်ကို ဖြစ်စေ၏။ ပဋိသန္ဓေဖြစ်လျှင်-ဇရာ,မရဏလည်း ဖြစ်ရမြဲတည်း။ ထို့ကြောင့် ဝိညာဏာဟာရ၌-ဥပပတ္တိနှင့်တကွသော ပဋိသန္ဓေဘေးသည်ရှိ၏။ ထိုဘေးမှ လွတ်ချင်အောင်,လွတ်အောင်, လုံ့မတန်ကျင့်ပမာ-အဖန်ဖန်ကြောက်မက်ဘွယ်ရာ ဝိညာဏ်တည်းဟု ရှုမှတ်ပိုင်းခြားရာ၏။

ထိုသို့-ဝိညာဏာဟာရသည်- နှစ်သက်ဘွယ် ချမ်းသာမဟုတ်၊ ကြောက်မက်ဘွယ်ဆင်းရဲ-ထိတ်လန့်တုန့်ဆုတ်ဘွယ်ရာတို့ကို ပိုင်းခြား၍သိသော်၊ ဝိညာဏ်ကြောင့် ဖြစ်ပေါ်၍, ဝိညာဏ်နှင့်အတူတကွဖြစ်သော နာမ်ရုပ်တို့၌လည်း- ကြောက်မက်ဘွယ် ဆင်းရဲတရားစသည်ဖြင့် ပိုင်းခြား၍- သိစွမ်းနိုင်တော့သည်။ ယင်းသို့-ဝိညာဏ်နှင့်နာမ်ရုပ်၊ နာမ်ရုပ်နှင့်ဝိညာဏ်- အပြန်အလှန်အားဖြင့်-ပဋိသန္ဓေ, ဘဝင်, ပဝတ္တိ, စုတိ, တို့နှင့်- အဆက်မပြတ်ငြားသော ဝိညာဏာ ဟာရ၏ ဒုက္ခကိုသယ်ဆောင်ယူနှင်း, ရှည်လျားခြင်း သံသရာကို- သိမဆုံးနှင့် လျှောက်သွား ပြေးဝင်နေရခြင်းသည်၊ လုံ့ချက်,တံကျင်သုံးရာမက-ကုဋေကုဋာ အမွှေခံနေရသည်နှင့်ပင် တူတော့သည်။ ထိုသို့-ကြောက်ဘွယ်ဆင်းရဲ-ဝဋ်၌ မြဲအောင်စီရင်တတ်သော-ဝိညာဏာဟာရသဘောမှ- ရုပ်နာမ်တိုင်အောင်- ပိုင်းခြားသိ၍-အသိဆုံးရာသို့-ရောက်စေရာပါသည်။

ဤ၌=မင်းသည်-ကံနှင့်တူ၏၊ ခိုးသူသည် ဝဋ်ကိုမှီသော ပုထုဇဉ်နှင့်တူ၏။ လုံ့ချက်သုံးရာတို့သည်-ပဋိသန္ဓေဝိညာဏ်နှင့်တူ၏။

ခိုးသူကို-ဤသို့သတ်ကြလောဟု- အမိန့်ချသော အခါကာလနှင့် ကံသည် ပုထုဇဉ်အား ပင္ပိသန္ဓေသို့ ပစ်ချသောအခါနှင့် တူ၏၊ လှံ ဖြင့်အထိုးခံရခြင်းကြောင့်- နာကျင်မှုဒါဏ်ရာ အကြောင်းရှိ သော ဆင်းရဲအပေါင်းသည်- ပဋိသန္ဓေနေရမှုကြောင့် ဆင်းရဲ ခြင်းနှင့် ပဝတ္တိအခါ၌ဖြစ်သော ဇရာ,မရဏ- ဆင်းရဲအပေါင်း နှင့်တူ၏။

ဤသို့-ဝိညာဏာဟာရသဘော၌၊ ဥပမာ, ဥပမေယျ-တွင် ဥပမာနတူမျှပုံကို ထင်ဟတ်လျက်၊ ဥာဏ်၌ပိုင်းခြားသိပြီးလျှင်၊ နာမ်အာဟာရ သုံးပါး- ရုပ်အာဟာရ တပါးဟု ဆိုအပ်သော ထောက်ပံ့သည်၏အဖြစ် ကျေးဇူးပြုတတ်သည့် ပကတိသတ္တိစွမ်း ရည်ထူးများကို အကြောင်းပြု၍- ပေါင်းစုသက်ဝင်လာမှုသာ- ရုပ်နိမိတ္တ, နာမ်ပဝတ္တတို့- အဆက်မပြတ် ကျရောက်နေခြင်းကို ထင်လင်းစွာ သဘောပေါက်ပြီးလျှင်၊ တသံသရာလုံးက စွဲယူ၍ လာခဲ့သော-သမုတိပညတ်အလုံးစုံတို့ကို နှုပ်ပယ်လျက်၊သဿတ, ဥစ္ဆေဒနှစ်ပါးမှ ကင်းလွတ်စေပြီးလျှင်၊ အတ္တ, သက္ကာယ, ဒိဋ္ဌိ ကြီးပါ-အပြီးတိုင်ပြုတ်အောင်,ကြိုးစားသင့်တော့သည်။

ယခုပြဆိုခဲ့ပြီးသောကဏ္ဍကို၊ စာမျက်နှာ (၁၀၉)မှစတင်၍- ပြသလာခဲ့ရာ၊ ကံ,စိတ်,ဥတု,အာဟာရ,ရုပ်ပိုင်းဆိုင်ရာလေးပိုင်း၌၊ သက္ကာယဒိဋ္ဌိလွန်မြောက်နိုင်ရေးကို ဖေါ်ပြပေး၍ရင်း၊ အာဟာရ ပစ္စယသတ္တိဆိုင်ရာ- ရုပ်အာဟာရတပါး-နာမ်အာဟာရသုံးပါးတို့ ကိုလည်း ဝိပဿနာရှုပုံများနှင့်ရင်း-ဖေါ်ပြပေးခဲ့၍၊ ရုပ်၌စိုက် နေသော-တဏှာ-မာန-ဒိဋ္ဌိ၊နာမ်၌စိုက်နေသော တဏှာ-မာန-

ဒိဋ္ဌိ-ကင်းလွတ်နိုင်ရေးအထိ ပြသပေးခဲ့ရာ၊ အသိမှန်-အမြင်မှန်ဖြင့် ကေန် သက္ကာယဒိဋ္ဌိပြုတ်ကြောင်း- ဝိပဿနာ လမ်းကောင်းသို့- တက်လှမ်းနိုင်အောင် ကြိုးစားနိုင်လောက်ပြီ ဖြစ်ပါတော့သည်။ အချုပ်အားဖြင့်-သိမှတ်ဘွယ်အကျဉ်းမျှကို ထပ်မံ၍ဆိုရသော်....

## "ရုပ်"

ရုပ်လေးစားတို့သည်ဖေါက်ပြန်တတ်-မသိတတ်သော-ဝိပါက် အဗျာကတတရား ဖြစ်သည်၊အာရုံကိုလည်း မယူတတ်၊နာမ်တရား တို့၏အာရုံယူရာ-အမှီခံတရားမျှဖြစ်သည်၊ ရေမြှုပ်ဆိုင် ရေမြှုပ်ခဲ နှင့်တူမျှ၍- အနှစ်သာရ- လုံးဝမရှိသော တရားလည်း ဖြစ်သည်။ နာမ်တရားတို့၏ အာရုံယူမှု- အမှီပြု-ဝင်ထွက်ရာတံခါးသဘွယ် လည်းဖြစ်ပါသည်။ သမူဟ- သဏ္ဍာန- ဃန, ပညတ်နှင့် စပ်၍- သတ္တဝါဟု အမှတ်ပြုစေရန်- ဆောင်ပြတတ်သော ရူပါရုံဝဏ္ဏ အဆင်းဓါတ်နှင့်တကွ ဖြစ်သောတရားဖြစ်သည်။ ထို့ကြောင့် ဝဏ္ဏ အဆင်းရုပ်ဓါတ်သည်- ရုပ်ဟူသော အာရုံယူစရာ အဖြစ်၌၊ အကြီးအမှူးပြုခါ- သမူဟ,အပေါင်း၊ဃန,အစုနှင့် သဏ္ဍာန, ပြု၍ ပြတတ်သောတရားဖြစ်ရုံမျှမက၊ ရူပအာရုံကိုယူမိလျှင်၊ အဿာဒ သာယာဘွယ်ရာ-တဏှာကိုဖြစ်စေတော့၏။တဏှာဖြင့် အဿာဒ, သာယာဘွယ်ဟု ရှုမြင်မိသည်နှင့် သဿတ, တည်သည်, ရှိသည် ဟူသော အယူသည်လည်းဖြစ်၏။ ထို့ကြောင့် ရုပ်၏ အာရမ္မဏ ဃန-အာရုံအားဖြင့်ဖြစ်အောင် စုပေါင်းသက်ဝင်လာပုံကို မသိ သော ပုထုဇဉ်တို့သည်၊ ရုပ်၌-သဿတ,မြဲ၏၊ အမြဲရှိ၏ဟု ထင်စွဲ မှတ်ယူတော့၏၊ ရုပ်၏-အဿာဒ- သာယာနှစ်သက်ဘွယ်ကိုသာ

မြင်၏- ရှာ၏၊ ရုပ်၌ ငါရှိ၏ဟုလည်းယူ၏၊ ငါ၌ရုပ်ရှိ၏ဟုလည်း ယူ၏၊ ငါဟာ ရုပ်ဟုတ်၏ဟုလည်းယူ၏၊ ရုပ်ဟာငါဟုတ်၏ဟု လည်းယူ၏၊ဤသို့အားဖြင့်- ကံ,စိတ်,ဥတု,အာဟာရ အကြောင်း တရားလေးပါး- မပြတ်ပြုပြင်- စီရင်အပ်သည့်သဘောဖြစ်သော သင်္ခါရတရား-ကရဇကာယခေါ် သကာယ၌၊ အပြန်အလှန်အား ဖြင့် ဒိဋ္ဌိလေးစားသည်ဖြစ်ကြရတော့၏၊ ထိုဒိဋ္ဌိလေးစားကို ရုပ သမုဋ္ဌာန်လေးပါးနှင့်ရင်း, ရုပ်အာဟာရပစ္စယသတ္တိနှင့်ရင်း- ပိုင်း ခြားဝေဘန်၍ကြည့်သော်- ရုပ်၌ငါမရှိသည်ကို သိရာ၏။ ငါ၌ ရုပ်မရှိသည်ကိုလည်း သိရာ၏၊ ငါသည်လည်း ရုပ်မဟုတ်သည် ကို သိရာ၏၊ ရုပ်သည်လည်း ငါမဟုတ်သည်ကို သိရာ၏၊ အဘယ် ကြောင့်ဆိုသော်- ငါဆိုသောအတ္တသည်- အစထဲက မရှိရိုးအမှန် ဖြစ်သည်၊ စတုသမုဋ္ဌာန်ရုပ်, သင်္ခတ ပရမတ် သဘော ဓမ္မ၏- သင်္ခါရလောကအဖြစ်ကို- သဘာဝ ဓမ္မအားဖြင့်- သက်ဆင်း "ဖြစ်ပျက်"နေသော ရုပ်တရားစု- အကြောင်းအပေါင်းသဘော မျှဖြစ်သည်။

ဤသို့- ယထာဘူတဉာဏ်, ဟုတ်တိုင်းမှန်ရာ သိမှုကို ဉာတ ပရိညာအားဖြင့် ပိုင်းခြားသိသည်တိုင်အောင်၊ တီရဏပရိညာ အားဖြင့်- ထိုးထွင်းသိသည်တိုင်အောင်၊ ပဟာနပရိညာအားဖြင့် ပယ်၍သိသည်တိုင်အောင်၊ ဖေါ်ပြခဲ့သော- ရုပ်လေးစားတို့ ဖြစ် ပေါ် ဆောင်နှင်း- ဖြစ်ပျက်အခင်းနှင့်- ကဗဠီကာရာဟာရ ပစ္စယကြောင့်- မပြတ်သက်ဆင်း- ဝဋ္ဋခပင်းသဘောတို့ကို- စော ကြောတဖန်- အတန်တန်ဖတ်ရှု၍- ဝိပဿနာပွားမှု- ကွန်ချက် ပြုပေးအပ်သော- သဘောထက်၌- နှစ်သက်ရာ ရုပ်စနက်ကို-

ရှုကွက်လုပ်ပြီးလျှင်- စတင် အားထုတ်ပါတော့- မကြာမတင် အခြေခံ ပါရိဟာရိယမြဲမြံပြီး-တဏှာ-မာန-ဒိဋ္ဌိ-ရာဂ အစရှိသည် တို့မှ ထွက်မြောက်နိုင်ခြင်းကို- ရောက်ရှိပါလိမ့်မည်ဖြစ်၍- ပိုင်နိုင် အောင်, ကြိုးစားပေးကြပါကုန်။ ။

# "ဖဿ"

ဖဿဟာရသည်- တရားကိုယ်မှာ ဖဿစေတသိက်ဖြစ်သည်။ စိတ်နှင့်အမြဲယှဉ်၍- အတူတကွ ဖြစ်ဘက်-ချုပ်ဘက် တရားဖြစ် သည်၊ စိတ်တို့ အာရုံကိုယူနိုင်အောင်- ထိစပ်ပေးသောတရားဖြစ် သည်၊ ရုပ် (၆) ဒွါရတံခါးကို ဖွင့်ပေးသော, သော့တန်နှင့်တူ သည်၊ စိတ်နှင့်အာရုံကို တွေ့အောင်လုပ်ပေး၍- ခံစားမှုဝေဒနာ တရား၏, အရသာကိုပေါ်စေတတ်သော အကြောင်းရင်း တရား လည်း ဖြစ်သည်၊ ထို့ကြောင့်- အာရုံ၏အရသာကို ပေါ်လွင် အောင် ဆောင်နှင်းတတ်သော တရားဖြစ်၍- အာရုံ၏အရသာကို ဝေဒနာတရားက ခံစားကာ- တဏှာအသစ်သစ်တို့ တွယ်ရစ်၍ လာတတ်တော့သည်၊ ဖဿကြောင့်ဖြစ်သော- ခံစားမှု ဝေဒနာ သည်- ပဋိစ္စသမုပ္ပါဒ်အကျိုးတရား၏ အဆုံးစွန်ဖြစ်သည်၊ ဝေဒနာ၌ တဏှာယှဉ်လျှင်- အကြောင်းသစ်တဖန်ကို ပြန်ဆက်လိုက်သလို ဖြစ်တော့သည်၊ တဏှာနှင့် ဝေဒနာကို ရှာလျှင်- အကြောင်း သစ်ကိုစွဲကိုင်၍- သံသရာမဆုံးနိုင်အောင် လိုက်နေရာ ကျတော့ သည်၊ ထို့ကြောင့်- တဏှာနှင့်ရှာလျှင်လည်း- ဖဿဟာရပါမှ ပြီးစီးမည်ကြောင့်- ဖဿဟာရကို ပိုင်းခြား၍သိပြီးလျှင်- ဖဿ ချုပ်တိုင်း, ဝေဒနာချုပ်ရပုံကို- မှတ်သားပွားများ နေနိုင်ပါက၊

တဏှာဝင်စရာ မရှိတော့သဖြင့်- အကြောင်းရင်းကို မိမိအောင် ဖမ်း၍- အကျိုးအဆုံး- ဝေဒနာတလုံးကို- တဏှာဖုံး၍ မသွား အောင် ကြိုးစားကြရပါသည်။ ၎င်းဖဿအာဟာရအပိုင်း၌= ဖဿဟာရကိုပိုင်းခြားသိ ဝေဒနာကို ပိုင်နိုင်စွာ ချုပ်နိုင်အထိ ရှုကွက်ကို ပြပေးထားခဲ့ပြီးဖြစ်ရာ- ဖဿဟာရအပေါ်၌ ပရိညာ သုံးပါးမိအောင် ကြိုးစားပါလျှင်- တဏှာအပေါ်၌- ပဟာန် သုံးပါးဝင်ပြီး- စင်ကြယ်သော အရိယသစ္စာကို- အရိယာတို့- မျက်မှောက် ပြုဘိသကဲ့သို့- သစ္ဆိကရဏမှု မြောက်နိုင်ပါ တော့သည်။

## "စေတနာ"

မနောသဉ္စေတနာဟာရ၏ တရားကိုယ်သည်-စေတနာ စေတ သိက်တရားဖြစ်သည်၊ သင်္ခါရက္ခန္ဓာ၏ ဦးစီးခေါင်းဆောင် ဖြစ်၍ စေ့ဆော်တိုက်တွန်း ပြုပြင်တတ်သည်၊ သောင်းပြောင်းထွေလာ ကံအဖြာဖြာကိုဖြစ်စေသော တရားကိုယ်လည်း ဖြစ်သည်၊ စီမံ ပြုလုပ်သူမရှိဘဲလျက် အရှိထင်အောင်လည်း အသွင်ဆောင်တတ် သည်၊ ၎င်းကိုစွဲ၍- သတ္တဝါတို့က ပြုလုပ်သူ ငါဟုထင်စွဲကြသည်၊ စိတ်နှင့်အတူတကွစေ့ဆော်၍- ဖြစ်တတ်ချုပ်တတ်၏၊ ပဋိသန္ဓေ အကျိုးရအောင် ပစ်ချစေတတ်သော-ကံ၏မူလလက်သည်လည်း ဖြစ်၏၊ ကမ္မသန္တတိ-ကမ္မသခ်ေပ-ကမ္မဘဝအားဖြင့်- ကမ္မဝဋ်၌ တည်စေသော-ကုသလ အကုသလတရားတို့ကိုလည်း ဦးဆောင် ဖြစ်စေတတ်၏၊ အထက်က- တဏှာရှေ့ရှု ဝေဒနာရှုမှုတွင်- သူပင် စေ့ဆော်တိုက်တွန်း ခေါင်းဆောင်ညွှန်း၍ ပြုတတ်သော

တရားလည်း ဖြစ်သည်၊ တဏှာနှင့်ပေါင်းရက ကောင်းစွာ, အား ကြီးစွာ စေ့ဆော်တိုက်တွန်းတတ်၍- သမ္မာဆန္ဒနှင့်ပေါင်းက- ခေါင်းမာဖင့်နွဲ့- စေ့ဆော်တိုက်တွန်းမှု မဲ့လှသော တရား ဖြစ် သည်၊ တဏှာအစေးမပါလျှင်-အာရုံနှင့်ဖဿ တွေ့အောင်-မစေ့ ဆော်ချင်တတ်သော တရားဖြစ်သည်၊ တဏှာ- အစေးပါလျှင်- ကာမရာဂဆိုတဲ့- ငါးဖြာအာရုံ- ခံမင်နှစ်သက် စေ့ဆော်ချက် ပြင်းထန်ရုံမက၊ ဘဝရာဂအထိ- လိုချင်နှစ်သက်သည့် တဏှာနှင့် ဖက်၍- ရက်ရက်စက်စက်ကြီး စေ့ဆော်တိုက်တွန်း- ပြုပြင်စီရင် တတ်သောတရားဖြစ်သည်၊ အဲဒီလို တဏှာစွက်ဖက် စေ့ဆော် ချက်ဒဏ် ပြုမှုပြင်းထန်-ကာမရာဂနှင့် ဘဝရာဂနှစ်တန်အထိ-ပါရှိ ပြုလုပ်ခြင်းကိုလဲ- ပြုလုပ်သူ ငါရှိတယ်လို့-သိစိတ်ကိုထင်စွဲအောင် တကယ်ဘဲ လှည့်စားလို့လဲထားတတ်တယ်၊ ထို့ကြောင့်- ပြုသူ စိမ်- ကေန်မရှိ၊ မနောသဉ္စေတနာဟာရ ကြောင့်သာ- ကမ္မဝဋ္ဋ တွေ- အထပ်ထပ် လိုက်နေရပါတကားဟု- ပရိညာသုံးပါးနှင့် သိအောင်, ဉာဏ်နှင့်မြင်အောင်- ရှုကြည့်ပွားများ၍- ပဟာန် သုံးပါးမြောက်သည်အထိ- ကေန်ရောက်ရှိလျှင်-တဏှာသုံးစားပါ ပျောက်ဘိတော့သည်ဟု ယုံကြည်လျက် ဝိပဿနာ ဉာဏ်လက် နက်ဖြင့် တိုက်ဖျက်ကြပါကုန်လော့။

## "ဝိညာဏ"

ဝိညာဏာဟာရ အချုပ်တရားသည်- စိတ္တဇရုပ်များကို ဖြစ် စေ၏၊ ပဋိသန္ဓေအခါ- ကမ္မဇရုပ်သုံးစားနှင့်- စေတသိက် နာမ် တရားတို့ကိုလည်း ဖြစ်စေ၏၊ သမနန္တရ- အနန္တရပစ္စယအားဖြင့်- သံသရာစက်ရဟတ်တွင်၊ အကြားမရှိ- အနားမရှိ- အရပ်မရှိ၊

"ဖြစ်ပျက်"နှင့် လှည့်ပတ်နေသော တရားဖြစ်သည်၊ ထို့ကြောင့်- အစဉ်အမြဲရှိနေသောတရားဟု- သတ္တဝါတို့က ထင်စွဲကြသည်။ ပဋိသန္ဓိဘေး- အကျိုးဝိပါက်ကို ပေးအပ်နှင်းတတ်သော- မျိုးစေ့ တရားဖြစ်သည်၊ စေတနာကြောင့်ဖြစ်သော ကံမှာ- ထိုမျိုးစေ့၏ တည်ကျပေါက်ရာ လယ်မြေဖြစ်သည်၊ စေတနာရှေ့ရှု တဏှာမှုနှင့်ပြုခဲ့သော လယ်မြေထက်သို- မျိုးစေ့ပဋိသန္ဓေ သက်ဝင်လာလျှင်- တဏှာကပင်ထပ်မံ၍- ရေအသွင် ထပ်ခါလောင်းပြီး ဘဝကို တပေါင်းတည်းဖြစ်အောင် ပြုကြပြန်သည်၊ ခေါင်းဆောင်လာတာကတော့- ပဋိသန္ဓေဝိညာဏ်နှင့် ပဝတ္တိဝိညာဏ်တွေဘဲ၊အပေါင်းပါကတော့- ကံစေတနာနှင့် တဏှာသမုဒယဘဲ၊ အဲဒါတွေ- မသိလိုက် ဖြစ်သွားအောင်- ညစ်ထား ဖုံးအုပ်ပေးနေတာကတော့ အဝိဇ္ဇာ ခေါင်းချုပ်ဘဲ ဖြစ်တယ်၊ ဒီတော့- အကျိုးဒုက္ခ-မသိရတာ၊ အကြောင်းသမုဒယ-မသိရတာ၊ အကျိုးချုပ်နိရောဓ-မသိရတာ၊ အကျိုးချုပ်ကြောင်း မဂ္ဂမသိရတာတွေ မှန်သမျှ၊ ဝိညာဏာဟာရအပေါ်မှာ အဝိဇ္ဇာဖုံးကွယ်ထားလို့ဖြစ်သည်၊ ဝိညာဏာဟာရနှင့် ကွင်း-နာမ်, ရုပ်-အာဟာရ ပစ္စယသတ္တိသဘောတွေကို ဉာတပရိညာနဲ့သိအောင် ကြိုးစားပေးရင် အဝိဇ္ဇာ နဲနဲပါးသွားနိုင်ပြီ၊ တီရဏပရိညာနဲ့မြင်အောင် ကြိုးစားရင်, အဝိဇ္ဇာတော်တော်ပါးလာသွားနိုင်ပြီ။ ပဟာနပရိညာတိုင်ရောက်အောင် ကြိုးစားလိုက်နိုင်ပြီဆိုတာနဲ့- အဝိဇ္ဇာပါးရာက, ပေါက်ပြီး- နောက်တခါ ပြန်ဖုံးလို့မရနိုင်တော့ပြီဖြစ်၍၊ ဝိညာဏာဟာရကလဲ-ပဋိသန္ဓေအသစ်ကိုမပေးနိုင်၊ ဖဿကလဲ-ဝေဒနာအစစ်ကို အနှစ်မရှိဘူးလို့သိပြီး၊ တဏှာက သာယာပရစေ- နှစ်သက်ပရစေ ဆိုပေမဲ့- လက်ခံနိုင်အောင်-စေတနာကလဲ မရှိ-

မတိုက်တွန်းတော့သည်ဖြစ်၍၊ စေတသိက ဒုက္ခတွေ- တဏှာမမွေ့သဖြင့် ငြိမ်းပြီး- အကိုန်းခေါတ်,အနုံသယတွေ ပြတ်သည်အထိ၊ ပဌမပဟာန် တဒင်္ဂထက်, ဒုတိယပဟာန်- ဝိက္ခမ္ဘနစျာန်ထက်၊ သမုစ္ဆေဒပဟာန်-မဂ်ဖိုလ်ဉာဏ်ရဘို့အရေးကို ခဏကလေးရင်ဆိုင်တွေ့ရတဲ့- မြတ်ဘုရားသာသနာတော်တွင်းမှာ အဓိမုစ္စခေါတ်သွင်းပြီး တရားနှင့် ရှင်းလင်းသုမ်သင်ကြရာပါသည်။

မသုမ်သင်ကြပါက၊ ဤနာမ်အာဟာရ သုံးစားသည်- ဝဋ္ဋကောင်ကို တုတ်နှောင်ရာ၌၊ ပိုင်နိုင်ပိယိလှသည်၊ ရိပ်စားမိရန်-သဘောပေါက်ရန်-သဘောပိုင်ရန်-အလွန်ခက်ခဲသည်၊ သဘောပေါက်,သဘောပိုင်နိုင်လျှင်- နာမ်အာဟာရသုံးစား- ထောက်ပံ့နေမှုများကို ပြတ်ချင်,ရပ်ချင်လာမည်၊ ပြတ်အောင်,ရပ်အောင်လည်း, ပြုရ လွယ်ကူ လာမည်။ နာမ်ကစွဲသော အစွဲကြောင့်ကိလေသာဝဋ်မြဲနေရသည်၊ ကိလေသာကလည်း နာမ်တရားသာဖြစ်ရာ၊ တကယ်ရင်ဆိုင် တွေ့ကြုံပေါင်းစီးလျက်- ဖြစ်တတ်ကြသည်၊ နာမ်အာဟာရသုံးပါးထဲမှ ကိလေသာကို အနှုပ်လက္ခဏာနဲ့- နှုပ်ပစ်ဘို့ရာ- သတိပင် မရတတ်ကြ၊ "ကိလေသာ ဒူရီဘာဝတော"အဖြစ်၊ ကိလေသာနှင့် ကိလေသာဝဋ်ဖြစ်ခွင့်ပေးအောင်, နေဘို့လည်း မကြံတတ်-မဆုံးဖြတ်တတ်-မနေတတ်-မနေရဲ့ကြ၊ ဘာကြောင့်လဲဆိုရင် ဒုက္ခသစ္စာ- ပရိညာကိစ္စတွေကို ကုန်စင်အောင် နက်နဲစွာ- မရှာဖွေ- မဆည်းပူး- အားမထုတ်ကြလို့ဘဲဖြစ်သည်။

ထိုသို့ဖြစ်အောင်လဲ- ကိလေသာခေါင်ချုပ်-အဝိဇ္ဇာကဘဲ, ဖုံးအုပ် မှောင်ချပေးထားသည်၊ ပေးထားမှန်းလဲမသိ၊ အနှုတ်လက္ခဏာနဲ့ နှုတ်ပစ်ရမှန်းလဲမသိ၊ ဘယ်လိုဖြစ်တတ်လို့ ဘယ်လို

နှုတ်ရမှန်းလဲ မသိ၊ မသိပေါင်း ကုဋေကုဋာ-မရေမတွက်နိုင်တာ တွေကို သိအောင်လဲမကြိုးစား၊ မှောင်ချပေးထားတဲ့ အဝိဇ္ဇာ အလင်းမဲ့ထဲမှာ မြင်စရာ- မြင်နေတာ- မြင်နိုင်တာက- ငါမြင်၊ တဏှာမြင်နှစ်ခုထဲမြင်ပြီး၊ အဲဒီ- အဝိဇ္ဇာကခွင့်ပြုတဲ့- အမြင်နှစ် မျိုးနှင့် ဆင်ကန်းတောတိုး ဖြစ်နေကြရသည်၊ ဖြစ်ခဲ့ကြရသည်၊ ဖြစ်ကြရအုံးမည်ဆိုပါလျှင်.... ဤရုပ်နာမ်အာဟာရပစ္စည်းတွေကို သုံးစွဲပြီး၊ ဘယ်လိုသံသရာနယ်ချဲ့နေတယ်ဆိုတာ ပဋ္ဌာနဒေ့သမှ ယောဇနာကလေးကို ဖတ်ပေးကြည့်ရှုသုံးသပ်, ဆုံးဖြတ်မှုပြုကြ ပေတော့....။

# "ကျေးဇူးဥပမာ- အာဟာရပစ္စယကထာ"

ဣဓ-ဤအာဟာရပစ္စည်းအရာ၌၊ သုတ္တန္တနယောပိ- သုတ္တန် နည်းကိုလည်း၊ ဝတ္တဗ္ဗော- ဆိုအပ်၏၊ သကုဏာနာမ- ငှက်တို့မည် သည့်ကား၊ စက္ခုဟိ-မျက်စိတို့ဖြင့်၊ ဒိသာဝိဒိသံ- တူရူအရပ်, ထောင့်အရပ်တို့ကို၊ ဝိဘာဝေတွာ- ပိုင်းခြားမှတ်သား- ထင်ရှား စေလျက်၊ ပဝတ္တေဟိ-အတောင်တို့ဖြင့်၊ ရုက္ခတော-သစ်တပင်မှ ရုက္ခံ- သစ်တပင်သို့၊ ဝနတော- တောတတောမှ၊ ဝနံ- တောတ တောသို့၊ အာကာသေန- ကောင်းကင်ခရီးဖြင့်၊ ပက္ခန္ဒိတွာ- ပျံသန်း၍၊ တုဏ္ဍကေဟိ-နှုတ်သီးတို့ဖြင့်၊ ဖလာဖလာနိ-သစ်သီး ကြီးငယ်တို့ကို၊ တုဒိတွာ-ထိုးဆိတ်စားသောက်၍၊ ယာဝဇီဝံ- အသက်ထက်ဆုံး၊ အတ္တာနံ-ကိုယ်ကို၊ ယာပေန္တိယထာ-မျှတစေ ကုန်သကဲ့သို့၊ တထာ-ထို့အတူ၊ ဣမေသတ္တာ-ဤရုပ်နာမ်နှစ်ဖြာ

သတ္တဝါတို့သည်၊ ဆဟိဝိညာဏေဟိ- ဝိညာဏ်ခြောက်ပါးတို့ဖြင့်၊ အာရမ္မဏာနိ- အာရုံခြောက်ပါးတို့ကို၊ ဝိဘာဝေတွာ- ဇောအစဉ်တွင်- ထင်ထင်ရှားရှား, ပိုင်းခြားမှတ်သားလျက်၊ ဆဟိမနောသဉ္စေတနာဟာရေဟိ-- ခြောက်ပါးသော မနောသဉ္စေတနာဟာရတို့ဖြင့်၊ အာရမ္မဏ ဝတ္ထုပ္ပဋိလာဘတ္ထာယ-- အာရုံတည်းဟူသော- မိုးရာဝတ္ထုကို ရခြင်းအကျိုးငှါ၊ ဥဿုက္ကာနံ-- ကြောင့်ကြ လုလ္လကို၊ ကတွာ--ပြု၍၊ ဆဟိဖဿာဟာရေဟိ-- ခြောက်ပါးသော-ဖဿာဟာရတို့ဖြင့်၊ အာရမ္မဏေသု--အာရုံတို့၌၊ ရသံ--ရှင့်နိုင်ရသကို၊ ပါတုဘာဝန္တံ-ထင်ရှားဖြစ်သည်ကို၊ ကတွာ- ပြု၍၊ သုခဒုက္ခံ- သုခဝေဒနာ- ဒုက္ခဝေဒနာကို၊ အနုဘဝန္တိ-- အစဉ်ခံစားကြကုန်၏။

ဆိုလိုရင်း,ဥပမာအခင်းမှာ-ကျေးငှက်တို့သည်....

(၁) မျက်စိနဲ့-အရပ်လေးမျက်နှာ-ရှစ်မျက်နှာကိုမှတ်သားတယ်-

(၂) အတောင်နဲ့-တပင်ပြီးတပင်၊ တတောပြီးတတော,ပျံသန်းရှာဖွေတယ်၊

(၃) နှုတ်သီးနဲ့- သစ်သီးကြီးငယ်တွေကို ထိုးဆိတ်စားခါ-မိမိကိုယ်ကို- မျှတစေသလို၊

သံသရာ့ခရီးသွား-ပုထုဇဉ်များတို့သည်....

(၁) ဝိညာဏာဟာရနဲ့....အာရုံခြောက်စုံ-အဖုံဖုံကို သိပြီး မှတ်သားတယ်၊

(၂) မနောသဉ္စေတနာဟာရနဲ့....အာရုံအရပ်ရပ်ကို မရပ်မနား, စေ့ဆော်ရှာဖွေတယ်၊

(၃) ဖဿဟာရနဲ့ ... အာရုံ၏အရသာကို ဆွတ်ခူးထုတ်ယူပြီး၊ ဝေဒနာနဲ့ ခံစားခါ- တဘုံမှတဘုံ၊ တဘဝမှ တဘဝသို့- ကြဉ်လည်သွားလာနေကြရတယ်-လို့ သိရပါမည်။

အဲဒီလို ကြဉ်လည်သွားရပုံ-နည်းတဖုံကိုလဲ- ဤသို့ပြဆိုတော်မူပါသည်။ ။ဝိညာဏေဟိ--ဝိညာဏ်ခြောက်ပါးတို့ဖြင့်၊ အာရမ္မဏာနိ-အာရုံခြောက်ပါးတို့ကို၊ ဝိဘာဝေတွာ-ထင်ရှားစေလျက်၊ နာမရူပသမ္ဘတ္တိံ- နာမ်ရုပ်နှစ်ပါး၏ ပြည့်စုံခြင်းကို၊ သာဓေန္တိ- ပြီးစေကုန်၏။ ဖဿေဟိ- ဖဿတို့ဖြင့်၊ အာရမ္မဏေသု-အာရုံတို့၌၊ ရသံ- ဣဋ္ဌာနိဋ္ဌရသကို၊ပါတုဘာဝန္တံ-ထင်ရှားသည်ကို၊ကတွာ-ပြု၍၊ အာရမ္မဏာရသာနုဘဝနံ-အာရုံ၏အရသာကို ခံစားတတ်သော၊ ဝေဒနံ-ဝေဒနာကို၊ သမ္ပာဒေတွာ-ပြည့်စုံစေလျက်၊ တဏှာဝေပုလ္လံ- တဏှာ၏ ပြန့်ပြောခြင်းသို့၊ အာပဇ္ဇန္တိ- ရောက်ကုန်၏၊ စေတနာဟိ-စေတနာတရားတို့ဖြင့်၊ တဏှာမူလကာနိ-တဏှာလျှင် အကြောင်းရင်းရှိသော၊ နာနာကမ္မာနိ- အထူးထူးသော ကောင်းမှု မကောင်းမှုတို့ကို၊ ပသဝေတွာ-ပွားစေလျက်၊ ဘဝတော- တဘဝမှ၊ဘဝံ-တဘဝသို့၊ သံသရန္တိ-ပြောင်းရွှေ့ကြဉ်လည်ကြရကုန်၏။ ဧဝံ--ဤသို့၊ အာဟာရဓမ္မာနံ- အာဟာရပစ္စည်းတရားတို့၏၊ မဟန္တံ- ကြီးစွာသော၊ အာဟာရကိစ္စံ- ထောက်ပံ့သည်၏အဖြစ်, ကျေးဇူးပြု၍ ဆောင်တတ်သည်ကို၊ ဝေဒိတဗ္ဗံ- အလုံးစုံပြအပ်သော သဘောတို့နှင့်- ဝေဘန်ပိုင်းခြား- ဉာဏ်နှင့် ထင်ရှား သိအပ်လှပေတော့သတည်း။ ။

ဤကဲ့သို့ ပိုင်းခြားသိရန် ဝေဘန်သိရန်-စီစစ်သိရန်-ဉာဏ်နှင့် ယှဉ်ရန် အတန်တန်ကို ရရှိပြီးသော ကလျာဏယောဂီ,သာဝက

မည်သူသည်၊ ဤအာဟာရလေးလီ-ရုပ်နာမ်ခန္ဓာ၌ လှည့်ပတ်၍ တည်နေသော ဒုက္ခဇာတ်မှ၊ မချုပြတ်ရန် အကြောင်းကိုလည်း၊ ပရိညာသုံးနည်းနဲ့ အသိပိုင်လျှင် သံသာရဒုက္ခမှ- မုချလွတ်မည်၊ ချစ်သား,ချစ်သမီးတို့ဟု- နိဒါနဝဂ္ဂ သံယုတ် ပါဠိတော်၌၊ ထုတ်ဖော် ဝန်ခံ မိန့်ကြားတော်မူပြန်သည်မှာ....

## ကဗဠီကာရာ အာဟာရ၌

"ကဗဠီကာရေ ဘိက္ခဝေ အာဟာရေ ပရိညာတေ ပဉ္စကာမဂုဏိကော ရာဂေါ ပရိညာတော ဟောတိ၊ ပဉ္စကာမ ဂုဏိကေ ရာဂေ ပရိညာတေ- အရိယ သာဝကဿ နတ္ထိ တံ သံယောဇနံ၊ ယေန သံယောဇနေန သညုတ္တော အရိယသာဝကော- ပုန ဣမံ လောကံ အာဂစ္ဆေယျ။"

ဘိက္ခဝေ-ချစ်သား,ချစ်သမီးတို့၊ ကဗဠီကာရေ အာဟာရေ- အလုပ်အလွေ့ မပြုအပ်သော- စားဘွယ်သောက်ဘွယ် ကဗဠီကာရအာဟာရကို၊ ထိုးထွင်း၍ သိမှုဉာဏ်အခွင့်-ပြီးဆုံးသည်တိုင် ပိုင်နိုင်သည်ရှိသော်၊ ပဉ္စကာမဂုဏိကော- ငါးပါးသော ကာမဂုဏ်၌ တွယ်တာသော၊ ရာဂေါ-ကာမရာဂကို၊ ပရိညာတော- အပြီးတိုင်ပိုင်နိုင်တော့သည်၊ ဟောတိ-ဖြစ်၏။ ပဉ္စကာမဂုဏိကေ- ကာမဂုဏ်ငါးပါး၌ တွယ်တာသော၊ ရာဂေ-ကာမရာဂတို့ကို၊ ပရိညာတေ-အပြီးတိုင်ပိုင်နိုင်သည်ရှိသော်၊ ယေနသံယောဇနေန- အကြင်,ကာမရာဂ သံယောဇဉ်ဖြင့်၊ သညုတ္တော- ကာမဂုဏ် ငါးပါး၌ ယှဉ်စပ်၍နေသော၊အရိယသာဝကော-ငါဘုရားတပည့် သားသည်၊ ပုန-တဖန်၊ ဣမံလောကံ- ဤကာမတဆဲ့တဘုံသို့၊

အာဂစ္ဆေယျ- ပြန်လာရာ၏။ အရိယသာဝကသာ- ကာမဂုဏ် ငါးပါး၌-တွယ်တာသော ရာဂကို ပယ်ဖြတ်မှု အပြီးတိုင်ပိုင်ပြီး သော၊ ငါဘုရားတပည့်သားအား၊ တံ သံယောဇနံ- ထိုကာမ ဘုံ၌ တဖန် ပဋိသန္ဓေတည်နေရန်- သံယောဇဉ်တရားသည်၊ နတ္ထိ- မရှိပြီ။ ။

အတိုချုပ်အားဖြင့်မူ၊ ချစ်သား, ချစ်သမီးတို့၊ ကဗဠီကာရ အာဟာရကို- ပရိညာသုံးနည်းနဲ့ အပြီး ပိုင်နိုင်ရင်၊ ကာမရာဂ သံယောဇဉ်ကိုလဲ- အလိုလိုပြီးစီးနိုင်တယ်၊ ကာမရာဂသံယောဇဉ် ပြီးစီးရင်လဲ ကာမ(၁၁)ဘုံမှ လွတ်ပြီတဲ့၊ ကာမရာဂသံယောဇဉ် ရှိနေသေးရင်တော့-ကာမဘုံကို ပြန်လာရမှာတဲ့၊ တဲ့တဲ့ပြောရရင် ကာမရာဂမရှိရင်- အနာဂါမ် ရဟန္တာဖြစ်ပြီး-ကာမဘုံကို ပြန်မ လာရတော့ဘူး၊ အဲဒါ-ကဗဠီကာရအာဟာရကို-ပရိညာသုံးနည်း နဲ့ပိုင်နိုင်အောင်လုပ်ရင် မုချရမဲ့-မင်္ဂသီးဖိုလ်သီးဘဲ ဟူ၍မှတ်ရာ၏။

## ဖဿ အာဟာရ၌

"ဖဿေ ဘိက္ခဝေ အာဟာရေ ပရိညာတေ
တိဿော ဝေဒနာ ပရိညာတာ ဟောန္တိ၊ တီသု
ဝေဒနာသု ပရိညာတာသု အရိယသာဝကော
နတ္ထိ ကိဉ္စိ ဥတ္တရိ ကရဏီယန္တိ ဝဒါမိ၊"

ဘိက္ခဝေ- ချစ်သား, ချစ်သမီးတို့၊ ဖဿေ အာဟာရေ- ဖဿအာဟာရ၌၊ ပရိညာတေ- အပြီးတိုင် ပိုင်နိုင်သည်ရှိသော်၊ တိဿောဝေဒနာ- သုံးပါးသော ဝေဒနာတရားတို့သည်၊ ပရိညာ

တာ- အလိုလို အပြီးတိုင် ပိုင်နိုင်မှု ပြီးစီးအပ် ကုန်တော့သည်၊ ဟောန္တိ- ဖြစ်ကုန်၏။ တီသုဝေဒနာသု- သုံးပါးသော ဝေဒနာတရားတို့၌၊ ပရိညာတာသု- အလိုလိုပိုင်နိုင်အပ်ကုန်ပြီးသော၊ အရိယသာဝကဿ- ငါဘုရား၏ တပည့်သား, သာဝကအား၊ ဥတ္တရိ- ထိုထက်အလွန်၊ ကိဉ္စိ- တစုံတခုမျှ၊ ကရဏီယံ- ပြုဖွယ်စရိယအမှု၌ ပြုဘွယ်ကိစ္စသည်၊ နတ္ထိ- မရှိပြီ။ ဣတိ- ဤသို့၊ ဝဒါမိ- ငါဘုရား ဟောတော်မူ၏။ ။

## မနောသဉ္စေတနာအာဟာရ၌

"မနောသဉ္စေတနာယ ဘိက္ခဝေ အာဟာရေ ပရိညာတေ
တိဿောတဏှာ ပရိညာတာ ဟောန္တိ၊ တီသုတဏှာသု
ပရိညာတာသု အရိယဿ သာဝကော နတ္ထိ ကိဉ္စိ
ဥတ္တရိ ကရဏီယန္တိ ဝဒါမိ။"

ဘိက္ခဝေ- ချစ်သား, ချစ်သမီးတို့၊ မနောသဉ္စေတနာအာဟာရေ- မနောသဉ္စေတနာအာဟာရ၌၊ ပရိညာတေ-အပြီးတိုင် ပိုင်နိုင်သည်ရှိသော်၊ တိဿောတဏှာ- သုံးပါးသောတဏှာတို့သည်၊ ပရိညာတာ- အလိုလိုပင် ပိုင်နိုင်ပြီးစီးတော့ကုန်သည်၊ ဟောန္တိ- ဖြစ်ကုန်၏၊ တီသုတဏှာသု- သုံးပါးသောတဏှာတို့၌၊ ပရိညာတေသု-အလိုလိုပိုင်နိုင်အပ်ပြီးကုန်သော အရိယဿသာဝကော- ငါဘုရား၏ တပည့်သား,သာဝကသည်၊ ဥတ္တရိ- ထိုထက်အလွန်၊ ကိဉ္စိ- တစုံတခုမျှ၊ ကရဏီယံ- ပြုဖွယ်စရိယအမှု၌ ပြုဘွယ်ကိစ္စ

သည်၊ နတ္ထိ-မရှိတော့ပြီ၊ ဣတိ--ဤသို့၊ ဝဒါမိ-- ငါဘုရား ဟော တော်မူ၏။ ။

## ဝိညာဏ အာဟာရ၌

"ဝိညာဏေ ဘိက္ခဝေ အာဟာရေ နာမရူပံ ပရိညာတံ ဟောတိ၊ နာမရူပေ ပရိညာတေ အရိယသာဝကဿ နတ္ထိ ကိဉ္စိ ဥတ္တရိ ကရဏီယန္တိ ဝဒါမိ။"

ဘိက္ခဝေ— ချစ်သား, ချစ်သမီးတို့၊ ဝိညာဏေအာဟာရေ— ဝိညာဏအာဟာရ၌၊ ပရိညာတေ— အပြီးတိုင် ပိုင်နိုင်သည် ရှိသော်၊နာမရူပံ— နာမ်ရုပ်နှစ်ပါးသည်၊ ပရိညာတံ—အလိုလိုပင် ပိုင်နိုင်မှုပြီးစီးတော့သည်၊ ဟောတိ-ဖြစ်၏၊ နာမရူပေ- နာမ်ရုပ် နှစ်ပါးသည်၊ ပရိညာတေ-အလိုလိုပိုင်နိုင်သည်ရှိသော်၊ အရိယ သာဝကဿ-- ငါဘုရား၏တပည့်သား, သာဝကအား၊ ဥတ္တရိ-- ထိုထက်အလွန်၊ ကိဉ္စိ-တစုံတခု၊ ကရဏီယံ--ပြုဖွယ်ရိယ အမှု၌ ပြုဘွယ်ကိစ္စသည်၊ နတ္ထိ--မရှိပြီ၊ ဣတိ--ဤသို့၊ ဝဒါမိ-ငါဘုရား ဟောတော်မူ၏။ ။

•

အထက်ပါ ဘုရားရှေ့နှုတ်တော်ထွက်- ဓမ္မစကားတော်အရ၊ အာဟာရလေးပါးတို့ကို၊ ပရိညာသုံးပါးနှင့် ပိုင်နိုင်လျှင်၊ခိုင်မာ သော အရိယမဂ်နှင့် အရဟတ္တဖိုလ်ပေါက် သေချာစွာ ရောက် မည်ကြောင့်၊ ပြုလာခဲ့ယင်း, ဥာဏ်၌သွင်းရမည့် တရားအပေါင်း

တို့ကို ထောင်းထောင်းကျေညက်အောင် လေ့လာဆည်းပူးလျက် ပရိညာထူးနှင့် ပြည့်စုံပြီးမြောက်အောင် ကြိုးစားနိုင်တော်မူကြသည်ဖြစ်၍၊ ပြည့်စုံပြီးမြောက် အောင်မြင်တော်မူကြပါစေဟု-မေတ္တာပို့လိုက်ရပါသတည်း။

## "နှုတ်တက်မှတ်သား—ဆောင်ပုဒ်တရား"

ရုပ်အာဟာရ- ပိုင်ပါက- ရာဂကွာမည်သာ၊
ဖဿာဟာရ- ပိုင်ပါက- နိုင်ရ ဝေဒနာ၊
စေတနာဟာရ- ပိုင်ပါက- ပယ်ရ တဏှာကွာ၊
ဝိညာဏာဟာရ- ပိုင်ပါက- ပြီးရ နာမ်ရုပ်ပါ၊
ဒုက္ခ သရုပ်- သူတို့လုပ်- အဟုတ် ငြီးငွေ့ပါ၊
ပရိညာသုံးအင်- ပဟာန်ခွင်- တွင်တွင်အားထုတ်ပါ၊
ပရိညာသုံးနည်း- ပဟာန်ပြီး- ပြည်ကြီးနိဗ္ဗူတာ။

ဤမျှဖြင့်- ပဌမပိုင်း-အနုသယစက်ပယ်ဖျက်ပုံနှင့်- ဒုတိယပိုင်း ဝိပဿနာဘာဝနာဆိုင်ရာကို အဆုံးသတ်၍၊ တတိယ- အဆုံးပိုင်း-ဗောဓိပက္ခိယ အသိုင်းအဝိုင်းကို ဗောဓိဉာဏ်အတွက် မည်သို့ အသုံးချရမည်ကို ဆက်လက်ဆည်းပူးပါလေဦး။

....o....

# မြေဩဇာကို လိုချင်သူတိုင်း မြေဩဇာကိုကောင်းကောင်းမချေးရ။

★

ဓာတ်မြေဩဇာကို လိုချင်ရင်= ပဲဓာတ်ပင်ကို ပျိုးရမည်။
ပဲဓာတ်ပင် ပျိုးတတ်အောင် = အမျိုးအစား ခွဲခြားသိရမည်။

=

ပဲဓာတ်ပင် ပျိုးပြီးပါလျှင်= ရှင်သန်အောင်ပြုစုရမည်။
ရှင်သန်အောင်ပြုစုပုံကို— ကုံလုံအောင်သိရမည်။

=

သို့....မှ
အမြစ်မချောက်-အရွက်မညှိုး-မပျက်မစီးတော့ဘဲ၊
အပွင့်အသီးတို့နှင့် ပြည့်စုံလာမည်။

=

ထို့ကြောင့်,
ပဲဓာတ်မြေဩဇာကို- သဘောမိမိသိရန် ဆည်းပူးပါ။

★

# မြေဩဇာကို မချိုးငြိုင်မိုးစိုက်ထူရမည်

# ခုနစ်မျိုးသော-မဟာဗောဓိပက္ခိယ တရားတို့မှာ

## (၁) မဂ္ဂင်ရှစ်ပါး၊

သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၊ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ၊ သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိ။

## (၂) ဗောဇ္ဈင် (၇) ပါး၊

သတိ၊ ဓမ္မဝိစယ၊ ဝီရိယ၊ ပီတိ၊ ပဿဒ္ဓိ၊ ဥပေက္ခာ၊ သမာဓိ၊

## (၃) ဣန္ဒြေငါးပါး၊

သဒ္ဓိန္ဒြေ၊ သတိန္ဒြေ၊ ဝီရိယိန္ဒြေ၊ သမာဓိန္ဒြေ၊ ပညိန္ဒြေ၊

## (၄) ဗိုလ်ငါးပါး၊

သဒ္ဓါဗိုလ်၊ သတိဗိုလ်၊ ဝီရိယဗိုလ်၊ သမာဓိဗိုလ်၊ ပညာဗိုလ်၊

## (၅) သတိပဋ္ဌာန် ၄-ပါး

ကာယာ၊ ဝေဒနာ၊ စိတ္တာ၊ ဓမ္မာနုပဿနာ-သတိပဋ္ဌာန်၊

## (၆) သမ္မပ္ပဓာန် ၄-ပါး၊

ဥပ္ပန္န-ကု-အကု၊ ၂-ပါး၊ အနုပ္ပန္န-ကု-အကု-၂-ပါး၊

## (၇) ဣဒ္ဓိပါဒ် ၄-ပါး၊

ဆန္ဒိဒ္ဓိပါဒ်၊ စိတ္တိဒ္ဓိပါဒ်၊ ဝီရိယဒ္ဓိပါဒ်၊ ဝီမံသိဒ္ဓိပါဒ်၊

## "ပူးတွဲပါ—ဗောဓိပက္ခိယ တရားတော်များ ဇယားကို ကြည့်ပါလျှင်"

ဆန္ဒ၊စိတ္တုပ္ပါဒ်၊ ပီတိ၊ပဿဒ္ဓိ၊တတြမဇ္ဈတ္တတာ၊ဝိရတီ-၃၊ဝိတက္က၊

(၁) တပါးချင်း ဖြစ်သည့် ဗောဓိပက္ခိယ
တရားကိုးပါး တရားကိုယ်....၉ (၉) ပါး။

(၂) နှစ်ပါးအဘို့ရှိသည့် တခုသော
တရား၌ တရားကိုယ် .... ၂ (၁) ။ **သဒ္ဓါ**

(၃) လေးပါးအဘို့ရှိသည့် တခုသော
တရား၌ တရားကိုယ် .... ၄ (၁) ။ **ဧကဂ္ဂတာ**

(၄) ငါးပါးအဘို့ရှိသည့် တခုသော
တရား၌ တရားကိုယ် .... ၅ (၁) ။ **ပညိန္ဒြေ**

(၅) ရှစ်ပါးအဘို့ရှိသည့် တခုသော
တရား၌ တရားကိုယ် .... ၈ (၁) ။ **သတိ**

(၆) ကိုးပါးအဘို့ရှိသည့် တခုသော
တရား၌ တရားကိုယ် .... ၉ (၁) ။ **ဝိရိယ**

ပေါင်း.... ၃၇။ (၁၄)

အထက်ပါအတိုင်း၊ ဗောဓိပက္ခိယတရား (၃၇) ပါးတို့သည် အမျိုးအစားအားဖြင့် (၇) ပါး၊ ကဏ္ဍအားဖြင့် (၆) ရပ်၊ တရားကိုယ်အားဖြင့် (၁၄) ပါးဖြစ်ကြောင်းကို ကောင်းစွာ တွေ့ရပေမည်။ ထိုတရားကိုယ်တို့၏ ရှက်ဆောင်တတ်ပုံ- ဥဒ္ဒါန်

လေးပါးနှင့် အဓိပ္ပါယ်များကို လိုအပ်သော တရားတော်တို့၌၊ ထိုက်သည့်အားလျော်စွာ ရှင်းလင်းပြသပေးပါမည်။ ရှေးဦးစွာ တပါးချင်းစီဖြစ်သော တရားကိုယ်တို့မှ စတင်ဆည်းပူးကြပါစို့။

ဖေါ်ပြပါ တရားကိုယ် (၁၄) ပါးကိုကြည့်လျှင်၊ အညသမာန- ကုသိုလ်, အကုသိုလ်, နှစ်ဘက်စလုံး၌ ယှဉ်တွဲ၍ဖြစ်တတ်သော-စေတသိက်၊ "ဆန္ဒ၊ ပီတိ၊ ဝိတက္က" သုံးပါးနှင့် ကုသိုလ်တရားတို့၌သာ ယှဉ်တွဲသည့် "သောဘဏ"တင့်တယ်သော စေတသိက်– "ပဿဒ္ဓိ၊ တတြမဇ္ဈတ္တာ၊ ဝိရတီ ၃၊ သဒ္ဓါ၊ သတိ၊ ဝိရိယ၊ ကောဂ္ဂတာ၊ ပညိန္ဒြေ" (၁၀) ပါး၊ ပေါင်း စေတသိက်နှစ်စား (၁၃)ပါးနှင့် စိတ္တုပ္ပါဒ်,အကျဉ်း (၁)ပါးတို့ ပါဝင်ကြောင်း ပိုင်းခြားတွေ့ရှိရပါမည်။

နှစ်ဘက်ယှဉ် စေတသိက် (၃) ပါးမှလွဲ၍၊ စေတသိက်နှင့် စိတ္တုပ္ပါဒ် (၁၁) ပါးတို့သည်၊ အကုသိုလ်စေတသိက် (၁၄) ပါးနှင့် စိတ်တို့၌ လုံးဝမယှဉ်စပ်၊ အစဉ်တွန်းလှန်ဖြိုဖျက်တတ်၍၊ ဗောဓိဉာဏ်ဘက်သို့ ဆောင်နှင်းသော- တရားကိုယ်များဖြစ်ပါသည်။ နှစ်ဘက်ယှဉ်စေတသိက်သုံးအင်တို့သည်လည်း၊ (၁၁)ပါးသော ဗောဓိပက္ခိယဝင် တရားကိုယ်များနှင့် ယှဉ်မိတိုင်း-ယှဉ်မှုအလျဉ် မြဲမြံထုံလွှမ်းလာပါက၊ အကုသိုလ်စိတ်, စေတသိက်တို့နှင့် ပေါင်းဖေါ်၍-အကုသလစိတ္တုပ္ပါဒ်တို့ပေါ်ပေါက်လာစေခြင်းမှ ဆုတ်နစ် လာရမြဲ ဓမ္မတာဖြစ်ရာ၊ သေချာစွာ စီစစ်၍ကြည့်လျှင် အကုသိုလ်စေတသိက်ခေါင်းဆောင်" လောဘ၊ဒေါသ၊မောဟ၊ ဒိဋ္ဌိ၊ မာန"တို့က၊ ဆန္ဒ-ပီတိ-ဝိတက္ကတို့အား၊ သူတို့ဘက်သား-အစဉ်ဖြစ်ရန် သိမ်းသွင်း ခံထားရပုံ ကိုကြည့်၍၊ သိမ်းသွင်းမခံရ

နအောင်, ဗောဓိပက္ခိယ= ဗောဓိဉာဏ်၏ အသင်းအပင်းဝင်အဖြစ်မှ မရွေ့လျော့စေရေးအတွက်၊ ဤနှစ်ဘက်ရတရားကိုယ်စေတသိက် သုံးပါးကို၊ ဗောဓိပက္ခိယ, အသင်းချုပ်ဥက္ကဋ္ဌ= သမ္မာဒိဋ္ဌိနှင့် အတွင်းရေးမှူး- သမ္မာသတိတို့က၊ သမ္မာဝါယာမကို စည်းရုံးရေးမှူးပြု၍၊ ဗောဓိပက္ခိယအသင်းရဲ့ အဆောက်အဦအပြင်ဘက်သို့ ပြေးမထွက်သွားရအောင်– စောင့်ရှောက်ပေးရန် အထူးလိုအပ်ပါသည်။

ပဥ္စမ, ရှေးဦးစွာ အရေးတကြီး- အထူးသတိပြုစောင့်ရှောက် ရမည့်တရားကိုယ်ကတော့ "ဝိတက္က" ကိုဘဲဖြစ်ပါသည်၊ ၎င်းသည်, တောဘူမက တရားတွေကို ကြံစီကျက်စားတတ်ပြီး၊ မိမိရဲ့ သင်္ခါရ လောကမှာတော့- လွန်စွာ မဖြစ်တတ်ဘဲ၊ သတ္တလောက, ဩကာသလောကဆိုတဲ့- ဥပါဒါန်ရဲ့တည်ရာ- အာရုံအဖြာဖြာ တွေကို- လှည့်လည်ကျက်စားပြီး- ဘုံသုံးဆဲ့တစ်မှာ ကြဉ်လည် နေရတာကိုဘဲ- အကောင်းဆုံးလို့ထင်နေအောင်- ကြံစီပေးတတ် ပါသည်၊ မိမိဆိုတဲ့- ရုပ်နာမ်ဓမ္မ သင်္ခါရလောက ကိုတော့ဖြင့်- သမ္မာသင်္ကပ္ပမဂ္ဂင်အနေနဲ့- လွန်စွာ မကြံစီတတ်ပြီး၊ ဓမ္မစ္ဆန္ဒမဖြစ် အောင်- ကာမစ္ဆန္ဒဝိတက်ရယ်၊ နေက္ခမ္မဆန္ဒ မဖြစ်အောင်- ဗျာ ပါဒဝိတက်ရယ်၊ သမ္မာဆန္ဒမဖြစ်အောင်, ဝိဟိံသ ဝိတက်ရယ်- ဆိုတာတွေကိုတော့၊ လောဘ- ဒေါသ- မောဟတို့နဲ့ ပေါင်းပြီး- ကောင်းကောင်းကြီး လိုက်လံကြံစီနေတတ်တယ်၊ သမ္မာသင်္ကပ္ပ, ဆိုတဲ့- နေက္ခမ္မဝိတက်, အဗျာပါဒဝိတက်, အဝိဟိံသ ဝိတက် ဘက်ကိုတော့၊ အန္ဓပုထုဇဉ်တွေဆိုရင်– တကြိမ်တခါမျှ- လှည့်ခွင့် မရအောင် "ဝိတက်ကိုးပါး" တရားကိုနှင့် ကျက်စား ကြံစီပြီး သံသရာ ရှည်ကြောင်း, တောဘူမက တရားအပေါင်းမှာ-

မကောင်းတဲ့အာရုံ, စိတ်နဲ့ဆုံအောင်- အဖုံဖုံကြံစီတတ်လို့- သူ့ကို အစဉ်းထား, စောင့်ရှောက်ပေးပါဟု- တိုက်တွန်း ရခြင်း ဖြစ် ပေသည်။

ဒုတိယ အရေးတကြီး စောင့်ရှောက်ပေးရမဲ့ တရားကိုယ် ကတော့ "ဆန္ဒ"စေတသိက်ဘဲ၊ သူကလဲ, လောဘနဲ့ပြိုင်ရင် အရှုံးပေးပြီး- လိုက်လိုက်သွားတတ်လို့၊ ဗောဓိပက္ခိယထဲမှာ- ခဏ ခဏ သူပျောက်ကွယ်နေတတ်ပါတယ်၊ ဝိတက်ကြောင့်လဲ ဆန္ဒ မှားဖြစ်ရ၊ လောဘကိုလဲ ကြောက်ရပြီး- နောက်က လိုက်နေ ရတော့- "ကာမော= ကာမစ္ဆန္ဒော၊ ရာဂေါ= ဆန္ဒရာဂေါ" အဖြစ်နဲ့- ကာမနဲ့ရာဂနောက်ကိုဘဲ လိုက်ပါ ကပ်တွဲနေရဘတ် တယ်၊ အဲဒီလို- သမ္မာဆန္ဒ- မိစ္ဆာဆန္ဒ- နေကွမဆန္ဒ- ကွာနေတိုင်း၊ ဝိဝဋ္ဋအဇ္ဈာသယဓါတ်, ပက္ခန္ဒနဓါတ်, အဓိမုစ္စဓါတ်, ဆိုတဲ့- ဗောဓိမဏ္ဍိုင်, ခိုင်မြဲစေမဲ့ တရားတွေဟာ- အနားတောင် မကပ် နိုင်ဘဲ ဖြစ်နေရရှာတယ်၊ ဒီတော့- ဝိတက်ကိုသုခ်သင်ရင် ဆန္ဒမှန် ဝင်လာမယ်၊ ဆန္ဒမှန်ဝင်လာရင် ဗောဓိမဏ္ဍိုင်- ကြံ့ခိုင်ကြောင်း တရားတွေ ကိန်းသာမှာဖြစ်လို့၊ အဲဒီ- ဝိတက်နဲ့ ဆန္ဒ တရားကိုယ် နှစ်ပါးကို-များများစောင့်ရှောက်ထားပါလို့၊စည်းရုံးထားပါလို့၊ ဉက္ကဋ္ဌ- သမ္မာဒိဋ္ဌိနဲ့- အတွင်းရေးမှူး- သတိ၊ စည်းရုံးရေးမှူး- ဝီရိယတို့ကို တိုက်တွန်းနှိုးဆော်လိုက်ရပါသည်။

တတိယ,ပီတိကလေးကလဲ ရှိသေးတယ်၊ သူကတော့ တရား အားထုတ်ရင် ဥပက္ခိလေသ,အညစ်အကြေး,အနေနဲ့ ဖြစ်အောင် နှောက်ယှက်တတ်ပါတယ်၊ တရားအားထုတ်ရင်း,ပီတိစာရင်းဝင် လာဒါတော့- ကောင်းပါတယ်၊ အကုသိုလ်တော့မဟုတ်ပါဘူး၊

ဒါပေမဲ့- တရားမတက်ဘဲ မှားကွက်ထဲ ရောက်အောင် ပို့ဆောင်တတ်လို့- သူ့ကိုလဲ သတိချပ်ရမှာဘဲ၊ သူ့အခဏ်းကျတော့- သူ့အကြောင်းတွေကို သိလာရပါလိမ့်မယ်၊ ရှောင်ရန်နှင့်ဆောင်ရန်သဘော, စောကြောပြီး- ဗောဓိပက္ခိယအသင်းထဲမှာ, တရားအားထုတ်ခိုက် ဝင်လာရင်- ညစ်နွမ်းစရာ ဖြစ်မသွားစေဘို့- သူဟာလဲ စောင့်ရှောက်ထိန်းသိမ်းပေးရမဲ့တရားဘဲ ဖြစ်ပါသည်။

ဤကဲ့သို့- သူတို့အကြောင်းကိုသိပြီး, စောင့်ရှောက်ထားနိုင်သည်နှင့်အမျှ၊ ဗောဓိပက္ခိယ အဆောက်အဦ- အသင်းအပင်းထဲကလဲ၍- ဘယ်ကိုမှ ထွက်မသွားနိုင်အောင် ယဉ်ပါးပြီး၊ ဗောဓိပက္ခိယအသင်းကြီးတွင်၊ သူတို့အား ဆွဲဆောင်ရမည့်- ဗျာပါရများမှ မရှိတော့ဘဲ၊ စည်းလုံးညီညွတ်ခိုင်မာစွာ ဗောဓိမဏ္ဍိုင်, အရဟတ္တဖိုလ်ကို၊ ကြံ့ခိုင်စွာ စိုက်ထူနိုင်မည် ဖြစ်ကြောင်း- သန္နိဋ္ဌာန်ချ ယုံကြည်အပ်ကြ ရာပါသည်၊ အဲဒီလို- မိမိတို့ရဲ့သကာယမှာ၊ သဿတအားဖြင့် အရှိတရားမဟုတ်ဘဲ၊ • ပေါင်းစည်း ဖြစ်ပေါ်တတ်တဲ့ "သင်္ခါရဖြစ်ပျက်"တရားထဲကို၊ ဆန္ဒက "လောဘ- ဒေါသ- မောဟ- မာန- ဒိဋ္ဌိ" တို့ကို- လက်ကမ်းမခေါ်စေရန်နှင့်၊ ဝီတက်ကလဲ- သူတို့နဲ့ပူးတွဲ မကြံစီမိအောင်၊ ပီတိကလဲမနှစ်သက်, လက်မခံအောင် ကြိုးစားလျက်၊ စက်ဆုတ်ဘွယ် အကုသလတို့- အစဖေါ် ခေါင်းထောင်မကြွ လာစေဘို့, အရေးတကြီး, အစဉ်အမြဲ, လိုအပ် လှပါတော့သတည်း။ ။

ထို့ကြောင့်– တပါးချင်းအနေ- ဗောဓိပက္ခိယတွေကို- သုံးသပ်ကြပါစို့....။

# "ဆန္ဒိဒ္ဓိပါဒ်=ဆန္ဒစေတသိက်"

ကတ္တုကာမတာ လက္ခဏာ = အာရုံပြုလိုသူ၏အဖြစ်တည်းဟူသော လက္ခဏာရှိ၏။
အာလမ္ဗဏပရိယေသန ရသော = အာရုံကို ရှာမှီးတတ်ခြင်းကိစ္စရသရှိ၏။
အတ္ထိကတာ ပစ္စုပဋ္ဌာနော = အာရုံကို အလိုရှိသည်၏အဖြစ်ဖြင့် ဆောင်တတ်သော တရားဟု- ယောဂီဉာဏ်တွင် ရှေးရှု ထင်လာတတ်၏။
အာလမ္ဗဏ ပဒဋ္ဌာနော = အာရုံလျှင် နီးစွာသောအကြောင်းရင်း ပဒဋ္ဌာန်ရှိ၏။

ၑင်းဆန္ဒတရားကိုယ်၏- လက္ခဏာ, ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန်များအရ၊ ဆန္ဒသည် စေတောဟတ္ထသာရဏံ = အာရုံကိုယူခမ်း၌ လက်လှမ်းနေပုံကဲ့သို့ဖြစ်၏ဟု- တင်စားအပ်သော- တဒ္ဓမ္မူပစာ, ဥပမာအားဖြင့်- ပြထိုက်ခြင်းသည်ဖြစ်၏၊ အာရုံကို လိုလားလှုခြင်း ထင်ရှားစေရန်- စိတ်၌ လက်မရှိသော်လည်း- ဆန္ဒကို လက်အရာ၌တင်စား၍ အာရုံယူရာ၌ စိတ်နှင့်တကွဖြစ်သော ဆန္ဒသဘာဝကို ထင်ရှားစေသော ဥပမာဖြစ်ပါသည်။

ဆန္ဒ၏ မူလသဘောသည်၊ ကတ္တုကာမတာအရ = အာရုံခြောက်ပါးကို အာရုံပြုလိုခြင်း သဘောသာဖြစ်၏။ ကာမနှင့်ပေါင်းလျှင်- ကာမစ္ဆန္ဒဖြစ်၍၊ ရာဂနှင့်ပေါင်းလျှင်- ဆန္ဒရာဂဖြစ်ပြီး ညစ်ထေးရသည်၊ ဓမ္မနှင့်ပေါင်းလျှင်- ဓမ္မစ္ဆန္ဒ- နေက္ခမဆန္ဒ ဖြစ်ရသည်၊ "ဆန္ဒံ ဇနေတိ- ဝါယမတိ"၌ ဆန္ဒကြောင့်ပင်

ဝီရိယကိုဖြစ်စေ၍၊ ဝီရိယအရာ၌ တည်သကဲ့သို့ဖြစ်တတ်၏၊ ထို့ကြောင့် ဆန္ဒရှိလျှင်-ဘယ်အရာမဆို ပြီးစီးနိုင်သည်ဟု ညွှန်ပြခြင်း၌၊ ဝီရိယအရာ၌ တည်ခြင်းကို- ထင်ရှားစေ၏။ လောဘနေယျအာရုံ ကာမဂုဏ်ကို အလိုရှိရာ၌မူ၊ လောဘပြဋ္ဌာန်းသော တဏှာသဘောသို့- ဆန္ဒကလိုက်လျောပါဝင်ခြင်းဖြစ်ရ၏။ ဆန္ဒသည် အာရုံကို အာရုံပြုလိုကာမျှသာဖြစ်၍၊ လောဘ၏အာရုံကို လိုချင်ခြင်း သဘောမှာမူ၊ သာယာငြိကပ်, တပ်မက်ခြင်းမျိုးဖြစ်ရာ၊ ဆန္ဒသဘောနှင့် တခြားစီသာဖြစ်သည်။ လောဘမှာ

---

(ဝိတက် (၉) ပါး၊ စူဠနိဒ္ဒေသပါဠိတော်- ခုဒ္ဒကနိကာယ်)။

(၁) ကာမဝိတက်= ကာမဂုဏ်တရားတွေကို စဉ်းစားကြံစီနေခြင်း။ ။(၂) ဗျာပါဒဝိတက်= သူတပါး ထိခိုက်ဆုတ်ယုတ် ပျက်စီးအောင် ကြံစီခြင်း။ ။(၃) ဝိဟိံသဝိတက်= သူတပါးအား နှိပ်စက်ညှဉ်းဆဲရန် ကြံစီခြင်း။ ။(၄) ဇနပဒဝိတက်= မြို့ရွာ- ဇနပုဒ်- ရပ်ကွက်နှင့် ပတ်သက်၍- စဉ်းစားကြံစီခြင်း။ ။(၅) ဉာတိဝိတက်= ဆွေမျိုးတို့အတွက် ကောင်းစားအောင် ကြံစီနေခြင်း။ ။(၆) အမရာဝိတက် = အဆုံးမရှိ- မယ်မယ်ရရမရှိ- ရောက်တတ်ရာရာကြံစီခြင်း။ ။(၇) ပရာနုဒ္ဒယတာ ပဋိသံယုတ္တဝိတက်= သူတပါးတို့ကို- သနားကြင်နာမှုဖြင့် ကြံစီနေခြင်း။ ။(၈) လာဘ သက္ကာယ သိလောက ပဋိသံယုတ္တဝိတက်= လာဘ်လာဘနှင့် ပတ်သက်၍ ကြံစီခြင်း။ ။(၉) အနဝညတ္တိ ပဋိသံယုတ္တဝိတက်= မိမိကိုယ်ကို သူတပါး, အထင်မသေးအောင် ကြံစီခြင်း။ (နှာ-၂၄၃-မှ)

တဏှာနိဿိတ တရားကိုယ်သာဖြစ်ရာ၊ သာယာမှု- လိုချင်မှု- တပ်မက်မှု-တောင့်တမှု- အပြည့်ဖြစ်သော- လောဘမူလ, အကုသလ, တရားဖြစ်၍၊ ဆန္ဒမှာမူ-အားကြီးရာ ဆွဲဆောင်ရာသို့ မိမိဆန္ဒ၏ သဘောအရ- လိုက်လျောရခြင်းဟုဆိုသော- အကုသိုလ်စိတ္တုပ္ပါဒ် ဖြစ်ရန် အာရုံပြုပေးရခြင်းသဘောနှင့် အာရုံကိုရှာမှီးခြင်းကိစ္စ ရသအနေဖြင့် ယှဉ်ဘက်အမှုဆောင်ရှက်ပြုတတ်၍၊ အလိုရှိအပ်သောအာရုံကို- အလိုရှိတတ်သောတရားဟု- ယောဂီတို့ဉာဏ်၌- ရှေ့ရှုထင်ခြင်း "ယထာဝသရသတော" သဘောကို ပြတတ်သော တရားဟု သိအပ်ပါသည်။

၎င်းနှစ်ဘက်ရ-ဆန္ဒစေတသိက်တရားကိုယ်သည်၊ဗောဓိပက္ခိယ တရား၌ "ဆန္ဒိဒ္ဓိပါဒ်"ဟု ဣဒ္ဓိပါဒ်လေးပါးတွင် ဦးစွာ ပြအပ်သော ဗောဓိဉာဏ်စုအဘို့ ဖြစ်စေရန်၎င်း၊ ဆန္ဒမှန်- ဆန္ဒမွန်- ဆန္ဒမြတ်ဖြစ်စေရန်၎င်း၊ ဆန္ဒသည်ပင်လျှင် အကြီးအမှူးဖြစ်သော "ဆန္ဒာဓိပတိ" ဖြစ်စေရန်၎င်း- ရှေ့ရှုသင့်ပေသည်။

ဆန္ဒိဒ္ဓိပါဒ်, ဗောဓိပက္ခိယအရ၊ ဆန္ဒ-ဗောဓိဉာဏ်အလို့ငှါ, လိုလား လိုချင်ခြင်းဖြင့်၊ ဣဒ္ဓိ-ပြည့်စုံ ပြီး မြောက် စေ သော၊ ပါဒေါ-အခြေမူလတရားတည်း။ ။ဆန္ဒကို အကြီးအမှူးပြု၍- ဗောဓိဉာဏ်ပြီးပြည့်စုံခြင်းသဘောကို ဆန္ဒိဒ္ဓိပါဒ်ဟုဆိုအပ်၏။ ။

ဗောဓိပက္ခိယဖြစ်သော- ဆန္ဒိဒ္ဓိပါဒ် တရားသည်၊ အဘယ် တရားကို ပြီးပြည့်စုံအောင်၊ (ဝါ) ပြီးပြည့်စုံမှု အခြေမူလတရား ဖြစ်အောင်၊ ရှေ့ရှုဆည်းပူး-ကျင့်ဆောင်သင့်ပါသနည်းဟူမူ။

(၁) အဘိညေယျသုခမ္မေသု=အထူးသိထိုက်ကုန်သော ရုပ်, နာမ်, ခမ္မ- သင်္ခါရ တရားတို့၌၊ အဘိညာသိဒ္ဓိ- အထူးသိမှု၏ ပြီးစီးခြင်းတပါး။

(၂) ပရိညေယျသုခမ္မေသု=ဉာဏ်ဖြင့် ပိုင်းခြားသိအပ်ကုန်သော ဒုက္ခသစ္စာတရားတို့၌ ပရိညာသိဒ္ဓိ- ပိုင်းခြားပိုင်နိုင်-သိမှုပြီးစီးနိုင်ခြင်းတပါး။

(၃) ပဟာတဗ္ဗေသုခမ္မေသု=ပယ်ထိုက်သော သမုဒယသစ္စာတရားတို့၌၊ ပဟာနသိဒ္ဓိ-ပယ်မှုပြီးစီးခြင်းတပါး။

(၄) သစ္ဆိကာတဗ္ဗေသုခမ္မေသု=မျက်မှောက် ပြုအပ်သော တရားတို့၌၊ သစ္ဆိကြိယာသိဒ္ဓိ-မျက်မှောက်ပြုမှု၏ ပြီးစီးခြင်းတပါး။

(၅) ဘာဝေတဗ္ဗေသုခမ္မေသု=ပွားများထိုက်သော တရားတို့၌၊ ဘာဝနာသိဒ္ဓိ- ပွားများအားထုတ်မှု ပြီးစီးခြင်းတပါး။

အထက်ပါ ပြဆိုအပ်သော- ပြီးစီးခြင်းငါးပါးတို့ကို၊ ဆန္ဒအား, အဓိပတိတပ်၍၊ ဣဒ္ဓိပါဒ=ပြီးမြောက်ပြည့်စုံခြင်း, အခြေပါဒမူလ တည်ရာ၏ အဖြစ်ကို- ပိုင်းခြား၍သိခါ- သက်ဝင်လာအောင် ရှေ့ရှုကျင့်ဆောင်ရပါသည်။

ဤငါးပါးသော ဣဒ္ဓိတို့သာလျှင် ဗောဓိပက္ခိယ တရား၌၊ ဆန္ဒိဒ္ဓိပါဒ် မုချသဘောကို အလိုရှိအပ်၏၊ တဖန်- ဘာဝနာသိဒ္ဓိ- ဆန္ဒိဒ္ဓိပါဒ် အနေအားဖြင့်- သီလ, သမာဓိပိုင်း ဆိုင်ရာ သမာဓိသဘောတို့ကိုလည်း- အဓိသိက္ခာစစ်စစ်အားဖြင့်- အလိုရှိအပ်၏၊ ၎င်းတို့မှာ- စတုပါရိသုဒ္ဓိ သီလလေးပါး ပြည့်စုံခြင်း၌-

သီလဝိသုဒ္ဓိဉာဏ်ဒိ (၄)ပါး၊ စိတ္တဝိသုဒ္ဓိ၌- ပရိကမ္မ, ဥပစာရ သမာဓိ တို့နှင့်တကွ-သမာပတ်ရှစ်ပါး ပြည့်စုံခြင်းသည်, ဉာဏ်ဒိ (၈) ပါး။ ဉာဏ်ဒိဝိမ အဘိညာစသော လောကီအဘိဉာဉ်ငါးပါး ပြည့်စုံခြင်း သည်, ဉာဏ်ဒိ(၅)ပါး။ ပညာဝိသုဒ္ဓိတို့၌- ဒိဋ္ဌိဝိသုဒ္ဓိဉာဏ်ပြီးပြည့်စုံ ခြင်းသည် ဉာဏ်ဒိ(၁)ပါး။ ပေါင်း (၂၃) ပါးသော ဉာဏ်ဒိပါဒ် တရားတို့သည်- မြတ်စွာဘုရားသခင်၏ အဆုံးအမ, သာသနာ တော်တွင်း, ဉာဏ်ဒိပါဒ်များအဖြစ်နှင့် ထင်လင်းရရှိစေနိုင်သည့် ဗောဓိပက္ခိယအသင်းဝင် တရားတို့ဖြစ်ပါသည်၊ ထို့ကြောင့်- ဆန္ဒာဓိပတိ, အခြေပါဒကို ရအောင်ပြုလျက်- ဉာဏ်ဒိပါဒ်, အလုံးစုံ ပြည့်စုံရအောင်, အထက်ပါသဘောတို့ကို- ဝေဘန် ပိုင်းခြား သိထား၍၊ သုံးရပ်သောသာသနာတွင်, သုံးအင်သိက္ခာ- ပု,ဒိ, အာ,မချို- ဗောဓိပက္ခိယအဘို့မကွာဘဲ၊ သုံးပါးဘဝ- ကာမ,ရူပ, အရူပမှ- မုချထွက်မြောက်- နိဗ္ဗာန်ရောက်ဆန္ဒကို- မွေးမြူ ဆည်း ပူး နိုင်ကြပါစေသတည်း။ ။

# ဓိတ္တိဒ္ဓိပါဒ်

## ''စိတ္တိဒ္ဓိပါဒ်- မနောဝိညာဏ်အရ''

အာရမ္မဏ ဝိဇာနနလက္ခဏာ = အာရုံကို အထူးသိခြင်း လက္ခဏာရှိ၏။

အာရမ္မဏ ကရဏရသာ = အာရုံကိုအာရုံပြုတတ်ခြင်းကိစ္စ ရသရှိ၏။

အာရမ္မဏ ဘိမုခဘာဝပစ္စုပဋ္ဌာနာ= အာရုံသို့ ရှေ့ရှုသည်၏ အဖြစ်, ဉာဏ်၌ထင်လာ၏။

အနန္တရာတီတ, ဝိညာဏာဂမန ပဒဋ္ဌာန = လွန်ပြီးသော စိတ်၏ ချုပ်ကင်းခြင်း လျှင် နီးစွာသော အကြောင်းရှိ၏။

## "နမန-စိတ်နာမ်အရ"

ဝိဇာနနလက္ခဏာ = သညာပညာတို့သိပုံမျိုးမှ- တမျိုးတဖုံ အာရုံကိုသိခြင်း လက္ခဏာရှိ၏။

ပုဗ္ဗင်္ဂမ ရသာ = နာမက္ခန္ဓာအပေါင်းတို့၏-ရှေ့သွားခေါင်း ဆောင်ခြင်းကိစ္စရသရှိ၏။

သန္ဓာနပစ္စုပဋ္ဌာန = အနန္တရ- သမနန္တရ ပစ္စယအရ၊ နောက်နောက်စိတ်များဖြစ်အောင် ဖွဲ့တတ်သော တရားဟု- ယောဂီတို့ဉာဏ်၌ ရှေးရှုထင်၏။

နာမရူပ ပဒဋ္ဌာန = စေတသိက်နာမ်နှင့်ရုပ်တို့လျှင် နီးစွာ သော အကြောင်းရင်းရှိ၏။

## "စိတ္တ၊ ဣဒ္ဓိပါဒ် တရားကိုယ်အရ"

(၁) ဈာန်စိတ်၊ (၂) မဂ်စိတ်၊ (၃) ဖိုလ်စိတ်၊ (၄) အပ္ပနာ စိတ္တုပ္ပါဒ်နှင့် (၅) ဥပစာရ ဝိပဿနာ- ဉာဏစိတ္တုပ္ပါဒ်တို့ သည်၊ စိတ္တ, ဣဒ္ဓိပါဒ, တရားကိုယ်စိတ်များဖြစ်သည်။

ဆန္ဒကို အကြီးအမှူးအရာ၌တင်၍၊ ဣဒ္ဓိ+ပါဒက= ဣဒ္ဓိပါဒ် သဘောကို ဖေါ်ပြပြီးသကဲ့သို့ပင်၊ ယခုစိတ်ကို အကြီးအမှူး အဓိပတိအရာတင်၍- ဣဒ္ဓိပါဒ်သဘောဖြစ်သည်ကို သိအပ်ပြီဖြစ်

ပါသဖြင့်၊ အထက်ပါ- ဈာန်စိတ်စသည်မှ-ငါးပါးအပိုင်းအခြား ရှိသော စိတ်တို့သည်သာ- အဓိပတိတပ်ထိုက်သည်လည်း ဖြစ်၏။ ဣဒ္ဓိပါဒဖြစ်သည်လည်း အမှန်ဖြစ်သည်ဟု သိမှတ်ရာ၏။

ဤသို့၊ အဓိပတိတပ်ထိုက်သော၊ ဗောဓိပက္ခိယဝင်ဖြစ်သည့်- စိတ္တ၏ပရမတ္ထသဘောကို၊အထက်(၂၀၁)တွင်ဖော်ပြထားသော ဝိညာဏ်အရ၊ လက္ခဏာ, ရသ, ပစ္စုပဋ္ဌာန်- ပဒဋ္ဌာန် သဘောနှင့်၊ နမန- ဝိပါက်မနောဓါတ်အရ ပြထားသော လက္ခဏာ စသည့် သဘောနှစ်မျိုးတို့ကို ခွဲခြား သိအပ်ရာပါသည်၊ လေ့လာသင့် ရာပါသည်။

အန္ဓပုထုဇဉ်တို့အတွို "ပါပသ္မိံ ရမတိမနော" ဟူသောသဘော သည် ကာမသတ္တဝါ- ကာမဘုံ၌ ကာမာဝစရစိတ်သာ ဖြစ်တတ် ခြင်းကို အလေးအနက် ဖော်ပြထားနေခြင်းသည်၊ မနောဓါတ်, စိတ်နာမ်- နမနသဘာဝကို ပြခြင်းဖြစ်ပါသည်၊ ထိုစိတ်နာမ်၏ ဆောင်ရွက်တတ်ပုံသဘောကိုပင်- စိတ်အစဉ်သဘောသို့ တင် စား၍- သံယုတ်ပါဠိတော်၌- ဤသို့ ဟောကြားတော် မူခဲ့ လေသည်။

ဓမ္မာ—နာမ်တရားတို့သည်၊ မနောပုဗ္ဗင်္ဂမာ— စိတ်လျှင်ရှေ့ သွား ရှိကုန်၏၊ မနောသေဋ္ဌာ— စိတ်လျှင် အကြီးအမြတ်ရှိကုန် ၏၊ မနောမယာ— စိတ်ဖြင့်ပြီးကုန်၏၊ ဣတိ— ထို့ကြောင့်၊ ပဒုဋ္ဌေန—စိတ်ပျက်စိတ်ဆိုးဟု ဆိုအပ်သော (ဝါ) ပြစ်မှားလို သော၊ မနသာ—စိတ်ဖြင့်၊ စေဘာသတိဝါ— အကယ်၍ ပြောမူ လည်း ပြောဆိုငြားအံ့၊ စေကရောတိဝါ— အကယ်၍ ပြုမူလည်း ပြုလုပ်ငြားအံ့၊ တတော—ထိုပြစ်မှားလိုသောစိတ်ဖြင့်၊ ကြံ,ပြော ပြုလုပ်ခြင်းဟူသော သခါရကြောင့်၊ တံ— ထို,ကြံစီ-ပြောဆို-

ပြုလုပ်သောပုဂ္ဂိုလ်သို့၊ အန္ဒေတိ—အစဉ်တစိုက်, လိုက်၍နှိပ်စက်နေတော့၏၊ ဗဟတော—လှည်းဝန်ကို ရုန်းဆောင်သော နွား၏၊ ပဒံ—ခြေတို့သို့၊ စက္ကံ—လှည်းဘီးသည်၊ အန္ဒေဣဝ— အစဉ်တစိုက်, လိုက်၍နေဘိသကဲ့သို့တည်း။ ။

အထက်ပါ ဟောကြားတော်မူ ခဲ့ခြင်းသည်၊ "ပါပသ္မိံရမတိမနော"၌- နှစ်မြောတတ်သော-အန္ဓပုထုဇဉ်တို့၏ အကုသလစိတ္တုပ္ပါဒ်ဆောင်ပုံကို ပြတော်မူခြင်းဖြစ်ပါသည်။အန္ဓမှ ကလျာဏပုထုဇဉ်-သူတော်ကောင်းတို့၏ ကုသလစိတ္တုပ္ပါဒ်အရ- ဆောင်တတ်ပုံကိုလည်း ဤသို့-ဟောကြားတော်မူခဲ့ပါသည်။ ။

ဓမ္မာ- နာမ်တရားတို့သည်၊ မနောပုဗ္ဗင်္ဂမာ- စိတ်လျှင် ရှေ့သွားရှိကုန်၏၊ မနောသေဋ္ဌာ-စိတ်လျှင် အကြီးအမြတ်ရှိကုန်၏၊ မနောမယာ- စိတ်ဖြင့် ပြီးကုန်၏၊ ဣတိ- ထို့ကြောင့်၊ ပသန္နေန-သဒ္ဓါကြည်လင်သော၊ မနသာ-စိတ်ကောင်းစိတ်မြတ်ဖြင့်၊ စေဘာသတိဝါ-အကယ်၍- ပြောမူလည်း ပြောဆိုအံ့၊ စေကရောတိဝါ-အကယ်၍-ပြုမူလည်း ပြုလုပ်ငြားအံ့၊ တတော-ထို-သဒ္ဓါ,ပသန္နာကြည်လင်စွာသော, စိတ်ကောင်း,စိတ်မြတ်ဖြင့်၊ ကြံစီ,ပြောဆို-ပြုလုပ်အားထုတ်ခြင်းဟူသော ကောင်းမှုကြောင့်၊ နံ-ထိုကြံစီ- ပြောဆို ပြုလုပ်သော ပုဂ္ဂိုလ်သို့၊ သုခံ-အနုဝဇ္ဇ, သုခဝိပါကဖြစ်သော-ကိုယ်ချမ်းသာ,စိတ်ချမ်းသာသည်၊ အန္ဒေတိ-အစဉ်လိုက်ပါလေတော့၏၊ ကိမိဝ-ဥပမာပုံဆို ဘယ်လိုပါနည်းဟူမူကား၊ အနပါယိနီ-အရိပ်ရှင်နေ၁က်, တကောက်ကောက်လိုက်လေ့ရှိသော၊ ဆာယာဣဝ-အရိပ်ကဲ့သို့ပင်တည်း။ ။

ဤကား"စိတ္တုပ္ပါဒ-မတ္တမ္ပိ-ကုသလေသု- ဓမ္မေသု- ဗဟူကာရာနံဝဒါမိ" ၁။ ဘာအရ၊ ရတနာသုံးပါး-အာရုံစုံ-ကံ,ကံ၏အကျိုး

ကို- ယုံကြည်ပြီးလျှင်၊ အာဒိကလျာဏ-, အစ၏ကောင်းခြင်း အကျင့်အာစာရ-သီလစသည်တို့နှင့် ပြည့်စုံသောသူတို့၏ စိတ်ကောင်း, စိတ်မြတ်ဖြင့် ကုသိုလ်တရားတို့အား ကြံစီသည်မှစ၍ များစွာသော အကျိုးကို ဖြစ်စေကြောင်း ဟောတော်မူခဲ့ရာ၊ ပြောဆိုပြုလုပ်ရာ၌- ထိုကြည်လင်သော စိတ်ဖြင့်ပြုခြင်းကြောင့်၊ သုခဝိပါက သဘောသည်- အရိပ်ပမာ လိုက်အပ်ပုံကို ပြတော်မူပါသည်။ ထို-ကုသိုလ်အကုသိုလ်ကံနှင့်- အကျိုးဝိပါက- ဖြစ်ရခြင်း၌၊ စိတ္တပစ္စယသတ္တိသည်- ဆန်းကြယ်စွာ ပိုင်နိုင်ချယ်လှယ်တတ်ပုံကိုလည်း "စိတ္တေန နိယတေလောကော" စသည်ဖြင့် ဟောတော်မူပြန်ပါသည်။ ထိုစိတ်၏ ရှေ့ဆောင်ရှေ့ရှုက် အကြီးအမှူးစနက်ကို ထင်ရှားစေလို၍- ပြခြင်း၌- ငါသွင်း၍-မရှုမဖတ်ပါနှင့် စိတ်သည် သတ္တဝါမဟုတ်-ငါလည်းမဟုတ်-ပုဂ္ဂိုလ်အသက်လိပ်ပြာ-မပါရှိသည့်-သဘောနှင့်ကြည့်ပါလေ။

လောကော-သတ္တဝါဆိုတဲ့ လောကကြီးကို၊ (ဝါ) သမုတိသစ္စာ, သမုတ်ရုံသာ မှန်ကန်၍၊ မုသာဝါဒ, ပဋိပက္ခ · မဖြစ်ရန်အကြောင်း, မှန်ကောင်းရုံမျှနှင့်၊ မဖောက်မပြန် မှန်ကန်သော-ပရမတ္ထသစ္စာ, အနေ- ဒိဋ္ဌပဋိပက္ခသဘောတွေ့သာ ဖြစ်သည့်-သတ္တဝါဆိုတဲ့ လောကကြီးကို၊ စိတ္တေန-အာရုံအလီလီကို လှည့်လည်ကြံစီမှု-ဝိတက်အစုစုနှင့်တကွသောစိတ်က၊ နိယတေ-ဆောင်ယူအပ်၏၊ စိတ္တေန-ဆောင်ယူထိစပ်- အာရုံအရပ်ရပ်ကို ရရှိအပ်သော- ကြံသိမှုစိတ်က၊ ပရိကဿတိ- တဏှာနယ်တခို- လိုရာလိုရပ်သို့- ဆွဲဆောင်အပ်၏၊ စိတ္တဿ ဧကဓမ္မဿဝသံ-စိတ်ဆိုတဲ့တရားကလေးတခု၏- အလိုနိုင်ငံသို့၊ သဗ္ဗေဝ-အလုံးစုံကုန်သော

သတ္တဝါ သင်္ခါရတို့သည်၊ အနုဂု–အစဉ်တစိုက်, မပြင်းဆန်နိုင်ဘဲ-လိုက်ပါကြရကုန်၏။

ထိုကဲ့သို့စိတ်ကိုမဆုံးမနိုင်၊စိတ်ကိုမနှိမ်နင်းနိုင်၊စိတ်ကိုစင်ကြယ်အောင်-မသုတ်သင်နိုင်သော သင်္ခါရလောကသဘောမှန်- ပုဂ္ဂိုလ်အမည်ခံ သတ္တဝါတို့သည်- စိတ်၏အလိုနိုင်ငံသို့ လိုက်ကြရကာ၊ ကောင်းကံ-မကောင်းကံ-သင်္ခါရသုံးတန်ကို မြှုံးမိခံရသည့် ငါးပမာ- ထွက်ပေါက်ကို- ရှာမရသော၊ အကြောင်းမကင်း- စိတ်ဝိညာဏ်စာရင်းထဲမှာသာ အသွင်းခံရလျက်- ပဋိသန္ဓေ- မျိုးစေ့ဆက်ဖြင့်- စိတ်ဝိညာဏ်-အဆက်မပြတ်ရပုံကိုလည်း ဤသို့ သိအပ်ပါသေးသည်။

ကမ္မံ–ကုသိုလ်, အကုသိုလ်, ဟုဆိုအပ်သော ပြုလုပ်မှုကံသည်၊ ခေတ္တံ–ပေါက်ပွားစီပင်ရာ- လယ်ယာမြေနှင့် တူ၏။ ဝိညာဏံ–အလိုနိုင်ငံ, လိုက်လံအားထုတ်, အကြောင်းမပြတ်သည့်- စိတ်ဝိညာဏ်သည်၊ ဗီဇံ–မျိုးစေ့နှင့်တူ၏။ တဏှာ–တပ်မက်တွယ်တာဆာလောင်တောင့်တ, တတ်သော တဏှာသည်၊ သိနေဟော–လယ်မြေဝယ်ကျ- မျိုးစေ့ဓါတ်ကို စိုစွတ် ရှင်သန်စေအပ်သော ရေနှင့်တူ၏။

ဤကဲ့သို့ စိတ်ဝိညာဏ်တရားသည်- မျိုးစေ့အသွင်- ဘဝသစ်အယာဉ်ကို- ဖြစ်စေပြန်ခြင်းသဘော၌၊ "စိတ္တေန နီယတေလောကော"အရ၊ ဖန်ဆင်းသကဲ့သို့- ဆောင်နှင်း တတ်ခြင်း တို့၌- အကြောင်းတပါး-မကင်းငြားသောကြောင့် ပါတကားဟု ပိုင်းပိုင်းခြားခြားမသိသော၊ အဝိဇ္ဇာဝိညာဏ်ကြောင့်- အဝိဇ္ဇာကိုမူလပြု၍-ကံနှင့်တဏှာသမုဒယ,လယ်မြေနှင့်ရေတို့တွင်- အဖန်ဖန်ကျနေရသော မျိုးစေ့၏အဖြစ်သို့၊ စိတ်ဝိညာဏ်လှည့်ပတ်လျက်-

ဒုက္ခဇာတ်ခင်းနေရပါတကားဟု စတင်ပြသပြီးသကဲ့သို့၊ဝိညာဏ်, ခြောက်ဖြာ-ဌာန်လေးလွှာနှင့် ဝိပါကမနော- စိတ်သဘောဌာန်တို့ကို အဖန်ဖန်စီစစ်လျက်၊ ဗောဓိပက္ခိယအသင်းဝင်-ဝိမုတ္တိနယ, ဝိသေသ,သဘောသို့-စိတ်ဝိညာဏ်ကို သက်ဝင်စေကာ-သံသရာ၏ အဆုံးကို ပြုနိုင်စေရန် ရှေးရှုကြိုးစားသင့်ပါသည်။

အဲဒီတော့- ဒီစိတ်ဝိညာဏ်တရားရဲ့ သဘောသွားနဲ့- လှည့်ပတ်အပ်, လှည့်ပတ်နေတတ်ပုံတွေကို သိပြီးပြီ။ ဗောဓိပက္ခိယ တရားကိုယ်-စိတ္တုပ္ပါဒ်ငါးမျိုးဆိုတာ, ဘာတွေလဲလို့လဲ-သိပြီးပြီ၊ တသံသရာလုံးက ကံ,နဲ့ကံ၏အကျိုးကို ယုံကြည်ပြီးလာခဲ့တာ,အတောမသတ်တဲ့ သံသရာလို့လဲသိပြီးပြီ၊ တသံသရာလုံးက- အဓိပညာသိက္ခာအမည်မရနိုင်တဲ့- ဈာန်နဲ့,ဈာန်၏အကျိုးကို ယုံကြည်အားထုတ်ခဲ့လို့-မရောက်ဘူးတဲ့ဘုံ,လဲမရှိတော့ဘဲ၊ သုံးဆယ့်တနယ်ထဲက, မထွက်နိုင်တာလဲ သိပြီးပြီ၊ ယခုအတုမရှိကိုးကွယ်ရာ- မြတ်ဗုဒ္ဓနှင့်-ဝိမုတ္တိရသ-အထွဋ်အမြတ်ဖြစ်သည့်-ဉာဏ်လမ်းကနေ၊ဉာဏ်,ဉာဏ်၏အကျိုးကို တကယ်ယုံကြည် ကိုးစားလျက်၊ ကံ,ဈာန်တို့ထက်, အဆပေါင်းများစွာ- အားထားလည်းလျောင်းရာဖြစ်သောလမ်းကို၊ ဒီ၌မျက်မှောက်-စိတ်ဝိညာဏ်နှင့် ဉာဏ်တွေ့ရောက်နိုင်သောအခါကြီးတွင်၊ ဗောဓိပက္ခိယအသင်းဝင်ဖြစ်အောင်၊ ဈာန်-မဂ်-ဖိုလ်-အပ္ပနာ-ဥပစာရ ဝိပဿနာဆိုတဲ့ စိတ္တုပ္ပါဒ်၌သာ- စွဲဆင်ရပ်တည်နိုင်အောင်,ကောင်းစွာမသွေ ကြိုးစားသင့်ပါပေသည်။

ဈာန်သမထကို အဓိစိတ္တသိက္ခာ- မဂ်ပါဒက, အခြေခံအဖြစ်၎င်း၊ ဥပစာရ ဝိပဿနာကို ဣဒ္ဓိပါဒအဖြစ်၎င်း-အားထုတ်သင့်ပါသည်။ ဈာန်,မဂ်,ဖိုလ်,အပ္ပနာတို့မှာ- ဣဒ္ဓိသာမည်ပါသည်-ပါဒက မမည်ပါ၊ ဆန္ဒ စိတ္တ-ဝီရိယ-ဝီမံသ, အဓိပတိ လေးပါးတို့

သည်၊ ဣဒ္ဓိလည်းမည်– ဣဒ္ဓိပါဒလည်း မည်ပါ၏။ ဒီတော့ ပါဒက,မည်သော သမထစျာန်၊ ဣဒ္ဓိရော-ပါဒကပါမည်သော ဥပစာရဝိပဿနာကို၊ အဓိစိတ္တသိက္ခာအတွက်, သမထစျာန်နှင့် ပါဒကပြု၍၊ ဣဒ္ဓိ– ဣဒ္ဓိပါဒမည်သော ဝိပဿနာမဂ်-ဉာဏ်စဉ် မြတ်ကို ရအောင်ကြိုးစားတော်မူပါက၊ ဣဒ္ဓိရောပါဒက နှစ်ပါး စလုံးပြည့်စုံနိုင်ကြောင်းကို ပိုင်းခြားသိလျက်၊ ကောင်းမွန်စွာ ဝိပဿနာ ဘာဝနာအရာ၌-တည်နိုင်ကြပါစေ။

**(မှတ်ချက်)** ဤနေရာ၌၊ အဓိစိတ္တသိက္ခာ-ပါဒကစျာန် စိတ္တုပ္ပါဒ်အရကောက်ကိုရင်း၊ ဝိပဿနာဉာဏအရ-စိတ္တုပ္ပါဒ်ကိုရင်း၊ ကျယ်အံ့စိုး၍ ချုံးခဲ့ပါသည်၊ ရှေ့ပညာပိုင်း၌- သင့်တင့်သမျှ ဖေါ်ပြပေးပါအံ့။

## ''ပီတိသမ္ဗောဇ္ဈင်''

သမ္ပိယာယလက္ခဏာ–နှစ်သက်ခြင်း လက္ခဏာရှိ၏။
ကာယစိတ္တပီဏနရသာ– ကိုယ်စိတ်နှစ်ပါးကို-နှစ်သက်ပြည့်ဖြိုး
စေခြင်းကိစ္စရှိ၏။
ဩဒဂျပစ္စုပဋ္ဌာနာ–တက်ကြွခြင်းကို ဖြစ်စေတတ်သောတရား
ဟု ရှေးရှုထင်၏။

ပီတိ၏ ပဒဋ္ဌာန်ကိုမူ ကျမ်းဂန်တို့၌ ညွှန်းဆိုသည်ကို မတွေ့ရတတ်၊ ကြည်လင်ရှင်လန်း, နှစ်ချိုက်ခဏ်းဖြစ်သောစိတ်ကြောင့် ဖြစ်သည့်–စိတ္တဇရုပ်များပျံ့နှံ့သည်ဖြစ်၍-ပီတိသဘောကို ၅ါးမျိုး ပိုင်းခြားအပ်သဖြင့်- ပဒဋ္ဌာန်လည်း ၅ါးမျိုးပြရမလိုဖြစ်နေရာ၊ အကျိုးတလီထူးမည်မဟုတ်၍ မတွေ့ရချိမ့်မည် ထင်ပါသည်။

## (အဆင့်ဆင့်သာလွန်သော ပီတိ ၅-မျိုးမှာ)

(၁) ခုဒ္ဒိကာ- ကြက်သီး မွေးညှင်း ထရုံမျှ- သေးငယ်စွာ ဖြစ်သော ပီတိ၊

(၂) ခဏိကာ-လျှပ်စစ်လက်သလို၊ ခဏ ခဏ ဖြစ်၍၊ ခဏ ခဏ ပျက်သော ပီတိ၊

(၃) ဩက္ကန္တိကာ- လှိုင်းအိကြီးများ လွှမ်းလာသလို၊ တကိုယ်လုံး ဖုံးလွှမ်းသက်ရောက်သောပီတိ၊

(၄) ဥဗ္ဗေဂါ-မိမိအဟုန်ဖြင့် ကိုယ်ကို အထက်သို့ မြှောက်နိုင်သော ပီတိ၊

(၅) ဖရဏာ-ဥဗ္ဗေဂါထက်ရှည်ကြာစွာ-ကိုယ်ကိုအထက်သို့ မြှောက်နိုင်သော ပီတိ၊

အထက်ပါစေတသိက်၏ လက္ခဏာစသည်တို့နှင့်- ၎ါးမျိုးသော ပီတိသဘောသို့ ဆောင်တတ်ပုံကို ခွဲခြားသိအပ်ပါသည်၊ ပီတိသည် ဆန္ဒကဲ့သို့၊ ကုသိုလ်၊ အကုသိုလ်၊ နှစ်ဘက်ယှဉ်သော စေတသိက်ဖြစ်ပါသည်၊ ဗောဓိပက္ခိယ အသင်းအပင်းဝင်၊ ဗောဇ္ဈင်္ဂ အဖြစ်ရှင်း၊ ဈာန်အင်္ဂါအဖြစ်ရှင်း၊ ဝိပဿနာ ဥပက္ကိလေသ အဖြစ်ရှင်း ပါဝင်သောတရား ဖြစ်ပေသည်။

ပီတိ၏လက္ခဏာ အစရှိသောသဘောသည်၊ ကုသိုလ်၊ အကုသိုလ်တို့၌- ရောနှောတတ်၍၊ အမျိုးအစား (၅) ပါးရှိသော အချင်းအရာ သဘောတို့မှာ၊ ဈာန်အင်္ဂါ အတွင်း၌- အလုံးစုံ အကျုံးဝင်ပြီး၊ နိကန္တိနှင့်ယှဉ်ရာတွင်- ဝိပဿနာ အညစ်အကြေး အားဖြင့် ဖြစ်တတ်လေသည်၊ ဝိမုတ္တိရသကို- သုံးဆောင်လိုသော သူတို့အဘို့၊ ပီတိကို ဗောဇ္ဈင်္ဂ-ပါမောဇ္ဇပီတိကိုသာအလိုရှိအပ်၏။

အဘယ်ကြောင့် ဆိုသော်၊ "စတုသစ္စဓမ္မေ- သုဋ္ဌု ဗုဇ္ဈတီတိ သမ္ဗောဓိ၊သမ္ဗောဓိယာအင်္ဂေါ် သမ္ဗောဇ္ဈင်္ဂေါ"ဟူသော ဝစနတ္ထ အရ။ ။စတုသစ္စဓမ္မေ-လေးပါးသောအရိယသစ္စာတရားတို့ကို သုဋ္ဌု-ကောင်းစွာ၊ ဗုဇ္ဈတိ- သိမြင်တတ်၏၊ ဣတိ- ထို့ကြောင့်၊ သမ္ဗောဓိ- သမ္ဗောဓိမည်၏၊သမ္ဗောဓိယာ-မဂ်ဉာဏ်၏၊ အင်္ဂေါ- အတောင်အလက်ပမာ အင်္ဂါသည်၊ သမ္ဗောဇ္ဈင်္ဂေါ- သမ္ဗောဇ္ဈင် မည်၏။

မှန်ကန်ပေ၏၊ သတိ,ပီတိ,ပဿဒ္ဓိအစရှိသော ဗောဇ္ဈင်တရား (၇)ပါးတို့သည်၊ မဂ်ဉာဏ်၏အတောင်အလက်ပမာ ဖြစ်ခြင်းကို ဤသို့သိအပ်၏။ သံသရာခရီးသွား- ပုထုဇဉ်များတို့သည်၊ ဥမှ ပေါက်ဖွား,ငှက်များပမာ-အမိငှက်မ၏ ဝမ်းမှ ဥအဖြစ် တကြိမ် ဖွားရ၍၊ ဥမှတဖန် အကောင်ပေါက်ရပြန်ပေသည်။ အကောင်မှ တဖန်- အတောင်အလက် စုံလင်သောအခါကျမှ- လိုရာလိုရပ်သို့ ပျံသန်းသွားလာနိုင်သကဲ့သို့၊ ပုထုဇဉ်အဖြစ်မှ အာဒိကလျာဏ, သီလဝိသုဒ္ဓိနှင့် မဇ္ဈေကလျာဏ-စိတ္တဝိသုဒ္ဓိဖြစ်ခါ- တကြိမ်ပေါက် ဖွားရပြီး၊ တဖန် ဝိပဿနာ သမ္မာဒိဋ္ဌိဉာဏ်အမြင်မှန်နှင့်, ဒိဋ္ဌိ ဝိသုဒ္ဓိစခန်း- ပရိယောသာန, ကလျာဏတန်းအရောက်- ထပ်မံ ပေါက်ဖွားရပြန်ကာ၊ ထိုနောက်တဖန် ဗောဇ္ဈင် (၇) ပါး- ပြီး မြောက်ခြင်းဟု ဆိုအပ်သော မဂ်ဉာဏ်အတောင်, အလက်စုံညီ ပါမှ၊ လိုရာလိုရပ်- နိဗ္ဗာန်မြတ်သို့- ပျံသန်းနိုင်မည် ဖြစ်ရာ၊ ဗောဇ္ဈင် တရားများကို-အတောင်အလက်ပမာအားဖြင့် ထင်ရှား သိမှတ်-အားထားအပ်ရာပါသည်။

ဒီတော့– ဗောဓိပက္ခိယအသင်းဝင်- ဗောဇ္ဈင်- အင်္ဂါနှင့်အညီ၊ ပီတိကို-အလိုရှိအပ်ကြောင်း ထင်ရှားပြီဖြစ်ပါ၍၊ အကုသိုလ်အမှု

တွင် လေးနက်သော- အဖြစ်၏- အဖြစ်သို့ မသက်ဝင်စေရန်၊ ဒီနှစ်သက်ရွှင်လန်း-တက်ကြွမှု ပီတိငြိမ်းဖြင့် မပြုမိရန်ငှင်း၊ကုသိုလ် အမှုတွင်သာ-နှစ်သက်ရွှင်လန်း-တက်ကြွမှုပီတိငြိမ်းကို ပါဝင်စေ ရန်ငှင်း၊ မဟာဂ္ဂုတ်ကံ-စျာန်ကုသိုလ်တွင် ပါဝင်မည့် ပီတိကိုလည်း အဓိစိတ္တာသိက္ခာ၌ယှဉ်စေရန်ငှင်း၊ ဗောဇ္ဈင်္ဂ အင်္ဂါအဖြစ်- ပါမောဇ္ဇ ပီတိကိုသာ ရရှိအောင်ကြိုးစားပြီးလျှင်၊ နိကန္တိယှဉ် ဝိပဿနာ- ဥပက္ကိလေသ ပီတိသဘောသည်လည်း အကုသိုလ်မဟုတ်စေကာ မူ၊ ဝိပဿနာနှင့် ဗောဇ္ဈင်္ဂအင်္ဂါညစ်ညူးစရာ အကြောင်းအဖြစ် ကို ကောင်းစွာဝေဘန်-အသိမှန်ရအပ်ပြီဖြစ်၍၊ ပီတိသမ္ဗောဇ္ဈင် စစ်စစ်ကို ဆည်းပူးကြိုးကုတ်အားထုတ်သင့်ပါသည်။

ထိုသို့သော ဗောဇ္ဈင်ပီတိကို အလိုရှိအပ်ကြောင်း- ဓမ္မပဒ ပါဠိတော်၌၊ မြတ်စွာဘုရားသည်- ဗောဇ္ဈင်္ဂအင်္ဂါအညီအညွတ် ဝင်ခါ- တရားရပုံ၏တန်ဘိုးကို ဤသို့ ဟောကြားတော်မူခဲ့ပါ သည်။

သုညာဂါရေ ပဝိဋ္ဌဿ၊ သန္တစိတ္တဿ ဘိက္ခုနော၊
အနုမာသီရတိ ဟောတိ၊ သမ္မာဓမ္မံ ဝိပဿတော၊
ယတော ယတော သမ္မသတိ၊ ခန္ဓာနံ ဥဒယဗ္ဗယံ၊
လဗ္ဘတိ ပီတိပါမောဇ္ဇံ အမတန္တံ ဝိဇာနတံ။ ။

သုညာဂါရေ-ဆိတ်ငြိမ်ရာအရပ်၌၊ ပဝိဋ္ဌဿ-တည်နေသော၊ သမ္မာ-ကောင်းစွာ၊ ဓမ္မံ- ရုပ်နာမ်ဓမ္မ သင်္ခါရတရားကို၊ ဝိပဿ တော- အထူးရှုမြင်ရသည်ဖြစ်၍၊ သန္တစိတ္တဿ- ငြိမ်းချမ်းသော စိတ်ရှိသော၊ ဘိက္ခုနော- ယောဂီရဟန်းအား၊ အနုမာသီ- လေး ကျွန်းသော်ဌနင်း စကြာမင်း၏ စိတ်ပျော်မွေ့ခြင်းထက်, လွန်ကဲ

သော၊ ရတိ- ရှင်ပျော်ချမ်းမြေ့ စိတ်ပျော်မွေ့ ခြင်းသည်၊ ဟောတိ-ဖြစ်၏။

ယတော ယတော- အကြင်၊ အကြင်၊ ကရဇကာယမှ၊ ခန္ဓာနံ- ရုပ်နာမ်ခန္ဓာတို့၏၊ ဥဒယဗ္ဗယံ-ဖြစ်ခြင်းပျက်ခြင်းကို၊ သမ္မသတိ- ကောင်းစွာသုံးသပ်၏၊ အမတန္တံ-အမြိုက်နိဗ္ဗာန် ချမ်းသာစုကို၊ ဝိဇာနတံ- သိနိုင်ကြကုန်သော ယောဂီပုဂ္ဂိုလ်တို့အား၊ တတော တတော- သုံးသပ်ရာတိုင်း၊ သုံးသပ်ရာတိုင်းမှ၊ ပီတိပါမောဇ္ဇံ- တဏှာကင်းရှင်း- ရှင်လန်းဝမ်းမြောက်ခြင်းကို၊ လဗ္ဘတိ- ရနိုင်လေသတည်း။ ။

အထက်ပါ- ရှင်လန်းဝမ်းမြောက်မှုပန်းကို- ဆင်မြန်းတော်မူနိုင်ကြရန်မှာ၊ ဗောဓိပက္ခိယ စစ်စစ်ဖြစ်သော- မဂ္ဂင်ရှစ်တန် အကျင့်မှန်- သမ္မာပဋိပတ်-အကျင့်မြတ်ဖြစ်ကြောင်းကို ကောင်းစွာသိမြင်လျက်၊ ဗောဇ္ဈင်အင်္ဂါတို့နှင့် ညီညွတ်စွာ သက်ဝင်နေသော- ဝိပဿကပုဂ္ဂိုလ် ယောဂီထိုထိုတို့၌၊ ဤပီတိသမ္ဗောဇ္ဈင်သည်- သုံးအင်သော ဌာနတို့၌၊ ရှင်လန်းဝမ်းမြောက်ခြင်း- ပါမောဇ္ဇပီတိကို ရရှိကြမည်ဖြစ်ပေသည်၊ ထိုသုံးအင်သော၊ အကျိုးသက်ရောက်မှုတို့မှာ....၊

(၁) ဥဒယဗ္ဗယဉာဏ်ကို- ဗောဇ္ဈင် အင်္ဂါတို့နှင့်အညီ ပွားများနိုင်ပြီဆိုပါက၊ သတိပဋ္ဌာနပြုရမည့်- တရားထူးအတွက်- စိတ်အေးငြိမ်း ဝမ်းမြောက်ရခြင်းတပါး။

(၂) နိစ္စနိမိတ်၊ သုခနိမိတ်၊ အတ္တနိမိတ်၊ သုဘနိမိတ်တို့မှ၊ ကင်းစင်မှုအတွက်- ဥဒယဗ္ဗယဉာဏ် ရင့်သန်လာလေ၊ လေ၊ အနိမိတ္တ၊ အပ္ပဏိဟိတ၊ သုညတ၊ ပညာသမာဓိ

သဘောကို မဂ်မျိုးစေ့အဖြစ် ရခြင်း၌- စိတ်အေး, ဝမ်းမြောက်ရခြင်းတပါး။

(၃) လောကုတ္တရာမဂ်ရကြောင်း၏- ကေန်အကြောင်းမှန်-ဝိပဿနာမဂ်အခြေခံ မြဲမြံရေးအတွက်၊ ကာယိကဝီရိယ စေတသိက ဝီရိယကို၊ သမ္မာဒိဋ္ဌိလမ်းမှ- ချိတ်ခြင်းအတွက်- မကျရောက်ရတော့ပြီဖြစ်၍- စိတ်အေး ရှင်လန်း ဝမ်းမြောက်ရခြင်းတပါး။

ဤသို့၊ ဘာဝနာရတိဖြင့်- ပါမောဇ္ဇ ပီတိ သမ္ဗောဇ္ဈင်ကို-ဩပနေယျိကဂုဏ်မြောက်အောင်, ကျင့်ဆောင်နိုင်သောယောဂီသည်၊ အထက်ပါ- စိတ်အေးဝမ်းမြောက်ရခြင်း သုံးဌာနကို အရင်းတည်၍၊ အနမတဂ္ဂ သံသရာတခွင်မှာ၊ အိမ်မက်တွင်မျှ မမက်နိုင်ခဲ့ဘူးသေးသော- နိဗ္ဗာနဓာတ်ကြီးကို ခိုလှုံမျက်မှောက်ပြုနိုင်ခွင့် ကေန်ရတော့မည်ဟု- ပီတိ-ပါမောဇ္ဇ-ရတိ-ခန္တိ-နှစ်ချိုက်, ဝမ်းမြောက်, မွေ့လျော်, တင့်တယ်သော သဘောဥာဏ်တို့နှင့်- သဒ္ဓါဓိမောက္ခတိုင်- ဆုံးဖြတ်ယုံကြည်နိုင်ခြင်းသည် ဖြစ်တော့၏၊ထိုမှတတန်-စိတ်,စေတသိက်တို့၏ ဗျာပါမများ ပူပန်ခပ်သိမ်းများမှလည်း ငြိမ်းရသည်ဖြစ်၏။ ထိုသို့- ပူပန်ခပ်သိမ်း, အေးငြိမ်းသည်ဖြစ်၍၊ အနိမိတ္တသမာဓိ- အပ္ပဏိဟိတသမာဓိ- သုညတ, သမာဓိတို့၏-အထွဋ်အထိပ်သို့ ရောက်ပြီးလျှင်၊ သုံးပါးသော,အနိမိတ္တ စသည်တို့သည်၊ ဝိမောက္ခမုခ၏ အဖြစ်သို့ ရောက်၏၊ ထို့ကြောင့်-သတိအတွက်ကြောင့်ကြရမှု- ဝီရိယအတွက် ကြောင့်ကြစိုက်ရမှု၊အနိမိတ္တ,အပ္ပဏိဟိတ,သုညတသမာဓိတို့အတွက်ကြောင့်ကြစိုက်ရမှုတို့မှ၊ကင်းစင်သော- ဥပေက္ခာအထူး-သင်္ခါရုပေက္ခာဥာဏ်

ဆိုသည့်-သခ်ါရကို လျစ်လျူပြု၍- သခ်ါရမှလွတ်ခြင်းကိုရှုလျက်၊ ဥပေက္ခာ,သမ္ဗောဇ္ဈင်အင်္ဂါနှင့်တကွ၊ ဗောဇ္ဈင် (၇) ပါးတို့သည် အကြင်, လောကုတ္တရာမဂ်နှင့် လျော်သည်ဖြစ်၍၊ ညီညွတ်ပြည့်စုံခြင်းသို့ရောက်ရသည်ဖြစ်အံ့၊ ဤအခါ၌ အတောင်အလက်ပြည့်စုံသော ငှက်ငယ်၏လိုရာလိုရပ်သို့ ပျံသန်းနိုင်ဘိသကဲ့သို၊ ပဋိဝေဓဒဿနသစ္စာကြိယ-ကိစ္စကြီးပါ-ပြီးမြောက်ခြင်းသို့ ရောက်ရတော့သည်။

ဤကဲ့သို ဗောဇ္ဈင် (၇) ပါး ပွားများ ညီညွတ်ခြင်းသည်လည်း၊ မဂ္ဂင်ရှစ်တန်-အကျင့်မှန်-ပွားများညီညွတ်ခြင်းနှင့် ဗောဓိပက္ခိယ- အသင်းအပင်းချင်း တူသည်ဖြစ်ရာ၊ ရှေ့နောက်မကွာကျင့်ဆောင်ရာတွင် တပါးထည်း ပါဝင်သောတရားတို့သာလျှင်ဖြစ်၍၊ မဂ္ဂင်အဘို့အတွက် မဗ္ဗျိမပဋိပဒါဖြစ်မှု-အထူးကြောင့်ကြမစိုက်ရဘဲ၊ ဗောဇ္ဈင်အဘို့- မှီရာနိဿိတ, အရေးကြီးသည်ဖြစ်ပုံကို ဗောဇ္ဈင် ဝိဘင်းအဋ္ဌကထာ၌ ဖွင့်ဆိုပါသည်၊ ၎င်းတို့မှာ....

ဝိဝေကနိဿိတံ-ပလိဗောဓခပ်သိမ်း, ကင်းငြိမ်းဆိတ်ငြိမ်ရာကို မှီသော၊ ဝိရာဂနိဿိတံ- ရာဂကင်းငြိမ်းရာကို မှီသော၊ နိရောဓနိဿိတံ- ဝဋ္ဋဒုက္ခခပ်သိမ်း, ကင်းငြိမ်းရာကို မှီသော၊ ဝေါဿဂ္ဂပရိဏာမိံ- ဥပဓိ လေးပါး စွန့်ငြိမ်းခြင်းကို မှီသော၊ သတိသမ္ဗောဇ္ဈင်္ဂံ- သတိသမ္ဗောဇ္ဈင် အစရှိသည်တို့ကို၊ ဘာဝေတိ-ပွားများအားထုတ်ကြရာ၏-ဟု- လာရှိသည်နှင့်အညီ-ကျင့်ဆောင်နိုင်ရန်- မဂ်စေတနာ,နေက္ခမသက်ပွနှင့်-မပြတ်သတိ, ပညာယှဉ်ဘိလျက်၊ မဂ်ဝင်,ဖိုလ်ဝင်, နိဗ္ဗာန်မြင်အောင် ကြိုးစားနိုင်ကြပါစေသတည်း။ ။

# “ပဿဒ္ဓိသမ္ဗောဇ္ဈင်- ကာယ,စိတ္တ, ပဿဒ္ဓိ”

| | | |
|---|---|---|
| ကာယစိတ္တ ဒရထ ဥပသမလက္ခဏာ | } | စေတသိက်ပူ-စိတ်ပူတို့၏ ငြိမ်းအေးခြင်း လက္ခဏာရှိ၏။ |
| နိဒ္ဒမန ရသာ.... | = | ဥဒ္ဒစ္စပြင်းသော ကိလေသာတို့ကို နှိမ်နင်းခြင်းကိစ္စရသရှိ၏။ |
| သန္တသီတိ ဥပဋ္ဌာနကာ | = | ငြိမ်သက် အေးမြသော တရားဟု ယောဂီ၏ဉာဏ်တွင် ရှေးရှုထင်၏။ |
| ကာယ,စိတ္တ ပဒဋ္ဌာနာ | = | စေတသိက်အပေါင်းနှင့် စိတ်လျှင် နီးစွာသော အကြောင်းရှိ၏။ |

ဤပဿဒ္ဓိသမ္ဗောဇ္ဈင်၌- တရားကိုယ်သည်၊ ကာယပဿဒ္ဓိနှင့် စိတ္တပဿဒ္ဓိစေတသိက်နှစ်ပါးဖြစ်၏။ ကာယပဿဒ္ဓိကို စေတသိက် နာမ်,နာမကာယအပေါင်းကို ယူအပ်၏၊ စိတ္တပဿဒ္ဓိကို- စိတ်နာမ်ကာယကို ယူအပ်၏၊ ဤနေရာ၌- အချို့ ကိုယ်စိတ်တို့၏ငြိမ်းခြင်းကို ယူပြီးလျှင်၊ ရူပကာယကိုပါ- ကိုယ်ကာယကလေးတွေကလဲ ငြိမ်းအေးလို့ စသည်ဖြင့် ယူတတ်, ပြောဆိုတတ်ကြပါသည်။ ဤသို့ ရူပကာယကို ယူခြင်းသည် မှုချအားဖြင့်မသင့်၊ အချို့သဘော၌မူ- လုံးဝမသင့်သည်ကား-မဟုတ်၊ စေတသိက်, စိတ်တို့ငြိမ်းအေးလျှင်၊ စိတ္တဇရုပ်တို့လည်း ငြိမ်းအေးခြင်းဖြစ်ရမည့် အကျိုးဆက်ရှိရကား- လုံးဝမသင့်သည်မဟုတ်ဟု- မလျော့မတင်းကြံစီခြင်းပြုကြကုန်၏၊ (ဤမလျော့မတင်းသဘောကား-

သာမညပစ္စဝေက္ခဏာ, အခိုက်၌သာ ဖြစ်သင့်၏၊ ဘာဝနာဘိ-
သမယအခါ၌ကား- မူလတရားကိုယ်မှတပါး-ပို၍မယူအပ်,မထင်
မြင်အပ်)တရားကိုယ်မှာ-နာမ်တရားချည်းသာဖြစ်ရာ၊ စေတသိက်
ပူဖြစ်သော-ဥဒ္ဓစ္စကိလေသာပူ-ဆန့်ကျင်ဘက်မှ-ထွက်မြောက်သည်
ဖြစ်၍၊ စိတ်အေးငြိမ်းမှုဖြစ်ခြင်း၌ စေတသိက်ပါ အေးငြိမ်းရ
လျှင်၊ စိတ္တဇရုပ်တွေလည်း အေးငြိမ်းရမည့် သဘောဖြစ်ရာ၊
စိတ်တို့၏ အေးငြိမ်းခြင်း၊ စေတသိက်တို့၏ အေးငြိမ်းခြင်းကို
မဆန့်ကျင်မှု၍၊ အလိုက်သင့်ရှိသဘောကိုမူ၊ ဗောဇ္ဈင်စုံညီ ဖြည့်
တင်းနိုင်သည့် မျက်မှောက်အခါ၌- အမှန်ဉာဏ်ရောက်ရှိမိက-
မယုတ်မလွန်-အမွန်အထူမရှိ-ယူနိုင်ဘိက- ဆိုဘွယ်ရာရှိမည် မထင်မိ
ပါပေ။

သို့သော်– ဤပဿဒ္ဓိစေတသိက်နှစ်ပါးသည်၊ ကုသလရာသိ,
သောဘဏအားဖြင့် ကုသိုလ်နှင့်တကွ-တင့်တယ်သော စေတသိက်
ဖြစ်ပါသည်။ ထို့ကြောင့်-နိကန္တိတဏှာနှင့် ယှဉ်သော ဝိပဿနု
ပက္ကိလေသ တရားတို့၌၊ ပဿဒ္ဓိကို ပြရာဝယ်၊ ပဿဒ္ဓိက,ကုသိုလ်
တရားသာဖြစ်ပြီး၊ နိကန္တိသည်သာ,အကုသိုလ်တရားဟု ပိုင်းခြား
သိအပ်၏၊ထိုဥပက္ကိလေသ, ပဿဒ္ဓိဖြစ်ခိုက်၌၊ ယောဂီပုဂ္ဂိုလ်သည်၊
စေတသိကနာမကာယနှင့် စိတ္တနာမကာယထက်၊ စိတ္တဇရုပ်၏
အေးငြိမ်းခြင်းကို ဗလဝအာရုံပြုပြီး သော်မနဿဝေဒနာစုဖြစ်
မိပုံကြောင့်၊ ဥပက္ကိလေသ အဖြစ်သို့ သက်ဝင်သွားတတ်ခြင်း
ဖြစ်ပါသည်၊ ဘာကြောင့်ဆိုသော်၊ ရူပကာယ၏ အေးငြိမ်းမှု
အပေါ်သို့- စိတ်ရောက်သွားပြီး- သပ္ပီတိကဖြစ်လျက်- ဥဗ္ဗေဂါ
ပီတိအထိ တက်သွားပါက၊ အကြောင်းခံ- ပဿဒ္ဓိသဘောကို-
နိကန္တိတဏှာယှဉ်ဝင်လာပြီးလျှင်၊ ဥပက္ကိလေသအဖြစ်သို့ ကူ

ရောက်တတ်ပုံကို တွေ့ရှိနိုင်ခြင်းကြောင့် ဖြစ်ပေသည်။ ။မှန်ပါ၏၊ ထိုဘာဝနာဘိသမယအခါသည်၊ တရုဏဥဒယဗ္ဗယဉာဏ် ဖြစ်ခိုက်အတွင်းတွင်ရှိရာ၊ ပဿဒ္ဓိဖြစ်လာ၍- ရုပကာယအေးငြိမ်းမှုဆီ စိတ်ရောက်သွားပါက "ဖြစ်ပျက်" ဉာဏ်မြင်ပျောက်၍ သွားသဖြင့် ရုပကာယ ငြိမ်းအေးမှုနောက်ကိုလိုက်ခါ၊ နိကန္တိ တဏှာ- တွယ်စရာ- ဖြစ်လာစရာအဖြစ်မှ မလွတ်နိုင်တော့ခြင်းကြောင့် ဖြစ်ပေသည်။

ထိုသဘောတို့မှ ကင်းလွတ်၍၊ ပဿဒ္ဓိသမ္ဗောဇ္ဈင်စစ်စစ်မှန်မှန် ဖြစ်ရန် ဉဒယဗ္ဗယဉာဏ်နုနယ်ခိုက်၌၊ပဿဒ္ဓိသမ္ဗောဇ္ဈင်တရားကိုယ်မှန်-စေတသိက်,စိတ်တရားတို့၏ ငြိမ်းအေးခြင်း သဘောကိုသာ နှလုံးပိုက်ထားလျက်၊ သတိက- ဝိပဿနာဉာဏ်ထက်၌ မြဲမြံနေသလို၊ ပဿဒ္ဓိ သမ္ဗောဇ္ဈင်သည်လည်း ယှဉ်ကပ်လျက်၊ ထပ်ချပ်မကွာ ရင့်သန်လာပါကမူ၊ အထက်ကပြခဲ့သော ပီတိသမ္ဗောဇ္ဈင်လည်း စစ်မှန်တည်တန့်၍လာပါက၊ ဉပေက္ခာ သမ္ဗောဇ္ဈင်သို့ အညီအညွတ်သက်ဝင်ရပါသည်။

ထိုကဲ့သို့မဟုတ်ဘဲ ပီတိကလည်း သပ္ပီတိက ဉဗ္ဗေဂါမျိုး အဖြစ် အခြေခံလျက် ပါမောဇ္ဇပီတိ မခိုင်မြဲခဲ့ပါလျှင်၊ ပဿဒ္ဓိသည်- သမ္ဗောဇ္ဈင်အရာသို့ မသက်ဝင်နိုင်တော့ဘဲ၊ ဉပက္ကိလေသ-ဘက်သို့သာ နိကန္တိအမျိုးရှိသော သြဘာသ,ပဂ္ဂဟ အစရှိသည်တို့နှင့် အဖော်လိုက်၍- ပဿဒ္ဓိတရားသည်- ဗောဓိပက္ခိယအသင်းအပင်း, အတောင်အလက်အဖြစ်မှ၊ ဝိပဿနာမဂ်၏ ညစ်ညူးခြင်းအဖြစ်သို့- သက်ဆင်း ကျရောက်သွားတတ်သည်ကို- သတိချပ်အပ်ရပါသည်။

အကယ်၍- လမ်းမှန်ဖြောင့်ဖြူး- ညစ်ညူးခြင်းကင်းစေသော သဿဒ္ဓိသမ္မောဇ္ဈင်မျိုးသာ ယောဂီမှာပြည့်စုံပါက၊ ဝိပဿနာ, ဘာဝနာမဂ်၌၊ ဘာဝနာရတိ ကေန်ရှိလျက်၊ အထက်၌ပြခဲ့သော ကြောင့်ကြစိုက်ရ- ဗျာပါရစိုက်ရမှု (၃)ခုသောတရားတို့၌၊ မတုန်မလှုပ်သည်ဖြစ်၍၊ လောကုတ္တရာမဂ်ကို- ဖြောင့်တန်းစွာ လှမ်း-အရိယာတို့၏ ဘဝါးခြေတော် မြန်းချရာသို့- ထပ်ချပ်မကွာ, လိုက်ဆဲ,လိုက်မြဲ- ကေန္တဖြစ်၍၊ မဂ်ဉာဏ်, ဖိုလ်ဉာဏ်ကို-ရဆဲ, ရလတံ့သော၊ "အရိယာဘူမိ-အရိယာဂေါတ္တံ" ဘုရား အဆုံးအမ, နာခံနိုင်သူအဖြစ်သို့- ရောက်အပ်ခြင်းကြောင့်= ရောက်နေခြင်းကြောင့်၊ ဝမ်းမြောက်ဘွယ်မဆုံးပါသဖြင့် ဝိပဿနာ ဘာဝနာ, ကြွယ်ဝစွာ- ကျင့်သုံးနိုင်ကြပါစေဟု- ဆန္ဒမြတ် ပြုလိုက်ရပါသည်။ ။

# "ဥပေက္ခာ သမ္ဗောဇ္ဈင်"
## (တတြမဇ္ဈတ္တာ)

သမဝါဟိတ, လက္ခဏာ=သမ္ပယုတ်တရားတို့ကို၊ မိမိတို့ကိစ္စ၌ ညီမျှအောင် ဆောင်စေခြင်းလက္ခဏာရှိ၏၊

ဥနာဓိက ဝါရဏရသာ=လီနုဒ္ဓတ, ဟူသော- လွန်ကဲသည်-ယုတ်လျော့သည်၏အဖြစ်ကို တားမြစ်ခြင်းကိစ္စရသရှိ၏၊

မဇ္ဈတ္တဘာဝ ဥပဋ္ဌာနာ= အလယ်အလတ် အားဖြင့် ဖြစ်စေတတ်သော တရားဟု- ဉာဏ်အား ရှေ့ရှုထင်၏၊ (တနည်း)လျစ်လျူရှုခြင်းဟုထင်၏၊ လျစ်လျူရှု

ဆိုရာ၌ စွန့်ပယ်ထားခြင်းကို မမှတ်ရ၊ အသင့်ရှု နေသကဲ့သို့- ဆိုင်ရာကိစ္စ၌၊ ညီညီမျှမျှရွက်ဆောင် ကြသော တရားတို့ကို၊ လွန်ကဲ အောင်လည်း ဗျာပါဒမဖြစ်စေ-ယုတ်လျော့အောင်လည်း ဗျာပါဒမဖြစ်စေဘဲ၊ သင့်တင့်သောအားဖြင့်- ရှုနေခြင်းကို ဆိုလိုသည်ဟုမှတ်၏။

## "ဥပေက္ခာ-ဝေဒနာဘောဒအခရ"

မဇ္ဈတ္တဝေဒယိတလက္ခဏာ= အလယ် အလတ်ဖြစ်သော အာရုံကို ခံစားခြင်းလက္ခဏာရှိ၏၊

သမ္ပယုတ္တာနံ နာတိဥပဗြူဟန မိလာပန ရသာ= ယှဉ်ဘက်တရားတို့ကို၊ မပွား, မတိုး, မညှိုးမနွမ်းစေခြင်း ကိစ္စရသရှိ၏၊

သန္တဘာဝပစ္စုပဋ္ဌာနာ= ငြိမ်သက်ခြင်း, အချင်းအရာရှိသည်ဟု ဉာဏ်အားရှေ့ရှုထင်၏၊

နိပ္ပီတိက စိတ္တ ပဒဋ္ဌာနာ= ပီတိကင်းသော စိတ်လျှင် နီးစွာသော အကြောင်းရှိ၏။

အထက်ပါ- ဥပေက္ခာသမ္ဘောဇ္ဈင်၌၊ တရားကိုယ်သည် တတြမဇ္ဈတ္တာစေတသိက်ဖြစ်ပြီး၊ ဥပေက္ခာအမည်သက်သက်၌မူ- စိတ်၌ဖြစ်သော (၀၁) စိတ်နှင့်အတူ ဖြစ်သော- ဝေဒနာတရားတို့ကို ကွဲပြားအောင် ပိုင်းခြား၍ပြသော-ဥပေက္ခာတရားဟုရင်း၊ ယင်းဥပေက္ခာသည်ပင်လျှင်-မဟဂ္ဂုတ်စျာန်တရား၌- ပဥ္စမစျာန်နှင့် ယှဉ်သော ဥပေက္ခာတရားအဖြစ်ရင်း၊ ဝိပဿနာ၌- ဝိပဿနု

ပေက္ခာအဖြစ်ရှင်း–သင်္ခါရုပေက္ခာဉာဏ်အဖြစ်ရှင်း၊ ဝိဋ္ဌာနဂါမိနီ ဝိပဿနာဖြင့်- ပယ်အပ်သောအဖြစ်၌ရှင်း၊ ဆောင်နှင်း အကျွမ်း ဝင်တတ်သော ဥပေက္ခာ-သဘောများဟု ပိုင်းခြားသိရပါမည်။ ထိုမျှမကသော- အာရမ္မဏုပေက္ခာ အစရှိသည့် ဥပေက္ခာသဘော တို့ကို ဗောဓိပက္ခိယအဘိုး၌- ရှုပ်ထွေးမည်စိုး၍ ချန်လှပ်ခဲ့ပြီးလျှင် သမ္ဗောဇ္ဈင်္ဂဝင်-ဥပေက္ခာနှင့် ဝိပဿနာဆိုင်ရာ ဥပေက္ခာသဘော သွားတို့ကိုသာ- မကျဉ်းမကျယ်မျှ- ဆက်လက် ပြဆိုပေးသွား ပါမည်။

ယခု-ဥပေက္ခာ သမ္ဗောဇ္ဈင်သို့-သက်ဝင်ပုံကို မပြခင်၊ တတြ မဇ္ဈတ္တာ- စေတသိက် အရင်းခံဖြစ်သော- ဥပေက္ခာတရားသည်၊ မိမိအမည် သီးခြားအားဖြင့် စိတ်တို့ကိုဝေဘန်ရာ၌၊ ဝေဒနာ= အသာ, အနာ, ခံစား, စံစား, ရခြင်းသဘောနှင့် အသာ,အနာ, မဟူ အလယ်အလတ်ခံစားရတတ်ခြင်းသဘောကိုယူ၍၊ ဥပေက္ခာ အမည်ဖြင့်- အများနှင့် မဆက်ဆန်- တမူထူးခြား- ဝိသေသ အရာ အားဖြင့်- ပိုင်းခြားပြအပ်သောတရားအဖြစ်ပါဝင်ရာတွင်၊ စေတ သိက်နာမည်ပင်,မယူစေတော့ဘဲ- ဥပေက္ခာအမည်မျှဖြင့် အခိဝ စန်ရကာ- ပိုင်းခြားမှုပြုခြင်းကို တွေ့ရှိနိုင်ပါသည်။ စိတ်,ဝေဒနာ တို့ကို တခုနှင့်တခုမတူ-တမူထူးခြား,ဝိသေသနအားဖြင့် ကွဲပြား သမျှ ခွဲခြားပြသတော်မူသော- သဗ္ဗညုတဉာဏ်တော်မြတ်ကြီး ကြောင့်သာ၊ ဤကား-လောဘမူလစိတ်၊ ဤကား-ဒေါသမူ၊ ဤကား-မောဟမူ၊ ဤကား- ကုသလဝိပါက်စိတ်–အကုသလ ဝိပါက်စိတ်၊ မဟာကုသိုလ်စိတ်၊ မဟာကြိယာစိတ်၊ ဤကား- ရူပဝိပါက်–ရူပကုသိုလ်-ရူပကြိယာစိတ်၊ ဤကား- အရူပဝိပါက်- အရူပကုသိုလ်–အရူပကြိယာစိတ်၊ ဤကား- လောကုတ္တရာ-မဂ္ဂ-

ဖလ-စျာန်- သမာပတ်- နိရောဓသမာပတ်- နိဗ္ဗာန်ဓါတ်သဘော-
တည်းယူသော စိတ်နာမ်အမျိုးမျိုးတို့ကို၊ အကျိုး့အကြောင်းကြိ
ယာ၊ ကုသလာဓမ္မာ-အကုသလာဓမ္မာ-အဗျာကတာဓမ္မာ-ဟုရင်း၊
သင်္ခတာဓမ္မာ-သင်္ခါရာဓမ္မာ- အသင်္ခတာဓမ္မာဟုရင်း၊ ဒုက္ခ-သမု
ဒယ-နိရောဓနှင့် မဂ္ဂတဖြာ လေးသစ္စာသဘောကိုရင်း၊ လောကီ
ပညာ, လောကီမဂ်၊ လောကုတ္တရာပညာ, လောကုတ္တရာမဂ်၊
အကျိုးဖလနှင့် ကြောင်းကျိုးပြတ်ရာ နိဗ္ဗုတာသဘောတို့ကို
ရင်း၊ ဆန္ဒ-စိတ္တ-ဝီရိယ-ပညာ၊ လေးဖြာအဓိပတိ၊ သတိသမ္ပဇည
ရှိကြသည့်သူ-သာသနိက ပုဂ္ဂိုလ်ဟူသမျှ-အလေးအမြတ်ပြု-ဆည်း
ပူးကြိုးကုတ်နိုင်မှုဖြင့် ကောင်းစွာမသွေ- ပိုင်းခြား၍ သိစေနိုင်
တော်မူခဲ့သော သဗ္ဗညုတ ဉာဏ်တော်မြတ်ကြီးအရှင်- ဘုရား
သခင်နှင့်တကွ အရှင်သာရိပုတ္တရာအစ အရိယမဟာထေရ်အဆက်
ဆက်, သမ္မုတိမဟာထေရ်အဆက်ဆက်, အာစရိယအဆက်ဆက်
တို့၏ အနန္တကျေးဇူးတော်ကြီးများကို အစဉ်အောက်မေ့လျက်
လေ့ကျက်ရာပါသည်။

ဒီတော့- ကာမ-ရူပ-အရူပဆိုတဲ့၊ ကျွန်တော်, ကျွန်မ, သုံး
လောကဝဋ်ကောင်တွေဟာ- နာမ်ခန္ဓာသန္တတိကို- အရိုးလုပ်ပြီး-
အရှုပ်ထဲက မထွက်နိုင်ကြလို့- သဿတ,ဓုဝ,နိစ္စလို့ ယူဆစရာရှာ
မရအောင်၊ စိတ္တသမုဋ္ဌာန= စိတ္တဝိဘာဂသဘောတို့ကို ခွဲခြမ်း
ဝေဘန်ပြတော်မူခဲ့ခြင်းဖြစ်ပါတယ်၊ အဲဒီ-ကာမ, ရူပ, အရူပ,
လောကုတ္တရာဆိုတဲ့ စိတ်တွေကို-ဝေဘန်ပိုင်းခြား-ဝိသေသနအား
ဖြင့် ကူမခွဲခြားပြတော်မူပုံမှာလဲ၊ ဇာတိဘေဒ- ဇာတ်အမျိုး
အစားအားဖြင့်ရင်း၊ ကုသိုလ်, အကုသိုလ်, ကြိယာ, ဝိပါက်စိတ်
များဟုရင်း၊ ဝေဒနာဘေဒ,အရ- ခံစား,စံစား,ညီမျှ-ခံ,စံ အား

ဖြင့်- ဒုက္ခ-သုခ၊ အဒုက္ခ,မသုခ၊ သောမနဿ,ဒေါမနဿ,ဥပေက္ခာ ဝေဒနာယှဉ်စိတ်များဟူ၍ရင်း၊ ယောဂဘေဒအရ- ဒိဋ္ဌိနှင့်ဉာဏ ကို သမ္ပယုတ္တ- ဝိပ္ပယုတ္တအားဖြင့်ရင်း၊သင်္ခါရဘေဒအရ=အသင်္ခါ ရိက, သသင်္ခါရိက, အပြားအားဖြင့်ရင်း၊ စိတ်နာမ် ခန္ဓာတို့၏ သဘော သဘာဝများကို၊ အတုံး,အလုံး,အခဲ,အထည်,ဒြပ်, သဏ္ဍာန်–သရုပ်,သကောင်သဘောမဟုတ်၊ ဓါတ်, ပရမတ်ဆတ် ဆတ်မျှတို့၏ "သင်္ခါရ- ဖြစ်ပျက်" မှု ကိုလည်း၊ စိတ္တနိယာမ, သံသရာ့လမ်းစဉ်- ဝီထိစဉ်ခေါ်- စိတ်ဝိညာဏ်တရားတို့ကို၊ ငါဟု သမုတ်-အဟုတ်မရှိ၊ ဖြစ်,တည်,ပျက်,တတ်၊ သင်္ခတဓမ္မဓါတ်တို့၏ သင်္ခါရ,ဝိကာရလက္ခဏာတွင်၊ ရုပ်နှင့်စေတသိက်, စိတ်နာမ်နှင့် ချိပ်မိပြီး၊ စိတ်–စေတသိက်,ရုပ်= ဝိညာဏ်,နာမ်,ရုပ်ဟု၊ ကေန္တ ဒုက္ခသစ္စာ,ဖြစ်ခါလာအောင်၊ ဇနကသတ္တိ=ဖြစ်စေခြင်းစွမ်းအား အပေါင်းကိုဆောင်သော၊ "အနန္တရ၊ သမနန္တရ၊ အနန္တရူပ နိဿယ၊ ပကတူပနိဿယ၊ အာသေဝန၊ ကမ္မ၊ နတ္ထိ၊ ဝိဂတ" (၈) ပါးသော ပစ္စည်းတရားတို့၊ ဥပကာရ= ကပ်၍ဆောင်မှု- ကျေးဇူးပြုသဖြင့်၊ ဖြစ်၍ပျက်ပြန်-ခန္ဓာနာမ်ရုပ်-မယုတ်ထောက်ပံ့ ဒလန့်ဖြစ်အောင် ဥပထမ္ဘက- ပစ္စယသတ္တိဖြင့်၊ "ပစ္ဆာဇာတ" ပစ္စည်းတပါးက- မှုချဆတ်ဆတ် ကျေးဇူးပြုလျက်၊ ရံခါတွင်မှု- ဇနကသတ္တိ၊ ရံခါတွင်မှု-ဥပထမ္ဘကသတ္တိဖြင့်၊ ကြွင်းသော(၁၆) ပစ္စည်းတို့က၊ ကျေးဇူးပြုဆောင်- ဝဋ်ကောင်ဒုက္ခ- ကေန္တတရား စုတို့ကို "သင်္ခါရ-သင်္ခါရ"အဖြစ်သို့၊ သက်ဝင်ခဲ့, သက်ဝင်ဆဲ, သက်ဝင်ပြီး, သက်ဝင်လတံ့,တို့ဖြင့် ကာလသုံးစား- ဘုံသုံးပါး၊ လောကသုံးခွင်၌၊ အနမတဂ္ဂ, အစမထင်- သံသရာပြင်ကျယ်- ကြဉ်လယ်မရပ်၊ဖြစ်ပျက်ဇာတ်မျိုး၊ တန်ဘိုးနတ္ထိ၊ဥပါဒါနက္ခန္ဓာပိ

ဒုက္ခာ သဘောကို၊ စောကြော ပိုင်းခြား,သတိမခြားဘဲ သိထား အပ်ရာပါသည်။

အထက်ပါ ကြွင်းသော (၁၆) ပစ္စည်းဆိုသည်မှာ "ဟေတု၊ အာရမ္မဏ၊ အဓိပတိ၊ သဟဇာတ၊ အညမည၊ နိဿယ၊ပုရေဇာတ ဝိပါက၊ အာဟာရ၊ ဣန္ဒြိယ၊ ဈာန၊ မဂ္ဂ၊ သမ္ပယုတ္တ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ"တို့ ဖြစ်ပါသည်၊ ဇနကသတ္တိကေန် (၈)။ ဥပထမ္ဘကသတ္တိကေန် (၁)။ ရုံခါဇနက- ရုံခါဥပထမ္ဘက(၁၆) ဟု ပြဆိုထားရာ၊ (၂၅) ပစ္စည်း ဖြစ်နေပါသည်၊ ဇနကကေန် (၈)ပစ္စည်း၌၊ ဥပနိဿယ, တခုထဲအစား= ဥပနိဿယမျိုးဖြစ် သော- အနန္တရူပနိဿယနှင့် ပကတူပနိဿယ,နှစ်စားခွဲခြား သက် ဝင်ခြင်းကြောင့်- ရေတွက်ရခြင်းဖြစ်ရာ၊ မူလ,ဥပနိဿယကို ဆင် ခြင်၍ (၂၄) ပစ္စည်းမှ- မချွတ်ယွင်း သည်ကို- သိအပ်ရာ ပါသည်။

ဤနေရာတွင်ပင် စိတ္တပဝတ္တိ သခ်ါရဖြစ်ရှိရပုံ၌၊ပုဂ္ဂိုလ်,သတ္တ ဝါ, ငါမပါဟု အမြွက်မျှဖြင့် သိနားလည်- ဆင်ခြင်နိုင်ပြီး၊ မူလ ဥပေက္ခာသမ္ဘောဇ္ဈင်, တတြမဇ္ဈတ္တတာစေတသိက် တရားကိုယ် နှင့် ဝေဒနာဘေဒ- ဥပေက္ခာ သဘောတို့ဆီသို့- ဆက်လက်၍ နှလုံးသွင်းတော်မူကြပါစို့....။

ဥပေက္ခာဟူသော ပါဠိစကားကို၊ ဝေါဟာရအားဖြင့် သုံးစွဲ ကြရာတွင်၊ "ဥပေက္ခာပြုထားလိုက်စမ်းပါ"ဟု ပြောဆိုကြခြင်း၌၊ လျစ်လျူပြု၍- ပစ်ပယ်ထားလိုက်ပါဟူသော- အဓိပ္ပါယ် အရဖြင့်သာ- သုံးစွဲလေ့ ရှိကြပါသည်။ ဥပေက္ခာကို ဝေဒနာ ဘေဒ,အရသဘောတွင်၊ အဒုက္ခမသုခဝေဒနာ-ချမ်းသာ,ဆင်းရဲ၊ ဝမ်းသာ,ဝမ်းနဲ၊ ခံစား,စံစား-ခြားနားပြတ်သားခြင်းမရှိသော

ခံစားမှုလိုသာ- နားလည်ခြင်းများကြပေသည်။ တနည်းအားဖြင့် သတိမဲ့ ခံစားမှုသဘောဖြစ်ရာ၊ အတိမဟန္တာရုံအစရှိသော အာရုံအပြား၊ ဣဋ္ဌ-အနိဋ္ဌ-တတြမဇ္ဈတ္တဟုဆိုအပ်သော အာရုံအပြားကြောင့်လည်း ဖြစ်တတ်ပေသည်။

"ဝိညာဏ်,နာမ်ရုပ်,သဠာယတန,ဖဿ,ဝေဒနာ" အရ၊ ပစ္စုပ္ပန်ခန္ဓာ၌၊ အကြောင်း, အကျိုးဆက်သွယ်- ဝေဒနာနယ်- တိတ်အတွင်းဝင်သော- အကျိုးတရားစု၌၊ ဖဿကြောင့်- ဝေဒနာဖြစ်ရာတွင်၊ ဝေဒနာကသာ ခံစားတတ်သလော?၊ ဖဿကကော- မခံစားဘူးလော? ဟူသော အဖြေကို (ဖဿအာဟာရ ဝေဒနာ အခဏ်း၌ ရှင်းလင်းခဲ့ပြီးဖြစ်၏၊) ဤနေရာ၌- ဖဿ၏ အာရုံကို တကြိမ်တွေ့ထိယူဆဲသည်၊ ဥပေက္ခာအသင်တွင် "ဥပေက္ခာပုံ" ဘက်တွင်သာဖြစ်ပြီး၊ ခံစားမှုဟု ဖေါ်ပြနိုင်ခွင့်မရှိနိုင်ပါ၊ ခံစားရန် အကြောင်းခံပုံ- ရယူပေးရခြင်းကြောင့်၊ တစိပ်တဒေသ, ခံစားမှုပါဝင်ခြင်းကို ဥပမာနှင့် ရှင်းပြခြင်းမျှသာ ဖြစ်နိုင်ပါသည်။ ဤသဘောမှာ ဝေဒနုပေက္ခာနှင့် သက်ဆိုင်သောသဘောမျှသာဖြစ်ပေသည်။

ဝေဒနာဘေဒ,အရ၊ ဝေဒနာနှင့်ယှဉ်သော ဥပေက္ခာသဟဂုတ်စိတ် ဖြစ်ကြောင်းများမှာမူ၊ (၁) ဣဋ္ဌ မဇ္ဈတ္တာရုံ၊ (၂) ဥပေက္ခာသဟဂုတ်ဖြင့် ပဋိသန္ဓေနေခဲ့ခြင်း၊ (၃) စိတ်ထားလေးနက်ခြင်း၊ ဤသုံးပါးသည်၊ ဥပေက္ခာစိတ်ဖြစ်ကြောင်းများဖြစ်ပါသည်။ ဤသုံးပါးသော သဘောသွားအရ၊ အာရုံကို အလိုရှိတတ်ကြသောသဘောတွင် အကောင်းဆုံး- အသာဆုံး၊ ဣဋ္ဌာရုံကိုသာ လိုချင်ကြသော်လည်း၊ တိုက်ဆိုင် တွေ့ကြုံရသော

အာရုံမှာ၊ အလတ်စား ဝတ္ထုပစ္စည်းအာရုံဖြစ်နေသဖြင့် "ဒီလောက်ဆိုလဲ တော်ပါပြီ"ဟု၊ ရသမျှ- အလယ်အလတ်-ဝတ္ထုပစ္စည်း အာရုံနှင့်ပင် လိုက်လျော ညီထွေ ဖြစ်စေလျက်၊ ဥပေက္ခာသဟဂုတ်ယှဉ်၍ ဖြစ်သောစိတ်သည်၊ မဇ္ဈတ္တာရုံကြောင့် ဖြစ်သော-ဥပေက္ခာသဟဂုတ်ဖြစ်ပါသည်။

ဥပေက္ခာသဟဂုတ်စိတ်ဖြင့် ပဋိသန္ဓေနေလာသူ၌၊ ဘဝင်စိတ်ဖြစ်သည့်အခါ (ဝါ)အိပ်ပျော်သည့်အခါ- မေ့ဆေးပေးခံရသည့်အခါ- အာရုံတခုနှင့်တခုပြောင်းလဲယူနေသည့် ကြားကာလအခါတိုင်း၌၊ ဥပေက္ခာ-ဘဝင်စိတ်တွေသာ ဖြစ်ရကား၊ ဥပေက္ခာ-အထုံရလျက်ရှိသော ဝိပါက်မနောဓါတ်ဖြစ်ခြင်းကြောင့်၊ ဘဝင်လွန်မြောက်ပြီး- ဒွါရခြောက်ပေါက်မှဝင်လာသော အာရုံတို့ကိုလည်း၊ ဥပေက္ခာအထုံဖြင့်-အာရုံကိုလက္ခံလေ့ရှိကြရာ၊ အတော်အတန် သဘောကျလောက်သည့် ဣဋ္ဌာရုံကိုပင် သောမနဿမဖြစ်ဘဲ၊ ဥပေက္ခာစိတ်သာဖြစ်တတ်ပေသည်။ အတိမဟန္တာ= လွန်ကဲသော ဣဋ္ဌာရုံလောက်ကျမှသာ-သောမနဿသဟဂုတ်စိတ်ဖြစ်တော့သည်။ ထို့ကြောင့် သူတကာ-တဝါးဝါးရယ်ရွှင်သောအမှုတွင် ပြုံးရုံမျှပင် ဖြစ်တတ်သောသဘော၊ သူတကာ - ပြုံးရုံလောက်တွင်- တည်တည်ကြီး ဖြစ်နေသော သဘောမျိုး၊ အချို့ယောဂီတို့တွင် တွေ့ရတတ်ခြင်းသည်၊ ဥပေက္ခာသဟဂုတ် ပဋိသန္ဓေအကြောင်းကြောင့် ဖြစ်ခြင်းမျိုးဟု သိအပ်ပါသည်။

စိတ်သဘောထား လေးနက်ခြင်းသည်လည်း၊ ဥပေက္ခာစိတ်ဖြစ်ကြောင်းဟု ဆိုရသည်မှာ၊ အရာရာကို အလေးအနက်ထားပြီး၊ စဉ်းစားဆင်ခြင်နေမှု အားကြီးသောသူသည်၊ တွေ့ကြုံသမျှ ဣဋ္ဌာရုံတိုင်း၌ တော်ရုံတန်ရုံမျှဖြင့်-သောမနဿမဖြစ်ဘဲ၊ဥပေက္ခာ-

သဟာဂုတ်စိတ်လောက်သာ ဖြစ်တတ်ကြသည်။ ထိုသို့စိတ်သဘော ထားလေးနက်ခြင်းအရာ၀ယ်၊ပဋိသန္ဓေစိတ်သည်လည်း ဆက်နွယ် သောအကြောင်းခံဖြစ်တတ်သည်၊ သဘောကျရန် မလွယ်သော ဥပေက္ခာသဟာဂုတ် ပဋိသန္ဓေစိတ်သည်၊ ဆင်ခြင်စဉ်းစားနေခြင်း သို့ရောက်တတ်ပြီး၊ ၀မ်းမြောက် သဘောကျမှုသို့ မရောက်စေ တော့ဘဲ၊ ဥပေက္ခာသဟာဂုတ်စိတ်သို့ ကျရောက်သွားတတ်ခြင်း ကြောင့်ဖြစ်သည်။ အချို့သဘောကျရန်- မလွယ်သောအရာကို တွေ့ပါက "ဂျီးများပီး, ဇီဇာကျယ်မနေစမ်းပါနဲ့"ဟု ခဏ, ခဏ, ဆိုပြောပေးနေရသော သူမျိုးတို့သည်၊ ဤနည်းဆင်တူ သဘောပင်ဖြစ်သည်။ ဤ (၃) အချက်တွင် ဥပေက္ခာဖြစ်နိုင် သော အချက်တချက်မှာလည်း ထိုင်းမှိုင်း-ဖျင်းအ,သော စိတ် ဓါတ်ရှိသူဖြစ်သည်၊ ထိုထိုင်းမှိုင်း ဖျင်းအ,သော စိတ်ဓါတ်ရှိသူတို့ သည်၊ ရုပ်လက္ခဏာ,သွင်ပြင်မှုယာအထိ,ပေါ်ပြသလို အဖြစ်မျိုး လည်းရှိတတ်သည်။ ဤသဘောကို "မူဂဓါတုကတာ"ဟု ခေါ် သည်၊ (မူဂ=ဖျင်းအသော၊ ဓါတုက- ဓါတ်သဘောရှိသူ၏၊ တာ-အဖြစ်) ထို-ထိုင်းမှိုင်းဖျင်းအ,သူသည်၊ အလွန်၀မ်းမြောက် ဘွယ်အာရုံနှင့် တွေ့ကြုံရသော်လည်း၊ ၀မ်းမြောက်ရမှန်း မသိ တတ်၊ ဥပေက္ခာပြုလျက်-လျစ်လျူရှုနေတတ်လေသည်။ ဤသို့ တပါးပါးသော အကြောင်းကြောင့်ရင်း၊ အကြောင်းစုံတို့ ကြောင့်ရင်း၊ ဥပေက္ခာသဟာဂုတ်စိတ်, ဖြစ်လေ့, ဖြစ်ထ- ရှိကြ ပေသည်။

ဤအကြောင်းအားလုံးသည်၊ မုချဆတ်ဆတ်,ပရမတ် သဘာ ၀ကဲ့သို့- ဥပေက္ခာကို မုချဖြစ်စေနိုင်သည်ဟုမမှတ်ရပါ၊ယေဘုယျ အားဖြင့်ရင်း၊ ဖြစ်တတ်စဉ်လာ အားဖြင့်ရင်း၊ ဖြစ်သင့်ဖြစ်ထိုက်

သော အကြောင်းများဟု ရည်ညွှန်းပြဆိုချက်များ ဖြစ်သည်။ ဥပေက္ခာသဘောတွေနှင့်ပတ်သက်၍ ဗောဓိပက္ခိယအဘို့ အကျုံးဝင်သော (၀၁) ဝိပဿနာ ဘာဝနာမဂ်နှင့်ဆိုင်သော ဝိပဿနုပေက္ခာနှင့် သင်္ခါရုပေက္ခာ-သဘောနှစ်ခုကိုသာ အကျဉ်းအားဖြင့် ဆက်လက်ပြဆိုပေးပါဦးမည်။ ။

# "ဝိပဿနုပေက္ခာ-သဘော"

ဝိပဿနာ ဘာဝနာပွားများအားထုတ်သော ယောဂီတို့တွင် ဝိပဿနာ, အာရုံ လက်လွှတ်ဖြစ်သော- လျစ်လျူပြုခြင်းနှင့်၊ ဝိပဿနာ အာရုံမဟုတ်သည့် ဥပက္ကိလေသ- အာရုံတို့ကိုရှုလျက် ဝိပဿနာကို လျစ်လျူပြုမိခြင်းများသည်၊ ဝိပဿနုပေက္ခာ သဘောဖြစ်ပါတယ်၊ အဲဒီလို ဖြစ်ပုံကို ရှင်းကြည့်မယ်ဆိုရင်၊ သတိပဋ္ဌာန်လေးပါးနှင့် အကျုံးဝင်သော ဝိပဿနာ အရှုခံ- ဝိပဿနာဖြစ်ရာ ဘူမိဖြစ်သည့်- ရုပ်,နာမ်- ခန္ဓာ, အာယတန- သင်္ခါရဘရားတပါးပါးကို ဝိပဿနာရှုတယ်,ပွားတယ်ဆိုကတည်းက၊ ဝိပဿနာရှုမည့် ယောဂီသည်၊ မိမိရရှိထားသော ဝိပဿနာ ပညာ, ဉာဏပရိညာကို အစပြု၍၊ သင်္ခါရသလ္လက္ခဏာ— သင်္ခါရ အမည်ရင်းရှိသည့်-တပါးပါးသော ရုပ်နာမ်တို့၏ လက္ခဏာကို- စတင်ပွားများရမည်သာ ဖြစ်ပါသည်။ ထိုအခါ ထိုပွားများမှုကို လက္ခဏာလျှင် အာရုံရှိသော ဝိပဿနာအဖြစ်ဖြင့် အာကာရ ပစ္စုပဋ္ဌာန်ကျကျ စစ်စစ်ကို "ဥပဋ္ဌိတံ-သတိ" ဆိုတဲ့၊ ဝိပဿနာ ရှုစိတ်မှာ-သတိမြဲမြံ- ပွားများမှု ကောန်ထင်ရှားတဲ့- ရုပ်,နာမ်ဓမ္မ- အာရုံတရားကို၊ လက္ခဏူပနိဇ္ဈာနာန ဈာန်သဘော အဖြစ်တိုင်

အောင်၊ မနသိကရောန္တသ- ဗဟုလီကတသ- အနေအားဖြင့် ပွားများရမည်၊ ထိုသို့ ပွားများမှု-မှန်ကန်လာလျှင် (လက္ခဏာနှင့် အာရုံ) (ဝိပဿနာရှုစိတ်နှင့်သတိ) ထို-သတိနှင့် အတူတကွနက် (သဒ္ဓါ+ပညာ= ဝီရိယ+သမာဓိ) တို့၊ သမ္မပဝတ္တ= ကောင်းမွန် ညီမျှစွာသော အနေအထားအားဖြင့် ပွားများနိုင်ပါက၊ လက္ခဏာသဘောသည်- ထင်ရှားအောင်, ဆောင်ညွှန်း ထွန်းပြ တတ်သော- သင်္ခတာ ဓမ္မာတရား၏- အာရုံအဖြစ်သို့ သက်ဝင် လာစေသည့်- သင်္ခါရတရား- သင်္ခါရ နိမိတ် ပါတကားဟု- လက္ခဏာနှင့် အာရုံတည်းဟူသော၊သင်္ခါရနိမိတ်ကို ရှုရင်း,ရှုရင်း ဖြင့်= ကွဲပြား ခြားနားပုံကို- ထိုးထွင်း ပိုင်းခြားသိလာမည်၊ ဒီတော့- မှတ်ကြောင်းကို- သတိနှင့်ပေါ်လွင်ထင်ရှားစွာ တွေ့မြင် အပ်သည့် အချင်းအရာ သဘောလက္ခဏာကတခြား၊ ထိုမှတ် ကြောင်း အတွင်း၌ (ဝါ) ထိုမှတ်ကြောင်း လက္ခဏာပေါ်၌ ထိုးထွင်း၍- ဝိပဿနာဉာဏ်ဖြင့် မြင်အပ်သော-လက္ခိတဗ္ဗ-သင်္ခတ ပရမတ်တို့၏ အာရုံသဘောမှန်ကို ထိုးထွင်းသိမြင်ခြင်း- ဉာဏ် ဝိညာဏ်ကတခြားဟု ပိုင်းခြားသိမြင်သော ယောဂီ၌၊ ပုဂ္ဂလ, သတ္တ,အတ္တ,ဇီဝ,အတုံး,အလုံး,အခဲ,အထည်,ဒြပ်သဏ္ဍာန်တို့သည် သဥ်းဆိတ် ကင်းရှင်းခြင်းကို ရောက်လျက် လက္ခဏာ ရမ္မဏိက- ဝိပဿနာအဖြစ်ကို၊ ပွားများမှုမြဲမြံသည်နှင့်အမျှ၊ ဝိပဿနာ ဘာ ဝနာ၌- ရှင်လန်းနှစ်သက်, ထက်မြက်သော အာရဒ္ဓဝိပဿက ပုဂ္ဂိုလ်အဖြစ်သို့- ကောင်းစွာမသွေ- ရောက်ရှိနိုင်ပါပေသည်။

ထိုသို့- သင်္ခါရာရမ္မဏိက ဝိပဿနာကို- ပွားများနိုင်သော ယောဂီသည်၊ သင်္ခါရတရားတို့က၊ သင်္ခါရတရားတို့ကို ပိုင်းခြား ကုန်ခြင်း၊ သင်္ခါရတရားတို့က, သင်္ခါရတရားတို့၏- နိစ္စ, သုခ,

အတ္တအားဖြင့် မဟုတ်ပုံကို၊ လက္ခဏာရေးသုံးပါး- တသီးတခြား- ဘိတ်ခေါ် နှလုံးသွင်းနေစရာမလိုဘဲ၊ ဖြစ်ခိုက် ခဏတိုင်း "ဉပ္ပါဒက္ခဏာ- သင်္ခါရတရားသည်၊ ဝယမ္ပမှာ" ၏သဘောသို့ ကျရောက်လျက်ရှိသည်ကို၊ ထင်လင်းစွာ မျက်မှောက်ပြုနေရသည်ဖြစ်၍၊ သင်္ခါရတရားတို့ကို၊ သင်္ခါရက္ခန္ဓာ၌- အကျုံးဝင်သော(ဝိပဿနာရှုစိတ်-(ဝါ) မဂ္ဂင်ရှစ်ပါးယှဉ်သောစိတ်)ဖြင့်၊ ထိုးထွင်း သိမြင်တိုင်း- တဒင်္ဂပဟာန-တဒင်္ဂနိဗ္ဗာန်ရောမသဘောကို- အနုဗောဓဉာဏ်အနေနှင့် ကော်ရနေခြင်း ဖြစ်ပါသည်။ ။

အဲဒီလို- ဝိပဿနာပွားများပုံ- သက်ဝင်ပုံ- အကျဉ်းသဘောသွားရင်းကိုကြည့်လျှင် ဝိပဿနုပေက္ခာ-ဘယ်အခါဖြစ်သလဲ- ဖြစ်တတ်သလဲဆိုတော့၊ လက္ခဏာရမ္မဏက ဝိပဿနာပွားများနိုင်စဉ် အတွင်းမှ- သင်္ခါရာရမ္မဏက ဝိပဿနာ အဖြစ်သို့- ပြေးမဝင်မဘက်နိုင်ခင်ကလေးမှာ ဖြစ်ပေါ်တတ်ပါသည်။ အဲဒီလက္ခဏာလျှင် မှတ်ကြောင်းရှိသော ဝိပဿနာကို ပွားများရရှိနေသောယောဂီသည်၊ လက္ခဏာနှင့်တကွ- သင်္ခါရတရားတို့၏ "ဖြစ်ပျက်" ကို မြင်နေပါသည်၊ တနည်းပြောရင်၊ တရဏ ဝိပဿနာဆိုတဲ့- ဉဒယဗ္ဗယဉာဏ်ကို ရနေပါသည်၊ တကယ်လဲ- မိမိပွားများတဲ့ သတိပဋ္ဌာန်- ရုပ်နာမ်ဆိုင်ရာ- ဝိသေသလက္ခဏာကို အာကာရပစ္စုပဋ္ဌာန်နှဲ့ "ဖြစ်ပျက်" အချင်းအရာကို- မျက်မှောက်ဉာဏ်တွေ့ဖြစ်နေပါသည်။

ဒီနေရာမှာ၊ လက္ခဏာရယ် "ဖြစ်ပျက်" ရယ်ကို၊မျက်မှောက်ပြုပွားများနေတာဟာ၊ အချင်းအရာ, အာကာရပစ္စုပဋ္ဌာန်ကိုသာ မျက်မှောက်ပြုရလို၊ ပညာနေတ္တိအဋ္ဌကထာမှာ- ထိုအချင်းအရာ ဖြစ်ပျက်ဆိုတာကို၊ ပညတ်တစိပ်- ချိပ်၍ နေတတ်သေးခြင်း

ကြောင့်- ပညတ္တိအလားသာ သတိချပ် ပွားများနိုင်ခြင်းမို့- လက္ခဏာရမ္မဏိက ဝိပဿနာလို့ ခေါ်ဆိုရပုံကို ဖွင့်ဆိုထားသည်နှင့်အညီ၊ အာကာရအတွင်းမှာသာ ရှိနေခြင်းကလဲ ထင်ရှားပါသည်၊ဒါကိုပင်ဉာဏ်စဉ်အနေနဲ့ ကြည့်ပြန်တော့ တရုဏဝိပဿနာ ဉဒယဗ္ဗယဉာဏ် အဖြစ်, နုနယ်သော "ဖြစ်ခြင်း, ပျက်ခြင်း"ကို မြင်တဲ့ ဉာဏ်လို့ ခေါ်ပါသည်။ အဲဒီ ဖြစ်ပျက်ကိုလက္ခဏာ, အာကာရအနေနဲ့- မြဲမြဲစွာ ပွားများလာနိုင်သော ယောဂီမှာ၊ တစ, တစ, အားဖြင့်- ရင့်သန် ထက် မျက် လာ ပြီး၊ ခဏိက သမာဓိကနေ- ဉပစာရသမာဓိသို့ သက်ဝင်သွားတတ်ပါသည်။ ဒီအခါမှာ သြဘာသ,အစရှိတဲ့ ဝိပဿနာဉာဏ်ရဲ့ ညစ်ညူး ကြောင်းတွေဟာ- ခဏိကသမာဓိကိုလွန်ပြီး- ဉပစာရ သမာဓိ ဝင်လာစဉ်တွင် ယှဉ်တွဲ၍ ပေါ်လာတတ်ပါသည်။ အရောင်အလင်းထင်ခြင်း- ကိုယ်ကာယ ငြိမ်းအေးခြင်း- နှစ်သက်ခြင်း- ပေါ့ပါးပျ ကြွဘိသကဲ့သို့ ဖြစ်ခြင်းစသော ဉပက္ကိလေသတရားတွေဟာ ပရိယတ္တိဒေသနာတော်အရ (၁၀) ပါး အတွင်း- အကျုံးဝင်သော်ငြားလည်း အလွန်တရာများပြားတဲ့ စိတ်ဆန်းကျယ်သမျှ၊ ပုဂ္ဂိုလ်ကိုလိုက်၍ ဝင်ရောက်ပေါ်ပေါက်တတ်ပါသည်။ ဒီအခါမှာ ဝိပဿနာရှုတဲ့ယောဂီသည်-ဝိပဿနာရှုကွက် "ဖြစ်ပျက်" ချင်းရာပေါ်မှ၊ ပဂ္ဂဟ,ပီတိ,လွန်ကဲပြီး "ပဏီတာဓိ ဝိမုတ္တော" ဖြစ်ရမဲ့အစား- သြသာဘသ စသည်တို့၏ နောက်ကို လိုက်ပြီး၊ သုခနှင့် နိကန္တိနောက်သို့ပါ- ဆက်တိုက်လိုက်ပါသွားတတ်သည်ဖြစ်၍၊ လက္ခဏာရမ္မဏိက ဝိပဿနာနှင့် "ဖြစ်ပျက်" အာရုံကို လျစ်လျူရှုပြီး၊ ပီတိပါမောဇ္ဇထက်လွန်ကဲခါ ဝိမုတ္တိရသမဂ်ဟု ယုံမှတ်လျက်-နှစ်သက်လိုက်လျော-နစ်မြောသွားခြင်း

ကြောင့်၊ ဝိပဿနာကို လျစ်လျူပြု-ဥပက္ခါလေသကို ရှုနေမိတတ်ပါသည်။

အဲဒီလို မဂ်သဘောလို့ ယုံမှတ်မှားခါ- အလိုက်မျှားသွားပါလျှင်၊ ဝိပဿနာညစ်ညူးကြောင်းတွင်ပါမက၊ ယောဂီ၏စိတ်ကို အန္တရာယ်ပြုနိုင်သည်အထိ ရောက်သွားတတ်ပါသည်။ ဒါကို ဥပက္ခါလေသဘဲရယ်လို့ သိဘို့ရန်အချိန်ကို- ပီတိ, သုခ, နောက်ကို နိကန္တိကတကျောကပ်ပြီး လိုက်နေမိစဉ်အတွင်းမှာတော့-မရနိုင်ပါ၊ ထပ်တလဲလဲ ရှေ့မတိုး နောက်မဆုတ်- သရုပ်မမှန်- ဖြစ်နေမှန်းကို သိနိုင်တဲ့အချိန်ကတော့-ဘဝင်စိတ်အခြားပိုလာပြီး၊အလီနန္ဒတွန့်ဆုတ်ပျံ့လွင့်ခြင်းဖြစ်သွားမှာဘဲ၊ သတိဘဖန် ပြန်ဝင်လာတတ်ပါတယ်၊ အဲဒီလို ဝိပနဿာရှုပွားစဉ်၌- သမာဓိအရှိန်တက်လာပြီဆိုရင်-သခ်ါရာရမ္မဏ်က-ဝိပဿနာကို မဆက်,မတက်လှမ်းနိုင်ဘဲ ဝိပဿနာကို လျစ်လျူပြုပြီး- ဥပက္ခါလေသ- ပေါ်ရာနောက်ကို လိုက်၍- ရှုသွားတတ်ခြင်းကို ဝိပဿနုပေက္ခာလို့ ခေါ်ဆိုပါသည်။

ဎင်းပြင်-ဥပေက္ခာလျစ်လျူရှုတယ်ဆိုရာဝယ်၊ မနသိကာရနှင့် မယှဉ်ခြင်းဟု မဆိုအပ်ပါ၊ မနသိကာရသည်- စိတ်ဖြစ်တိုင်း ယထာရဟာ- ထိုက်သင့်သလို ပါဝင်မြဲ ဖြစ်လေသည်။ သို့သော် ဎင်း အထက်, အနံ့နှင့် ပေါ်လွင်မှုမဲ့ခြင်းကိုပင် ရည်ရွယ်၍၊ အယောနိသော-မနသိကာရကို- မသင့်မတင့် နှလုံးသွင်းခြင်း၊ ယောနိသော-မနသိကာရကို- ကောင်းမှန်သင့်တင့်စွာ နှလုံးသွင်းခြင်း၊ နမနသိကာရကို နှလုံးမသွင်းမိခြင်းဟုဆိုရာ၊ ဤဝိပဿနုပေက္ခာသဘော၌၊ နမနသိကာရ သဘောကြောင့် မဟုတ်ဘဲ၊ ယောနိသောမှ-အယောနိသောသို့ ပြောင်းရွေ့သွားခြင်းမျိုးသာ

ဖြစ်သည်၊ ဘာဝနာဘိ သမယအခါမျိုး မဟုတ်သည့် သာမာန် အခါ၌ငင်း၊ သမထဘာဝနာအခါ၌ငင်း၊ နမနသိကာရ- နှလုံး မသွင်းမိလိုက်ခြင်း, နှလုံးသွင်းမှဲ့ခြင်းမျိုးကို ဖြစ်စေတတ်လေ သည်။ ထို့ကြောင့် အာရုံတခုကို နှလုံးသွင်းမှဲ့-ချွတ်သွားခြင်း ကြောင့် အတိပရိတ္တာရုံအဖြစ်သို့ သက်ဆင်းစေကာ ဥပေက္ခာ အမည်တပ်၍- ပြောလိုက်ရသော-ဖြစ်ရပ်များလည်း ရှိတတ်လေ သည်။

ဤသို့အားဖြင့် ဝိပဿနုပေက္ခာ၏ သဘောတို့ကို ပိုင်းခြား သိ၍၊ မနသိကာရလျှင် အခြေအမြစ်ရှိသော ဥပေက္ခာသဘော ကိုပါ-အတိုချုံးသိထားသည်ဖြစ်ပြီးလျှင်၊ ဝိပဿနုပေက္ခာမဖြစ်ရ အောင်နှင့် နမနသိကာရ- အယောနိသော မနသိကာရ မဖြစ် ရလေအောင်-သတိထားတတ်ကြရပါသည်။

# "သင်္ခါရုပေက္ခာ-သဘော"

သင်္ခါရုပေက္ခာ=သင်္ခါရ-တပုဒ်၊ ဥပေက္ခာ-တပုဒ်၊ ဒါကြောင့် သင်္ခါရတရားကို လျစ်လျူပြုခြင်းသဘောကို သင်္ခါရုပေက္ခာဟု ဆိုအပ်ပါသည်။ ဒီသင်္ခါရုပေက္ခာသဘောကိုလည်း၊ အထက်က ကဲ့သို့-အကျဉ်းအားဖြင့် ပြဆိုပါဦးမည်။ ဝိပဿနုပေက္ခာတွင် ပြခဲ့သော ဝိပဿနုပေက္ခာအဖြစ်သို့ မကျရောက်ဘဲ၊ လွန်မြောက် ထက်မျက်သည်ဖြစ်၍၊ ဥဒယဗ္ဗယဉာဏ် ရင့်သန်ထက်မျက်သည်၏ အဖြစ်နှင့်၊ လက္ခဏာရမ္မဏိက ဝိပဿနာမှ· သင်္ခါရာရမ္မဏိက- ဝိပဿနာဟု ဆိုအပ်သော- ချင်းရာ"ဖြစ်ပျက်"အမြင်မှန် ရင့်သန် သော ယောဂီသည်၊ လက္ခဏာမှ- လွန်မြောက်၍၊ သဘာဝ

သိုက်ခါ- သင်္ခါရာ ရမ္မဏကို ဝိပဿနာအဖြစ်သို့ ရှင်လန်းနှစ်ချိုက်, သိုက်မြိုက်သက်ဝင်လာလျှင်၊ အာရဒ္ဓ ဝိပဿက ပုဂ္ဂိုလ် ခေါ်ဆိုအပ်လျက်၊ သင်္ခါရတရားတို့ကို- သင်္ခါရတရားတို့ကသာ ရှုသိပွားများ, ထိုးထွင်းဉာဏ်မြင်- အာရုံနိမိတ်စင်သည့်- အနိမိတ္တ အတွင်းသို့ရောက်ရှိနိုင်ပါသည်။ ဉာဏ်စဉ်အနေအားဖြင့် သင်္ခါရုပေက္ခာဉာဏ်တိုင်အောင် ကြားတွင် လေးဆင့်ခံနေသော်ငြားလည်း၊ ဤ အာရဒ္ဓဝိပဿက ပုဂ္ဂိုလ်၌- ဘာဝနာဘိသမယ- တမဟုတ် ကာလတိုင်း- သင်္ခါရုပေက္ခာသဘောသို့ သက်ဝင်နိုင်ပါသည်။ သင်္ခါရလျှင် အာရုံရှိ၍၊ "ဖြစ်ပျက်" ကေန်ရင့်သန်စွာ မြင်သော ဝိပဿနာဉာဏ်မှ- သင်္ခါရမှန်ရင် ပျက်ရန် "ဘင်" တရား၊ သင်္ခါရ,ပျက်သည့်-ဘင်သဘောသည်၊ "ဘယ" ဘေး တရား၊ ပျက်သည့် ဘင်, ဘေး, ဘယ,တရားသည်၊ အာဒီနဝ= သဗ္ဗဒေါသအပြစ်တရားပါတကားဟု- ဉာဏ်မြင်သက်ဝင်လျက်၊ အလုံးစုံသော-ဘင်-ဘယ-အာဒီနဝတို့-ပြည့်နှက်နေသော အပြစ်တို့မှတပါး၊ ပို၍မြင်စရာမရှိသော- ထိုသင်္ခါရတရား၌၊ "နိဗ္ဗိဒါ" ငြီးငွေ့စရာအဖြစ်သို့ ရောက်ပြီးလျှင်၊ ထိုငြီးငွေ့စက်ဆုတ်ရော သင်္ခါရတရားမှ-ကျွတ်လွတ်လိုမှုကြောင့်၊ တဖန်-ထပ်၍ သုံးသပ်ခြင်းဟု ဆိုအပ်သော အနိစ္စ-ဒုက္ခ-အနတ္တ-အနုပဿနာသုံးတန်-သဘောမှန် ဉာဏ်မြင်သည်၊ သဘာဝ ပစ္စုပ္ပန်အားဖြင့်၊ အဖန်ဖန်-ပညာဉာဏ်နှင့် မျက်မှောက်ပြုပွားများ၍၊ ထို "ဖြစ်ပျက်-အပျက်ဘေး- အပြစ်- ငြီးငွေ့- လွတ်ထွက်လိုလေ့ ရှိလာသည့်အတိုင်း- လွတ်အောင်ရိုးစု-သုံးသပ်မှု ထပ်ခါ-ထပ်ခါပြုရာမှ လွတ်ခြင်းသဘောအားဖြင့် သင်္ခါရကို (၀၁) "ဖြစ်ပျက်" ကို-ဥပေက္ခာပြုနိုင်ခြင်းသည်=သင်္ခါရုပေက္ခာဉာဏ်ဖြစ်ပါသည်။

အဲဒီလို သင်္ခါရကို ဥပေက္ခာပြု၍ နိဗ္ဗာန်ဓါတ်သို့ စေလွှတ်သော စိတ်ဟုဆိုအပ်သည့်- ပညာဝိမုတ္တိ သင်္ခါရုပေက္ခာဉာဏ် ရတယ်ဆိုတော့၊ ဥပေက္ခာပြုတာက ဘယ်သူ့ကိုလဲ ဆိုတော့၊ အနိစ္စ-ဒုက္ခ- အနတ္တသာလို့- ထင်ရှား ဖော်ပြနေတဲ့ သင်္ခါရနိမိတ္တ တရားကို ဖြစ်တယ်၊ သင်္ခါရ နိမိတ်ကို ဘာဖြစ် လို့ ဥပေက္ခာပြုနိုင်သလဲဆိုတော့၊ အရှုခံ့, သင်္ခါရနိမိတ်- အမြိတ်အစ- နိမိတ္တတရားစုသည်၊ နိစ္စစသည်အားဖြင့်- စင်စစ် သုံးသပ်ခြင်းငှါ မအပ်၊ သိမြင်ခြင်းငှါလဲ မအပ်ဘဲ၊ သတိနှင့် ယှဉ်ခြင်းငှါလည်း မရတော့သည့် အတွက်၊ အနိစ္စဟုသာ, နိစ္စသညာကို လွှတ်၍၊ အနိစ္စလက္ခဏာမှုပင်လွန်မြောက်လျက်၊ အနိစ္စလက္ခဏာဝ န္တတရားစစ်ကို- ထိုးထွင်းသိမြင်သည်နှင့် တပြိုင်နက်၊ အနိမိတ္တ အဖြစ်သို့၊ သင်္ခါရနိမိတ်, အမြိတ်အစ- နိမိတ္တသဘောတွေ သုဉ်းဆိတ်ပြီး၊ အနိမိတ္တသဘောကို "အဘာဝ"၏အဖြစ်လည်းမဟုတ်၊ သဘာဝ၏ ပစ္စုပ္ပန် ဆတ်ဆတ်ကို ဉာဏ်နှင့် မျက်မှောက် ပြုခိုက်သည်၊ သင်္ခါရကို ဥပေက္ခာပြု၍၊ သဘာဝတရား၏ စင်စစ် အနိစ္စသက်သက်ကို၊ နိမိတ္တမဘက်ဘဲ- ထိုးထွင်း သိမြင်သော ဉာဏ်အား- အနိစ္စနုပဿနာဖြင့်- အနိမိတ္တဆိုက်သော သင်္ခါရုပေက္ခာဉာဏ်ဟု ဆိုအပ်သည်။ (ဤကား သင်္ခါရုပေက္ခာဉာဏ်ကို စတင်သက်ဝင်လာပုံ သဘောဖြစ်၏။)

အဲဒီလို- အရှုခံက ရုပ်နာမ်ဆိုတဲ့ သင်္ခါရ၊ ဘယ်,ရုပ်နာမ် သင်္ခါရလဲဆိုတော့၊ အနိစ္စ- ဒုက္ခ-အနတ္တ တရားကိုယ်ဖြစ်တဲ့- ရုပ်နာမ် သင်္ခါရ၊ ရုပ်ဆိုတော့- ရူပက္ခန္ဓာအပေါ်အဝင် နိပ္ဖန္နရုပ်၊ နာမ် ဆိုတော့ စေတသိက်နာမ်ခန္ဓာတရားစု၊ ရှုတာက, စိတ်ဝိညာဏ်- ဝိညာဏက္ခန္ဓာတရား၊ ဒါကို,တနည်းခေါ်လိုက်တော့- စိတ်, စေ

တသိက်, ရုပ်=ဖြစ်ပျက်နဲ့သက်ဝင်လာတော့=ဝိညာဏ်,နာမ်,ရုပ်၊ အဲဒီ- ဝိညာဏက္ခန္ဓာတရားကလဲ- ရုပ်,စေတသိက် နာမ်,ပါမှ ဖြစ်ပေါ်တဲ့တရား၊ ဖြစ်ပေါ်တဲ့ နာမ်,ရုပ်,သင်္ခါရအရှုခံကို၊ နောက်စိတ်က- အနိမိတ္တလို့ ထိုးထွင်း၍သိ၊သိပျက်ဝိညာဏ် သင်္ခါရနိမိတ်စင်ပြီး၊ အနိမိတ္တ အဖြစ်နဲ့- နောက် စိတ်ဝိညာဏ်ကလဲ- ဉာဏ်အမြင်နဲ့ပြန်မြင်၊ အဲဒီလို- ရှေ့စိတ်ဖြစ်ဘိ- သင်္ခါရ ငြိလာသော နိမိတ္တ တရားတိုင်းကို၊ နောက်စိတ်က ဉာဏ်အနေဖြင့် အနိမိတ္တ သက်ဝင်အောင်- ဉာဏ်မြင် မျက်မှောက်ပြုခြင်းကို (သင်္ခါရတွင် နိမိတ်စင်=အနိမိတ္တဝင်- သင်္ခါရုပေက္ခာပင်)ဟု၊ ဉာဏ်မြင်ထင်လင်း ထိုးထွင်းခြင်းဖြင့် အနုပ္ပဿနာနှင့် သင်္ခါရုပေက္ခာဉာဏ်ဖြစ်ခြင်းလို့ သိရပါမယ်။

ဤနေရာ၌- သင်္ခါရုပေက္ခာဉာဏ်သို့ အနိမိတ္တနှင့် စဝင်ပုံကို ရိပ်စားမိလျက်၊ အပ္ပဏိဟိတ အားဖြင့်ဝင်ပုံ၊ သုညတအားဖြင့် ဝင်ပုံတို့ကိုလည်း- မှီး၍ ဉာဏ်ချက် ထောက်မိရပါသည်၊ ထိုမှတဆင့် ရင့်သန်ထက်မျက်- ဉာဏ်အမြင်တက်လာမှ အနိမိတ္တ- အပ္ပဏိဟိတ- သုညတ,ဟု အနုပဿနာတပါးပါး- အစိုးရငြား လျက်- ဝိမောက္ခမုခအဖြစ်သို့- သက်ဝင်ခြင်း၊ ထိုမှတတန်- မုချ ဝိမောက္ခဟု သက်ဝင်သော ဝုဋ္ဌာနဂါမိနီ ပဋိပဒါသို့ ရောက်ပါမှ လုံးဝသင်္ခါရကို ဉပေက္ခာပြုနိုင်ပြီး "ဒိသာကာက" ကျီးဉပမာ ဖြင့်-ပြအပ်သော ထွက်မြောက်ရာ- အသင်္ခတအာရုံဟု ဆိုအပ်သည့်၊ စေတောဝိမုတ္တိ= နိဗ္ဗာန်သို့- စေလွှတ်သော စိတ်ရှိသည့် ဝဋ်မှ ထွက်မြောက်ဆဲ, ထွက်မြောက်လတံ့ ပုဂ္ဂိုလ်အဖြစ်သို့- ရောက်အပ်ရပါသည်၊ သင်္ခါရုပေက္ခာ သဘောကို ဤဗောဓိ ပက္ခိယအဘို့၌- ဤမျှဖြင့် အကျဉ်းချုံး ကျေနပ်၍ (နောက်

ဝိပဿနာ ပညာပေး, အလုပ်ပေးတရား)စာအုပ်၌၊ ပစ္စက္ခဉာဏ်, ဒေသနာဉာဏ် နှစ်စားနှင့် အားပါးတရသိရန် ဖော်ပြပေးပါဦးမည်။)

ဗောဓိပက္ခိယအသင်းဝင်၊ ဗောဓိဉာဏ်တို့၏ အင်္ဂါဖြစ်သော ဗောဇ္ဈင်္ဂဥပေက္ခာဆိုပါလျှင်၊ ဝိပဿနုပေက္ခာ-အာဝဇ္ဇနုပေက္ခာ-သဘောနှစ်မျိုးမှစ၍- သင်္ခါရုပေက္ခာအထိ ယူရပါမည်။ ။

အချုပ်အားဖြင့် ဝိပဿနုပေက္ခာသဘော၌ လိုအပ်ပုံမှာ၊ ဉာဒယဗ္ဗဉာဏ်ရင့်သန်ပြီးသော ယောဂီသူမြတ်သည်၊ ဖြစ်ပျက်သင်္ခါရကို သတိနှင့်တကွ ဉာဏ်မြင်ရအောင်- ထင်ရှားစွာ ဆောင်ထားနိုင်ရကား၊ ဖြစ်ပျက်ကို-သတိနှင့်မပြတ်,မလပ်,ရှုမှတ်ပွားများရန်- ဗျာပါရမများ,ဗျာပါရမစိုက်ရတော့ဘဲ၊ အသင့်အားဖြင့် ရှုနိုင်သော- တတြမဇ္ဈတ္တုပေက္ခာသဘောပင် ဖြစ်တော့သည်။ (ဥပမာ) မြင်းနှစ်ကောင်တပ်သောရထား၏ ရထားထိန်းသည်၊ ဘက်ညီခွါကျ-အလှမ်းတူမျှပြီး-ငြိမ်သက်စွာသွားနေသော မြင်းတို့ကို၊ ဇက်ကြိုးဆွဲ ကြိမ်တို့- အော်ငေါက်ခြင်း ပြုလုပ်ရန် မလိုတော့ဘဲ၊ ဇက်ကြိုးကို-အသာလျော့ကိုင်၍- လျစ်လျူပြုပြီး-ထိုင်လိုက်နေနိုင်ဘိသကဲ့သို့၊ ယောဂီ၏ ဝိပဿနာရှုစိတ်နှင့် သတိသည်လည်း၊ ဉဒယဗ္ဗယဉာဏ် ရင့်သန်လျက်၊ (သဒ္ဒါ+ပညာ—ဝီရိယ+သမာဓိ)တို့ကို၊ အထူးညှိစရာ-ဗျာပါရမပြုရဘဲ၊ ဉဒယဗ္ဗယဉာဏ်ကို အလိုက်သင့်အားဖြင့် ရှုပွားနေနိုင်ခြင်းသည်၊ ဥပေက္ခာသမ္ဗောဇ္ဈင်နှင့်အညီ-ဝိပဿနာမဂ်အလျဉ်သို့ သက်ဝင်ရောက်ရှိနေခြင်းဖြစ်ပါသည်။

အာဝဇ္ဇနုပေက္ခာ-ဆိုသည်မှာ၊ သမထဘာဝနာ၌၊ အာဝဇ္ဇနဝသီဘောင်ကြောင့် ဥဂ္ဂဟနိမိတ်,ပဋိဘာဂ,နိမိတ်တို့ကို၊ ဆင်ခြင်

ရုံနှင့် အလွယ်တကူ ထိုထိုအာရုံကိုရယူနိုင်ဘိသကဲ့သို့၊ ဝိပဿနာ ဘာဝနာ၌၊ အာဝဇ္ဇနပေက္ခာသည် ဝိပဿနာ ဘာဝနာ၏ လက္ခဏာရမ္မဏိက= သင်္ခါရာရမ္မဏိက အာရုံတို့ကို၊ အာဝဇ္ဇန- ဆင်ခြင်လိုက်သည့်အခါ လျင်မြန်စွာ- အာရုံကို ရရှိလျက်၊ ဝိပဿနာ ဉာဏ်အရာတွင် ဥပေက္ခာ သမ္ဗောဇ္ဈင်အဖြစ်- သတိ သမ္ပဇဉ်နှင့်တကွ တခဏခြင်းရနိုင်သော သဘောကို အာဝဇ္ဇန ပေက္ခာ= ဆင်ခြင်ဆဲခဏ- အာရုံရ၍-ဆင်ခြင်စိတ်ကို ဥပေက္ခာ ပြုပြီး ဝိပဿနာဉာဏ်- ဆက်ရှုနိုင်သော ဗောဓိပက္ခိယဝင် အာဝဇ္ဇနပေက္ခာအသွင်ကိုသာ အလိုရှိအပ်ပါသည်။

ထိုသို့-ဥပေက္ခာ သမ္ဗောဇ္ဈင် စာရင်းဝင်-ဝိပဿနုပေက္ခာနှင့် အာဝဇ္ဇနပေက္ခာတို့၏ သဘောကို၊ နိကန္တိကတဏှာ- မကပ်မငြိ စေဘဲ၊ ဥပက္ကိလေသ,အပြစ်စသည်တို့မှ ကင်းလွတ်ပြီး-ပွားများ အားထုတ်နိုင်သော ယောဂီ၏ ဗလဝတရ- ဝိပဿနာသည်၊ အထက်က ပြဆိုအပ်ပြီးသော သင်္ခါရုပေက္ခာ-ဉာဏ်အလျဉ်ဆီသို့ မလွဲမသွေ-ဦးတည်တိုးတက်- ညီညွတ်လျက်၊ သက်ဝင်ကျရောက် ရမည်ဖြစ်ရာ၊ ဤသင်္ခါရုပေက္ခာ ဉာဏ်တိုင်အောင်- ဆောင်နိုင် ခြင်းသည်၊ ဗောဓိပက္ခိယအသင်းဝင်-ဗောဇ္ဈင်္ဂ်အင်္ဂါ- ဥပေက္ခာ သမ္ဗောဇ္ဈင်တရားကို ကောင်းစွာမသွေ- ရအပ်ပေသော ယောဂီ သူမြတ်သည်၊ မုတ္တစာဂီ- ကျင့်ညီမြဲမြဲ- လျော့ပါးရန် မရှိတော့ သော-မဂ်ဉာဏ်, ဖိုလ်ဉာဏ်, မြတ်နိဗ္ဗာန်သို့သာ-ကိုင်းရှိုင်း လည်း လျောင်းရာအဖြစ်ကို၊ ပစ္စက္ခဉာဏ်, အနုဗောဓဉာဏ် အမြင်သန်- အမြင်မှန်ပြီ ဖြစ်၍၊ ဖေါက်ပြန်မရှိ- နောက်ပြန် မလှည့်သော ဘုရား,အရိယာတို့၏ တပည့်ချစ်အစစ်အဖြစ်သို့- ရောက်ရာပါ တော့သတည်း။ ။

....၀....

# "သမ္မာဝါစာ - သမ္မာကမ္မန္တ- သမ္မာအာဇီဝ"

## (ဝိရတိ စေတသိက်သုံးပါး)

ဒုစ္စရိတ အဝီတိက္ကမလက္ခဏာ= ဒုစရိုက်၏ တည်ရာဝတ္ထုဌ်၊ မကျူးလွန်ခြင်း လက္ခဏာရှိ၏၊

သင်္ကောစနရသာ= ဒုစရိုက်တရားတို့၌ တွန့်ဆုတ်ခြင်း ကိစ္စ ရသရှိ၏၊

အကြိယာပစ္စုပဋ္ဌာနာ= ဒုစရိုက်ကိုကြဉ်ရှောင်သောတရားဟု ဉာဏ်အား ရှေ့ရှုထင်၏၊

သဒ္ဓါ- ဟိရိ- ဩတပ္ပ- အပ္ပိစ္ဆတာ= တို့လျှင် နီးစွာသော အကြောင်းရင်းရှိ၏။

အထက်ပါ- သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ ,မဂ္ဂင် သုံးပါး- ဝိရတီစေတသိက်တရားကို၊ ဗောဓိပက္ခိယ အသင်းဝင် မဂ္ဂင်ရှစ်ပါး၌- သီလမဂ္ဂင်ဟု ဆိုအပ်၏၊ ထို ဝိရတီ သုံးပါးကို ကြဉ်ရှောင်- ကျင့်သုံးသောအခါ၌- အဓိသီလသိက္ခာဟု ခေါ် သည်၊ မဖေါက်မပြန် မှန်ကန်သောစကားကိုသာ ပြောဆိုပြီး၊ မဖေါက်, မပြန်, မှန်ကန်သောအမှုကို ပြုလုပ်ခြင်း၊ ထိုပြောဆို ပြုလုပ် အားထုတ်မှုမှန်သမျှသည်၊ မဖေါက်မပြန်- အသက်မွေးမှု မှန်ကန်စင်ကြယ်ခြင်းကို- ဖြစ်စေခြင်း အစရှိသော မဂ္ဂင်ကို၊ စေတသိက, တရားကိုယ်နှင့် ဝိရတီဖြစ်စေရာတွင် (၁) သမ္ပတ္တဝိရတီ၊ (၂) သမ္မတ္တာဝိရတီ၊ (၃) သမာဒါနဝိရတီဟု သုံးမျိုး သုံးစားရှိ၏။

(၁) သမုစ္ဆေဒဝသေန– အကြွင်းမဲ့ပယ်သတ်ခြင်း- မဂ်၏ အစွမ်းဖြင့်၊ ဥပ္ပန္နာ-ဖြစ်သော၊ ဝိရတိ– ရှောင်ကြဉ်ခြင်းသည်၊ သမုစ္ဆေဒဝိရတိ-ပယ်သတ်ပြီး၍- ရှောင်ကြဉ်ခြင်း သမုစ္ဆေဒဝိရတိ မည်၏။ ။ဤသမုစ္ဆေဒ ဝိရတိသည်– ကာလဝိမုတ် ဖြစ်သော နိဗ္ဗာန်ကို အာရုံပြု၍ ဖြစ်ခြင်းကြောင့်၊ ဒုစရိုက်, ဒုရာဇီဝ,ဟူသမျှ၏ အနုသယကို- အကြွင်းမဲ့ ဖြတ်သောအားဖြင့် ဖြစ်သော- လောကုတ္တရာ ဝိရတိဖြစ်သည်။ ။

(၂) သမ္ပတ္တဝိရတိ။ ။သမ္ပတ္တ–ဝတ္ထု အာရုံ တွေ့ဆုံလာသည်ရှိသော်၊ ဥပ္ပန္နာ-ဖြစ်သော၊ ဝိရတိ-ရှောင်ကြဉ်ခြင်းသည်၊ သမ္ပတ္တဝိရတိ- ပစ္စုပ္ပန်ဆတ်ဆတ်,တွေ့ဆုံလတ်ခိုက်၌- ကြဉ်ရှောင်သော-သမ္ပတ္တ ဝိရတိ မည်၏။ ။သိက္ခာပုဒ်ကို ဆောက်တည်မထားဘဲ၊ လွန်ကျူးဘွယ်- ဝတ္ထုအာရုံတွေ့မှ- ရှောင်ကြဉ်သော ဝိရတိ-ဖြစ်ရာ၊ ပစ္စုပ္ပန်ကို- အာရုံပြု၍ဖြစ်သည်။

(၃) သမာဒါန ဝိရတိ။ ။သမာဒါနဝသေန=သိက္ခာပုဒ်ကို ဆောက်တည်သည်၏အစွမ်းဖြင့်၊ ဥပ္ပန္နာ-ဖြစ်သော၊ ဝိရတိ-ရှောင်ကြဉ်ခြင်းသည်၊ သမာဒါန ဝိရတိ–သမာဒါနဝိရတိ မည်၏၊ သိက္ခာပုဒ်ကို ဆောက်တည်ခိုက်မှာ ဖြစ်စေ၊ ဆောက်တည်ပြီး နောက်မှ ဖြစ်စေ၊ သိက္ခာပုဒ် ဆောက် တည် ထားသည့် အတွက်- ရှောင်ကြဉ်ခြင်းသည်-သမာဒါန ဝိရတိမည်၏။

ထိုသမာဒါန ဝိရတိသည်လည်း- ဆောက်တည်ဆဲ, ဆောက်တည်ပြီး၌၊ ဝိရတိ- ရှောင်ကြဉ်ကြောင်း စေတနာသာ ရှိပြီး၊ တကယ်လွန်ကျူးဘွယ်အာရုံနှင့် တွေ့ဆုံခိုက်ကျမှ- ဆောက်တည်ထားခြင်းကြောင့်- အလွယ်တကူ ရှောင်ကြဉ်လိုက်နိုင်ခြင်းဖြစ်ရာ ရှောင်ကြဉ်လိုက်မှပင် ဝိရတိ-မြောက်သည်ဖြစ်၍၊ ပစ္စုပ္ပန်ကိုပင်

အာရုံပြုသည်ဟု မှတ်ရာ၏။ ဆောက်တည်ပြီး မရှောင်ကြဉ်ရခင်, တွေ့ဆုံလျှင်- ရှောင်ကြဉ်မည်ဟု ဝန်ခံဆောက်တည်ထားသော သိက္ခာအရ၊ စေတနာ ရှေးရှုနေခြင်းမှာမူ၊ သမာဒါနစေတနာသီလသာဖြစ်၍၊ တကယ်တွေ့ကြုံသောအခါ ရှောင်ကြဉ်လိုက်မှသာ- သမာဒါနဝိရတီ- စစ်စစ် ဖြစ်ပြီဟု ပိုင်းခြား သိအပ်ရာပါသည်။ သမာဒါန စေတနာသီလအခါမှာ- အနာဂတ်ကို အာရုံပြုသည်ဟူ၍ယူလျှင်-မသင့်လျော်စရာမရှိပါပေ။

## "သီလမဂ္ဂင်သဘောများ ခွဲခြားပုံ"

ဝိရတီ (၁) သမ္မာဝါစာမဂ္ဂင်အရာ၌၊ သမ္မာဝါစာသည်၊ (၁) ကထာ၊ (၂) စေတနာ၊ (၃) ဝိရတီ အားဖြင့်၊သုံးဌာနအဘို့ဖြစ်ကြောင်းရှိ၏။ ။"သမ္မာဝစီတဗ္ဗာ သမ္မာဝါစာ"။ ။ သမ္မာ-အပြစ်ကင်းလတ်,ကောင်းမြတ်လှစွာ၊ ဝစီတဗ္ဗာ- ဆိုအပ်သော စကားသည်၊ သမ္မာဝါစာ-သမ္မာဝါစာ မည်၏။ ။ အပြစ်ကင်းလတ် ဆိုချက်အရ၊ ဝစီဒုစရိုက် လေးပါးဟု ဆိုအပ်သော၊ မုသာဝါဒါ-ပိသုဏာဝါစာ- ဖရုသဝါစာ- သမ္ဖပ္ပလာပဝါစာတို့- လုံးဝကင်းရမည်ကို ဆိုလိုသည်၊ မဂ္ဂင်ဉာဏ်မှီ- ဝိရတီအရ-ကောင်းမြတ်လှစွာ,ဖြစ်လိုပါမူ၊ ကထာဝတ္ထု (၁၀) ပါးမှတပါး၊ တိရစ္ဆာနကထာ (၃၀) ကိုပါ- အတတ်နိုင်ဆုံး- ပယ်ခွါရှောင်ကြဉ်ခြင်းသည်....၊

(၁) ကထာ-စကားအရာ၌၊ ပြုထိုက်, သိမ်းဆည်းထိုက်လှသော-သဘောဖြစ်ပါသည်။ ထိုထက်ပိုမြတ်- အထူးသတိချပ်ရမည်မှာ၊ ထိုကထာ, သမ္မာဝါစာ, ဝိရတီဖြင့်- ရှောင်ကြဉ်ထိုက်

သော- ဒုစရိုက်အားလုံးသည်၊ အသက်မွေးကြောင်းနှင့် ဆက်သွယ်ရာ၌လည်း လုံခြုံစေရမည်။

(၂) စေတနာ=ကောင်းမြတ်သော စကားကိုသာ ပြောဆိုကြောင်းဖြစ်သော၊ ဝုဍ္ဍော, အဘိညာ, မဟာကုသိုလ်, မဟာကြိယာနှင့်ယှဉ်သော စေတနာသည်၊ စေတနာ သမ္မာဝါစာမည်၏။

(၃) ဝိရတိ=တစုံတခုအတွက် လှည့်ပတ်ပြောဆိုဘို့အချက်ပေါ်ပေါက်နေရာ၊ ထိုဝစီဒုစရိုက်မှ-ရှောင်ကြဉ်၍-မှန်ကန်သောစကားကို ပြောဆိုလိုက်လျှင်၊ ထိုပြောဆိုကြောင်း စိတ္တုပ္ပါဒ်သည်၎င်း၊ (သို့မဟုတ်) လိမ်မပြောတော့ဘဲ-ဆိတ်ဆိတ်နေသောစိတ်ထားသည်၎င်း-ရှောင်ကြဉ်မှု ဝိရတိစုံညီသဖြင့် ဝိရတိ သမ္မာဝါစာမည်၏။

ဝိရတိ (၂) သမ္မာကမ္မန္တ မဂ္ဂင်အရာ၌၊ (၁) ကိရိယာ၊ (၂) စေတနာ၊ (၃) ဝိရတိအားဖြင့်- သုံးဌာနအဘို့ဖြစ်ကြောင်းရှိ၏။ ။ "ကရီယေတဗ္ဗံ ကမ္မမေဝ ကမ္မန္တံ-သမ္မာကမ္မန္တံ" အရ (၁) အပြစ်မရှိသော အမှုကိစ္စ လုပ်ငန်းအဝဝတို့ကို ပြုလုပ်နေသူ၏ အမှုအရာသည်-ကိရိယာသမ္မာကမ္မန္တမည်၏။ (၂)ထိုအပြစ်မရှိသော လုပ်ငန်းကိစ္စပြုလုပ်ကြောင်း စေတနာသည်၊ စေတနာ သမ္မာကမ္မန္တ မည်၏။ (၃) တစုံတခုသော ကာယဒုစရိုက်အချက်ကို ပြုမိဘို့ရန် ပေါ်လာသည့်အခါ၊ မပြုဘဲရှောင်ကြဉ်လိုက်လျှင်၊ (အခြားတစုံတခုကို ပြုသည်ဖြစ်စေ၊ မပြုသည်ဖြစ်စေ) ဝိရတိသမ္မာကမ္မန္တ ဖြစ်တော့၏။

သမ္မာကမ္မန္တ၌- အထူးဂရုတစိုက် ရှောင်ကြဉ်ထိုက်သည့်-ကာယကံ သုံးပါး ဖြစ်သော "ပါဏာတိပါတာ-အဒိန္နာဒါနာ-

ကာမေသု မိစ္ဆာစာရ"တို့ ဖြစ်လေသည်။ ၎င်းကို ပြုလုပ်ခြင်း ကိရိယာအရင်း၊ ရှေ့ရှုစေ့ဆော်ခြင်း စေတနာအရင်း၊ဝိရတိ- ရှောင်ကြဉ်ခြင်းမြောက်သောသဘောသို့၊ ကျူးလွန်ဘွယ် ဝတ္ထု အာရုံတို့နှင့် တွေ့တိုင်း၎င်း၊ မတွေ့မီ ကြိုလင့်ဆုံးဖြတ်လျက်၊ မကျူးလွန်အပ်၊ မကျူးလွန်ဟု- သန္နိဋ္ဌာန် ချထားခြင်းသည်၊ ဝိရတိ အပြားသုံးပါးတိုင် ပြီးမြောက်စေပါသည်။

ဝိရတိ (၃) သမ္မာအာဇီဝ မဂ္ဂင် အရာ၌၊ (၁) ဝီရိယ၊ (၂) ဝိရတိ, အားဖြင့် နှစ်ဌာနအဘို့ ဖြစ်ကြောင်းရှိ၏။ (၁) သမ္မာအာဇီဝန္တိ- ဧတေနာတိ သမ္မာအာဇီဝေါ။ ။ ဧတေန-ဤဝီရိယဖြင့်၊ သမ္မာ-အပြစ်ကင်းကြောင်း- ကောင်းမွန်လှစွာ၊ အာဇီဝန္တိ-အသက်မွေးကြကုန်၏။ ဤသို့-မိရိုး ဖလာ-တရားသဖြင့် လယ်ယာထွန်ယက်စိုက်ပျိုးမှု၊ ကုန်သွယ်မှု၊ စက်မှု လက်မှုပြုလုပ်၍၎င်း၊ ရဟန်းသံဃာတော်ဖြစ်လျှင်- ကုလဒူသန- အနေသန-မိစ္ဆာအာဇီဝနှင့် မရောယှက်ဘဲ၊ တရားသဖြင့်သော ပစ္စယအမွေကိုသာ ငြိမ်းအေးစွာ ခံယူ၍၎င်း၊အသက်မွေးသူတို၏ လုပ်ငန်းဆောင်တာ လုပ်ကိုင်ခိုက်နှင့် ဆွမ်းခံခိုက် စသည်တို့၌ ဖြစ်သော-အားထုတ်မှု သမ္မာဝါယာမသည်- ဝီရိယ သမ္မာအာဇီဝ မည်၏။ (၂) ထိုအသက်မွေးမှုနှင့်စပ်သော ဝစီဒုစရိုက်, ကာယ ဒုစရိုက် စသည်တို့မှ ရှောင်ကြဉ်လျက်- ရှာမှီးခြင်းသည်၊ သမ္မာ အာဇီဝ, ဝိရတိမည်၏။ ။

ဤ-သမ္မာဝါစာ-သမ္မာကမ္မန္တ-သမ္မာအာဇီဝ, မဂ္ဂင်သုံးပါးကို ဖြည့်ကျင့် ဆည်းပူး ကြဉ်ရှောင်ဆောက်တည်- ကျင့်သုံးရာတွင်၊ မိမိဆိုင်ရာ သီလများစင်ကြယ်စွာ စောင့်ထိမ်းနိုင်ပါက၊ သီလ ဝိသုဒ္ဓိခေါ်ရတော့သည်။ အဓိသီလသိက္ခာအဖြစ်၌မူ၊ ထိုဝိသုဒ္ဓိ

ဖြစ်ခိုက်မှစ၍၊ မဂ္ဂင်ရှစ်တန် အကျင့်မှန်ကို ဘာဝနာ ဘိသမယ အခါ၌၊ လောကီ· ဝိပဿနာမဂ်ဖြစ်ခိုက်မှစ၍- အဓိသီလသိက္ခာ မဂ္ဂင်သီလဖြစ်တော့သည်။ မဂ်ဉာဏ်အခိုက်၌မူ (၀၁) မဂ်၏ အစွမ်းဖြင့် ပြည့်စုံသော သီလ၌မူ၊ မဂ္ဂင်ရှစ်ပါးယှဉ်သော လောကုတ္တရာစိတ်အရင်းခံ၍ရရာ၊ ထို·အဓိသီလသိက္ခာသည်-သမုစ္ဆေဒ ဝိရတိ-ပရိပုဏ္ဏ-အပရာမဋ္ဌ-ဟု ဆိုအပ်သော၊ အပြီးတိုင်-ဒုစ္စရိုက် ချုပ်ကင်းခြင်း၊ထက်ဝန်းကျင်- လပြည့်ဝန်းကဲ့သို့ပြည့်စုံခြင်း၊ တစုံ တရာ သီလချို့တဲ့ကြောင်း- အမှားမသုံးသပ်တော့ခြင်းဖြစ်သည့်- မဂ္ဂင်သီလဝင်- အဓိသီလသိက္ခာသဘော- အရိယာသီလသဘော တို့ကို ရှင်းလင်းသိစေအပ်ပါသည်။

ထို့ပြင် ဒုင်းမဂ္ဂင်ဆိုင်ရာ သီလဟုဆိုရာ၌၊ အချို့ ပုဂ္ဂိုလ်တို့ သည်၊ အာဇီဝဋ္ဌမက သီလကို ဆောက်တည်ကြကုန်၏။ ဤ သီလမှာ-မဂ်သီလဖြစ်၍ (၀၁) မဂ်က ပယ်သတ်ပေးမှ-ပြည့်စုံနိုင် သော သီလဖြစ်၍၊ ဆောက်တည်ရုံနှင့်- မပြည့်စုံကုန်ဟုလည်း ဆိုကြကုန်၏။ တရားကိုယ်မှာ- အာဇီဝလျှင် ရှစ်ခုမြောက်ဖြစ် သော-အာဇီဝ ဋ္ဌမကသီလဖြစ်ရာ၊ ဝစီကံလေးပါး- ကာယကံ သုံးပါး-သမ္မာအာဇီဝတပါး၊ ပေါင်း(၈)ပါးဖြစ်သည်။ ဂဟဋ္ဌ= အိမ်နှင့်နေသူ- လူဝတ်ကြောင်တို့အနေဖြင့် "ဝေရမဏီ သိက္ခာ ပဒံ" အဖြစ် ဆောက်တည်နိုင်ရန် လွန်စွာခဲယဉ်းသော သီလ ဖြစ်ပေသည်။ လူတို့အနေဖြင့် ၅-ပါး၊ ၈-ပါး၊ ၁၀-ပါး, အစ ရှိသည်တို့တွင် ၅-ပါးကို နိစ္စဂရုမ္မသီလအဖြစ်ထား၍၊ ၈-ပါး ၁၀-ပါးကိုမူ၊ အမှန်းတင်သီလအနေဖြင့်၊ အခွင့်- မကျိုး, မပေါက်၊ မပြောက်မကြားရအောင်-ဆောက်တည်ပြည့်စုံနိုင်စွမ်း ရှိလေသည်။ ဤအာဇီဝဋ္ဌကသီလနှင့် ဂဟဋ္ဌသီလ-လူတို့ဆောက်

တည်နိုင်စွမ်းရှိသောသီလတို့- ကွာခြားပုံကိုဆန်းစစ်လျှင် ၅-ပါး၊ ၈-ပါး၊ ၁၀-ပါးတို့၌၊ ကာယကံသုံးပါး ရှောင်ကြဉ်ရပုံချင်းတူသော်လည်း၊ ဝစီကံအရာ၌- မုသာဝါဒတပါးသာ ပါဝင်ခြင်း၊ ကာမေသုမိစ္ဆာစာရကံနှင့် အလားတူ- အလုံးစုံသော- အကုသလ, ကမ္မပထ, တရားတို့၏ တံခါးပေါက် သဘွယ်ဖြစ်သော သုရာမေရယ- သိက္ခာပုဒ်တခု ပါဝင်ခြင်းကိုတွေ့ရရာ၊ ဝစီကံအရာ၌- မနောကံ, အဘိဇ္ဈာ, ဗျာပါဒ,တို့အလျောက်- ပိတ်ပင်ရှောင်ကြဉ်ရန် ခက်ခဲသော-ပိသုဏာဝါစာ, ဖရုသဝါစာ, သမ္ဖပ္ပလာပ, ဝါစာတို့ မပါဝင်ခြင်း ကွာခြားလေသည်၊ (၈)ပါး-(၁၀)ပါးတို့၌မူ၊ ဥပေါသထသီလနှင့် လျော်ညီစွာ,မဂ်, ဖိုလ်နှင့် ဖီလာဖြစ်သော သာဝဇ္ဇတရားတို့ကို သိက္ခာပုဒ်အနေအားဖြင့်၊ သမထ, ဝိပဿနာပွားများရာ၌၊ မဂ်,ဖိုလ်တို့နှင့် ဆန့်ကျင်ဘက်သဘောတို့ကို ပယ်ရှားစေလျက်၊ သမထ,ဝိပဿနာ ဘာဝနာကို သီလနှင့် ဆေးကြောပေးဘိသကဲ့သို့ဖြစ်အောင်၊ သိက္ခာပုဒ်ကို ပြတော်မူလေသည်။

အမှန်သဘောကတော့မူ- ဒုစရိုက်ဟူသမျှ-ကာယ,ဝစီ,မနော, သုံးလီသော ဒွါရတို့၌ ဖြစ်ပွားတတ်သည့် ဒုစရိုက်တရား (၁၀) ပါးစလုံးကို ရှောင်ကြဉ်နိုင်လေ၊ စောင့်ထိမ်းနိုင်လေ၊ အာမ ဘဋ္ဌေ ခံနိုင်လေလေ-ကောင်းလေလေသာ ဖြစ်ပါသည်။သို့သော် ကာယကံ,ဝစီကံကိုမူ၊ သီလနှင့် ရှောင်ကြဉ်နိုင်လျှင်- ပြည့်စုံနိုင်သော်လည်း၊ မနောကံမှာမူ- သမထ,ဘာဝနာပြည့်စုံခိုက်- စိတ္တဝိသုဒ္ဓိဖြစ်မှ ရှောင်ကြဉ်နိုင်သောတရားဖြစ်ပါသည်။ ဝိပဿနာနှင့် ရှောင်နိုင်မှု- အဓိစိတ္တသိက္ခာရနိုင်ရပါသည်။ သီလဝိသုဒ္ဓိအရာမှာမူ= ကာယကံ, ဝစီကံ, ရှောင်ကြဉ်,ကုလုံပြည့်စုံခြင်းသာ ဖြစ်

ပါသည်။ ထိုသီလဝိသုဒ္ဓိမှ-အဓိသီလသိက္ခာကိုမူ ဝိပဿနာ,ဘာဝနာဘိသမယအတွင်း၌သာ ပြည့်စုံနိုင်ပါသည်။

ထိုသို့သော- အပိုင်းအခြားများကြောင့်၊ သမ္မုတိသံဃာတော်အရှင်မြတ်တို့၏- ပါတိမောက္ခ- သံဝရသီလတော်မြတ်၌ပင်လျှင်၊ "မနောဒ္ဒါရေ အနာပတ္တိ" မနောကံအရ၊ အာပတ္တိ- အပြစ်မရောက်ရှိဟု၊ဆိုထားရခြင်းကို ထောက်ဆပါက၊မနောကံသုံးပါး- အဘိဇ္ဈာ,ဗျာပါဒ, မိစ္ဆာဒိဋ္ဌိ,များကြောင့်၊ ဝစီကံသုံးပါး- ထိမ်းသိမ်းရခြား ခက်ခဲသည်ဖြစ်၍၊ "အာမဘန္တေ" သိက္ခာပုဒ်တို့တွင် အာမဘန္တေမျှ ဆိုရုံမှုလဲ့၍၊ အခဏ္ဍ -မကျိုးမပေါက်, မပြောက်မကြားအောင်-စောင့်ရှောက်ကြဉ်ရှောင်ရန်- လွန်စွာခဲယဉ်းလှ၍၊ လူတို့၏ ဂဟဋ္ဌသီလတို့တွင်- ရှောင်ကြဉ်နိုင်စွမ်း,ပြည့်စုံနိုင်စွမ်းဖြစ်သည့် ၅-ပါး၊ ၈-ပါး၊ ၁၀-ပါးကိုသာ သိက္ခာပဒံ သမာဒိယာမိ= အာမဘန္တေခံ သီလအဖြစ်, သတ်မှတ်ပေးထားတော်မူခြင်းဖြစ်ပါသည်။ ခိုင်မာသော- အကြောင်းတရပ်မှာလည်း၊ သောတာပတ္တိမဂ်သည်- မုသာဝါဒကိုသာ ပယ်သတ်၍၊ အနာဂါမိမဂ်ကျမှ ပိသုဏာဝါစာနှင့် ဖရုသဝါစာကို ပယ်သတ်နိုင်ပြီး၊ သမ္ဖပ္ပလာပဝါစာမှာမူ=အရဟတ္တမဂ်ကျမှ-အပြီးတိုင်-ဝစီကံတို့ကို ပယ်သတ်နိုင်ပုံကို ကြည့်က၊ မုသာဝါဒါကိုပင်- အရင်းအမြစ်မကျန်-ပယ်သတ်နိုင်ရန် "အာမဘန္တေ"ခံ၍၊ နာနာကျင့်သုံးပါအံ့းဟု-ဆိုထားရာရောက်ပါတော့သည်။ ။

ဒါဖြင့်- လူတို့အနေနှင့် အဓိသီလ မဂ္ဂင်သီလကို ဘယ်အခါပြည့်စုံပါသနည်းဟူမူ၊ အထက်က ပိုင်းခြားပြသ,သကဲ့သို့၊ သီလဝိသုဒ္ဓိသဘောကို အခြေခံ၍၊ ဝိပဿနာ ဘာဝနာဘိသမယအခါ ဝိပဿနာမဂ်ဖြစ်ခိုက်၌၊ အဓိသီလသိက္ခာ= မဂ္ဂင်သီလ= သမ္မာ

ဝါစာ- သမ္မာကမ္မန္တ- သမ္မာအာဇီဝ အဖြစ်သို့ သက်ဝင်ကြရပါသည်။

လူတို့အနေဖြင့် အဓိသီလသိက္ခာဝင်, စတုပါရိသုဒ္ဓိ သီလကို ဖြည့်ကျင့်ဆည်းပူးနိုင်လျှင်- လွန်စွာ ကောင်းမြတ်လှပါသည်။ ထို စတုပါရိသုဒ္ဓိ သီလသည်လည်း သိက္ခာသုံးပါး၌ အကျုံးဝင်၍- သီလမဂ္ဂင်စစ်စစ် ဖြစ်ပေသည်။

# "စတုပါရိသုဒ္ဓိသီလ"

စတုပါရိသုဒ္ဓိသီလ= အရိယာတို့ နှစ်သက် စောင့်ထိမ်းကြည် ရှောင်သောသီလ၊ (ဝါ) စတုပါရိသုဒ္ဓိသီလ= လေးပါးသော- ထက်ဝန်းကျင်, ကြဉ်ရှောင်စောင့်ရှောက်မှုဖြင့်- စင်ကြယ်ခြင်းသို့ ရောက်သော သီလ၊ ၎င်းလေးပါးတို့မှာ....

(၁) ပါတိ မောက္ခ သံဝရသီလ၊
(၂) ဣန္ဒြိယ သံဝရ သီလ၊
(၃) အာဇီဝ ပါရိသုဒ္ဓိ သီလ၊
(၄) ပစ္စယ သန္နိဿိတ သီလ-တို့ဖြစ်ပါသည်။

(၁) ပါတိမောက္ခ- သံဝရသီလမှာ၊ ရဟန်းတော်များ၏ မူလဘူတ, ဗီဇမျိုးစေ့သဘွယ်- အမြစ်တွယ် စင်ကြယ်အောင်- စောင့်စည်းရသော သီလဖြစ်ပါသည်။ ကြွင်းသုံးပါးသော သီလ တို့တွင်လည်း ပစ္စယသန္နိဿိတ သီလသည်- ဒုတိယအရေးကြီးဆုံး- အလေးဂရုထား၍ ကျင့်သုံးရသော သီလဖြစ်ပါသည်။ ၂-နှင့် ၃-မှာလည်း ရဟန်းတို့၏ သီလဟုပင် မြတ်စွာသုံးလူ့-ပညတ်ပြု အပ်သော်လည်း- သံသာရဘီရုကနှင့် ဝိပဿနာကျင့်ဆောင်သူ

တို့၌သာလျှင် ယေဘုယျအားဖြင့် သက်ဝင်တော်မူကြပါသည်။ ပါတိမောက္ခအရ= ပါတိ-မိမိကို၊ သံဝရ- စောင့်ရှောက်လုံခြုံသူအား၊ မောက္ခေတိ-အပယ်ဘေး သံသာရာဝဋ်ဘေးမှ ကင်းဝေး လွတ်မြောက်စေ၏။ ဣတိ-ထို့ကြောင့်၊ ပါတိမောက္ခံ= ပါတိမောက္ခ မည်၏။ ။အာဂါရိလမ်းမှ= အရိယာစခမ်းကို မျှော်မှန်းစောင့်ထိမ်းကြသော ၅-ပါး၊ ၈-ပါး၊ ၁၀-ပါး စသည့်-သီလတို့သည်လည်း- အပါယ်ဘေး သံသရာဝဋ်ဘေးတို့မှ ကင်းဝေး လွတ်မြောက်ခြင်း ရှိစေရကား၊ ပါတိမောက္ခ အတွင်းသို့-အကျုံးဝင်ပါဝင်ပြီး ဖြစ်ပါသည်။ ထို့ကြောင့် လူပုဂ္ဂိုလ်-ယောဂီတို့အနေဖြင့်-စောင့်စည်းကြောင်းသီလအဖြစ်၊ ငါးပါးကိုဂရုမမ္မနိစ္စ သဘော- အာရတီ အဖြစ်ငှင်း၊ ၈-ပါး၊ ၁၀-ပါးကို သမထ ဝိပဿနာ-ဘာဝနာသို့တက်ရန် အမှန်းတင် ဝိရတီအဖြစ်ငှင်း၊ စောင့်စည်းလျက်- သံဝရသီလထက် ဝိရတိ ဖြစ်အောင် သမထ ဝိပဿနာဖြင့် မြင့်သည်ထက်မြင့်စေရပါသည်။

(၂) ဣန္ဒြိယသံဝရသီလ= ဣန္ဒြေ (၆) ပါးတို့ကို လုံခြုံအောင်- စောင့်စည်းခြင်းသည်- ဣန္ဒြိယ သံဝရသီလမည်၏။ ။ ဣန္ဒြိယံ-စက္ခုန္ဒြေ သောတိန္ဒြေ ဃာနိန္ဒြေ ဇိဝှိန္ဒြေ မနိန္ဒြေ တည်းဟူသော (၆) ပါးသော တရားတို့ကို၊ သံဝရော- လုံလုံပိုင်ပိုင် စောင့်ရှောက်နိုင်ခြင်းသည်၊ ဣန္ဒြိယ သံဝရသီလံ- ဣန္ဒြေတရားတို့၌ အစိုးရသည်၏အဖြစ် စောင့်စည်းနိုင်သော သီလ မည်၏။

လောက၌- သူသူငါငါ ပြောတတ်ကြသည့် စကားတခုကတော့ "ကိုယ့်စိတ်မှ ကိုယ့်အစိုးမရဘူးလား?၊ ကိုယ့်ကိုယ်မှ-ကိုယ် အစိုးရဘူးလား?" ဟု ပြောတတ်ကြပါသည်။ အဲဒါ-အပြောခံရတဲ့သူကို-အရှုးအနှမ်းလို့ စွပ်စွဲလိုက်ထာဘဲ၊ ဘာဖြစ်လို့

စွပ်စွဲခံရသလဲဆိုတော့၊ စက္ခု၊ သောတ၊ ဃာန၊ ဇိဝှါ၊ ကာယ၊ မန-ဒွါရခြောက်ပါးလုံးလဲ အကောင်းသားဘဲ၊ ဣန္ဒြေမရှိတော့ (ဝါ) အစိုးမရတော့- စွပ်စွဲခံရတော့တာဘဲ၊ “ပုထုဇ္ဇနော-ဥမ္မတ္တကော” အရ၊ ပုထုဇဉ် ဖြစ်နေသေးရင်- စွပ်စွဲခံရမှာဘဲ၊ ပုထုကိလေသေ-ဇနေတီတိပုထုဇ္ဇနော”ဆိုတော့၊ ပုထု-မြောက်များစွာ ကိလေသေ- ပူလောင်စေတတ်သောကိလေသာတို့ကို၊ ဇနေတိ-ဖြစ်စေတတ်၏၊(ဝါ)ဖြစ်နေရ၏၊ ဣတိ-ထို့ကြောင့်၊ပုထုဇ္ဇနော-ပုထုဇဉ်မည်၏၊ ပုထုဇ္ဇနော- ကိလေသာတွေ များစွာဖြစ်ပြီး ပူလောင်ခံနေရသောသူသည်၊ ဥမ္မတ္တကော-သူရူးနှင့်တူ၏၊(ဝါ) ကိလေသာအပူမီးတွေ အဝိုင်းခံရသဖြင့်- ရူးခြင်းသို့ ရောက်သည်နှင့်တူ၏၊

ဘာဖြစ်လို့- ကိလေသာမီးတွေ အဝိုင်းခံရပြီး- အရူးနဲ့တူရသလဲဆိုတော့၊ ဣန္ဒြေမရှိလို့(ဝါ) အစိုးတရ စောင့်ရှောက်နိုင်မှုမရှိလို့၊ ကိုယ့်ကိုယ်,ကိုယ် မနိုင်ဘူး- အစိုးတရ မစောင့်ရှောက်နိုင်ဘူးဆိုရင်၊ စက္ခု-သောတ-ဃာန-ဇိဝှာ-ကာယမှာ ဣန္ဒြေမရှိလို့၊ ကိုယ့်စိတ်ကိုယ်- ကိုယ်မနိုင်ဘူး- အစိုးတရမစောင့်ရှောက်နိုင်ဘူးဆိုရင်၊ “မန”မှာ ဣန္ဒြေမရှိလို့၊ ဒီတော့- ဣန္ဒြေရှိအောင် ဘာတွေသိပြီး ဘာလုပ်ပေးရမလဲ၊ စက္ခုအကြောင်းကိုသိရမယ်= စက္ခုနဲ့ပေါင်းတဲ့ တရားအကြောင်းတွေကို သိရမယ်၊ စက္ခုမှာ ရှိရမဲ့ဣန္ဒြေနဲ့- ဣန္ဒြေအကြောင်းကို သိရမယ်၊ စက္ခုရဲ့အကြောင်း အတ္ထုပ္ပတ္တိကိုကြည့်ရင်- ပုရိမတဏှာကြောင့် ရလာတဲ့ မြင်ခြင်းငှါ စွမ်းနိုင်သော (ဝါ) ရူပါရုံကို ပြတတ်သော- စက္ခု ပသာဒ-အကြည်ရုပ်ဓါတ်ဘဲဖြစ်တယ်၊ စက္ခုပသာဒဓာတ်ဟာ ငါမဟုတ်, အတုံးအလုံးအခဲ- သဏ္ဌာန်မဟုတ်၊ သဿတ,မဟုတ်၊ ဓုဝ,မဟုတ်၊

နိစ္စ မဟုတ်၊ သုခ မဟုတ်၊ အတ္တ မဟုတ်လို့ သိမရယ်၊ သိရုံနဲ့ မပြီး သေးဘူး၊ သဒ္ဓိန္ဒြေ=သဒ္ဓါတရားနဲ့ အစိုးတရ ယုံကြည်ဆုံးဖြတ် ရမယ်၊ သတိန္ဒြေ-သတိနဲ့ အစိုးတရ မပြတ်မလပ် မမေ့စေရဘူး၊ ဝီရိယိန္ဒြေ- ရဲရင့်စွာ ယုံကြည် ဆုံးဖြတ်ထားတဲ့အတိုင်း၊ သတိ မပြတ်ရအောင် စုစည်းပေါင်းစုမှုဖြစ်အောင် ဝီရိယရှိမယ်၊ ဒါမှ- သမာဓိန္ဒြေ- မရွေ့မလည် တည်ကြည်ခြင်းသမာဓိသည်၊ သဒ္ဓါ- သတိ-ဝီရိယတို့နှင့်အတူယှဉ်၍ သမာဓိန္ဒြေရှိလာမယ်၊ဒီအခါ-မူလ စက္ခုသဘောကို ပိုင်းခြားသိလာတဲ့- ပညာ-ပညိန္ဒြေက၊ စက္ခုနဲ့ ပေါင်းတဲ့- ရူပါရုံအကြောင်းကိုလဲ သိမယ်၊ ရူပါရုံဆိုတဲ့ ဝဏ္ဏ အဆင်းရုပ်ကိုလဲ ခတ်သဘောတိုင်အောင်- စက္ခုပသာဒမှာလို ပိုင်းခြားသိမယ်၊ အဲဒီလိုသိရင် (ဝါ) စက္ခုမှာ ဣန္ဒြေငါးပါးယှဉ် ရင်၊ ပေါင်းဆုံလာမဲ့ ရူပါရုံကိုလဲ ဣန္ဒြေငါးပါး ယှဉ်ရင်၊ ကိုယ် အနေနဲ့ အစိုးရလို့ ရတဲ့တရားတွေ မဟုတ်ဘဲ၊ ဣန္ဒြေငါးပါးနဲ့မှ- စက္ခုနဲ့ရူပါရုံကို ပိုင်းခြားနိုင်ပြီး၊ ငါ့ ပုဂ္ဂိုလ်, သတ္တဝါ, အတုံး, အလုံးအခဲ, သဿတမတဲ့ဘဲ၊ အနတ္တဘဲလို့ ပိုင်းခြားသိလာရင်= သိထားရင်၊ စက္ခုနဲ့ပေါင်းစပ်တတ်တဲ့- ရူပါရုံနဲ့ဆုံတိုင်း (ဝါ) ရှေ့ရှုတော်လို့ ရူပါရုံထင်လာတိုင်း၊ ကိလေသာတွေဖြစ်ခွင့်ရနိုင် ပါအုံးမလား?၊ မရနိုင်တော့ဘူး၊ ဘာဖြစ်လို့လဲ—စက္ခုနဲ့ ပတ် သက်ပြီး ဣန္ဒြေရှိလို့၊ ဣန္ဒြေနဲ့ ရူပါရုံထင်လာတာကို မြင်သိလို့ (ဝါ) စက္ခုအကြောင်း- ရူပါရုံ အကြောင်းတွေကို- ပညိန္ဒြေ ဦးစီးပြီး ပိုင်းပိုင်းခြား အစိုးရထားလို့၊ တနည်း= နိစ္စအဖြစ်နဲ့ မသုံးသပ်တော့လို့၊ သုခအဖြစ်နဲ့ မသုံးသပ်တော့လို့၊ အတ္တ အဖြစ်နဲ့ မသုံးသပ်တော့လို့၊ ဘာကို အစိုးတရ စောင့်ရှောက် သွားသလဲ- ကိလေသာတို့ဝင်ရောက်ခွင့် မရှိခြင်းငှါ- အစိုးရသွား

တယ်၊ ဘယ်သူက အစိုးရသွားတာလဲ?၊ ငါကသား, ပုဂ္ဂိုလ် သတ္တဝါကလားဆိုတော့ မဟုတ်ဘူး၊ ဣန္ဒြေတရားငါးပါးတို့က ဣန္ဒြေ(၆)ပါးတို့ကို "ဣန္ဒြိယဋ္ဌ" အနေဖြင့်- အစိုးရသွားတယ်၊ ကိလေသာတွေ မစွဲဝင်အောင်, အကုသိုလ်တွေ မစွဲဝင်အောင် အစိုးတရ စောင့်ရှောက်နိုင်သွားတယ်၊ ဘာလို့ စောင့်ရှောက် နိုင်သွားသလဲ၊ စောင့်ရှောက် နိုင်ကြောင်းဖြစ်တဲ့- စက္ခု,ရူပါရုံ တို့ရဲ့-ရုပ်သဘော-အာယတနသဘော-ဓါတ်သဘောတွေကို ပိုင်း ပိုင်းခြားခြားသိအောင် သုတမယ-ဉာဏ်ပညာနဲ့ဆည်းပူးခဲ့ရမယ်၊ စိန္တာမယ ဉာဏ်ပညာနဲ့- ဝါစုဂ္ဂတ အဖန်ဖန် ပြုလုပ်ခဲ့ရမယ်၊ ဒါကြောင့်-စက္ခု,နဲ့ရူပါရုံ- မဆုံခင်, ရှေးဦးစွာမှာ- မနိန္ဒြေတွင်- ပညိန္ဒြေကပ်ပေးထားရတယ်၊ ကပ်ပေးထားစရာပညာရှိရင်- သတိ သာလိုတော့တယ်၊ အဲဒီလို-ကပ်ပေးထားရင် "စက္ခု-သောတ- ဃာန-ဇိဝှါ-ကာယ" ကိုမှီပြီး ကိလေသာတွေ-ဘယ်ကလာလာ၊ အကုသိုလ်တွေ-ဘယ်ကဝင်ချင်ဝင်ချင်၊ လာလို့-ဝင်လို့မရအောင် ပညိန္ဒြေကပ်ထားပြီး၊ငါးဋ္ဌာနက-ကာမဂုဏ်တရားတွေ-ဝင်ထွက် ကျက်မစားနိုင်အောင် ဣန္ဒြေရှိရှိ-သံဝရမိမိ-စောင့်စည်းပေးလိုက် နိုင်ရင်, ပုထုဇ္ဇနော-ဥမ္မတ္တကော-ကနေ၊ ရှောကနဲလွတ်မယ်ဆိုတာ မုချမှတ်ပါ၊ (ဣန္ဒြိယ- သစ္စနိဒ္ဒေသ- အဖွင့်အကျယ်ရေးပြီးရှိ၏။ ကျမ်းလေးမည်စိုး၍- နောက်ဆက်မည့် ပညာပေး- အလုပ်ပေး တရား၌ ပြပါမည်။)

အချုပ်အားဖြင့် အာရုံဒွါရတို့ ပေါင်းဆုံခြင်း၌၊ အဘိဇ္ဈာ- ဗျာပါဒ-မိစ္ဆာဒိဋ္ဌိအားဖြင့်၊ မနောကံသုံးပါး- မကျူးလွန်မိရန် ရင်း၊ မနောကံလွန်မြောက်, ကာယကံ,ဝစီကံသို့ မရောက်ရန် ရင်း၊ စောင့်ရှောက်,စောင့်စည်း-ထိမ်းသိမ်းကြဉ်ရှောင်ခြင်းဖြင့်၊

အဓိသီလသိက္ခာဖြစ်အောင် ကြိုးစားသင့်ပါသည်။ အဓိကအားဖြင့်- စိတ်ကိုစောင့်စည်းရာ၌၊ မနောကံ- ပရိယုဋ္ဌာန် မဖြစ်ရန် အရေးကြီးပါသည်။ ထိုသို့- စောင့်စည်းနိုင်ရန်- လိုအပ်သောတရားမှာ၊ ယထာဘူတံ- ဟုတ်တိုင်းမှန်ရာကို ပိုင်းခြား သိမြင်တတ်သော ဝိပဿနာ သမ္မာဒိဋ္ဌိဉာဏ်ဖြစ်ပါသည်။ ဤသီလ၌ အဓိသီလသိက္ခာဖြစ်ရေးအတွက်သတိပညာပြဋ္ဌာန်း၏။ပရိယုဋ္ဌာန် မဖြစ်ရေးအတွက် ယထာဓမ္မဋ္ဌိတိဉာဏ်ကို အခြေခံ၍- ယောနိသော မနသိကာရပြဋ္ဌာန်း၏၊ ရုပ်ကုန္ဒြေ-နာမ်ဣန္ဒြေနှင့် ဗောဓိပက္ခိယ ဣန္ဒြေငါးပါးတို့၌- ယထာဘူတဉာဏ် အမြင်မှန်ရှိသူသည်၊ သမ္မာဒိဋ္ဌိဉာဏ် အမြင်မှန်ဖြင့် ဣန္ဒြိယသံရဝသီလ ပြည့်စုံရေးတွင်၊ ယောနိသော မနသိကာရနှင့် သတိပညာ မကွာပါက ကောင်းစွာ လုံခြုံနိုင်သော သီလ ဖြစ်ပါသည်။ ထို့ကြောင့် အရိယာနွယ်ဝင်, သူတော်စင် အမည်ခံယူထားလိုသူတိုင်းသည်- အရိယာတို့နှစ်သက်အပ်သော အရိယာကန္တသီလ-ဣန္ဒြိယသံဝရကို အခါမလပ်- ဒလစပ်သာ- စောင့်စည်းတော် မူနိုင်ကြပါစေကုန်သတည်း။ ။

(၄) အာဇီဝ ပါရိသုဒ္ဓိသီလ= ဤအာဇီဝ ပါရိသုဒ္ဓိသီလသည်၊ အသက်မွေးမြူမှုနှင့်စပ်ဆိုင်သမျှ- ကာယ, ဝစီ, မနော- သုံးလီသော အားထုတ်ရှာမှီးမှုတို့၌၊ ထက်ဝန်းကျင်- စင်ကြယ်နိုင်မှသာ ဝိသုဒ္ဓိဖြစ်နိုင်သောတရားဖြစ်ရာ၊ ကျယ်ဝန်းသိမ်မွေ့လှ၏၊ သံဃာတော်အရှင်မြတ်များသည်ပင်လျှင်၊ ကာယကံ, ဝစီကံနှင့် ဝိနည်းတော်များကို လုံခြုံပြီးငြားသော်လည်း၊ အာဇီဝပါရိသုဒ္ဓိသီလကို အထူးတလည်ဂရုပြုနိုင်မှပင် ပြည့်စုံနိုင်တော်မူကြပါသည်။ ဤနေရာ၌- အလျဉ်းသင့်သည်ဖြစ်၍ ဖေါ်ပြရသော်

အခါးတပါး၌- လက်ျာတော်ရံ- အရှင်သာရိပုတ္တရာမထေရ်မြတ်အား လေနာနှိပ်စက်ခြင်းသို့ ရောက်ရာ၊ ဆွမ်းမဘုဉ်းပေးနိုင်- ဆွမ်းခံမကြွနိုင်ဖြစ်နေတော်မူရာ၏။ ထိုအခါ- ရှင်မဟာမောဂ္ဂလာန်မထေရ်မြတ်က အကြောင်းကို လျှောက်ထားမေးမြန်းရာ၊ လေနာနှိပ်စက်သည်ဖြစ်ကြောင်း-နံနက်စောစော ယာဂုဘုဉ်းပေးရပါက သက်သာပျောက်ကင်း နိုင်မည်ဖြစ်ကြောင်း မိန့်ကြားတော်မူရာ၊ ရှင်မဟာမောဂ္ဂလာန်မထေရ်မြတ်က မှန်လှပါဘုရား- တပည့်တော်, နက်ဖြန် နံနက်- ယာဂုဆွမ်းရပါက ဆက်ကပ်ပါမည်ဘုရားဟု ပြန်ကြားလျှောက်ထားလေသည်၊ ထိုမထေရ်မြတ်နှစ်ပါးတို့စကားကို နတ်သားတပါး ကြားသိသွားသည်ဖြစ်ရာ၊ ၎င်းနတ်သားသည်- ရှင်မဟာမောဂ္ဂလာန်၏ ဆွမ်းဒါယိကာမကြီးသို့- နက်ဖြန်နံနက် ယာဂုဆွမ်းလောင်းရန်- အိမ်မက်ပေးနှိုးဆော်သည်ဖြစ်၍၊ ဆွမ်းအမကြီးလည်း ယာဂု ထ၍ကျိုခါ- ရှင်မဟာမောဂ္ဂလာန် ဆွမ်းခံကြွလာလျှင်- သပိတ်အပြည့်မျှ- ဝမ်းမြောက်ဝမ်းသာ လှူဒါန်းလေသည်။

ရှင်မဟာ မောဂ္ဂလာန် မထေရ်မြတ်လည်း- ရှင်သာရိပုတ္တရာမထေရ်မြတ်အား လုံလောက်စွာဆက်ကပ်နိုင်ပြီဟု- ဝမ်းမြောက်စွာ ပြန်ကြွလျက်- ကျောင်းတော်သို့ ရောက်လျှင်ရောက်ချင်း ဆက်ကပ်လေရာ၊ ဤမျှ များမြောင်ကောင်းမွန်လှသော ယာဂုများကို သပိတ်ပြည့်မျှရလာခြင်းသည်- ဘယ်သို့သောအကြောင်းကြောင့် ရပါသနည်းဟု ဆင်ခြင်ကြည့်ရာ၊ ရှင်သာရိပုတ္တရာ- စကားသံကြောင့်- နတ်သားဆော်ဖန်၍- ဤယာဂု စီမံပြုခြင်းကြောင့် ရလာခြင်းဖြစ်သည်ကို သိရှိကာ၊ "ငါ့ရှင်- ဤယာဂုသည်- သံဃာအားမထိုက်၊ ကြားလူအောင်သွယ်- တန်ခိုးကြွယ်

သော- နတ်လူလယ်ကြောင့်သာ- ပေါ်ပေါက် လာရကား။ အာဇီဝကိုမငဲ့- သုံးဆောင်ခဲ့သော်၊ ဘုရားအရိယာတို့ ကဲ့ရဲ့ထိုက်သည်ဖြစ်၍၊ ငါ့ရှင်လူ့ဒါန်းသည့် ဤယာဂုဆွမ်းကို မြေသို့စွန့်လော့၊ အသက်ဟူသောအကြောင်းကို မငဲ့မူ၍၊ ယာဂုကိုမြေသို့စွန့်လေသော အခါ၊ ယာဂုတို့ မြေသို့ ကျ၍ ထိစပ် မိသည့်အချိန်မှစပြီး၊ ယာဂုအားလုံး ကုန်ချိန်တွင် ရှင်သာရိပုတ္တရာမထေရ်မြတ်၏ ရောဂါဝေဒနာသည်လည်း- တစ,တစ, ငြိမ်း၍ ပျောက်ကင်းချမ်းသာခြင်းသို့ ရောက်တော်မူ၏။

ထို့ကြောင့်- ဤအာဇီဝပါရိသုဒ္ဓိသီလသည်၊ အဘိဉာဉ်နှင့် ပဋိ-စစ်ဆေးနိုင်ပါမှ တော်ခါကျ၍၊ စင်ကြယ်နိုင်ခဲဆုံး- အဓိသုဒ္ဓိဖြစ်မည်ဖြစ်ရာ၊ အရာဋ္ဌာနအားဖြင့်လည်း ကျယ်ဝန်းလှ၍၊ "သိက္ခာပဒံ-သမာဒိယာမိ" ကို အာမဘန္တေခံ အနေအားဖြင့်- ရှောင်ကြဉ်ပြည့်စုံနိုင်ကောင်းသော- ဝိရတိမျိုးမဟုတ်၊ အတတ်နိုင်ဆုံးစင်ကြယ်အောင်-စောင့်ရှောက်ရသော-သံဝရမျိုးသာဖြစ်ပေသည်။ ထို့ကြောင့် သမ္မာအာဇီဝမဂ္ဂင် အနေအားဖြင့်- ဝိပဿနာ-မဂ်ရခိုက်နှင့် မဂ်ဉာဏ် အခိုက်သည်- အပြည့်စုံဆုံး- သံဝရ-အဓိသုဒ္ဓိ ဖြစ်ပေသည်။ ဆိုင်ရာ- လောကုတ္တရာမဂ်ရပြီး- အခြားမဲ့၌ကား- သမုစ္ဆေဒဝိရတိအဖြစ်သို့ မဂ်ကပယ်သတ်ပေးမှုကြောင့်-ပြည့်စုံသည်ဖြစ်ရာ-သံဝရမမည်-ဝိရတိသာလျှင် တည်ပေတော့သည်။

သံဃာတော်အရှင်မြတ်များအနေဖြင့် "အာဟာရေ-ပရိယေသန-ဝဋ္ဋမူလက ဒုက္ခ" ကို၊ ဝိရိယပြဋ္ဌာန်း ဆွမ်းခံခြင်း မပျင်းရိမှုဖြင့် ရသမျှနှင့် မျှတတော်မူနိုင်ရာဝယ်၊ အလွန်စင်ကြယ်သော

စိတ်ဖြင့်သာ ပြည့်စုံနိုင်၍၊ လူတို့အနေနှင့်မူ-- အသက် ဟူသော
အကြောင်းကြောင့်- ကဗဠီကာရာဟာရ—အလုပ်အလွေ့ မပြုအပ်
သော်လည်း- အလုပ်အလွေ့ အားဖြင့်- သက်ဝင်ဆောင်နှင်းတတ်
သော စားဘွယ်-ခဲဘွယ်- သောက်ဘွယ်, လျက်ဘွယ်, တို့တွင်ပါ
မကာ၊အသက်နှင့်- ချမ်းသာစည်းစိမ်ဟူသော အကြောင်းကြောင့်၊
အခြမ်း, အပူခံနိုင်ရေး၊ အဝတ်တန်းဆာ- ဓါတ်စာ, နေထိုင်
စရာ စသည်တို့ကို၊ မိမိအတွက်ကြောင့်ရင်း၊ ဇနီး, သားသမီး,
ခြွေရံအသီးသီးကြောင့်ရင်း၊ နေ့စဉ်နှင့်အမျှ- ကြုံတွေ့နေရပေရာ၊
ဆိုဘွယ်ရာမရှိအောင်၊ အလွန့်အလွန်- ကျယ်ဝန်းသိမ်မွေ့ လွန်း
ရကား၊ ဝိသုဒ္ဓိတန်းမှီအောင်, သံဝရပြုစောင့်စည်းနိုင်ရန် ခဲယဉ်း
လှပေ၏၊ သို့သော်– အားကိုးဘွယ်ရာ- အဓိသီလသိက္ခာအဖြစ်ကို
အာဂါရလမ်း, ဝိပဿနာပြေမ်းဖြင့် မဂ်ပန်း,ဖိုလ်ပွင့်ကို ပန်ဆင်
ရန် ဝိပဿက ပုဂ္ဂိုလ်အစစ်ဖြစ်ရမှသာ၊ အာဇီဝပါရိသုဒ္ဓိ- သမ္မာ
အာဇီဝမဂ္ဂင်ကို ပြည့်လွင်စွာ ရရှိနိုင်မည်ဖြစ်ကြောင်း၊ ကောင်း
မွန်စွာသိ၍၊ မဖြစ်ဘူးသေးသော ကုသလတရားတို့ကို ရင်ဝယ်
ပိုက်ထား- ကြိုးစားတော်မူကြရာပါသည်။ အဲဒီလို- ကြိုးစားပြီး-
အစဉ်ကျင့်သုံးထိုက်တဲ့- ငါးပါးပဉ္စသီ, အာရတီကို- ခါးဝတ်
အထည်ပုဆိုးကဲ့သို့- မြဲမြဲတည်တန့်စေလျက်၊ ရှစ်အင်,ဆယ်ပါး-
သီလတော်များကိုလဲ- တတ်အားသမျှ-ဝိရတီဖြစ်စေလျက်၊သမ္မာ
အာဇီဝ–သံဝရသုဒ္ဓိကို၊ စောင့်စည်း ရှောင်ကြဉ်မှု အလီလီဖြင့်-
ထုံလွှမ်းရရှိအောင်,နီးစွာသောအကြောင်း-“သဒ္ဓါ-ဟိရိ-ဩတပ္ပ-
အပိစ္ဆတာ”တို့နှင့်မကွာ၊ ဖြည့်ကျင့်ကြလျက်၊ ပစ္စယသန္နိဿိတ–
သီလတမျိုးကိုပါ- သက်ဝင်လာအောင်- အရိယာကန္တ- သဘော
သွားအတိုင်း, နှစ်သက်တော်မူအပ်ကြရာပါသည်။

(၄) ပစ္စယသန္နိဿိတသီလ=သံဃာတော်များအတွက်, ဆွမ်း သင်္ကန်း-ကျောင်း-ဆေး- လေးပါးသောပစ္စည်းတို့ကို၊ သုံးဆောင် မှီဝဲရာ၌၊ ပစ္စဝေက္ခဏာတင်, ဆင်ခြင်သည်ဖြစ်၍- ဖြည့်ကျင့် ရသောသီလ ဖြစ်ပါသည်၊ လူယောဂီပုဂ္ဂိုလ်တို့အတွက်မှာလည်း သမ္မာအာဇီဝဖြင့်- ရှာမှီးရရှိသော- စားဘွယ်, ဝတ်ရုံ- အသုံး အဆောင်ပစ္စည်းအဖုံဖုံနှင့် နေထိုင်အိမ်ယာ- ဆေးဝါးမကျန်၊ စား,ဝတ်,နေရေး, ကျန်းမာရေးဆိုသည့် လေးပါးသော ပစ္စယ အကြောင်း- အထောက်အပံ့ကောင်းတို့ကို- နေ့စဉ်နေ့တိုင်း တွေ့ ကြုံနေရရာ၊ ဘေးဘယရောဂါ- ဆာလောင်မွတ်သိပ်- ကင်းစိမ့် ရုံမျှ- အာဟာရနှင့်- ဥတုသုံးလီ- နှိပ်စက်သည်မှ- အညီအမျှ ခံသာ ချအောင်, သုံးဆောင် ပြုလျက်၊ ကုသလဖက်၍- ဓမ္မစက်နာခံ မဖြစ်သေးသည့်- ဝိပဿနာ ကုသိုလ်အဖန်ဖန်ကို- ကျင့်ရန်ရည်စူး- စား,ဝတ်,နေမှုတည်း ဟူသော သဘောတို့၌၊ ဒိဋ္ဌ- တဏှာ- ယှဉ် မပါအောင်, ဆင်ခြင်ခါဖြည့်ကျင့်ရသော သီလဖြစ်ပါသည်။

ဤ ပစ္စယသန္နိဿိတသီလ၌၊ အမှန်းတင် ဆင်ခြင်ခြင်း- ပစ္စ ဝေက္ခဏာတို့သည်လည်းရှိပါ၏၊ ရဟန်း,ရှင်လူ-အကြင်,ဝိပဿက ပုဂ္ဂိုလ်ဖြစ်သူတို့အတွက်၊ ဆင်ခြင် နိုင်စွမ်းလည်းရှိပြီး၊ ဆင်ခြင် သဖြင့်လည်း- ဝိပဿနာ ဘာဝနာမှုကို- မြှင့်တင် ပေးနိုင်သော အကျင့်စရိယလည်းဖြစ်ပါသည်။ ထိုသဘောမှာ- အာဟာရတွင် သာမက- အရာဌာနတိုင်းတို့၌- မိမိတို့၏ သုံးဆောင်ခံစားရာတွင်- စက်ဆုတ်ဘွယ် ဤ ကရဇကာယ အတ္တဘောကိုရင်း၊ ထိုကရ ဇကာယ အတ္တဘောနှင့်စပ်ယှဉ်သမျှ- ဗဟိဒ္ဓဖြစ်သော-လေးပါး ပစ္စယ- ပရိဘောဂ အစုစုတို့၌ရင်း၊ အဇ္ဈတ္တဖြစ်သော- ပြဆိုပြီးခဲ့ သည့်- ရုပ်အာဟာရ (၁) နာမ်အာဟာရ (၃) ပါး တို့၌ရင်း၊

ပဋိကူလသညာ-စက်ဆုတ်ဘွယ်ရာအဖြစ်နှင့်သာ သုံးဆောင်ကြရပါမည်၊ တတ်အားသမျှ၊ အပ္ပမာဒေန, မမေ့မလျော့ဘဲ- ပစ္စဝေက္ခဏာတင်, ဆင်ခြင်ဖြစ်အောင်- တစ,တစ,ကြိုးစားရပါမည်။ အရှင်ဥာနတိုင်း၌- အသုံးကျလှသော "သတိ" နှင့်၊ ပိုသည်ယူ၍ အဆိုမရှိသော-သတိတွင်- သမ္ပဇညယှဉ်ပါက၊ ပဋိကူလသညာ-မကွာမကွေ-ဖြစ်ရမည်သာ-ဖြစ်ပါတော့သည်၊ ထိုပဋိကူလသညာ ရင့်ကျက်လာသောအခါ၌၊ ဓါတုမနသိကာရအဖြစ်သို့၊ ကောင်းစွာသက်ဝင်ရှေ့ရှုလာနိုင်ပါလိမ့်မည်။ ပဋိကူလသညာ-ရင့်ကျက်လာအောင် နိစ္စမ္ပဂါဝူပမာ- အာဟာရဟု ပြဆိုခဲ့သောသဘောမှ စ၍ လေ့ကျင့်ရပါမည်၊ ပဋိကူလသညာ- ဆင်ခြင် ထင်မြင်မှု ပစ္စဝေက္ခဏာ-ခိုင်မာလာပါက၊ စက်ဆုတ်စွန့်ခွါစရာ-အတ္တဘော-သကာယသည်၊ သခ်ါရအစစ် "ဖြစ်ပျက်" စံနစ်နှင့်- သဿတ မဟုတ်၊ ဥစ္ဆေဒ မမည်၊ အလီလီသော ဗဟုကိစ္စ-ကရဏနှင့် ကမ္မသကာ-သဘာဝါ,သဘောတို့သည်၊ သခ်ၤတပရမတ်, ဓါတ်အစုမျှသာတည်းဟု၊ ဝစီနှုတ်မြွက်- ဆိုချက်မပါ- မနောအာဝဇ္ဇနာတွင်- မကြာမတင်- ဆင်ခြင်ထင်မြင်နိုင်ခြင်းသို့- သက်ဝင်သည်ဖြစ်၍၊ ဓါတုမနသိကာရဖြစ်လျက်၊ ပုဂ္ဂလ, သတ္တ, အတ္တ, ဇီဝ-သညာဆိတ်ထင်မြင်တိုင်း၊ အနတ္တမြင်, သမ္မာဒိဋ္ဌိဥာဏ်ယှဉ်သော-အဓိသီလ,အဓိပညာ-သိက္ခာနှစ်ပါးဝင်သည့်-ပစ္စဝေက္ခဏာအဖြစ်သို့၊ တိုးတက်ရရှိတိုင်း ဝိပဿနာ ဘာဝနာဘိသမယပိုင်းတွင်၊ အာဝဇ္ဇနဝသီဘော်နှင့် လျင်မြန်စွာ ဝိပဿနာဥာဏ်မြင် ရနိုင်ခြင်းကို အထောက်အကူဖြစ်စေသော သံဝရမှုဖြစ်ခြင်းကြောင့် ကောင်းစွာ သတိချပ်-စောင့်ရှောက်အပ်ပေသည်။ ॥

နိစ္စဂရုဓမ္မပဋ္ဌသီလမှစ၍- အရိယာကန္တသီလဟုပင် ဆိုအပ်ရာ တွင်၊ ဤအရိယာကန္တ- စတုပါရိသုဒ္ဓိသီလသည်၊ မှချအားဖြင့် အနာဂါရလမ်း-မြတ်ရဟန်းတို့၏-သီလဖြစ်သော်လည်း၊ အာဂါရလမ်း- ဝိပဿနာငြမ်းဖြင့်- ရောဂါဝစရပန်းကို ဆင်မြန်းသူတို့ သည်လည်း၊ အထက်ပါ လေးအင်သီလ-ဝိသုဒ္ဓါစာရကို မဖြည့် ကျင့် မဆည်းပူးနိုင်ရာသော အကြောင်းမရှိပါ၍၊ (ဝါ) ကောင်း စွာပြည့်ချင်၊ ထိုလေးအင်၌၊ ဣန္ဒြိယ-သံဝရဟု၊ မည်ရစိုးပိုင်၊ စောင့်စည်းနိုင်လျှင်၊ ကြွင်းသမျှသုဒ္ဓိ- တွင်းဝင်ဘိ၍- စင်ကြယ် သည့်အဖြစ်ကို ရကောင်းသည် ဖြစ်ပါ၍၊ ကောင်းစွာ မသေ့- ကြိုးစားလေလေ-ပြည့်စုံရမည်ဖြစ်သည့်အတိုင်း၊ ဤစတုပါရိသုဒ္ဓိ သီလ-အဓိသီလ သိက္ခာပဒကို- ကိုယ်အသက်ပင် ငဲ့ကွက်မှုမဝင်ဘဲ ဖြည့်ကျင့်သင့်ပါသတည်း။ ။

## "သမ္မာသက်ပွမဂ္ဂင်"
## (ဝိတက္ကစေတသိက်)

အဘိရောပန လက္ခဏော=စိတ်၌အာရုံကို တင်ပေးတတ်သော လက္ခဏာရှိ၏၊

အာဟနပ္ပရိယာဟနရသော= အာရုံကို-အစဦးစွာ ကြံစီခြင်း- တပ်တလဲလဲ ကြံစီခြင်း ကိစ္စရသရှိ၏၊

အာနယု ပဋ္ဌာနော= အာရုံသို့- စိတ်ကိုရောက်အောင်ဆောင် တတ်သောတရားဟု ဉာဏ်အား ရှေ့ရှုထင်၏။

အာရမ္မဏ ပဒဋ္ဌာနော = အာရုံ လျှင် နီးစွာသော အ- ကြောင်းရှိ၏။

ဝိတက္ကေတိ=အာရုံကို ကြံစီတတ်သည်၏ အဖြစ်ကြောင့်၊ ဝိတက္ကော-ဝိတက္ကမည်၏၊ အဘိဓာနပ လက္ခဏာအရ၊ စိတ်ကို အာရုံသို့ရောက်၍-ရောက်၍-သွားအောင်တင်ပေးမှုကိုပင် "ကြံစီ" သည်ဟု- ပြောဆိုကြခြင်းဖြစ်သည်၊ ဝိတက်၏စိတ်ကို အာရုံသို့ တင်ပေးတတ်ပုံမှာ၊ ကျေးတောသားတယောက်သည်၊ မင်းထံသို့ ဝင်ရောက်ခစားလိုသော်လည်း၊ မိမိ အလို အလျောက်- အာထံ တော်သို့ ဝင်ရောက်ခြင်းငှါ မစွမ်းနိုင်သဖြင့် မင်းကျွမ်းကျင်သူ မိတ်ဆွေသင်္ဂဟကိုမှီကာ၊ မင်းကျွမ်းကျင်သူက ရောက်အောင်ပို့ ပေးသဖြင့် ခစားခွင့်ရသကဲ့သို့ တူလေသည်။ ဤတွင် မင်းနှင့် စိတ်၊ ကျေးတောသားနှင့်အာရုံ၊ မင်းကျွမ်းကျင်သူနှင့် ဝိတက်တို့ ဥပမာနတူမျှပုံကို သိရာ၏။

အဲဒီလို ဝိတက်ကတင်ပေးမှုကြောင့်၊ စိတ်တို့အာရုံကို ယူနိုင် ကြသည်ကို- ဝိတက်နှင့်ယှဉ်သော (၅၅) ပါးသောစိတ်တို့၌ဖြစ် ကုန်၏။ ဝိတက်နှင့်မယှဉ်သော (၆၆) ပါးသော စိတ်တို့လည်း အာရုံသို့ ရောက်နိုင်ယူနိုင်ကြပေသည်။ ထိုစိတ်တို့မှာ၊ ဒွေပဉ္စ ဝိညာဏ် (၁၀) ဒုတိယစျာန်စိတ် (၁၁) တတိယစျာန် (၁၁) စတုတ္ထစျာန် (၁၁) ပဉ္စမစျာန်စိတ် (၂၃)ပါးတို့ ဖြစ်ပါသည်။ ဘာကြောင့် ဝိတက်မပါမယှဉ်ဘဲ- အာရုံသို့ ရောက်နိုင်ယူနိုင်ကြ သလဲဆိုရင်၊ ရုပ်ပါရုံစသော ပဉ္စာရုံတို့က- စက္ခုဝတ္ထုစသော- ပဉ္စ ဝတ္ထုတို့၌၊ ထိပါးပွတ်ချုပ်မှုအစွမ်းကြောင့်၊ ပဉ္စဝိညာဏ်စိတ် (၁၀) ပါးသည်၎င်း၊ ဥပစာရ ဘာဝနာအစွမ်းကြောင့်-ဒုတိယ စျာန်အစရှိသော စျာန်စိတ် (၅၆) ပါးတို့သည်၎င်း၊ ဝိတက် မယှဉ်ဘဲ- အာရုံသို့ ရောက်နိုင်ယူနိုင်ကြခြင်းဖြစ်ပေသည်။

ဤနေရာ၌- ဝိတက်၏ ဆောင်နှင်းတတ်ပုံနှင့် ဝိတက်နှင့် တပေါင်းထည်း ဆောင်နှင်းတတ်သော- အာရုံပြုတတ်, အာရုံယူတတ်သော စေတသိက်တို့နှင့် သဘောချင်း-သိသိကပ်၍၊ ကွဲပြားပုံကလေးကို ရှင်းကြည့်သင့်ပါသည်။ ဝိတက်သည်- ပကိဏ်းစေတသိက်ဖြစ်၍- ကုသိုလ်, အကုသိုလ်နှစ်ဘက် ရောပြွမ်းဖြစ်စေတတ်ပါသည်။ အာရုံပြု- အာရုံကိုရှေ့ရှု- အာရုံယူ- အသွင်တူစေတသိက် နှစ်ပါးဖြစ်သော- စေတနာနှင့် မနသိကာရတို့မှာမူ၊ စိတ်ဖြစ်တိုင်း အမြဲယှဉ်သော-စေတသိက်တရားများဖြစ်ပါသည်။ ဝိတက်ယှဉ်သောစိတ်ဖြစ်တိုင်းတို၌၊ ဤစေတသိက် သုံးပါးတို့သည်၊ စေတနာက-သမ္ပယုတ်တရားတို့ကို ဖွဲ့စပ် ပေါင်းစည်းစေခြင်းလက္ခဏာရှိ၍၊ မနသိကာရက-သမ္ပယုတ်တရားတို့ကို နှလုံးသွင်း-ယှဉ်စပ်ပေးခြင်း လက္ခဏာရှိ၏။ ဝိတက်က သမ္ပယုတ်တရားတို့ကို အာရုံသို့တင်ပေးခြင်း လက္ခဏာရှိ၏ဟု၊ မှီရာဝတ္ထုအာရုံတွင် ဆောင်နှင်းတတ်ပုံချင်း-အသွင်တူသကဲ့သို့ရှိနေခြင်းကြောင့် မည်ကဲ့သို့ ကွဲပြားအောင် အထူးမှတ်အပ်ပါသနည်းဆိုသော်....

လှေများ- လှေလှော်ပြိုင်ကြရာ၌၊ လှေဦးက ပန်းဆွတ်သူ၊ လှေဝမ်းထဲက-လှေလှော်ခပ်သူ၊ ပဲ့စင်က ပန်းတိုင်နဲ့တဲ့အောင်-ပဲ့ကိုင်ပေးသူ၊ ဤသူသုံးယောက်တို့- တပြိုင်နက်လှေကို အတူလှော်ကြသော်လည်း၊ ဝမ်းထဲကသူမှာ ပန်းတိုင်သို့ အမြန်ဆုံးသူ့ထက်ငါ အရင်ရောက်အောင် လှော်ဘို့သာ အရေးကြီး၏၊ ပဲ့ကိုင်သူမှာ- ပန်းတိုင်သို့- ဖြောင့်တန်းအောင်ရောက်စေဘို့သာ အရေးကြီး၏၊ လှေဦးကလှော်သူမှာ ပန်း တိုင် အရောက် တွင် ပန်းဆွတ်မိဘို့သာ အရေးကြီးလေသည်။ အဲဒီ ဥပမာ အတိုင်း

သာလျှင် စေတနာ-ဝိတက်-မနသိကာရတို့ အာရုံကို တပြိုင်နက် ယူကြသော်လည်း၊ မိမိလက္ခဏာ- မိမိတို့ကိစ္စကိုသာ ဆောင်နိုင်ကြပါသဖြင့်= မတူခြားနား ကွဲပြားကြရပါသည်၊ ဥပမာနတူမျှပုံကတော့= စေတနာသည်- ပန်းဆွတ်သူ၊ ဝိတက်သည်-ဝမ်းမှုလျှော်သူ၊ မနသိကာရသည်- ပွဲကိုင်သူနှင့် တူပါသည်။ ပန်းတိုင်က အာရုံနှင့်တူပြီးလျှင် လှေကမူ- သမ္ပယုတ်တရားတို့နှင့်တူသည်၏အဖြစ်- ပိုင်းခြားသိမှတ်ရာပါသည်။

ဝိတက္ကစေတသိက်တရားကိုယ်ရဲ- ဌာန်လေးပါးနဲ့ သဘောသဘာဝများကို၊ ဤမျှနှင့် ရပ်နားပြီး၊ သမ္မာသင်္ကပ္ပမဂ္ဂင်အဖြစ်နဲ့ ယှဉ်၍မြင်အောင်, ပိုင်းခြားကြည့်ကြပါစို့ ...၊

မဂ္ဂင်ရှစ်ပါးတို့တွင်- သမ္မာသင်္ကပ္ပ မဂ္ဂင်တရားကိုယ်- ဝိတက်စေတသိက်သည်၊ ပညက္ခန္ဓမဂ္ဂင်ဝင် အဓိပညာသိက္ခာတွင် ပါဝင်သောတရားဖြစ်ပါသည်၊ ဤသမ္မာသင်္ကပ္ပ ဝိတက္ကကို၊ မဂ္ဂင်အနေအားဖြင့်- နေက္ခမ္မဝိတက်, အဗျာပါဒ,ဝိတက်, အဝိဟိံသဝိတက်အားဖြင့် အလိုရှိအပ်၏၊ အပြန်အားဖြင့်- မိစ္ဆာဝိတက်ဟု ဆိုအပ်သော၊ ကာမဝိတက်, ဝိဟိံသဝိတက်, ဗျာပါဒဝိတက်, တို့ကို အလိုမရှိအပ်၊ မဖြစ်စေအပ်၊ မပွားစေအပ်၊ ထိုမှတပါး စာမျက်နှာ (၂၄၇)၌ပြခဲ့သော· မိစ္ဆာဝိတက် ၉-ပါးကိုလည်း အလိုမရှိအပ်ပေ၊ ဤမဂ္ဂင်အရာ- အဓိပညာ သိက္ခာအနေအားဖြင့် မုချအလိုရှိအပ်သောဝိတက်မှာ- နေက္ခမ္မဝိတက်သာလျှင်ဖြစ်ပါသည်၊ ၎င်းတို့ကို ပိုင်းခြားဝေဘန်သော်- မေတ္တာစျာန်နှင့် ယှဉ်သော (ဝါ) မေတ္တာစိတ္တုပ္ပါဒ်နှင့်ယှဉ်သော သင်္ကပ္ပသည်- အဗျာပါဒဝိတက်ဖြစ်သည်၊ ကရုဏာစျာန်နှင့်ယှဉ်သော (ဝါ) ရာဂကင်း

သော သန္တာနခြင်းစိတ္တုပ္ပါဒ်နှင့်ယှဉ်သောသက်ပ္ပသည်-အဝိဟိံသ ဝိတက်ဖြစ်သည်၊ ကြွင်းသော ဗျာဒ်, မဂ်နှင့်ယှဉ်သော (ဝါ) ဗျာဒ်, မဂ်,ဖိုလ်,နိဗ္ဗာန်,ဝိပဿနာအလုံးစုံသောကုသိုလ်စိတ္တုပ္ပါဒ် နှင့်ယှဉ်သော သက်ပ္ပသည်- နေက္ခမ ဝိတက်ဖြစ်သည်၊ (ဝါ) မဖေါက်မပြန် မှန်ကန်သော ကြံစီမှုအားဖြင့် ဝဋ္ဋဒုက္ခအပေါင်းမှ ကျွတ်လွတ်ထွက်မြောက်အောင် ရှာကြံသော အကြံအစီမျိုးသည် နေက္ခမဝိတက်မည်၏။

ထို့ကြောင့်၊ ပညက္ခန္ဓမဂ္ဂင်ကို-အဓိပညာသိက္ခာအရ၊ နေက္ခမ သက်ပ္ပဖြစ်အောင်၊ မိစ္ဆာသက်ပ္ပများ မဝင်ရောက် ရအောင်၊ ဝိပဿနာ သမ္မာဒိဋ္ဌိဉာဏ်, အမြင်မှန်မှုစ၍၊ မိမိ၏ သကာယ, အတ္တဘောကို၊ ရန်သူတပ် ဝိုင်းမိနေသောသူ၊ တောမီးဝိုင်း၍နေ သောသူ၊ ပိုက်ကွန်မြုံးတွင် လှောင်မိခြင်း ခံနေရသောငါး၊ လှောင်ချိုင့်တွင်း၌မိလျက်ရှိသော ငှက်ပမာ၊ ဘေးရန်ကင်းရာသို့ ပြေးထွက်နိုင်ရန် လမ်းပေါက်ကို၊ မအိပ်နိုင်,မစားနိုင်,စိတ်တပါး မဝင်နိုင်ဘဲ၊ ရှာကြံကြိုးစားကြကုန်သကဲ့သို့၊ ဒုက္ခသစ္စာ, ဝတ္တ မာန်ပစ္စက္ခ- သကာယ အတ္တဘောခန္ဓာတွင်- အရိပ်ပမာ အစဉ် လိုက်နေသည့်- ဥပ္ပန္နအကုသိုလ်ဟောင်းအနန္တ ဖြစ်တဲ့လှောင်အိမ်၊ ရှေ့အတ္တဘော အဆက်ဆက်တွင်လည်း၊ ဖြစ်ပွားလတံ့သော အနုပ္ပန္နအကုသိုလ်သစ် အနန္တဖြစ်မည့်-နှောင်ကြိုးတို့ဖြင့်၊ အကျဉ်း အကြပ်, ရစ်ပတ်ဖွဲ့နှောင် အမိခံနေရခြင်းကို၊ ထို- ဥပ္ပန္န-အနုပ္ပန္န- ကံကိလေသဓမ္မတို့မှ၊ ယခုဘဝမှစ၍- လွတ်မြောက်ရန် လမ်းမှန် ထွက်ပေါက်ကို မြဲမြံစွာ ရှာကြံခြင်း-နေက္ခမသက်ပ္ပဖြင့်- သန္နိဋ္ဌာန် ချ၍- ရှေ့ရှုကြိုးစား, မနေမနား ဖြည့်ကျင့်အပ်ရာ ပါသည်။

အဲဒီလို မဖေါက်မပြန် မှန်ကန်တဲ့ ကြံစီမှု-သမ္မာသင်္ကပ္ပ- အဓိပညာသိက္ခာသည် သမ္မာဒိဋ္ဌိမဂ္ဂင်နှင့် ကင်းကွာ၍ မရကောင်းခြင်း၊ သမ္မာသင်္ကပ္ပ- မဖေါက်မပြန်- မှန်ကန်သော အကြံဖြစ်အောင်၊ သံသာရာ့ဝဋ္ဋဒုက္ခသဘောကို သမ္မာဒိဋ္ဌိဉာဏ်က မပြတ်ထောက်ပြထားနိုင်မှ၊ အမြင်မှန်ပေါ်တွင်- မဖေါက်မပြန်- ကြံချင်ရာ မကြံသာအောင်၊ နေက္ခမသင်္ကပ္ပနှင့် ထွက်မြောက်ရာသို့ကြံစီခြင်း ဟူသောသဘောတို့တွင်၊ သုတမယ ပညာဉာဏ်ရှိသူ၌၊ စိန္တာမယ ဉာဏ်ပညာသည် သမ္မာသင်္ကပ္ပကောန် မြဲမြံစွာ ဖြစ်လျက်၊ (**ဝိမုတ္တိ နယ ဝိသေသဖြစ်သော (၉) ဂုဏ်သတ္တိ**) ထွက်မြောက်ရန် အမှန်ဖြစ်သည့် သမ္မာဒိဋ္ဌိပညာဖြင့် ဝိပဿနာ ဘာဝနာ ဘိသမယသို့ မြဲမြံစွာ တက်လှမ်းနိုင်ပြီးလျှင်၊ အဓိပညာသိက္ခာဖြစ်သည့် အလုံးစုံသော ဘုံဘဝမှ ထွက်မြောက်စေရာသော၊ လွန်ကဲမြင့်မြတ်သည့် ဝိပဿနာမဂ်တို့၌ အခြေခံသော ဝိပဿနာအကျင့်မြတ်၌တည်၍- ဝိမုတ္တိရသကို သုံးဆောင်နိုင်အောင် သမ္မာဒိဋ္ဌိမဂ္ဂင်နှင့် အညီယှဉ်လျက်-သမ္မာသင်္ကပ္ပမဂ္ဂင်ကို ဖြည့်ကျင့်ကြပါကုန်။

မိမိတို့ ဖြည့်ကျင့်ပွားများမည့်- ဝိပဿနာ ဘာဝနာမြတ်သည် (၉) ပါးသော ဂုဏ်သတ္တိရှိကြောင်းကို ကောင်းစွာ သိ၍၊ အားကိုး-အားကြိုး၊ ယုံကြည်-တည်ကြည်စွာ- လည်းလျှောင်းနိုင်ရန် ကိုးပါးသော ဝိပဿနာဂုဏ်ကို ဖေါ်ပြပေးအပ်ပါသည်။

**ဝိမုတ္တိ** = ဝဋ်သုံးပါးမှ ထွက်မြောက်ရာအဖြစ်၌၊

နယ = နည်းမှန်လမ်းကျ-အဋ္ဌင်္ဂိက ဝိပဿနာမဂ်သည်၊

**ဝိသေသ** = လောကီမပြန်-လောကုတ္တရာသို့သာ ဆန်တက်ခြင်းဖြင့် ထူးခြားသောနိဗ္ဗဓိက အဘို့ရှိ၏။

# ''ဝိပဿနာဉာဏ်သစ္စာကိုးပါး''

(၁) အဓိပညာသိက္ခာ= လွန်ကဲမြင့်မြတ်သည့်- ဝိပဿနာမဂ်ဉာဏ်ရှိသော-ပညာမဂ္ဂင်နှစ်ပါးနှင့် ပြည့်ဝသောဉာဏ်၊

(၂) ပရိယောသာန ကလျာဏ=သာသနာတော်မြတ်၏- အဆုံး၏ကောင်းခြင်းနှင့် ပြည့်စုံစေသော အရဟတ္တဖိုလ်ဉာဏ်၊

(၃) စတုပ္ပဋိသမ္ဘိဒါပနိဿယ=ပဋိသမ္ဘိဒါလေးပါး၏ အားကြီးသော မှီရာဖြစ်သည့်အကြောင်းဉာဏ်၊

(၄) မဇ္ဈိမပဋိပတ္တိဝသေန—မဇ္ဈိမ ပဋိပဒါ အကျင့်မြတ်နှင့် ပြည့်စုံခြင်းဉာဏ်၊

(၅) သဗ္ဗဘဝသမတိက္ကမနူပါယ—အလုံးစုံသော ဘဝကို လွန်မြောက်နိုင်ခြင်း ပညာဉာဏ်၊

(၆) သမုစ္ဆေဒပဟာန—ကိလေသာတို့ကို အကြွင်းမရှိဖြတ်ခြင်းအားဖြင့် ပယ်နိုင်သောဉာဏ်၊

(၇) အနုသယ ပဋိပက္ခ=အနုသယတို့နှင့် မဆက်ဆန်ဘဲ၊ ဆန့်ကျင်ဘက်ပြုနိုင်သောဉာဏ်၊

(၈) ဒိဋ္ဌိသံကိလေသဝိသောဓနေ—မိစ္ဆာဒိဋ္ဌိ အညစ်အကြေးတို့ကို ဖြူစင်စေသောဉာဏ်၊

(၉) ခီဏာသဝဘာဝကာရဏ=အရိယာစစ်-ရဟန္တာဖြစ်ခြင်း၏ အကြောင်းဉာဏ်၊

အပါယဒုက္ခ-သံသာရာဒုက္ခနှစ်ဖြာ-ဝဋ်သုံးလွှာမှ၊ အပြီးတိုင်ထွက်မြောက်လိုလား-ယောဂီသူမြတ်အား၊ ပုဗ္ဗဘာဂ, ဝိပဿနာ

မဂ်,ဧကန်ရအောင်,ပွားများနိုင်အောင်၊ "ဝိမုတ္တိနယ-ဝိသေသ-နိဗ္ဗာန ဘာဂိယ"ဖြစ်သော၊ ဝိပဿနာအခြေခံ နည်းမှန်လမ်းကျ-ပရိယတ္တိသဒ္ဓမ္မ= စည်းကမ်းနှင့်- နည်းလမ်းမှန်ကို ခံယူကြကာ၊ မဂ္ဂင်ရှစ်တန်-အကျင့်မြတ်မှန်ဖြင့်- ပဋိပတ္တိ,ဝိပဿနာ ဘာဝယံကို၊ ဧကန်ထွင်းဖေါက်-မဂ်မျိုးစေ့ပေါက်နိုင်ပါက၊ အကျိုးဂုဏ်သတ္တိ-ကိုးပါးရှိသည့်၊ မတိမ်းမစောင်း-ဝဋ်မှ ထွက်မြောက်ကြောင်းကို လက်ခမောင်းခတ်,ဝမ်းမြောက်ရအောင် ကြိုးစားကြပါကုန်။

## "သဒ္ဓိန္ဒြေ- သဒ္ဓါဗိုလ်"

### (သဒ္ဓါစေတသိက်)

### "ပသာဒသဒ္ဓါ—ဌာန်လေးပါး"

သဒ္ဒဟနလက္ခဏာ= ယုံခြင်းလက္ခဏာရှိ၏၊ သဒ္ဒေယျ ဝတ္ထု အစရှိသည်တို့၌၊ သံသယမရှိ အမှန်ဟုတ်၏ဟု ယုံမှု၊ စိတ်ချလက်ချရှိမှုကို "ယုံ" ဟု ဆိုသည်၊ ထို့ကြောင့်- ဤသဒ္ဓါကို၊ သဒ္ဓါမိမောက္ခ- ယုံသောအားဖြင့်- သက်ဝင် ဆုံးဖြတ်မှုဟု- အချို့နေရာတို့၌ အသုံးပြုကြ၏၊ သဒ္ဒဟတိ- ယုံတတ်၏၊ ဣတိ- ထို့ကြောင့်၊ သဒ္ဓါ- သဒ္ဓါမည်၏။

ပသာဒနရသာ= ကြည်လင်စေခြင်း ကိစ္စရသရှိ၏၊ နောက်ကျုနေသောရေ၌၊ ခပေါင်းရေကြည်စေ့ ထည့်လိုက်လျှင်- ကြည်လင်လာသကဲ့သို့၊ ကိလေသာ တရားတွေကြောင့်-နောက်ကျုနေသောစိတ်တွင်

သဒ္ဓါယှဉ်သည့်အခါ- ကြည်လင်စေတတ်သည်၊ ထိုကြည်လင်မှု သဘောကို "ကြည်"ဟု ခေါ်သည်၊ ဤလက္ခဏာနှင့် ရသနှစ်ခုကို ပေါင်းစပ်၍ "ယုံကြည်"ခြင်းသဘောဟု-သဒ္ဓါကို ခေါ်စမှတ်ပြုကြပေသည်။

အကာလုဿိယပစ္စုပဋ္ဌာနာ= မနောက်ကျုသည်၏ အဖြစ်ဖြင့်-ယောဂီ၏ဉာဏ်တွင်- ရှေးရှုထင်သောပစ္စုပဋ္ဌာန်ရှိ၏။

သဒ္ဓေယျဝတ္ထုပဒဋ္ဌာနာ = ယုံကြည်, ကြည်ညိုဘွယ်သောဝတ္ထုလျှင်. နီးစွာသော အကြောင်းရှိ၏။ ။ ယုံကြည်,ကြည်ညိုဘွယ်ရာဝတ္ထုမှာ- ရတနာမြတ်သုံးပါး၊ ကံတရား၊ကံ၏ကောင်းကျိုး-မကောင်းကျိုး၊ ပစ္စုပ္ပန်လောက- တမလွန်လောကတို့ဖြစ်သည်။ ။သဒ္ဓါတုဟု ဆိုရခြင်းကား....၊

ယခုကာလ- တန်ခိုးပြသည်၊ ရောင်ခြည်တော် လွှတ်သည်၊ ဘုရားဓါတ်တော်အစစ်ဘဲ၊ ရဟန္တာဖြစ်ပြီ၊ ရဟန္တာ အစစ်ဘဲ-စသည်ဖြင့် လိမ်လည်-လှည့်ပတ် ပြောတတ်, အယောင်ဆောင်တတ်သည်ကို၊ တကယ်စင်စစ်မှတ်၍၊ ယုံကြည်လွယ်-သဒ္ဓါတရားဖြစ်လွယ်တတ်ကြ၏၊ ထိုသို့- ဖြစ်ရာ၌- မှားမှားမှန်မှန် ယုံကြည်ဘိုင်း သဒ္ဓါတရားဟုဆိုလျှင် မိစ္ဆာဒိဋ္ဌိအယူရှိသူတို့လည်း- မိမိတို့ဘုရားတွေကို အလွန်ကြည်ညိုတတ်ကြ၏။ ဤသို့ မိမိတို့ဆိုင်ရာနီးစပ်ရာဝယ်၊ လွန်စွာကြည်ညိုခြင်းသည် "မိစ္ဆာဝိမောက္ခ"ခေါ် သဒ္ဓါတုသာလျှင် ဖြစ်ပေသည်၊ ထိုသို့- ပညာနဲ၍- သဒ္ဓါမြဲမြံ

များတတ်ဟန်ကို၊ အင်္ဂုတ္တိုရ်ပါဠိတော် ပဌမစာမျက်နှာ(၃၆၉)၌ မြတ်စွာဘုရားသခင် ဟောတော်မူခဲ့ပေသည်။

ယောပုဂ္ဂလော– အကြင်ပုဂ္ဂိုလ်သည်၊ ဗလတိယာ– အဟုန်ဒီးဒီး- ယိုဖိတ်စီးသော၊ သဒ္ဓါယ– ကြည်ညိုစိတ်ပွား- သဒ္ဓါတရားနှင့်၊ သမန္နာဂတော– အံ့ဘွယ်တဂုဏ်- လွန်ပြည့်စုံ၏၊ အဝိသုဒ္ဓဉာဏော–မောဟထွေးတွယ်- ညစ်မွေးကွယ်၍၊ မစင်ကြယ်သော ဉာဏ်ရှိ၏၊ သောပုဂ္ဂလော–သဒ္ဓါစီး၍- ဉာဏ်နည်းမခို-ထိုပုဂ္ဂိုလ်သည်၊ မုဒ္ဓပသန္နော– ပညာမလိုက်- ထင်ရာစိုက်၍- မိုက်သော ကြည်ညိုခြင်းသည်၊ ဟောတိ–ဖြစ်၏၊ အဝစ္စပသန္နော– ယှဉ်ပူး ကပ်လှမ်း- တင်ကူးမှန်း၍- စူးစမ်းသော ဉာဏ်ပညာ ရှိသည်၊ နဟောတိ- မဖြစ်၊ တထာဟိ- တထာဝေ– ထိုသို့ရှင်းရှင်း, ဉာဏ်မလင်းခြင်းကြောင့်သာလျှင်၊ သောပုဂ္ဂလော– ထိုသဒ္ဓါလွန်ကဲ ဉာဏ်မြင်နဲသောပုဂ္ဂိုလ်သည်၊ အဝတ္ထုသ္မိံ–ဂုဏ်ထူးမမြင့်- အခွင့်မသာ- မသင့်သောအရာ၌၊ ပသီဒတိ– တွေ့ဝေမသိ- ကြည်ညိုမိ၏၊ သေယျထာပိ– ထိုပုဂ္ဂိုလ်နှင့် ပုံဆိုနှိုင်းဘိ- ဟုတ်တိုင်းသိဘို့- နှိုင်းညှိစရာ- ဥပမာမူကား၊ စိတ္တိယသာဝကာဝိယ– တိတ္ထိကြီး၌ ခိုမှီးညွတ်အောင်း- တပည့်အပေါင်းတို့ကဲ့သို့တည်း။

အဲဒီလို– ဘုရားရှင် ဟောတော်မူသည့်အတိုင်း၊ သက်တော်ထင်ရှား ရှိတော်မူစဉ်ကလည်း- မှန်ကန်နေဘိသကဲ့သို့၊ ယခုမျက်မှောက်တိုင်- ရောက်သည့်အခါ၌လည်း၊ မှန်ကန်နေပုံကိုကြည့်က၊ မိစ္ဆာဝိမောက္ခသဒ္ဓါမျိုးဖြစ်ရမှာကို၊ လွန်စွာဝန်လေး- ချင့်တွေးချက်ကြောက်လျက်၊ သဒ္ဓါပင် ရှိသော်လည်း၊ ပညာနှင့် ညှိ၍- သုံးသပ်သင့်ပါသည်။

တဖန်လဲ- သဒ္ဓါလွန်၍ တဏှာကျွံခြင်း၊ တဏှာလှည့်ပတ်ခံထားရသည်ကို- သဒ္ဓါအမြတ်တရားဟု- ထင်နေတတ်ခြင်းများလည်း ရှိပေသေးသည်၊ ဤနေရာ၌- မချွတ်ထင်လိုတော့ဘဲ၊ သဒ္ဓါလွန် တဏှာနှင့်- တဏှာမနှံ သဒ္ဓါထင်ပုံတို့ကို၊ ဥာဏ်ပညာယှဉ်၍ မြင်နိုင်ကြပါစေကုန်။

ထို့ပြင်- ပုဂ္ဂလဘေဒအရ၊ သဒ္ဓါလေးမျိုးကိုလည်း ပိုင်းခြား၍ သိသင့်ပါသည်၊ ၎င်းတို့မှာ....

(၁) အာဂမသဒ္ဓါ= ဗောဓိသတ္တ- ဘုရားအလောင်းတော်မြတ်တို့၏- နှုတ်မြွက်ဆုပန်သည်မှ စ၍တည်သော သဒ္ဓါမျိုး ဖြစ်ပါသည်။

(၂) အဓိဂမသဒ္ဓါ= သေက္ခ- အသေက္ခ—အရိယာ ပုဂ္ဂိုလ်တို့တွင်ရှိသော သဒ္ဓါတရားမျိုးဖြစ်ပါသည်။

(၃) ဩကပ္ပနသဒ္ဓါ= ပုထုဇဉ်သေက္ခ — အာရဒ္ဓဝိပဿကပုဂ္ဂိုလ်တို့တွင်ဖြစ်သော သဒ္ဓါမျိုး ဖြစ်ပါသည်။

(၄) ပသာဒသဒ္ဓါ= သဒ္ဒေယျဝတ္ထုကိုမှီ၍-ပုဂ္ဂိုလ်တိုင်းနှင့် ဆက်ဆန်သော ပကတိသဒ္ဓါမျိုး ဖြစ်ပါသည်။ ၎င်းသဒ္ဓါသည်— အတု-အစစ် နှစ်မျိုးဖြစ်နိုင်ပုံကို အထက်က ပြခဲ့ပေပြီ။

ဗောဓိပက္ခိယအသင်းဝင်- ကလျာဏပုထုဇဉ်- သေက္ခပုဂ္ဂိုလ်တို့တွင်- သက်ဝင်၍ဖြစ်တတ်သော- ဩကပ္ပနသဒ္ဓါ၏ ဌာန်လေးပါးကို- ဤသို့ ပိုင်းခြားသိထားရပါမည်။

# “သြကာပွန္နသဒ္ဓါ-ဗွာခန်လေးပါး”

သြကပ္ပနလက္ခဏာ= သမ္မာဒိဋ္ဌိဉာဏ် အမှန်တရားတို့၌- ယုံကြည်ကြံစီ,ကပ်၍ ဆောင်ထားလိုခြင်း လက္ခဏာရှိ၏။

ပက္ခန္ဒနရသာ =ဝဋ္ဋဆင်းရဲအပေါင်းမှ ကင်းလွတ်ရာသို့ ပြေးဝင်ခြင်း ကိစ္စရသရှိ၏။

အဓိမုတ္တိ ဥပဋ္ဌာနာ—ထူကဲမြောက်ယုံကြည်,အမှန်သို့ဆုံးဖြတ်ကိုင်းညွတ်ခြင်းလျှင်- ရှေးရှုထင်သော-ပစ္စုပဋ္ဌာန်ရှိ၏။

သောတာပတ္တိယင်္ဂပဒဋ္ဌာနာ—သောတာပတ္တိမဂ်ရကြောင်း- အင်္ဂါလေးပါးလျှင်- နီးစွာသော အကြောင်းရင်းရှိ၏၊ ၎င်းလေးပါးမှာ—

(၁) သပ္ပုရိသသံသေဝ.... သူတော်ကောင်း- ပညာရှိတို့၌- မှီဝဲဆည်းကပ်ခြင်း၊

(၂) သဒ္ဓမ္မဿဝန .... သံသရာကို တူးဖြိုတတ်သော-တရားတော်မြတ်များကို- ကြားနာ မှတ်သား,ဆောင်ထားတိုးပွားစေခြင်း၊

(၃) ယောနိသော မနသိကာရ....ရရှိတရား- ကပ်၍ဆောင်ထား သော အား ဖြင့်- သင့်တင့် နှလုံးစိန္တာမယဉာဏ်-အမြဲသုံးလေ့ရှိရခြင်း၊

(၄) ဓမ္မာနုဓမ္မပဋိပတ္တိ.... သုတ, စိန္တာ, စစ်မှန်စွာရသော-သမ္မာဒိဋ္ဌိပညာဖြင့်- မဂ္ဂင်ရှစ်တန်-အကျင့်မှန်ကို- ဘာဝနာမယ, ဝိပဿနာ- ပစ္စက္ခဉာဏ်စဉ်ရအောင် အားထုတ်ခြင်း။

အထက်ပါ သောတာပတ္တိမဂ်အင်္ဂါလေးပါးသည်-ကလျာဏ ပုထုဇဉ် သေက္ခပုဂ္ဂိုလ်တန်းဝင်-ဩကပ္ပနသဒ္ဓါ၏ အကြောင်းဖြစ် ပါသည်။ သောတာပတ္တိမဂ် အင်္ဂါလေးပါးသည်- အကြောင်း၊ ဩကပ္ပနသဒ္ဓါသည်အကျိုး၊ ထိုအကျိုးနှင့် ပြည့်စုံသော ပုဂ္ဂိုလ် သည်- သမ္မာဒိဋ္ဌိဉာဏ်ကို မိမိကိုယ်၌ ကပ်၍ ဆောင်ထားခြင်း၊ ငါးမာန်း,မိချောင်း,ထူထပ်သည့် ဘေးရှိ ရေယာဉ်သို့ ကျရောက် သောသူသည်-ဘေးလွတ်ရာသို့ အားသွန်ခွန်စိုက်- မဆုတ်မနစ်ကူး ခတ်သကဲ့သို့- သေက္ခပုဂ္ဂိုလ်သည် ပက္ခန္ဒန-စိတ်ဓါတ်ဖြင့် ဘေး လွတ်ရာသို့ ပြေးဝင်ခြင်း၊ ထွက်မြောက်ခြင်း- အမှန်ကို တွေ့ရှိ ယုံကြည်-လောကီဝိပဿနာမဂ်၌တည်၍ ဆုံးဖြတ်နိုင်ခြင်း အကျိုး ကို ရရှိသည်ဖြစ်ခါ၊ ထိုဩကပ္ပနသဒ္ဓါ၏ အကျိုးသည်- ပြည့်ဖြိုး လွှန်မြောက်- အကြောင်း တဖန် ပေါ်ပေါက်သည်ဖြစ်ပြီးလျှင်၊ ဩကပ္ပနသဒ္ဓါသည်- အကြောင်း- အဓိဂမသဒ္ဓါသည်- အကျိုး ဟူသောအဖြစ်နှင့် အရိယာဟူ- ရေတွက်ခြင်းခံရသော သဒ္ဓါ အယာဉ်သို့-သောတာပတ္တိအင်္ဂါ-ပညာအပေါင်းနှင့် သဒ္ဓါအဆင့် ဆင့်ပြောင်း၍ ဝဋ်မှထွက်မြောက်ကြောင်း ရစေရာပါသည်။

ထိုကြောင့်၊ ဗောဓိပက္ခိယအရ- သဒ္ဓိန္ဒြေနှင့် သဒ္ဓါဗိုလ်သို့ တိုင်ရောက်အောင်, ပဌမမိမိ၏သဒ္ဓါကို စစ်ဆေးကြည့်ရပါမည်။ သဒ္ဓါကို မွေးမြူပေးရပါမည်။ သဒ္ဓါကို မှန်စေရပါမည်။ သဒ္ဓါကို ရင့်သန်လာစေရပါမည်။ သဒ္ဓါ၌ အစိုးတရရှိလာစေရမည်ဖြစ်ရာ၊ သူသူငါငါတို့တွင်ရှိကြသော ပကတိသဒ္ဓါမှ (ဝါ)ပသာဒသဒ္ဓါမှ အစလသဒ္ဓါ- နောက်ကျူခြင်းကင်း- ကြည်လင်ခြင်းဖြင့်- အမှန် တရားတို့ကို၊ သမ္မာဒိဋ္ဌိ ပညာယှဉ်၍- ဆုံးဖြတ်ယုံကြည်ရမည်။ ဗလဝသဒ္ဓါ-ထိုမှတဖန်-ယထာဘူတံ,သမ္မာဉာဏ်ဖြင့်-အားအစွမ်း

နှင့်ပြည့်စုံယုံကြည်ဆုံးဖြတ်နိုင်သည့် သဒ္ဓါဖြစ်အောင်- ကြိုးစားရမည်။ ဩကပ္ပနသဒ္ဓါ- သမ္မာဒိဋ္ဌိအားအစွမ်းရှိသည့်- ဆုံးဖြတ်ယုံကြည်သော-ဗလဝသဒ္ဓါသည်- သမ္မာသင်္ကပ္ပနှင့် မကွေမကွာဖြစ်စေလျက်၊ ဩကပ္ပနသဒ္ဓါနှင့် ညီညွတ်သည်အထိ၊ ထက်မျက်တိုးတက်ခိုင်မြဲစွာ-ဆုံးဖြတ်ယုံကြည်ရမည်။ သို့မှသာ- သောတာပတ္တိမဂ်အင်္ဂါလေးချက်၊ အကြောင်းခံသော- ထွက်မြောက်ရာအမှန်သို့- ယုံကြည်ဆုံးဖြတ် မြဲမြံမှု- အဓိမုတ္တိ- ရှေးရှုထင်ပြီးလျှင်၊ ပက္ခန္ဒနရသစေါတ်ဖြစ်သော ဝဋ္ဋဒုက္ခအပေါင်းမှ လွတ်ရာကူးမြောက်ဝိပဿနာမဂ်ပေါက်အောင်၊ ဩကပ္ပနသဒ္ဓါ-လက္ခဏာရသနှင့်အညီအညွတ်သက်ဝင်ပါမှ-သဒ္ဓိန္ဒြေတည်းဟူသော ထွက်မြောက်ရာအမှန်-ဆုံးဖြတ်ယုံကြည်ရာ- ကေန်သဘောကို အစိုးရသည်၏အဖြစ်သို့ရောက်ခါ-ဗောဓိပက္ခိယစစ်စစ်-သဒ္ဓိန္ဒြေအဖြစ်နှင့်ပြည့်စုံနိုင်မည်ဖြစ်ပေသည်။

ထိုကဲ့သို့- သဒ္ဓိန္ဒြေနှင့် ပြည့်စုံနိုင်မှသာ၊ ပက္ခန္ဒနစေါတ် ကိန်းအောင်းလျက်၊ အဓိမုတ္တိဖြစ်ကြောင်း- ဝိပဿနာဉာဏ်အပေါင်းကို ကျန်မဂ္ဂင်အကုန်ယှဉ်၍-အမှန်ပင် ကြိုးကုတ် အားထုတ်မည်ဖြစ်ရာ၊ လောကုတ္တရာမဂ်၏ ပဋိပက္ခအပေါင်းတို့အား တွန်းလှန်နိုင်သော သဒ္ဓါဗိုလ်၏အဖြစ်သို့- သက်ဝင်နိုင်မည်ဖြစ်ပါသည်။ ဤကဲ့သို့ ရှေ့ဦးစွာ- ပုဗ္ဗဘာဂ-ဝိပဿနာမဂ်၌ဖြစ်သော-သဒ္ဓိန္ဒြေသဒ္ဓါဗိုလ်တို့ကို ရရှိအောင်-ကြိုးစားနိုင်ပါမှ- ဗောဓိပက္ခိယအမည်ရလျက်-လောကုတ္တရာမဂ်၌ယှဉ်သော သဒ္ဓိန္ဒြေ-သဒ္ဓါဗိုလ်အဖြစ်သို့၊ မဂ္ဂသမ္ပယုတ္တတရားတို့နှင့်အညီ-သက်ဝင်နိုင်မည်ဖြစ်ရာ၊ သဒ္ဓါမှား-သဒ္ဓါတု-သဒ္ဓါအယောင်ဆောင်မှုတွေကိုသုတ်သင်ပစ်လျက်၊ ယောဂါဝစရ-ကျင့်ဆဲပုဂ္ဂိုလ်တို့၌- ရအပ်ရောက်အပ် တည်အပ်

သော- ဩကပ္ပနသဒ္ဓါအချက်ကို လေးနက်စွာဉာဏ်နှင့်ပိုင်းခြား၍ ရငြားပြည့်စုံအောင်, တည်တည်ကြည်ကြည်- ကြိုးစားတော်မူနိုင်ကြပါစေသတည်း။ ။

....၀....

**"သတိန္ဒြေ၊ သတိဗိုလ်၊ သတိသမ္ဗောဇ္ဈင်၊ သမ္မာသတိ မဂ္ဂင်နှင့်"**

**ကာယ,ဝေဒနာ,စိတ္တ,ဓမ္မာ, သတိပဋ္ဌာန် ၄-ပါး**

## (သတိစေတသိက်တရား)

အပိလာပနလက္ခဏာ= အာရုံ၌ နှစ်မြုပ်စူးဝင်- ပေါ်လွင်ထင်ရှားစေခြင်း လက္ခဏာရှိ၏။

အသမ္မောသနရသာ= အာရုံကို ကွယ်ပျောက်၍ မသွားရအောင်- အောက်မေ့ အောက်မေ့ခြင်း ကိစ္စရသာ ရှိ၏။

အာရက္ခပစ္စုပဋ္ဌာနာ = ယူအပ်ပြီးသော အာရုံကို မမေ့မပျောက်အောင် စောင့်ရှောက်တတ်သော တရားဟု ဉာဏ်အားရှေ့ရှုထင်၏။

ထိရသညာ ပဒဋ္ဌာနာ— ခိုင်မြဲသောသညာလျှင် နီးစွာသော အကြောင်းရင်းရှိ၏။

ဗောဓိပက္ခိယအဘို့၌၊ "သတိ"သည်၊ ဣန္ဒြေ-ဗိုလ်-ဗောဇ္ဈင်-မဂ္ဂင်နှင့် သတိပဋ္ဌာန်လေးပါး၊ ပေါင်း (၈) ပါးသောအဘို့ရှိသည့် တခုတည်းသောတရားဖြစ်သည်။ သတိကို ဗောဓိပက္ခိယအရာ၌၊ ဤ (၈) ဋ္ဌာနတွင် မုချ အလိုရှိအပ်၏၊ အမှန်မှာ- သတိသည်မလိုအပ်သောအရာ၊ မလိုအပ်သော အခါကာလဟူ၍ မရှိပါ၊ (သမ္မာသတိကို ဆိုလိုသည်- (၀၁) မူလ-သောဘဏ,

ကုသလ သာဓါရဏကိုသာ ဆိုလိုသည်၊) ၎င်းပြင်၊ သတိသည် ပိုသည်ဟူ၍မရှိအောင် လိုအပ်သောတရားလည်း ဖြစ်ပါသည်။ သတိသည်–အာရုံကို ထင်ရှားပေါ်လွင်အောင်,အာရုံထဲ၌စိတ်ကို နစ်မြုပ်စူးဝင်ခိုင်မြဲစေအောင်- ဆောင်တတ်သော တရားဖြစ်ရာ၊ သတိမဲ့လျှင်-အာရုံမပေါ်လွင်တော့သဖြင့်၊ အာရုံကို သဒ္ဓါပညာ စသော သမ္ပယုတ်တရားတို့က အမှားအမှန်- မဆုံးဖြတ်နိုင်တော့ ဘဲ၊ ချွတ်ချွတ်ချော်ချော် ဖြစ်တတ်ကြသည်။ သညာမခိုင်မြဲလျှင် လည်း သတိမဖြစ်- မေ့တတ်ကြသည်။ မေ့နေသူသည်-သတိမဲ့သူ, သတိမရှိသူသာဖြစ်ရာ၊ဘယ်အာရုံကိုမျှ ကောင်းစွာစိတ်က သိခွင့် မရတော့ဘဲ- စိတ်လွင့်ပါးနေမှုသာ ဖြစ်ရခြင်းကြောင့်၊ ကောင်း သည်ကို- အကောင်းဟု- မထင်မသိ၊ မကောင်းသည်ကိုလည်း- မကောင်းဟု မထင်မသိနိုင်တော့ဘဲ၊ သတိကင်းမဲ့၍- သတိကင်းမဲ့ သူကို- သူရူးဟု သမုတ်ခေါ်ဝေါ်ကြရတော့သည်။ သတိရှိသူ သည် အာရုံကိုထင်ရှားပေါ်လွင်အောင်- လုပ်ပေးသည့် သတိ ကြောင့်၊ စိတ်သည် အာရုံကို ထင်ရှားစွာ သိရသည်၊ သိသော စိတ်သည်- ၎င်းအာရုံကို- အတိတ်သညာဖြင့် မှတ်သိ,သိခဲ့ဘူးခြင်း အပေါ်တွင်မှီ၍- အာရုံ၏ အမှား,အမှန်ကို- သတိဖြင့် ထပ်၍သိ တော့သည်၊ အာရုံက သတိရှိနေသမျှ- ထင်ရှားပေါ်လွင်နေပါမူ ၎င်းအာရုံကို အောက်မေ့ အမှတ်ရသိခြင်းမှသည်– ပိုင်းခြားသိ သော- ပဇာနာတိ ပညာသိသည်ဖြစ်၏။ ၎င်းအာရုံ၌ သတိမြဲမြဲ ပေါ်လွင်ထင်ရှားရှိနေခြင်းကြောင့်သာ၊ ပညာသိ-ဆက်ဖြစ်ခွင့်ရ သည်မှာ သေချာလှပါသည်။ ၎င်းအာရုံအား ထိုကဲ့သို့ မြဲမြံ အောင် ယှဉ်ဘက်တရားတို့နှင့်အတူ သတိသည် အာရုံကိုထင်ရှား ပေါ်လွင်အောင် ပြုထားတည်နေဆဲဖြစ်ပါက၊ပညာနှင့် ပိုင်းခြား

သိသော အသိသည်၊ ပိုင်းခြားမှုတွင် အမြင်မှန် သမ္မာဒိဋ္ဌိဉာဏ် မကျသမျှ- ပိုင်းခြားမှုကို- ပညာက- ဆက်လက် ပြုပေးနိုင်စွမ်းရှိသည်နှင့်အညီ၊ အမှန်တချက်- သမ္မာဒိဋ္ဌိဉာဏ်ဘက်သို့ ထိုးထွင်းသိသော-ဉာဏ်သိသည်ဖြစ်၏။ ။

ထိုကဲ့သို့ ထိုးထွင်းဉာဏ်သိသည်- အဖန်ဖန် သတိနှင့်အတူ- (၀၁) သတိက-စောင့်ရှောက်ထိမ်းချုပ်ပေးထားသော-ဉာဏ်မြင်အာရုံနှင့်အတူ သက်ဝင် ခိုင်မြဲ နေပါက၊ သတိကို သတိန္ဒြေအဖြစ်သို့- အစိုးတရ မဂ္ဂင်နှင့်အညီ- ဖြစ်ရှိနေပြီဟု ဆိုရပါမည်။ သတိသည်–သတိန္ဒြေအဖြစ်နှင့်- အစိုးတရရှိလာလျှင်၊ ဆန့်ကျင်ဘက်တရားတို့အား ဖြိုဖျက်နိုင်သော- သတိဗိုလ်အဖြစ် သက်ဝင်လာမည်။ ယင်း၊အစိုးတရရှိပြီး- ပဋိပက္ခတရားတို့ကို တွန်းလှန်နိုင်သော- သတိဗိုလ်တရားသည်၊ နိဗ္ဗေဓိကပညာနှင့်ယှဉ်သော-သတိသမ္ဗောဇ္ဈင်တိုင်အောင်-ပညာမြင်နှင့် ပိုင်းခြားပြီးအထိ သက်ဝင်လာမည်။ ထိုသတိ သမ္ဗောဇ္ဈင်နှင့် ညီညွတ်သည်တိုင်အောင်ဆောင်သော- မပျောက်မပျက်သည့် “သတိ” က ပေးအပ်သော သဒ္ဓါရအာရုံကို- ဝိပဿနာပညာဖြင့် ပိုင်းခြားသိသောဉာဏ်မှ- သတိမဂ္ဂင်ဆရာတင်၍- ဝိပဿနာမဂ်နှင့်မြင်သော- ဉာဏ်အဖြစ်သို့ ကောင်းစွာသက်ဝင်နိုင်ပါသည်။ ဤနေရာ၌- ကြွင်းသော ဗောဓိပက္ခိယတရားတို့သည်။ သမ္ပယုတ္တ- ပစ္စယသာမဂ္ဂီဖြင့်- ပုဂ္ဂလဇ္ဈာသယ၊ဟေတုတို့အရ- သက်ဝင်မည် ဖြစ်ပါသည်။ ။ထိုသို့သက်ဝင်ပုံများတွင် (သဒ္ဓါ+ပညာ=သတိ-ဝိရိယ+သမာဓိ) တို့မှာ တပါးကိုတပါး- မကျော်လွန်သောအားဖြင့်- “သမ္မပဝတ္တ–သမ္ပယုတ္တ–သာမဂ္ဂီ” ဖြစ်ပါသည်။(ၡင်းညီညွတ်ပုံကို ရှေ့ပိုင်း၌ ရှင်းခဲ့ပြီးဖြစ်သည်။)

(ဆန္ဒ) သည်- သဒ္ဓါကိုမှီး၍ ပါဝင်ပြီး၊ (သမ္မာသင်္ကပ္ပ-ဝိတက်)သည်- ပညာကို မှီ၍ပါဝင်ပါသည်၊ (ဝီရိယသုံးပါးမှာ) သဒ္ဓါ-ပညာ-ဝီရိယ-သမာဓိတို့- သတိနှင့်ပြည့်စုံသော ဝိပဿနာမဂ် စိတ္တုပ္ပါဒ်ဖြစ်တိုင်း ပါဝင်ပါသည်။ (ပီတိ-ပဿဒ္ဓိ-ဥပေက္ခာ) တို့သည်- ဥပက္ကိလေသမှ ကင်းစင်သည်၏ အဖြစ်ဖြင့်- ဝိပဿနာ-ဘာဝနာဟု ဆိုအပ်သော-ဥပစာရ ဝိပဿနာ စိတ္တုပ္ပါဒ်ဖြစ်တိုင်း ပါဝင်ပါသည်။

ဤသို့ဖြင့်- သတိတခု-အရင်းပြု၍၊ (ဝါ) သမ္မာသတိ- ဆရာရှိ၍၊ ကာယ-ဝေဒနာ-စိတ္တ-ဓမ္မာ၊ လေးဖြာသတိ ပြဋ္ဌာန်းအပ်သည့်- ဝိပဿနာ ဘာဝနာကို၊ ကြိုးစားမယုတ် အားထုတ်သော ယောဂီပုဂ္ဂိုလ်အား၊ ဗောဓိပက္ခိယတရား (၃၇) ပါး၊ အမျိုးအစားအားဖြင့် (၇) ဌာန၊ အခဏ်းအစု ရာသီအမှုအားဖြင့် (၆)ရပ်သောကဏ္ဍ၊ လိုရင်းတရားကိုယ် (၁၄) ပါးသော ထိုထိုတရားတို့သည်၊ မလွဲမသွေ- အမှန်ယှဉ်စပ်တည်နေတတ်ပါသဖြင့်-ဝိပဿနာမဂ်,အနုဗောဓဉာဏ်ဝင်လျက်၊ ဗောဓိဉာဏ်ကို အခြေခိုင်ခံ့-ပိုင်နိုင်ပေါက်မြောက်ရေးအတွက် ပစ္စက္ခ သာသနာတော် မြတ်အတွင်းတွင် စာရင်းဝင် အမြတ်ဆုံးဖြစ်အောင် ကြိုးစားတော်မူသင့်ပါပေသည်-ကြိုးစားကြပါကုန်။ ။

**"ဝီရိယိန္ဒြေ၊ ဝီရိယဗိုလ်၊ ဝီရိယသမ္ဗောဇ္ဈင်၊ သမ္မာဝါယာမမဂ္ဂင်၊ ဝီရိယိဒ္ဓိပါဒ်နှင့်"**

**သမ္မပ္ပဓါန်လေးပါး=ဝီရိယစေတသိက်တရား။**

ဥဿာဟ လက္ခဏာ=ဆင်းရဲကို သည်းခံနိုင်ခြင်း၌- ရဲရင့်သော လက္ခဏာရှိ၏။ ဥ-(ဒုက္ခလာဘော) ဆင်းရဲကို

ရလတ်သော်၊ (သဟနံ) သည်းခံနိုင်ခြင်းသည်၊ (ဥဿဟော) ဥဿာဟမည်၏။

ဥပထမ္ဘန ရသာ= သမ္ပယုတ်တရားတို့ကို ထောက်ပံ့ခြင်း ကိစ္စ ရသရှိ၏။

အသံသီဒန ပစ္စုပဋ္ဌာနာ=ဆုတ်နစ်ခြင်း မရှိသည်၏အဖြစ် ဉာဏ်အားရှေ့ရှုထင်၏။

သံဝေဂ ပဒဋ္ဌာနာ= သံဝေဂတရားလျှင်- နီးစွာသော အကြောင်းရှိ၏။

ဗောဓိပက္ခိယအသင်းဝင်၊ အကြင်, ဝိရိယစေတသိက်တရားကိုယ်ဖြစ်သော တရားတို့မှာ၊ ဣန္ဒြေ- ဗိုလ်- ဗောဇ္ဈင်- မဂ္ဂင်- ဣဒ္ဓိပါဒ်-ငါးပါးနှင့်- သမ္မပ္ပဓါန် ဝိရိယလေးပါးတို့ ဖြစ်ကြပါသည်။ ဤကိုးပါးသောအဘို့အစုဥ်၊ သမ္မပ္ပဓါန်တရားလေးပါးသည်၊ သီးခြားအစု ဗောဓိပက္ခိယတရားဖြစ်ပြီးလျှင်၊ အထက်ပါငါးပါးနှင့်တရားကိုယ်တူမျှ၍- ကိုးပါးအဘို့ အစုဟု ရေတွက်အပ်ပါသည်။ဝိရိယနှင့်စပ်သော ဣန္ဒြေ-ဗိုလ်-ဗောဇ္ဈင်-မဂ္ဂင်-ဣဒ္ဓိပါဒ်တရားတို့သည်၊ ပဓါနဝိရိယ သမ္မပ္ပဓါန် ဖြစ်အပ်သည်ရှိသော်-ယထာရဟ,သမ္ပယုတ္တ-ပစ္စယသာမဂ္ဂီအားဖြင့် ပြည့်မှီဖြစ်ရှိကြမည့်တရားများ ဖြစ်ပါသည်။

သတိနှင့်ယှဉ်စပ်သော၊ ဣန္ဒြေ-ဗိုလ်-ဗောဇ္ဈင်-မဂ္ဂင်,လေးပါးတို့သည်၊ သတိပဋ္ဌာန်လေးပါး, ဝိပဿနာ ပွားများမှုကြောင့်၊ သတိတရားကိုယ်-ဗောဓိပက္ခိယတရားများ ဖြစ်ငြားကြသည့်အားလျော်စွာ- သမ္ပယုတ္တပစ္စယသာမဂ္ဂီ- အလီလီ ပြည့်စုံကြသကဲ့သို့၊ ဝိရိယနှင့် ယှဉ်စပ်သည့် ငါးပါးသော ဗောဓိပက္ခိယတရားတို့သည်

လည်း၊ ပဓါနဝိရိယ၏ သမ္မပ္ပဓါန်အားလျော်စွာ- မုချဖြစ်ကြကုန်သည်ဟု- သိမှတ်ရာပါသည်။

ဧင်းဝိရိယတွင် အကျုံးဝင်သော၊ ဣန္ဒြေ၊ ဗိုလ်၊ ဗောဇ္ဈင်၊ မဂ္ဂင်၊ ဣဒ္ဓိပါဒ်သဘောတို့ကို၊ ဆိုင်ရာတရားတမျိုးစီ၌ ဖေါ်ပြခဲ့ပြီးဖြစ်၍၊ ယှဉ်စပ်ယူနိုင်သိနိုင်လောက်ပြီဖြစ်ရာ၊ ပဓါနဝိရိယ သမ္မပ္ပဓါန်ကိုသာ၊ ဤနေရာ၌ အဓိကထား၍ ပြသွားပါမည်။

ဤဝိရိယကို သမ္မပ္ပဓါန်အားဖြင့်- လေးမျိုးခွဲထားခြင်းမှာ၊ ကုသလ၊ အကုသလ၊ တရားနှစ်ပါးတို့၏၊ ဥပ္ပန္န- ဖြစ်ပြီး- ဖြစ်ဆဲ၊ အနုပ္ပန္န-မဖြစ်သေး-ဖြစ်လတံ့ဟုဆိုအပ်သော အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန်-ကာလနှင့် ကိရိယာ၊ အာကာရ-သုံးရပ်ပေါင်းကို မည်သို့စွဲဝင်ဖြစ်တတ်သည်ဟု ပိုင်းခြားသိရန် ပြဆိုတော်မူခြင်း ဖြစ်ပါသည်။ ထိုတရားတို့မှာ....

## "သမ္မပ္ပဓါန် လေးပါး"

(၁) မိမိသန္တာန်၌၊ ဖြစ်ပြီး-ဖြစ်ဆဲ၊ ဖြစ်ကုန်သော အကုသိုလ်တရားတို့ကို ကွယ်ပျောက်၊ ပယ်စေခြင်းငှါ အားထုတ်ခြင်း၊

(၂) မိမိသန္တာန်၌၊ ဖြစ်လတံ့ကုန်သော အကုသိုလ်တရားတို့ကို၊ တရံတဆစ်မျှ မဖြစ်ပေါ် စေခြင်းငှါ အားထုတ်ခြင်း၊

(၃) မိမိသန္တာန်၌၊ မဖြစ်ဘူးသေးသော ကုသိုလ် တရားတို့ကို၊ ဖြစ်စေခြင်းငှါ အားထုတ်ခြင်း၊

(၄) မိမိသန္တာန်၌၊ ဖြစ်ပြီး ဖြစ်ဆဲ ဖြစ်ကုန်သော ကုသိုလ်တရားတို့ကို၊ နိယမအဖြစ်သို့ ရောက်အောင် တိုးတက် ခိုင်မြဲစေခြင်းငှါ အားထုတ်ခြင်း၊ ဤလေးပါးသော တရားတို့ကို....၊

(ဘုသံ-လွန်ကဲစွာ၊ ဒဟတိ- ဝဟတိ- ရွက်ဆောင်တတ်၏၊ ဣတိ--ထိုသို့သော အကြောင်းကြောင့်၊ ပဓါနံ- ပဓါနမည်၏၊ သမ္မဒေဝ- ကောင်းစွာသာလျှင်၊ ပဓါနံ- လွန်စွာ ဆောင်ရွက်တတ်သော ဝီရိယတရားသည်၊ သမ္မပ္ပဓါနံ- သမ္မပ္ပဓါန်မည်၏။)

ထိုကဲ့သို့- လေးပါးသောအားထုတ်ခြင်း, ဆောင်ရွက်ခြင်းကို၊ သမ္မပ္ပဓါန်ဆိုဘိသကဲ့သို့၊ စွန့်ဆုတ်ခြင်းမရှိသော ဝီရိယကိုလည်း- သမ္မပ္ပဓါန်ဟုပင်ဆိုရသည်။ (အာတပ, လုလ္လ,ဝီရိယဟုလည်းခေါ်သည်၊လေးပါးသောအရာ၌၊ အားထုတ်မှု အားဖြင့်၊လွန်စွာအပင်အပမ်းခံနိုင်သော ဝီရိယဟုဆိုလိုသည်၊ တနည်း=ကိလေသာကိုနှိပ်စက်၍-ပူလောင်ခမ်းခြောက်စေသောဝီရိယဟုလည်းခေါ်သည်။)

ထို့ကြောင့်၊ ဤဝီရိယဖြင့်- သမ္မပ္ပဓါန်မြောက်အောင်၊ အင်္ဂါလေးပါးနှင့်ညီသည်အထိ၊ အားထုတ်ဆောင်ရွက်ရမည့်- ဝီရိယဟု ဟောတော်မူသည်၊ အင်္ဂါလေးပါးတို့မှာ (၁) အရေကြွင်းစေ၊ (၂) အကြောကြွင်းစေ၊ (၃) အရိုးကြွင်းစေ၊ (၄) အသား, အသွေး, ကုန်ခမ်းခြောက်စေ,ဟု သန္နိဋ္ဌာန်ချပြီး ပြုစွမ်းနိုင်သော ဝီရိယမျိုးကိုသာ၊ အချိုးကျကျ- ပဓါနဝီရိယ-သမ္မပ္ပဓါန်တရားဟု ဘုရား အစရှိသော အရိယာအပေါင်းတို့- သတ်မှတ်ကြောင်းပြုဆုံးမမှုအစုစုကို ပေးတော်မူခဲ့ပါသည်။

သဒ္ဓါနို့နဲ့- ပညာမဲ့နှင့်၊ ဆန္ဒမပါ- ဗလာစိတ်က၊ သက်ပွမရှိ၊ သတိချွတ်ချော်၊ ဝစီဘော်က- မင်္ဂနော်ရချင်၊ မယှဉ်ဝီရိယ၊

သမ္မပ္ပဓါန်၊ ဖြစ်ကြဘို့ဝေး၊ ပါးစပ်ကလေးနှင့်၊ မဂ်ဖိုလ်ကို ဘယ်လိုမှ မြင်နိုင်မည်မဟုတ်၊ ကေန္တသရုပ်၊ ဘုရားရှေ့နတ်- စကားချုပ်ကို- ဖြုတ်ဘို့ရန် မစော်ကားဘဲ၊ လေးပါးသော သမ္မပ္ပဓါန်တရားကို၊ ဝေဘန်ပိုင်းခြား တတ်အားနိုင်ဆုံး- အားထုတ်သုံးကာ၊ မိမိလိုချင်-မဂ်ရေစင်ကို-ဘယ်ပုံငင်မှ- ရမည်ပဟု- စိစစ်ကြပါစို့....။

ဖြစ်ပြီး ဖြစ်ဆဲ- ဥပ္ပန္နအကုသိုလ်ကို ပယ်ခြင်းငှါဒင်း၊ ရှေ့၌ ဖြစ်လတံ့သော- အနုပ္ပန္န အကုသိုလ်ကိုလဲ- တရံတဆစ်မျှ မဖြစ်စေရန်ငှင်း- အားထုတ်ရမယ် ဆိုရာဝယ်၊ ဒီအကုသိုလ်တွေ ဘာကြောင့်ဖြစ်ခဲ့ရသလဲ?၊ ဖြစ်လတံ့ ဖြစ်နေရသလဲဆိုတော့၊ လက်သယ် တရားခံကိုရှာရင်၊ "သက္ကာယဒိဋ္ဌိ" ရှိနေလို့ဆိုတာ တွေ့ရပါမယ်၊ သက္ကာယဒိဋ္ဌိကို မဖြုတ်နိုင်ရင်၊ ဖြစ်ပြီးဖြစ်ဆဲနဲ့ ဖြစ်လတံ့ အကုသိုလ်တွေ ဘယ်တော့ကုန်မလဲ- ဘယ်တော့ရပ်မလဲ၊ ဘယ်တော့မှ ကုန်နိုင်-ရပ်နိုင်တော့မှာမဟုတ်ဘူး၊ အဲဒီတော့-သက္ကာယဒိဋ္ဌိတရားခံကို ဘယ်လိုဖြုတ်ရတယ် ဆိုတာကိုလဲ၊ ဘုရားပွင့်တော်မူမှ- သာသနာတော်နဲ့ကြုံကြိုက်မှ၊ သက္ကာယဒိဋ္ဌိဟာ- ဘာလဲလို့ ခွဲခြားသိပြီး၊ ပြုတ်အောင် ဖြုတ်ဘို့ နည်းကလဲ- မဂ္ဂင်ရှစ်တန် အကျင့်မှန်ဆိုတာ- ဘုရားပေးခဲ့လို့သာ သိနိုင်ကြတယ်၊ ဒီတော့- သမ္မပ္ပဓါန်ဆိုတဲ့- ဗောဓိပက္ခိယအသင်းဝင်အင်္ဂါနဲ့ ညီညွတ်အောင် ဝိပဿနာမဂ်၊ အနုဗောဓဉာဏ်- ဗောဓိဉာဏ်တို့နဲ့သတ်မှ- ဖြုတ်မှ ရမယ်လို့- မြတ်စွာဘုရားသခင်နည်းလမ်းပေးတော်မူခဲ့တဲ့အတိုင်း မဆိုင်းမတွဘဲ ဖြစ်ခဲ့ပြီး- အကုသိုလ်တွေပါ ပယ်နိုင်အောင်၊ ဖြစ်လတံ့ အကုသိုလ်တွေ မဖြစ်ရအောင်၊ သမ္မပ္ပဓါန် ဝီရိယနဲ့အညီ ဝိပဿနာမဂ်ရအောင် ကြိုးစားကြဘို့ဘဲ ဖြစ်ပါသည်။

အဲဒီ- ဖြစ်ပြီး-ဖြစ်ဆဲ- ဖြစ်လတံ့ အကုသိုလ်တရားတွေကို ပယ်သတ်နိုင်တာဟာ၊ သမ္မပ္ပဓါန်ဝီရိယနဲ့ဖြစ်တဲ့- လောကုတ္တရာမဂ်၊ ဝိပဿနာမဂ် တို့နှင့်သာ ပယ်သတ်နိုင်သလို၊ မဖြစ်သေးဘူးတဲ့ ကုသိုလ်ကို ဖြစ်အောင်, ဖြစ်ပြီးတဲ့ကုသိုလ်ကို မြဲမြံတိုးပွားအောင် ဆိုတဲ့ သမ္မပ္ပဓါန်နှစ်ချက်ကလဲ၊ မဖြစ်သေးဘူးတဲ့ ကုသိုလ်ကို ရှာလိုက်ရင်- ဝိပဿနာမဂ်ကုသိုလ်နဲ့ လောကုတ္တရာမဂ် ကုသိုလ်ဘဲ ဖြစ်တယ်၊ ဒီတော့- ဝိပဿနာမဂ်ကုသိုလ်ကို ဖြစ်အောင်ကြိုးစားပြီး၊ ဖြစ်ပြီးဝိပဿနာမဂ်ကို- မြဲမြံတိုးတက်စေသဖြင့်- နိယမဖြစ်သော လောကုတ္တရာမဂ်သို့ ရောက်စေရခြင်းဖြင့်၊ မဖြစ်သေးတဲ့ အကုသိုလ်တွေလဲ ဖြစ်ခွင့်မရတော့ဘဲ၊ ဖြစ်ပြီးကုသိုလ်တွေလဲ ခိုင်မြဲတည်တန့် နိယမအဖြစ်သို့- ရောက်စေရမယ်ဆိုတဲ့- တချက်ခုတ်-နှစ်ချက်ပြတ် အကုသိုလ်၏ မူရင်းဗီဇ- အနုသယကို- အမြစ်ပါ မကျန်အောင်- နည်းပေးလမ်းပြ ဆုံးမတော်မူခဲ့သော- သမ္မပ္ပဓါန်တရားမြတ်ကြီးပေတည်း ဖြစ်ပါသည်။

အဲဒီလို- သမ္မပ္ပဓါန်ဖြင့်- ဗောဓိဉာဏ်ကို ကေန်ရအောင်၊ ကောင်းမြတ်သောသဒ္ဓါ၊ မပြတ်ဝင်လာရန်အတွက်၊ ဉာဏ်နှင့်တွေးက- ကြက်သီးမွေးညှင်းထစရာ- သံဝေဂအရာတို့ကို တွေ့ရှိနိုင်ပါသည်၊ ဝိပဿနာ ပညာရှိလျက်နှင့် သမ္မပ္ပဓါန်ဝီရိယ ချို့တဲ့နှောင့်နှေးခြင်း ဖြစ်တတ်ကြပေသည်၊ ဘာကြောင့် ဆိုသော်- သံသာရဝဋ္ဋဒုက္ခဘေးဖြစ်သော- သံဝေဇနိယတရားတို့၌-ကြောက်မက်ဘွယ်ရှိ ဘေးအတိဟု- ဉာဏ်ဖြင့်ပိုင်းခြား၍ မသိမမြင်ခြင်းကြောင့်၊ ဖင့်နွဲလေးကန်- ဝိပဿနာ ဘာဝနာ ဘိသမယ-ကာလံကို- ဥပါယ်အမျိုးမျိုးဖြင့်- ငြင်းဆန်နေနိုင်ကြခြင်း ဖြစ်ပေသည်။

အကယ်၍သာ၊ သံဝေဂဝတ္ထု (၈) ပါးတို့၌၊ ဉာဏ-သံဝေဂ အားဖြင့်- ကောင်းစွာမြင်သော အကြောင်ကြောင့်၊ သူတော်စင်သည်၊သမ္မပ္ပ-ဓါန် ဝီရိယဖြင့်၊ ဝိပဿနာမဂ်ကို- အရကြိုးပမ်း- တတ်စွမ်းသမျှ-မယုတ်မလျော့အားထုတ်တော့မည်မှာ မလွဲပေ၊ သံဝေဂဉာဏ်-မရင့်သန်ဘဲ-မြင်ရဆဲ၊ကြားရဆဲ၊တခဏမျှတွင်သာ "ကြောက်စရာ ကောင်းလိုက်ထာ-သံဝေဂရစရာကောင်းလိုက်ထာ" စသည်ဖြင့်၊ နှုတ်မှမြည် တမ်း သော် လည်း၊ ကုန် ပျောက် သွား တတ် သော-သံဝေဂလောက်နှင့်မူ၊ ဤသမ္မပ္ပဓါန် ဝီရိယကို ထူထောင်နိုင်ကြမည်မဟုတ်ပေ။ မှန်ပေသည်=ဘဝကောင်းရာ၊ ငါကောင်းရာကို- လိုချင်လို့-ကြောက်တဲ့-တဏှာကြောက်နှင့်- အပါယ်လေးပါးကျမှာလောက် ကြောက်တဲ့- ဘယာကြောက်မျှနှင့်ပင် ဆိုပါက၊ ဒီအကြောက်မျိုးတွေနဲ့တော့- ရှေးကလဲ ကြောက်လာခဲ့ပြီးသော်လဲ၊ သံသရာဒုက္ခကို လွတ်အောင်မရုန်းနိုင်ခဲ့၊ အပါယ်လေးပါးမှလဲ-ကင်းအောင်မဖြစ်နိုင်ခဲ့တာ- ထင်ရှားပါသဖြင့်- ဒီတဏှာကြောက်၊ဘယာကြောက်မျှဖြင့်-ဘယ်နည်းနဲ့မှ သမ္မပ္ပဓါန် ဝီရိယမြောက်နိုင်ကြမည် မဟုတ်တော့ပေ။

ထို့ကြောင့်၊ အကြောက်ရိုးရိုးတွေနဲ့- ငရဲအိုးဇောက်ထိုးဆင်းခဲ့ရပေါင်းများပြီဖြစ်ရာ ဘာကြောက်၊ ကြောက်ရမှာလဲဆိုတော့ သဒ္ဓါ-ကြောက်နဲ့-ဉာဏ်ကြောက်-အမှန်ကြောက်မှသာ- သံသရာကမ်းပျောက်ပြီး-နိဗ္ဗာန်ရောက်မဲ့-သမ္မပ္ပဓါန်မျိုး- ထူထောင်နိုင်မှာ အမှန်ဖြစ်ပါသည်။ သံသရာ့ဒုက္ခ-ဘယ်လောက်ရှည်လျား ကျယ်ဝန်းသလဲဆိုရင်-အနမတဂ္ဂသံသရာ- ရှေ့အစွန်းလဲ သိနိုင်စရာမရှိအောင် ဂင်္ဂါဝါဠု သဲစုနှင့်မျှမကတဲ့-ဘုရားရှင်တွေ ပွင့်တော်မူခဲ့ပြီ။ ယခုသာသနာနဲ့တွေ့ခိုက်-သံသရာတွင်းမှာဘဲ-ငုပ်တုပ်မဲတဲ-

သံသရာကို·မဖြုတ်ချင်ဘဲနေရင်-နောက်အစွန်းဆိုတဲ့- ကာလကလဲ ဘယ်လောက်ရှည်ကြာ ဝဋ်အဖြာဖြာမှာ- နစ်မွန်းနေရအုံးမယ် ဆိုတာလဲ မသိနိုင်ဘူး၊ အဲဒါကို–သဒ္ဓါတရားနဲ့ ကောင်းကောင်း ဆုံးဖြတ်ပြီးတော့ယုံ၊ယုံပြီးတော့– 'အဲဒီသံသရာ့ဝဋ်ဆင်းရဲကြီးကို ဉာဏ်နဲ့မြင်ပြီးကြောက်၊ (သဒ္ဓါနဲ့ပေါက်– ဉာဏ်နဲ့ကြောက်– ဉာဏ်နဲ့ပေါက်–သဒ္ဓါနဲ့ကြောက်) အဲဒီလို- တကယ်အကြောက် မှန်လာရင် သမ္မပ္ပဓါန်- ထူထောင်လာနိုင်ပါလိမ့်မယ်၊ ဒီတော့ သမ္မပ္ပဓါန်- ဝိရိယလေတန်းဖြစ်ဘို့ နီးစွာသော အကြောင်းရင်း သည် သံဝေဂ·တရားအမှန်တွင်-ဉာဏသံဝေဂကိုသာ ကောက် ယူ၍-သဒ္ဓါနှင့်ပေါက်ပြီး အကြောက်မှန်ရအောင်- သံဝေဇနိယ တရား- သံဝေဂဝတ္ထု (၈) ပါးကို ဖေါ်ပြလျက်- ဉာဏသံဝေ ဖြစ်ရန်မသွေ ရှုပါလေဦး....။

## "သံဝေဂဝတ္ထု ၈-ပါး"

(၁) စိတ္တုတြာသသံဝေဂ=ဒေါမနဿဝေဒနာနှင့်ယှဉ်၍ စိတ်လှုပ်ရှားလျက်ဖြစ်သော သံဝေဂ၊ အနိဋ္ဌာရုံအားဖြင့် မရှုမလှသေရခြင်း၊ ရုတ်ခြင်းခဏသေရခြင်း၊ သွေးရဲသံယို တွေ့ဆုံရခြင်းတို့၌၊ ဆုတ်နစ်သောဒေါသဖြင့် "အသဲထိတ်စရာ-ကြောက်စရာကောင်းလိုက်ထာ" ဟု စိတ်ထဲ၌ တုန်လှုပ်ရုံမျှဖြစ်သော သံဝေဂမျိုးဖြစ်သည်။

(၂) ဩတပ္ပသံဝေဂ=ဩတပ္ပစေတသိက်နှင့် ယှဉ်သောစိတ်ဖြင့်ဖြစ်သောသံဝေဂ၊ သံဝေဂ-ဖြစ်စရာတို့နှင့် တွေ့ကြုံခိုက်၌ဖြစ်စေ၊ သံဝေဂဖြစ်ရာတရားကို နှလုံး

သွင်း၍ဖြစ်စေ၊ ဘေးဘယအနေဖြင့် ကြောက်တတ်သော-သံဝေဂမျိုးဖြစ်သည်။

(၃) ဉာဏသံဝေဂ=သြတပ္ပ ကြောက်ခြင်းနှင့်တကွ- သံဝေဂဝတ္ထု (၈) ပါးတို့၌၊ ဉာဏ်နှင့်ယှဉ်၍၊ ကြောက်စရာဘေး-မတွေ့ဝေးအောင်၊ ဒုစ္စရိတ, ဒုရာဇီဝတို့ကိုပါ၊ မပြုကြောက်လတ်, အမြတ်ဘာဝနာသုံးသည်တိုင်အောင်- ဆောင်နိုင်သည့်- ပညိန္ဒြေစေတသိက်နှင့်ယှဉ်၍ဖြစ်သော သံဝေဂ ဉာဏ်ကြောက် ဖြစ်သည်။

(၄) ဓမ္မ သံဝေဂ=သြတပ္ပါကာရနှင့်စပ်သမျှ ဓမ္မ သံဝေဂယူတော်မူပေသော၊ သေက္ခ-အသေက္ခ ပုဂ္ဂိုလ်မြတ်တို့၌ဖြစ်သော- အမောဟနှင့်ယှဉ်သည့် သံဝေဂ ဉာဏ် ဖြစ်သည်။

အထက်ပါ-သံဝေဂလေးစားကိုကြည့်ရင်၊ကြောက်ရှုံ့ထိတ်လန့် "သံဝေဂရစရာ-ကောင်းလိုက်ထာ"ဟု၊ စိတ်ကြံ, နှုတ်ပြောပြီးပြီး,ပျောက်ပျောက်-သံဝေဂသဘောမျှဖြင့်၊ သမ္မပ္ပဓါန်ဝီရိယကို ထူထောင်နိုင်ကြမည် မဟုတ်ကြောင်း, ထင်ရှားလှပါတော့သည်။ ဉာဏသံဝေဂ-အမှန်ဖြစ်ကြမှသာ၊ သမ္မပ္ပဓါန် ဝီရိယနှင့် ဗောဓိပက္ခိယကို ထူထောင်နိုင်ကြမည်ဖြစ်ရာ- သံဝေဂ တရားလေးပါးအပြင်-သံဝေဂဝတ္ထုရှစ်ပါးကိုလည်း အကျဉ်းအားဖြင့် သိထားသင့်ပါသည်။

အနိဋ္ဌာရုံ-မြင်,ကြား,တွေ့ဆုံ-သံဝေဂဟုန်ကတော့၊ လောက, ပြောစရာအမှတ်နဲ့ ဖြစ်လေ့ဖြစ်ထရှိပြီး၊ ရင့်သန်မှုမရှိ ပျောက်ပျက်တတ်ပါ၏၊ ၎င်းတို့သည် သံဝေဂဝတ္ထုရှစ်ပါး၏၊ အတု

အရိပ်အယောင်မျှသာဖြစ်ပေသည်။ အစဉ်နှလုံးသွင်းနိုင်သဖြင့်–မြဲမြံကြံ့ခိုင်,ဝိရိယမဏ္ဍိုင်ကို စိုက်စေနိုင်သော သံဝေဂဉာဏ်စသည်စစ်စစ်–ဖြစ်ရမည့်တရားတို့သည်ကား....။

(၁) ဇာတိဒုက္ခဘေး၊ (၅) အပါယဒုက္ခဘေး၊
(၂) ဇရာ-ဒုက္ခဘေး၊ (၆) အတီတေဝဋ္ဋမူလကဒုက္ခဘေး၊
(၃) ဗျာဓိဒုက္ခဘေး၊ (၇) အနာဂတေဝဋ္ဋမူလကဒုက္ခဘေး
(၄) မရဏဒုက္ခဘေး၊ (၈) ပစ္စုပ္ပန္နေအာဟာရပရိယေသန-ဝဋ္ဋမူလက-ဒုက္ခဘေး၊

ဤ-ရှစ်ပါးသော၊ ဘယံ-ကြောက်အပ်မှန်စွာ- ဘေးတကာတို့ထက်၊ ထန်ပြင်းနှိပ်စက်၊ သံသရာအဆက်ဆက်မှ အချက်ကျကျ-ထိုးနှက်ခါလာသော ဘေးရှစ်ပါးတို့သည်၊ ဆန်းစစ်ရှာဖွေ–မွေနှောက်နိုင်လေလေသာ၊ ဉာဏသံဝေဂ–ဩတပ္ပမက္ခာ–ထိတ်လန့်ကာသာလျှင်၊ ဉာဏ်မှာကပ်ယှဉ် ဘေးဟုအမှန်မြင်သော-သံဝေဂအဖြစ်ကို မုချမသွေ ရနိုင်တတ်ပါပေသည်။

ဇာတိမှအစ- ပရိယေသနအဆုံး (၈) ပါးလုံးသော- ဘေးဘယဒုက္ခ- သံဝေဇနိယ တရားတို့သည်၊ အတိတ်, အနာဂတ်–ပစ္စုပ္ပန် ကာလသုံးတန်တွင်၊ အတိတ်အကြောင်းပြု- ပစ္စုပ္ပန်အနှိပ်စက်ခံရမှုမှ၊ အနာဂတ်တဖန်- အနှိပ်စက် ပြန်ခံနေရမည့် "နတ္ထိ ခန္ဓသမာ ဒုက္ခာ"အစုအပေါင်း ဖြစ်ကြောင်းခန္ဓာ- အတ္တဘော- သကာယသည်၊ တူမျှပမာ, မရှိပါသောဆင်းရဲကေန်- ဒုက္ခသစ္စာအမှန်ဖြစ်သည်။ ဤရှစ်တန်သော အတွင်းဘေးဆိုးကြီးများကိုကြည့်ပါက၊ ဉာဏသံဝေဂရစရာ-ကေန်သာဖြစ်ပါတော့သည်၊ထိုဘေးမျှနှင့်-သံဝေဂမရသေးပါကလည်း၊ အပြင်ဝန်းရံ–

မှုချဘောအတန်တန်တို့မှာလည်း (၁) ဝိနိပါတ– သေပျောက် ပျက်စီး- ဘဝမိန်ပဘာကျရောက်ခါသွားတတ်သော ဘေးကြီးနှင့် (၂) နာနာသတ္တဥလ္လောကဏဘေး= အထူးထူးသော ကိုးကွယ် ရာကို မျှော်ကာ- ဘုရားမှား, ဆရာမှား, ကိုးကွယ်မိသောဘေး၊ (၃) ဒုစ္စရိတ=မကောင်းမှုဒုစရိုက်- ကြုံကြိုက်ခါပြုလုပ်ရသော ဘေး၊ (၄) အပါယဘေး= အပါယ်လေးပါး လားတတ်ရ သောဘေးတို့သည်လည်း၊ ဝဋ္ဋမူလက (၈)ဖြာသောသံဝေဇနိယ ဘေးဖြစ်သည့်- သံသရာ့ဝဋ်ကောင်ကို- အမြဲပင် တုပ်နှောင်ခါ ခြံရံလျက်ရှိနေသည်မှာလည်း- ဉာဏ်နှင့်ကြည့်က- သံဝေဂမိစရာ ပင် ဖြစ်ပါသည်။ ထိုသို့ - သံသရာသခွင် - ကြဉ်လည် ရာတွင်- အတွင်းရင်း အစစ်နှင့် အခြံအရံအဖြစ် ဘေးတို့တွင်သာမက- ပစ္စုပ္ပန် ဘဝတခုတိုင်း၌လည်း- လေးပါးဘေးဆိုး- တွေ့ရိုးခံစား ရတတ်ပုံများမှာလည်း (၁) အတ္တာနုဝါဒဘေး၊ ကံငါးပါးပင် မလုံ- မိမိပြုသည့် အကုသလဟုန်ကြောင့်- ပြုမှားမိခြင်း-နောင်တ အခင်းဖြင့် ပူပန်စိုးရိမ်- သောကအိမ် ဆောက်ရသော ဘေး၊ (၂) ပရာနုဝါဒဘေး= သူတထူးကို သတ်လိုညှဉ်းဆဲ- နှိမ့်ချ မြဲဖြင့်- ခိုးယူလိမ်ကောက်- ဖောက်ဖောက်ပြားပြား- ကျင့်ငြား အိမ်ယာ- သောက်စားခါဖြင့်- မမှန်စကား, ဆိုလေ့အားကြောင့် သူတပါးမှ- တန်ပြန်မချို- ထို့အတူသာ, မိမိမှာလည်း- ပြုခါခံရ ပရာနုဝါဒခေါ်- ကိုယ်ဖော်သည့်ဆေး- ကိုယ်စားရသည့်ဘေး သည်ရင်း၊ (၃) ဒဏ္ဍဘေး= ထိုသို့ပြုကျင့်- စရိုက်ခွင့်ကြောင့်၊ မင်းနှင့်မပြတ်- တွေ့ကြုံလတ်သော်- ဖမ်းအပ်ဆီးနှောင်- အချုပ် ထောင်သို့- ပို့ချခံရတတ်သော မင်းဘေးရင်း၊ (၄) တားဆီး ပိမတ်– ဒုစ္စရိတဟိတ်ကြောင့်- ဘဝတဖန်- ကုန်ပြန် လေလျှင်

ပါယ်ရုံလေးတွင်း-သက်ခါဆင်းရသော- ဒုဂ္ဂတိဘေးရင်း၊ ဤသို့သော ကိုယ်ထည်(၈)ပါး-သံဝေဇနိယတရားနှင့်မပြတ်ခြံရံ ဘေး(၄)ပါးပါ- မကွာတူတကွကြုံဆုံကြသည့်-ပစ္စုပ္ပန်မှု-ဘေး(၄)စုတို့နှင့်သာ ကြောက်စရာ အတိဖြစ်သော၊ "အပါယ ဒုက္ခ-သံသာရဒုက္ခ" နှစ်ဖြာဘေးကြီး- ဒီးဒီးလောင်မြိုက်- အခေါင်ဆိုက်၍- လိုက်လှဲဖိုသဲ့- ရွှေရင်ကွဲမျှ-စိတ်ထဲမှာသွင်း- ဒုက္ခပင်းကို ဉာဏ်နှင်းသံဝေ- သဒ္ဓါချေလျက်, မသေ့မနှောက်- နှစ်ဖြာကြောက်သဖြင့်- သမ္မပ္ပဓါန် ဝိရိယပေါက်ခါ- ဗောဓိပက္ခိယ ဓမ္မအမွေကို ကေန်ရအောင်သာ ကြိုးစားကြရပါသတည်း။ ။

....၀....

## "သမာဓိန္ဒြေ၊ သမာဓိဗိုလ်၊ သမာဓိသမ္ဗောဇ္ဈင်၊ သမာဓိမဂ္ဂင်"
## (ဧကဂ္ဂတာ စေတသိက်)

အဝိသာရလက္ခဏာ=မရွေ့မလည် တည်ကြည်ခြင်းလက္ခဏာရှိ၏။
ဝိစိကိစ္ဆာနှင့် ဥဒ္ဓစ္စတို့၏ ဆန့်ကျင်ဘက်လည်းဖြစ်၏။

သမ္ပိဏ္ဍနရသာ= သမ္ပယုတ် တရားတို့အား ပေါင်းစုခြင်း ကိစ္စရသရှိ၏။

ဥပသမ ပစ္စုပဋ္ဌာနာ=တည်ကြည်ငြိမ်သက်သောတရားဟု ဉာဏ်အားရှေ့ရှုထင်၏။

သုခပဒဋ္ဌာနာ = သုခလျှင်နီးစွာသော အကြောင်းရင်းရှိ၏။

ဤကား၊ သမာဓိ၏ ဣန္ဒြေ-ဗိုလ်-ဗောဇ္ဈင်-မဂ္ဂင်တို့၌ ဖြစ်သော ဧကဂ္ဂတာ- စေတသိက်တရားကိုယ်၏ ဆောင်နှင်းတတ်သော ဌာန်လေးပါးဖြစ်ပါသည်။ ထို့အပြင်- ဧကဂ္ဂတာ စေတ-

သိက်,တရားကိုယ်၏ အဓိဝစနံအရ "သမာဓိ" ဟု ခေါ်ဆိုအပ်သော တရားသည်၊ "သမထ"ဟူသော- နိဝရဏတရားတို့ ငြိမ်းအောင် အားထုတ်ပွားများမှု- ဘာဝနာကြောင့်လည်း ဖြစ်၏၊ "ဝိပဿနာ" ဟူသော၊ အထူးရှုမြင်-ဝင်္မှစင်ကြယ်လွတ်မြောက်အောင်- အားထုတ်ပွားများမှု- ဘာဝနာကြောင့်လည်းဖြစ်၏၊ ထို့ကြောင့် သမထ,ဝိပဿနာနှင့် ယှဉ်၍သက်ဝင်- လေးအင်သော- ဗောဓိပက္ခိယအယာဉ်မှ "သမာဓိ" တရား၏ သီးခြားဌာန်လေးပါးကိုလည်း ဤသို့-သိအပ်,သိသင့်ပါသေးသည်။

## (သမာဓိ၏ ဌာန်လေးပါး)

အဝိက္ခေပလက္ခဏာ=သမ္ပယုတ် တရားတို့ကို မပျံ့လွင့်စေခြင်း လက္ခဏာရှိ၏။

ဝိဒ္ဓံသန ရသာ =ပျံ့လွင့်ခြင်းကို နှိပ်ကွပ် ဖျက်ဆီးခြင်း ကိစ္စရသ ရှိ၏။

အဝိကမ္ပနပစ္စုပဋ္ဌာနာ=မတုန်လှုပ်သည်၏ အဖြစ်ဖြင့် ဉာဏ်အား ရှေးရှုထင်၏။

သုခ ပဒဋ္ဌာနာ =ကိုယ်စိတ်ဖြစ်နှာ- တဏှာကင်းသည့်- သုခလျှင်-နီးစွာသောအကြောင်းရှိ၏။

အထက်ပါ ဌာန်လေးပါးမှာ၊ သမထနှင့် ဝိပဿနာ ဘာဝနာအရ "သမာဓိ"တရား၏ဆောင်နှင်းတတ်သောအကြောင်းလေးပါးဖြစ်ပါသည်။ တရားကိုယ်မှာ ဧကဂ္ဂတာစေတသိက်ချည်းသာဖြစ်ငြားသော်လည်း၊ သမ္ပယုတ်တရားတို့သို့လိုက်၍- အချင်းအရာ ကွာခြားခြင်း သဘောဖြစ်ပါသည်။ ပဌမ- လက္ခဏာ, ရသစသောသဘောတို့သည်၊ ဧကဂ္ဂတာ စေတသိက်နာမ်- သခ်တ

တရား၏ လက္ခဏာဝန္တသတ္တိအရ- မိမိသဘောကို မိမိဆောင်တတ်သော ဓါတ်သဘောအရ ဖြစ်ပါသည်၊ ဒုတိယ-လက္ခဏာ, ရသစသည်မှာ၊ ထိုသခ်တပရမတ်တို့ ဓါတ်သဘော ဆောင်ချက်သည်၊သမထ,ဝိပဿနာ-ဘာဝနာနှစ်ဖြာ-အစွမ်းကြောင့်'သမာဓိ' တရားအဖြစ် သက်ဝင်လာပုံကို ပြသော- အကြောင်းချင်းရာသဘောဖြစ်သည်ဟု ပိုင်းခြားသိရပါမည်။

ထို့အပြင်- သမာဓိတရားကို အပြားအားဖြင့် ပိုင်းခြားဝေဘန်သောအခါ၊ တပါးထည်းအဘို့အားဖြင့် "အဝိက္ခေပ" မပျံ့လွင့်ခြင်းသဘော ရှိ၏၊ ဝိသေသလက္ခဏာ စသည်တို့ကို စွဲ၍ နှစ်ပါးသောအစုဖြင့် လေးမျိုးဖြစ်သော သမာဓိတရားတို့မှာ....

## "သမာဓိအပြား လေးမျိုး"

(၁) ဥပစာရ သမာဓိ= အပ္ပနာစျာန်၏ အနီး၌ဖြစ်သော သမာဓိ၊

(၂) အပ္ပနာ အမာဓိ = ခိုင်မြဲသော သမာဓိ၊ (ဂေါတြဘူ၏ အခြားမဲ့၌ဖြစ်သော ကောဂ္ဂတာသည် အပ္ပနာသမာဓိမည်၏၊ မဟာဂ္ဂုတ် စျာန်စိတ်နှင့် လောကုတ္တရာစိတ်၌ရှိသော သမာဓိ၊)

(၁) လောကီဘာဝနာသမာဓိ—ကုသလစိတ္တေကဂ္ဂတာသဘောဖြစ်သော-ကုသိုလ်စျာန်သမာဓိ၊

(၂) လောကုတ္တရာ-သမာဓိ—လောကုတ္တရာစိတ်နှင့် ယှဉ်သော သမာဓိ၊

(၁) သပ္ပီတိက သမာဓိ=နှစ်သက်ခြင်း- ပီတိနှင့်တကွဖြစ်သော သမာဓိ၊
(၂) နိပ္ပီတိက သမာဓိ– ပီတိကင်းလျက်ဖြစ်သော သမာဓိ၊
(၁) သုခ သဟဂတ သမာဓိ=သုခသဘောနှင့်တကွ ရော၍ ဖြစ်သော သမာဓိ၊
(၂) ဥပေက္ခာသဟဂတ သမာဓိ=ဥပေက္ခာ သဘောနှင့် တကွ ရော၍ ဖြစ်သော သမာဓိ၊

ဤကဲ့သို့ နှစ်ပါးစုအားဖြင့် လေးမျိုးပြားသော သမာဓိ တရားတို့သည်-သမထ ဘာဝနာ-ဝိပဿနာ-ဘာဝနာတို့၌ သက်ဝင်ဖြစ်ပွားတတ်ပါသည်။ ထိုသို့ သက်ဝင်ဖြစ်ပွားရာဝယ်၊ ပုဂ္ဂလဇ္ဈာသယ-ဥပနိဿယ-အာသေဝနတို့အရ၊ အယုတ်၊ အလတ်၊ အမြတ်အားဖြင့် သမာဓိတရားတို့ ဖြစ်တတ်ပုံကိုလည်း ဝေဘန်သိအပ်ရာပါသည်။

## "ဟီန-မဇ္ဈိမ-ပဏီတ, အားဖြင့် ခွဲခြားအပ်သော" သမာဓိတရားတို့မှာ (ဟီန သမာဓိလေးပါး)

(၁) ပဋိလဒ္ဓမတ္တ =ရခါမျှ-ရခါစ ဖြစ်သော သမာဓိ၊
(၂) ဥဠာရပုညဖလ=ကြီးကျယ်များလှသော အကျိုးကို လို၍ အားထုတ်သော သမာဓိ၊
(၃) ဘဝသမ္ပတ္တိ—သုဂတိဘဝနှင့် ပြည့်စုံစေခြင်းငှါ- ဖြစ်စေသော သမာဓိ၊
(၄) ဝဋ္ဋဇ္ဈာသယ=ဝဋ်ချမ်းသာကို လိုလားသဖြင့် ဖြစ်စေအပ်သော သမာဓိ၊

F 22

(မဇ္ဈိမ- သမာဓိလေးပါး)

(၁) နာတိသုဘာဝိတ—လွန်စွာမပွားရသေးသော သမာဓိ၊
(၂) လောကိယာအဘိညာသမ္ပဒါ—လောကီအဘိဉာဉ်ကို ဖြစ်စေအပ်သော သမာဓိ၊
(၃) အလောဘဇ္ဈာသယ—လောဘကင်းသောအလိုဖြင့် ဖြစ်စေအပ်သော သမာဓိ၊
(၄) ဝိဝေကဇ္ဈာသယ—ကိလေသာကင်းဆိပ်လိုသဖြင့် ဖြစ်စေအပ်သော သမာဓိ၊

(ပဏီတ သမာဓိလေးပါး)

(၁) သုဘာသိတဝသိပ္ပတ္တ—လွန်စွာပွားအပ်ပြီး၍-ဝသီဘော်သို့ ရောက်သော သမာဓိ၊
(၂) ဝိဝေက .... —ကိလေသာကင်းဆိတ်ခြင်းကို အလိုရှိ၍-ဖြစ်စေအပ်သော သမာဓိ၊
(၃) ပရဟိတ .... —သူတပါးတို့အကျိုးငှါ- ဖြစ်စေအပ်သော သမာဓိ၊
(၄) ဝိဝဋ္ဋဇ္ဈာသယ =ဝဋ်ဆင်းရဲကင်းရာနိဗ္ဗာန်ကို အလိုရှိသဖြင့် ဖြစ်စေသော သမာဓိ၊

ဤကဲ့သို့ သမာဓိ၏ဌာန်လေးပါးနှစ်စားနှင့် သမာဓိအပြား၊ သမာဓိအပိုင်းအခြားတို့ကို ကွဲပြားခြားနားစွာ သိသည်ဖြစ်၍။ စောကြောဝေဘန်လျက်၊ ဣန္ဒြေ-ဗိုလ်- ဗောဇ္ဈင်- မဂ္ဂင်တို့နှင့်-

လျော်ညီသော သမာဓိသဘောကိုသာ ထုတ်နှုတ်ရွေ့ရှု-ဆန္ဒပြု လျက်-သိမှတ်ကျင့်ဆောင်အပ်သင့်ပါသည်။

ဟီနသမာဓိမျိုး ရှေ့မရှုမိအောင်၎င်း၊ မဇ္ဈိမ သမာဓိမျိုးမှာ လည်း မိမိနှင့်လျော်ညီရာမျှကိုသာ အားပြု၍၎င်း၊ ပဏီတသမာဓိ မျိုးကိုမူ၊ ပညာနှင့်ယှဉ်၍- မရမနေကြိုးစားရန်ကို၎င်း၊ အထူး သတိပြုသင့်ပါသည်။အချုပ်အားဖြင့် လောကီသမာဓိသက်သက် ကို၊ စိတ္တဝိသုဒ္ဓိမျှလောက်- အခြေခံရအောင်-ကြိုးစားပြီး၊ လော ကုတ္တရာ သမာဓိ ဖြစ်သော- အဓိစိတ္တသိက္ခာ ဖြစ်အောင်- ကျင့် ဆောင်ရာပါသည်၊ ဤနေရာ၌-လောကီသမာဓိကို လုံးလုံးလျား လျား-ဖယ်ရှားလျက်၊ လောကုတ္တရာပညာယှဉ် သမာဓိမှတပါး၊ မကြိုးစားသင့်ဟု မဆိုလိုပါ၊ သို့သော်- သာသနာတော်တွင်း အခါ၌၊ သာသနာပ ကာလကဲ့သို့-လောကီသက်သက်၌ ထွန်းကား ချက်သည်-အားနည်းလျက်ရှိပါသည်၊ အကြောင်းမှာ- ရတနာမြတ် သုံးပါး- လက္ခဏာရေးသုံးတန်- အနတ္တပညာအမှန်- ထွန်းကားရာ ကာလတွင် ဗောဓိဉာဏ်ကို- လိုချင်ဆန္ဒမရှိကြသူ- နည်းပါးကြ သည်ကြောင့်၎င်း၊ ဘာဝနာနှစ်ပါးတို့ကို ကျင့်အားသန်ရာတွင်- အနတ္တပညာ- ဝိပဿနာ ဘာဝနာအရာသာ ထင်ရှားပါသော ကြောင့်၎င်း၊ လောကီသက်သက်- စျာန်အဘိဉာဉ်ကို မက်၍- ကြိုးစားသူ နည်းပါးခြင်းကြောင့်၎င်း၊ အနာဂါရိလမ်းမှသာ သက်သက်ဝင်နိုင်ခြင်းကြောင့်၊ အနာဂါရိက ပုဂ္ဂိုလ်- ဆိုပါက လည်း- လောကီစျာန်သက်သက်ကို မမက်မလိုလား၊ လောကုတ္တ ရာ-ပညာသမာဓိနှင့် ဝိပဿနာမဂ်-ဗောဓိဉာဏ်မဂ်ကိုသာ အလိုရှိ ကြသည်ကြောင့်၎င်း- ထွန်းကားဆိုက်လာ- ဗုဒ္ဓသာသနာ၏-

ဝိမုတ္တိယုဂ ခေတ်-နိဗ္ဗာနိက ပညာစစ်တို့ရှိခြင်းကြောင့်ငင်း၊ပင်ပမ်း နွမ်းနယ်ရကျိုး မနပ်မည့်- လောကီသမ္မပ္ပဓါန်နှင့်မှ ရနိုင်သည့်- သမထ,သမာဓိသက်သက်ကို ရှေ့မရှုဘဲ၊ လောကုတ္တရာ တိုက်ရိုက် ဆက်သည့်-ဝိပဿနာ, ပညာသမာဓိဘက်ကိုသာ မိအောင်, ထိ အောင်,ကျင့်ဆောင်ရာပါသည်။

ဗောဓိပက္ခိယအသင်းဝင် သမာဓိမှာ၊ ဣန္ဒြေ-ဗိုလ်-ဗောဇ္ဈင်- မဂ္ဂင်,တရားမြတ်တို့သာဖြစ်ပါ၍၊ မဂ္ဂင်ရှစ်တန်- အရင်းခံလျက်၊ သမ္မာပဋိပတ်,အကျင့်မြတ်ဖြင့်-ကျင့်သုံးပွားများ လေ့လာဆည်း ပူးပါသော၊ ဝိပဿကပုဂ္ဂိုလ်အဘို့မှာ အထူးဆိုဘွယ်မရှိအောင်၊ သမထ သမာဓိနှင့် ဝိပဿနာသမာဓိသဘောကို ခွဲခြားသိပြီးဖြစ် ရာ၊ ဤကေဂ္ဂတာ တရားကိုယ်= ဣန္ဒြေ- ဗိုလ်- ဗောဇ္ဈင်- မဂ္ဂင် တို့နှင့် အကျွမ်းဝင်သော ပညာသမာဓိ- အဓိစိတ္တသိက္ခာကို၊ သမ္မာဒိဋ္ဌိ- သက်ပွပညာမဂ္ဂင်တို့နှင့်သာ ယှဉ်၍-တွဲ၍- ရောနှော ညီညွတ်၍သာ, သက်ဝင်အောင်၊ ရှေ့ပိုင်းတွင် ပြဆိုခဲ့သော- ဝိပဿနာဉာဏ်စဉ်များနှင့်ညှိ၍- ပိုင်းပိုင်းခြားခြား သိလောက် နိုင်ပြီ ဖြစ်ပါသောကြောင့်၊ လေးပါးအဘို့ တခုတည်းသော တရားဖြစ်သည့် သမာဓိကေဂ္ဂတာ သဘောကို ဤမျှဖြင့် တင်း တိမ်တော်မူသင့်ပြီ ဖြစ်ပါသည်။ (နောက်, ဆက် လက် မည့်- “ဝိပဿနာပညာပေး-အလုပ်ပေးတရား”၌၊ ပစ္စက္ခဉာဏ်အားဖြင့်- တအာရုံ- တဌာနအတူတွင် သမထ- ဝိပဿနာခွဲပုံနှင့်- သမာဓိ ဝင်ပုံတို့ကို သန္ဒိဋ္ဌိကမမြှကျအောင် ပြသပေးပါမည်။)

# ''ပညိန္ဒြေ၊ ပညာဗိုလ်၊ ဓမ္မဝိစယသမ္ဗောဇ္ဈင်၊ သမ္မာဒိဋ္ဌိမဂ္ဂင်၊ ဝီမံသိဒ္ဓိပါဒ်,,

# အဓမောဟ-ပညိန္ဒြေ စေတသိက်

“ပညာဝဏ္ဏိန္ဒြိယံ- ပညိန္ဒြိယံ”။ ။ပညာဝ - ပညာသည် ပင်လျှင်၊ ဣန္ဒြိယံ- အဝိဇ္ဇာကိုလွှမ်းမိုး အစိုးရသောတရားတည်း၊ ပညိန္ဒြိယံ-ပညာသည်ပင် အစိုးရသောတရားတည်း။ ။
(ဋ္ဌာန်လေးပါး)

ယထာသဘာဝပ္ပဋိဝေဓလက္ခဏာ = အနိစ္စ- ဒုက္ခ- အနတ္တ ဖြစ်သော၊ ကက္ခဋ္ဌ-မုဒု-ဖုသနစသော, ဟုတ်တိုင်း မှန်ရာသဘောတို့ကို၊ ထိုးထွင်း၍သိခြင်း လက္ခဏာရှိ၏၊ (ဝါ) တနည်းကား၊

ကုသလိဿာသစိတ္တဥသုပ္ပဋိဝေဓဝိယ = လိမ္မာသောလေးသမားသည်- ပစ်လွှတ်အပ်သော မြှား၏စူးဝင်ခြင်းကဲ့သို့၊ အက္ခလိတပ္ပဋိဝေဓလက္ခဏာ=မချွတ်မယွင်း ဟုတ်တိုင်းမှန်ရာကို ဖေါက်ထွင်းသိခြင်း လက္ခဏာရှိ၏။

ပဒီပေါဝိယ- ဆီမီးရောင်လျှံ ကဲ့သို့၊ ဝိသယောဘာသနရသော- အာရုံ၏သဘောမှန်ကို- ထွန်းပြလင်းစေခြင်း ကိစ္စရသရှိ၏။

အရညဂတ- သုဒေသကောဝိယ = လမ်းညွှန်လိမ္မာ- တောရောက်ခါကဲ့သို့၊ အသမ္မောဟ- ပစ္စုပဋ္ဌာနော-မတွေဝေသော အချင်းအရာဖြင့်၊ အာရုံ၌ရှေ့ရှု

ထင်၏၊ (ဝါ) အာရုံ၌ တွေဝေမှု မရှိခြင်းကို ဖြစ်စေတတ်သော တရားဟု ဉာဏ်အား ရှေ့ရှု ထင်၏။

ယောနိသော မနသိကာရ ပဒဋ္ဌာနာ= သင့်တင့် လျှောက် ပတ်သော နှလုံး သွင်း မှုလျှင် နီး စွာ သော အကြောင်းရင်း ပဒဋ္ဌာန်ရှိ၏။

အထက်ပါ ငါးပါးသော ဗောဓိပက္ခိယ တရားတို့၌၊ တခု သည်းသော တရားကိုယ်ဖြစ်သည့် စေတသိက်တရားကို၊ ပညိန္ဒြေ အမည်မှတပါး- ဆိုင်ရာတို့၌ သင့်လျော်သလို၊ "အမောဟ-ဉာဏ ပညာ- ဝိဇ္ဇာ"စသည်ဖြင့် အသုံးပြုကြပါသည်၊ ဤဗောဓိပက္ခိယ တရားငါးပါး၌ပင်၊ ပညိန္ဒြေ၊ ပညာဗိုလ်၊ ဓမ္မဝိစယ၊ သမ္မာဒိဋ္ဌိ၊ ဝီမံသ ဟူ၍- အကြောင်းတရား- ပညိန္ဒြေ စေတသိက်ကိုပင် အကျိုးနှင့်ယှဉ်၍- ဗောဓိပက္ခိယဝင်သည့် တရားငါးပါးဖြစ်ပေါ် ပုံကို ခွဲခြားပြဆိုတော်မူထားပါသည်။

ပညာ-ပညိန္ဒြေတို့သည်- လောကီ,လောကုတ္တရာ နှစ်ပါးအရ၊ ဗောဓိပက္ခိယအရာ၌၊ လောကုတ္တရာပညာကိုသာ မုချအလိုရှိအပ် ပါသည်၊ ပရိယာယ်အားဖြင့်မူ၊ လောကီကုသိုလ်ကို ပညာနှင့် ယှဉ်ပြုဆဲ- အမောဟအခိုက်ကိုလည်း အလိုရှိအပ်ပါသည်၊ တဖန် အမောဟ ဆိုပြန်လျှင်လည်း-လောကီကုသိုလ်ပင်ဖြစ်သော်လည်း လောကုတ္တရာ၏အကြောင်းခံအဖြစ် သက်ဝင်ပါသည်၊ လောကီ ပညာမှန်လျှင် ကုသိုလ်, အကုသိုလ်နှင့်ယှဉ်၍၊ လောကုတ္တရာမှာမူ အကုသိုလ် လုံးဝယှဉ်မရဘဲ၊ ကုသိုလ်သည်ပင်လျှင်- အမောဟ ပြဋ္ဌာန်းသော သမ္ပယုတ်မဟုတ်၊ နိဗ္ဗာနပစ္စယ သဘောသို့သာ သက်ဝင်ပါသည်၊ ဤပစ္စယအကြောင်းခံ သတ္တိသဘော၌လည်း-

ဖြစ်ဘူးသေးသော ကုသိုလ်ဟုဆိုအပ်သည့်-ဝိပဿနာမဂ်ကုသိုလ်, လက္ခဏာတင်, ဉာဏ်မြင်ရှုလူသော ဒါန- သီလနှင့် ဝိမုတ္တိနယ သေသ,အားဖြင့်- လောကုတ္တရာအခြေခံ- ပရိယတ္တိ- သင့်အံ ကြည့်ရှုမှု=သုတမယ လောကုတ္တရာပညာ၊ ကြံစီတွေးတော ဆင်ခြင်- သာမညပစ္စဝေက္ခဏာ ဉာဏ်မြင်မှု "နေက္ခမဓါတ်-ပက္ခန္ဒနဓါတ်၊ အစိမ္ပစ္စဓါတ်- ဝိဝဋ္ဋဇ္ဈာသယဓါတ်ဝင်" လောကုတ္တရာ စိန္တာမယပညာတို့သည်၊ လောကုတ္တရာပညာစစ်, ဗောဓိဉာဏ် အဘို့သို့၊ ပစ္စုပ္ပန်- ဥပထမ္ဘက- ပစ္စယသတ္တိဖြင့်ရင်း၊ ပစ္စုပ္ပန်- အနာဂတ်, ဥပနိဿယ, ပကတူပနိဿယ- အာသေဝန- ပစ္စယ သတ္တိတို့ဖြင့်- ကောင်းစွာ ဆောင်နှင်းခြင်းကို ထင်လင်းသိအပ်ပါသည်။

မောဟာမယျဉ်- ဉာဏ်မြင်လူဒါန်း-သီလပန်းနှင့်-တခန်းသုတာ၊ စိန္တာမယ- ဥပထမ္ဘက- ပစ္စယအကြောင်းခံနှင့်တကွ၊ ဘာဝနာ မယဉာဏ်ကို ဆက်၍တက်လှမ်းနိုင်သော (၀၁) ဝိပဿနာ ဘာဝနာဖြင့်၊ တဒင်္ဂပဟာန်- တဒင်္ဂမဂ်ကို မချိုမယွင်း- မပျက်မကွက် အားထုတ် ကျင့်ကြံနိုင်စွမ်းရှိသော- ဝိပဿနာမဂ်စစ်စစ် ကေန် ဖြစ်၍ လာပါလျှင်မူ၊ လောကုတ္တရာမဂ်ကို- ဟေတုဠ အနက်- မဂ္ဂသစ္စာအချက်ဖြင့်- အကြောင်းခံသတ္တိ- ခိုင်မြဲမှုကို- ရရှိမည် ဖြစ်ပါသည်။

ထို့ကြောင့်- ဤဗောဓိပက္ခိယတရားငါးပါး၌၊ တရားကိုယ် ပညိန္ဒြေအား၊ လောကုတ်, လောကီ နှစ်စားတွင်- မုချ လောကုတ္တရာကိုသာ အလိုရှိအပ်သည်ကို ပိုင်းခြား၍ သိမြင်သော အားဖြင့် လောကီ, လောကုတ်, ဒွန်သမာသတ် တရားသည်၊ ပဋိပက္ခအားဖြင့် မဆက်ဆန်နိုင်သော- အသာဓါရဏအကြောင်း

ဖြစ်သည့်၊ အယူမိစ္ဆာ- သက္ကာယဒိဋ္ဌိ- ဖြုတ်လမ်း မရှိသည့်- အဝိဇ္ဇာထူပြော- အန္ဓဗာလ, အန္ဓသဘောဖြင့်သာ- သံသရာတွင်, ခန္ဓာအစဉ်ရှည်ကြာ- ရှိခဲ့ပါသည်ကိုကြည့်က၊ လောကီမှ လောကုတ်ကို ဆက်ဆန်ရေး မလုပ်ခဲ့ကြသည့်အဖြစ်ကို ထင်ရှားစွာ တွေ့မြင်နိုင်ပါတော့သည်။

ဗုဒ္ဓသာသနာ- နိဗ္ဗေဓိကပညာ- ထွန်းကားရာသမယ၌၊ ယခု သက်ငင်းတွေ့ကြုံ- လူ့ဘုံ အတ္တဘောမှ၊ လောကုတ္တရာဓါတ်, နိဗ္ဗာန်အမြတ်ကို၊ ဆက်ဆန်ရာလမ်း- ဝိပဿနာ ပညာစခန်းကြီး ပွင့်လန်းပြီး နေပါလျက်၊ မဝင်-မသက်, မလှမ်း- မလျှောက်၊ လောကီမှ-လောကုတ္တရာဆက်ဆန်ရေးပျောက်နေဦးမည်ဆိုလျှင်၊ မြင်နိုင်လျက်မတွေ့- အကန်းပြကတေ့ အသွင်ဖြင့်- သံသရာတခွင် ပြန်လည်နစ်မွန်းနေရဦးမည် ဖြစ်ပေသည်။

အထက်ပါ၊ လောကီမှ-လောကုတ္တရာသို့-ပညာယှဉ်ကာ ဆက်ဆန်နိုင်သော-အကြောင်းတို့၌-ကောင်းစွာသိမြင်သော ပညာရှင်သည်၊ ဤမည်သည့်အလျှဉ်ကိုသာ- အဟုန်ဒီးဒီး- မပြတ်သော- ယိုစီးခြင်း အာသဝေနပစ္စည်းထိုက်၍၊မဂ်,ဖိုလ်,ဆိုက်မည့် ဟေတုဌ အကြောင်းပစ္စယကို ကောင်းစွာမသေ့ ရပါလေအောင် ကြိုးစားတော်မူသင့်ပါသည်။

ဖေါ်ပြပါ အမောဟ- ပညာဉာဏ်ယှဉ်- ဗောဓိပက္ခိယဝင် တရားငါးပါးတို့ကို၊ ပဓါနအချုပ်အားဖြင့်ရရှိအောင် ကြိုးစား ကျင့်ဆောင်ရပါမည်၊ အရာရာတွင်-ပညာမပါလျှင် မပြီး၊ ပညာ မပါလျှင်-မပြုလုပ်တတ်၊ ပညာမပါသဖြင့်- မမှန်ကန်မတိကျ၊ ပညာဉာဏ်နှင့် မြင်အောင်မကြည့်နိုင်လျှင်- ဖေါက်ထွင်း၍ မမြင် မသိ၊ ဖေါက်ထွင်း၍ မမြင်မသိလျှင်- မမြင်မသိအပ်စရာ တရား

တွေကို ပယ်သည်လို့မမည်၊ ပညာဉာဏ်အဟုတ်နည်းဖြင့်- မကြည့်နိုင်၍-ဖေါက်ထွင်းကာမသိ၊ ဖေါက်ထွင်း၍မသိသဖြင့်= မသိဘူးသဖြင့်၊ ဖေါက်ထွင်းစရာ တရားတွေကိုလည်း ပယ်ရာမရောက်၊ ဒါကြောင့်-မသိ, မပယ်နိုင်တာ-ဘာကြောင့်လဲဆိုတာကို သဘောပေါက်ပြီးလျှင်၊ ပညာဉာဏ်နှင့်သိမှဖေါက်ထွင်းနိုင်မည်၊ ဖေါက်ထွင်းနိုင်မှ- ပယ်ခြင်းရောက်မည်၊ ပယ်ခြင်းရောက်မှ- မှီတွယ်ရာမဂ်ဖြင့်၊ လောကုတ္တရာ-အသင်္ခတဓါတ်ကို ဆိုက်မည်ဆိုတာ၊ သတိကြပ်ကြပ်-အမြင်မှန်ကပ်လျက်၊ တိုးပွားအောင်ပွားများအပ်သည့် ဗောဓိပက္ခိယတရားမြတ်များတွင် ဦးစီးအချုပ်ဖြစ်သော....

(၁) ဝေဘန်ပိုင်းခြား၊ ပညာအားဖြင့်၊ ဖေါက်ထွင်းနိုင်မှု၊ ဉာဏ်အစုတွင်၊ တခုမကျန်၊ အမှန်စိုးရ၊ တည်လေမှသာ၊ မုချပညိန္ဒြေ-ဗောဓိပေ။

**(ပညိန္ဒြေ)**

(၂) တည်နေပညာ၊ ဉာဏ်မဟာကို၊ ပက္ခာပဋိ၊ ဝင်လာဘိက၊ တစိမကြွင်း၊ တွန်းလှန်ရှင်းနိုင်၊ အားစွမ်းပိုင်မှု၊ ဗလမည်တွင်၊ ပညာယှဉ်သည့်- ဗိုလ်လျှင် ကေန်-ဗောဓိမှန်၏။ **(ပညာဗိုလ်)**

(၃) ပညာစိုးပိုင်၊ သဒ္ဒါလှိုင်၍၊ ပြိုင်ဆိုင်နိုင်ရ၊ ဗလပြည့်ဖြိုး၊ ပညာမျိုးရှင်၊ ဖြစ်ပြီးတွင်မှ၊ ယူငင်သိမ်းပိုက်၊ အလိုက်သင့်ရာ၊ ဝိစယာဓမ္မ၊ ထပ်ခါရအောင်၊ မြတ်လှဗောဇ္ဈင်၊ ကျင့်သုံးဆင်လျက်၊ အစဉ်ဗောဓ၊ ပက္ခိယကို၊ တကွမသွေ၊ ရနိုင်စေ၏။ **(ဓမ္မဝိစယသမ္ဗောဇ္ဈင်)**

(၄) ဓမ္မဝိစယံ၊နှဲ့ဗောဇ်ကို၊ တရံမလတ်၊ကျင့်သုံးအပ်သား၊ အားထုတ်ငြားရှ်၊ တပါးမဂ္ဂင်၊ ခေါင်ထွဋ်တင်ကို၊ ကောင်းစွာမြင်သည့်၊ သမ္မာဒိဋ္ဌိ၊ ဉာဏ်မြင်ရှိတိုင်း၊ ရှစ်ပိုင်းမဂ္ဂင်၊ ပြည့်စုံဝင်သည်၊ မဂ်လျှင် ဝိပဿနာ ဗောဓိပါ။ **(သမ္မာဒိဋ္ဌိမဂ္ဂင်)**

(၅) အနုဗောဓ၊ ဉာဏ်စဉ်ရသား၊ ယောဂီအားလျှင်၊ ဆုတ်နစ်မရှိ၊ ပွားလေဘိက၊ သမယချိန်သင့်၊ ခါမ လင့်မီ၊ ဠဒ္ဓိပါဒ၊ ပညာရလျက်၊ မဂ်သို့သက်၍၊ တဘက်နိဗ္ဗူ၊ အောင်ကြေငြားထူပြီ၊ ကျင့်သူမလှဲ၊ ရမည်ဘဲမို့၊ ငါးတွဲပညာ၊ ပက္ခာဗောဓိ၊ ဝင်စုံငြိ အောင်၊ သတိဆောင်သည်၊ အခေါင် နိဗ္ဗူ ပြီး ကြောင်းတည်း။ ။ **(ဝီမံသိဒ္ဓိပါဒ်)**

ဤသို့လျှင် ပက္ခန္ဓနဓါတ်နှင့် နိဗ္ဗာန်သို့ ပြေးဝင်တတ်သော- ပညာလျှင်တပါးသောအဘို့ဖြင့်- ပဓါနပြုအပ်သည့်-ဗောဓိပက္ခိယ တရားငါးပါးသို့၊ သက်ဝင်အောင်- ကျင့်ဆောင်ရာ ပါသည်။ စိတ္တိဒ္ဓိပါဒ်- စိတ္တုပ္ပါဒ်တရားကိုယ်ဖြစ်သော- ဥပစာရ ဝိပဿနာ, မဂ်စိတ်,စိတ္တိဒ္ဓိပါဒ်မှ- ဝီမံသိဒ္ဓိပါဒ်တည်း ဟူသော- ပြီးမြောက် ပြည့်စုံမှု- လောကုတ္တရာမဂ်, စိတ္တုပ္ပါဒ်အခိုက်၌၊ ဤပညာဗောဓိ ပက္ခိယငါးပါးတို့တွင်သာမက၊ အလုံးစုံသော- ဗောဓိပက္ခိယ တရား (၃၇) ပါးတို့သည်၊ အတွင်းဝင်ကုန်သည်သာ မုချဖြစ် ကုန်၏။ ဖိုလ်စိတ္တုပ္ပါဒ်၌ကား=ပရိယာယ်အားဖြင့်သာ ယှဉ်ကုန် ပါသည်။ ။

ဒီနေရာမှာ၊ သာတိသယ- သမ္မပ္ပဓါန- ဗျာပါရဟု ဆိုအပ်သော၊ နှစ်လို့ရွှင်လန်း- ဝီရိယပန်းကို- ဆင်မြန်းအားထုတ်သည့်- သမ္မပ္ပဓါန်အချင်းအရာ အာကာရများသည်၊မဂ်ခဏ၌သာ ကေန်ရထိုက်သည်ဖြစ်သောကြောင့်၊ ဖိုလ်ခဏ၌- သမ္မပ္ပဓါန်လေးပါး မပါဝင်နိုင်၊ ပါယ်အပ်သည်ဖြစ်၍၊ ဗောဓိပက္ခိယတရား (၃၃) ပါးတို့သာ ပရိယာယ်အားဖြင့် ယှဉ်သည်ဟု သိရာပါသည်။

ဤအမေးဟ-ပညာယှဉ်၊ ဗောဓိပက္ခိယ တရား ငါးပါးနှင့်စပ်၍၊ ပညာအမျိုးအစား ဝိတ္ထာရများအရ၊ လွန်စွာကျယ်ဝန်းလှပါသဖြင့်- ချန်လှပ်လိုက်ရပါတော့သည်၊ (အနုမာနဉာဏ်ရ၍) (အနုဗောဓဉာဏ် ဖြစ်အောင်) သမ္မပ္ပဓါန်ပြုခါ၊ (ပစ္စက္ခဉာဏ် ဝိပဿနာမဂ်) တဒင်္ဂပဟာန်ရသည်အထိ၊ ရရှိနိုင်အောင်၊ မပြတ်ကြိုးစားတော်မူနိုင်သော ယောဂီအား၊ ဘဝခြားသည်ဖြစ်စေ၊ မခြားသည်ဖြစ်စေ၊ (ဗောဓိဉာဏ်) လောကုတ္တရာမဂ်သို့- တက်လှမ်းနိုင်ကြောင်း ကောင်းစွာယုံကြည်- သဒ္ဓါတည်လျက်၊ အညီဆန္ဒ-အဓိပတိလေးပါး- ခိုင်မြဲစွာထားပြီးလျှင်- ကြိုးစားကြပါမည့်အကြောင်း-နောက်ဆုံးတိုက်တွန်းခါဖြင့်၊ ဤ "အနုသယဝိစာရဏာ-ပဟာနကထာ" ခေါ် (ဗုဒ္ဓ၏ အနုသယစက်-ချေဖျက်ပုံနှင့် ဝိပဿနာ ဘာဝနာဆိုင်ရာ- သုံးဆယ့်ခုနစ်ခိုင်သော ဗောဓိမဏ္ဍိုင်များ) စာအုပ်ကို- နိဂုံးချုပ်လိုက်ရပါတော့သတည်း။ ။

ရန်ကုန်-ဦးဝိသုဒ္ဓ
ဝိပဿနာယာန ဓမ္မကထိက-ကမ္မဋ္ဌာနာစရိယ
ဒေဝသာဂရ သိမ်ကုန်းကျောင်းတိုက်
သိမ်ဖြူလမ်း-ရန်ကုန်။

## "နိုဂုံး-ဆုတောင်း"

* ရတနာမြတ်သုံးပါးကို၊ အသက်ခန္ဓာ၊ စွန့်လှူအပ်ပြီးသော ဤအတ္တဘောဖြင့်၊ ပရိယတ္တိသာသနာ- ပဋိပတ္တိသာသနာ တော်မြတ်ကို၊ ထမ်းဆောင်ကျင့်သုံးခါ၊ ဘုရားကျေးဇူး- တရားကျေးဇူး-သံဃကျေးဇူးကို ပေးဆပ်ပူဇော်ပါ၏။
* မွေးသည့်မိခင်၊ ကျွေးဘခင်နှင့်၊ သွန်သင်ပေတတ်-ဆရာ မြတ်အစားစားကိုလည်း၊ ဤသာသနာ၀န်ထမ်း၊ ပရိယတ် ပဋိပတ်ငြမ်းဖြင့်၊ ကျေးဇူးတို့လှဲ-ဆပ်တဲ့ပမာပြုပါ၏။
* စဍ္ဍာအထူး၊ ဤကျမ်းဦးမှ၊ ဆည်းပူးမသွေ- ဓမ္မာမက အထွေထွေတို့သည်၊ တရားရေစဉ်၊ ဉာဏ်မြင်ဝင်၍၊ ကျင့် သုံးပွားများ၊ ဝဋ်ရထားကို ရပ်ငြားနိုင်ကြပါစေ။
* ထိုမှတသွင်၊ သာသနာ့ဝန်ကို၊ အစဉ်မပြတ်၊ ထမ်းလိုလတ် သည့်၊ ပဋိပတ်ငြမ်း-တည်ဆောက်ခန်းဖြစ်သော၊ ဗုဒ္ဓအမွေ ဓမ္မစာပေကို၊ ရေးချွေရိုက်နှိပ်၊ သာသနာမဆိတ်အောင်- ပြုဆောင်နိုင်ရပါလို၏။
* သာသနာ့ဟိတ-ပရဟိတ၊ ရှိအပ်စေတနာ- မေတ္တာ၊ ကရု ဏာကြောင့်၊ ဝေနေယျလေးစား၊ ပုဂ္ဂိုလ်များတို့သည်၊ တရားဉာဏ်စဉ်-ရခါဝင်၍၊ ပစ္စက္ခသာသနာဉ်ပင်လျှင်၊ ကျွတ်တန်းစတင်ဝင်နိုင်ကြပါစေ။
* ပြုအပ်သာသနာ- ကုသလ၊ အဖြာဖြာကို၊ ညီညာမချို၊ ကူပို့ဖြည့်စွမ်း၊ ကြိုးပမ်းကြငြား- သူတော်စင်များတို့ သည်၊ ကျွန်ုပ်ပြုရ-ကုသလနှင့်၊ တူမျှပါရမီ၊ ရခါတည်၍- လေးလီသောမဂ်ပန်းကို၊ ပစ္စက္ခ ဗုဒ္ဓသာသနာတော်မြတ် ဉ်ပင်၊ ပန်ဆင်နိုင်ကြပါစေ-ပန်ဆင်ရပါလို၏။

ရန်ကုန် ဦးဝိသုဒ္ဓ

# မဟာဉာဏ်အောင်- ဝိပဿနာ

## ပြန့်ပွားရေး ဆောင်ရွက်သူများ၏ စီစဉ် ဆောင်ရွက်ချက်များ

ကျွန်ုပ်တို့— အောက်ပါ, ဆောင်ရွက်သူများတို့သည် . .

(၁) ရန်ကုန်မြို့- ဗဟိုစာတိုက်ကြီးတွင်၊ စာတိုက်သေတ္တာ အမှတ် (၉၄) ကို လျှောက်ထားရယူခါ၊ မဟာဉာဏ်အောင် ဝိပဿနာသင်တန်းအနေ၊ အခမဲ့ပြန့်ဝေမှုကိုစီစဉ်ခြင်း။

(၂) ဓမ္မမာမကများတို့၏ မေးမြန်းသော မေးခွန်းများကို မေးမြန်း ဖြေကြားနိုင်ရန် အောက်ပါကဲ့သို့ ကြေညာသိစေပြီး- မေးမြန်းသမျှကို ဖြေကြားပေးပို့လျက်ရှိခြင်း။

**တရားလိုလား-ဓမ္မမာမကများသို့**

တရားအားထုတ်ရင်း-မတိုးမတက် အခက်တွေ့နေပါက တကြိမ်လျှင်ကိုယ်တွေ့ ဉာဏ်မြင် မေးခွန်း၊သုံးခုကို မေးနိုင်ပါသည်၊ပြန်ကြားရန် တံဆိပ်ခေါင်း-၅၀-ပြား ဘိုး ထည့်မေးပါ၊ အားထုတ်ဘူးရာဌာနနှင့် အသက်ဖော်ပြရပါမည်။

ဝိပဿနာ အဖြေလွှာ၊ သေတ္တာ (၉၄) ဗဟိုစာတိုက်ကြီး၊ ရန်ကုန်

(၃) အခါအား လျော်စွာ- ဝိပဿနာ, ပညာဘာဝနာ ကျမ်းစာပေများကို စုပေါင်းရိုက်နှိပ်ဝေငှခြင်း စသော ပရိယတ်မချိတဲ့သည့်- ပဋိပတ်အားဖြင့်-ဝေနေယျတို့၏သံသရာထောက်ရာ တည်ရာရပါစေခြင်းအကျိုးကို ရွက်ဆောင်လျက် ရှိကြပါသည်။

ဤသို့ ဆောင်ရွက်ရာတွင် တရား လိုလားသူ- ဆရာတော်နှ သံဃာတော်များနှင့် ဓမ္မမာမက ယောဂီတို့ထံမှ ဆက်သွယ် တောင်းခံခြင်းကို (၆၆၇)ဦးတိုင် လက်ခံစာရင်း ရရှိခဲ့ပါသည်။ ရှေးဦးစွာ ပြည့်စုံရမည့်- အမှတ် (၁) အနေအားဖြင့် သင်တန်း ပို့ချမှု ဆောင်ရွက်ချက်သည် စက္ကူအခက်အခဲကြောင့် နှောင့် နှေး ကြံ့ကြာ နေရပါသည်။ ထိုအကြောင်းကိုလည်း ဓမ္မမာမက များသို့ နှစ်ကြိမ်တိုင်တိုင် အစီရင်ခံပြီးဖြစ်ပါသည်။ အမှတ်(၂) အနေအားဖြင့်မူ- မေးခွန်းလွှာလာသမျှတို့ကို ဖြေကြား ပေးပို့ လျက် ရှိပါသည်။ အမှတ် (၃)အနေအားဖြင့် စုပေါင်း ဓမ္မဒါန ကျမ်းစာအုပ်ကို ယခု ရိုက်နှိပ်ဖြန့်ဝေနိုင်လိုက်ပြီဖြစ်ပါသည်။

ဤစာအုပ်သည်- အလယ် အလတ် သဘောမျှသာ ဖြစ်ရာ၊ တရားလိုက်စားစသူတို့အတွက် အချို့အခက်အခဲ ဖြစ်နေနိုင်ပြီး၊ တရားပြည့်ဝသူတို့အတွက် အချို့ လိုနေချက်ရှိသေးသည်ဟု ယူဆ နိုင်စရာ ရှိနေပါသည်၊ ပဋိပတ်ကိုသာ ဦးစားပေး ထား၍လည်း ပရိယတ်အနေအားဖြင့်- မပြည့်စုံဟု ဆိုဘွယ်ရာလည်း ရှိလာနိုင် ပါသည်။ ဤစာအုပ်ပါ တရားအားလုံးကို ပရိယတ်ကုံလုံအောင် ရင်း၊ ပဋိပတ်ပြည့်စုံအောင်ရင်း၊ချဲ့ထွင်ရသော်၊ ဝန်လေးလွန်းပြီး နားထွေးမည်စိုး၍၊ မည်သည့် ပုဂ္ဂိုလ်မဆို လက်လှမ်းမှီစိမ့်သော ငှါရင်း၊ တန်ဘိုးသင့်ရုံမျှသာဖြစ်စေခြင်းငှါရင်း၊အလယ်အလတ် အားဖြင့်ထား၍ ဖြန့်ဝေရပါသည်။ ပဋ္ဌမပိုင်း အလုပ်ပေးတရား တော်- သင်္ဂဟ်းစာ, စာအုပ်ငယ်များ ရရှိပြီး - အခြေခံမှစ၍ ပေးမည့် သင်္ဂဟ်းစာ, စာအုပ်ငယ်များအထိ ဆက်လက်ရရှိသွား ပါက၊ ဤစာအုပ်၌ နားမရှင်းမှုနှင့်- လိုအပ်နေမှုတို့ အစစပြည့်စုံ လာမည် ဖြစ်ပါ၍- သင်တန်း ဖြစ်မြောက်ရေးကို အားပေး

ဆုတောင်းတော်မူကြပါရန်။ ရှေ့ဆက်လက်၍လည်း အခါအား လျော်စွာ- အပိုင်းလိုက်, ဝိပဿနာပညာပေး အလုပ်ပေး တရား တော်မြတ်များကို- ဤသို့ စုပေါင်း ဓမ္မဒါန ပြုယူကြသည့် အနေဖြင့်သက်သာချောင်ချိစွာဖြန့်ဝေပေးရန်စီစဉ်ထားပါသည်။

ကျွန်ုပ်တို့အပေါ်၌၊ အမှတ် (၁) အနေအားဖြင့် အားမရ နိုင်ချက် ရှိကောင်းရှိကြမည် ဖြစ်ပါသော်လည်း၊ အားလုံး အဆင်ပြေရန်- ယခုအခါ ဆက်လက် ကြိုးပမ်းလျက် ရှိပါ၍၊ မိမိ သူတပါး နှစ်ပါးစုံအတွက် သင်ကြားတတ်မြောက်, ကျင့်သုံး ပို့ချနိုင်သော သဘောရောက်အောင် မကြာမီ အကောင်အထည် ပေါ်လာပါမည်= ပေါ်လာနိုင်ပါမည်ဖြစ်၍· သည်းခံ စောင့် ဆိုင်းတော် မူကြပါရန် အနူးအညွတ် မေတ္တာရပ်ခံအပ်ပါသည်။

ထို့ကြောင့်= အမှတ်(၂)အားဖြင့်- ပဋိပတ္တိ သဒ္ဓမ္မအတွက်- ဖြေကြားဆောင်ရွက် အောင်မြင်နေခြင်း၊ အမှတ် (၃) အတွက် စတင်ဆောင်ရွက် ထွက်ပေါ် အောင်မြင်နေခြင်း၊ အမှတ် (၁) အတွက် မအောင်မြင်သေးသော်ငြားလည်း၊ နာယကတပါးဖြစ် သော ရန်ကုန် ဦးဝိသုဒ္ဓ=ဝိပဿနာယာန ဓမ္မကထိက-ကမ္မဋ္ဌာနာ စရိယသည် တရားလိုလား- နာကြားဆည်းပူးလိုသော ပုဂ္ဂိုလ် များတို့၏ ပင့်လျှောက်တောင်းခံရာ မြို့ရွာတို့သို့- တနေရာလျှင်, တလခွဲမှနှစ်လတိုင်တိုင်စီတရားသင်တန်းအဖြစ် ဟောကြားပြသ, သာသနာ့ဝန် ထမ်းလျက်ရှိကြပါသည်။ နှစ်စဉ် သီတင်းကျွတ် ပြီးစမှသည်— ကဆုန်, နယုန်တိုင် ကြွရောက်ပို့ချ ပြသလျက် ရှိခြင်းဖြင့်၊ ဤ အနုတ္တသညာအားဖြင့်၊ မဟာဥာဏ်အောင် ဝိပဿနာခေါ်ရ- မြတ်ဗုဒ္ဓ၏ တရားတော်မြတ်များကို ပြန့်ပွား တည်တန့်စေမှု- စုပေါင်းပြုလျက် ရှိကြပါသည်။

သာသနာ့ဆော်တွန်းကားပြန့်ပွားရေးဦးစီးဌာန

၃၅၂၈ ကြည့် ဘိုကံ ရန်ကုန် ဦးဝိသုဒ္ဓ

ကမ္ဘာအေး-ရန်ကုန်။

(စေတနာတူညီ-စုပေါင်းဆောင်ရွက်ကြသူများ)

(၁) ဦးရဲထွန်း- အမှတ် ၃၉၊ ကျီတော်လမ်း- ပုဇွန်တောင်၊ ရန်ကုန်မြို့။
(၂) ဦးအေးဖေ-အမှတ် ၈၈၊ ၅၂-လမ်း၊ ရန်ကုန်မြို့။
(၃) ဦးလှမောင်-(၅၁)၊ ဇီဇဝါလမ်း ရေကျော်၊ရန်ကုန်။
(၄) ဦးလှခင်-(ဆန်းညွန့်ဦး)၁၃၃၊ဗိုလ်ချုပ်လမ်း၊ရန်ကုန်
(၅) ဦးညွန့်မောင်-ပူးနှစ်ကောင် ဆေးလိပ်ရုံ၊ အမှတ် ၃၂၊ အာဇာနည်လမ်း၊ ဂွတ္တလစ်၊ ရန်ကုန်မြို့။
(၆) ဦးသန်းမောင် (ရုပ်ရှင်အမြုတေ) ၁၄၇၊ ၄၅-လမ်း၊ ရန်ကုန်မြို့။
(၇) ဦးသိန်းမောင်-(၉)၊ ဝတ်ကျောင်းလမ်း၊ ရန်ကုန်မြို့။
(၈) ဦးဘကြည် (မြစိန်ရွှေရတနာ) အမှတ် ၂၀၈၊ ဗိုလ်ချုပ်လမ်း၊ ရန်ကုန်မြို့။
(၉) ဦးသိန်းထွန်း- ၂၁၊အိမ်ကြီးလမ်း၊ရေကျော်၊ရန်ကုန်၊
(၁၀) ကိုတင်ယု(ပြည်သူ့မိတ်ဆွေ) အမှတ် ၁၆၆၊ ၄၆-လမ်း၊ ရန်ကုန်မြို့။

အထက်ပါ ဆောင်ရွက်ချက်(၁)(၂)(၃)အပြင် ကြွရော
တရားပြသခြင်းတို့နှင့် ပတ်သက်၍ ဓမ္မမာမကအပေါင်းတို့သာ
ဝိပဿနာတရားတော်မြတ်အတွက် အလိုရှိ နှစ်သက်သလို ဆ
သွယ်ရယူနိုင်ကြပါကြောင်းလေးမြတ်စွာ အစီရင်ခံလိုက်ပါသည

ဦးလှမောင်
ပြန့်ပွား,ဖြန့်ချိရေးတာဝန်ခံ
စာသေတ္တာ(၉၄)ဗဟိုစာတိုက်ကြီး-ရန်ကု

( )

ဓမ္မဒါနရှင် အမည် ______________________

နေရပ် ______________________

မြို့ ______________________

"သဗ္ဗဒါနံ- ဓမ္မဒါနံ- ဇိနာတိ"

ကိုယ်တိုင်ကြည့်ရှု၊ ထိုကောင်းမှုတွင်၊ ပေါင်းစုပါဝင်၊ ပူဇော်အင်နှင့်၊ တသွင်လှူဒါန်း၊ ဓမ္မမြမ်းသည်၊ ပြည့်လျှမ်းလွန်ဘိ-ဇိနာတိတည်း။

" ဤကောင်းမှုနှင့်စပ်သမျှ "

လူ-နတ်-ဗြဟ္မာ, သာဓုဖြာ၍— ချမ်းသာကြပါစေ။

၇၁၈

စာကြည့်တိုက်
ပိဋကဘာသာပြန်စာပေ
ဖြန့်ချိရေးအဖွဲ့